# ကောင်းမွန်သော အိမ်ထောင်တစ်ရပ် တည်ဆောက်ခြင်း

## ယုံကြည်ခြ ခွင့်လွှတ်ခြင်း ခင်မင်မှု

Paul and Linda Bucknell
ပြန်ဆိုသူ ဓမ္မဆရာတော် ဦးဘီထန်း

ကောင်းမွန်သောအိမ်ထောင်တစ်ရပ်တည်ဆောက်ခြင်း

**Building a Great Marriage! Finding Faith, Forgiveness and Friendship**

by Paul and Linda Bucknell
Copyright @ 2016, Updated by Paul J. Bucknell
Translated by Fc. Bee Htan

Printed in Burmese
ISBN-10: 1-61993-080-3
ISBN-13: 978-1-61993-080-3

Also available in English Paperback:
ISBN-13: 978-1-61993-027-8

www.foundationsforfreedom.net
Pittsburgh, PA 15212 USA

All rights reserved. Limited production is acceptable without prior
Permission for home and educational use.
For extensive reproduction contact the author at info@foundationsforfreedom.net.

**Rev. Paul J. Bucknell**
**August, 2012**
**Happily married for more thirty-five years!**
**Founder and President to Biblical Foundation for Freedom**

# ပုံနှိပ်မှတ်တမ်း


- အကြိမ်ပေါင်း - စတုတ္ထအကြိမ်
- အုပ်ရေ - ၅၀၀
- တန်ဖိုး - ၃၀၀၀ ကျပ်
- စာရေးဆရာ & မျက်နှာဖုံးဒီဇိုင်း - Paul J. Bucknell
- ဘာသာပြန်သူ / ထုတ်ဝေသူ / စာစီစာရိုက် } ဓမ္မဆရာ ဘီထန်း
- ဆက်သွယ်ရန် - ၀၉၄၂၀၀၇၉၀၁၈

Email.fcbeitha75@gmail.com

## Paul J. Bucknell ရေးသားသောစာအုပ်များ

- သာမန်ထက်ကျော်လွန်ရောက်ရှိခြင်း - အောင်မြင်သောသူတစ်ဦးဖြစ်ခြင်း
- အသက်၏အနှစ်သာရ - ကြီးမြတ်သောလေ့ကျင့်သင်ကြားခြင်း၏အဓိကအချက်
- ဘုရားတရားကြည်ညိုသောသူ - လူတစ်ဦး၏အသက်တာအားဘုရားသခင်ထိတွေ့သောအခါ
- သမ္မာကျမ်းစကားများအားဖြင့် ရွေးနုတ်ခြင်း
- မိသားစုအတွက် ဘုရားတရားကြည်ညိုမှု အစပြုခြင်း
- သမ္မာကျမ်းစာအရ အုပ်ထိန်းမှု၏အခြေခံသဘောတရားများနှင့်အလေ့အကျင့်များ
- ကောင်းမွန်သောအိမ်ထောင်တစ်ရပ် တည်ဆောက်ခြင်း
- လက်မထပ်သေးသည့်ခရစ်ယာန်များအား အကြံပြုရာတွင်အကြံပြုသူများအတွက် လက်ထိုး
- တပည့်တော်ဖြစ်ခြင်းဆိုင်ရာဆက်နွယ်မှု - ကားတိုင်၏လေ့တွေ့ကျင့်စဉ်များ
- အပြေးပြိုင်ပွဲ - တပ်မက်ခြင်းများကို အောင်မြင်ခြင်း
- ကမ္ဘာဦးကျမ်း - အခြေခံအုတ်မြစ်များ၏စာအုပ်
- ရောမစာစောင် - အသက်ရှင်ခြင်း ရှင်းလင်းချက်
- ရောမစာစောင် - ကျမ်းစာလေ့လာခြင်းဆိုင်ရာ မေးခွန်းများ
- ဧဖက်စာစောင် - ကျမ်းစာလေ့လာခြင်းဆိုင်ရာ မေးခွန်းများ
- ယေရှုနှင့်အတူ လျှောက်လှမ်းခြင်း - ခရစ်တော်၌ တည်နေခြင်း
- တိတုစာစောင်အရ ကျမ်းစာကို ခြုံငုံလေ့လာခြင်းများ
- ဒေသနာ လေ့လာခြင်းဆိုင်ရာ မေးခွန်းများ - ပျက်စီးနေသောကမ္ဘာ၌ အသက်ရှင်ခြင်း
- အမှုတော်လုပ်ငန်းထဲသို့ သင့်ခြေလှမ်းလှမ်းခြင်း
- အမှုတော်လုပ်ငန်းအတွက် ခေါင်းဆောင်များကို လေ့ကျင့်ပေးခြင်း
- ယောနဝတ္ထု လေ့လာရန် လမ်းညွှန်ချက် - ဘုရားသခင်၏စိတ်နှလုံးကို နားလည်ခြင်း

# မာတိကာ

## အပိုင်း # ၁ - ယုံကြည်ခြင်း

#၁ သင့်အိမ်ထောင်၌ မျှော်လင့်ခြင်းကိုပြန်လည်ထူထောင်ခြင်း ၁၁
#၂ အသက်ရှင်ခြင်းနိယာမ #၁ အကြွင်းမဲ့ချစ်ခြင်းမေတ္တာ ၃၀
#၃ အသက်ရှင်ခြင်း နိယာမ #၂ နှိမ့်ချသောဝန်ခံခြင်း ၅၈
#၄ အသက်ရှင်ခြင်းနိယာမ #၃ အစဉ်တလုံးတဝတည်းဖြစ်ခြင်း ၈၄

## အပိုင်း # ၂ - ခွင့်လွှတ်ခြင်း

#၅ ပဋိပက္ခကိုနားလည်ခြင်းနှင့်အောင်မြင်ကျော်လွှားခြင်း ၁၁၂
#၆ အကျပ်အတည်းများကို ဖြေရှင်းခြင်းနှင့်ပဋိပက္ခများကို ရှောင်ရှားခြင်း ၁၂၉
#၇ အိမ်ထောင်ရေး၌ ခါးသီးခြင်းကို ခွင့်လွှတ်ခြင်းဖြင့် အစားထိုးခြင်း ၁၅၁

## အပိုင်း # ၃ - ရင်းနှီးကျွမ်းဝင်မှု

#၈ အိမ်ထောင်ရေး၌ ရင်းနှီးကျွမ်းဝင်မှုကို ပျိုးထောင်ခြင်း ၁၇၄
#၉ ယုံကြည်ကိုးစားမှုနှင့်ရင်းနှီးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေခြင်း ၂၀၂
#၁၀ မည်သည့်အခါမျှ မဖောက်ပြန်သောချစ်ခြင်းမေတ္တာ ၂၂၅
#၁၁ သင့်အတွက် ကျွန်ုပ်တို့၏ဆုတောင်းချက် ၂၄၃

# ဆက်ကပ်အပ်နှံခြင်း

*ထာဝရဘုရားသခင်ထံတော်ပါး၏တင့်တယ်လှပခြင်းထဲသို့
ဆက်ကပ်အပ်နှံပါ၏။*

*တင့်တယ်လှပခြင်းနှင့် စုံလင်ခြင်းသည်
ကိုယ်တော်၌သာတွေ့ရ၏။*

*အကျွန်ုပ်တို့၏ဘုရားသခင်၊ အကျွန်ုပ်တို့၏ဖန်ဆင်းရှင်၊
အကျွန်ုပ်တို့၏ပုံဖော်ဒီဇိုင်းရှင်။*

*ကိုယ်တော်သည် အိမ်ထောင်မိသားစု၌ အရာရာအားလုံးကို
ဖန်တီးပေးတော်မူ၏။*

*၎င်းက အမြင့်ဆုံးသောမေတ္တာတရားကိုရိပ်ခနဲမြင်စေပါ၏။*

*အကျွန်ုပ်တို့သည် ခရစ်တော်၏တည်ကြည်ခိုင်မြဲသောမေတ္တာ၌
ဆုံတွေ့၍ တုံ့ပြန်ကြပါ၏။*

*ကျွန်ုပ်တို့၏အိမ်ထောင်သည်လည်း
ပြောင်မြောက်ကောင်းမွန်လာခြင်းလက္ခဏာပေါ် လာ၏။*

*ထိုအိမ်ထောင်သည်
ကိုယ်တော်၏ကြီးမားကျယ်ပြန့်သောမေတ္တာတရား၌
အေးမြတ်၍ စကြဝဠာသည်လည်း
၎င်း၏အရိပ်အာဝါသအောက်၌ တည်လျက်ရှိ၏။*

# စကားချီး

အိမ်ထောင်ရေး၌ သင်အရှုံးပေးဖူးပါသလား။ များစွာသောလူတို့သည် အိမ်ထောင်ရေးကိုအရှုံးပေးတတ်ကြ၏။ အမှန်မှာ ထိုသို့မဖြစ်သင့်ပေ။

ကျွန်ုပ်တို့သည် စုံစမ်းစမ်းသပ်ခြင်းနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိသည့် အိမ်ထောင်များ၊ ကွာရှင်းလျက်ရှိသောအိမ်ထောင်များ၊အချိန်တိုအတွင်း၌ခွဲခွာကြသည့်အိမ်ထောင်များအကြောင်းကိုဖော်ပြခြင်းမဟုတ်ပေ။ ကျွန်တော်ဆိုလိုသည်မှာများစွာသောဇနီးမောင်နှံတို့သည် ကျန်းမာသန်စွမ်းသောအိမ်ထောင်များကိုမိမိတို့ပိုင်ဆိုင်လျက်နေသည်ဟုထင်ရသော်လည်း သေချာလေ့လာစမ်းစစ်သော် အားနည်းနေကြောင်းတွေ့ရသည်။ များစွာသောဇနီးမောင်နှံတို့သည် ရည်ရွယ်ချက်မြင့်မြင့်ဖြင့် မိမိတို့၏အိမ်ထောင်ကိုအစပြုကြသော်လည်း မကြာခင်အတွင်းမှာပင် အလျင်အမြန်အရှုံးပေးတတ်ကြ၏။

ယခုအချိန်သည် ကျွန်ုပ်တို့၏အိပ်မက်များကို ပြန်လည်ရယူ၍ ကောင်းမွန်သောအိမ်ထောင်များကိုတည်ဆောက်ဖို့ရန် ဘုရားသခင်ကိုရှာဖွေရမည့်အချိန်ဖြစ်ပါသည်။ ဘုရားသခင်သည် ကောင်းမွန်သောအိမ်ထောင်များနှင့်ဆိုင်သည့်မျှော်လင့်ချက်များကိုဖယ်ရှားပေး၍ နိမ့်ကျသောအိမ်ထောင်များကိုပေးအပ်ခြင်းအားဖြင့် မိမိတို့ကိုလိမ်လည်နေခြင်းမဟုတ်ဘဲကျွန်ုပ်တို့အားလုံးအမှန်တကယ်လိုအပ်သည့်ခမ်းနားထည်ဝါသောမျှော်လင့်ချက်ကိုသာပေးအပ်နေခြင်းဖြစ်၏။

ကျွန်ုပ်တို့သည် မိမိတို့၏အိပ်မက်များကို အလျင်အမြန်အစိတ်စိတ်အမွှာမွှာကွဲပြားစေကြ၏။ ထိမ်းမြားကာစဇနီးမောင်နှံတို့သည် မိမိတို့၏မွန်မြတ်လှသောအိပ်မက်များကို မှားယွင်းသောရည်ရွယ်ချက်အတွက် အလဲအလှယ်ပြုရန် လိုလားလာကြသည်။ ကတိကဝတ်များ၊ မျှော်လင့်ချက်များနှင့်ဝမ်းမြောက်ခြင်း၏ရောင်ခြည်များသည် တဖျပ်ဖျပ်ပျံ့ဝဲလေတော့သည်။ ယခုမှာ သူတို့သည် အယုံအကြည်မဲ့သောစိတ်၊တစ်ကိုယ်ကောင်းဆန်သောစိတ်က လွှမ်းမိုးလေသည်။

ထိုသို့ဖြစ်ရသည့်အကြောင်းရင်းကို လူတို့က မှတ်ချက်များစွာပေးတတ်ကြသည်။ များစွာသောပြဿနာတို့သည် သဘာဝမကျဟုထင်မှတ်သောအရာများနှင့်လူပုဂ္ဂိုလ်ချင်း ခြားနားမှုတို့ကြောင့်ဖြစ်သည်။ ဤအရာများသည် ပြဿနာဖြစ်စေသောအကြောင်းရင်းမဟုတ်ဘဲ အိမ်ထောင်ဘဝ၏စိန်ခေါ်မှုများသာဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့နိုင်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အံ့ဩဖွယ်ကောင်းသောအိမ်ထောင်ကို ပိုင်ဆိုင်ခြင်းသိမြင်တတ်ရန်

အလိုတော်ရှိသည်။ ဘုရားသခင်ကိုသိပါသည်/ချစ်ပါသည်ဟုပြောဆိုသောသူများပင်လျှင် သူတို့၏ကြီးမားသောမျှော်လင့်ချက်များကို မိမိတို့လက်ခံနိုင်သည့်အိမ်ထောင် ရေးအနေအထားဖြင့် အလဲအလှယ်ပြုကြသည်။

ကောင်းမွန်သောအိမ်ထောင်တစ်ရပ် ပိုင်ဆိုင်ဖို့ရန် ဇနီးမောင်နှံတို့ကို ကျွန်တော်ထပ်မံစိန်ခေါ်ရပါ မည်။ ကိုယ်တော်သည် မိမိတို့၏အိမ်ထောင်ရေးကိုစီမံတော်မူသောအရှင်ဖြစ်သည်။ အိမ်ထောင်ရေးကို လွယ်ကူသောနည်းလမ်းဖြင့် အကောင်အထည်ဖော်ရန် မျှော်လင့်ခြင်းသည် မှားယွင်း၏။ ကောင်းမွန်သောအိမ်ထောင်တစ်ရပ် တည်ဆောက်ခြင်းသည် ဆုကျေးဇူးမဟုတ်ဘဲ လုပ်ဆောင်ရမည့်အရာသာဖြစ်သည်။ကျွန်ုပ်တို့အားလုံး ကောင်းမွန်သောအိမ်ထောင်များတည်ဆောက်ကြရန် အလွန်လိုအပ်လှပါသည်။ ကောင်းမွန်သောအိမ်ထောင်သည် အလိုအလျောက်ဖြစ်မလာဘဲ ဘုရားသခင်၏ရည်ရွယ်ချက်အတိုင်း သတိရှိရှိတည်ဆောက်ရမည်သာဖြစ်သည်။

ကောင်းမွန်သောအိမ်ထောင်တစ်ရပ်အတွက် အရေးပါသောဦးတည်ချက်သုံးခုရှိ၏။ ၎င်းတို့မှာ ယုံကြည်ခြင်း၊ ခွင့်လွှတ်ခြင်းနှင့်ရင်းနှီးကျွမ်းဝင်ခြင်းတို့ဖြစ်သည်။ ယုံကြည်ခြင်းသည် အိမ်ထောင်ရေး၌ ဘုရားသခင်၏အမြင်ကိုရယူစေသည်။ ယုံကြည်ခြင်းသည် အိမ်ထောင်ရေးအတွက် ကိုယ်တော်၏ရည်ရွယ်ချက်ကို လေ့လာသင်ယူစေ၍ မည်ကဲ့သို့လုပ်ဆောင်ရမည် ကိုသိရှိစေပါသည်။ ခွင့်လွှတ်ခြင်းသည် ပြိုကွဲသောအိမ်ထောင်များနှင့်ဆွေမျိုး အသိုင်းအဝန်းများကို ပြန်လည်ပေါင်းသင်း၍ ကောင်းမွန်စေသောကြောင့် ဇနီးမောင်နှံတို့သည် ဘုရားသခင်၏ရည်ရွယ်ချက်အပေါ် တည်ဆောက်နိုင်ကြ၏။ ရင်းနှီးကျွမ်းဝင်မှု သည်အိမ်ထောင်ရေးနှင့်ဆိုင်သောသာ ယာလှပသည့်လမ်းစဉ်များကို ပေါ်လွင်စေသည်။

အိမ်ထောင်ရေး၌ ငြင်းခုံခြင်းများသည် သဘာဝဖြစ်ပြီး ကောင်းသောအရာဖြစ်သည်ဟူသောပြောဆိုသံကို ကြားဖူးပါ လိမ့်မည်။ သင်သည်လည်း ထိုသို့သောအတွေးအမြင်ကို အခြားသူများနည်းတူ လက်ခံ၍ ယောကျ်ားနှင့် မိန်းမတို့သည် အလွန်ခြားနားသည်ဖြစ်၍ သူတို့အချင်းချင်းလေးလေးနက်နက် စကားမပြောနိုင်ခြင်းသည် အထူးအဆန်းမဟုတ်ဟုဆိုတတ်ကြသည်။ သို့ဖြစ်၍ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် တစ်စုံတစ်ရာပြုပေးမည့်အကြောင်း မိမိတို့၏နိမ့်ကျသောအတွေးများကို နောင်တရပြီး ပြုပြင်ဖို့ လိုအပ်သည်။

ကျွန်ုပ်တို့သည် မိမိတို့၏အိမ်ထောင်ရေး၌ အံ့ဩဖွယ်စည်းမျဉ်းဥပဒေသများကို စတင်နားလည်သောအခါ မိမိတို့၏မျှော်လင့်ချက်သည် ရှေ့သို့တိုး၍ ဘုရားသခင်၏လမ်းစဉ်များသည်လည်း မိမိတို့၏နှလုံးသားနှင့် ဆက်နွယ်ခြင်းရှိလာသဖြင့် ကောင်းမွန်သောအိမ်ထောင်တစ်ရပ်တည်ဆောက်ရေးအတွက်

ကိုယ်တော်ကိုရှာဖွေလာကြမည်ဖြစ်သည်။ ဘုရားသခင်၏ကျေးဇူးတရားကို မှီခိုအားထားသူတိုင်း ကောင်းမွန်သောအိမ်ထောင်များကို ပိုင်ဆိုင်နိုင်ကြသည်။

အိမ်ထောင်နှင့်ပတ်သက်သောစည်းမျဉ်းဥပဒေသများကို နားလည်ရန်မခဲယဉ်းပါ။၎င်းတို့သည် မယုံကြည်နိုင်အောင်ရိုးရှင်းပါသည်။ သို့သော် ၎င်းတို့သည် လှပသောနှင်းဆီပန်းပွင့်များကဲ့သို့ဖြစ်၍ ပျက်စီးလွယ်၏။ ၎င်းတို့ ကို ကျွန်ုပ်တို့အိမ်ထောင်၌ လက်တွေ့ကျင့်သုံးလျှင် လောကီလူသားတို့၏ပြောဆိုသံကိုနားမယောင်ဘဲ အိမ်ထောင်နှင့်စပ်လျဉ်း၍ ဘုရားသခင်၏ပြောဆိုသံကို ဂရုတစိုက်နားစွင့်ရန်လိုအပ်ပါသည်။ကိုယ်တော်သည် ကျွန်ုပ်တို့အား သူ၏ကတိတော်ပြည့်စုံခြင်းရှိရာသို့ တဆင့်ပြီးတဆင့်ပို့ဆောင်ပေးမည် ဖြစ်သည်။

အိမ်ထောင်ရေးနှင့်ပတ်သက်သောစာအုပ်များစွာက သင့်အိမ်ထောင်ရေး ကောင်းမွန်တိုးတက်ဖို့အတွက် သင်နှင့်သင့်ကမ္ဘာကို ကင်းကွာစေလိုကြလိမ့်မည်။ စာရေးသူအနေဖြင့် လုံးဝသဘောမတူပေ။ အိမ်ထောင်ရေးသည် အမှန်တကယ်ကြီးထွားနေလျှင် ဘဝဖြစ်ရပ်မှန်အနေအထား၌ ရှိနေရမည်။ ဥပမာ-အကန့်အသတ်ရှိသောအသုံးစရိတ်လျာထားချက်၊ မောပန်းခြင်းစသည့် အနေအထားများနှင့် မကင်းနိုင်ခြင်းတို့ဖြစ်ပါသည်။ ဘုရားသခင်၏ဥပဒေသများသည် ခက်ခဲကျပ်တည်းချိန်၌ပင် နက်ရှိုင်းစွာလုပ်ဆောင်တတ်သည်။

ကောင်းမွန်သောအိမ်ထောင်သည် ကြီးထွား၍ ဘုရားသခင်၏ဘုန်းတော်ကို ထင်ဟပ်ပေါ်လွင်စေခြင်းငှာ ဘုရားသခင်သည် ကျွန်ုပ်တို့နှလုံးသားထဲ၌ ထိုမျိုးစေ့တို့ကိုကြဲပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ရည်ရွယ်ချက်အပေါ်၌ တည်ဆောက်ထားသည့်ကြွယ်ဝသောအိမ်ထောင်၊ ရင်းနှီးမှုရှိသောအိမ်ထောင်နှင့်လှပသောအိမ်ထောင်တို့ကိုရရှိရန်အတွက် ဘုရားသခင်ထံသို့ပြန်မလှည့်ရသလော။ ယခုပင်ပြန်လှည့်၍ ကောင်းမွန်သောအိမ်ထောင်များတည်ဆောက်ခြင်းကို စတင်ကြပါစို့။




# #၁ သင့်အိမ်ထောင်၌ မျှော်လင့်ခြင်းကိုပြန်လည်ထူထောင်ခြင်း

ကောင်းမွန်သောအိမ်ထောင်တစ်ရပ်သည် မည်သည့်အမှုကိုပြုသနည်းဟူသောမေးခွန်းနှင့်စပ်လျဉ်း၍ သင်မည်ကဲ့သို့ဖြေဆိုမည်နည်း။ များစွာသောလူတို့သည် နှစ်သက်ပျော်ရွှင်ဖွယ်ကောင်းသောအိမ်ထောင်၏အခြေခံသဘောတရားကိုဖော်ပြရန် အခက်တွေ့နေကြ၏။ များစွာသောဇနီးမောင်နှံတို့ပင်လျှင် ကောင်းမွန်သောအိမ်ထောင်၏ပြုမူလှုပ်ရှားမှုကို မမြင်ဖူးကြပေ။ ယနေ့ခေတ်တွင် ကောင်းမွန်သောအိမ်ထောင်များ အလွန်ရှားပါးလာပြီဖြစ်သည်။ ထိုသို့သောအိမ်ထောင်များကိုတွေ့ရှိဖို့ ခက်ခဲသလို အဘယ့်ကြောင့် ထိုသို့ဖြစ်သည်ကို ရှင်းမပြနိုင်ကြပေ။

## မျှော်လင့်ချက် ပျောက်ဆုံးခြင်း

ခြုံငုံကြည့်လျှင် အိမ်ထောင်များတွင် မျှော်လင့်ချက်ပေးနိုင်သောဇနီးမောင်နှံများမရှိသလောက်ပင်ဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ ကွာရှင်းပြီးသောအိမ်ထောင်များသာမက လက်ရှိပေါင်းဖော်လျက်ရှိသောအိမ်ထောင်များကပင်ထိုအတိုင်းဖြစ်၏။ သူတို့သည် ရိုးသားစွာဝန်ခံမည်ဆိုလျှင် သူတို့၏အိမ်ထောင်ကိုအဆိုးမှကြောက်ရွံ့ဖွယ်အဆင့်ဟူ၍ စံနှုန်းသတ်မှတ်နိုင်မည်ဖြစ်သည်။ ထုံးစံအတိုင်း ယောက်ျားတို့သည် မိန်းမများထက်အပြုသဘောဆောင်တတ်ကြ၏။သင်သည်လည်း သင့်အိမ်ထောင်ကိုတစ်နည်းတစ်လမ်းဖြင့် ပိုမိုကောင်းမွန်စေနိုင်သည့်ယောက်ျားတစ်ယောက်ဖြစ်သည်။

ပြဿနာများကို ငြိမ်းစေခြင်းထက် ပြင်းထန်စေတတ်သောအိမ်ထောင်ရေးသည် သင့်မျှော်လင့်ချက်ကို ဆုံးရှုံးစေသည့်အကြောင်းရင်းဖြစ်သည်။ စိတ်ဓာတ်ရေးရာညှံ့ဖျင်းခြင်းသည်လည်း တစ်စုံတစ်ဦး၏အိမ်ထောင်ရေးကို မကျေမနပ်ဖြစ်စေနိုင်သည်။ ခါးသီးခြင်းသည်လည်း အိမ်ထောင်ရေး၌ သာယာပျော်ရွှင်မှုကိုအဟန့်အတားဖြစ်စေပြီး ညစ်ညမ်းသောပုံများနှင့်လိင်ပိုင်းဆိုင်ရာကိစ္စများမှာ ပိုမိုထိတ်လန့်ဖွယ်ကောင်းသည့် ဖောက်ပြန်ခြင်းကိုဖြစ်စေ

စေနိုင်သည်။ တစ်စုံတစ်ဦးသည် မိမိ၏အိမ်ထောင်ရေး၌ ကျေနပ်မှုမရရှိသော အခါ မိမိ၏ကျေနပ်မှုကို ပိုမိုဖြည့်ဆည်းပေးနိုင်မည့်သူတစ်ဦးကို လိုက်လာရှာဖွေတတ်သည်။

## ယခင်က ခြားနားသောအရာများ

အရာရာသည် ယခင်ကပင်ခြားနားသည်မဟုတ်လော။ သင်နှင့်သင် လက်ထပ်မည့်သူစပ်ကြား၌ အရာရာမပြည့်စုံသော်လည်း အစပိုင်း၌ ထိုမပြည့်စုံခြင်းများကို အပြစ်မယူပဲနေရန် လိုအပ်ပါသည်။ သင်သည် သင့်ဘဝနှင့် ရှိသမျှတို့ကိုအပ်နှံရန် လိုအပ်သည်။ ၎င်းသည် သင့်မျှော်လင့်ချက်ဖြစ်သည်။ အထူးထိမ်းမြားသောစုံတွဲတို့အဖို့ ဖြစ်လာမည့်ပြဿနာများသည် မပြောပလောက်သောအရာများဖြစ်မည်ဟု သင်ယုံကြည်ခဲ့သည်။ တစ်စုံတစ်ဦးကိုထိမ်းမြားရသည့်အတွက် အခက်အခဲပြဿနာများ အလိုလိုငြိမ်းချမ်းသွားလိမ့်မည်ဟု သင်တွေးတောခဲ့သည်။

သို့သော် ထိမ်းမြားပြီးသူများက အိမ်ထောင်ပြုခြင်းသည် ပြဿနာများကိုငြိမ်းစေခြင်းထက် ပြင်းထန်စေကြောင်းသိရှိကြ၏။ ထိုသို့ဆိုသော် မျှော်လင့်ချက်ကို အရှုံးပေးရာရောက်ပါသလော။ လုံးဝမရောက်ပေ။

မျှော်လင့်ချက်ကို ပြန်လည်ရရှိစေခြင်းသည် ဤအခန်း၏အဓိကဆိုလိုရင်းဖြစ်သည်။ မျှော်လင့်ချက်သည် ပြဿနာကို မဖြေရှင်းနိုင်သော်လည်း ကျွန်ုပ်တို့အိမ်ထောင်၌ ကြုံတွေ့နေသောပြဿနာကြီးငယ်များထဲက လက်တွဲလုပ်ဆောင်နိုင်ရန် လမ်းကြောင်းမှန်ကိုချပြ၏။ မျှော်လင့်ချက်မရှိလျှင် ရုတ်တရက်ဖြစ်ပေါ်လာသောပြဿနာကိုကိုင်တွယ်ရန် ခက်ခဲစေသည်သာမက အိမ်ထောင်ရေးဆက်နွယ်မှုကိုပင် ဖျက်ဆီးပစ်နိုင်သည်။

စာရေးဆရာသည် ငြိမ်သက်ခြင်းနှင့်မျှော်လင့်ခြင်းသို့ပို့ဆောင်သော ပြန်လည်သင့်မြတ်ခြင်း၌ အာရုံစူးစိုက်စေလိုပါသည်။ များစွာသောစုံတွဲတို့သည် အရာရာကိုငြိမ်သက်စွာ မည်ကဲ့သို့ဖြေရှင်းရမည်ကိုမသိရှိကြပေ။ ထိုသူတို့သည် မတူကွဲပြားမှုများနှင့်နားလည်လွဲမှုများကြားက မည်ကဲ့သို့လုပ်ဆောင်ရမည်ကိုလည်းမသိရှိကြပေ။ မိမိတို့၏အခွင့်အရေးများကိုခုခံ၍ ရန်ဖြစ်ဖို့အတွက်သာသိကြ၏။ မျှော်လင့်ခြင်းသည် သင့်အိမ်ထောင်ရေး၌ ဘုရားသခင်နှင့်အတူ မည်ကဲ့သို့လုပ်ဆောင်ရမည်ကိုသင်ယူသောခင်ပွန်းသည်ဖြစ်လာရန် အထောက်အကူပြုလိမ့်မည်။

## ဘုရားသခင်၏အမြင်အတိုင်း အိမ်ထောင်ပြုခြင်း

ထိမ်းမြားခြင်းသည် လူများထင်မြင်သည့်အတိုင်း လူသားချင်းသဘောတူညီမှုဖြင့် တရားဝင်ပေါင်းသင်းခြင်းသက်သက်မဟုတ်ပေ။ ၎င်းသည် လောကီလူသားများ၏အမြင်သာဖြစ်၏။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် တိကျမှန်ကန်သောအမြင်ကို ကျွန်ုပ်တို့အားဖော်ပြပေးသည်။ ထိမ်းမြားခြင်းတိုင်းကို ဘုရားသခင်စီရင်တော်မူ၏။ ကမ္ဘာဦးကျမ်း ၂:၂၄ ၌ ဘုရားသခင်က ထိုသူတို့သည် တသားတကိုယ်တည်းဖြစ်ရမည်ဟုကြေငြာခဲ့သည်။ ဘုရားသခင်၏နှုတ်ကပတ်အရ ထိမ်းမြားခြင်းမှန်သမျှသည် ဘုရားသခင်နှင့်သက်ဆိုင်သောသဘောတရားရှိ၏။ "*ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့် ထိုသူတို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်။*"

မာကု ၁၀:၉ ၌ ထိမ်းမြားခြင်းအကြောင်းကို ယေရှုက "*ဘုရားသခင်တွဲဘက်၍ ထမ်းဘိုးတင်တော်မူသောအရာကို လူမခွဲမခွာစေနှင့်*" ဟုပိုမိုရှင်းလင်းစွာမိန့်တော်မူ၏။ ထိမ်းမြားခြင်းမှန်သမျှကို ဘုရားသခင်အားဖြင့် တွဲဖက်၏။ ၎င်းကို လူလုပ်သောပေါင်းသင်းခြင်းသက်သက်ဖြင့် မည်သူမျှမပြုသင့်ပေ။




ဤပုံကား အိမ်ထောင်ပြုခြင်းအပေါ်
ဘုရားသခင်၏အမြင်သဘောထားမဟုတ်

လက်ထပ်ထိမ်းမြားခြင်းကို တရားရုံးနှင့်အသင်းတော်များ၌ ပြုလုပ်၍ ဖန်ဆင်းရှင်ဘုရားသခင်ရှေ့၌ နှစ်ဦးစလုံးကျမ်းသစ္စာဆိုကြ၏။ ထိမ်းမြားခြင်း၌ ဘုရားသခင်၊ ယောကျ်ား၊ မိန်းမဟူ၍ အပိုင်းသုံးပိုင်းရှိ၏။ ခင်ပွန်းတစ်ဦးဦးသည် အိမ်ထောင်ပြုခြင်း၌ ဘုရားသခင်နှင့်ဆိုင်သောအရာကို အလေးအနက်ထားလာသောအခါ ကြီးမားသောမျှော်လင့်ချက်ကြီးထွားလာ၏။ ဘုရားသခင်သည် အိမ်ထောင်တိုင်း၌ မိမိ၏ကျေးဇူးကရုဏာကို ကြီးမားစွာသွန်းလောင်းလို၏။ သခင်ဘုရားသည် မိမိနှုတ်ကပတ်အပေါ် လက်တွေ့သင်ယူသောခင်ပွန်းကိုရှာဖွေလျက်နေ၏။




ဘုရားသခင်တွဲဘက်သောအိမ်ထောင်ဆိုသည်မှာ ယုံကြည်သူများရော မယုံကြည်သူများပါမကျန် သူတို့၏မိန်းမများအပေါ် ဆက်ဆံပြုမူပုံ၊ သူတို့၏ထိမ်းမြားခြင်းဆိုင်ရာဝတ္တရားများ ကိုင်တွယ်ပုံရှိသမျှတို့သည် ဘုရားသခင်

နှင့်သက်ဆိုင်သည်ဟုဆိုလိုခြင်းဖြစ်သည်။ ထိမ်းမြားခြင်းသည် လူလုပ်ယူသော စည်းမျဉ်းမဟုတ်ဘဲ ဘုရားသခင်နှင့်ဆိုင်သောပဋိညာဉ်ဖြစ်သည်။

**အိမ်ထောင်ပြုခြင်းကို လေ့လာစူးစမ်းခြင်းများ**

အောင်ထောင်ပြုခြင်းနှင့်စပ်လျဉ်း၍ အချို့သောအခြေခံလေ့လာစူးစမ်းခြင်းများကို ပထမဆုံးဖော်ထုတ်ကြပါစို့။

- ကောင်းသောအိမ်ထောင်သည် ဘုရားသခင်၏ရည်ရွယ်ချက်ကိုမှီအောင်လိုက်၏။
- ယုတ်သောအိမ်ထောင်သည် ဘုရားသခင်၏ရည်ရွယ်ချက်ကိုမှီအောင်မလိုက်ပေ။
- သာမန်အိမ်ထောင်သည် ဘုရားသခင်၏ရည်ရွယ်ချက်ကို အပြည့်အဝဖက်တွယ်ခြင်းမရှိ။

စာရေးသူ၏စံနှုန်းသည် လူပုဂ္ဂိုလ်၏ခံစားချက်ကို အခြေပြုခြင်းမဟုတ်ဘဲ ဘုရားသခင်၏ရည်ရွယ်ချက်အပေါ်၌ အခြေပြုကြောင်းကို သတိပြုစေလိုသည်။ အိမ်ထောင်ပြုခြင်းသည် ဘုရားသခင်စီမံသည့်အလျောက် ၎င်းကိုလက်ခံကျင့်သုံးလေ ပိုမိုကောင်းမွန်သောအိမ်ထောင်ဖြစ်လာလေဖြစ်၏။၎င်းသည် အကောင်းဘက်ဖြစ်နိုင်သလို အဆိုးဘက်လည်းဖြစ်နိုင်၏။ ကောင်းမွန်သောထိမ်းမြားခြင်းကို ပြုသောဇနီးမောင်နှံတို့သည် ကောင်းမွန်သောအရာများကိုပြုနိုင်ကြသည်။ သူတို့သည် ပျော်ရွှင်သောထိမ်းမြားခြင်းကိုမပြုလျှင် ဘုရားသခင်၏စီမံချက်နှင့် လွဲနေကြောင်းသိရှိလာနိုင်သည်။

ဤအရာကို သိရှိခြင်းဖြင့် မှန်ကန်သောချဉ်းကပ်မှုကိုပြုစေနိုင်၏။ အကယ်၍ သူတို့သည် ဆိုးရွားသောထိမ်းမြားခြင်းကို ပြုကြသူများဖြစ်ပါက အချင်းချင်းစွပ်စွဲ၍ ဘုရားသခင်ကိုပါ အပြစ်တင်နိုင်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏စီမံချက်နှင့် လွဲနေကြောင်းသိရှိလျှင် ပြန်လည်ပြုပြင်ဖို့အတွက် မျှော်လင့်ချက်နှင့်အတူ ဘုရားသခင်ထံတော်သို့ပြန်လှည့်သင့်သည်။ သူတို့၏ လိုအပ်ချက်တစ်ခုမှာ ဘုရားသခင်၏စည်းမျဉ်းဥပဒေသကို ရှာဖွေတွေ့ရှိ၍ ထိုစည်းမျဉ်းဥပဒေသအတိုင်း ကျင့်သုံးအသက်ရှင်ခြင်းသာဖြစ်သည်။

## *မျှော်လင့်ခြင်းသို့ပြန်လှည့်လော့!*

ကျွန်ုပ်တို့အသက်တာနှင့် အိမ်ထောင်ပြုခြင်းများ၌ ဘုရားသခင်မည်ကဲ့သို့လုပ်ဆောင်သည်ဟူသောအကြောင်းကို စူးစမ်းလေ့လာခြင်း လေးရပ်ကား ဤသို့ဖြစ်၏။ ၎င်းတို့ကို ကျက်မှတ်ရန် အရေးကြီးပါသည်။

- ဘုရားသခင်သည် အလွန်ကောင်းမွန်သောအိမ်ထောင်ကို တည်ဆောက်စေလို၏။

- ပြိုကွဲသောအိမ်ထောင်ကို ပြန်လည်ထူထောင်ရန် ဘုရားသခင်၌ နည်းလမ်းရှိ၏။
- ဘုရားသခင်သည် မိမိစကားတော်ကို နားထောင်သောသူတို့နှင့်အတူ အလုပ်လုပ်လျက်နေ၏။
- ဘုရားသခင်သည် မိမိရည်ရွယ်ချက်အတိုင်း အသက်ရှင်ရန် ကျွန်ုပ်တို့ကိုပြန်လည်ပို့ဆောင်၏။

ဤသမ္မာတရားတို့သည် ဘုရားသခင်၏လူတို့အဖို့ အစဉ်မှန်ကန်၏။ တချို့သောခေါင်းဆောင်များသည် ဘုရားသခင်ကိုမသိရှိသောသူများဖြစ်နိုင်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အထူးကျေးဇူးပြုရမည့်အကြောင်း ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ကိုသိရှိရန် အလွန်အရေးကြီးပါသည်။ ယေရှုကို တစ်ခါယုံကြည်လက်ခံခြင်းသည် အပြစ်ခွင့်လွှတ်ခြင်းတစ်ခုတည်းကိုသာရရှိခြင်းမဟုတ်ဘဲ ဘုရားသခင်၏သားသမီးဖြစ်ခွင့်ကိုရရှိခြင်းဖြစ်သည်။

မိန်းမတစ်ဦးသည် သူ၏ပုန်ကန်ထကြွခြင်းနှင့်ခေါင်းမာခြင်းရှိသမျှတို့ကိုလက်ဝါးကပ်တိုင်၌ ယေရှုအသေခံခြင်းအားဖြင့် ဘုရားသခင်က မည်ကဲ့သို့ခွင့်လွှတ်ခဲ့သည်ကို သင်ယူတတ်ပါက ရက်စက်တတ်သောလင်ယောကျ်ား အပေါ်၌ ထိုကျေးဇူးသက်ရောက်နိုင်ကြောင်းကို မြင်တွေ့နိုင်မည်ဖြစ်သည်။ စာဖတ်သူအဖို့ ဤစာအုပ်၏ရည်ရွယ်ချက်ကား ခရစ်တော်၌ရှိသောဘုရားသခင်၏ကျေးဇူးတရားကိုရရှိဖို့ရန်ဖြစ်သည်။

## အစဉ်အမြဲ မျှော်လင့်ခြင်းသို့လှည့်ပါ

မျှော်လင့်ခြင်းသို့ အစဉ်လှည့်ပါ။ အိမ်ထောင်ပြုခြင်းကို မွမ်းမံခြင်းသည် ပထမအဆင့်ဖြစ်၏။ သင်၏အိမ်ထောင်ပြုခြင်းနှင့်စပ်လျဉ်း၍ သူတစ်ပါးကသင့်ကို အရှုံးပေးသည်ဟုမထင်စေလိုပေ။ ပြောင်းလဲဖို့ရန်လိုအပ်ချက်များကိုသင်အပါအဝင် သင့်ခင်ပွန်းပါမပြုနိုင်ဟုသင်ယုံကြည်နိုင်၏။ ထိုသို့သောအတွေးများသည် ဘုရားသခင်ထံတော်ပါးကမဟုတ်ဘဲ နတ်ဆိုးထံမှရောက်လာခြင်းဖြစ်၏။ ၎င်းသည် စုံစမ်းနှောင့်ယှက်ခြင်းပင်ဖြစ်၏။

ကျွန်ုပ်တို့အိမ်ထောင်၌ မျှော်လင့်ချက်ကို အရှုံးပေးခြင်းသည် နှစ်သက်ဖွယ်အနေအထားများကို လက်လွှတ်ခြင်းဖြစ်သည်။တစ်စုံတစ်ဦးက ဤသို့ကြားနိုင်၏။ "မင်း ဒါ ကို မလုပ်နိုင်ဘူး၊ မင်း ဒါကို အရင်က ကြိုးစားခဲ့ပြီလေ။



ဘာမှထူးလာမှာမဟုတ်ဘူး။" ဤဖော်ပြချက်၏အဆုံးမှာ နတ်ဆိုးက သင့်ကို အရှုံးပေးစေလိုခြင်းသာဖြစ်သည်။

ဇနီးသည်က ညနေစာကိုတူးအောင်ချက်ပြုတ်နိုင်၏။ သူ့ယောက်ျားသည် စိတ်ရှည်သောသူဖြစ်သော်လည်း သုံးကြိမ်မြောက်ဖြစ်သောကြောင့် အမျက်ထွက်၍ ပေါက်ကွဲလေတော့သည်။ မိန်းမကလည်း "ကျွန်မ သူနှင့်တန်အောင်လုပ်တာပဲလေ။ယောကျ်ားက အိမ်ကိုပြန်လာတဲ့အခါဘာတွေဖြစ်သေးလဲလို့မေးမြန်းတာဘာမှမရှိဘူး။ သူကျွမအကြောင်းကိုကောင်းကောင်းသိသွားအောင်တစ်ခုခုလုပ်ပြမည်"ဟု ရိုင်းရိုင်းပျပျစဉ်းစားလာသည်။

## လက္ခဏာနှစ်ရပ်

အရှုံးပေးခြင်းတွင် လက္ခဏာနှစ်မျိုးရှိသည်။ အတွင်းပိုင်းလက္ခဏာသည် အပြင်လက္ခဏာလောက်မထင်ရှားပေ။ မိမိခင်ပွန်းနှင့်မရောင့်ရဲခြင်းသည် အပြင်ဘက်လက္ခဏာဖြစ်၍ အလွန်တရာရှုပ်ထွေးစေတတ်သည်။ အကြောင်းမှာ အတူတူနေခြင်းနှင့်ဆိုင်သောဆွဲဆောင်မှု၌ အားနည်းတတ်သောကြောင့်ဖြစ်နိုင်သည်။ ထိုသို့ဖြင့် အခြားသူများထံက ဆွဲဆောင်မှုကိုသာ ပို၍ရှာဖွေလာတော့သည်။ အတွင်းလက္ခဏာဖြစ်သောစိတ်နှလုံးခါးသီးခြင်းသည် လိင်ဆက်ဆံခြင်း၏ပျော်ရွှင်မှုကို လျော့သွားစေနိုင်သည်။ ထို့ကြောင့် တစ်ဦးတည်းဖြစ်စေ၊ နှစ်ဦးစလုံးဖြစ်စေ အပြာရုပ်ရှင်ကားများကို ကြည့်ရှုတတ်ကြ၏။ ခွင့်မလွှတ်တတ်ခြင်းသည်လည်း သေးဖွဲသောကိစ္စဖြစ်သော်လည်း အလွယ်တကူ စိတ်ဆိုးစေတတ်၏။ ရိုသေလေးစားမှုမရှိခြင်းသည် အတွင်းလက္ခဏာဖြစ်၍ မယဉ်ကျေးသောစကားအားဖြင့် ထင်ရှားတတ်သည်။

| **အရှုံးပေးခြင်း၏လက္ခဏာများ** | |
|---|---|
| **အတွင်းလက္ခဏာများ** | **အပြင်လက္ခဏာများ** |
| ရောင့်ရဲခြင်း လိုအပ်မှု | အလုပ်များသောအားဖြင့် စိတ်ရှုပ်ထွေးခြင်းခံရ |
| အတူနေရန် ဆွဲဆောင်မှုနည်းပါးခြင်း | အပြာစာပေနှင့်ရုပ်ရှင်ကားများ |
| ခွင့်မလွှတ်တတ်ခြင်း | အလွယ်တကူအမျက်ထွက်ခြင်း |
| ခင်ပွန်းအပေါ် လေးစားမှုမရှိသောစိတ်ထား | ခင်ပွန်းအပေါ် ရိုင်းပျသောစကားလုံးများ |

ဤစုံစမ်းနှောင့်ယှက်ခြင်းတို့သည် မျှော်လင့်ချက်ကိုအရှုံးပေး၍ ဒုစရိုက်ကျူးလွန်ရာသို့ညွှန်ပြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမျှော်လင့်ချက်သို့အစဉ်လှည့်စေလိုသည်။ သင့်အိမ်ထောင်ဆက်နွယ်မှု၌ မျှော်လင့်ချက်ကို

အရှုံးပေးစေသောကဏ္ဍသုံးခု/လေးခုကိုရေးပါ။ထို့ပြင် အခြားမျှော်လင့်နေဆဲအပိုင်းကိုလည်း ထည့်သွင်းနိုင်သေးသည်။

ဤသည်ကား ကျွန်ုပ်တို့လိုအပ်သောမျှော်လင့်ချက်ဖြစ်၏။ ထိုမျှော်လင့်ချက်တို့သည် ကျွန်ုပ်တို့ထင်မြင်ချက်များတစ်ဘက်တွင် ရှိနေတတ်သည်။ ဤလုပ်ဆောင်ချက်များကိုပြီးစီးစေခြင်းငှာ မိမိတို့စိတ်နှလုံးထဲ၌ မေးခွန်းများစွာရှိဖို့ လိုအပ်သည်။

## ကိုယ်တွေ့ကျင့်သုံးမှု - အိမ်ထောင်တစ်ရပ် တည်ဆောက်ခြင်းစီမံချက်

လက်တွေ့များများလုပ်ဆောင်ကြစို့။ ယခုသင့်ခင်ပွန်း အကြောင်းကို စဉ်းစားကြည့်ပါ။အကယ်၍ မိတ်ဆွေသည် အိမ်ထောင်မပြုသောသူဖြစ်လျှင် အတိတ်ကခင်ပွန်းအကြောင်း မိတ်ဆွေ၏ မိဘနှစ်ပါးပြောဆိုဆက်ဆံပုံတို့ကို စဉ်းစားနိုင်သည်။ မိတ်ဆွေသည် ဤနယ်ပယ်အသီးသီးကို အရှုံးပြီးသားဖြစ်နိုင်ပါသည်။ ၎င်းသည် လုပ်ဆောင်ရမည့်တာဝန်ပင်ဖြစ်သည်။



- သင့်အိမ်ထောင်ရေးဆက်နွယ်မှု၌ မျှော်လင့်ချက်နှင့်စပ်လျဉ်း၍ သင်အရှုံးပေးသည့်နယ်ပယ်သုံးလေးခုကိုရေးချပါ ။ ရှင်းလင်းချက်လုပ်ဆောင်တတ်ရန် မပျက်မကွက်စာဖတ်ရမည်။
- ဤအချက်အလက်သာမကပဲ မိတ်ဆွေအနေနဲ မျှော်လင့်လျက်လုပ်ဆောင်သည့်အခြားဖြည့်စွက်လိုသောအချက်များရှိပါ က ဖြည့်စွက်နိုင်ပါသေးသည်။

၎င်းကို ကျွန်ုပ်တို့"မျှော်လင့်စရာအချက်"ဟုခေါ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် ကျွန်ုပ်တို့မျှော်လင့်ချက်ရှိဖို့ရန် လိုအပ်သောကဏ္ဍများဖြစ်သောကြောင့်တည်း။ ၎င်းတို့ကို ဖြစ်နိုင်သမျှရေးချပါ။ ထိုမျှော်လင့်ချက်များသည် အသက်ရှင်မှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့ယူဆချက်များနှင့်မျှော်မှန်းချက်များကို ကျော်လွန်တတ်သည်။ ဤတာဝန်ပေးအပ်မှုကို ပြည့်စုံစေဖို့ရန် မေးခွန်းများစွာကို စိတ်နှလုံးထဲ၌ သိမ်းဆည်းထားရန် လိုအပ်ပါသည်။

## (၁) မျှော်လင့်ချက်ပျောက်ဆုံးသည့်အပိုင်းကို သင်မည်ကဲ့သို့ဖော်ပြ မည်နည်း။

အကယ်၍ သင်သည် မကြာသေးမီက လက်ထပ်ထိမ်းမြားခဲ့ပါက သင်လက်မထပ်မီက သင့်စိတ်ကူးမျှော်လင့်ချက်များအတိုင်း အရာရာဖြစ်မလာသောအခါ တစ်စုံတစ်ခုကိုသတိပြုလာလိမ့်မည်။ ထိုသို့မမျှော်လင့်ပဲဖြစ်လာသောအနေအထားများကြောင့် သင့်မျှော်လင့်ချက်ပျောက်ဆုံးသွားတတ်သည်။ ထိုသို့ဖြစ်ရသည့်အကြောင်းရင်းများကိုရေးချပါ။

အချို့သောသူများကမူ တခဏအတွက်သာ လက်ထပ်ကြ၏။ သင်၏မချင့်မရဲဖြစ်ခြင်းကား အဘယ်နည်း။ အရင်းအမြစ်ကို သိအောင်ကြိုးစားရမည်။ အချို့သောအရာများသည် စစ်ဆေးမေးမြန်းခြင်းမပြုမီကပင် ပေါ်လွင်လိမ့်မည်။အချို့ကမူ သင်ပြောထွက်ဖို့ရန် ဖြစ်လာလိမ့်မည်။"ငါမိန်းမက ဒီလိုဟိုလိုဖြစ်သည်ဆိုပြီးတော့"သင့်စိတ်ကူးအကြံအစည်များကိုရေးချပါ။

## (၂) နောက်ကျလွန်းပါသလား။

မျှော်လင့်ချက်နှင့်ပတ်သက်၍ ရေးချခဲ့သည့်အကြောင်းအရာအချို့တို့မှာမဖြစ်နိုင်ဟန်ရှိသည်။ ထိုအကြောင်းအရာတို့သည် စီမံချက်တဘက်ကိုကျော်လွန်လျက်နေသည်။ အရာရာအတွက် ကျိုးကြောင်းမစဉ်းစားဘဲ ပြောဆိုဖို့ အခွင့်မပေးသင့်ပေ။ ဥပမာ ကြည့်ကြပါစို့။

သင်သည် သင့်အမျိုးသားနှင့်ဘဝရှင်သန်ခြင်းအကြောင်းအရာများကိုနက်နက်ရှိုင်းရှိုင်းတိုင်ပင်မည်ဟု မျှော်လင့်ခဲ့သော်လည်း သူစိတ်မဝင်စားပုံပေါ်သည်။သူသည် သူ့အလုပ်နှင့် အမြဲအလုပ်ရှုပ်တတ်သည်။သင်နှင့် အချိန်ယူပြီး စကားစမြည်ပြောမည့်အစား မိမိမိတ်ဆွေများနှင့်အတူ တီဗွီကိုကြည့်လျက်နေတတ်သောကြောင့် သူ့အပေါ်၌ ခါးသီးသောစိတ်ရှိလာသည်။ သင်တို့သည်အတူတူနေကြသော်လည်း ကွဲလုဆဲဆဲဖြစ်၍ တစ်ဦးအပေါ်တစ်ဦးအယုံအကြည်မရှိဘဲနေကြသည်။

ဤအနေအထားသည် နောက်မကျလွန်းသေးပေ။ ဘုရားသခင်သည် စုံတွဲတိုင်းကို သူ့ထံပြန်လှည့်စေလိုသည်။ အိမ်ထောင်သက်တမ်းသည် အနှစ်၂၀ ရှိသည့်တိုင်အောင် ပြဿနာမဟုတ်ပေ။ သင်တို့ထိမ်းမြားခြင်းသည် ဘုရားသခင်နှင့်သက်ဆိုင်သောကြောင့် ကိုယ်တော်ထံတော်ပါးက မျှော်လင့်ချက်များကိုထားရှိနိုင်ကြသေးသည်။ ဘုရားသခင်သည် အံ့သြဖွယ်ရာများကိုပြုတော်မူသောဘုရားဖြစ်သည်။

အရာရာအတွက် ငြိမ်းငြိမ်းချမ်းချမ်းဖြေရှင်းရန် နှစ်ဦးစလုံးစိတ်အားလျော့လာသောအခါ အခြေအနေပိုမိုဆိုးရွားလာတတ်သည်။ သို့သော် ဘုရားသခင်၏လုပ်ဆောင်ချက်၌ ယုံကြည်မျှော်လင့်လာသောအခါ ကောင်းမွန်လာဖို့အလားအလာများစွာရှိပါ သည်။ ကောင်းမွန်သောအိမ်ထောင်တစ်ရပ်တည်ဆောက်ခြင်းဖြစ်စဉ်သည် ပြောင်းလဲသွားမည်ဖြစ်ပြီး နှစ်ဦးသားတို့၏ထိမ်းမြားခြင်းသည်လည်း ကောင်းမွန်သောတိုးတက်မှုများကိုရရှိခံစားမည်ဖြစ်သည်။

## (၃) ကျွန်ုပ်တို့အားလုံး မျှော်လင့်ချက်မဲ့သောအပိုင်း ရှိကြပါသလား။

ကျွန်ုပ်တို့၏ထိမ်းမြားခြင်းပုံစံသည် ကွဲပြားခြားနားသည့်အလျောက် မိမိ၏တို့မျှော်လင့်ချက် ပျောက်ဆုံးမှုသည်လည်း မတူကြပေ။ ကောင်းမွန်သော

ထိမ်းမြားခြင်းသည် ပိုကောင်းနိုင်သည်။ ကျွန်ုပ်တို့၏မျှော်လင့်ချက်အမှား၊ အမှန်များကို နောက်အခန်း၌ လေ့လာတင်ဆက်သွားမည်။ တခါတရံ ကျွန်ုပ်တို့မျှော်လင့်ချက်များသည် ရုပ်ဝတ္ထုများနှင့်ဆက်စပ်နေတတ်သည်။ ထိုသို့သော အမှုအရာများကိုစွန့်လွှတ်ရမည်။

ကောင်းမွန်သောထိမ်းမြားခြင်းကိုပြုသည့်စုံတွဲတို့သည် သူတို့အိမ်ထောင်၌ တိုးတက်မှုကိုပြသမည့်အစား မျှော်လင့်ချက်ပျောက်ဆုံးနိုင်၏။ အမျိုးသားကလည်း မိမိ၏ညစ်ပတ်သောအဝတ်အစားများကို ဂရုမစိုက်တတ်သူဖြစ်နိုင်သည်။ ဇနီးသည်လည်း ငွေကြေးအတွက် စိုးရိမ်တတ်သူဖြစ်နိုင်သည်။ ယောက်ျားသည် သူ့ဇနီးထင်သကဲ့သို့မပြုဘဲ မိမိစိတ်ရှိသည့်အတိုင်း ငွေကြေးကိုသုံးဖြုန်းတတ်သူဖြစ်နိုင်သည်။

ဇနီးမောင်နှံတို့၌ ရှိတတ်သည့်အဓိကပြဿနာမှာ မည်သည့်အရာက ကောင်းမွန်သောထိမ်းမြားခြင်းဖြစ်သည်ကို မသိရှိခြင်းပင်ဖြစ်သည်။ အိမ်ထောင်ရေး၌ ကောင်းမွန်သောအရာဖြစ်ပျက်နိုင်သည်ကို သူတို့မသိရှိကြပေ။ အကယ်၍ ကျွန်ုပ်တို့မိဘများသည် ပျော်ရွှင်ဖွယ်ကောင်းသည့်ထိမ်းမြားခြင်းကို မပြုခဲ့ကြလျှင် ပုံသက်သေကောင်းမရှိခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ထိမ်းမြားခြင်းပုံစံကို တဆင့်ပြီးတဆင့်လေ့လာသုံးသပ်သွားမည်။

## (၄) ကျွန်ုပ်တို့မပိုင်ဆိုင်သည့်အရာ၌ ဗဟိုပြုခြင်းသည် အန္တရာယ်ရှိပါသလား။

ထိမ်းမြားခြင်းသည် အညွန့်ကဲ့သို့ဖြစ်၏။ ထိမ်းမြားခြင်းသည် လှပသောပန်းပွင့်ဝေဆာခြင်းပမာဖြစ်သည်။ ကျွန်ုပ်တို့သည် မနှစ်သက်သည့်အပိုင်းများကို လက်ညွှန်းထိုးပြောဆိုနေကြသော်လည်း ၎င်း၌ ကောင်းသောရည်ရွယ်ချက်ရှိသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ပြုစေလိုသောအပိုင်းများကို ဖော်ထုတ်နေခြင်းဖြစ်သည်။ ၎င်းတို့ကို ရှောင်ကြဉ်ခြင်းသည် မကျေနပ်ခြင်းနှင့် ခါးသီးခြင်းများကိုဖြစ်ပေါ်စေသည်။ ထိုအခက်ခဲများကို မှန်မှန်ကန်ကန်ကိုင်တွယ်ခြင်းအားဖြင့် ဇနီးမောင်နှံတို့သည် စည်းလုံးညီညွတ်ခြင်း၌ ကြီးထွားလာမည်ဖြစ်၏။

မျှော်လင့်ချက်သည် ကျွန်ုပ်တို့ဖြစ်သင့်သည်ကို အမှတ်ရစေသည်။ မျှော်လင့်ချက်သည် စုံလင်ခြင်းသို့ရောက်ရှိမည့်အကြောင်း ၎င်းသည် ဘုရားသခင်၏တန်ခိုးတော်နှင့်ကျေးဇူးတရား၌ မူတည်ပါသည်။ ကိုယ်တော့်အပေါ်၌ ထောက်ရှုအသက်ရှင်ခြင်းသည် ကျွန်ုပ်တို့ဘဝအမှောင်ထုထဲ၌ အလင်းတန်းကိုစတင်မြင်တွေ့စေသည်။ တချိန်တည်း၌ပင် ကျွန်ုပ်တို့ကြီးထွားရန် အခက်အခဲဖြစ်စေသောမကောင်းသည့်စိတ်သဘောထားကို ဖော်ထုတ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခင်ပွန်းနှင့် ရန်ဖြစ်နေခြင်းမဟုတ်ဘဲ ဘုရားသခင်၏အလို

တော်၌ မိမိတို့အိမ်ထောင်ကို ကြီးထွားစေရန် ဘုရားသခင်နှင့်လုပ်ဆောင်နေခြင်းသာဖြစ်သည်။

မျှော်လင့်ချက်သည် ဆုတောင်းခြင်းကိုလှုံ့ဆော်၍ လမ်းကြောင်းမှန်သို့ရောက်ရှိစေတတ်သည်။ ဒါဝိဒ်အသက်တာ၌ ဘုရားသခင်မည်ကဲ့သို့လုပ်ဆောင်ခဲ့သည်ကိုသတိပြုရမည်။

*"ထာဝရဘုရားကိုခိုလှုံ၍ ကောင်းသောအကျင့်ကိုကျင့်လော့။ ပြည်တော်၌နေ၍ သစ္စာတရား၌ ကျက်စားလော့။ ထာဝရဘုရား၌ မွေ့လျော်ခြင်းရှိလော့။ သို့ပြုလျှင် စိတ်နှလုံးပြည့်စုံရသောအခွင့်ကို ပေးတော်မူလိမ့်မည်။ ကိုယ်အမှုအရာကိုထာဝရဘုရား၌ အပ်လော့။ ကိုယ်တော်ကို ကိုးစားလော့" (ဆာလံ၊ ၃၇:၃-၅)။*

ကျွန်ုပ်တို့၏စိတ်ပျက်ခြင်းကြားထဲက မြင့်မြတ်သောမျှော်လင့်ချက်နှင့်အတူ ဘုရားသခင်ထံသို့ချဉ်းကပ်လာကြ၏။ ဘုရားသခင်နှင့်ဆက်နွယ်ခြင်းကိုဦးတည်ထား၍ဖြေရှင်းချက်ရရှိခြင်းငှာ ကိုယ်တော့်ကိုမျက်မှောက်ပြုလေ၏။ ကိုယ်တော်သည် ဇနီးမောင်နှံနှစ်ဦးကြား၌ အလွန်ခက်ခဲသောအကြောင်းအရာတည်းဟူသောဆက်နွယ်မှုဟန်ကွက်၊ သဟဇာတမဖြစ်သောအရာနှင့်လိင်ပိုင်းဆိုင်ရာ ရီးနှီးမှုမရှိခြင်းတို့ကို ဖြေရှင်းပေးမည်ဖြစ်၏။ ကိုယ်တော်ကိုကိုးစားလော့။ ၎င်းကို ကိုယ်တော်ပြုတော်မူလိမ့်မည်။

## **အမှန်တရား- ကောင်းမွန်သောအိမ်ထောင်ပြုခြင်းဖြစ်စေလော့!**

ကျွန်ုပ်တော်ကိုယ်တိုင်ကြားဖူးသည်မှာ ဇနီးမောင်နှံတို့က မကြာမီလက်ထပ်ကြမည့်စုံတွဲနှစ်ဦးတို့ကို ထိမ်းမြားခြင်းဆိုင်ရာအကြောင်းအရာမှန်ကိုအထောက်အကူဖြစ်စေဖို့ မှတ်ချက်ပေးကြ၏။ သူတို့ဆိုလိုရင်းကောင်းပေ၏။ သို့သော် သူတို့ကိုယ်တိုင် သာယာလှပသောအိမ်ထောင်ဘဝကို မပိုင်ဆိုင်ကြပေ။တခါတရံထိုသို့သောမှတ်ချက်ပေးခြင်းသည် ကြောက်စရာကောင်း၍ မျှော်လင့်ချက်မဲ့စေတတ်သည်။

လက်ထပ်ကာစ ဇနီးမောင်နှံတို့သည် ထူးကဲစွာသိမြင်တတ်မှုများကို လွယ်လင့်တကူ စွန့်လွှတ်ကြသည်။ သူတို့ကိုသူတို့ထူးခြားသူများဟု မှတ်ယူသော်လည်း မမျှော်လင့်ဘဲ စိတ်ပျက်ခြင်းများနှင့် ကြုံတွေ့သောအခါ သူတို့ကို မှတ်ချက်ပေးခဲ့ဖူးကြသော ဇနီးမောင်နှံတို့၏စိုးရိမ်ဖွယ်ကောင်းသည့်အကြံပြုချက်များကို လက်ခံလာကြသည်။ ထိမ်းမြားခြင်းသည် ကျွန်ုပ်တို့မျှော်လင့်ထားသလိုမဟုတ်ပေ။

ကျွန်ုပ်တို့သည် လက်ထပ်ကာစဇနီးမောင်နှံတို့ကို စိတ်ပျက်စေမည်လော သို့မဟုတ် မျှော်လင့်ချက်အမှန်ကိုပေးမည်လော။ ထိုသို့သောသူတို့ကို မှတ်ချက်ပေးသောအခါ ကျွန်ုပ်တို့ကော ရိုးသားရဲ့လား။ ပြဿနာမကြုံရဟု ဆို

လိုခြင်းမဟုတ်ပေ။ ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်သောကြောင့် ပြဿနာပေါင်းများစွာရင်ဆိုင်မည်အမှန်ပါ။ ကျွန်ုပ်တို့သည် ထိုသူတို့နှင့်အတူ လက်တွဲသင့်သည်။ သို့မှသာ သူတို့၏အခက်ခဲများကြားထဲမှ ဘုရားသခင်၏ကျေးဇူးတော်၌ မည်သို့ကိုးစားမည်ကို သင်ယူတတ်လာကြမည်ဖြစ်သည်။ ဤသည်ကား ကောင်းမွန်သောအိမ်ထောင်တစ်ရပ်တည်ဆောက်ခြင်း၌ ကျွန်ုပ်တို့၏ဦးတည်ချက်ပင်ဖြစ်သည်။

## အိမ်ထောင်ရေးဆိုင်ရာ သမ္မာကျမ်းစာ၏အခြေခံသဘောတားလေးရပ်

ကျွန်ုပ်တို့အား ထိမ်းမြားခြင်းဆိုင်ရာ မျှော်လင့်ချက်နှင့်ယုံကြည်စိတ်ချမှုကိုပေးသော သမ္မာကျမ်း၏စည်းမျဉ်းဥပဒေသလေးရပ်တို့ကို ကြည့်ကြပါစို့။ ဘုရားသခင်၏နှုတ်ကပတ်ထက် ကောင်းသောအရာမရှိတော့ပေ။ ထိမ်းမြားခြင်းကိုပုံဖော်သောသူက ထိမ်းမြားခြင်းအပေါ် သူ၏အမြင်ကိုကမ္ဘာဦးကျမ်း ၂:၁၈-၂၅ ၌ ဤသို့ဖော်ပြလေ၏။

## #၁ ဘုရားသခင်သည် အိမ်ထောင်ပြုခြင်းကိုဖြစ်စေတော်မူ (က၊၂:၁၈-၂၅)

*"ထာဝရအရှင်ဘုရားသခင်ကလည်း ယောကျ်ားသည် တယောက်တည်းမနေကောင်း၊ သူနှင့်တော်သောအထောက်အမကို သူ့ဖို့ငါလုပ်ဦးမည်ဟု အကြံရှိတော်မူ၏။ ထာဝရအရှင်ဘုရားသခင်သည် မြေတိရစ္ဆာန်တို့နှင့်မိုးကောင်းကင်ငှက်အပေါင်းတို့ကို မြေဖြင့်ဖန်ဆင်းတော်မူပြီးလျှင် လူသည် အဘယ်သို့ခေါ်ဝေါ်သမုတ်မည်ကိုသိခြင်းငှာ လူရှိရာသို့ဆောင်ခဲ့တော်မူ၏။ လူသည်လည်း အသက်ရှင်သောသတ္တဝါအပေါင်းတို့ကို ခေါ်ဝေါ်သမုတ်သည်အတိုင်း နာမည်အသီးသီးရှိကြ၏။ ထိုသို့ လူသည် သားယဉ်အပေါင်းတို့ကို၎င်း၊ သားရဲအပေါင်းတို့ကို၎င်း အမည်ပေး၍မှည့်လေ၏။သို့သော်လည်း လူနှင့် တော်သောအထောက်အမမပေါ်မရှိသေး။ ထိုအခါထာဝရအရှင်ဘုရားသခင် သည် လူကိုကြီးသောအိပ်ခြင်းနှင့် အိပ်စေတော်မူ၍ လူသည် အိပ်ပျော်စဉ် နံရိုးတချောင်းကိုထုတ်ပြီးလျှင် ထိုအရိုးအစားအသားကိုစေ့စပ်စေတော်မူ၏။ ထာဝရအရှင်ဘုရားသခင်သည် လူထဲကထုတ်သောနံရိုးဖြင့် လူမိန်းမကိုဖန်ဆင်း၍ လူရှိရာသို့ဆောင်ခဲ့တော်မူ၏။ လူကလည်း ယခုဤသူသည် ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲကအသားဖြစ်၏။ လူထဲကထုတ်သောကြောင့် သူ့ကိုလူမိန်းမဟု ခေါ်ဝေါ်အပ်သည်ဟုဆိုလေ၏။ ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့် ထိုသူတို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်။ ထိုလင်မယားနှစ်ဦးတို့သည် အဝတ်မဝတ်ဘဲနေ၍ ရှက်ကြောက်ခြင်းနှင့် ကင်းလွတ်ကြ၏။"*

ပြည့်စုံသောပုဂ္ဂိုလ်၊ အကောင်းဆုံးနေရာ၌နေသောလူအာဒံသည် အရာအားလုံးကိုပိုင်ဆိုင်ခဲ့သူဖြစ်သည်။ အလွန်သာယာသော ထိုနေရာမှတဆင့် ဘုရားသခင်သည် ပထမဆုံးလူအာဒံနှင့်စပ်လျဉ်း၍ စူးစမ်းလေ့လာမှုတစ်ခုပြုလေသည်။ "*ယောကျ်ားသည် တစ်ယောက်တည်းမနေကောင်း"*ဟူ၍ ဘုရားသခင်သည် အကြံအစည်တစ်ခုရှိလေသည်။ သူ့အဖို့ သင့်တော်သော အထောက်အမတစ်ဦးကို ဖန်ဆင်းပေး၏။ ဘုရားသခင်ပြုမည့်နက်နဲသောအရာကိုနားလည်စေခြင်းငှာဘုရားသခင်သည် လိမ္မာပါးနပ်စွာဖြင့် အာဒံကို တိရစ္ဆာန်ရှိသမျှတို့အား နာမည်မှည့်စေသဖြင့် မိမိလိုအပ်ချက်ကိုသိရှိလာ၏။ အာဒံသည်လည်း မိမိ၏လိုအပ်ချက်ကို ထိုတိရစ္ဆာန်များက မဖြေရှင်းပေးနိုင်ကြောင်း သဘောပေါက်လာသည်။ ၎င်းသည် ဘုရားသခင်အဖို့ မိမိ၏အထူးလုပ်ဆောင်ချက်အစပြုခြင်းဖြစ်သည်။ ဘုရားသခင်သည်လည်း အာဒံ၏နံရိုးတစ်ချောင်းကိုထုတ်ပြီး လူမိန်းမအဖြစ်သို့ပုံသွင်းဖန်ဆင်းလေ၏။ အာဒံသည်လည်း သူ့ကိုဧဝဟု နာမည်မှည့်လေ၏။

ဘုရားသခင်သည် ဧဝကိုဖန်ဆင်းပြီးနောက် သူမကို အာဒံနှင့် မိတ်ဆက်ပေးဖို့ အချိန်စောင့်ဆိုင်းရသည်။ ဧဝကိုပြိုင်ဘက်အဖြစ် ဖန်ဆင်းခြင်းမဟုတ်ဘဲ အာဒံအဖို့ အထောက်အမအဖြစ် ဖန်ဆင်းခြင်းဖြစ်သည်။ သူသည် အာဒံအဖို့သင့်တော်သောအထောက်အမအဖြစ် အာဒံ၏နံရိုးမှပုံသွင်းဖန်ဆင်းခြင်းဖြစ်သည်။

ထို့ကြောင့် ဘုရားသခင်သည် ထိမ်းမြားခြင်းဘက်သို့ဦးတည်စေလျက်လိုအပ်သောအရာအားလုံးကိုဖန်ဆင်း၏။တခါတရံကျွန်ုပ်တို့သည် ထိမ်းမြားခြင်းကိုရိုးရှင်းသောပေါင်းသင်းခြင်းဟု ထင်မှတ်လျက် အလွန်နက်နဲသောအကြောင်းအရာဖြင့် လက်ထပ်ထိမ်းမြားခြင်းဖြစ်ကြောင်းကိုကျွန်ုပ်တို့မေ့လျော့တတ်ကြ၏။ ဘုရားသခင်သည် ယောကျ်ားနှင့်မိန်းမနှစ်ဦးစလုံးတို့ကို ရင်းနှီးကျွမ်းဝင်စွာ အတူတကွနေဖို့နှင့်ခိုင်မြဲသောဆက်နွယ်မှုရှိစေဖို့ရန် ရည်ရွယ်ချက်ဖြင့် ဖန်ဆင်းခြင်းဖြစ်သည်။

### #၂ ဘုရားသခင်သည် အများကိန်းဖြစ်စေ၏- ယောကျ်ားနှင့်မိန်းမ (က၊၂း၂၃)

"*လူကလည်းယခုဤသူသည် ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲကအသားဖြစ်၏။လူထဲကထုတ်သောကြောင့် သူ့ကိုလူမိန်းမဟုခေါ်ဝေါ်အပ်သည်ဟု ဆိုလေ၏။"*

လူယောကျ်ားသည် တမူထူးခြား၏။ သူ့ဘေးနားကရပ်ပြီးသူ့ကို မွေ့လျော်စေမည့်သူကိုလည်းသိရှိ၏။လူမိန်းမဟု နာမည်သမုတ်ခြင်းသည် လူယောကျ်ားမှတဆင့် ဖန်ဆင်းခြင်းခံရသောကြောင့်ဖြစ်သည်။ လူမိန်းမတို့သည် မိမိတို့ယောကျ်ားများ၏ဘေးနားက လုပ်ဆောင်ပြုမူကြရန် ဖန်ဆင်းခြင်းခံကြ

၏။ထိုနှစ်ဦးတို့စပ်ကြား၌ တူညီမှုများရှိသော်လည်းအလွန်ခြားနားကြောင်းတွေ့ ရှိနိုင်သည်။

ထိုသူနှစ်ဦးတို့၏တူညီမှုနှင့်ခြားနားမှုများကို ဟေဗြဲဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကား၌ တွေ့ရှိရသည်။ ဟေဗြဲဘာသာစကား၌ လူမိန်းမဟူသောအက္ခရာကို နောက်ထပ်အက္ခရာတစ်လုံးထပ်ပေါင်းလိုက်ခြင်းဖြစ်သည်။




ထို့အတူ လူမိန်းမအဖို့ အင်္ဂလိပ်ဘာသာစကား၌လည်း 'fe' ဟူသောအက္ခရာကိုလည်း အပိုထည့်ပေးရသည်။

## # ၃ ဘုရားသခင်သည် တစ်လုံးတစ်ဝတည်းဖြစ်စေ၏ (က၊၂:၂၄)

*"ထိုအကြောင့်ကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ခင်ပွန်းကိုမှီဝဲသဖြင့် ထိုသူတို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်။"*

အဖိုအမဟူသောအများကိန်းလိင်အားဖြင့် ထိမ်းမြားခြင်းမဟုတ်သလိုကာမဆက်ဆံခြင်းကိုပြုရန် သက်သက်အတွက်လည်းမဟုတ်ပေ။ "*တသားတကိုယ်တည်း*"ဟူသောစကားလုံးသည် ဇနီးမောင်နှံကာမဆက်နွယ်ခြင်းထက်များစွာနက်နဲပါ၏။ "*တသားတကိုယ်တည်း*"ဟူသောစကားလုံးသည် တစ်ခုလုံးကိုဆိုလို၍ ကာမပေါင်းစည်းခြင်းကမူ ကဏ္ဍတစ်ခုကိုသာဆိုလိုသည်။

ကျွန်ုပ်တို့သည် ထိုအရာကိုမည်ကဲ့သို့သိရှိကြသနည်း။ ကာမဆက်ဆံခြင်းထက် တလုံးတဝတည်းဖြစ်ခြင်းသည် ပိုမိုနက်ရှိုင်းမှုရှိသည်ဟု ကျွန်ုပ်တို့ပြောဆိုနိုင်သည်။ လူယောကျ်ားသည် ကိုယ့်မိဘကိုစွန့်၍ တလုံးတဝတည်းဖြစ်ခြင်းကိုဖွဲ့စည်းကာ ဘုရားသခင်၏ကွပ်ကဲမှုဖြင့် သူ၏ဘဝတစ်လျှောက်လုံး၌ လူမိန်းမနှင့်ပေါင်းသင်းရန် သီးခြားဖွဲ့စည်းရပ်တည်လေ၏။ ဤသို့အထူးပေါင်းစည်းခြင်းသည် သားသမီးရတနာအသီးအပွင့်များ ထွန်းကားလာကြောင်းကို အာဒံနှင့်ဧဝတို့၌ ကျွန်ုပ်တို့တွေ့ရှိနိုင်သည်။

## # ၄ ဘုရားသခင်သည် အိမ်ထောင်ပြုခြင်း၌ မိမိဘုန်းတော်ထင်ရှားရန်ပြု၏ (က၊၂:၂၅)

*"ထိုသူလင်မယားနှစ်ဦးတို့သည် အဝတ်မဝတ်ဘဲနေ၍ရှက်ကြောက်ခြင်းနှင့် ကင်းလွတ်ကြ၏။"*

နက်နဲသောသမ္မာတရားကို ထိမ်းမြားခြင်းဆိုင်ရာဆက်နွယ်မှုအားဖြင့် ထင်ရှားစေတတ်သည်။ လူနှစ်ဦးတို့သည် သီးခြားစီဖြစ်ကြသော်လည်း တလုံးတဝတည်းဖြစ်ရန် အတူတကွပေါင်းသင်းကြ၏။ ၎င်းသည် လူယောကျ်ားနှင့်လူမိန်းမတို့၌ အဟန့်အတားမရှိ၊ ထင်ရှားသည့်အသစ်သောဘုန်းအသရေဖြစ်ပါသည်။ သူတို့သည် ရှက်ကြောက်ခြင်းနှင့် ကင်းလွတ်ကြ၏။ ထိုဘုန်းအ

သရေ၏အစမူလမှာ အလင်းတရားဖြစ်၍ သူတို့အပေါ်၌ ဘုရားသခင်၏ဘုန်းထင်ဟပ်ခြင်းမှထွက်လာသောအရာဖြစ်နိုင်သည်။

ဘုရားသခင်ကို ပုန်ကန်ပြီးနောက် လူမိန်းမနှင့်လူယောက်ျားတို့အားအဝတ်ကိုပေးကြ၏။ ၎င်းက ထိုဇနီးမောင်နှံတို့၏အစမူလအခြေအနေကို အလွယ်တကူမရရှိနိုင်တော့ကြောင်း ပြသခြင်းဖြစ်၏။ အရာရာအားလုံး ပြောင်းလဲသွား၏။ ကိုယ်ခန္ဓာတစ်ခုတည်း၌သာမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာနှင့်ဝိညာဉ်ရေးရာအထိ အကျိုးသက်ရောက်မှုရှိလာသည်။ အဝတ်သည် ဘုရားသခင်ရှေ့မှောက်၌ ကျွန်ုပ်တို့၏ဆန့်ကျင်ပုန်ကန်မှုကို ဖုံးအုပ်ပေးသောခရစ်တော်ကိုပုံဆောင်ခြင်းဖြစ်သည်။ နောက်မှ ပေါလုပြောဆိုသောတလုံးတဝ၏နက်နဲခြင်းအကြောင်းအရာကို အသေးစိတ်လေ့လာသွားမည်ဖြစ်သည်။

ဤအကြောင်းအရာတို့ကို လူသားအပြစ်၌ မပြိုလဲမီကပင် ထုတ်ဖော်ပြီးဖြစ်ကြောင်း ကျွန်ုပ်တို့သတိပြုသင့်သည်။ အိမ်ထောင်ပြုခြင်းသည် လူသားတို့အတွက် မြေကြီးပေါ်၌ အစဉ်ခမ်းနားကြီးကျယ်သောအရာဖြစ်၏။ အိမ်ထောင်ပြုခြင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏ယုံမှားသံသယများကို ပယ်ရှားရမည်။ ကောင်းမွန်သောအိမ်ထောင်သည် အလိုအလျောက်ဖြစ်လာသည်မဟုတ်၊ အစဉ်အမြဲထိန်းသိမ်းလုပ်ယူသွားဖို့ လိုအပ်ပါသည်။ အိမ်ထောင်ရေးကိုစတင်အကောင်အထည်ဖော်ခြင်းသည် မင်္ဂလာတစ်ရပ်ဖြစ်သော်လည်း သတိရှိရှိပျိုးထောင်တတ်ဖို့ လိုအပ်ပါသည်။

## စိတ်ပျက်ခြင်းကို ကိုင်တွယ်ခြင်း

ကျွန်ုပ်တို့သည် မိမိတို့အိမ်ထောင်၌ ခမ်းနားထည်ဝါသောအရာများကိုမျှော်လင့်တတ်ကြသည်။ ဘုရားသည် ထိုသို့သောအဖြစ်မျိုးကို ကျွန်ုပ်တို့အိမ်ထောင်သက်တမ်းတလျှောက်လုံး၌ ကြီးထွားစေလိုသည့်အတိုင်း ကောင်းသောအရာများဖြင့် ထင်ဟပ်တတ်သည်။ ထိုသို့သောမျှော်လင့်ချက်များသည် ကျွန်ုပ်တို့၏ရည်မှန်းချက်များဖြစ်လာပါသည်။

အကြောင်းအရာများ ဆုံဆည်းလာသောအခါ ထိုမျှော်လင့်ချက်များသည် ကျွန်ုပ်တို့အဖို့ ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်ကြောင်း စိတ်ချလာကြသည်။ ကျွန်ုပ်တို့အိမ်ထောင်အဖို့ ဘုရားသခင်၏အကြံအစည်ကို စတင်တွေ့မြင်သောအခါ ကျွန်ုပ်တို့အိမ်ထောင်၌ ပြန်လည်ပြုပြင်ခြင်းအစပြုလာသည်။

မျှော်လင့်ချက်အပေါ်၌ စိတ်ပျက်ခြင်းသည် ပျက်ပြားခြင်းများနှင့်သံသယများဘက်သို့ဦးတည်စေသည်။ တစ်ခါတစ်ရံ ခင်ပွန်း၏အပြုအမူကိုမေးခွန်းထုတ်၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုပါ သံသယရှိလာကြသည်။ စိတ်ပျက်ခြင်းကို ကောင်းမွန်စွာမကိုင်တွယ်သောအခါ စုံစမ်းနှောင့်ယှက်ခြင်း

သို့အလွယ်တကူကျရောက်၍ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမေ့လျော့ပြီဟု ထင်တတ်ကြသည်။

ယခုကျွန်ုပ်တို့သည် မိမိတို့၏အိမ်ထောင်၌ မျှော်လင့်ချက်ကင်းမဲ့သောအပိုင်းများကို စာရင်းပြုစု၍ စတင်လုပ်ဆောင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် အိမ်ထောင်ရေးကဏ္ဍတချို့ တိုးတက်ခြင်းအပေါ်၌ အရှုံးပေးခဲ့ကြ၏။ ကျွန်ုပ်တို့အိမ်ထောင်ရေးအဖို့ ဘုရားသခင်၏စံနှုန်းအတိုင်း တိုင်းထွာရန်သာဖြစ်သည်။ ကျွန်ုပ်တို့သည် ကောင်းမွန်သောအိမ်ထောင်တည်ဆောက်ရေးအတွက် အခြားသောသူထံ၌မဟုတ်ဘဲ ဘုရားသခင်ထံ၌သာ အကျိုးအမြတ်ကို ခံရယူကြရမည်။ မျှော်လင့်ချက်နှင့်စပ်လျဉ်း၍ ရောက်လာမည့်နေ့ရက်များတွင် ကျွန်ုပ်တို့ပြုနိုင်မည့်အကြောင်းများအရာကို ဆွေးနွေးကြပါစို့။

## # ၁ စောင့်ဆိုင်းပါ

သင့်အိမ်ထောင်သည် မည်ကဲ့သို့ပိုကောင်းနိုင်သည်ဟူသောအချက်ကိုချက်ချင်းမပြောရ။ ထိုသို့ဆိုသောအခါ သင့်ခင်ပွန်း၏ဆိုးသွမ်းမှုကို စာရင်းပြုစုခြင်းဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ သင်တို့ထဲက အချို့သည် အိမ်ထောင်ရေးအဆိုးအကောင်း အကြောင်းအရာများနှင့်ပတ်သက်၍ မိမိတို့ခင်ပွန်းများနှင့်မျှဝေခြင်းမရှိဖူးသူများလည်း ရှိကောင်းရှိနိုင်သည်။

## #၂ ဝန်ခံပါ

အရှုံးပေးရန် စုံစမ်းနှောင့်ယှက်ခြင်းထဲသို့ကျရောက်သောအခါ ဘုရားသခင်ထံ၌ သင့်အပြစ်ကိုဝန်ချတောင်းပန်ဖို့ လိုအပ်သည်။ ဘုရားသခင်သည် မိမိ၏ကောင်းမြတ်သောအကြံအစည်အပေါ်၌ သင့်အား သံသယမရှိစေလိုပါ။ သင့်အသက်တာထဲ၌ သင်ဝန်ချရမည့်သင့်အပြစ်ကို အချိန်မီတွေ့ရှိနိုင်သည်။ ဒုစရိုက်အပြစ်သည် ဘုရားသခင်၏အကြံအစည်အပေါ်၌ စိတ်ပျက်စေနိုင်သည်ကို သင်သတိပြုပါ။

## #၃ တောင်းခံပါ

သင်သည် လက်လွှတ်ဆုံးရှုံးသောမျှော်လင့်ချက်ကို ပြန်လည်ရယူဖို့ရန် ကိုယ်တော့်ထံ၌ တောင်းခံပါ။ ထိုသို့ပြုခြင်းသည် သင်၏အလုပ်ကြိုးစားမှုအပေါ် သင့်ခင်ပွန်း၏ကျေးဇူးသိခြင်းကို ဖော်ပြခြင်းဖြစ်သည်။ သို့မဟုတ် ၎င်းသည် ချစ်ခြင်းမေတ္တာနှင့်ကရုဏာတရား၌ သင့်ခင်ပွန်းသည် တကိုယ်ကောင်းဆန်သောအသက်တာဖြင့် အသက်ရှင်နေနိုင်ခြင်းလည်းဖြစ်နိုင်သည်။ ၎င်းသည် လိင်ပိုင်းဆိုင်ရာရင်းနှီးမှု လုပ်ဆောင်ဖို့လည်းဖြစ်နိုင်သည်။

# ၄ တွက်ဆပါ

သင်၏ဆုတောင်းခြင်းသည် ကိုယ်တော်သတ်မှတ်သည့်အချိန်၌ အဖြေရရှိဖို့ ဘုရားသခင်အား အခွင့်အခါပေးပါ။ ထိုသို့ပြုခြင်းအားဖြင့် ကိုယ်တော်အား သင်ပြောပြလိုသောအရာများနှင့်ပြုစေလိုသောအရာများကို ကြားလျှောက်၍ အဖြေကိုစောင့်ဆိုင်းခြင်းဖြစ်သည်။ အမျိုးသမီးတို့သည် မိမိတို့၏လိုအင်ဆန္ဒရရှိဖို့ နားပူနားဆာမလုပ်သင့်ပေ။ ယောက်ျားတို့သည်လည်း သူတို့လိုရာဘက်သို့မိမိတို့၏ဇနီးများကို အတင်းဆွဲခေါ်ခြင်းမပြုသင့်ပေ။

# ၅ မျှဝေပါ

သင့်ခင်ပွန်းအား သင်၏ကျိုးကြောင်းကို မျှဝေလိုခြင်းသည် သဘောဝကျပေသည်။ သင့်ခင်ပွန်းက ကြားလို၍ ၎င်းကိုမေးမြန်းလျှင် လွတ်လွတ်လပ်လပ်မျှဝေပေးရမည်။ အကယ်၍ ၎င်းကိုမမေးမြန်းပါက သင်နှင့်ဘုရားသခင်စပ်ကြား၌သာသိမ်းထားပါ။ ဘုရားသခင်နှင့်သင်သည် မျှော်လင့်ချက်ဖြင့်အတူတကွလုပ်ဆောင်နေသည်ကိုသတိပြုပါ။ ထိုအရာများအတွက် နေ့စဉ်ဘုရားသခင်၏မျက်နှာကိုရှာ၍ ထိုအမှုအပေါ် ကိုယ်တော်မည်သို့ပြီးဆုံးစေမည်ကို စောင့်ကြည့်ရမည်။

# အံ့သြဖွယ်ရာများကို မျှော်လင့်ခြင်း

ဘုရားသခင်သည် အံ့သြဖွယ်ဘုရားသခင်ဖြစ်တော်မူ၏။ ဘုရားသခင်သည် အဆိုးဆုံးအနေအထား၌ပင် သာယာလှပ၍ နှစ်သက်ပျော်ရွှင်ဖွယ်အိမ်ထောင်ကိုတည်ဆောက်နိုင်သည်။ မျှော်လင့်ချက်သည် ယုံကြည်ခြင်း၏မျိုးစေ့ဖြစ်၏။ ကျွန်ုပ်တို့သည် ကောင်းမွန်သောအရာနှင့်နှစ်သက်ဖွယ်ရာများဖြစ်မြောက်ဖို့ရန် ဘုရားသခင်၌ ကိုးစားခြင်းကို ဖော်ပြနေခြင်းဖြစ်သည်။ သင့်မျှော်လင့်ချက်ကိုဆုပ်ကိုင်ထားပါ။ တည်ဆောက်နေဆဲ သင့်အိမ်ထောင်ကိုဘဝတလျှောက်လုံးအတွက် စဉ်းစားပါ။ ကျွန်ုပ်တို့သည် အဆုံးစွန်ပန်းတိုင်ကိုသာလျှင် မြတ်နိုးခြင်းမပြုဘဲ ဘုရားသခင်နှင့်ကျွန်ုပ်တို့ခင်ပွန်းများထံ တိုးဝင်ခြင်းဖြစ်စဉ်ကိုပါမြတ်နိုးဖို့ လိုအပ်သည်။ ဘုရားသခင်နှင့်သူ၏ကတိတော်များ၌ ဆုပ်ကိုင်ထားသည့်အလျောက် အနှောင့်အယှက်အချို့အား အောင်မြင်ကျော်လွှားရသောအခွင့်ကို ကျွန်ုပ်တို့အား ပေးတော်မူ၏။

ကျွန်ုပ်တို့မျှော်လင့်ချက်သည် မိမိတို့ယုံကြည်သောအရာဖြစ်သင့်၏။ အာဗြဟကဲ့သို့ဖြစ်သင့်၏။ ဘုရားသခင်သည် သူ့ကိုသားပေးရန် ကတိပြုခဲ့သည်။ သို့သော် အသက် ၉၀ ပြည့်သည်အထိ ထိုသားမပေါ်သေးပေ။ အာဗြဟသည် သူ့ဇနီးကို သူတစ်ပါးလက်ထဲသို့နှစ်ကြိမ်အပ်နှင်းခဲ့၏။ ဘုရားသခင်သည် သူ့ကတိကိုသူသိတော်မူ၏။ ကတိတော်သည် ရှင်သန်နေသေးသော်

လည်း အာဗြံဟာအသက်တာ၌ ပြီးပြည့်စုံခြင်းမရှိမီ သူ၌ တစ်စုံတစ်ရာကို ပြုပြင်ပြောင်းလဲဖို့ လိုအပ်ပါသည်။ ဘုရားသခင်သည် သူ့သားအဖို့ မကောင်းသောပုံသက်သေကို အလိုမရှိပေ။ အကယ်၍ အာဗြံဟာသည် ဆောလျှင်စွာပြောင်းလဲခဲ့ပါက အချိန်အခါ ရှည်လျားမည်မဟုတ်ဟု ထင်စရာရှိ၏။ သူလည်း အစကတည်းက မိမိ၏အပြစ်နှင့် ကလေးမရဘဲနေမည်ကိုမမြင်ခဲ့ပေ။ သူပြောင်းလဲဖို့ရန် အချိန်များစွာလိုအပ်၍ ဘုရားသခင်သည်လည်း ၎င်းကို သူ့အား ပေးအပ်ခဲ့၏။

## တစ်စုံတစ်ဦး၏မျှော်လင့်ချက်အပေါ် ဆုပ်ကိုင်ထားခြင်း

အာဗြံဟာအကြောင်းနှင့်ပတ်သက်၍ ကောင်းမွန်သောအရာဟူမူကား ဘုရားသခင်သည် မိမိ၏ကတိတော်ကို စောင့်ထိန်းမည်ဟူ၍ ကိုယ်တော်၌ ကိုးစားခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည်လည်း မိမိ၏ကတိတော်ကို အချိန်မီ ပြည့်စုံစေခဲ့သည်။ သူ၏မျှော်လင့်ချက်သည် ဣဇာက်နှင့်သူ၏သားမြေးများ ဖွားမြင်ခြင်းအားဖြင့် ဆုလာဘ်များစွာပေးခြင်းကိုခံရလေ၏။ ဣဇာက်၏သားစဉ်မြေးဆက်တို့သည် ယနေ့အစ္စရေးအမျိုး၌ တွေ့ရှိနေသေး၏။

အဘယ့်ကြောင့် ကျွန်ုပ်တို့အိမ်ထောင်သည် အလျင်အမြန်မတိုးတက်ရသည်ကို အမြဲနားမလည်နိုင်ကြပေ။ ထိုအချိန်၌ မိမိတို့၏ခင်ပွန်းများကို ချက်ချင်းအပြစ်မတင်သင့်ပေ။ ကျွန်ုပ်တို့အိမ်ထောင်နှင့်အသက်တာများ၌ ပိုမိုမြင့်မားသောအဆင့်သို့ရောက်ရှိစေရန် မိမိတို့၏မျှော်လင့်ချက်သည် ဘုရားသခင်ထံသို့စိတ်နှလုံးကို ဖွင့်ဟစေတတ်သည်။ သမ္မာကျမ်းစာထဲ၌ မျှော်လင့်ချက်နှင့်ဆိုင်သောအကောင်းဆုံးကျမ်းပိုဒ်ကား ရောမဩဝါဒစာ ၄:၁၈-၂၁ ဖြစ်ပါသည်။ ထိုကျမ်းပိုဒ်က အာဗြံဟာ၏ကြံ့ကြံ့ခံသောမျှော်လင့်ချက်ကို ဖော်ပြထားသည်။

*"သင်၏အမျိုးအနွယ်သည် ထိုသို့ဖြစ်လိမ့်မည်ဟူသော ဗျာဒိတ်တော်အတိုင်း မိမိသည် လူမျိုးအများတို့၏အဘဖြစ်မည်ဟု မျှော်လင့်စရာအကြောင်းမရှိဘဲလျက် ယုံကြည်၍ မျှော်လင့်လေ၏။ ယုံကြည်အားကြီးသည်ဖြစ်၍ မိမိအသက်သည် အနှစ်တစ်ရာလောက်ရှိသဖြင့် မိမိကိုယ်သည် အသေကဲ့သို့ရှိကြောင်းကိုလည်းကောင်း၊ မိမိခင်ပွန်းစာရာ၏ဝမ်းသည် သေကြောင်းကိုလည်းကောင်း မအောက်မေ့။ ကတိထားတော်မူသူသည် ကတိတော်အတိုင်း တတ်နိုင်တော်မူသည်ကို စိတ်စွဲလမ်းလေ၏။"*

ဤဖြစ်စဉ်တစ်ခုလုံး၏အဆုံးပိုင်းတွင် ကျွန်ုပ်တို့၏အိမ်ထောင်ရေး တိုးတက်ရန် ဘုရားသခင်အလိုတော်ရှိခြင်း ပင်ဖြစ်သည်။ ကိုယ်တော်သည် ပြုပြင်ပြောင်းလဲခြင်းကိုပြီးဆုံးစေသည့်အတိုင်း သူကိုယ်တိုင် ကျွန်ုပ်တို့နှင့်အတူလုပ်ရှားတော်မူ၏။ ဘုရားသခင်ပေးသနားတော်မူသည့် ကျွန်ုပ်တို့၏ဝင်ငွေများကို လောင်းကစားနှင့် မူးယစ်ဆေးဝါးသောက်သုံးခြင်းတို့၌ အသုံးပြုခြင်းသည် အလွန်ပင်စိုးရိမ်ဖွယ်ကောင်းပေ၏။မိမိတို့ကိုယ်ကို ဖျက်ဆီးနေသည်သာမကဘဲ ဘုရားသခင်၏ဘဏ္ဍာငွေကို အချည်းနှီးဖြုန်းတီးနေခြင်းဖြစ်သည်။




ယောက်ျားသည် မိမိ၏ဇနီးအပေါ်၌ ဘုရားသခင်မည်ကဲ့သို့လုပ်ဆောင်ခဲ့သည်များကိုမမေ့လျော့သင့်ပေ။ ဇနီးဖြစ်သူသည် သူ့ယောက်ျားနှင့် မိသားစုအဖို့ သစ္စာရှိစွာချက်ပြုတ်ပေးခဲ့ သည်။ ယနေ့မှာမူ အိမ်ရှင်မများအပေါ် ပတ်ဝန်းကျင်၏လွှမ်းမိုးမှုသည် ပိုမိုမြင့်မားလာ၍ ယောက်ျား၏စီမံမှုအောက်မှ လွတ်လပ်စွာနေလာကြ၏။

ကောင်းမွန်သောအိမ်ထောင်၏ကြီးထွားခြင်းသည် အဆုံးမရှိသော ဖြစ်စဉ်ဖြစ်၏။ ဖြစ်စဉ်တိုင်း၌ ခက်ခဲမှုများပုန်းအောင်း၍ ဝိုင်းရံသော်လည်း စိတ်လှုပ်ရှားစရာကောင်းပြီး ပျော်ရွှင်ဖွယ်ကောင်းပေသည်။ဘုရားသခင်သည် မိတ်ဆွေအသက်တာအားဖြင့် ကြီးမြတ်သောအမှုများကိုပြုလုပ်ဖို့ အလိုရှိတော်မူသည်။ သင့်စိတ်နှလုံးတံခါးကိုဖွင့်၍ သင့်အိမ်ထောင်၌ ကိုယ်တော်ကို ကြိုဆိုပါ။ မျှော်လင့်ချက်သည် ကျွန်ုပ်တို့အသက်တာနှင့်အိမ်ထောင်များ၌ ကိုယ်တော်၏ မေတ္တာနှင့်ဆိုင်သော အံ့ဩဖွယ်လုပ်ဆောင်ချက်နှင့်တန်ခိုးတော်များဘက်သို့ပို့ဆောင်သောလမ်းမှန်အပေါ်၌ ချထားခြင်းဖြစ်သည်။

## အခန်း # ၁
## လေ့လာရန် မေးခွန်းများ

၁။ ကောင်းမွန်သောအိမ်ထောင်၏အဓိကအချက်အလက်အချို့ကို ဖော်ပြပါ။
၂။ မိမိအိမ်ထောင်ပြုခြင်းအပေါ်၌ မျှော်လင့်ချက်ကို အရှုံးပေးသောခင်ပွန်း၏ အမှတ်အသားအချို့ကား အဘယ်နည်း။
၃။ လောကအမြင်အိမ်ထောင်ပြုခြင်းနှင့်ကျမ်းစာအမြင် အိမ်ထောင်ပြုခြင်းတို့ စပ်ကြား၌ အဓိကကျသောခြားနားချက်များကား အဘယ်နည်း။
၄။ ကျမ်းစာအမြင်အိမ်ထောင်ပြုခြင်းအတွက် ကျမ်းပိုဒ်တစ်ပိုဒ်ကိုထောက်ပြ ၍ ရှင်းပြပါ။
၅။ ခရစ်ယာန်မဟုတ်သောသူများအတွက် သူတို့၏အိမ်ထောင်ရေးဆက်ဆံမှု နှင့်ပတ်သက်၍ ဘုရားသခင်ထံတာဝန်ခံမည်လော။ အဘယ်ကြောင့်နည်း။
၆။ ကောင်းမွန်သောအိမ်ထောင်တစ်ရပ်အပေါ် အရှုံးပေးရာသို့ပို့ဆောင်သော အတွေးသည် အဘယ့်ကြောင့်အမြဲစုံစမ်းနှောင့်ယှက်ခြင်းကိုဖွဲ့စေသနည်း။
၇။ သင့်အိမ်ထောင်ရေးအတွက် သင်၌ရှိသောသင့်မျှော်လင့်ခြင်း အချက်အလက်ကို အနည်းဆုံးသုံးချက်/လေးချက်ဖြင့် ဖော်ပြပါ ။
၈။ ကျွန်ုပ်တို့အိမ်ထောင်ရေး၌ ကျေနပ်မှုမရှိသောအပိုင်းများကို မည်ကဲ့သို့ရှာဖွေတွေ့ရှိနိုင်မည်နည်း။
၉။ အိမ်ထောင်ပြုခြင်းသည် လူပြုသောအမှုမဟုတ်ဘဲ၊ ဘုရားသခင်ပြုသောအမှုဖြစ်ကြောင်းကို မည်ကဲ့သို့သိရှိမည်နည်း။
၁၀။ အဘယ့်ကြောင့် လူမိန်းမတို့သည် နာမည်မှည့်ခြင်းခံကြရသနည်း။
၁၁။ ကမ္ဘာဦးကျမ်း ၂ ၌ဘုရားသခင်က တလုံးတဝတည်းဟု ပြောဆိုခြင်းသည် လိင်ပိုင်းဆိုင်ရာပေါင်းစည်းခြင်းလော၊ အခြားလော။




## #၂ အကြွင်းမဲ့ချစ်ခြင်းမေတ္တာ - အသက်ရှင်ခြင်းနိယာမ ၁

ကောင်းသောအဆောက်အအုံသည် ကောင်းသောစီမံချက်ဖြင့်ဖြစ်ပေါ်လာရသည်။ ထို့အတူ ကောင်းမွန်သောအိမ်ထောင်သည် ဘုရားသခင်၏ ဘုန်းအသရေစီမံချက်နှင့်အညီတည်ဆောက်ခြင်းဖြစ်သည်။ ဆိုးရွားသောအိမ်ထောင်သည် တည်ဆောက်သောသူ၏မပြည့်စုံခြင်းကြောင့်မဟုတ်ဘဲ တည်ဆောက်သောသူက ဘုရားသခင်၏အကြံအစည်နှင့်အညီ မတည်ဆောက်သောကြောင့်ဖြစ်သည်။

သတိပြုရမည့်စိုးရိမ်ဖွယ်ရာ အဓိကကျသောအရာနှစ်စုရှိသည်။ ပထမမှာ သမ္မာတရားနှင့်အညီ မတည်ဆောက်သောသူများဖြစ်သည်။ သမ္မာတရားကိုသိရှိသည်ဟု ဆိုကြသော်လည်း ထိုတရား၏သွန်သင်ခြင်းအတိုင်းမပြုကြပေ။ ထိုသူတို့အဖို့ ယေရှုက "*အကြင်သူသည် ငါဟောပြောသော ဤစကားကိုကြား၍နားမထောင်ပဲနေ၏။ ထိုသူသည် သဲပေါ်မှာ အိမ်ဆောက်သောလူမိုက်နှင့်တူကြောင်းကို ငါပုံပြမည်။*"

များစွာသောခင်ပွန်းတို့က သူတို့မပြောင်းလဲနိုင်ကြောင်း ပြောဆိုကြသည်ကို ကျွန်ုပ်ကြားဖူးသည်။ "ဒါငါ့ဖြစ်ခြင်းပါ။" ဆိုလိုသည်မှာ "ငါမပြောင်းလဲနိုင်"ဟု ဆိုလိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အမှန်ကိုသိကြသော်လည်း အကြောင်းပြခြင်းသာဖြစ်သည်။ ဆိုးသောအိမ်ထောင်များအနေဖြင့် ပိုမိုဆိုးရွားလာရခြင်း၏အဓိကကြောင်းရင်းမှာ အများသောသူတို့က မိမိတို့၏လုပ်ဆောင်ချက်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း ဖြစ်သည်ဟု သိမ်းသွင်းစည်းရုံးကြသောကြောင့်ဖြစ်သည်။ ဤသို့သောပြဿနာများကို အောင်မြင်ကျော်လွှားရန် ပိုမိုခက်ခဲပါသည်။ အကြောင်းမှာ ထောင်လွှားခြင်းနှင့် ရောနှောနေသောကြောင့်ဖြစ်သည်။ ထိုသူတို့သည် အကြံပေးခြင်းကို အလိုမရှိတတ်ကြပေ။

အခြားသောသူများ အယူအဆလွဲမှားနေသောအခါ အချို့သောသူများမှာမူ ပြောင်းလဲဖို့ရန် အလိုမရှိကြပေ။ စာရေးဆရာသည် ပုံဖော်ခြင်းကို

အပြစ်မပြောဘဲ စီမံချက်ကိုလျစ်လျူရှုလျက် တည်ဆောက်သူများကို အပြစ်ပြောဆိုခြင်းဖြစ်သည်။

ဤအချက်များကြောင့် ကျမ်းစာ၌ ဖော်ပြသည့်အတိုင်း အိမ်ထောင်ရေးအတွက် ဘုရားသခင်၏စီမံချက်၌ အာရုံစူးစိုက်ရန် အခန်းများစွာကို သင်ယူစေလိုခြင်းဖြစ်သည်။ သမ္မာတရားအတိုင်း အိမ်ထောင်ပြုခြင်းသည် အလွန်တန်ခိုးပါသည်။ အဘယ့်ကြောင့်ဟူသည်ကို သင်အံ့အားသင့်နိုင်သည်။ ၎င်း၏အကြောင်းရင်းကို ရှင်းပြပါမည်။

## က။ အိမ်ထောင်ပြုခြင်းအတွက် ဘုရားသခင်၏ရည်ရွယ်ချက်

ဘုရားသခင်သည် အိမ်ထောင်ပြုခြင်းကို အသင်းအဖွဲ့ဖွဲ့စည်းဖို့၊ ပျော်ရွှင်သောဇနီးမောင်နှံ ထူထောင်ဖို့နှင့်ကလေးရရှိဖို့တို့အတွက်သာ မဟုတ်ဘဲ ဘုရားသခင်၏သမ္မာတရားဘုန်းကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်ဖို့အတွက်ပါဖြစ်သည်။ ဘုရားသခင်သည် လူသားအဖို့ အံ့အားသင့်စရာအကောင်းဆုံးကိုပြုလိုသောအခါ အကောင်းဆုံးပုံစံကို ထုတ်ယူပြ၏။ ၎င်းကို အဘယ်မှာတွေ့မည်နည်း။ ၎င်းကို ဘုရားသခင်၏ဂုဏ်တော်၌ တွေ့ရှိနိုင်၏။ ကျွန်ုပ်တို့သည် အိမ်ထောင်ပြုခြင်းပုံစံကို အဖက်ပြုသောအခါ ဘုရားသခင်၏နှလုံးသားနှင့် အဖက်ပြုနေခြင်းဖြစ်သည်။ ပေါလုက ဤနက်နဲသောအကြောင်းအရာကိုပြောဆိုသည်ကား၊


*"ထိုအကြောင်းကြောင့် ယောက်ျားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့် ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်း ဖြစ်ရလိမ့်မည်။ ဤအရာသည် အလွန်နက်နဲသောအရာဖြစ်ပေ၏။ ထိုသို့ငါဆိုသော် ခရစ်တော်နှင့်အသင်းတော်ကို ငါရည်မှတ်၍ဆိုသတည်း" (ဧ ၅:၃၁-၃၂)။*

အိမ်ထောင်ပြုခြင်းသည် နက်နဲသောအရာကဲ့သို့ဖော်ပြ၏။ အိမ်ထောင်ပြုခြင်းသည် မြေကြီးနှင့်ဆိုင်သော်လည်း ဘုရားသခင်၏ကြီးမြတ်သောချစ်ခြင်းမေတ္တာနှင့်ဆိုင်သည့် သူ၏ရွေးနုတ်ခြင်းအကြံအစည်ကို ပုံဆောင်ထားခြင်းဖြစ်သည်။ မြေကြီးနှင့်ဆိုင်သောဆက်နွယ်မှုကို ပိုမိုနားလည်ထားခြင်းအားဖြင့် ဘုရားသခင်သည် ဝိညာဉ်ရေးရာနှင့်ဆိုင်သောနက်နဲသောသမ္မာတရားတို့ကို ကျွန်ုပ်တို့အား နားလည်ခွင့်ပေးသည်။ ဤကား အသွင်တူသောထိမ်းမြားခြင်းသုံးမျိုးဖြစ်သည်။

| **အသွင်တူသော ထိမ်းမြားခြင်းသုံးမျိုး** |
| --- |
| **(၁) ခရစ်တော်သည် ကောင်းကင်ဘုံရှင်ခမည်းတော်ကို စွန့်ခွာ၏။**<br>*ယောက်ျားသည် ကိုယ်မိဘကိုစွန့်၏။* |
| **(၂) ခရစ်တော်သည် သတို့သမီးကို မိမိအသက်ဖြင့် ကယ်တင်၏။**<br>*ယောကျာ်းသည် သတို့သမီးကို အသွင်းပစ္စည်းဖြင့် လုံခြုံစေ၏။* |

**(၃) အသင်းတော်သည်(သူ့လူတို့သည်) ခရစ်တော်ကိုပိုင်ကြ၏။**
*မိန်းမကို ယောကျာ်းပိုင်၏။*

ဘုရားသခင်သည် မြေကြီးပေါ်၌ သူ၏ချစ်ခြင်းမေတ္တာကိုအပြည့်အဝဖော်ပြရန် အိမ်ထောင်ပြုခြင်းကို ဖန်တီးတော်မူ၏။ ထိုနက်နဲသောအရာကိုပေါလုက ဧဖက်သြဝါဒစာ၌ ထည့်သွင်းခြင်းလည်းဖြစ်၏။ ကျွန်ုပ်တို့စူးစားလေ့လာရန်သုံးခုရှိ၏။ ဦးစွာရည်ရွယ်ချက်ကို ခြုံငုံလေ့လာပြီးမှ ကောင်းမွန်သောအိမ်ထောင်ပြုခြင်း၏ပထမအပိုင်းကို ဖော်ပြမည်ဖြစ်သည်။ ၎င်းသည် သန့်ရှင်းမြင့်မြတ်သောသမ္မာတရားဖြစ်ကြောင်းကို သတိပြုရမည်။ သင်သည် ဘုရားသခင်နှင့်ဆိုင်သောအရာများကို တွေ့မြင်သည့်အလျောက် တခဏတွင် တုန်လှုပ်မိနိုင်သည်။ သို့သော် မကြောက်ပါနှင့်။ ဘုရားသခင်၏သမ္မာတရားသည် သင့်စိတ်နှလုံးကိုစကားပြောပါစေ။ ဘုရားသခင်သည် ကျွန်ုပ်တို့အဖို့ လောကနှင့်ဆိုင်သောအိမ်ထောင်ပြုခြင်းကို ပိုမိုကောင်းမွန်စေရန်အတွက် ပိုမိုကြီးမြတ်သောကောင်းကင်အရာကို ဖွင့်ပြလိုသည်။ ကျွန်ုပ်တို့၏အိမ်ထောင်ရေးပိုမိုကောင်းမွန်စေခြင်းငှာ သမ္မာတရားကို လေ့လာလိုသောသူများသာမကပဲ မိမိတို့အသက်တာများ၌ လက်တွေ့အသုံးချသူများဖြစ်ရမည်။




ကောင်းမွန်သောအိမ်ထောင်ရေးကို ဖြစ်စေသည့်အသက်ရှင်ခြင်း၏အခြေခံသဘောတရားသုံးမျိုးတို့မှာ (၁) အကြွင်းမဲ့ချစ်ခြင်းမေတ္တာ(၂) အတွင်းပိုင်းပြည့်စုံခြင်း(၃) အစဉ်အတူတကွနေခြင်းတို့ဖြစ်၏။ အသီးသီးခြားနားသော်လည်းတစ်ခုနှင့်တစ်ခုအပြည့်အဝပေါင်းစပ်ခြင်းရှိ၏။ဤသမ္မာတရားထဲသို့လေးလေးနက်နက်ကြည့်ရှုသုံးသပ်လေ ကျွန်ုပ်တို့၏အိမ်ထောင်ရေး၌ ဘုရားသခင်၏ကျေးဇူးကရုဏာလုပ်ဆောင်ချက်များကို ပို၍တွေ့မြင်လေဖြစ်၏။ ယခုအကြွင်း မဲ့ချစ်ခြင်းမေတ္တာအကြောင်းကို ကြည့်ကြပါစို့။

### ၁။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ဖော်ပြချက်

ယောကျာ်းသည် ဘုရားသခင်၏မေတ္တာအားဖြင့် သူ့ဇနီးကိုချစ်ရမည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၌ ထူးခြားသောလက္ခဏာ အချို့ပါရှိသည်။

ကောရိပထမစောင် ၁၃:၄-၇ နှင့်အခြားဓမ္မသစ်ကျမ်းများ၌ တမန်တော်ပေါလုက ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုဂရိဘာသာစကား "အာဂပေ" ဟူသောစကားလုံးကိုအသုံးပြုခဲ့သည်။

*မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ။ မလျောက်ပတ်စွာမကျင့်တတ်၊ ကိုယ်အကျိုးကိုမရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟုမထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။ ခပ်သိမ်းသောအရာကိုဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကိုယုံတတ်၏။ ခပ်သိမ်းသောအရာကို မျှော်လင့်တတ်၏။ ခပ်သိမ်းသောအရာကိုသည်းခံတတ်၏။*

ကျွန်ုပ်တို့အသက်ရှင်ခြင်းနှင့်ကြံစည်မှုများ၌ ဘုရားသခင်၏ပုံသွင်းခြင်းမရှိလျှင် ကျွန်ုပ်တို့၏ဇနီးများကို စဉ်ဆက်မပြတ်ချစ်နိုင်ရန် မလွယ်ကူလှပေ။ ကျွန်ုပ်တို့၏မာန၊ လိုအင်ဆန္ဒနှင့်အပေါင်းအသင်းတို့၏တွန်းအားသည် အခြားကြင်နာရာဘက်သို့ပြုမူလှုပ်ရှားရန် ဆွဲဆောင်နိုင်၏။ သို့သော် ထိုသို့သောအရာတို့သည် အမြစ်မခိုင်ခံ့၍ ဘဝရပ်တည်ရန် ကြာရှည်မခံနိုင်ပေ။

ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ခြွင်းချက်မရှိသောမေတ္တာဖြစ်၏။ တနည်းဆိုရလျှင် အခြေအနေပေါ်မူတည်သောမေတ္တာမဟုတ်ပေ။ ဤမေတ္တာသည် စိတ်နှလုံးထဲကထွက်လာသောမေတ္တာဖြစ်၏။ ဘုရားသခင်၏ဖြစ်ခြင်းပင်လျှင် ချစ်ခြင်းမေတ္တာဖြစ်သည်ဟု ကျမ်းစာဖော်ပြသည်။ "*ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။*" ၎င်းသည် လောကီလူသားများထံသို့ သနားခြင်းကရုဏာဖြင့် ချဲ့ထွင်လာရန် အကြံအစည်ရှိသည်။ ၎င်းကို သူ၏ရွေးနှုတ်ခြင်း အကြံအစည်အားဖြင့် သိရှိနိုင်သည်။




ဘုရားသခင်သည် ယေရှုခရစ်တော်ကို ဤလောက သို့စေလွှတ်ခြင်းအားဖြင့် သူ၏မေတ္တာနှင့်သနားခြင်းကရုဏာကို ချဲ့ထွင်လာ၏။ အမှန်မှာ ကျွန်ုပ်တို့အပြစ်သားများထံသို့ ကိုယ်တော်၏မေတ္တာကို တခဏမျှသာချဲ့ထွင်လာရန် မထိုက်တန်ကြပေ။ သို့သော် ဘုရားသခင်၏မေတ္တာသည် ကျွန်ုပ်တို့၏အပြစ်များကိုဖယ်ရှားပစ်ရန် သားတော်ကို ကားတိုင်၌ အသေခံရန် စေလွှတ်ခဲ့၏။

*ဘုရားသခင်သည် ငါတို့ကို ဦးစွာချစ်တော်မူသောကြောင့် ငါတို့သည် သူ့ကိုချစ်ကြ၏ (၁ယော၊ ၄:၁၉)*

ထို့အတူ ခရစ်တော်သည်လည်း သူ၏မေတ္တာနှင့်ထိုက်တန်ခြင်းမရှိသောတစ်စုံတစ်ဦးကို အသက်ပေး၍ အကြွင်းမဲ့ချစ်တော်မူ၏။ ခရစ်တော်၏ဆက်ကပ်ခြင်းသည် ဘုရားသခင်၏လူများက သူ့အပေါ် ပြန်လည်ပြုမူသော

တစ်ခုခုကြောင့်မဟုတ်ဘဲ ခမည်းတော်ဘုရားသခင်ကို နာခံသောအားဖြင့် အသင်းတော်သို့သူ၏မေတ္တာကို ချဲ့ထွင်ရန် သူ၏ဆုံးဖြတ်ချက်ပင်ဖြစ်သည်။ သို့ဖြစ်၍ ဤ"အာဂပေမေတ္တာ"ကို ကျွန်ုပ်တို့မည်ကဲ့သို့ဖော်ပြမည်နည်း။

## ၁။ အကြွင်းမဲ့ချစ်ခြင်းမေတ္တာ

ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် အခြေအနေပေါ်မူတည်သော ချစ်ခြင်းမေတ္တာမဟုတ်ကြောင်းကို စကားလုံး၏ဆိုလိုရင်းက အပြည့်အဝဖော်ပြထားသည်။ သူ၏မေတ္တာသည် ကျွန်ုပ်တို့ကောင်းမှုတစ်ခုခု၌ မူတည်ခြင်းမဟုတ်ပေ။ မေတ္တာသည် ကျေးဇူးတော်၌ မူတည်ပါသည်။ စင်စစ်ကျွန်ုပ်တို့သည် ကိုယ်တော့်ကို သင့်တင့်လျောက်ပတ်စွာ မတုံ့ပြန်နိုင်ကြပေ။ လူသားများသည် ဘုရားသခင်၏မေတ္တာအပေါ် မိမိတို့ခံစားသည့်အတိုင်း တုံ့ပြန်တတ်ကြသည်။ ထိုဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့ယောက်ျားတို့သည် များသောအားဖြင့် စိတ်ခံစားချက် သို့မဟုတ်လျှင် အခြေအနေအရမဟုတ်ဘဲ ဥပဒေသအရ အသက်ရှင်ရန် လိုအပ်သည်။

အကြွင်းမဲ့ချစ်ခြင်းမေတ္တာသည် ရေရှည်တည်တံ့သောအိမ်ထောင်ပြုခြင်းကိုဖြစ်ပေါ်စေသည်။ အကြောင်းမှာ ယောက်ျားအပေါ် ဇနီးသည်က မည်သို့တုံ့ပြန်ခြင်း၌ မမူတည်သောကြောင့်ဖြစ်သည်။ ဇနီးသည်များ ဒေါပွချိန်နှင့်အကျပ်အတည်းဖြစ်ချိန်တွင် ယောက်ျားတို့အပေါ် ဘုရားသခင်က လစဉ်စမ်းသပ်မှုပေးတွေ့ခြင်းဖြစ်နိုင်သည်။ ဤသို့သောအချိန်များ၌ ကျွန်ုပ်တို့၏ကရုဏာတရားသည် ခြားနားပါသလော။

## ၂။ သနားကြင်နာသောချစ်ခြင်းမေတ္တာ

သနားကြင်နာသောချစ်ခြင်းမေတ္တာဆိုသည်မှာ ခရစ်တော်အားဖြင့် ဘုရားသခင်၏နူးညံ့ခြင်း၊ ကရုဏာ၊ ကျေးဇူးတရား၊ ကြင်နာခြင်းနှင့်ကောင်းမြတ်ခြင်းတို့အား ကျွန်ုပ်တို့ထံသို့ဖော်ပြခြင်းကိုခေါ်သည်။ ဘုရားသခင်သည် ကယ်တင်ရှင်အား မဟာမေတ္တာ၏လုပ်ဆောင်ချက်ကို တာဝန်အရပြုစေခြင်းငှာစေလွှတ်ခြင်းမဟုတ်ပေ။ ကျွန်ုပ်တို့တွေ့ရှိသည်မှာ ကယ်တင်ရှင်သည် သိမ်မွေ့၍ ကျွန်ုပ်တို့လိုအပ်ချက်များကို သိမြင်သောသူဖြစ်သည်။ ယောက်ျားတို့သည်လည်း မိမိတို့၏ဇနီးသည်များထံသို့မိမိတို့၏သနားကြင်နာသောအပြုအမူများ၊ တွေးတောကြံစည်မှုများ၊ စကားလုံးများနှင့်စိတ်သဘောထားများအားဖြင့် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို ချဲ့ထွင်ရန် ဖြစ်ပေသည်။

ယောက်ျားတို့သည် မိမိတို့၏ဇနီးသည်များအပေါ် အစားအစာနှင့် အကာအကွယ်ပေးခြင်းထက်ပိုရမည်။ ၎င်းတို့သည် ကောင်းသောအရာများဖြစ်၏။ ယောက်ျားသည် မိသားစုအတွက် အသက်ပင်ပေးဆပ်သော်လည်း

မိမိ၏ဇနီးနှင့်ဆက်နွယ်ခြင်းကိုမူ ဘုရားသခင်၏မေတ္တာကသာ ပုံသွင်းရမည်။ ကြင်နာသောစကားလုံးများနှင့် စကားပြောရမည်။ နူးညံ့သိမ်မွေ့သောထိတွေ့ခြင်းပြုရမည်။ အပြစ်နှင့်စပ်လျဉ်း၍ အထင်လွဲခြင်း၊ မှားယွင်းစွာစွပ်စွဲခြင်းများပြုသောအချိန်၌ပင် စိတ်ရှည်သည်းခံရမည်။ မိမိဇနီး၏လိုအပ်ချက်ကို ချက်ချင်းသိမြင်ခံစားတတ်ရမည်။ မိမိ၏ဇနီးကိုပို၍နားလည်လာရန် သူနှင့် စကားများများပြောရမည်။ ခရစ်တော်၏မေတ္တာသည် ခွာခြင်းမဟုတ်ဘဲ ပါဝင်ပတ်သက်ခြင်းဖြစ်သည်။

## ၃။ အပ်နှံသော ချစ်ခြင်းမေတ္တာ

ဘုရားသခင်၏မေတ္တာသည် ပေးဆပ်အပ်နှံသောမေတ္တာဖြစ်၏။ အပ်နှံသောမေတ္တာသည် စိန်ခေါ်ခြင်းနှင့်စိတ်ရှုပ်ထွေးခြင်းထဲမှ ကြင်နာသောလုပ်ဆောင်ချက်ကိုဦးစားပေးဖော်ပြ၏။ ၎င်းကို ယေရှုအသေမခံမီည၌ တွေ့ရှိနိုင်၏။ *"အိုအဗ၊ အလိုတော်ရှိလျှင် ဤခွက်ကို အကျွန်ုပ်မှလွှဲတော်မူပါ။ သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုတော်ရှိသည်အတိုင်း ဖြစ်ပါစေသောဟု ဆုတောင်းလေ၏"(လု၊၂၂:၄၂)။*

ယေရှုသည် ဘုရားသခင်၏ရည်ရွယ်ချက်ပြည့်စုံဖို့ရန် အခြားလမ်းစဉ်တစ်ခုခုရှိမည်လောဟု ဆုတောင်းခြင်းဖြစ်၏။ သူ၏အမြင့်ဆုံးဦးစားပေးမှုမှာ ကာယိကအောက်ဖြစ်ခြင်း၊ မနှစ်မြို့က်ခြင်း၊ အနေခက်ခြင်း၊ အရှက်ကွဲခြင်း၊ ဝေဒနာခံစားခြင်း၊ ငြင်းပယ်ခြင်း၊ ပျက်ရယ်ပြုခြင်း၊ မတရားစွပ်စွဲခြင်းနှင့်သေခြင်းတို့ကိုရှောင်ကြဉ်ခြင်းမဟုတ်ဘဲ အသင်းတော်တည်းဟူသော သူ၏အနာဂတ်သတို့သမီးအဖို့အလို့ငှာ မိမိအသက်ကို အပ်နှံခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ဆက်ကပ်အပ်နှံခြင်းသည် မိမိတို့၏ဇနီးသည်များအပေါ် မပြောင်းလဲသောအရာဖြစ်ရမည်။ အန္တရာယ်ရှိနေချိန်၌ပင် မိမိတို့၏ဇနီးသည်များအဖို့ ကျွန်ုပ်တို့အပေါ် ဘုရားသခင်ပြုခဲ့သည့်အတိုင်း တာဝန်ယူကာကွယ်ကြရမည်။ အာပြဟသည် ဆန့်ကျင်ဖက်ပြု၍ သူ့ဇနီးကို ရှင်ဘုရင်ထံပေးအပ်ခဲ့၏။ သူသည် အသတ်ခံရမည်ကိုကြောက်ရွံ့၍ ရပ်ရည်လှပသောမိန်းမကို လက်လွှတ်လိုက်ခြင်းဖြစ်သည်။ မိမိတို့၏ဇနီးသည်များအပေါ်၌ ကျွန်ုပ်တို့၏မွေ့လျော်ခြင်းသည် သူတို့၏လုပခြင်း သို့မဟုတ် ဆက်နွယ်မှုတို့၌ ကောင်းမွန်ခြင်းတို့ကြောင့်မဟုတ်ဘဲ သူတို့ကိုတာဝန်ယူကာကွယ်ရန် အပ်နှံထားခြင်းကြောင့်ဖြစ်ရမည်။ ထိုသို့ပြုခြင်းသည် ထိမ်းမြားခြင်းဆိုင်ရာသစ္စာဆိုခြင်းကို ခိုင်ခံ့စေသည်။ ယောက်ျားသည် ကိုယ့်ဇနီးအပေါ်၌ နာခြင်း၊ သာခြင်း၊ ဆင်းရဲခြင်းနှင့်ချမ်းသာခြင်းတို့တိုင်အောင် အပ်နှံခြင်းပြုပြီးဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေတစ်ဦး၏ဇနီးသည် ရောဂါတစ်ခုခုကြောင့် လူနာထိုင်ဘီးတပ်ကုလားထိုင်ဖြင့်နေ၏။အပတ်စဉ် သူ့အမျိုးသားက မိမိ၏ဇနီးကို ထိုဘီး

တပ်ကုလားထိုင်နှင့်တကွ အသင်းတော်သို့ခေါ်ဆောင်လာတတ်သည်။ ထိုသို့ ပြုလေ့ရှိသောကြောင့် သူ့မိတ်ဆွေများနှင့်မိတ်ဖွဲ့ရမည့်အချိန်ကောင်းများစွာကို လည်းရှုံးဆုံးခဲ့ရသည်။ သူသည် အငြိမ်းစားယူသည့်အထိ သူ့ဇနီးကို အနီးကပ် ကြည့်ရှုစောင့်ရှောက်သည်။ ဤကား ယောက်ျားက မိမိဇနီးအား ပေးအပ်ရ မည့်ဘုရားသခင်၏မေတ္တာဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ဇနီးသည်များအပေါ်၌ အပြည့်အဝအပ်နှံသောအခါ သူတို့သည်လည်း မိမိတို့၏အပ်နှံခြင်းကိုနားလည်လာကြသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် မေတ္တာအားဖြင့် အပ်နှံသောကြောင့်ဖြစ်၏။ ထိုသို့အပ်နှံထား သောမေတ္တာသည် ကျွန်ုပ်တို့၏ရေတိုရေရှည်ဦးစားပေးမှုကို ပေါ်လွင်စေခြင်း ပင်ဖြစ်သည်။

## အကျဉ်းချုပ်

ယောက်ျားတို့သည် အလိုအလျောက်အကြွင်းမဲ့ချစ်ခြင်းမေတ္တာ၊ သ နားကြင်နာသောမေတ္တာ၊ အပ်နှံသောမေတ္တာမရှိတတ်ကြပေ။ ၎င်းကို အသက် ရှင်တော်မူသောဘုရားသခင်ရှေ့တော်၌ ကျွန်ုပ်တို့အသက်တာလိုအပ်ချက်ကို ထုတ်ဖော်ခြင်းအားဖြင့်သာ လက်ခံရရှိနိုင်သည်။ အားနည်းသောကျွန်ုပ်တို့အ သက်တာမှတဆင့် မိမိတို့၏ဇနီးသည်များအသက်တာထဲသို့ ဘုရားသခင်၏ မေတ္တာစီးဆင်းမည့်အကြောင်း အသနားခံရမည်။ ၎င်းကို မိမိတို့ကိုယ်တိုင် မ လုပ်နိုင်ကြောင်းဝန်ခံကြရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ခွန်အားပေး နိုင်သည်။

ကျွန်တော့်ကိုခရစ်တော်ချစ်သကဲ့သို့ မိမိဇနီးကိုချစ်ဖို့ရန် မိမိ၏အပ် နှံခြင်း၌အာရုံစူးစိုက်သောအခါ ပိုမိုလွယ်ကူလာကြောင်း ကျွန်ုပ်ကိုယ်တိုင်တွေ့ ရှိလေသည်။ အခြားသောစုံစမ်းနှောင့်ယှက်ခြင်းများအပေါ်၌လည်း ပိုမိုအောင် မြင်လာသည်။အကြောင်းမှာ ကျွန်ုပ်၏ဇနီးသည်ကိုခွင့်လွှတ်ရမည်လော၊ ကူညီ ရမည်လောဟူသောအရာပေါ်၌ တွေဝေနေစရာမလိုတော့သောကြောင့်ဖြစ် သည်။ ကျွန်ုပ်တို့မကြာခဏ ရန်ဖြစ်ရခြင်းမှာ စိတ်နှလုံးအကြွင်းမဲ့အပ်နှံခြင်း မပြုကြသောကြောင့်ဖြစ်သည်။ သင်သည် ထိမ်းမြားခြင်းသစ္စာကို ကျိန်ဆိုခဲ့ သော်လည်း သင့်ဘဝ၏အဓိကဖြစ်သောသင့်ဇနီးအား ချစ်ဖို့ရန် အပ် နှံခြင်းကို အသစ်ပြင်ဆင်ရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် မိမိတို့၏ဇနီးများကို အကြွင်းမဲ့မေတ္တာဖြင့်ချစ်ရန် ခေါ်ခြင်းခံရသည်ကို ဖော်ထုတ်ပြသလေ ထိုမေတ္တာသည် ကျွန်ုပ်တို့ကို ပိုမိုရွှေ့ လျားစေလေဖြစ်၏။ ယေရှုက ကျွန်ုပ်တို့သည် မိမိတို့ဇာတိ၌သေသောသူအဖြစ် မှတ်ယူသောအခါ စတင်အသက်ရှင်လာသည်ဟု သွန်သင်ခဲ့၏။

ဘုရားသခင်သည် လင်ယောက်ျားအား သူ့ဇနီးအပေါ်၌ အကြွင်းမဲ့ချစ်ခြင်းမေတ္တာဖြင့် စတင်လုပ်ဆောင်ရန် ပုံသွင်းခဲ့၏။ ဖေက်သြဝါဒစာ ၅:၂၈ ၌ ဘုရားသခင်က ယောက်ျား၏ချစ်ခြင်းမေတ္တာသည် အပေးအယူမရှိသည့်စွန့်လွှတ်ခြင်းပမာဖော်ပြသည်။

*"ထိုနည်းတူ ယောက်ျားတို့သည် မိမိကိုယ်ကိုချစ်သကဲ့သို့မိမိခင်ပွန်းတို့ကိုချစ်ရကြမည်။ ခင်ပွန်းကိုချစ်သောသူသည် ကိုယ်ကိုချစ်သောသူဖြစ်၏။"*

## ဂ။ ချစ်ခြင်းမေတ္တာကို ရွေးချယ်ခြင်း

ချစ်ခြင်းမေတ္တာသည် အရေးကြီးသောရွေးချယ်မှုတစ်ခုဖြစ်သည်။ လူသားသည် ဘုရားသခင်ထံသို့ ယေရှုခရစ်တော်အားဖြင့် တုံ့ပြန်သင့်သောအရာနှစ်ခုရှိသည်။ ၎င်းတို့ကို လက်ခံ၍ရသလို ငြင်းပယ်လို့လည်းရသည်။ သူ့ကို ဘုရားသခင်၏မေတ္တာက လွှမ်းမိုးနိုင်သလို ရှောင်ရှားနိုင်ပါ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်၏မေတ္တာကို ပိုက်ထွေးထားလျှင် ထိုမေတ္တာကိုရရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏မေတ္တာကို ငြင်းပယ်ပါက မိမိတို့၏ဆန္ဒ သို့မဟုတ် ပတ်ဝန်းကျင်၏ပုံသွင်းခြင်းကိုခံရမည်ဖြစ်သည်။

## ဃ။ ချစ်ခြင်းမေတ္တာ အမျိုးအစားများ

ဂရိဘာသာစကား၌ ချစ်ခြင်းမေတ္တာစကားလုံး သုံးမျိုးရှိ၏။ "အာဂပေ"မေတ္တာသာလျှင် တုံ့ပြန်မှုမရှိလည်း ပေးဆပ်သောမေတ္တာဖြစ်၏။ ထိုမေတ္တာသည် အခြေအနေပေါ်မူတည်ခြင်းမရှိဘဲ အခြားသူများ၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးတတ်၏။ သင့်အိမ်ထောင်ရေးကို မည်သို့သောမေတ္တာအားဖြင့် တည်ဆောက်ထားပါသနည်း။

ဂရိစကားလုံး "အာဂပေ" ကို ဘုရားသခင်၏ကျေးဇူးတရားဆိုင်ရာ မေတ္တာဖော်ပြရန် ဓမ္မသစ်ကျမ်းက အသုံးပြု၍ ထိုမေတ္တာအားဖြင့် ယောက်ျားသည် သူ့ဇနီးကို စဉ်ဆက်မပြတ်ချစ်ရန် ဖော်ပြ၏။ ယောက်ျားသည် မိန်းမတိုင်းကိုအပ်နှံသောမေတ္တာဖြင့် မချစ်ရ။ သူ့ဇနီးကိုသာ ထိုမေတ္တာအားဖြင့် ချစ်ရမည်။ ဧရောစ် ဟူသောဂရိစကားလုံးသည် ပြင်းပြသောမေတ္တာဖြစ်၍ လိင်ပိုင်းဆိုင်ရာ၌ အသုံးပြု၏။ ဖီလဲလ်ဟူသောမေတ္တာသည် ဟန်ချက်ညီသောမေတ္တာဖြစ်ပါသည်။ "သင် ငါ့အပေါ် ကောင်းသည့်အတွက် ငါလည်း သင့်အပေါ် ကောင်း၏။" ဤသို့သောမေတ္တာကို မိသားစုများနှင့်အပေါင်းအသင်းများကြား၌ မကြာခဏတွေ့လေ့ရှိသည်။ ကျွန်ုပ်တို့အိမ်ထောင်သည် မည်သို့သောမေတ္တာဖြင့် ပုံသွင်းခြင်းခံလျက်နေသည်ကို ကြည့်ကြပါစို့။

ကောင်းမွန်သောအိမ်ထောင်တစ်ရပ်တည်ဆောက်ခြင်း

| မေတ္တာ သုံးမျိုး | အာဂပေ | ဖီလဲလ် | ဧရောစ် |
|---|---|---|---|
| ဖော်ပြ ချက် | အကြွင်းမဲ့မေတ္တာ | လူမှုရေးဆိုင်ရာ မေတ္တာ | ပြင်းပြသောမေတ္တာ |
| စိတ်ထား | အပ်နှံသောမေတ္တာ | တစ်စုံတစ်ဦးချစ် သကဲ့သို့ချစ်ခြင်း | ချစ်ခြင်းရရှိရန် ချစ်၏ |
| လှုံ့ဆော် ချက် | အခြားသူများ၏လို အပ်ချက်အဖို့ ဘုရား သခင်၏အမိန့်အား ဖြင့်လှုံ့ဆော်ခြင်းခံရ၏ | အခြားသူများ၏မျှော် လင့်ချက်အားဖြင့် လှုံ့ဆော်ခြင်းခံရ၏။ | ကိုယ်တိုင်သာယာမှု အားဖြင့် လှုံ့ဆော် ခြင်းခံရ၏။ |
| စိတ်နှလုံး | စွန့်လွှတ်ရန် အလိုရှိ၏။ | ဟန်ချက်ညီအောင် အားထုတ်တတ်၏ | အခြားသောသူများ အဖို့ စွန့်လွှတ်လို |

## ၁) တပ်မက်ခြင်း အပေါ်၌ တည်ဆောက်သောအိမ်ထောင်

တပ်မက်ခြင်းဆိုင်ရာ ဧရောစ်မေတ္တာအားဖြင့် အိမ်ထောင်ပြုခြင်းသည် အလျင်အမြန်မှေးမှိန်သွားတတ်သည်။ လိင်ပိုင်းဆိုင်ရာစိတ်လှုပ်ရှားခြင်းပေါ်မူတည်၍ အိမ်ထောင်ပြုသောသူတို့သည်လည်း မကြာမီအခြားစိတ်လှုပ်ရှားဖွယ်ရာကိုရှာဖွေတတ်ကြ၏။ ထိုသို့သောဆန္ဒသည် ယောက်ျားတို့အားသူတို့မလုပ်ဖူးသည့်အရာအမျိုးမျိုးကိုပြုစေတတ်၏။ ထိုသို့ ကျူးလွန်လာသောခါ မိမိတို့၏နေအိမ်၌ ပျော်ရွှင်စရာမကောင်းတော့ပေ။ထိုအရာတို့သည် မိမိတို့အတွက်ဆွဲဆောင်မှုကောင်းသောအခြားနေရာများကိုသာ မျက်စိကျစေပြီးစူးစမ်းရှာဖွေရန် အကြောင်းရင်းဖြစ်လာသည်။

## ၂) ကြင်နာမှုကို မျှော်လင့်ခြင်းအပေါ်၌ တည်ဆောက်သောအိမ်ထောင်

ဖီလဲလ်-မေတ္တာသည် ဧရောစ်-မေတ္တာလောက် မမြန်သော်လည်း လျော့ကျလွယ်၏။ ကျွန်ုပ်တို့သည် မိမိတို့၏ဇနီးများကိုပြန်ချစ်ရန် ချစ်ခြင်းဖြစ်၏။ ထိုသို့သောချစ်ခြင်းသည် တစ်ဦးအပေါ်တစ်ဦး ကြင်နာနေသ၍ ကောင်းသော်လည်း မိမိတို့သည် အပြစ်သားများဖြစ်သည့်အလျောက် ပြဿနာရှိတတ်သည်။ မိမိကောင်းမြတ်သည့်အတိုင်း ခင်ပွန်းမကြင်နာသောအခါ အနှုတ်လက္ခဏာဆောင်နိုင်၏။ ထိုသို့သောမေတ္တာသည် ဘယ်မှာအဆုံးသတ်မည်နည်း။ ကျွန်ုပ်တို့အား အခြားသူများက မည်သို့တုံ့ပြန်မည်ဆိုသည့်အရာ၌ အမှီပြုခြင်းမဟုတ်သောမေတ္တာအားဖြင့် ချစ်ရန် လိုအပ်ပါသည်။

## ၃) ပဋိညာဉ်မေတ္တာအပေါ်၌ တည်ဆောက်သောအိမ်ထောင်

ကျွန်ုပ်တို့သည် အပ်နှံခြင်းကိုပြုသောကြောင့် အာဂပေ-မေတ္တာဖြင့် ချစ်ရန်သဘောတူခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ချစ်ရမည်ဖြစ်သောကြောင့် ချစ်ရခြင်းဖြစ်၏။ ဤအတွက် ဘုရားသခင်၏မေတ္တာသာလျှင် လုံလောက်သည်။ အာဂပေ-မေတ္တာ၏အရင်းအမြစ်မှာ ကျွန်ုပ်တို့ကိုချစ်သောဘုရားသခင်၏မေတ္တာပင်ဖြစ်၏။ ခရစ်တော်သည် ကျွန်ုပ်တို့ကိုအရင်ချစ်၏။ သူသည် ဤလောကသို့ ထိုမေတ္တာကိုယူဆောင်လာ၏။ ယောက်ျားသည် စွန့်လွှတ်တတ်သောထိုမေတ္တာ၌ အပ်နှံလေလေ အားကြီးသောမေတ္တာကိုရရှိလေလေဖြစ်၏။ ထိုမေတ္တာကို ဓမ္မဟောင်းကျမ်း၌ ဟေဗြဲဘာသာစကားအားဖြင့် "ဟေဆက်ဒ်" ဟူ၍ ဖော်ပြထားသည်။ ဆိုလိုသည်မှာ ပဋိညာဉ်-မေတ္တာဖြစ်ပါသည်။ ကျွန်တော်ချစ်ရသည့်အကြောင်းမှာ ချစ်ဖို့ရန် အပ်နှံခဲ့သောကြောင့်ဖြစ်၏။

## ၂။ ချစ်ခြင်းမေတ္တာအတွက် လိုအပ်ချက်

ယောက်ျားတို့သည် မိမိတို့၏ဇနီးများကိုချစ်ရန် ပြောပြခြင်းခံရသူများဖြစ်သည်။ မိန်းမအဖို့ မေတ္တာသည် အလွန်အရေးကြီးသည်။ မေတ္တာသည် သူတစ်ပါးကို ကောင်းကောင်းလှုံ့ဆော်နိုင်စွမ်းရှိသည်။

အချို့သောကိစ္စများ၌ ထိုသို့သောမေတ္တာသည် မိမိတို့ဇနီးများနှင့် မတန်သကဲ့သို့ဖြစ်နိုင်၏။ ဖြစ်နိုင်ချေရှိသော်လည်း တစ်ယောက်နှင့်တစ်ယောက် တရားစီရင်ရမည့်အချိန်မဟုတ်တော့ဘဲ ကျေးဇူးတော်ကာလဖြစ်သည့်အလျောက် ကျေးဇူးပြုရန်သာဖြစ်သည်။ ကျွန်ုတို့သည် ခရစ်တော်ကိုအတုယူ၍ မိမိတို့၏ဇနီးများနှင့်အခြားသူများအား တရားစီရင်ခြင်းကိုရှောင်ကြဉ်ရန် ခေါ်ခြင်းဖြစ်၏။ တရားစီရင်ခြင်းသည် ဘုရားသခင်၏တာဝန်ဖြစ်၍ ခွင့်လွှတ်ခြင်းမှုကား လူသား၏တုံ့ပြန်ချက်ပင်ဖြစ်၏။ ကျွန်ုပ်တို့သည် ကရုဏာနှင့်သနားကြင်နာမှုအားဖြင့် အသက်ရှင်ရန် ကျေးဇူးတရားအတွက် အသနားခံကြ၏။ ကျွန်ုပ်တို့လုပ်ငန်းနှင့်စပ်လျဉ်း၍ သူတစ်ပါးကို ဆက်ဆံသောအခါ သူတို့ကိုဆက်ဆံသင့်သည့်အတိုင်းပြုရမည်။ အကြောင်းမှာ သူတို့သည်လည်း ဘုရားသခင်၏ပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းသောသူများဖြစ်ကြ၏။

အိမ်ထောင်၌ ဤအကြွင်းမဲ့မေတ္တာကို ဖော်ပြရန် အခွင့်ထူးများစွာရှိ၏။ မိမိတို့၏အားလပ်သောအချိန်များကို မည်သို့အသုံးပြုသနည်း။ ကျွန်ုပ်တို့သည် မိမိတို့၏ဇနီးသည်များအပေါ်၌ မိမိတို့၏စိတ်ကျေနပ်အားရမှုဖြင့် ဆွဲဆောင်မှုရရှိရန် ပြုတတ်ကြပါသလား။ ကိုယ့်ခင်ပွန်းကို ချစ်မြတ်နိုးဖို့ရန် အခွင့်ထူးများစွာ ဝိုင်းရံလျက်ရှိသည်။ ထိုသို့သောမေတ္တာကို ထုတ်ဖော်မည့်နေရာသည် ကတင်၌သာဖြစ်သည်ဟု မထင်စေလိုပေ။ မိန်းမတို့၏လိုအပ်ချက်များကို အစဉ်အမြဲသိမြင်ခံစားနိုင်ရန် ထိုမေတ္တာက ကျွန်ုပ်တို့ကိုတောင်းဆိုမှုပြု၏။

*"ချစ်သူတို့၊ ငါတို့သည် အချင်းချင်းချစ်ကြကုန်အံ့။ အကြောင်းမူကား ချစ်ခြင်းမေတ္တာသည် ဘုရားသခင်နှင့်စပ်ဆိုင်၏။ ချစ်တတ်သောသူမည်သည် ကား ဘုရားသခင်ဖြစ်ပွားတော်မူသောသူဖြစ်၏။ ဘုရားသခင်ကိုသိသောသူ လည်းဖြစ်၏"(၁ယော၊ ၄:၇)။*

## ၃။ ချစ်ခြင်းမေတ္တာကို စမ်းသပ်ခြင်း

ချစ်ခြင်းမေတ္တာ၏ရိုးသားမှုနှင့်အတိမ်အနက်သည် အိမ်ထောင်ရေး၏အကောင်းဆုံးစမ်းသပ်ခြင်းဖြစ်လာသည်။ တစ်ရက်ပြီးတစ်ရက်၊ တစ်ညပြီး တစ်ည ယောက်ျားတို့သည် မိမိတို့၏ဇနီးများကိုချစ်ရန် အခွင့်ထူးရရှိကြသူများ ဖြစ်၏။ ကျွန်ုပ်တို့သည် မိမိတို့၏ဇနီးများအား မေတ္တာပြသရန် လက်တွေ့ကျ သောအခွင့်ထူးများစွာရရှိကြ၏။ ကလေးငယ်သည် ငိုကြွေးလျက် မိခင်လည်း မောပန်းနေ၏။ ကျွန်ုပ်တို့သည် ဝမ်းမြောက်ပျော်ရွှင်စွာဖြင့် မိမိတို့လုပ်ရှိသည့် အလုပ်ကိုရပ်လျက် ကလေးငယ်လေးကို ချီကြရမည်။ အကယ်၍ ကျွန်ုပ်တို့ သည် မိမိတို့ချစ်ရမည်ဟူသောတာဝန်ရှိခြင်းမှ နောက်ပြန်လှည့်မည်ဆိုပါက ခါးသီးခြင်းတည်းဟူသောနတ်ဆိုး၏ကျောက်တွင်းထဲသို့ မိမိတို့၏အိမ်ထောင်ရေး ကျရောက်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မေတ္တာတရား၌ ရည်ရွယ်ထား ခြင်းမရှိပါက အမုန်းတရားကသာ အလျင်အမြန်တိုးပွားလာမည်ဖြစ်သည်။

## ၄။ ချစ်ခြင်းမေတ္တာ၏ ရင်းမြစ်

မိမိကိုယ်ကိုချစ်ခြင်းသည် သူတစ်ပါးအား ချစ်ခြင်းကို နှောင့်ယှက် တတ်၏။ ချစ်ခြင်းမေတ္တာ၏ပုံဥပမာသည် ပတ်ဝန်းကျင်၌ရှိသည့်ကောင်းသော မိဘများ၏ပုံဥပမာအားဖြင့် နားလည်သဘောပေါက်နိုင်သည်။ ခရစ်တော်မပါပဲ အကြွင်းမဲ့ချစ်ခြင်းမေတ္တာအားဖြင့် မချစ်နိုင်ပေ။ တစ်စုံတစ်ဦးသည် ခရစ်ယာန် ဖြစ်လာသောအခါ ဘုရားသခင်၏မေတ္တာသည် ထိုသူအပေါ်၌ စိုက်ပျိုးလျက် ရှိ၏။ ဘုရားသခင်၏သားဖြစ်သည့်အတိုင်း ယောက်ျားသည် ဘုရားသခင်၏ ခွန်အား၌ မှီခိုသွား၍ ခရစ်တော်သည် အသင်းတော်ကိုချစ်သကဲ့သို့ မိမိ၏ဇနီး ကိုချစ်နိုင်သည်။ ဘုရားနှင့်ဆိုင်သောမေတ္တာသည် ခရစ်ယာန်အသက်တာအ တွက်မရှိမဖြစ်လိုအပ်သောအရာဖြစ်၏။

*"တစ်စုံတစ်ယောက်သောသူက ငါသည် ဘုရားသခင်ကိုချစ်၏ဟု ဆိုလျက်ပင်မိမိညီအစ်ကိုမုန်းလျှင်ထိုသူသည် မုသာကိုသုံးသောသူဖြစ်၏။ မိမိ မြင်ရသောမိမိညီအစ်ကိုမချစ်လျှင် မမြင်သေးသောဘုရားသခင်ကိုအဘယ်သို့ ချစ်နိုင်မည်နည်း။ ဘုရားသခင်ကိုချစ်သောသူသည် မိမိညီအစ်တို့ကိုချစ်ရမည် ဟူသောပညတ်တော်ကို ငါတို့သည် ခရစ်တော်ထံ၌ခံရကြပြီ"(၁ယော၊ ၄:၂၀-၂၁)။*

## ၅။ ခွင့်လွှတ်ခြင်းနှင့်ချစ်ခြင်းမေတ္တာ

ချစ်ခြင်းမေတ္တာဆိုသည်မှာ ခွင့်လွှတ်ခြင်းကိုခေါ်သည်။ ဘုရားသခင်ထံတော်မှလာသောခွင့်လွှတ်ခြင်းကို ကျွန်ုပ်တို့၏ဇနီးများအား မပေးနိုင်ကြပေ။ ၎င်းကို ဘုရားသခင်တစ်ပါးတည်းသာပေးနိုင်သည်။ တစ်စုံတစ်ဦးသည် အခြားသူတစ်ဦးအပေါ်၌ မှားယွင်းမှုပြုပါက ထိုသူသည် ကျင့်ဝတ်ဆိုင်ရာအကြွေးရှင်ဖြစ်လာပါသည်။ထိုသူအပေါ်၌ ကောင်းသောလုပ်ဆောင်ချက်ကိုပြန်ပြုရမည်ဖြစ်သည်။ ထိုသူနှစ်ဦးတို့ကြား၌ သင့်မြတ်ခြင်းမပြုခဲ့လျှင် တစ်ဦးနှင့်တစ်ဦးကြားဆက်နွယ်မှုသည် ယုံကြည်မှုကင်းမဲ့လာနိုင်သည်။ ကျွန်ုပ်တို့သည် မိမိတို့အပေါ်၌ ကျင့်ဝတ်ဆိုင်ရာအကြွေးတင်နေသူအား ခွင့်လွှတ်မည်ဆိုလျှင် ထိုသူကိုလွတ်ငြိမ်းစေမည်ဖြစ်၏။ကျွန်ုပ်တို့သည် မိမိတို့၏ဆက်နွယ်မှုများ၌ ယုံကြည်မှုကိုအစဉ်တိုးတက်အောင် လုပ်ယူနိုင်ပါသည်။ မိမိတို့သည် လက်တုံ့ပြန်ခြင်းကိုမပြုဘဲ သူတစ်ပါးအား ကရုဏာပြသရန်ဖြစ်၏။

- ကျွန်ုပ်တို့သည် ခရစ်တော်ခွင့်လွှတ်သကဲ့သို့ခွင့်လွှတ်၏။
- ကျွန်ုပ်တို့သည် ခရစ်တော်လက်ခံသကဲ့သို့လက်ခံ၏။
- ကျွန်ုပ်တို့သည် ခရစ်တော်မျှော်လင့်သကဲ့သို့မျှော်လင့်၏။

## ၆။ စိတ်ရှည်ခြင်းနှင့်ချစ်ခြင်းမေတ္တာ

မေတ္တာ၏တောင်းဆိုမှုကား သူတစ်ပါးအဖို့အလို့ငှာ မိမိတို့ဦးစားပေးသောအရာများကို ဘေးဖယ်ခြင်းပင်ဖြစ်သည်။ ၎င်းသည် မိမိတို့အိမ်ထောင်၌ အကယ်စင်စစ်မှန်ကန်မှုရှိသည်။ ဇနီးသည်၏အကြိုက်ကို နားထောင်ပေး၏။ ဆိုလိုသည်မှာ စိတ်ရှည်သည်းခံခြင်းဖြင့် စောင့်ဆိုင်းခြင်းဖြစ်၏။ တနည်းပြောလျှင် မီးဖိုချောင်၌ဖြစ်စေ၊ အိပ်ရာကုတင်၌ဖြစ်စေ မိမိတို့အလိုရှိသည့်အတိုင်းမရရှိခြင်းပင်ဖြစ်သည်။ မိမိတို့ချစ်သောသူအပေါ်၌ သိမ်မွေ့စွာဆက်ဆံဖို့ လိုသလို သင့်တင့်လျောက်ပတ်စွာ တုံ့ပြန်တတ်ရန် စိတ်ရှည်လက်ရှည်အားပေးကာ သွန်သင်တတ်ဖို့လည်း လိုအပ်ပါသည်။ အပြောင်းအလဲရှိလာသောအခါ ပိုမိုခက်ခဲသောအရာများရှိနေသေးသည်ဖြစ်၍ စိတ်ရှည်ဖို့ အထူးလိုအပ်သည်။

မိမိမိတ်ဆွေကို ကျေနပ်အားရစေပါက မိမိသည်လည်း အမှန်တကယ်ပျော်ရွှင်ရ၏။ တပ်မက်ခြင်းသည် အတ္တဆန်သောကြောင့် အစွန်းအထင်းကိုဖြစ်စေတတ်၏။ တစ်ကိုယ်ကောင်းဆန်သောဆန္ဒသည် မိမိတို့ကို အုပ်စိုးလာသောအခါ အထိမခံနိုင်ဖြစ်လာတတ်၏။ ကျွန်ုပ်တို့စိတ်နှလုံးသည် မိမိတို့၏လိုအင်ဆန္ဒကို ပိုမိုကျေနပ်စေရန် လုပ်ဆောင်လာသောအခါ ရောင့်ရဲမှုမရှိဘဲ ပို၍ရချင်လာသည်။ ကျွန်ုပ်တို့သည် မည်ကဲ့သို့ပိုမိုပေးလှူရမည်ကို မစဉ်းစားကြပေ။

မေတ္တာသည် စိတ်ရှည်တတ်၏။ တစ်ခါတစ်ရံမေတ္တာသည် ကျွန်ုပ်တို့ကိုပြန်မချစ်ဘဲ နေခြင်းလည်းဖြစ်တတ်၏။ ချစ်ခြင်းဟူသည်မှာ တစ်ခါတစ်ရံ ကာလအတန်ကြာစောင့်ဆိုင်းဖို့လည်း လိုသည်။ ဓမ္မဟောင်းကျမ်းထဲကပညတ်တော်၌ မိန့်ဆိုသည်မှာ မိန်းမ၏ဓမ္မတာလာချိန်နှင့်ကလေးမွေးပြီးကာစ၌ လိင်ပိုင်းဆိုင်ရာဆက်ဆံခြင်းမပြုရန် တားမြစ်ထားသည်။ ထိုအချိန်ခါ၌ သင့်စိတ်နှလုံးနှင့်ကိုယ်ခန္ဓာသည် တဝဲဝဲလည်နေမည်လော။ သို့မဟုတ် သင့်ဇနီးအပေါ်၌ သင်၏ရိုးသားမှုကိုပြသရန် မိမိကိုယ်ကို ထိန်းချုပ်နိုင်ခြင်းပြုမည်လော။

*"...ဘုရားဝတ်၌ မွေ့လျော်ခြင်းအားဖြင့် ကိုယ်ကိုကိုယ် ဆုံးမလော့။ ကိုယ်ကာယကို ဆုံးမခြင်းသည် များစွာသောအကျိုးကို မပေးတတ်။ ဘုရားဝတ်၌ မွေ့လျော်ခြင်းဟူမူကား ယခုဘဝ၊ နောင်ဘဝနှင့်စပ်ဆိုင်သောကတိတော်ကိုရသည်ဖြစ်၍"(၁တိ၄း၇-၈)။*

မေတ္တာသည် မိမိကိုယ်ကိုထိန်းချုပ်နိုင်ခြင်းကိုပြု၏။ အကြောင်းမှာ မေတ္တာအားဖြင့် ဘုရားသခင်ထင်ရှားသောကြောင့်ဖြစ်၏။ မိမိတို့အတွက်မှစ၍ အခြားသူများအတွက်ရော မိမိတို့၏ဇနီးသည်များအတွက်ပါ လိုအပ်သော ခွန်အားရှိသမျှတို့ကို ခရစ်တော်၌သာ တွေ့ရှိရသည်။

## အကျဉ်းချုပ်

ကျွန်ုပ်တို့သည် အာဂပေ-မေတ္တာဖြင့် မောင်းနှင်ခြင်းကိုခံရသောအခါဘုရားသခင်၏သနားခြင်းကရုဏာကို မိမိတို့၏ဇနီးများထံသို့ဝေမျှရန် ဆက်ကပ်အပ်နှံလာကြသည်။ ကျွန်ုပ်တို့သည် မိမိတို့၏လိုအပ်ချက်များနှင့်ဆန္ဒများကိုမစကူညီရန် ဘုရားသခင်ကိုကိုးစားကြ၏။ မိမိတို့၏ဇနီးသည်များ မောပန်းခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ နာမကျန်းဖြစ်ခြင်းရှိနိုင်၏။ ထိုအချိန်၌ပင် သူ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးရမည်။ သူ့အတွက် ဆုံးတောင်းပေးခြင်း၊ ကူညီမစခြင်းနှင့်အားပေးခြင်းများပြုရမည်။ ကျွန်ုပ်တို့၏ပန်းတိုင်သည် လိင်ကိစ္စတစ်ခုတည်းအတွက်သာမဟုတ်ဘဲ သူ၏လိုအပ်ချက်များကိုပါ ကြည့်ရှုကူညီရန် ဦးထိတ်ထားရမည်။

## *ကိုယ်တွေ့အသုံးချခြင်း*

ချစ်ခြင်းမေတ္တာ သုံးမျိုးရှိ၏။ သင့်ဇနီးကို ဖီလဲလ်-မေတ္တာ သို့မဟုတ် ဧရောစ်-မေတ္တာဖြင့် တုံ့ပြန်ပါသလော။ သင့်ဇနီးနှင့်ထိတွေ့ဆက်ဆံသောအခါ အနည်းဆုံး မတူညီသောအကြောင်းအရာသုံးခု၌ မည်သို့သောမေတ္တာဖြင့် မိတ်ဆွေအသက်ရှင်ကြောင်းကိုအကဲဖြတ်ပါ။ ဥပမာ-အိမ်ကိုရောက်လာသောအခါ ၊ အိပ်ရာမှထသောအခါ၊ အိပ်ရာဝင်သောအခါ --

သင်၏ချစ်ခြင်းမေတ္တာသည် ဖိစီးမှုဒဏ်နှင့်စမ်းသပ်ခြင်းဒဏ်ကိုခံရသောအခါ အကောင်းဆုံးထင်ရှားလာမည်။ အရာရာအဆင်မပြေသောအခါ သင့်ဇနီးကိုမည်ကဲ့သို့ဆက်ဆံသနည်း။ သင့်စကားလုံးများသည် ကရုဏာသံနှင့်ချစ်ခြင်းသံလော။ သို့မဟုတ် သူ့ကိုခြိမ်းခြောက်နေသလော။ ထိုသို့သောအချိန်များ၌ မည်သို့သောမေတ္တာသည် နေရာယူသနည်း။ သင်၏ပြုမူခြင်းသည် သင်၏ဆက်ဆံခြင်းကို မည်သို့အကျိုးသက်ရောက်စေသနည်း။

အထက်ပါမေးခွန်းများကို သုံးသပ်၍ မည်သည့်အပိုင်း၌ အာဂပေ-မေတ္တာကိုသင်အသုံးမပြုမိသနည်း။၎င်းတို့ကိုဆုတောင်းခြင်းဖြင့်ကိုယ်တော်ထံသို့ဆောင်ယူပါ။ မိတ်ဆွေရှာဖွေနေသည့်ကြီးထွားဖို့ရန် လမ်းစဉ်အကြောင်းကိုလည်း သင့်ဇနီးအား တိုးတိုးတိတ်တိတ်ပြောပြပါ။

## ဃ။ အကြွင်းမဲ့မေတ္တာအပေါ် မေးခွန်းများ

အိမ်ထောင်ရေး၌ အကြွင်းမဲ့မေတ္တာအဘယ်ကဲ့သို့ လက်တွေ့ဖြစ်ပျက်သည်ကိုပြောဆိုသောအခါ မေးခွန်းပေါင်းများစွာပေါ်လာတတ်သည်။ ထိုမေးခွန်းများ ကိုကိုင်တွယ်ဖြေရှင်းခြင်းမပြုလျှင် မကြာခဏလုတ်တိုက်စရာဖြစ်တတ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မေတ္တာမဟုတ်သည့်အခြားအမျိုးမျိုးဖြင့်အသက်ရှင်တတ်ကြသည်။အကယ်၍ မိမိတို့အိမ်ထောင်၌ ဘုရားသခင်၏မေတ္တာဖြင့် အသက်ရှင်သောသူများဖြစ်လျှင် စိတ်အာရုံကိုလွှဲပြောင်းစေတတ်သည့်နတ်ဆိုး၏လုပ်ရပ်များကို အခွင့်ပေးမည်မဟုတ်ပေ။

## ၁။ ထိုလူက ဘာလဲ၊ ဘယ်လဲ။ သူသည် မည်ကဲ့သို့ပြည့်စုံမည်နည်း။

ရှည်လျားသောမေးခွန်းကား-ယောက်ျားသည် မိမိဇနီးကိုအပ်နှံသောမေတ္တာဖြင့် ချစ်၍ သူ့ဇနီးက သူ့လိုအပ်ချက်ကို မဖြည့်ဆည်းပါက အဘယ်သို့နည်း။ ထိုမေခွန်း၌ပင် စိုးရိမ်ခြင်းရှိ၏။ သူချစ်၍ သူ့ကိုပြန်မချစ်သော် ဘာဖြစ်မည်နည်း။ သူပေးအပ်၏ သို့သော် ဘာမျှပြန်မရရှိပေ။

လူတစ်ဦးက ထိုသို့သောမေးခွန်းကိုမေးမြန်းလျှင် ထိုသူ၌ ယုံကြည်ခြင်းပြဿနာရှိ၏။ ၎င်းကို ကောင်းကောင်းမကိုင်တွယ်ပါက နောက်ဆုံးတွင် အတ္တဆန်လာ၍ သူ့ခင်ပွန်းကို သူကွာရှင်းနိုင်သည်။ ထိုသူသည် ဘုရားသခင်၏ကြွယ်ဝမှု၌ ကိုးစားရန် လုံလောက်သောယုံကြည်ခြင်းမရှိသေးပေ။ ဘုရားသခင်သည် သူ့ကိုနာခံနေသ၍ လူသားကိုကြည့်ရှုမစရန် ကတိပေးခဲ့၏။ ယေရှုသည် ကားတိုင်ပေါ်၌ ခမည်းတော်ဘုရားအား မည်ကဲ့သို့ကိုးစားခဲ့ပုံကို သတိပြုပါ။ ကျွန်ုပ်တို့သည် မေတ္တာကိုတောင်းဆိုနေသ၍ မည်သည့်အခါမျှရရှိမည်မဟုတ်ပေ။အောက်ပါဇယားသည် ယုံကြည်ခြင်းမဲ့သောသူ၏တစ်ကိုယ်ကောင်းဆန်ခြင်းသို့ဦးတည်နေသည့်ပုံဖြစ်သည်။

| ယုံကြည်ခြင်းမဲ့ခြင်း | တာဝန်ရှိခြင်းကို ရပ်ဆိုင်းခြင်း | တစ်ကိုယ်ကောင်း ဆန်ခြင်း |
|---|---|---|
| ဘုရားသခင်၏လမ်းစဉ်သည် ကောင်းဆုံးဟု မယုံကြည်။ | သံသယကြောင့် သူ့တာဝန်ရှိခြင်းမှ နောက်ဆုတ်သည်။ | ဘုရားသခင်၏မေတ္တာနှင့်မစခြင်းကို စိတ်မချနိုင်။ မေတ္တာကိုပြန်ရဖို့ အသုံးပြုသည်။ |

## ၂။ ကျွန်ုပ်သည် အချစ်မခံဘဲလျက် အမှန်ချစ်နိုင်မည်လော။

မျက်မှောက်ခေတ်စိတ်ပညာသည် ဤသွန်သင်ခြင်းနှင့် အခက်ကြုံတွေ့နေသေးသောသူများထံသို့ တဖြည်းဖြည်းစိမ့်ဝင်လာတော့သည်။ ထိုစိတ်ပညာရှင်တို့က ဤသို့ပြော၏ -- "ငါတို့၏အဓိကလိုအပ်ချက်မရရှိပါက သူတစ်ပါးကိုတာဝန်မယူနိုင်ဘူး"ဟုဆိုကြ၏။ ဤသို့သောစိတ်ပိုင်းဆိုင်ရာ အဆိုအမိန့်များက အကြွင်းမဲ့မေတ္တာလိုအပ်နေသူများအား နောက်ဆုတ်စေပါသည်။ ဤတွေးတောကြံစည်မှုသည် တစ်စုံတစ်ဦး၏တပ်မက်မှု စိတ်အလိုလိုက်ရာသို့ အလွယ်တကူကျရောက်စေသည်။ "သူငါ့ကို ကျေနပ်မှုမပေးလျှင် ငါ့ကိုငါကျေနပ်စေမည့်သူလိုအပ်သည်"ဟု ဆိုတတ်ကြ၏။ ဤစူးစမ်းလေ့လာခြင်းသည် မှန်သယောင်ယောင်ဖြစ်သော်လည်း ဘုရားသခင်၏ဥပဒေသနှင့် အလွန်ပင်ဆန့်ကျင်ပါ သည်။

လူယောက်ျားတို့သည် ပေးဆပ်ရန်နှင့်မေတ္တာတရားဝေမျှရန် ဖန်ဆင်းခြင်းခံကြရသည်။ ထိုသို့ပေးအပ်ခြင်းဖြင့် ဘုရားသခင်က သူတို့၏လိုအပ်ချက်များကို တာဝန်ယူမည်ဖြစ်သည်။၎င်းသည် မေတ္တာတရားနှင့်ယုံကြည်ခြင်းတရားတို့၏တန်ခိုးဖြစ်ပါသည်။ယောက်ျား၏မေတ္တာသည် မိန်းမ၏တုံ့ပြန်မှုပေါ်၌အခြေခံထားခြင်းမဟုတ်ပေ။

အကယ်၍ ယောက်ျားသည် ယုံကြည်ခြင်းဖြင့် ချစ်ရန် ရွေးသို့ခြေလှမ်းမလှမ်းပါက တပ်မက်ခြင်းရှိရာပူပန်ခြင်းသို့ နောက်ဆုတ်သွားပေမည်။ ယောက်ျားတို့အတွက် မိမိတို့၏ဇနီးများအားချစ်ရန် သမ္မာကျမ်းစာ၏မိန့်ဆိုချက်သည် ဤပူပန်ခြင်းကို အနိုင်ယူရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အခြားအရာများထက် ဘုရားသခင်ကိုကြောက်ရွံ့မည်ဆိုလျှင် မိမိတို့၏ပတ်ဝန်းကျင်၌ မည်သို့ပင်ဖြစ်စေကာမူ ဘုရားသခင်ကိုနာခံကြရလိမ့်မည်။

ငါသည် ငါ့မိန်းမနှင့်ပတ်သက်၍ ငါ့အား ဘုရားသခင်မစရန် တိတ်တဆိတ်တောင်းခံခဲ့သည်ကို အမှတ်ရမိ၏။ ကျွန်ုပ်၏လိုအပ်ချက်ကို ဘုရားသခင်ထံတော်ပါးသို့ယူဆောင်လျက်ရှိသည်။ ကိစ္စတော်တော်များများ၌ တစ်ရက်ထဲမှာပင် ဘုရားသခင်သည် မိမိ၏အံ့ဩဖွယ်လက်တော်အားဖြင့် မိန်းမကို ခွန်အားပေးတော်မူ၏။ ကျွန်ုပ်သည် အမှုကိစ္စတစ်ခုခုအတွက် ဘုရားသခင်ကို ကိုး

စားရန်သာ လိုအပ်သည်။ ထို့ကြောင့် ပြည့်စုံခြင်းသည် အရင်မလာပေ။ မည်သို့ဖြစ်မည်ကို ကျွန်ုပ်မတွေ့မြင်နိုင်သော်လည်း ချစ်ခြင်းမေတ္တာသည် အရင်လာတတ်၏။ ၎င်းသည် အပ်နှံသောမေတ္တာဖြစ်သည်။

## ၃။ မိန်းမသည် ချစ်ခြင်းမေတ္တာ လိုအပ်သည်မဟုတ်လော။

ယောက်ျားသည် မိမိ၏ဇနီးသည်ကိုချစ်ရန် တာဝန်ရှိသည်ဟူသောအကြောင်းအရာကို အကျယ်တဝင့်ကြားသိပြီးနောက်ပိုင်းတွင် မိမိအထဲ၌ စိတ်ပူပန်ခြင်း အစပြုနိုင်ပါသည်။ အိမ်ထောင်ရေးတိုးတက်ဖို့အတွက် ဇနီးသည် ပြောင်းလဲဖို့ လိုအပ်ကြောင်းကို ကိစ္စတော်တော်များများ၌ ယောက်ျားက သဘောပေါက်လာသည်။ သို့ဖြစ်၍ ယောက်ျားက "မိန်းမ၏တာဝန်ရှိခြင်းနှင့် ပတ်သက်၍ ချစ်ရမည်ဟူသည်မှာ အဘယ်သို့နည်း" ဟု မေးမြန်းလေသည်။

ပထမဦးဆုံး ကျွန်ုပ်တို့သတိပြုရမည့်လိုအပ်ချက်သည် မိမိတို့၏မိန်းမများအား ချစ်ခြင်းသည် ချစ်တုံ့ပြန်ရန် ချစ်ခြင်းမျိုးမဟုတ်ပေ။ သူတို့အား ချစ်ရန် ကျွန်ုပ်တို့၏အပ်နှံခြင်းသည် မပြောင်းလဲသောအရာဖြစ်ပါသည်။ မှန်ပါသည်၊ ကျွန်ုပ်တို့ရှိသမျှသည် မိန်းမများ၏ချစ်ခြင်းကိုရရှိလိုသောလိုအင်ဆန္ဒရှိကြသည်။ ထိုအရာသည် ကျွန်ုပ်တို့၏အသက်ရှင်ခြင်းကို များစွာမွေ့လျော်စေနိုင်သည်။ ဤသို့သောမေတ္တာကို ကျွန်ုပ်တို့ကြိမ်ဖန်များစွာမရရှိကြပေ။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သည် အာဂပေ-မေတ္တာ၌ ရှိနေဖို့လိုအပ်သည်။ အာဂပေ-မေတ္တာမရှိလျှင် ကောင်းမွန်သောအိမ်ထောင်အဆင့်သို့ ရောက်ရှိနိုင်မည်မဟုတ်ပေ။ ခရစ်ယာန်တိုင်းသည် ဘုရားသခင်၏အံ့ဖွယ်ကျေးဇူးနှင့်တန်ခိုးတော်အားဖြင့် ထိုမေတ္တာကို လက်တွေ့ဖော်ထုတ်နိုင်ကြသည်။ ပေါလုသည် မည်ကဲ့သို့သင်ကြားမှုပြုသည်ကို ယုံကြည်သူတိုင်း သတိပြုရန် လိုအပ်သည်။

*"ထို့ကြောင့် သင်တို့သည် ဘုရားသခင်ရွေးကောက်သောသူ၊ သန့်ရှင်းသော၊ ချစ်အပ်သောသူကဲ့သို့သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့။ တယောက်၌တယောက် အပြစ်တင်ခွင့်ရှိလျှင် အချင်းချင်းသည်းခံ၍ အပြစ်ကိုလွှတ်ကြလော့။ ခရစ်တော်သည် သင်တို့၏အပြစ်ကို လွှတ်တော်မူ သကဲ့သို့ ထိုနည်းတူပြုကြလော့။ စုံလင်ခြင်း အဖွဲ့အစည်းတည်းဟူသောချစ်ခြင်းကိုထပ်၍ယူတင်ဝတ်ဆောင်ကြလော့"(ကော၊၃:၁၂-၁၄)။*

ဒုတိယအနေဖြင့် အသက်ရှင်သောကျွန်ုပ်တို့ရှိသမျှ-ယောက်ျားများ၊ မိန်းမများ၊ လူလွတ်၊ အိမ်ထောင်သည်တို့အတွက်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ၎င်းကိုမလွှဲရ။ ကျွန်ုပ်တို့ရှိသမျှသည် ဘုရားသခင်၏အကြွင်းမဲ့မေတ္တာဖြင့် မိမိတို့ကိုယ်ကိုအကျွမ်းဝင်အောင် လုပ်နိုင်ရမည်အကြောင်း ဘုရားသခင်သည် အိမ်ထောင်ရေးကိုထူထောင်ခြင်းဖြစ်သည်။ မိန်းမကလည်း ကျွန်မယောက်ျား

သည်မေတ္တာမလိုအပ်ဟူ၍မယူဆသင့်ပါ။ကျွန်ုပ်တို့ရှိသမျှသည်တစ်ဦးပေါ်တစ်ဦးအပ်နှံလျက်ချစ်ကြရန် ယေရှု၏သွန်သင်ခြင်းမှ သိရှိနိုင်သည်။ အယောက်စီတိုင်းသည် ချစ်တတ်ရန် ခေါ်ထားခြင်းခံရသူများဖြစ်ကြသည်။

ယောက်ျားသည် ပိုမိုချစ်တတ်လာရန် စိန်ခေါ်ခြင်းခံရသည်။ အကြောင်းမှာ အိမ်ထောင်ပြုခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်နှင့်ဆက်စပ်နေသောကြောင့်ဖြစ်၏။ယောက်ျားသည် ဤအာဂပေ-မေတ္တာအားဖြင့် မိမိ၏အိမ်ထောင်ရေးကို ဘုရားသခင်၏အံ့ဖွယ်မေတ္တာနှင့် ပေါင်းစပ်နိုင်သည်။ရေထဲသို့အပြာရောင်အမှုန့်ကို နည်းနည်းလေးထည့်လိုက်ပါက ထိုရေသည် အပြာရောင်ဖြစ်လာသည်ကိုတွေ့ရမည်။ ဘုရားသခင်၏မေတ္တာသည်လည်း ထို့အတူဖြစ်၏။ ကျွန်ုပ်တို့အိမ်ထောင်၌ အာဂပေ-မေတ္တာကို ပေါင်းစပ်လိုက်သောအခါပို၍ကြီးမြတ်သောသခင်ဘုရား၏မေတ္တာ ထင်ရှားလာမည်ကိုကျွန်ုပ်တို့မျှော်လင့်နိုင်ပါသည်။

## ၄။ အဘယ့်ကြောင့် ယောက်ျားတို့သည် ဘုရားသခင်၏မေတ္တာဖြစ်သောခရစ်တော်၏ပုံသက်သေကို လိုက်နာရန် ကြန့်ကြာသနည်း။

ယောက်ျားတို့သည် သင်ယူရန် နှေးကွေးတတ်ကြသည်။ ပထမပြဿနာကား များသောအားဖြင့် ကျွန်ုပ်တို့သည် မိဘများထံမှကောင်းသောပုံသက်သေမရှိခြင်းဖြစ်သည်။ ဒုတိယပြဿနာကား ဘုရားသခင်နှင့်ကျွန်ုပ်တို့ဆက်နွယ်မှု နက်နက်ရှိုင်းရှိုင်းဦးစားပေးရန် နှောင့်နှေးတတ်ကြ၏။ ဤသို့သောဆက်နွယ်ခြင်းအားဖြင့် ဘုရားသခင်၏ကြီးမြတ်သောမေတ္တာနှင့် မိမိတို့မိသားစုသည် ပိုမိုသိကျွမ်း၍ နာခံလာမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့အား ကိုယ်တော်၏မေတ္တာကို သိစေခြင်းငှာ ဘုရားသခင်၏မစခြင်း၊ လမ်းပြခြင်း၊ အားပေးခြင်းနှင့်အကာအကွယ်ပေးခြင်းစသည်တို့ကိုအကြိမ်ပေါင်းမည်မျှကြုံဖူးပါသနည်း။ ကျွန်ုပ်တို့သည် မေ့လွယ်သောသူ၊ ခေါင်းမာသောသူ၊ မယုံကြည်သောသူများပင်ဖြစ်သည်မဟုတ်လော။ ကိုယ်တော်၏မေတ္တာသည် ကျွန်ုပ်တို့ထိုက်တန်လို့မဟုတ်ဘဲ သူ၏ဥပဒေသ၌ မူတည်၏။

ခရစ်တော်အားဖြင့် ဘုရားသခင်၏မေတ္တာတည်းဟူသောနက်နဲသိမ်မွေ့သောအာဂပေ-မေတ္တာသည် အေးစက်သောကျွန်ုပ်တို့နှလုံးသားကို ကြီးစွာရိုက်ခတ်နိုင်သည်။ ယောက်ျားတိုင်း မိမိတို့၏မိန်းမများ၌ ဤမေတ္တာကို ထင်ဟပ်စေရန် ခေါ်ယူထားခြင်းဖြစ်သည်။ ဖေက်သြဝါဒစာ ၅:၃၃ က

*"သို့ရာတွင် သင်တို့သည် အသီးသီးကိုယ်ကိုကိုယ် ချစ်သကဲ့သို့ ကိုယ်ခင်ပွန်းကိုချစ်ကြလော့။ မိန်းမသည်လည်း ကိုယ်ခင်ပွန်းကို ရိုသေခြင်းရှိလော့။"*

## ၅။ ချစ်ခြင်းမေတ္တာသည် တပ်မက်ခြင်းနှင့် မည်ကဲ့သို့ဆက်နွယ်သနည်း။

မေတ္တာတရားသည် ခရစ်ယာန်တိုင်းအတွက် အဓိကကျသည့်အခြေခံစည်းမျဉ်းဖြစ်သောကြောင့် မိန်းမနှင့်ဆက်စပ်၍ ယောကျ်ား၏တွေးတောကြံစည်မှုမှာ ပုံသွင်းရန် လိုအပ်ပေသည်။ အာဂပေ-မေတ္တာသည် လိုင်းကားပေါ်၌ သက်ကြီးရွယ်အိုတို့အား ဖေးမကူညီခြင်းတစ်ခုတည်းမဟုတ်ဘဲ သွားလေရာရာ၌ အခြားအမျိုးသမီးများအတွက် စဉ်းစားတတ်ခြင်းလည်းပါသည်။ မိန်းမတို့သည်လည်း မိမိတို့၏လိင်ပိုင်းဆိုင်ရာ ပျော်ရွှင်မှုတစ်ခုကိုသာမစဉ်းစားရ။ လိင်ပိုင်းဆိုင်ရာပျော်ရွှင်မှုသည် ဇာတိပကတိ၏ပြင်းပြသောတောင်းဆိုမှုသာဖြစ်သည်။ ထိုသို့ဆိုသော် ဇနီးမောင်နှံတို့နှစ်ဦးစပ်ကြား၌ရှိသည့် လိင်ပိုင်းဆိုင်ရာပျော်ရွှင်မှုသည် မှားယွင်းသည်ဟုဆိုလိုခြင်းမဟုတ်ပေ။

ဂလာတိဩဝါဒစာ ၅ အဆုံးပိုင်း၌ ဇာတိပကတိသည် ဝိညာဉ်ပကတိကိုဆန့်ကျင်သည်ဟု ဖော်ပြထားသည်။ မိန်းမတစ်ဦးအား ကျွန်ုပ်တို့စိုက်ကြည့်မိသောအခါ လိင်ပိုင်းဆိုင်ရာတပ်မက်ခြင်းမှ ရှောင်ကြဉ်နိုင်ဖို့ အထူးလိုအပ်ပါသည်။ ဘုရားသခင်သည် ထိုမိန်းမအဖို့ ယောကျ်ားတစ်ဦးကို ခွဲခန့်သတ်မှတ်ပြီးဖြစ်သည်။ ကိုယ်တော်သည် ထိုအမျိုးသမီးကို ကိုယ့်အတွက် မည်သို့မျှပေးမည်မဟုတ်ပေ။ မေတ္တာသည် ထိုသို့သောအမှုတို့ကိုလည်း လေးစားတတ်သည်။ ကျွန်ုပ်တို့သည် ထိုအမျိုးသမီး၏ယောကျ်ားအတွက် ရိုးရိုးသားသားဆုတောင်းပေးသင့်သည်။

လူလွတ်ယောကျ်ားသည်လည်း တပ်မက်သောစိတ်ကြောင့်မဟုတ်ဘဲ အာဂပေ-မေတ္တာ၏စည်းမျဉ်းအတိုင်း အသက်ရှင်ဖို့ လိုအပ်သည်။ တပ်မက်ခြင်းသည် စစ်မှန်သောမေတ္တာနှင့်ဆန့်ကျင်ဖက်ဖြစ်သည်။ တစ်စုံတစ်ဦး၏လိင်ပိုင်းဆိုင်ရာစွဲလန်းမှုအား သန့်ရှင်းရာသို့ အားပေးခြင်းသည် ဘုရားသခင်၏မေတ္တာ၌ ကြီးထွားစေခြင်းဖြစ်သည်။ သင်သည် ဘုရားသခင်၏မေတ္တာကိုပေါ်လွင်ထင်ဟပ်စေသောသူဖြစ်လျှင် လိင်ပိုင်းဆိုင်ရာ၌ သန့်ရှင်းစွာအသက်ရှင်ရမည်။

လူငယ်တို့သည် မေတ္တာတရားအတိုင်း အသက်ရှင်ရန် ရွေးချယ်မှုပြုလာသောအခါ အကျိုးသက်ရောက်မှုရှိလာသည်။ မည်သို့သောမိန်းမကိုထိမ်းမြားသင့်ကြောင်း ပိုမိုရှင်းလင်းစွာမြင်လာကြမည်။ သူတို့သည် သာမန်ကြည့်ရုံနှင့် လှည့်ဖြားခြင်းမခံကြတော့ပေ။ မိမိတို့ကဲ့သို့ဘုရားတရားကိုင်းရှိုင်းသူများကို ရှာဖွေကြသည်။ သို့ဖြစ်၍ မိမိတို့ကိုယ်တိုင် စောလျင်စွာမသင်ယူလျှင် အိမ်ထောင်ပြုပြီးမှ ကြမ်းတမ်းစွာသင်ယူရမည်သာဖြစ်သည်။

## ၆။ ဤပညတ်သည် လိင်ဆက်ဆံမှုတပ်မက်သောအိမ်ထောင်သည်အား ချစ်ရန် မည်ကဲ့သို့ဆက်နွယ်ပါသနည်း။

အိမ်ထောင်ပြုခြင်းသည် တပ်မက်ခြင်းအပေါ် မည်သို့သောမေတ္တာအားဖြင့် တွန်းလှန်ကြရမည်ကို ကျွန်ုပ်တို့အား နားလည်စေပါသည်။ ကျွန်ုပ်တို့သည် လင်မယားအကြား တစ်ဦးကိုတစ်ဦးအချင်းချင်း အမှန်ချစ်ကြမည်ဆိုပါ က တပ်မက်ခြင်း ရှိလာစရာအကြောင်းမရှိပေ။ ဝမ်းနည်းဖွယ်ကောင်းသောအရာနှင့်ကြောက်မက်ဖွယ်ကောင်းသောအရာများကို တွန်းလှန်နိုင်ကြရမည်။ ကျွန်ုပ်တို့သည် မေတ္တာနှင့်မေတ္တာရှင်/မေတ္တာရင်းမြစ်ဖြစ်သောဘုရားသခင်ကို ရွေးချယ်ရန် လျစ်လျူရှုပါက ဖျောက်ဖျက်သောသူဖြစ်ကြပါ လိမ့်မည်။


ကောင်းမွန်သောအိမ်ထောင်ပြုခြင်းသည် ဖြားယောင်းမှုရှိသည့်ပုံများနှင့်ရုပ်ရှင်ဇာတ်ကားများကို အခွင့်မပေးတတ်ပေ။ အကြောင်းမှာ ထိုအရာတို့သည် တပ်မက်မှု၏လောင်စာများဖြစ်သောကြောင့်တည်း။ တပ်မက်သည့်တွေးတောကြံစည်မှုကိုခွင့်ပြုခြင်းသည် မိမိဇနီးကိုမချစ်ရာရောက်၏။ စစ်မှန်သောမေတ္တာသည် မိမိဇနီးတစ်ဦး၌သာ ကျေနပ်ရောင့်ရဲ့မှုကို ရယူရန်ဖြစ်သည်။မိမိတို့၏ဇနီးများသည် အသက်ကြီးလာမည်။မိမိတို့သည်လည်း အခြားရောင့်ရဲ့မှုကို ရှာဖွေရန်စုံစမ်းခြင်းခံနိုင်သည်။ ဤသို့သောအချိန်အခါရောက်ရှိလာသော်လည်း မိမိတို့၏ဇနီးသည်များအပေါ်၌ အာဂပေ-မေတ္တာကိုသာ အစဉ်နိုးကြားစေရန်ဖြစ်သည်။

ယခုသည် ယခင်ထက်ပိုကောင်းလာပြီဟုဆိုပြီးမနေသင့်ပေ။ တပ်မက်ခြင်းနှင့်ဆိုင်သည့်တွေးတောကြံစည်မှု အနည်းငယ်ပင်လျှင် လင်မယားနှစ်ဦးတို့အတွက်မကောင်းပေ။၎င်းကို အမြစ်ပြတ်သုတ်သင်ရှင်းလင်းပစ်ရမည်။ထိုသို့သောအရာများသည် ကျွန်ုပ်တို့ကို အန္တရာယ်ရှိသောရေတွင်းနက်ထဲ၌ နစ်စေတတ်သည်။

## ၇။ ငါ့မိန်းမက သူ့ကို ငါမချစ်ဘူးဟု ယူဆသောအခါ ငါဘာလုပ်ရမည်နည်း။

များစွာသောသူတို့သည် အိမ်ထောင်ရေးမလုကြပေ။ ယုံကြည်မှုကင်းမဲ့ကြသည်။ ယောက်ျားတို့အဖို့ မိမိတို့၏ဇနီးများအား ချစ်ရမည်ဟူသောဘုရားသခင်၏ပညတ်ချက်သည် အချင်းချင်း၏ဆက်နွယ်မှု၌ တိုးတက်မှုရှိစေရန် မှန်ကန်သောလမ်းကြောင်း၏ပထမခြေလှမ်းပင်ဖြစ်သည်။ အတ္တစိတ်ဝင်လာသောအချိန်၌ သင့်ဇနီးသည် သင်၏စိတ်ထားကိုသံသယရှိနိုင်သည်။ သူသည် သင့်ကို မှန်မှန်ကန်ကန်မတုံ့ပြန်ဘဲနေနိုင်သည်။ သူ့ဖခင်က မိမိမယားအား ပြုမူဆက်ဆံသည့်အတိုင်း သင်၏စစ်မှန်သောမေတ္တာကို အယုံအကြည်ကင်းမဲ့စေလျက် ဆက်လက်ပျက်စီးရန်အကြောင်းဖြစ်နိုင်သည်။ မိန်းမ၏တွေးတောကြံစည်မှုများကို ပြန်လည်ပုံသွင်းဖို့ရန် အချိန်ယူဖို့ လိုပါလိမ့်မည်။

ဇနီးသည်ကို ဝေဖန်ထိုးနှက်ခြင်းမပြုရ၊ အထူးသဖြင့် အပြစ်မတင်ရ။ သို့မဟုတ်လျှင် ကျမကို ရှင်မချစ်ဘူးဟူ၍ ထင်သွားမည်။ သူ့ကို ဆက်လက်




ချစ်ပါ။အကြွင်းမဲ့မေတ္တာနှင့် အစဉ်ချစ်ပါ။သင်သည် ခရစ်ယာန်တစ်ဦးဖြစ်သည့် အလျောက် ဘုရားသခင်ကူညီမစနိုင်သည်ကို ယုံကြည်စိတ်ချပါ။ အနစ်နာခံ ပြီးစွန့်လွှတ်သင့်အရာများကိုစွန့်လွှတ်ရန် လိုအပ်လာပါလိမ့်မည်။သင့်ဇနီးအဖို့ ပေးဆပ်ရန်နှင့်အသက်ပင် ပေးရန် ဆန္ဒရှိရမည်။ အကြွင်းမဲ့မေတ္တာသည် ကောင်းမွန်သောအိမ်ထောင်တစ်ရပ်အတွက် အချက်အချာဖြစ်သည်။

## ၈။ ကျွန်ုပ်မေတ္တာ ကြာရှည်ခံနိုင်မည်လော။

ဤအရာ၌ များစွာသောယောက်ျားတို့သည် ပူပန်တတ်ကြ၏။ အချို့ သောယောက်ျားများက"အကယ်၍ ငါ့မိန်းမသည် ငါ့ကို အားမပေးပါက ထိုသို့ သောမေတ္တာသည် ကြာရှည်ခံနိုင်မည်လော"ဟု သိချင်ကြသည်။ ထိုသူသည် ထိုမေတ္တာကို ပိုင်ဆိုင်လိုသော်လည်း ထိုသို့သောမေတ္တာကို သူကိုယ်တိုင် ဆက်လက်လုပ်ယူရမည်ကိုမသိရှိပေ။ ထိုသို့သောမေးခွန်းသည် ကောင်းပေ၏။ အကြောင်းမှာ မိမိတို့၏ဇနီးများသည် ကျွန်ုပ်တို့၏မေတ္တာရင်းမြစ်မဟုတ်ကြ သောကြောင့်ဖြစ်သည်။ အကယ်၍ မိန်းမတို့သည် ကျွန်ုပ်တို့၏မေတ္တာရင်းမြစ် ဖြစ်လျှင် ၎င်းသည်လည်း ကြာရှည်ခံမည်မဟုတ်ပေ။

လူတို့သည် ကျွန်ုပ်တို့အပေါ် စိတ်ပျက်နိုင်ကြသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် သူတို့တုံ့ပြန်သည့်အတိုင်း ဆုံးဖြတ်ချက်မချဘဲ ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် မည်သို့ပြုမူရမည်ကို မှန်မှန်ကန်ကန်ဆုံးဖြတ်ချက် ချကြရမည်။

စစ်မှန်သောချစ်ခြင်းမေတ္တာနှင့်ယုံကြည်ခြင်းသည် အတူတကွကြီး ထွားသည်။ ဘုရားသခင်ပုံဖော်သောအိမ်ထောင်ပြုခြင်းကို အခိုင်အမာကိုးစား ခြင်းမပြုသောသူတိုင်း စစ်မှန်သောမေတ္တာဖြင့် မချစ်နိုင်ကြပေ။ ဘုရားသခင်

သည် ကျွန်ုပ်တို့၏စစ်မှန်သောမေတ္တာကို အသုံးပြု၍ ကိုယ်တော်၏ကြီးမြတ်သောရည်ရွယ်ချက်ပြည့်စုံစေမည်ကို ယုံကြည်စိတ်ချရမည်။ စိုးရိမ်ပူပန်ခြင်းသည် ယောက်ျားအဖို့မိမိ၏ဇနီးအား ချစ်မြတ်နိုးရန် မိမိ၏အပ်နှံခြင်းကိုမေ့လျော့စေတတ်သည်။ အာဂပေ-မေတ္တာ၌ ကျွန်ုပ်တို့မည်ကဲ့သို့ခွန်အားရယူကြမည်ကို ယခုကြည့်ကြပါစို့။

## င။ မေတ္တာ၏ရင်းမြစ် - လူနှင့်စပ်လျဉ်း၍ ဘုရားသခင်၏ပုံဖော်ခြင်း

စွဲမြဲသောမေတ္တာရရှိဖို့ရန်အတွက် ရင်းမြစ်နှစ်ခုရှိ၏။ ၎င်းတို့မှာ (၁) ဘုရားသခင်၏ပုံဖော်ခြင်းနှင့် (၂) ဘုရားသခင်၏ခေါ်ယူခြင်းတို့ဖြစ်ပါသည်။

## လူနှင့်စပ်လျဉ်း၍ ဘုရားသခင်၏ပုံဖော်ခြင်း


ကျွန်ုပ်တို့အား လူအဖြစ်သို့ ဘုရားသခင်မည်ကဲ့သို့ဖန်ဆင်းသည်ကို သိရှိခြင်းအားဖြင့် မေတ္တာ၏ရင်းမြစ်ပေါ်လွင်ထင်ရှားလာသည်။ ယနေ့များစွာသောလူတို့က မိမိတို့သည် အချင်းချင်းချစ်မြတ်နိုးရန် ပြုလုပ်ခြင်းခံရသည်ဟူသောအချက်ကိုမသိရှိကြပေ။တပ်မက်စရာများ၊ သေရည်သေရက်နှင့်ငွေကြေးစသည့်တို့သည် မိမိတို့ဆန္ဒကိုဖြည့်ဆည်းပေးသည်ဟူသော လောကပြောစကားကိုပိုမိုသိလွယ်တတ်သည်။ အချည်းနှီးဖြစ်ခြင်းသည် ထိုအရာတို့မှလာ၏။ တစ်စုံတစ်ဦးသည်၎င်းတို့နောက်ကိုလိုက်သွားသောအခါဖျော်ဖြေမှုကိုသဘောတရားကိုသာရရှိ၍ မိမိတို့၏လိုအင်ဆန္ဒကိုအမှန်တကယ် မဖြည့်ဆည်းပေးနိုင်ကြောင်းသိရှိကြသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်ကို အကောင်အထည်ဖော်ပြီးသောအခါ ဘုရားသခင်၏ကျေနပ်အားရခြင်းသည် ရောက်ရှိလာပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အားပေးတိုက်တွန်းခြင်းမှစ၍ ဂုဏ်ကျက်သရေနှင့်အသစ်သောခွန်အားတို့ကို ပေးသနားတော်မူ၏။ ကျွန်ုပ်တို့အဖို့ဘုရားသခင်ချပေးတော်မူသောရည်ရွယ်ချက်နှင့်အကြံအစည်များကို မိမိတို့အကောင်အထည်ဖော်ကြသောအခါ ကိုယ်တော်သည် မိမိတို့အပေါ် အားရကျေနပ်မှုရှိသည်။ ထိုအချိန်၌ စိတ်ကောက်ပြီး ဝမ်းနည်းနေသောမိန်းမ၊ အတင်းအဖျင်းပြောတတ်သောမိန်းမအား ချစ်ရမည့်အနေအထားဖြစ်လာသောအခါ မိမိတို့အား ကိုယ်တော်ခေါ်ယူခြင်းနှင့်ပုံဖော်ဖန်ဆင်းခြင်းဘက်သို့ပြန်လှည့်ဖို့ လိုအပ်သည်။ မေတ္တာသည် တပ်မက်ခြင်းနှင့်ဆန့်ကျင်ဖက်ဖြစ်၏။ တပ်မက်ခြင်းသည် တခဏမျှသာကျေနပ်စေတတ်၏။ ထိုကျေနပ်မှုကို မကြာခဏတောင်းဆိုတတ်သည်။ လူတချို့က မိမိတို့သည် အဘယ်မျှလောက်ဆိုးဆိုးဝါးဝါးခံစားအကြောင်းကို ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုတတ်ကြသည်။ အကြောင်းမှာ သူတို့၏အသိစိတ်ထဲ၌ အပြစ်တရားရှိနေသောကြောင့်ဖြစ်သည်။

မေတ္တာသည် ကောင်းမွန်သောတုံ့ပြန်မှုမရရှိသော်လည်း ပြည့်ဝမှုရှိ၏။ အဘယ့်ကြောင့်နည်း။ အကြောင်းမှာ မေတ္တာသည် ဤလောက၌လည်းကောင်း၊ မိမိတို့အသက်တာထဲ၌လည်းကောင်း ဖွဲ့စည်းတည်ဆောက်သည့်ဝိညာဉ်ရေးရာ အသက်ရှင်ခြင်း၏ဥပဒေသဖြစ်သောကြောင့်တည်း။ တစ်စုံတစ်ဦးသည် မိမိကိုယ်ကို သူတစ်ပါးအား ပေးအပ်ရုံဖြင့် စိတ်၏ပြည့်စုံခြင်းကိုရရှိသည်။ မေတ္တာကို ပေးအပ်ခြင်းကို မောင်းနှင်၏။ သူတစ်ပါးအဖို့အလို့ငှာ မိမိတို့ကိုယ်ကိုပေးအပ်ခြင်းသည် ပိုမိုသောမေတ္တာကိုရရှိရန်ဖြစ်သည်။

ကျွန်ုပ်သည် ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘဲ အမြင့်ကို မည်ကဲ့သို့တက်သွားနိုင်မည်နည်း။

- အခြားသောသူများ လှေခါးထိပ်ဖျားသို့တက်သည်ကို ငါမြင်ဖူး၏။
- လမ်းညွှန်ချက်ကိုကြည့်ပြီး ငါ့အလေးချိန်ခံနိုင်ကြောင်း စိတ်ချမှုရှိ၏။
- ယခင်ကထိုသို့သောလှေခါးဖြင့် ထိပ်ဖျားကိုတက်ဖူးကြောင်း ကျွန်ုပ်သတိရလာသည်။




ထိုလှေခါးကို စိတ်ချမှုမရှိပါက ၎င်းကိုသိုလှောင်ခန်းထဲ၌ ထားခဲ့မည်ဖြစ်သည်။ သို့သော် လှေခါး၏ပုံစံ၌ ယုံကြည်စိတ်ချမှုသည် ငါ့အား လုပ်ဆောင်စရာများကို ပြုစေနိုင်သည်။ အိမ်ထောင်ပြုခြင်းအတွက် ဘုရားသခင်၏အကြံအစည်ကို ရဲဝံ့စွာကိုးစားသောသူများက ကောင်းမွန်သောအိမ်ထောင်ကို တည်ဆောက်ကြ၏။ ကျွန်ုပ်တို့အသက်ရှင်ခြင်း၌ တောင်းဆိုထားသောမေတ္တာရှိသမျှကို တစ်ခါတည်းရရှိနိုင်မည်မဟုတ်ပေ။ ပြန်လှည့်ရမည်။ စိတ်ရှည်သည်းခံရမည်။ ငြင်းပယ်အပ်သောအရာများကိုငြင်းပယ်ရမည်။ ပြန်ချစ်ရမည်။ ချစ်ခြင်းကို စောင့်ထိန်းရမည်။ ဝေဖန်သုံးသပ်ပါ။ အမြဲချစ်ပါ။

၎င်းသည် မည်သည့်အချိန်၌ အဆုံးသတ်မည်နည်း။ အခြေအနေခက်ခဲလာသောအခါ ကျွန်ုပ်တို့သည် အဆုံးကိုမျှော်ကြည့်တတ်သည်။ ၎င်းသည် ဖြစ်ရိုးဖြစ်စဉ်ဖြစ်သည်။ မည်သူမျှအခက်အခဲကို မနှစ်သက်ကြပေ။ ထိုအခက်အခဲကို ချက်ချင်းပြောင်းလဲစေလိုကြသည်။ တစ်ခါတစ်ရံ ထိုအခက်အခဲသည် ချက်ချင်းပြောင်းလဲနိုင်သည်။ သို့သော် အမြဲမဟုတ်ပေ။

*"မေတ္တာသည် ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကိုယုံတတ်၏။ ခပ်သိမ်းသောအရာကို မျှော်လင့်တတ်၏။ ခပ်သိမ်းသောအရာကိုသည်းခံတတ်၏။မေတ္တာသည်ဖောက်ပြန်ခြင်းသဘောနှင့်အစဉ်ကင်းလွတ်၏" (၁ကော၊ ၁၃:၇-၈)။*

## အလားအလာ #၁ ထိုးဖောက်ကျော်လွှားခြင်း

ယောက်ျား၏တစ်သမတ်တည်းမေတ္တာ သို့မဟုတ် မပြောင်လဲသော မေတ္တာသည် သူ့ဇနီး၏အယုံအကြည်ကင်းမဲ့မှုကို အရည်ပျော်စေနိုင်ကြောင်း ဖေက်သြဝါဒါစာ ၅ တွင် ဖော်ပြထားသည်။

*"အချင်းယောက်ျားတို့၊ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့သင်တို့လည်း ကိုယ်ခင်ပွန်းကိုချစ်ကြလော့။ ထိုအသင်းတော်သည် သန့်ရှင်းလျက်၊ အပြစ်ကင်းလျက်ရှိသည်ဖြစ်၍ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှစသည်တို့နှင့်လွတ်လပ်သဖြင့် အသရေတင့်တယ်လျက်ရှိသော အသင်းတော်ကို ခရစ်တော်သည် မိမိအား ဆက်သအံ့သောငှာ နှုတ်ကပတ်တော်ရေ၌ ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည်အကြောင်း ထိုအသင်းတော်အဖို့အလို့ငှာ ကိုယ်ကိုကိုယ်စွန့်တော်မူ၏" (ဧ ၅:၂၅-၂၇)။*

ဘုရားသခင်သည် ကျွန်ုပ်တို့၏ခိုင်ခံ့မြဲမြံသောမေတ္တာအားဖြင့် ဇနီးသည်များ၏အပြစ်အနာအဆာများကို ချာပစ်စေဖိုးရန် အသုံးပြုနိုင်သည်။ ယောက်ျား၏မေတ္တာသည် ခိုင်ခံ့မြဲမြံသောမေတ္တာဖြစ်သင့်သည်။ ဘုရားသခင်၏ကျေးဇူးပြုခြင်းကြောင့် ယခင်က သူမတတ်နိုင်သောအရာကိုလည်း တဖြည်းဖြည်းနားလည်လာသည်။တစ်နေ့ကျရင်သူ့အနေနှင့်"ကျွန်မယောက်ျားက ကျွန်မကိုတကယ်ချစ်ပါလား။ ဒါတကယ့်မေတ္တာပဲ"ဟု ပြောပါလိမ့်မည်။

မိန်းမတို့သည် အပြစ်ရှာခြင်း သို့မဟုတ် စိတ်မဝင်စားခြင်းများကို ပါလာတတ်ကြသည်။ သူတို့သည် ယောက်ျားတို့၏စိတ်ထားကို သင်္ကာမကင်း ဖြစ်နိုင်သည်။ သူတို့သည် များသောအားဖြင့် ခက်ခဲကျပ်တည်းအချိန်အခါ ၌သာ ယောက်ျားတို့၏ခိုင်ခံ့မြဲမြံသောမေတ္တာအပြုအမူကြောင့် စစ်မှန်သောမေတ္တာကို ရိပ်ခနဲမြင်တတ်ကြသည်။ သူတို့ထံမှမည်သည့်အရာမျှရစရာမရှိသော်လည်း တစ်စုံတစ်ဦးက အပ်နှံသောမေတ္တာဖြင့် ချစ်နေသည်ကို တဖြည်းဖြည်းသဘောပေါက်လာကြသည်။ ထိုအချိန်၌ သူတို့သည် သဘောပေါက်လက်ခံလွယ်သောသူများ ဖြစ်လာကြလိမ့်မည်။ တစ်နည်းအားဖြင့် ယုံကြည်မှုအသစ်အစပြုလာကြသည်။ သူတို့၏အစွန်းများနှင့်အတွန့်များသည် တဖြည်းဖြည်းချင်းရှင်းထုတ်လာရသည်။ လင်ယောက်ျားများကို မေတ္တာပါသောစကားလုံးများဖြင့် စတင်တုံ့ပြန်ဆက်ဆံလာကြသည်။

## အလားအလာ #၂ သည်းခံခြင်း

ဤဒုတိယအဆင့်သည် လက်ခံရန် ပိုမိုခက်ခဲလာသည်။ ဘုရားသခင်သည် အချို့သောလင်ယောက်ျားတို့အား မိမိတို့၏ဇနီးများကို များများလေ့လာစမ်းသပ်ခြင်းမပြုဘဲချစ်ရန် အခွင့်ထူးအပ်နှံခဲ့သည်။ ၎င်းသည် စစ်မြေပြင်သို့သွားသောစစ်သည်တစ်ယောက်နှင့်တူ၏။ ထိုသူသည် မိမိအပေါင်းအပါများ

၏လုပ်ရှားမှုကိုကြည့်မည့်အစား မိမိ၏အသက်လုံခြုံဖို့ တစ်ခုကိုသာကြည့်နေလျှင် ကောင်းသောစစ်သည်မဟုတ်ပေ။ သူ့အသက်ထက် စစ်ပွဲ၏အဆုံးစွန်ရည်မှန်းချက်က ပို၍အရေးကြီးသည်ကို သူမသိမြင်နိုင်ပေ။ ကယ်၍ သူသည် ပိုမိုကြီးမြတ်သောအရာအတွက် မိမိ၏အသက်ကိုပေးလိုပါက ရဲရင့်သောစစ်သားဖြစ်လာမည်။ ကြောက်ရွံ့ခြင်းသည် သူ့ကိုမထိန်းချုပ်တော့ပေ။

လူတချို့က ဘုရားသခင်၏အာဂပေ-မေတ္တာသည် ကျွန်ုပ်တို့ကို တောင်းဆိုမှုများစွာပြုသည်ဟု ထင်တတ်ကြသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် မိန်းမလျာအမျိုးအနွယ်များဖြစ်သောကြောင့်တည်း။ ရဲစွမ်းသတ္တိသည်လည်း အတ္တဆန်သောအမှောင်ထု၏ဖုံးလွှမ်းခြင်းကိုခံရလေ၏။ အာဂပေ-မေတ္တာသည် ကျွန်ုပ်တို့၏စိတ်နှလုံးကြံ့ခိုင်နိုင်ခြင်းထက်ပို၏။

ဘုရားသခင်၏သားတော် ခရစ်တော်ယေရှုသည် ခေါင်းမာသောလူမျိုးကိုချစ်ရန် တောင်းဆိုခြင်းကိုခံရသည်။ တပည့်တော်များသည်လည်း ကိုယ်တော်၏ဒုက္ခဆင်းရဲအမှောင်လွှမ်းချိန်၌ ကိုယ်တော်ကိုစွန့်ခွာကြသည်။ ပေတရုပင်လျှင်သူ့ကိုငြင်းပယ်ခဲ့သည်။သို့သော် ဘုရားသခင်သည်ကိုယ်တော်ပေးဆပ်ခဲ့သည့်မေတ္တာကြောင့် ပို၍ကြီးမြတ်သောအရာအားဖြင့် ချီးမြှောက်ခဲ့သည်။ ကျွန်ုပ်တို့အပေါ်၌လည်းထို့အတူဖြစ်လိမ့်မည်။ ကျွန်ုပ်တို့သည်အာဂပေမေတ္တာ၏အကျိုးရလဒ်အဆုံးကိုမတွေ့မြင်နိုင်သော်လည်း ဘုရားသခင်သည် ထိုမေတ္တာကို အစဉ်အမြဲအသုံးပြုလေ့ရှိ၏။

၎င်း၏ရုပ်လုံးအားလုံးကို ယခုဘဝ၌ ကျွန်ုပ်တို့မမြင်တွေ့နိုင်ပေ။ ကျွန်ုပ်တို့သည် ၎င်းကို အတင်းအကျပ်မြင်ရန် မလုပ်သင့်ပေ။ ကျွန်ုပ်တို့ထဲမှ တချို့က ဖောက်ပြန်သောမိန်းမကိုချစ်ရန် ဟောရှေကဲ့သို့တောင်းဆိုခြင်းခံနိုင်သည်။ထိုသူ့ဇနီးသည် အခြားသူများထံ၌ ပြည့်တန်ဆာလုပ်ဖို့မကြာခဏထွက်ပြေးလျက်ရှိ၏။တချို့က ယောဘကဲ့သို့ အလွန်ပြင်းထန်သောစမ်းသပ်ရာကာလ၌မိမိတို့၏ဇနီးများကိုချစ်ဖို့ လိုအပ်ပါလိမ့်မည်။ယောဘသည် သူ၏သားသမီးများကိုဆုံးရှုံး၍ အလွန်ဆိုးဝါးသောဝေဒနာကိုခံစားရ၏။သူ့ဇနီးလည်း ထိုအချိန်၌အထောက်အမကောင်းမဖြစ်ခဲ့ပေ။

ခရစ်တော်သည် အာဂပေ-မေတ္တာအားဖြင့် အသက်ရှင်ခဲ့သည်။ အကြောင်းမှာ ၎င်းသည် အစစ်အမှန်ဖြစ်သည်။ လွယ်ကူသောကြောင့် မဟုတ်ပေ။ အကျိုးအမြတ်ကို ချက်ချင်းရရှိသောကြောင့်လည်းမဟုတ်ပေ။ ခရစ်တော်သည် ထိုသို့ပြုရန် ခေါ်ယူခြင်းဖြစ်သည်။ ဇနီးမောင်နှံတို့သည်လည်း မိမိတို့ကိုယ်ကို အာဂပေ-မေတ္တာအားဖြင့် ပေးဆပ်အပ်နှံလျက် ချစ်ကြရန် ခေါ်ယူခြင်းခံကြရသည်။ ယောကျ်ားတိုင်းသည် ကျွန်ုပ်တို့၏ပုံသက်သေဖြစ်သော ခရစ်တော်ကဲ့သို့ပင် မိမိတို့၏အသက်ကို စွန့်လွှတ်ပူဇော်ရန် ခေါ်ယူခြင်းခံကြရသည်။ ယောကျ်ားတိုင်းသည် မိမိတို့၏ဇနီးသည်များကို ရာသက်ပန်မေတ္တာဖြင့်

ချစ်သင့်သည်။ ဤလောကတွင် ခရစ်တော်ကဲ့သို့ချစ်ရန် ခေါ်ယူခြင်းထက်ပို၍ ကြီးမြတ်သောခေါ်ယူခြင်းမရှိတော့ပေ။

## အကျဉ်းချုပ်

ကျွန်ုပ်တို့သည် ပြိုင်ပွဲဝင်သောသူဖြစ်ပါက အနိုင်ရဖို့ပြေးကြပါ စို့။ မျဉ်းကြောင်းကိုဖြတ်သန်းသောအခါ ၎င်း၏ရှင်းလင်းချက်မြေပုံကို ကျွန်ုပ်တို့ လိုအပ်သည်။ သခင်ဘုရားသည်လာ၍ "သစ္စာရှိသောငယ်သားကောင်း"ဟူ၍ ကျွန်ုပ်တို့အား ပြောဆိုပါလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်အလိုလိုက်ခြင်းကိုစွန့်လွှတ်၍ မိမိတို့၏အသက်တာကိုပေးဆပ်သောအခါ အလင်းထွန်းတောက်လာမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မည်သို့ပင်ခက်ခဲပါစေ ကိုယ်တော်၏အကြံအစည်အတိုင်း အသက်ရှင်ရန် ကတိပြုခဲ့ကြသည်။

ကျွန်ုပ်တို့၏ဇနီးသည်များအတွက် ဖြူစင်သောမေတ္တာသည် လက်မထပ်မီကပင် အစပြုသင့်သည်။ သင်၏တွေးတောကြံစည်မှု၊ သင့်စကားနှင့် သင့်အပြုအမူတို့သည် သင့်ဇနီးအပေါ်၌ သန့်ရှင်းဖြူစင်ရမည်။ သင်၏ငယ်ရွယ်ခြင်းကို မသန့်ရှင်းသောအရာများမှ ထိန်းချုပ်နိုင်ရမည်။ ချစ်ရန်ရွေးချယ်ခြင်းသည် ကျွန်ုပ်တို့မေတ္တာဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့တိုးဝင်ချဉ်းကပ်ခြင်းမပြုဘဲ ဘုရားသခင်ရည်ရွယ်သည့်အတိုင်း လုံးဝမချစ်နိုင်ပေ။ ကိုယ်တော်သည် ထိုနည်းအတိုင်းပြုမူဆောင်ရွက်ရန် ကျွန်ုပ်တို့ကိုဖန်ဆင်းတော်မူ၏။ ယိုယွင်းလျက်ရှိသောလောကထဲ၌ ဘုရားသခင်၏မေတ္တာကို အတုယူရန် ဆုံးဖြတ်ချက်ချခြင်းထက် ပို၍ကြီးမြတ်သောအရာမရှိတော့ပေ။

လောကလူသားတို့က "အကြီးမားဆုံးစိန်ခေါ်မှုဟု ခေါ်ဆိုသောအရာကား တောင်ထိပ်ကိုတက်၍ အောင်ပွဲခံခြင်းပင်ဖြစ်သည်"ဟု ထင်တတ်ကြသည်။ ဘုရားသခင်မူကား "ယောက်ျားအတွက် အကြီးမားဆုံးစိန်ခေါ်မှုဆိုသည်မှာ မိမိ၏မယားကို အကြွင်းမဲ့မေတ္တာဖြင့် ချစ်ခြင်းဖြစ်သည်"ဟု ဆိုသည်။

## လင်တစ်ဦး၏ကတိ

*ဘုရားသခင်သည် ငါ့အား အတ္တမပါဘဲ မိမိ၏မယားကို အမှန်ချစ်ရန် ဖန်ဆင်းတော်မူ၏။ ငါ၏ဖြစ်ခြင်းရှိသမျှဖြင့် သင်၌အပြည့်အဝမြှုပ်နှံနိုင်ရန် ကိုယ်တော်သည် ငါ့ကိုဖန်ဆင်းတော်မူ၏။ သင့်အိမ်မက်၏ထိန်းမြားခြင်း၌ တစ်ယောက်သောသူသည် သင့်ကိုသာအမြဲချစ်ပါစေဟု ငါဆန္ဒပြုလိုက်ပါသည်။ ငါသည် သင့်အဖို့ သစ္စာရှိသူပါ။*

*ငါ့ဘဝနောက်ဆုံးအချိန်၌ ငါသည် သင့်အား မေတ္တာဖြူစင်စွာဖြင့် အကြွင်းမဲ့ချစ်ခဲ့ကြောင်းကို သခင်ဘုရားသိရှိလိမ့်မည်။ ကိုယ်တော်သည် ထိုအရာကို ဤစကြဝဠာတည်သောအချိန်၌ပင် ထည့်သွင်းပြီးဖြစ်ကြောင်း ယုံ*

*ကြည်ခြင်းအားဖြင့် စမ်းသပ်လိုပါ၏။ ငါ့တာဝန်သည် ခရစ်တော်က အသင်းတော်ကိုချစ်သကဲ့သို့ သင့်ကိုချစ်ဖို့ရန်ဖြစ်သည်။*

*ဘုရားသခင်သည် သင့်အသက်တာ၌ တုတ်မီးသဖွယ်သူ၏အလင်းကိုထွန်းတောက်စေရန် ငါ့ကိုခေါ်တော်မူ၏။ ဆင်းရဲချမ်းသာ၊ နုပျိုရွယ်အို၊ သာခြင်း၊ နာခြင်းမမူဘဲ သင့်ကိုငါချစ်မည်။ ငါ့အချစ်ကို သင်လက်ခံခြင်း၊ လက်မခံခြင်းပြဿနာမဟုတ်ပါ။ သင့်ကို စဉ်ဆက်မပြတ်ချစ်နေမည်။ ခရစ်တော်၏မေတ္တာသည် သူ့လူများအတွက် ရောင်ပြန်ဟသကဲ့သို့ ငါ့မေတ္တာသည်လည်း သင့်အတွက်ဖြစ်စေလိုသည်။ စစ်မှန်သောမေတ္တာသည် မျှော်လင့်ချက်ကို ဖြစ်စေတတ်သည်။*

*အသက်ရှင်ပေးဖို့ထက် ကြီးမြတ်သောအရာရှိပါသလား။*
*မြင့်မြတ်သောစစ်ပွဲဟူ၍ ရှိပါသလား။*
*အနိုင်ယူခြင်းထက် ပိုကောင်းသောအရာရှိပါသလား။*
*မည်သည့်အရာမျှမရှိပေ။*
*ငါသည် အဆုံးတိုင်အောင်ပြေးရန် ဖန်ဆင်းခြင်းခံ၏။*
*ငါသည် ဘုရားသခင်နှင့်သင့်အဖို့ အကြွင်းမဲ့မေတ္တာပြေးလမ်း၌*
*ကိုယ်တော်၏ကျေးဇူးနှင့်တန်ခိုးတော်အားဖြင့် ပြေးမည်။*
*ငါမေတ္တာနှင့်ရှိသမျှတို့သည် သင့်အဖို့ ဖြစ်ပါစေသော။*

## လင်ယောကျ်ား၏ဆုတောင်းချက်

ကောင်းကင်ဘုံ၌ရှိတော်မူသောကျွန်ုပ်တို့၏အဖ၊ မိမိ၏လိုအပ်ချက်အတွက် သန့်ရှင်းသောစစ်ပွဲကိုကြေငြာပါ၏။ ကျွန်ုပ်သည် ကိုယ်တော်၏ ခိုင်မြဲသောမေတ္တာလက်နက်ကိုရွေးချယ်၏။ ကျွန်ုပ်သည် ချစ်တတ်ရန်ဖန်ဆင်းခြင်းခံသောသူဖြစ်၏။ ကိုယ်တော်ကိုလည်းကောင်း၊ မိမိမယားကိုလည်းကောင်း မပြစ်မှားမိစေရန် စက်ဆုပ်ရွံရှာဖွယ်ကောင်းသောအတ္တကို ဖယ်ရှားပေးတော်မူပါ ။ အပြစ်တင်ခြင်းနှင့်လောဘကြီးခြင်းဘက်သို့ပို့ဆောင်သောတွေးတောကြံစည်ခြင်းနှင့် ဝေးစေတော်မူပါ။

ကျွန်ုပ်သည် ဖြူစင်သောမေတ္တာဖြင့် ချစ်ရန်ရွေးချယ်ပါ၏။ ကျွန်ုပ်မယားအပေါ်၌ သန့်ရှင်းသောသဘောဖြင့် အသက်ရှင်ရန်ရွေးချယ်ပါ၏။ သေခြင်းနှင့်ရှုပ်ထွေးခြင်းမှောင်မိုက်တံခါးတို့ကိုမေတ္တာဖြင့် ထိုးဖောက်လိုပါ၏။ကျွန်ုပ်မယား၏စိတ်ဝိညာဉ်ထဲ၌ ရှိသည့်ကြောက်ရွံ့ခြင်းနှင့်သံသယတို့ကိုရှင်းထုတ်ပေးသနားတော်မူပါ။

အိုအဖဘုရား၊ ကျွန်ုပ်ကိုဝိညာဉ်တော်နှင့် ပြည့်ဝစေတော်မူပါ။ ကိုယ်တော်၏ခေါ်ယူတော်မူခြင်းသည် အလွန်မြင့်မြတ်သောကြောင့် ခရစ်တော်အားဖြင့် ကျွန်ုပ်၏စိတ်ဝိညာဉ်အပြစ်များကို သန့်ရှင်းစေတော်မူပါ။ ကျွန်ုပ်ရွေး

ချယ်သောမိန်းမ၌ ဘဝတစ်ခုလုံးမြှပ်နှံ၍ အသက်ရှင်စေတော်မူပါ။ မယားတစ်ဦးသာရှိ၏။ မယားတစ်ဦးတည်းကိုသာအလိုရှိ၏။ ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့ဇနီးမောင်နှံအတူတကွအသက်ရှင်သည့်ကာလပတ်လုံး သူ့ကိုသာပြုစုစောင့်ရှောက်ပါမည်။

အကျွန်ုပ်တို့၏စိတ်မချမ်းမြေ့ဖွယ်ရာများသည် ကိုယ်တော်၏လက်တော်အားဖြင့် တို့ထိခြင်းခံရမည်အကြောင်း မျှော်လင့်ချက်၊ ဝမ်းမြောက်ခြင်းနှင့်မေတ္တာတရားတို့ကိုပေးသနားတော်မူပါ။ အခြားမည်သည့်အတွက်မျှမဟုတ်ဘဲကိုယ်တော့်အဖို့အလို့ငှာ ဤပြေးပွဲကိုယှဉ်ပြိုင်ခွင့်ပေးတော်မူပါ။ ကျွန်ုပ်မယားအား စဉ်ဆက်မပြတ်ကောင်းသောပြုမူခြင်းနှင့်စကားလုံးများဖြင့် ပြသနိုင်ဖို့ရန်မစတော်မူပါ။ကိုယ်တော်၏မေတ္တာဘုန်းသည် ဤမြေကြီးနှင့် ကျွန်ုပ်မယားအပေါ်၌ ထင်ရှားပါစေသော။ ဘုရားသခင်၏သားတော်၊ ခရစ်တော်၏ကျေးဇူးနှင့်သွေးတော်အားဖြင့် ဆုတောင်းပါ၏။ အာမင်!

## *ကိုယ်တွေ့အသုံးချခြင်း*

ဤသင်ခန်းစာနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မျှော်လင့်ချက်ကား အိမ်ထောင်သည်လင်ယောကျ်ားတိုင်း ဘုရားသခင်၏အာဂပေ-မေတ္တာဖြင့် အသက်ရှင်ဖို့ရန် မိမိကိုယ်ကိုဆက်ကပ်သူများဖြစ်စေလိုပါသည်။ အထက်ကကတိသစ္စာကိုကျယ်ကျယ်ဖတ်ပါ။၎င်းကိုသင်ကိုယ်ပိုင်အဖြစ် အသုံးပြုနိုင်ပါသလား။ အဘယ့်ကြောင့်အသုံးပြုနိုင်၍၊ အဘယ့်ကြောင့်အသုံးမပြုနိုင်သနည်း။ ဆက်လက်ဆုတောင်းပါ။ သင်ပုံမှန်ဆုတောင်းခြင်းအားဖြင့် သင့်အခြေအနေ၊ စမ်းသပ်ခြင်းများနှင့်စိန်ခေါ်မှုများသည် ပိုမိုကောင်းမွန်လာလိမ့်မည်။

မယားတို့၊ သင်တို့၏ယောကျ်ားများသည် ဘုရားသခင်၏လူများဖြစ်ရန် ဆုတောင်းပေးကြလော့။ သူတို့အဖို့ အားမလျှော့ဘဲ စဉ်ဆက်မပြတ်ဆုတောင်းကြလော့။ သင့်ယောကျ်ားသည် သင့်ကိုအာဂပေ-မေတ္တာဖြင့် ချစ်မချစ်စဉ်းစားကြည့်ပါ။ ထို့နောက် သူ့အဖို့ ဆုတောင်းပါ။ ဆုတောင်းရန် လိုအပ်ချက်များကိုတစ်ခုပြီးတစ်ခုရေးချပါ။သင့်ယောကျ်ား၌ တိုးတက်မှုတစ်စုံတစ်ရာ တွေ့မြင်သောအခါ သိမ်မွေ့စွာအားပေးပါ။

မေတ္တာသည် ခက်ခဲသောအချိန်၌သာ ပြသရန်မဟုတ်ဘဲ နေ့ရက်တိုင်း၌ ပြသရန်ဖြစ်သည်။ အကြံတစ်ခုသည် ဇနီးမောင်နှံတို့ကို သူတို့၏ပေါင်းသင်းဆက်နွယ်ခြင်း၌ ပိုမိုကောင်းမွန်စေနိုင်သည်။ ခင်ပွန်းတိုင်း မိမိ၏မေတ္တာခံစားပုံကိုလမ်းစဉ်နှစ်မျိုးဖြင့် ရေးချရမည်။ သင့်ခင်ပွန်း၏မေတ္တာခံစားပုံကိုလည်း သင်ထင်ထားသည့်အတိုင်း လမ်းစဉ်နှစ်မျိုးဖြင့် ရေးချရမည်။ ထိုမှတ်စုတို့ကိုနှိုင်းယှဉ်၍ ဆွေးနွေးပါ။

## အခန်း #၂

## လေ့လာရန် မေးခွန်းများ

၁။ ကောင်းမွန်သောအိမ်ထောင်ပြုခြင်းအတွက် ပထမပဓာနကျသောဥပဒေသကား အဘယ်နည်း။
၂။ ဤဥပဒေသကို ဖော်ပြသည့်စကားလုံးသုံးလုံးကို ဖော်ပြပါ။
၃။ မေတ္တာ၏ဥပဒေသအားဖြင့် အသက်ရှင်ရန် ခြေလှမ်းလှမ်းဖူးပါသလား။ မည်ကဲ့သို့လှမ်းရပါသနည်း။
၄။ တပ်မက်ခြင်း၏လမ်းစဉ်လိုက်ခြင်းအားဖြင့် လိမ်ညာဖူးပါသလား။ ရှင်းပြပါ။
၅။ ဘုရားသခင်၏မေတ္တာကို ထိုက်တန်သည်ဟု ခံစားပါသလား။ အဘယ့်ကြောင့်ခံစား၍ အဘယ့်ကြောင့်မခံစားပါသနည်း။
၆။ ဘုရားသခင်၏မေတ္တာ တွေ့ကြုံခံစားခြင်းဖြင့် သင့်ကိုသတိပေးသောအဖြစ်အပျက်ကိုဝေမျှပါ။
၇။ ဂရိစကားဖြင့် မေတ္တာသုံးမျိုးကိုဖော်ပြပါ။ တစ်ခုစီက အိမ်ထောင်ပြုခြင်းကို မည်သို့ပံ့သွင်းသနည်း။
၈။ အဘယ့်ကြောင့် မေတ္တာအားဖြင့် ခွင့်လွှတ်ရမည်နည်း။ သင့်ခင်ပွန်းကို အကြွင်းမဲ့ခွင့်လွှတ်ဖူးပါသလား။
၉။ မေတ္တာနှင့်တပ်မက်ခြင်းသည် မည်ကဲ့သို့ဆက်စပ်မှုရှိသနည်း။
၁၀။ မေတ္တာကို မထိန်းချုပ်နိုင်သောလင်ယောက်ျားအား မည်သည့်အရာကို ပြောဆိုသင့်သနည်း။
၁၁။ ဘုရားသခင်သည် သစ္စာရှိသောလင်ယောက်ျား၏မေတ္တာဖြင့် မယားကို မည်ကဲ့သို့ကူညီသနည်း။
၁၂။ သင့်မေတ္တာကို သင့်မယားက ငြင်းပယ်လျှင် သင်သည် မည်သည့်အရာကိုပြုသင့်သနည်း။




## #၃ နှိမ့်ချသောဝန်ခံခြင်း - အသက်ရှင်ခြင်း နိယာမ၂

ဘုရားသခင်သည် ကောင်းမွန်သောအိမ်ထောင်ဖြစ်စေခြင်းငှာ လမ်းကိုပြင်ဆင်ပေးသည်။ သူ၏ပုံဖော်ခြင်းသည် အပြည့်အဝယုံကြည်စိတ်ချထိုက်ပေသည်။ အိမ်ထောင်ပြုခြင်းသည် မုန်တိုင်းတိုက်ခတ်သောည၌ သဘောဆိပ်ကမ်းသို့ဆိုက်ရောက်ရန် ခုတ်မောင်းလျက်ရှိသောသင်္ဘောတစ်စင်းနှင့် တူညီမှုရှိ၏။ အရာရာကိုမှန်းဆပြီး လုပ်ဆောင်ရသည်။ မှားယွင်းမှုများသည် သေစေနိုင်သည်။ မိမိတို့ပတ်ဝန်းကျင်၌ရှိသည့်အိမ်ထောင်ရေး၏အားနည်းချက်များကို တွေ့မြင်နေရသည်။ အိမ်ထောင်ပြုပြီးသောသူတို့သည်လည်း မသိရှိသောအပြစ်အနာအဆာပေါ်လာ၍ သူတို့၏အိမ်ထောင်ရေး မွေနှောင့်ဖျက်ဆီးမည်ကို စိုးရိမ်ကြသည်။ ကျွန်ုပ်တို့သည် စိုးရိမ်ခြင်းတစ်ခုကိုသာ တွန်းလှန်ခြင်းမဟုတ်ဘဲအိမ်ထောင်ရေးနှင့်ဆက်စပ်၍ ဘုရားသခင်၏ကြီးမြတ်သောအကြံအစည်၌ယုံကြည်ခြင်းဖြင့် အသက်ရှင်ရန် ရွေးချယ်မှုပြုရမည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏အကြံအစည်၌ ကိုးစားသောအခါ မိမိတို့၏ယုံကြည်ခြင်းကို ဘုရားသခင်ထံ၌ ချထားသောသူများဖြစ်လာကြသည်။ ထိုယုံကြည်ခြင်းသည် မိမိတို့၏အသက်တာများအတွက်သာမ မိမိတို့နီးနားရှိ ဒုက္ခဆင်းရဲကို ခံလျက်ရှိသည့်အကူအညီလိုနေသောဇနီးမောင်နှံများအတွက်လည်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား မျှော်လင့်ခြင်း၌အသက်ရှင်စေလိုသည်။ သင်္ဘော၏အလင်းအိမ်ရောင်ခြည်တန်းပေါ်လာအခါ သင်္ဘောကေပတိန်သည် ချက်ချင်းထိုအလင်း၏တောင်ဘက်ခြမ်း ဆိပ်ကမ်းလုံခြုံရာသို့ ရွက်လွှင့်ရန် သိရှိလာ၏။ အိမ်ထောင်ရေးအတွက် မိမိတို့၏ကိုးစားမှုကို ဘုရားသခင်၏အကြံအစည်ထဲ၌ ချထားခြင်းသည် လုံခြုံသောအရပ်ဆိပ်ကမ်းရှိရာသို့ပို့ဆောင်သောအလင်းကဲ့သို့ဖြစ်သည်။

အိမ်ထောင်ပြုခြင်းနှင့်ပတ်သက်၍ ဘုရားသခင်၏ပုံဖော်ခြင်းသည် အပြည့်အဝယုံကြည်စိတ်ချထိုက်ပေသည်။ ဦးစွာပထမကျွန်ုပ်တို့သည် ဘုရားသခင်၏ပုံဖော်ခြင်း မည်ကဲ့သို့လုပ်ဆောင်သည်ကို သင်ယူပြီးမှ ၎င်း၏လုပ်

ဆောင်ခြင်းထဲသို့မိမိတို့၏အသက်တာများကို အပ်နှံကြမည်ဖြစ်သည်။ ယခုဤအခန်း၌ "အသက်တာ၏ဥပဒေသ"ကို လေ့လာသွားမည်။ "အသက်တာ၏ဥပဒေသ"ဟူသောစကားစုကိုအသုံးပြုရခြင်းမှာ အထူးသဖြင့် အိမ်ထောင်ပြုခြင်းကဲ့သို့သောအနေအထားများ၌ ကျင့်သုံး၍ရသောကြောင့်ဖြစ်သည်။ ထိုမျှမက အသက်တာ၏ဥပဒေသသည် ဝိညာဉ်သဘောအတိုင်း ဘုရားတရားကြည်ညိုခြင်းအတွက်လည်း လိုအပ်သောကြောင့်ဖြစ်သည်။

အသက်တာ၏ပထမဥပဒေသဖြစ်သည့် "အကြွင်းမဲ့ချစ်ခြင်းမေတ္တာ" သည် မေးခွန်းတစ်ခုကို နှိုးဆွပေးသည်။ မိန်းမသည် အဘယ့်ကြောင့် ချစ်ရန်မိန့်တော်မူခြင်းကိုမခံရသနည်း။ မိန်းမသည် သူ၏လင်ကို ချစ်သင့်သည်။ ၎င်းသည် သိပြီးသားဖြစ်သည်။လူတိုင်းအခြားသူများကို ချစ်ရန်တာဝန်ရှိ၏။ လင်ယောကျ်ားတို့အဖို့ ချစ်ရန် မိန့်ကြားချက်သည် သင်္ဘော၏အလင်းအိမ်ထဲက ရောင်ခြည်တန်းကဲ့သို့ဖြစ်၏။




လင်ယောကျ်ားတို့သည် သူတို့၏အိမ်ထောင်ပြုခြင်းကို အထောက်အကူဖြစ်စေရန် အလင်းများစွာမလိုအပ်ပေ။ ဘုရားသခင်သည် မည်သည့်အပိုင်းကပြုပြင်ရန် လိုအပ်၍ မည်သည့်အပိုင်းက အစားထိုးရန်လိုအပ်ကြောင်းကိုသိရှိတော်မူ၏။ ကိုယ်တော်၏အကြံဉာဏ်သည် ဖြောင့်တန်း၏။ ယေဘုယအားဖြင့် မယားတို့သည် လင်ယောကျ်ားများကဲ့သို့ချစ်ရန် မိန့်ဆိုခြင်းမခံရကြပေ။ သူတို့သည် သူတို့၏တွေးတောကြံစည်ခြင်း၊ ပြောဆိုခြင်းနှင့်ပြုမူခြင်းတို့၌ ချစ်ခြင်းခံသောသူများဖြစ်ကြသည်။ မိန်းမတို့သည် တမူထူးခြားစွာဖန်ဆင်းခြင်းခံကြ၍ သူတို့၏လင်ယောကျ်ားများနှင့် ဆက်နွယ်မှု၌လည်း အလွန်ထူးခြားသောသူများဖြစ်ကြ၏။

*"အချင်းမိန်းမတို့၊ သခင်ဘုရား၏အုပ်စိုးခြင်းကို ဝန်ခံသကဲ့သို့ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံကြလော့"(ဧ ၅:၂၂)။*


ဤမိန့်ဆိုချက်က မိန်းမတို့၏ရုပ်ထွေးမှုများစွာကို အထောက်အကူဖြစ်စေ၏။ မိန်းမ၏စိတ်ဝိညာဉ်ကို အမှောင်ထုကြီးကဝန်းရံသဖြင့် အသံမျိုးစုံဖြင့်အော်ဟစ်သောအခါ ဘုရားသခင်၏ရှင်းလင်းသောအလင်းက လိုအပ်သောလမ်းညွှန်ချက်ကိုယူဆောင်လာပေး၏။ ဘုရားသခင်သည်ဤရိုးရှင်းသောအမိန့်နှင့်ဖြောင့်တန်းသောအမိန့်တို့ကို ထိုမိန်းမအတွက် လိုအပ်သောအချိန်များ၌ အထောက်အကူပြုရန် ယူဆောင်လာ၏။ မိန်းမတို့သည် ယောတို့၏

အုပ်စိုးခြင်းကိုဝန်ခံကြသောအခါ သူတို့၏ခေါ်ယူခြင်းကို အမှတ်ရ၍ ကြွယ်ဝသောပြည့်စုံခြင်းကို တွေ့ရှိကြသည်။

## က။ ဒုတိယအဆင့် အသက်ရှင်ခြင်း နိယာမကို နားလည်သဘောပေါက်ခြင်း - နှိမ့်ချသောဝန်ခံခြင်း

လူများရင်ဆိုင်နေရသည့် ကျော်လွှားမရသောအိမ်ထောင်ရေးပြဿနာများကြောင့် အိမ်ထောင်ရေးသည် အလွန်ရှုပ်ထွေးပါသည်ဟု ထင်စရာဖြစ်သည်။ ဘုရားသခင်ကမူ ထိုသို့မလွှမ်းမိုးစေလိုပေ။ အဖြေသည် အထဲ၌ရှိ၏။ ဘုရားသခင်သည် အလွန်စိတ်ရှုပ်ထွေးနေချိန်၌ပင် ကျွန်ုပ်တို့သိရှိရန် လိုအပ်သောအရာသို့အလွယ်တကူဝင်ရောက်နိုင်ရန် သင်ခန်းစာရုပ်လုံးပုံကို ပေးပြီးဖြစ်သည်။

အိမ်ထောင်ရေးကို ပုံဖော်ခြင်းသည် သားတော်၌ ထင်ရှားခဲ့ပြီးသောဘုရားသခင်၏ရွေးနှုတ်ခြင်း အကြံအစည်ဖြစ်ပြီးနောက် ရုပ်လုံးပုံပေါ်လာခြင်းဖြစ်သည်။ သမ္မာကျမ်းစာက ခရစ်တော်နှင့်အသင်းတော်၊ လင်နှင့်မယားဟူ၍ နက်နဲသည့်ယှဉ်တွဲပြမှုဖြင့် ဖော်ပြခေါ်ဆိုခဲ့သည်။ တနည်းအားဖြင့် ခရစ်တော်ဆင်းသက်လာခြင်းနှင့် သူ့လူတို့အဖို့ ဘုရားသခင်၏မေတ္တာ ပြသခြင်းသည် အိမ်ထောင်ရေးနှင့်ဆိုင်သည့်သမ္မာတရားကို ဖွင့်ပေးခြင်းဖြစ်သည်။



တစ်ခါတစ်ရံ ကြီးထွားလာသောအိမ်ထောင်သည် ပြန်လည်ပျိုကွဲနိုင်သည်။ ထိုအချိန်၌ ဝိညာဉ်ရေးရာသမ္မာတရားကသာ သူတို့၏အိမ်ထောင်များ မည်ကဲ့သို့တိုးတက်ရမည်ကို ပိုမိုနားလည်ရန် အထောက်အကူပြုတတ်သည်။

ဘုရားသခင်သည် ခရစ်တော်ကို ငါတို့အပြစ်အဖို့ အသေခံစေခြင်းဟာ စေလွှတ်သောအခါ နက်နဲသောသတင်းကောင်းသည် စတင်ဖြန့်ဝေလာသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုမချစ်သော်လည်း သူသည် ငါတို့ကိုချစ်တော်မူ၏။ ကျွန်ုပ်တို့အပြစ်များ ခွင့်လွှတ်ခြင်းရရှိစေခြင်းဟာ လက်ဝါးကားတိုင်လိုအပ်သည်။ ထိုသို့ဖြင့် ငါတို့သည် ကိုယ်တော်၌ ပြန်လည်သင့်မြတ်ခြင်းကို ရရှိမည်ဖြစ်သည်။ ဤကား ဘုရားသခင်၏ကြီးမြတ်ခြင်းပင်ဖြစ်၏။ ဤအကြွင်းမဲ့မေတ္တာသည် မယားအဖို့ လင်ယောကျ်ား၏မေတ္တာကို ပုံသွင်းမည့်ပထမအဆင့်အသက်ရှင်ခြင်း၏ဥပဒေသဖြစ်ပါသည်။ သမ္မာကျမ်းစာက ဤမေတ္တာအကြောင်းကို ဖေက်ဩဝါဒစာ အခန်းကြီး ၁ ၌ ရှင်းလင်းစွာဖော်ပြထားသည်။

*"ခပ်သိမ်းသောသတိပညာတော်နှင့်လျော်စွာငါတို့၌အတိုင်းထက်အလွန်များလှစွာသောကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ ထိုသား*

*တော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသောရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏" (ဧ ၁:၆)။*

ကိုယ်တော်သည် ငါ တို့ကိုချစ်လျက်၊ ရွေးကောက်လျက်၊ အဖိုးနှင့် ဝယ်တော်မူ၏။ထိုသို့ဖြင့် ငါတို့သည် ကိုယ်တော်နှင့်ဆိုင်၍ထာဝရကာလပတ်လုံး သူ၏ကြီးမြတ်သောဘုန်းအသရေ၌ ဝေမျှခံစားမည်ဖြစ်သည်။ ၎င်းကား စစ်မှန်သောဘုရားသခင်၏မေတ္တာဖြစ်၍ မည်သူမျှငါတို့ကိုမချစ်သော် လည်း ထိုမေတ္တာသည် ငါတို့၏စိတ်ဝိညာဉ်ကိုလွှမ်းမိုး၍ ရောင်ခြည်ဖြန့်ထွက် လေ၏။ ကိုယ်တော်၏မေတ္တာသည် ကျွန်ုပ်တို့တောင့်တသမျှတို့ကိုရောင့်ရဲ စေတော်မူ၏။ မိမိတို့၏ဇနီးသည်များသစ္စာမဲ့နေချိန်၌ပင် ကိုယ်တော်၏မေတ္တာတရားသည်ကျွန်ုပ်တို့ကိုပြည့်ဝစေသောကြောင့် မိမိတို့၏မိတ်ဆွေများကိုကောင်းမွန်စွာတုံ့ပြန်ဆက်ဆံနိုင်ကြခြင်းဖြစ်သည်။

လင်ယောကျ်ားသည် အသင်းတော်အပေါ်၌ရှိသော ဘုရားသခင်၏ မေတ္တာအတိုင်း တုံ့ပြန်မှုပြုလာသောအခါ မယားသည်လည်း စံထား၍ ထို့အတူတုံ့ပြန်မှုပြုလေ၏။ အသင်းတော်သည် သခင်ဘုရား၏လမ်းညွှန်မှုကိုသစ္စာရှိရှိတုံ့ပြန်သည့်အတိုင်း မယားသည်လည်း လင်ယောကျ်ား၏လမ်းညွှန်မှုသို့ လိုက်လေသည်။ *"အသင်းတော်သည် ခရစ်တော်၏အုပ်စိုးခြင်းကို ဝန်ခံသကဲ့သို့မိန်းမတို့လည်း ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို အရာရာ၌ ဝန်ခံရကြမည်"(ဧ ၅:၁၄)။* ဘုရားသခင်က အစဉ်ထာဝရချစ်မည့်အသင်းတော်သည် ကြောက်ရွံ့ရှိသေခြင်းရှိသည်။ ထိုအသင်းတော်သည် ဝိုင်းပယ်ခြင်းကိုမလိုလားပေ။ သခင်ဘုရားသည် မိမိလူတို့ကို သူ၏ရွေးနှုတ်ခြင်းအကြံအစည်၌ ထည့်၍ မိမိ၏ထာဝရချမ်းသားထဲသို့ မျှဝေခံစားစေမည့်အကြောင်း သူတို့ကိုရွေးဝယ်တော်မူ၏။

အသင်းတော်သည် သခင်ဘုရား၌သစ္စာရှိ၍ နာခံမှုရှိရန် ကျေနပ်နှစ်သိမ့်လျက် စိတ်အားပြင်းပြလျက်နေသည်။ ထို့အတူ မယားသည်လည်း လင်၏သတို့သမီးအဖြစ် ရွေးချယ်မှုကို ဝမ်းမြောက်စွာခံယူလျက် သူ၏အသက်တာကိုအပ်နှံခြင်းဖြင့် အသက်ရှင်ရမည်။ သူ့အမျိုးသားအဖို့ အရာရာကိုဝမ်းမြောက်စွာဖြင့် ပြုတတ်လာသည်။ သူ့အမျိုးသားအား အထူးအနေအထား၌ အစေခံခြင်းကို ပြည့်စုံခြင်းဟုလည်း မြင်တတ်လာသည်။

ဘုရားသခင်သည် မိမိ၏မေတ္တာ၌ ရည်ရွယ်ချက်ရှိ၏။ မိမိလူများအတွက် ရည်ရွယ်ချက်ရှိသည်။ မကြာခဏဆိုသလို မိန်းမတို့သည် အိမ်မှုကိစ္စ၊ ငိုနေသောကလေးကို အငိုတိတ်ခြင်း၊ တံမြက်စည်းလှည်းခြင်း စသည်အမှုများ၌မိမိတို့၏အချိန်နှင့်ခွန်အားကို တောင်းဆိုသည်ဟု လွဲမှားစွာခံယူတတ်ကြသည်။ မိန်းမအနေဖြင့် ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်သည့်သတို့သားခရစ်တော်ရရှိခြင်းကို ပြန်လည်စဉ်းစားဖို့ လိုအပ်သည်။ ထိုအကြောင်းအရာကို အောက်ဖော်ပြပါကျမ်းချက်၌ တွေ့ရှိနိုင်သည်။

*"အကြောင်းမူကား ထိုသခင်အားဖြင့် ငါတို့၌ကျေးဇူးပြု၍ ကျေးဇူးတော်၏အလွန်ကြွယ်ဝခြင်းကို နောင်ကပ်ကာလတို့၌ ထင်ရှားစေမည်အကြောင်းဖြစ်သတည်း။ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှဝါကြွားစရာအခွင့်မရှိ။ အဘယ်ကြောင့်နည်းဟူမူကား ငါတို့သည် ကောင်းသောအကျင့်တို့ကို ကျင့်ရမည်အကြောင်း ယေရှုခရစ်၌ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်၏။ ထိုကောင်းသောအကျင့်တို့၌ ငါတို့သည် ကျင်လည်ရမည်အကြောင်း ဘုရားသခင်သည် ငါတို့ကိုပြင်ဆင်တော်မူနှင့်ပြီ"(ဧ ၂:၇-၁၀)။*

အသင်းတော်အတွက် ဘုရားသခင်၏ရည်ရွယ်ချက်သည် သူ့လူတို့ထံသို့ သူ၏အတိုင်းအစမရှိသောကြွယ်ဝချမ်းသာမှုကို ယူဆောင်လာရန်ဖြစ်သည်။ တချိန်တည်း၌ပင် ၎င်းတို့ကို ရရှိပိုင်ဆိုင်ရမည့်အကြောင်း ကောင်းသောအမှုကိုပြုကြရန် အကျွန်ုပ်တို့အား တိုက်တွန်းထားသည်။ ဘုရားသခင်သည် ထိုအမှုအရာတို့ကိုကြိုတင်ပြင်ဆင်တော်မူနှင့်၏။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးနှင့်ကျေးဇူးတော်၌သာ လိုက်လျှောက်အသက်ရှင်ဖို့ လိုအပ်သည်။ ဘုရားသခင်၏အကြံအစည်နှင့်စပ်လျဉ်း၍ မိတ်ဆွေအနေဖြင့် မည်သို့ပြောဆိုမည်နည်း။ ဘုရားသခင်သည် နေ့စဉ်ကောင်းမြတ်သည်မဟုတ်လော။ အကျွန်ုပ်တို့သည် ကိုယ်တော်၏လူမျိုးစုများဖြစ်သည့်အလျောက်ကောင်းသောအမှုများကို စိတ်အားထက်သန်စွာပြုကြရမည်ဖြစ်သည်။ ခရစ်တော်၏ကောင်းသောအမှုများကို ပြီးမြောက်စေရန်ဖြစ်သည်။ သူတစ်ပါး၏အစေကိုခံခြင်းသည် ခရစ်တော်၏အစေခံရာရောက်သည်။

လင်ယောက်ျားအပေါ် မယား၏ဝတ္တရားများသည် မည်သည့်အရာမျှပြောင်းလဲခြင်းမရှိပေ။ မယားသည် ၎င်းတို့ကိုအကောင်အထည်ဖော်ရန် ခေါ်ထားခြင်းဖြစ်သည်။ ၎င်းတို့ကိုအကောင်အထည်ဖော်ခြင်းသည် သူမ၏အခွင့်ထူးပင်ဖြစ်၏။ တစ်နည်းအားဖြင့် သူမပြုရမည့်ဝတ်ဖြစ်သည်။ ၎င်းတို့သည် နာခံစရာများဖြစ်သည်။ သူမသည် ဘုရားသခင်၏မေတ္တာဖြင့် သတိရှိစွာပြုမူဆောင်ရွက်၍ အသက်ရှင်ပြသောအခါ သူမ၏လင်၊ ကလေးနှင့် လောကီလူသားတို့ကို အကျိုးသက်ရောက်မှုရှိစေသည်။



*"သူ၏သားသမီးတို့သည် ထ၍ အမိကိုကောင်းကြီးပေးတတ်ကြ၏။ သူ၏ခင်ပွန်းကလည်း လူမျိုးသမီးများတို့သည် ကောင်းမွန်စွာပြုကြပြီ၊ သို့ရာတွင်သင်သည် ထိုသူအပေါင်းတို့ကို လွန်ကဲသည်ဟု သူ့ကို ချီးမွမ်းတတ်၏"* *(သု၊ ၃၁: ၂၈-၂၉)*။

မိန်းမတို့အတွက် ဘုရားသခင်၏အကြံအစည်သည် ချုပ်နှောင်ခြင်းမဟုတ်ဘဲ လွတ်မြောက်ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ရှိရပါသည်။ မိန်းမ၏ဆက်ကပ်အပ်နှံခြင်းဆိုသည်မှာ ဘုရားသခင်၏မေတ္တာတရားကို ကျယ်ပြန့်စေခြင်းဖြစ်သည်။ အမျိုးသမီးတစ်ဦးသည် သူ့လင်ယောကျ်ားအား အပ်နှံရမည်ဟူသည့်သခင်ဘုရား၏အကြံအစည်ကို လူအများက မေးခွန်းထုတ်တတ်ကြသည်။ ဤအယူအဆများသည် ခရစ်တော်၏မိန့်တော်မူချက် အပေါ်ခံစားချက်များကို ရုတ်တရက်ပြောင်းလဲစေတတ်သည်။ ခရစ်တော်သည် ရွေလမ်းကိုခင်း၍ မိမိဘေးနား၌ ထိုမိန်းမကိုလျှောက်စေရန် ခေါ်ယူရခြင်းဖြစ်သည်။ ထိုလမ်း၏အဆုံး၌ ရဲတိုက်ရှိသည်။

အဘယ့်ကြောင့် သခင်ဘုရားက ဤမိန့်တော်မူချက်ကို မိန်းမများအား ပေးအပ်သနည်းဟူသောအရာကို ကျွန်ုပ်တို့ကောင်းကောင်းသိရှိဖို့ လိုအပ်ပါသည်။ ၎င်းသည် အမျိုးသမီးများ၏လုပ်ဆောင်ချက်နှင့်စပ်လျဉ်း၍ နားလည်မှုလွဲမှားခြင်းများကို အထောက်အကူပြု၍ ထိုမိန်းမကို ဆက်လက်အပ်နှံမှုပြုစေ၏။

## ခ။ ရွေးချယ်ခြင်းနှစ်ခု

လမ်းခရီးသည် ထင်ရှားစွာချထားပြီးဖြစ်သော်လည်း ထိုလမ်းခရီး၌ လျှောက်သွားသောအခါ ကသောင်းကနင်းဖြစ်စေသောအရာရှိနေသေးသည်ကို မယားသည် သိမြင်လာလိမ့်မည်။ သူ့အနေနှင့် အဘယ်အမှုပြုရမည်ကို တိကျသောရွေးချယ်မှုပြုရန်လိုအပ်ပါလိမ့်မည်။ သူ၏ခံစားချက်/သမ္မာကျမ်းစာတစ်ခုခု၏ဖော်ပြချက်ကိုလိုက်ရမည်။ အမှန်မှာ အလုပ်ကောင်းကောင်းလုပ်နိုင်ရန် သမ္မာတရားတချို့ကို ရှင်းလင်းစွာသိရှိဖို့ လိုအပ်ပါသည်။

- ထိုမိန်းမသည် အရာရာ၌ ယောကျ်ား၏အုပ်စိုးခြင်းကို ဝန်ခံရမည်။
- သူပြုရမည့်အမှုအရာအတွက် သူ့ယောကျ်ား၏လမ်းညွှန်မှုကိုနာခံရမည်။
- မိမိအဖို့ ဘုရားသခင်၏မေတ္တာထဲက အဓိကအားဖြင့် အတွင်းပိုင်းကျေနပ်ရောင့်ရဲခြင်းကို ရှာဖွေရမည်။
- သခင်ဘုရားအား မိမိ၏အကာအကွယ်ပေးသူနှင့်မစသူအဖြစ် ယုံကြည်ကိုးစားရမည်။

ယနေ့လောကီရေးရာသည် လူထုဆက်သွယ်ရေးကို လွှမ်းမိုးသည် ဖြစ်၍ပျမ်းမျှအားဖြင့် အမျိုးသမီးများကြားရသောအရာမှာ ဘုရားသခင်ထံမှ လာသည့်အရာထက် လောကထဲကပိုများသည်။ လောကသည် သူ့ကိုဖြား ယောင်းလျက်ရှိကြောင်း ရှင်းလင်းစွာနားလည်သဘောပေါက်ဖို့ လိုအပ်ပါ သည်။ ကျမ်းစာက စစ်မှန်သောအားရကျေနပ်ခြင်းသည် သူ၏ရွေးချယ်မှုကို ငြင်းပယ်၍ သူ့ယောကျ်ားအား နှစ်သက်စေရန် မိမိ၏စိတ်နှလုံးကို ပြင်ဆင်ခြင်း အားဖြင့် ဖြစ်ပေါ်လာသည်ဟုဖော်ပြသည်။ ထိုသို့ပြုခြင်းသည် သူ့ကိုခေါ်ယူ ခြင်းဖြစ်သည်ဟု ပို၍ခံယူလေ စိတ်အားထက်သန်မှု ပိုမိုရရှိလေဖြစ်သည်။ အမျိုးသမီးတို့၊ တလောကလုံးကို လှည့်လည်သောနတ်ဆိုး၏ကျယ်လောင် သောအသံကို သတိပြုကြလော့။ နတ်ဆိုး၏အသံကား "မိန်းမ၊ နင်သိပ်တော် တာပဲ။ နင် ဒီလိုလုပ်လိုက်တဲ့အတွက် တကယ်ထိတယ်။ ဒါ က ကောင်းတဲ့ ဘဝရပ်တည်ချက်ပါပဲ" ဟု သင့်ကို လှည့်ဖြားပြောဆိုလိမ့်မည်။

## ပုန်ကန်ထကြွခြင်းအားဖြင့် ပြည့်စုံခြင်း

မယားအပေါ်၌ ဘုရားသခင်ထားရှိသည့်အခွင့်အာဏာကို ငြင်း ပယ်စေခြင်းငှာ မယားသည် အစဉ်အမြဲသွေးဆောင်ခြင်းခံလျက်နေသည်။ ထို သို့သောအဖြစ်အပျက်သည် ဧဝအား လွတ်မြောက်ခြင်းနှင့်ဆိုင်သောလိမ္မာပါး နပ်သည့်ခေါ်ခြင်းအသံကို ကြားရသောအရပ် ဧဒင်ဥယာဉ်၌ ဖြစ်ပျက်ခဲ့၏။


*"ထိုအပင်သည် စားဖွယ်ကောင်း၏။ အဆင်းလည်းလှခြင်း၊ ပညာ တိုးပွားစေလိုသောငှာ နှစ်သက်ဖွယ်သောအပင်ဖြစ်ခြင်းကိုမိန်းမသည်မြင်လျှင် အသီးကိုယူ၍စား၏။ မိမိခင်ပွန်းအားလည်းပေး၍ သူသည်လည်းစား၏" (က၊ ၃:၆)။*

ဖြားယောင်းသွေးဆောင်ခြင်းသည် ကောင်းမွန်သောထိရောက်မှုရှိခဲ့ ဖူးသောကြောင့် စာတန်သည် ယနေ့ထိ ထိုသို့သောတိုက်ခိုက်မှုပုံစံကို အသုံး ပြုလျက်ရှိသည်။ စာတန်သည် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို သိမ်မွေ့စွာ စတင်မေးခွန်းထုတ်လာသည်။ မြွေက ဧဝအား ဘုရားသခင်သည် သင့်အ တွက် ပို၍ကောင်းမွန်သောအရာကို ထင်ချန်ထားသည်ဖြစ်၍ သင်သည် တစ် စုံတစ်ရာနှင့် လွဲနေသည်ဟုအကြံပြုလေသည်။

- စာတန်သည် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို မေးခွန်းထုတ်၏။
- ပိုမိုကောင်းမွန်သောအရာနှင့်လွဲနေသည်ဟု မိန်းမအား အကြံပြု၏။
- မိန်းမ၏စိတ်နှလုံးကို ဘုရားသခင်၏မိန့်တော်မူချက်နှင့် ဝေးစေ၏။
- ဧဝကို မိမိပြောဆိုရာသို့ဖြားယောင်းခေါ်ဆောင်သွားလေ၏။
- နောက်ဆုံးတွင် မိမိ၏ဖြားယောင်းမှုကို နာခံလာအောင် မိန်းမကိုစုံ စမ်းလေ၏။

မိန်းမသည် သခင်ဘုရား၏ရှင်းလင်းစွာဖော်ပြချက်နှင့် ခြားနားသည့် အရာကိုလုပ်ဆောင်ခြင်းအားဖြင့် သူမသည် စင်စစ်သူမ၏ယောကျ်ားအုပ်စိုးမှု အောက်မှထွက်လာ၍ အခြားတစ်ဦး၏အုပ်စိုးမှုအောက်သို့ မိမိကိုယ်ကိုကျ ရောက်စေ၏။ ကျမ်းစာက ဝေသည် လှည့်ဖြားခြင်းကိုခံသည်ဟုဆို၏။ သူမ လှည့်ဖြားခြင်းခံရာ၌ သူမ၏ထင်မြင်ချက်သည် ဘုရားသခင်ကိုနာခံခြင်းထက် သာ၍ကောင်းသည်ဟု ယုံကြည်လေ၏။ "မိန်းမတို့သည် မိမိတို့ယောကျ်ားများ ၏တောင်းဆိုချက်ကို လုပ်ဆောင်ခြင်းထက် မိမိတို့၏ထင်မြင်ယူဆချက်များ နှင့်ခံစားချက်များအတိုင်း မိမိတို့မှန်သည်ဟု ယူဆသောအရာများကိုလုပ် ဆောင်ရန် သာ၍နှစ်သက်ကြသည်မဟုတ်လော။"

မိန်းမတို့သည် ဘုရားသခင်၏သမ္မာတရား ကိုအစဉ်အမြဲ သတိမပြုဘဲနေလျှင် ရန်သူ၏ဖမ်းချုပ် ခြင်းကိုခံရ၍ မိမိတို့၏ထင်မြင်ချက်အတိုင်း ဆုံးဖြတ် ချက်များကို စတင်ပြုလုပ်နိုင်သည်။



**ဂ။ သိမ်မွေ့သော ဆွေးနွေးချက်များ**

**ဆွေးနွေးချက်#၁ - ဇနီးမောင်နှံတို့သည် မိမိတို့၏လွတ်လပ်မှုကို ထိန်းသိမ်းသင့်**

| လင်ယောကျ်ား | မယား |
|---|---|

ဤအရာသည် သမ္မာကျမ်းစာနှင့်မညီသော အိမ်ထောင်ပြုခြင်းဖြစ်၏။ သူတို့သည် ထိမ်းမြား သောအခါ တစ်ဦးချင်းစီ၏ထူးခြားမှုကို ဆုံးရှုံးကြ၏။

ယနေ့ ဇနီးမောင်နှံတို့ သည် ထိမ်းမြားခြင်းမင်္ဂလာကို ဥစ္စာခနများ အတူတကွမျှဝေခြင်း ဆိုင်ရာ လုပ်ငန်းကန်ထရိုက် ထက်မပိုဟု မကြာခဏထင်မြင် တတ်ကြ၏။ သူတို့သည် မိမိတို့ ကိုယ်စီ ပိုမိုကောင်းမွန်သောလွတ်လပ်မှုရရှိကြမည်ဟုထင်ကြ၏။

ဤသို့သောအိမ်ထောင်ပြုခြင်းသည် ထိခိုက်နစ်နာမှုမရှိသည့်ပုံစံကဲ့ သို့ပင်ထင်ရသည်။အကြောင်းမှာ ဇနီးမောင်နှံတို့သည် ကိုယ်စီအသက်ရှင်ကြ ၏။ ထိုသို့ အသက်ရှင်ခြင်းသည် အိမ်ထောင်ရေး၌ တလုံးတဝ

လင်ယောကျ်ား မယား

ဤသရုပ်ဖော်ခြင်းသည် တလုံးတဝတည်းဖြစ် ခြင်းကိုပိုမိုပေါ်လွင်စေသည်။ သူတို့သည် အချင်းချင်းအဖက်ပြုကြ၏။

တည်းဖြစ်ဟန်ရှိသော်လည်း သ မ္မာကျမ်းဆိုင်ရာ အိမ်ထောင်ပြု ခြင်းရုပ်လုံးပုံမဟုတ်ပေ။ ဤအမှု၌တစ်ဦးတစ်ယောက်က ယောကျ်ားနှစ်ဦး သို့မဟုတ် မိန်းမနှစ်ဦးရှိနိုင်သည်။ သူတို့သည် ကိုယ်စီအလုပ်ရှိ၍ ကိုယ်စီအသက်ရှင်ရန်းကန်ကြသည်။ သူတို့ အဖို့ အိမ်ထောင်ပြုခြင်းသည် လူမှုဝန်ထမ်းလုပ်ငန်းအထောက်အကူကဲ့သို့ပင်

ဖြစ်သည်။ ဤသို့သောရှုထောင့်အမြင်များကြောင့် အကြောင်းတစ်ခုခုထူးခြားလာလျှင် ကွာရှင်းရန်လည်း အသင့်ဖြစ်တတ်ကြ၏။ ကွာရှင်းခြင်းအမှုသည် သူတို့စိတ်နှလုံးသားထဲ၌ လူသားများ၏သဘောတူညီမှုကို ပယ်ဖျက်ခြင်းသာ ဖြစ်သည်ဟု ယူဆတတ်ကြသည်။

မည်သည့်သရုပ်ဖော်ခြင်းသည် လင်မယားနှစ်ဦးတို့၏အပြန်အလှန်မှီခိုခြင်းကိုပုံဖော်သနည်း။ သူတို့ဖြစ်ခြင်းသည် သီးခြားစီဖြစ်သော်လည်း ဘုရားသခင်ရှေ့၌ ပဋိညာဉ်အားဖြင့် ရောယှက်ကြသည်။ တစ်ဦးပေါ်တစ်ဦးအဖက်လုပ်ကြသည်။ သူတို့သည် တစ်ဦးကိုတစ်ဦးကို အလိုရှိကြ၏။ ယေရှုက၊

*"ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်။ ထို့ကြောင့်လင်မယားတို့သည် နှစ်ဦးမဟုတ်တဦးတည်းဖြစ်၏။ဘုရားသခင်တွဲဖက်၍ ထမ်းဘိုးတင်တော်မူသောအရာကိုလူမခွဲမခွာစေနှင့်ဟု မိန့်တော်မူ၏" (မာ၊ ၁၀:၈-၉)။*

မယားသည် လွတ်လပ်သောသူအဖြစ် သရုပ်ဖော်ခြင်းမဟုတ်ပေ။ လင်နှင့်မယားတို့သည် ဂီယာနှစ်ခုသဖွယ် အတူတကွပေါင်းစပ်ကြ၏။ နောက်တစ်ပုံသည် သမ္မာကျမ်းစာအမြင် အိမ်ထောင်ပြုခြင်းကိုဖော်ပြ၏။




**ဤပုံသည် ပို၍ကောင်းမွန်သော တလုံးတဝတည်းဖြစ်သည့်ဇနီးမောင်နှံတို့၏ ပုံရိပ်ကို ပုံဖော်ထားခြင်းဖြစ်သည်။**

ညာဘက်ခြမ်းတွင် သရုပ်ဖော်ထားသည့် လင်ယောကျာ်းနှင့် မိန်းမတို့သည် အိမ်ထောင်ပြုခြင်းအားဖြင့် ပေါင်းစပ်ကြပါသည်။ လင်ယောကျာ်းသည် စတင်အကောင်အထည်ဖော်သောအခါ မိန်းမသည် လည်းတုံ့ပြန်မှုပြုလာတတ်သည်။ သူတို့နှစ်ဦးစလုံးသည် တလုံးတဝတည်းဖြစ်ရန် လိုလားကြသည်။

သူတို့သည် နှစ်ဦးမဟုတ်တော့ဘဲ တသားတကိုယ်တည်းဖြစ်ကြ၏။ ဤပေါင်းစည်းခြင်းကို မည်သူမျှစုံလင်စွာမဖော်ပြနိုင်ပေ။ သို့သော် တစ်ဦးချင်းစီ၏ဖော်ပြချက်သည် ဘုရားသခင်၏အကြံအစည်ကို ပိုမိုနားလည်စေရန် ကျွန်ုပ်တို့ကိုအထောက်အကူပြုစေပါသည်။

ယောကျာ်းသည် မကြာခဏဗိုက်မဲသောသူ၊ တစ်ကိုယ်ကောင်းဆန်သောသူအဖြစ် ပုံဖော်ထားသည်။ မိန်းမသည် မိမိကို ထိခိုက်မည့်အမှုကိစ္စဟုရိပ်မိလျှင် သူ့ယောကျာ်းကိုမည်သည့်ဆုံးဖြတ်ချက်မျှချခွင့်မပြုတတ်ပေ။ ထိုသို့ပြုခြင်းသည် ယုတ်မာသောအကြံအစည်ဖြစ်ပြီး ဘုရားသခင်၏အလိုတော်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။

## ဆွေးနွေးချက်#၂ မိမိကိုယ်တိုင်နှင့်မိသားစုအတွက် ကာကွယ်ခြင်း

မိန်းမ၏လိုအပ်ချက်ကို သူ့ယောကျ်ားထံသို့တင်ပြရမည်ဟူသောအချက်အား လူများစွာက ငြင်းပယ်ရသည့်အကြောင်းရင်းမှာ သူမအတွက်နှင့် သူ့မကလေးများအတွက်ပါ ကာကွယ်ခြင်းကြောင့်ဖြစ်သည်။ ဤဆွေးနွေးချက်၏ယူဆချက်ကဘုရားသခင်သည် လိုအပ်ချက်ရှိသောမိန်းမနှင့်ကလေးများကို အကူအညီ/အကာအကွယ်မပေးဟု ဆို၏။ အကောင်းဆုံးကာကွယ်နိုင်သူမှာ မိန်းမကိုယ်တိုင်ပင်ဖြစ်သည်ဟူသောယုံကြည်မှုကြောင့်ဖြစ်သည်။ အကြောင်းမူကား မှားယွင်းသောယုံကြည်မှုသည် သူမ၏စိတ်နှလုံးထဲသို့ဝင်ရောက်လာသောကြောင့်ဖြစ်သည်။"ဘုရားသခင်သည် ကျွန်မတို့ကိုဂရုမစိုက်၊ကျွန်မတို့ကို မကူညီနိုင်ဟု ဆိုတတ်သည်။

ဘုရားသခင်၏သမ္မာကျမ်းစာသည် ဖြောင့်မှန်၏။ ကိုယ်တော်သည် ဖိနှိပ်မှုမှန်သမျှကို စိတ်ဝင်စား၍ မိမိအချိန်စေ့သောအခါ ၎င်းတို့ကိုစီရင်တတ်၏။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ စစ်မှန်သောခရစ်ယာန်ကလိုအပ်မှုရှိသောမိန်းမများနှင့်ကလေးများအား စိတ်နှလုံးအကြွင်းမဲ့ ကြည့်ရှုစောင့်ရှောက်ခဲ့သည့်ဖြစ်ရပ်ကို သမ္မာကျမ်းစာ၌ တွေ့ရှိထားသည်။ အကြောင်းမှာ ထိုသူတို့သည် မကြာခဏ ဖိနှိပ်ခြင်းကိုခံရသောကြောင့်ဖြစ်သည်။

**ယောကျ်ား → အခြား**

**ဤပုံသည် ထိန်းမနိုင်သိမ်းမနိုင် ဖြစ်ခြင်းကို တရုပ်ဖော်သည်။**

ဘုရားသခင်သည် စိတ်နှလုံးကို ကြည့်သောဘုရားဖြစ်သည်။ ကိုယ်တော်သည် မိန်းမတစ်ဦး၏ဝန်ခံခြင်းမရှိဘဲ အကြောင်းပြချက်အမျိုးမျိုးလုပ်တတ်သည့်အမူအကျင့်ကိုလည်း သိမြင်တော်မူ၏။ ဘုရားသခင်သည် အလွဲသုံးစားမှုဖြစ်ပျက်နေသည်ကိုသိမြင်နိုင်ရန် မျက်စိမကန်းပေ။ ထိုအရာတို့ကို ငါတို့ထက် ရင်နှီးကျွမ်းဝင်တော်မူ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မိန့်တော်ချက်ကို ငြင်းပယ်သောမိန်းမများအား အမှန်ရင်ဆိုင်ဖို့ရန် ငြင်းဆိုလျှင် ကျွန်ုပ်တို့၏ဖြေရှင်းနည်းက မိမိတို့ကို ကျိန်ခြင်းသို့ပို့ဆောင်ပါလိမ့်မည်။ ပို၍ကြီးမားသောပြဿနာသည် ထပ်၍ပေါ်လာမည်။ ဘုရားသခင်၌ မြဲမြံသောယုံကြည်ခြင်းရှိဖို့ရန် အလွန်အရေးကြီးပေသည်။

## ဆွေးနွေးချက်#၃ ဝန်ခံခြင်းသည် ယောကျ်ားအဖို့ မိန်းမအပေါ်နင်းချေရန်ဖြစ်စေ

အကြောင်းမလှစွာဖြင့် မိန်းမများသည် ယခင်ကရောယနေ့ကပါ ပိုမိုနိမ့်ကျသောဆက်ဆံခြင်းခံနေဟန်ရှိသည်။အမှန်မှာ ၎င်းသည် ဘုရားသခင်က မိန်းမအား ဖန်ဆင်းခြင်းအပေါ်ရှုထောင့်အမြင်မှန်မဟုတ်ပေ။ သို့သော် လူတို့သည် ကျမ်းစာကို ငြင်းပယ်လာသောအခါ ထင်ယောင်ထင်မှားဖြစ်စေသည့်

အမြင်အမျိုးမျိုးထွက်ပေါ်လာသည်။ မိန်းမတို့သည် ဘုရားသခင်၌ အလွန်တန်ဖိုးကြီးသောသူများဖြစ်ကြသည်။ လူသားများအဖို့ ဘုရားသခင်၏အကြံအစည်ထဲ၌ သူတို့လည်းပါဝင်သည်။

ဘုရားသခင်သည် ဤလောကသို့ကယ်တင်ခြင်းကို ယူဆောင်လာရန် မိန်းမကိုအသုံးပြုခဲ့ကြောင်း ကမ္ဘာဦးကျမ်း ၃:၁၅ ထဲတွင် တွေ့ရှိနိုင်သည်။ မောရှေသည် သူ့မိခင်၏ယုံကြည်ခြင်းမပါဘဲ နေဖူးပါသလော။ ယေရှုသည် သူ့မိခင်မာရိ၏ယုံကြည်ခြင်းမပါဘဲနေဖူးပါသလော။ ရှသတစ်အုပ်လုံးသည် အမျိုးသမီးတစ်ဦး၏သစ္စာတည်ကြည်ခြင်းအပေါ်၌ တည်ဆောက်ထားသည်ဖြစ်၍ မေရှိယအမျိုးဆင်းသက်လာရန် အကြောင်းရင်းဖြစ်စေခဲ့သည်။

အစမှာဖော်ပြသည့်အတိုင်း ဝန်ခံခြင်းသည် မိန်းမတစ်ဦးလုပ်ဆောင်ရန် ရိုးရှင်းမှန်ကန်သောအရာဖြစ်သည်။ ၎င်းသည် သူမအဖို့ ဘုရားသခင်ခေါ်ယူထားခြင်းဖြစ်သည်။ ၎င်းသည် သူ၏ဆုကျေးဇူးများ/ပါရမီများကို ငြင်းပယ်ခြင်းမဟုတ်ဘဲ သူ၏ဆုကျေးဇူးများနှင့်အခွင့်ထူးများထဲကတစ်ခုဖြစ်သည်။ သူမသည် ယောက်ျားအတွက် အထူးဖန်ဆင်းခြင်းခံသောသူဖြစ်သည်။ မိန်းမသည် ယောက်ျား၏ဦးဆောင်မှုအားဖြင့် မိမိ၏ဆုကျေးဇူးများကို အကောင်းဆုံးလုပ်ဆောင်ရန် ဘုရားသခင်က ဖန်ဆင်းခဲ့သည်။

လောကီလူသားများက "ဝန်ခံ"ဟူသောစကားလုံးကို အစွန်းအထင်းတစ်ခုကဲ့သို့မြင်ကြသော်လည်း တစ်ဦးချင်းစီ၏အသက်တာ၌ အရေးပါသည့်အပိုင်းဖြစ်သည်။ ဤစကားလုံးမပါဘဲလျက် လူ့ဘောင်အဖွဲ့အစည်းမလှုပ်ရှားနိုင်ပေ။ အောက်ပါဇယားသည် သမ္မာကျမ်းစာ၌ အသုံးပြုသည့်ပုံစံအမျိုးမျိုးကို ပြသထားခြင်းဖြစ်သည်။

| | |
|---|---|
| **ခပ်သိမ်းသောအရာတို့သည် ခရစ်တော်ထံသို့** | ခပ်သိမ်းသောအရာတို့သည် လူသားအောက်၌ချထားလျက်ရှိသောအခါခပ်သိမ်းသောအရာတို့ကို သူ့အောက်၌ ချထားတော်မူသော သူ၏အုပ်စိုးခြင်းကို သားတော်သည် ကိုယ်တိုင်ဝန်ခံလိမ့်မည် (၁ကော၊ ၁၅:၂၈) |
| **အစေခံကျွန်တို့သည် မိမိတို့၏သခင်ထံသို့** | မိမိတို့သခင်၏အုပ်စိုးခြင်းကိုဝန်ခံ၍ ငြင်းခုံခြင်းမရှိဘဲ အရာရာ၌ သခင်၏အလိုသို့လိုက်မည်အကြောင်းနှင့် (တိ၊ ၂:၉) |
| **အသက်ပျိုသောသူသည် အသက်ကြီးသောသူထံသို့** | ထိုနည်းတူ အသက်ပျိုသောသူတို့၊ အသက်ကြီးသောသူတို့၏စကားကို နားထောင်ကြလော့ (၁ပေ၊၅:၅) |
| **အသင်းတော်သည် ခရစ်တော်ထံသို့** | အသင်းတော်သည် ခရစ်တော်၏အုပ်စိုးခြင်းကို ဝန်ခံသကဲ့သို့ (ဧ၅:၂၄) |

| | |
|---|---|
| **လူတို့သည် အထွဋ်အမြတ် အာဏာစက်များထံသို့** | လူတို့သည် အထွဋ်အမြတ်အာဏာစက်၏အုပ်စိုးခြင်းကို ဝန်ခံစေခြင်းငှာရင်း၊ မင်း၏စကားကို နားထောင်စေခြင်းငှာရင်း၊ ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြု၍ အသင့်ဖြစ်စေခြင်းငှာရင်း (တိ၊၃:၁) |
| **မိန်းမတို့သည် သူတို့ခင်ပွန်းများထံသို့** | ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကဲ့ရဲ့ခြင်းနှင့် ကင်းလွတ်စိမ့်သောငှာ အသက်ပျိုသောမိန်းမတို့သည် ကိုယ်ခင်ပွန်းကိုချစ်သောသူ၊ ကလေးစောင့်သောသူ၊ စင်ကြယ်သောသူက၊ မိမိအိမ်ကိုပြုစုသောသူ၊ ကောင်းမွန်သောသူ၊ ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံသောသူဖြစ်စေခြင်းငှာ (တိ၊၂:၅) |

လူတိုင်း အဆုံးတွင် ဘုရားသခင်ထံ၌ ဝန်ခံရလိမ့်မည်။ သင်သည် ယခုပင်ဝန်ခံလျှင် ကြီးမြတ်သောဆုလာဘ်ရရှိဖို့ ကတိတော်ရှိသည်။ ကျွန်ုပ်တို့သည် အစိုးရမင်းများကိုဝန်ခံရန် ငြင်းဆိုလျှင် အမှန်ပင်တရားစီရင်ခြင်းခံကြရမည်။ နာခံခြင်းသည် အဆိုးဆုံးမဟုတ်၊ အကောင်းဆုံးအနေအထားကိုဖြစ်ပေါ်စေသည်။ ပြည့်စုံခြင်းသည် ယောက်ျား၏ဦးဆောင်မှုကို တွန်းလှန်ခြင်းအားဖြင့် ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ ဝန်ခံခြင်းအားဖြင့်သာဖြစ်ပေါ်လာသည်။

**ဆွေးနွေးချက်#၄ ဝန်ခံခြင်းသည် ဆင်းရဲဒုက္ခနှင့်တူညီသည်။**

လူတချို့က မိန်းမတစ်ဦးအဖို့ သူ့ယောက်ျားအား ဝန်ခံရန် တောင်းဆိုခြင်းကို အပြင်းအထန်ကန့်ကွက်တတ်ကြသည်။ အကြောင်းမှာ ၎င်းသည် ဆင်းရဲဒုက္ခရောက်စေခြင်းနှင့် တူသည်ဟု ယူဆကြသောကြောင့်ဖြစ်သည်။ အတွေ့အကြုံမလှသောသူများကပင် ဝန်ခံခြင်းနှင့်အတူ အိမ်ထောင်ပြုခြင်းသည် ကောင်းသောအရာဟု မထင်ကြပေ။ များစွာသောအမျိုးသမီးများသည် လင်ယောက်ျားတို့၏မတော်မတရားပြုကျင့်မှုများကို ခံကြရသည့်အတွက် စိတ်မကောင်းဖြစ်မိသည်။ မေတ္တာပေါ်၌ တပ်မက်ခြင်းစိုးမိုးလာသောအခါ အခြားသူများအပေါ်၌ တစ်ကိုယ်ကောင်းဆန်စိတ်ရှိလာသည်။ မတော်မတရားပြုမှုလည်း ဖြစ်ပျက်လာသည်။ ၎င်းသည် ဒုစရိုက်အပြစ်ဖြစ်၍ ခရစ်တော်ပြန်မလာမီတိုင်အောင် ရှိနေအုန်းမည်ဖြစ်သည်။

မိန်းမများသတိပြုရမည်မှာ အမှုကိစ္စများကို မိမိတို့လက်ဝယ်ပိုက်သောအခါ သာ၍အန္တရာယ်ကြီးစေသည်ဟူသောအရာပင်ဖြစ်၏။ မိန်းမတစ်ဦးသည် မိမိယောက်ျားကိုမနာခံသောအခါ သူကိုယ်တိုင်မှစ၍ ကလေးများနှင့် လူဘောင်အဖွဲ့အစည်းပါ ဆင်းရဲဒုက္ခခံစားနိုင်သည်။ မိန်းမ၏စိတ်နှလုံးမာကျောခြင်းသည် အခြေခံအားဖြင့် ပြောင်းလဲခြင်းနှင့်တိုးတက်ခြင်းတို့အတွက် မျှော်လင့်ချက်တံခါးကို ပိတ်ထားခြင်းပင်ဖြစ်သည်။

ယောက်ျား၏မိုက်မဲသော အပြုအမူများဖြစ်သည့်သောက်စားသူများနှင့်ပေါင်းသင်းခြင်း၊ မူးယစ်ဆေးသုံးစွဲခြင်း၊ မတရားသောမြေထုံမှိုင်ခြင်းစသည်တို့ကြောင့် ပျက်စီးသွားသောမိသားစုဝင်များကို မိမိတို့တွေ့ဖူးနိုင်သည်။ လင်ယောက်ျား၏မေတ္တာသည် ဤမြေကြီးပေါ်၌ စုံလင်မှုမရှိသည်ကို ကျွန်ုပ်တို့သဘောတူပါသည်။ တစ်ခါတစ်ရံတစ်စုံတစ်ရာသည် ဖြစ်သင့်သည့်အရာနှင့်လုံးဝဆန့်ကျင်နေသည်ကို ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ ထိုသို့ဆိုသော် ဝန်ခံခြင်းနှင့်စပ်လျဉ်း၍ မိန်းမသည် ဆင်ခြေပေးလို့ရသည်ဟု မဆိုလိုပေ။ မိန်းမသည် မိမိအတွက်ရော မိမိ၏မိသားစုလိုအပ်ချက်အတွက်ပါ ဘုရားသခင်ထံ၌ကိုးစားဖို့လိုသည်။

*"အထက်ဆိုခဲ့ပြီးသည်နည်းတူ မိန်းမတို့၊ ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကိုဝန်ခံကြလော့။သို့ပြု၍ နှုတ်ကပတ်တရားကိုနားမထောင်သောယောက်ျားအချို့ရှိလျှင် ထိုသူတို့သည် တရားမနာသော်လည်း သင်တို့၏ကြောက်ရွံ့ခြင်းနှင့်စင်ကြယ်သောအကျင့်တို့ကို ထောက်ရှု၍ မိမိမယား၏အကျင့်အားဖြင့် သွေးဆောင်လျက် အတူပါမည်အကြောင်းရှိ၏" (၁ပေ၊ ၃:၁-၂)။*

မိန်းမသည် ဘုရားသခင်ကိုကိုးစား၍ သစ္စာစောင့်ခြင်းအားဖြင့် ဘုရားသခင်၏မေတ္တာနှင့်ကရုဏာကို တုံ့ပြန်နေခြင်းဖြစ်သည်။ ဘုရားသခင်ထံ၌ထိုသို့မျှော်လင့်ခြင်းသည် ကိုယ်တော်၏ကျေးဇူးတော်နှင့်မေတ္တာတရား တိုးပွားရာအကြောင်းဖြစ်သည်။ ဖြောင့်မတ်ခြင်းကြောင့် သူတစ်ပါးတို့၏မတရားဆက်ဆံခြင်းကို ခံရသောသူတို့၌လည်း ထိုအခြေခံသဘောတရားအတိုင်းသာဖြစ်သည်။ထိုသူတို့သည် မှန်ကန်သောအရာများကိုဆက်လက်ပြုလုပ်လျက်ဘုရားသခင်ထံ၌ အစဉ်ကိုးစားခြင်းရှိကြ၏။

များစွာသောသူတို့သည် ဒုက္ခဆင်းရဲ၏အနေအထားကို သမ္မာကျမ်းစာအတိုင်းမကိုင်တွယ်ကြပေ။ ထိုအခက်ခဲများသည် ဘုရားသခင်အား ပွင့်လင်းစွာ အစေခံစေရန်နှင့်သူတို့၏ပတ်ဝန်းကျင်၌ရှိသောလူတို့အား သက်သေခံစရာအခွင့်ထူးများပင်ဖြစ်၏။

*"ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ယှက်ညှဉ်းဆဲခြင်းကိုခံရသောသူတို့သည် မင်္ဂလာရှိကြ၏။အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏။ ငါ့ကြောင့် သင်တို့ကိုကဲ့ရဲ့ညှဉ်းဆဲ၍မမှန်ဘဲလျက် အပြစ်တကာတင်ကြသောအခါ သင်တို့သည် မင်္ဂလာရှိကြ၏။ ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့။ အကြောင်းမူကား ကောင်းကင်ဘုံ၌ သင်တို့၏အကျိုးသည်ကြီးလှပေ၏။ သင်တို့ရှေ့က ပေါ်ထွန်းသောပရောဖက်တို့ကို ထိုနည်းတူညှဉ်းဆဲကြပြီ"(မ၊ ၅:၁၀-၁၂)။*

ညှဉ်းဆဲခြင်း၊ စော်ကားခြင်းနှင့်မှားယွင်းသောစွပ်စွဲခြင်းတို့သည် အသေးအဖွဲ့ကိစ္စများမဟုတ်ပေ။ ကျွန်ုပ်တို့၏အသက်တာသည် ဒုက္ခဆင်းရဲနှင့်

ကင်းလွတ်မည်ဟု အခိုင်အမာမပြောဆိုနိုင်ပေ။ ဤခက်ခဲမှုများက ဘုရားသခင်၏မေတ္တာကိုပြသရန် ကြီးမားသောအခွင့်ထူးများကို ပြင်ဆင်ပေး၍ ကောင်းကင်၌ဆုသရဖူကိုရရှိစေမည်ဖြစ်သည်။ထိုသို့သောအချိန်များ၌ ယောက်ျားနှင့် မိန်းမတို့သည် သခင်ဘုရား၌ ဝမ်းမြောက်ခြင်းကိုတွေ့ကြရမည်။ခမည်းတော်ဘုရားသခင်က သားတော်ယေရှုခရစ်တော်၌ပြုရန် ခွင့်ပြုသည့်အရာထက်ပိုဆိုးသောတစ်စုံတစ်ခုကို ကျွန်ုပ်တို့အပေါ်၌ ဖြစ်ပျက်စေနိုင်မည်လော။

## ဃ။ ရင့်ကျက်ခြင်းဖြစ်စဉ်၌ ဝန်ခံခြင်း၏အရေးပါပုံ

မိန်းမ၏ဝန်ခံခြင်းနှင့်စပ်လျဉ်း၍ များစွာသောဆွေးနွေးချက်များသည် အနှုတ်လက္ခဏာဆောင်သည်။ ဘုရားသခင်သည် သစ္စာရှိသောမိန်းမအားဖြင့် ကြီးမြတ်သောအရာများ ပြီးပြည့်စုံစေသည်ကို ကျွန်ုပ်တို့ကြည့်ရှုရမည်။ မာရိသည် သခင့်စကားကို လက်ခံသောအခါ ထိုအမှုနှင့်စပ်လျဉ်း၍ ကောင်းသောပုံသက်သေဖြစ်လာသည်။ ကျွန်ုပ်တို့သည်လည်း စိတ်နှလုံးပြောင်းလဲခြင်းကို ဗဟိုပြုကြရမည်။

မနာခံမှုကိုရွေးချယ်သောသူတို့သည် ကြောက်ရွံ့စိုးရိမ်ခြင်း၌ ကြီးထွားလိမ့်မည်။ တစ်စုံတစ်ဦးသည် နာခံခြင်း၌ ခြေလှမ်းသောအခါ သူ၏ကိုးစားခြင်းသည် စတင်တိုးတက်လာသည်။ ဖြစ်စဉ်နှစ်ခုကို ကြည့်ကြပါစို့။

## ကြောက်ရွံ့ခြင်း၏အကျိုးသက်ရောက်မှု

လူတိုင်းရင့်ကျက်ရန် လိုအပ်သည်။ ကြောက်ရွံ့ခြင်းနှင့်သံသယသည် ကြီးထွားခြင်းဖြစ်စဉ်ကို ဖျက်ဆီးတတ်သည်။ ကြောက်ရွံ့ခြင်းသည် ယုံကြည်ခြင်း ခြေလှမ်းအတွက် လိုအပ်သည့်ကိုးစားခြင်းကို ဖယ်ရှားပစ်တတ်သည်။ ကျွန်ုပ်အနေဖြင့် စတိုးဆိုင်တစ်ဆိုင်သို့သွားဖို့ ဆိုးကျိုးဖြစ်မည်ကိုစိုးရိမ်လျှင် ထိုဆိုင်သို့မသွားဘဲ နေနိုင်သည်။ ကျွန်ုပ်အပေါ်၌ ကောင်းသောအရာဖြစ်လာဖို့ မယုံကြည်နိုင်ခြင်းဖြစ်သည်။ မိန်းမသည် ယောက်ျားအား ဝန်ခံလျက် မိမိအပေါ်၌ကောင်းသောတစ်စုံတစ်ခုပြုမည်ကို မယုံကြည်နိုင်လျှင် ယောက်ျားအပေါ် ဝန်ခံနိုင်မည်မဟုတ်ပေ။ တမန်တော်ယောဟန်က မေတ္တာနှင့်ကြောက်ရွံ့ခြင်း နှစ်မျိုးတို့၏ဆက်စပ်ပုံကို ဤသို့ပြောဆိုသည်။

*"ချစ်ခြင်းမေတ္တာသည် ကြောက်ခြင်းသံဝေဂနှင့် မပေါင်းနိုင်။ သံဝေဂသည် ပူပန်ခြင်းကိုဖြစ်စေသောကြောင့် စုံလင်သောမေတ္တာသည် သံဝေဂကို ပယ်ရှားတတ်၏။ သံဝေဂရှိသောသူသည် မေတ္တာနှင့်မပြည့်စုံသေး"(၁ယော၊ ၄:၁၈)။*




မေတ္တာတရားသည် ကြောက်ရွံ့ခြင်းနှင့် မပေါင်းနိုင်။ မေတ္တာသည် ယုံကြည်ခြင်းနှင့် ကိုးစားခြင်းကိုတောင်းဆို၏။ မိန်းမ၏စိတ်နှလုံး၌ လောကီရေးရာ ငြင်းခုံစရာများက အလွန်အကျွံ လွှမ်းနေသရွေ့ ခက်ခဲသောအချိန်များ၌ ယောက်ျားကို ဝန်ခံလိမ့်မည်မဟုတ်ပေ။ ပိုဆိုးလာမည်မှာကို စိုးရိမ်စရာရှိ၏။ သူသည် ထိုအချိန်၌ ဘုရားသခင်က မိမိ၏မေတ္တာနှင့် ကရုဏာမည်ကဲ့သို့ ဖော်ပြလာမည်ကို ဉာဏ်မမီနိုင်ပေ။ ထို့သို့ဖြင့် ပျက်စီးခြင်းကို ဦးတည်နေသောသံသရာစက်ဝိုင်းသည် လည်နေအုံးမည်သာဖြစ်၏။

ဤင်းသည် ကာဒေရှဗာနာအရပ်၌ ဖြစ်ပျက်ခဲ့သည်။ ဘုရားသခင်သည် မြေကြီးပေါ်၌ ကောင်းသောရည်ရွယ်ချက်ရှိသည်။ သို့သော် အစ္စရေးလူမျိုးတို့သည် ငြီးတွားကြ၏။ ထိုသူတို့၏စိတ်နှ လုံးထဲ၌ရှိသောငြင်းခုံစရာများထဲကတစ်ခုသည် "ဘုရားသခင်သည် ငါတို့ကိုမုန်း၏ ..."ထိုစိတ်သဘောထားသည် ပျက်စီးဆုံးရှုံးစေနိုင်သောအရာဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ရည်ရွယ်ချက်အပေါ် တစ်ခါမေးခွန်းထုတ်လျှင် မိမိတို့၏ယုံကြည်ခြင်းသည် အလုပ်မလုပ်တော့ပေ။ ကျွန်ုပ်တို့သည် ဇေရှိရာဒေင် ဥယာဉ်သို့ပြန်လှည့်ခြင်းဖြစ်သည်။ ထိုအရပ်၌ သံသယနှင့်စိတ်ပျက်ခြင်းသာရှိ၏။ဘုရားသခင်၏နှုတ်ကပတ်တော်ကို ငြင်းပယ်ခြင်းသည် မနာခံခြင်းအသက်တာ လိုက်လာတတ်သည်။ နောက်ဆုံး၌ ထိုသို့အသက်ရှင်ခြင်းသည် အလွန်ကြောက်ရွံ့စရာကောင်းသောအကျိုးဆက်များသို့ ပို့ဆောင်ပေးတတ်သည်။ ကြောက်ရွံ့ခြင်းသည် ဆက်ဆံဆက်နွယ်ခြင်းကိုမကြီးထွားရန် အဟန့်အတားဖြစ်စေပါသည်။ ကြောက်ရွံ့ခြင်းသည် ကြီးထွားရန်အတွက် လိုအပ်သောကိုးစားခြင်းကို ယုတ်လျော့စေပါသည်။

## ယုံကြည်ခြင်း၏အကျိုးသက်ရောက်မှု




ကျွန်ုပ်တို့သည် ရိုးရှင်းစွာ နာခံလိုက်သောအခါ မိမိတို့၏ကိုးစားခြင်းသည် ကြီးထွားလာမည်ဖြစ်သည်။ အိမ်ထောင်ပြုခြင်းသည် ဘုရားသခင်၏ပြည့်စုံသောရည်ရွယ်ချက်ဖြစ်သည်။ အဖဘုရားသခင်သည် အကြွင်းမဲ့ယုံကြည်စိတ်ချရမည့်သူလည်းဖြစ်သည်။

ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကိုးစားသောအခါ မိမိတို့၏ကိုးစားခြင်းအပေါ် အားဖြည့်စေမည့်လမ်းသို့ ပို့ဆောင်ပေးခြင်းခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့သိထားသင့်သည်မှာ ဤလမ်းက မိမိတို့ကိုမည်သည့်အရပ်သို့ခေါ်ဆောင်၍ အဘယ်မျှလောက်ခရီးသွားရန် လိုအပ်ကြောင်းကိုကြိုတင်ပြောဆိုခြင်းမရှိပေ။ ကျွန်ုပ်တို့စတင်ချီတက်မည်ဆိုပါက နေရာမှန်၌ အဆုံးသတ်မည်သာဖြစ်သည်။ ဤသည်ကား မိမိတို့၏ကလေးများအဖို့ အဖဘုရားသခင်ကိုပုံမှန်ကိုးစားမည့်မိန်းမများအတွက် စိတ်နှလုံးပူပန်ခြင်းကိုစောင့်ရှောက်ခြင်းဖြစ်သည်။

ဘုရားသခင်၏မေတ္တာသည် သူ့ကိုနှစ်သက်စေရန် အထူးလိုအင်ဆန္ဒကို ကျွန်ုပ်တို့အား ပေးတော်မူ၏။ ထိုဆန္ဒသည် ကျွန်ုပ်တိုခံစားချက်နှင့်ဆန့်ကျင်သည့်တိုင်အောင် နာခံခြင်းသို့ခြေလှမ်းရန် ကျွန်ုပ်တို့ကိုလှုံ့ဆော်ပေးသည်။ အကယ်စင်စစ် ဤဝန်ခံခြင်းသည် ယုံကြည်ခြင်း၏ခြေလှမ်းဖြစ်သည်။ အထူးသဖြင့် မိန်းမများသည် အရာရာမည်ကဲ့သို့ဖြစ်ပျက်သည်ကိုမသိရှိကြပေ။ သူတို့သည် ဘုရားသခင်၏သစ္စာရှိခြင်း တစ်ခုတည်းကိုသာသိရှိကြသည်။

ယောကျ်ား၏အာဂပေ-မေတ္တာသည် မယား၏နာခံမှုကို ပိုမိုပြည့်စုံစေလိမ့်မည်။ မိန်းမသည် ယောကျ်ားကို ပျော်ရွှင်စေလိုသည်။ မိန်းမအနေဖြင့်လင်ယောကျ်ား၏စီရင်ဆုံးဖြတ်ချက်သည် အကောင်းဆုံးပြုနိုင်သည်ကို စိတ်ချသောအခါ ယောကျ်ားကို ယှဉ်ပြိုင်ခြင်းမပြုလိုတော့ပေ။ မေတ္တာသည် ကြောက်ရွံ့ခြင်းနှင့်သံသယကို အရည်ပျော်စေပါသည်။ သူသည် ယောကျ်ား၌ စုံလင်သောမေတ္တာမတွေ့သည့်တိုင်အောင်ဘုရားသခင်၏မေတ္တာအားဖြင့် ရှုမြင်လာနိုင်သည်။ ထိုသို့ယုံကြည်ခြင်းသည် မိန်းမအား ယောကျ်ား၏မေတ္တာအပေါ်၌ ဝန်ခံရန် ရဲ့ဝံ့သောခြေလှမ်းကို လှမ်းစေသည်။ မည်သူမဆို ၎င်း၌ ကောင်းသောဆက်နွယ်မှုကိုတွေ့ရှိမည်ဆိုလျှင် ၎င်းကို ကိုးစားခြင်းနှင့်မေတ္တာခြေလှမ်းဖြင့် ပြန်လည်ထူထောင်ရန် လိုအပ်ပါသည်။ မိန်းမ၏ဝန်ခံခြင်းသည် ဆက်နွယ်မှုကြီးထွားခြင်းအတွက် အလွန်အရေးကြီးသည်။

ကျွန်ုပ်တို့ချစ်နိုင်ခြင်းသည် ချစ်ခြင်းခံခြင်းနှင့်လက်ခံခြင်းတို့အားဖြင့်ဖြစ်လာသည်။ကျွန်ုပ်တို့သည် အကြွင်းမဲ့ချစ်ခြင်းကိုခံရသောအခါ အလွန်နက်

ရှိင်းသောလုံခြုံမှုရှိ၏။ ဤအကြွင်းမဲ့မေတ္တာကို မိမိတို့အသက်တာထဲ၌ လက်ခံခြင်းသည် မိမိတို့အား ပွင့်လန်းခြင်းနှင့်နိမ့်ချသောအသက်တာထဲသို့ပို့ဆောင်ပေးတတ်သည်။ ဘုရားသခင်၏မျက်နှာသာကို ရရှိဖို့ရန် ဘုရားသခင်အား ဖိအားပေးစရာမလိုအပ်ပေ။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ပိုမိုနက်နဲသောအဆင့်ဖြင့် ခံစားသိရှိရန်သာလိုပါသည်။

## ယုံကြည်မှု ကြီးထွားခြင်းအားဖြင့် ပြည့်စုံခြင်း



ကောင်းမွန်သောအိမ်ထောင်ပြုခြင်းတွင် ခင်ပွန်းအသီးသီးတို့သည် မိမိတို့၏လိုအပ်ချက်များကိုရရှိဖို့ရန် ဘုရားသခင်ထံသို့မျှော်ကြည့်ကြ၏။ပြဿနာတိုင်းကို အဖြေရရှိစေခြင်းငှာ ဘုရားသခင်အား ကိုးစားရန် အခွင့်ထူးပင်ဖြစ်သည်။ ကိုးစားခြင်းသည် မိန်းမအတွက် ကြောက်ရွံ့ခြင်းတစ်ခုပြီးတစ်ခုစွန့်လွှတ်ရန်အကြောင်းဖြစ်စေသည်။ ထိုသို့ဖြင့် မိန်းမ၏မျက်နှာထားသည် မတင်းမာတော့ဘဲ တဖြည်းဖြည်းချင်းငြိမ်သက်နူးညံ့လာမည်ဖြစ်သည်။ ဆောင်းတွင်းကာလ၌ နေရောင်ခြည်သည် ပန်းပွင့်များကို အရောင်တောက်ပစွာ ပွင့်လန်းစေသကဲ့သို့ယောက်ျား၏အာဂပေ-မေတ္တာသည် မိန်းမ၏ကြောက်ရွံ့မှုကို ဖယ်ရှား၍ ကိုးစားမှုဘက်သို့ပြန်လှည့်စေပါသည်။

*"ထာဝရဘုရားသည် ယနေ့တိုင်အောင် ကျေးဇူးပြုတော်မူသကဲ့သို့ ငါတို့အသက်ကို စောင့်တော်မူမည်အကြောင်း ငါတို့သည် ကိုယ်အကျိုးကိုထောက်၍ ငါတို့ဘုရားသခင်ထာဝရဘုရားကို ကြောက်ရွံ့လျက် ဤပညတ်အားလုံးစုံတို့ကို ကျင့်စေခြင်းငှာ မှာထားတော်မူ၏။ သို့ဖြစ်၍ ငါတို့ဘုရားသခင်ထာဝရဘုရား မှာထားတော်မူသည်အတိုင်း ဤပညတ်အလုံးစုံတို့ကို ကျင့်စေခြင်းငှာ သတိပြုလျှင် ဖြောင့်မတ်ရာသို့ရောက်ကြလိမ့်မည်ဟုပြန်ပြောရမည်" (တရား၊ ၆:၂၄-၂၅)။*

ယောက်ျားသည် နေကဲ့သို့သူ့ဇနီးအပေါ် မေတ္တာ၏ရောင်ခြည်တန်းကိုတန်းစေရန် ခေါ်ယူခြင်းဖြစ်သည်။ ဤမေတ္တာအားဖြင့် ယောက်ျားအပေါ်သူ၏ယုံကြည်စိတ်ချမှုသည် နက်နဲပြည့်စုံလာတတ်သည်။ ယောက်ျားက သူ့အား အကြွင်းမဲ့ချစ်လာသောအခါ သူသည် ဘုရားသခင်၏မေတ္တာနှင့်ပြည့်ဝလျက် အလွန်ကျေနပ်ရောင့်ရဲသောမိန်းမဖြစ်လာကာ သူတစ်ပါးအားချစ်ရန်အသင့်ဖြစ်လာသည်။ ထိုသို့သောမိန်းမကို သင်တွေ့ဖူးပါသလား။ သင်သည်

ထိုမိန်းမကဲ့သို့ဖြစ်လိုပါသလား။ ဘုရားသခင်၏မေတ္တာကို ဖော်ထုတ်သောသူ အဖြစ် သင့်အား ဘုရားသခင်ပြုရန် ဆုတောင်းရမည်မဟုတ်လော။

## င။ ခရစ်ယာန်တစ်ဦး၏ဝန်ခံခြင်းသည် မည်သည့်အရာနှင့် တူသနည်း။

မိန်းမတို့သည် အိမ်ထောင်၌ ပိုမိုကောင်းမွန်သောဝန်ခံခြင်း၏ပုံရိပ်ကိုရရှိလိုကြသည်။ ကျွန်ုပ်တို့အမှန်ပြုရန် အထောက်အကူပြုသောသရုပ်ဖော်ခြင်းများနှင့်ညွှန်ကြားချက်များစွာရှိသည်။ စစ်မှန်သောမေတ္တာသည် မိန်းမတို့၌ ငြိမ်သက်သောနှလုံးသားနှင့်ဝန်ခံသောနှလုံးသားဖြင့် ပွင့်လန်းလာကြလိမ့်မည်။ သူတို့၏ကြမ်းတမ်းသောအပြုအမူများသည် နူးညံ့၍ သိမ်မွေ့လာပါသည်။ ဤအရာကား မိန်းမတို့အား လှပစေသောအရာဖြစ်သည်။ တမန်တော်ပေတရုပြောဆိုချက်ကိုလေ့လာကြပါစို့။

*"သင်တို့၏တန်ဆာဆင်ခြင်းမူကား ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြင်တန်ဆာဆင်ခြင်းမဖြစ်ဘဲ ဘုရားသခင်ရှေ့မှာအဘိုးများစွာထိုက်သောနူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသောမဖောက်ပြန်မပျက်စီးတတ်သောစိတ်နှလုံး၏အတွင်းလူဖြစ်စေကြလော့"(၁ပေ၊ ၃:၃-၄)။*

| က) မိန်းမ၏နူးညံ့သော တုံ့ပြန်ချက် | ခ) မိန်းမ၏ငြိမ်သက်သော တုံ့ပြန်ချက် |
|---|---|
| - ယှဉ်ပြိုင်မှုရှိနေသ၍ အစဉ်အလာအရ ယောက်ျားသည် ငြင်းခုံချက် အနိုင်ရရန် ရန်းကန်၏။<br>- ကြင်နာသောနှလုံးသားသည် ယောက်ျား၏ရန်လိုစိတ်ကို ငြိမ်းစေနိုင်၍ သူ့မိန်းမ၏ပေါင်းသင်းခြင်းနှင့် ဝမ်းမြောက်ကာ မယား၏တွေးတောကြံစည်မှုများကို တန်ဖိုးထားလာသည်။ | - မိန်းမက ယောက်ျားအား အမှားပြင်ရန် အပြစ်တင်နေသ၍ ယောက်ျားသည် ပေါ်တင်စကားစမြည်ပြောဆိုခြင်းကို လျစ်လျူရှု၏။<br>- သူမ၏ငြိမ်သက်သောစိတ်နှလုံးသည် စကားအနည်းငယ်ပြောရန်ရည်ရွယ်သော သူမယောက်ျားအား အားပေး၍ သူ၏စိတ်ရင်းကို မျှဝေစေ၏။ ၎င်းသည် သူမက သူ့ယောကျာ်းအပေါ် တည်ဆောက်ခြင်းဖြစ်၏။ |

မိန်းမတစ်ဦးသည် လက်တွေ့မည်သို့ဝန်ခံမည်ကို စတင်စဉ်းစားလာသောအခါ များစွာသောလူတို့ထံမှ ဝေဖန်သံများထွက်ပေါ်လာတတ်၏။ တချို့ကမူ အမှန်တုန်လှုပ်စိုးရိမ်တတ်ကြသည်။ မိန်းမတစ်ဦးသည် မိမိယောက်ျားအလွန်ဆိုးသွမ်းသောကြောင့် သူ့ယောက်ျားကိုဝန်ခံဖို့ စဉ်းစားကောင်းစဉ်စားနိုင်

သည်။ သူ့ယောက်ျားကို ဝန်ခံခြင်းမပြုလျှင် သူ့ယောက်ျားက သူနှင့်အတူ မကောင်းသောအမှုပြုဖို့ ပြောဆိုပါလိမ့်မည်။ ထိုသို့သောအဖြစ်ကို ရင်ဆိုင်နေရသည့်မိန်းမအဖို့ အလွန်ပင်အခက်တွေ့မည်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ပုံဥပမာပေးပြီးဖြစ်၍ ဤအရာ၌ ကောင်းသောအမှုကိုပြုသင့်သည်ဟုဆိုနိုင်၏။ ဓမ္မဟောင်းကျမ်း၌ ဖော်ပြခံရသောအဘိဂဲလသည် သစ္စာရှိသောမိန်းမတစ်ဦးဖြစ်၏။ ထိုမိန်းမသည် သူ့ယောက်ျား၏ဆိုးသွမ်းမှုကို သစ္စာရှိစွာသည်းခံခဲ့၏။ နောက်ဆုံး၌ ဘုရားသခင်သည် သူ့အသက်ကိုရုပ်သိမ်းတော်မူ၏။ ဒါဝိဒ်သည်လည်း ထိုမိန်းမ၏အမျှော်အမြင်ကိုချီးမွမ်းခဲ့သည်။

ယောက်ျား၏မေတ္တာသည် မိန်းမ၏ဝန်ခံခြင်းနှင့်ဆိုင်သောတုံ့ပြန်မှုအပေါ်၌ မှီခိုသည့်မေတ္တာမျိုးမဖြစ်သင့်ပေ။ ထိုနည်းတူ မိန်းမ၏ပြည့်စုံခြင်းသည်လည်း သူ့ယောက်ျား၏အကြွင်းမဲ့မေတ္တာကျင့်သုံးခြင်းအပေါ်၌မှီခိုအားထားခြင်းမဖြစ်သင့်ပေ။

နောက်တစ်ယောက်ပုံဥပမာကား စာရာပေတည်း။ စာရာသည် သူမယောက်ျားက သူ့ကိုဆက်ဆံခြင်းကြောင့် စိတ်လှုပ်ရှားမှုရရှိခြင်းမဟုတ်ပေ။ အာဗြဟံသည် သူ့အသက်လုံခြုံဖို့အတွက် သူ့မိန်းမစာရာကို သူတစ်ပါးလက်ထဲသို့အပ်နှင့်ခဲ့ဖူးသည်။ သို့ရာတွင် အံ့ဩဖွယ်ကောင်းသည့်စာရာသည် သူ့ယောက်ျားခိုင်းသည့်အရာကို သူ၏သန့်ရှင်းသောဆုံးဖြတ်ချက်ဖြင့် လက်ခံ၍ လုပ်ဆောင်ခဲ့သည်။ စာရာသည် မိမိ၏အသက်တာကို သခင်ဘုရားထံ၌ လုံးလုံးအပ်နှံထားသည်ဖြစ်၍ သူ့ယောက်ျားက ထိုသို့နှစ်ကြိမ်တိုင်တိုင်ပြုခဲ့သော်လည်း သခင်ဘုရားက ကြားဝင်ကာကွယ်ပေးခဲ့သည်။

*"ဘုရားသခင်ကိုကိုးစား၍ သန့်ရှင်းသောမိန်းမတို့သည်ရှေးကထိုသို့ကိုယ်ကိုတန်ဆာဆင်လျက် စာရာသည် အာဗြဟံကိုသခင်ဟုခေါ်ဝေါ်၍ သူ၏စကားကိုနားထောင်သကဲ့သို့ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံကြ၏။ သင်တို့သည် ကောင်းမွန်စွာကျင့်၍ ကြောက်ရွံ့တုန်လှုပ်ခြင်း အလျှင်းမရှိဘဲ နေလျှင် စာရာ၏သမီးဖြစ်ကြ၏"(၁ပေ၊ ၃:၅-၇)။*

အမှန်မှာ ယောက်ျားက သူ့မယားကို သစ္စာရှိရှိချစ်၍ မယားလည်း သူ့ယောက်ျားကိုဝန်ခံသောအားဖြင့် မိမိ၏နှလုံးသားကို ယောက်ျားအပေါ်ဖွင့်ဟခြင်းပင်ဖြစ်သည်။သူတို့သည် တလုံးတဝတည်းဖြစ်သောကြောင့် အရာရာ၌ ပူးပေါင်းလုပ်ဆောင်၍ အချင်းချင်းအားပေးအားမြှောက်ပြုသင့်၏။ ယနေ့ကျွန်ုပ်တို့ကြားနေမြင်နေရသည့် ကမ္ဘာကြီး၏သတင်းစကားသည် အဆိုးဘက်ကိုသာဦးတည်လျက်နေသည်။ မိမိတို့၏ခင်ပွန်းများသည်လည်း ဘုရားသခင်၏အလိုတော်နှင့် သဟာဇာတဖြစ်ရန် အသက်မရှင်နိုင်ကြတော့ပေ။ ဤအခြေအနေ၌ပင်ဘုရားသခင်ကို အားထားမှီခိုသောမိန်းမသည် သူ့ယောက်ျားအပေါ်သစ္စာရှိရှိဝန်ခံနိုင်သည်။

*"ထိုသူ၏အမည်ကား နာဗလ၊ သူ၏မယားအမည်ကား အဘိဂဲလ တည်း။ ထိုမိန်းမသည် ဉာဏ်ကောင်း၍ အဆင်းလှ၏။ ယောကျာ်းမူကား ခက် ထန်သောသဘောရှိ၏။ ဆိုးသောအမှုကိုလည်း ပြုတတ်၏။ ကာလက်အဆွေ အမျိုးဖြစ်၏"(၁ရာ၊၂၅:၃)။*

ဇနီးမယားတို့သည် မောက်မာခြင်းမရှိဘဲ နှိမ့်ချသင့်သည်။ သူတို့က လင်ယောက်ျားသည် အိမ်တံခါးကိုပိတ်၍ မိမိလုပ်ချင်ရာလုပ်နိုင်သည်ဟု လွဲ မှားစွာမထင်သင့်ပေ။ ကျွန်ုပ်တို့ရှိသမျှသည် ဘုရားသခင်၏အစေခံကျွန်များ သာဖြစ်ကြသည်။ ယောက်ျားတို့သည် ဘုရားသခင်၏အသံကို နားထောင်၍ နာခံရမည်။ ယောက်ျား၏အခန်းကဏ္ဍသည် မိန်းမနှင့်မတူသော်လည်း သခင် ဘုရားအား နာခံရာတွင် အတူတူပင်ဖြစ်သည်။ ဘုရားသခင်အခွင့်ပေးသည့် အခန်းကဏ္ဍနှင့်နေရာရာထူးထက် ပို၍မြင့်မားသောအရာမရှိတော့ပေ။

အိမ်ထောင်ရေး၌ သခင်နှစ်ပါးအတွက် နေရာအခန်းမရှိပေ။ ဇနီး မောင်နှံတို့သည် သဟဇာတရှိစွာဖြင့် အတူတကွလုပ်ဆောင်ကြလျှင် တစ်ဦး က ဦးဆောင်၍ အခြားတစ်ဦးက နောက်ကလိုက်ရမည်သာဖြစ်သည်။ အသင်း တော်သည် သတို့သားခရစ်တော်အား အမြတ်တနိုးတုံ့ပြန်လာသည့်အမျှ အ ရာရာ၌ ကောင်းချီးမင်္ဂလာတိုးပွားလာတတ်သည်။ ကိုယ်တော်၏မေတ္တာတန်ခိုး သည် ကျွန်ုပ်တို့အား နက်ရှိုင်းသောတန်ခိုးကိုပေး၍ ခရစ်တော်ပြုသကဲ့သို့ အ သက်ရှင်နိုင်ဖို့ရန် ဘုရားသခင်သည် နာခံခြင်းအားဖြင့် တုံ့ပြန်ရန် ကျွန်ုပ်တို့ကို စောင့်ဆိုင်းလျက်နေသည်။

**ဆက်ဆံပြောဆိုခြင်း**

**ယောက်ျား** **စကားပြောဆိုခြင်း** **မိန်းမ**

**ထိတွေ့ဆက်ဆံခြင်း**

ကောင်းမွန်သောအိမ်ထောင်တည်ဆောက်ရာတွင် ဇနီးမောင်နှံတို့၌ စိုးရိမ်မှုရှိလာသောအခါ ဘုရားသခင်သည် ပစ်ပယ်မထားဘဲ သူတို့နှစ်ဦးကို အတူတကွ အလုပ်လုပ်တော်မူလိမ့်မည်။ သူတို့သည် စဉ်ဆက်မပြတ်အပြန် အလှန်ဆက်နွယ်၍ သူတို့၏မေတ္တာကွင်းဆက်သည်လည်း ပိုမိုကြီးထွားလာ လိမ့်မည်။ ကြီးထွားမှုအဖြစ်အများဆုံးနေရာကား တစ်ဦးနှင့်တစ်ဦး စကားစ မြည်ပြောဆိုခြင်းဖြစ်သည်။ ထိုသူတို့နှစ်ဦးတို့သည် စကားပြောဆိုခြင်းနှင့်မျှဝေ ခြင်းမရှိလျှင် ကြီးထွားရန် အခွင့်အလမ်း အလွန်နည်းပါးမည်ဖြစ်သည်။

မိတ်ဆွေတို့ဇနီးမောင်နှံအနေဖြင့် နှလုံးသားရေးရာများကို အချင်း ချင်းအကြိမ်ပေါင်းမည်မျှဝေကြသနည်း။ သင်တို့သည် အချင်းချင်းအဖို့ အတူ

တကွ ပုံမှန်ဆုတောင်းကြပါသလား။ ကျွန်ုပ်နှင့်ကျွန်ုပ်မိန်းမသည် ယနေ့ထိတိုင် အကြောင်းအရာများကို ဆွေးနွေး၍ အတူတကွဆုတောင်းလျက်နေကြသည်။ မှန်ပါသည်၊ ထိုသို့သောအမှုကို အချိန်ပေးရသည်။ ညပိုင်း တီဗီနှင့်ဗီဒီယိုကြည့် ချိန်၌ပင် အချင်းချင်းကူညီကြ၏။ သင်ရရှိထားသည့်အချိန်ကို အငြင်းအခုံပြု ခြင်း၊ စိတ်မချမ်းမြေ့ခြင်း/ကောင်းသောအမှုအရာတို့ဖြင့် အသုံးပြုပါသလော။

## အကျဉ်းချုပ်

ဇနီးမယားတို့သည် လုံခြုံမှုအပြည့်ရှိသည့်ဘုရားသခင်၏မေတ္တာရိပ် မွန်အောက်တွင် ကိုးစားရင်းဖြင့် ကြီးထွားနိုင်သည်။ ၎င်းက သူတို့ကို ခက်ခဲ သောအခြေအနေများ၌ တောင်းဆိုမှုပြုသောဝန်ခံခြင်းအတွက် ရဲစွမ်းသတ္တိကို ဖြစ်စေသည်။

## ၈။ ဝန်ခံခြင်းနှင့်ပတ်သက်သောမေးခွန်းများ

အရေးကြီးသောမေးခွန်းများစွာ မေးမြန်းခြင်းထဲမှအနည်းငယ်ကို ကြည့် ကြစို့။

- **မိန်းမသည် ယောကျ်ား၏ချစ်ခြင်းမေတ္တာကိုမခံရလျှင် မည်သို့ ဖြစ်မည်နည်း။**

မိန်းမသည် ယောကျ်ားထံမှ ပြည့်စုံသောမေတ္တာကိုမရရှိသည့်တိုင် အောင် ယောကျ်ားကိုလေးစား၍ ဝန်ခံရန်တာဝန်ရှိသည်။ ၎င်းသည် သူ့အဖို့ ဘုရားသခင်၏ခေါ်ခြင်းနှင့်ရည်ရွယ်ချက်ဖြစ်သည်။ မိန်းမက ထိုအရာကို မည် ကဲ့သို့ပြုနိုင်မည်နည်း။

ဘုရားသခင်သည် မိန်းမ၏အထူးလိုအပ်ချက်များကို ဖြည့်ဆည်းပေး ခဲ့သည့်အတိုင်း မိန်းမသည်လည်း သူ့ယောကျ်ားအား တည်ငြိမ်သောစိတ်နှလုံး ဖြင့်ဝန်ခံနိုင်ရမည်။ ဘုရားသခင်သည် မိန်းမ၏အနက်ရှိုင်းဆုံးသော အသက် ရှင်ခြင်းအပိုင်းကိုရောင့်ရဲ စေသောအခါ သူမ၏အဓိကလိုအပ်ချက်ကိုပါ ကြည့် ရှုစောင့်ရှောက်ပေး၏။ အိမ်ထောင်ရေး၌ အခက်အခဲရှိလာသောအခါ ဘုရား သခင်ကိုကိုးစားရန် ခွန်အားရှိလာသည်။ သူသည် မိမိ၏စိတ်နှလုံးကို ဘုရား မေတ္တာ၌ နှိမ့်ချခြင်းဖြင့် ပြည့်ဝစေခြင်းငှာ ဘုရားသခင်ကို ယုံကြည်ကိုးစား နိုင်သည်။

- **မိန်းမ သည် အလွန်အကျွံဝန်ခံနိုင်သလော။**

မိန်းမအနေဖြင့် ဝန်ခံခြင်းအနက်အဓိပ္ပာယ်ကို မှန်မှန်ကန်ကန်သ ဘောပေါက်နားလည်ပါက အလွန်အကျွံဝန်ခံခြင်း မပြုနိုင်ပေ။ သူသည် အ သက်မဲ့ဖန်ဆင်းခြင်းခံသောသူဟု ဆိုလိုခြင်းမဟုတ်ပေ။ ဧဝအပေါ် အာဒံ၏ အစမူလတုံ့ပြန်မှုကို ပြန်စဉ်းစားကြည့်ပါ။ သုတ္တံကျမ်းအခန်းကြီး ၃၁ ကိုလည်း

ပြန်စဉ်းစားကြည့်ပါ။ မိန်းမသည် လူယောက်ျား၏အထူးလိုအပ်ချက်ကို ပြည့်စုံစေရန် အသက်ရှင်သောသူနှင့်စွမ်းအားရှိသောသူအဖြစ် ဖန်ဆင်းခြင်းခံရ၏။ သို့ဖြစ်၍ သူ့အားဖြင့် ဘုရားသခင်၏ကြီးမြတ်သော ရည်ရွယ်ချက်ကိုလည်းပြုနိုင်သည်။ မိန်းမက ၎င်းသည် သူ့ကိုခေါ်ယူခြင်းဖြစ်သည်ဟုမြင်ရမည်။ သူသည် သခင်ဘုရား၌ ဝန်ခံအပ်နှံသောသူဖြစ်ရမည်ဟူသောအနက်ကား သခင်ဘုရားမနှစ်သက်သောအရာကိုမပြုရဟု ဆိုလိုခြင်းဖြစ်သည်။

- **ယောက်ျားသည်လည်း မိမိမယားကို ချစ်သင့်သည်မဟုတ်လော။**

ယောက်ျားသည် မိမိမယားကို အမှန်ချစ်ရမည်။ သူသည် ထိုသို့ချစ်ရန် ကတိပြုခဲ့သည်။ မယားသည် မိမိ၏လိုအပ်ချက်များရရှိဖို့အတွက် ယောက်ျားကို အပိုင်စီးကိုင်တွယ်ရန် အားထုတ်တတ်သည်။ ၎င်းသည် ဖြစ်သင့်သည့်အရာနှင့် ဆန့်ကျင်ဖက်မဟုတ်လော။ သူသည် သူ့ယောက်ျား၏လိုအပ်ချက်များကို သိမြင်ရန် အားထုတ်သင့်သည်မဟုတ်လော။ သူက "ရှင်၊ ကျွန်မကိုတကယ်ချစ်ရင် ဒါလေးကို ....''လို့ ပြောဆိုတတ်သည်။ ၎င်းသည် တစ်ကိုယ်ကောင်းဆန်သောဘုရားမဲ့တရားမဲ့အပြုအမူသာဖြစ်သည်။

ထိုမိန်းမသည် ဘုရားသခင်နှင့်တွေ့ဆုံဖို့လိုအပ်သည်။ သို့မှသာ ကိုယ်တော်ကလည်း ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်ဖြစ်သည်။ ယောက်ျားတို့သည် တောင်းဆိုချက်ပြုတတ်သောမိန်းမများကို အလွန်မုန်းတီး၍မည်သည့်အခါမျှ အဆုံးမရှိသည့် မိန်းမတို့၏တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရန် အချိန်မရရှိကြပေ/ခွန်အားမရှိကြပေ။ ယောက်ျားသည် ၎င်းတို့ကိုအမှန်ပင် မပြည့်စုံစေနိုင်ပေ။ ဘုရားသခင်သာလျှင် ပြည့်စုံစေနိုင်သည်။ ထိုသို့တောင်းဆိုချက်ပြုတတ်သောမိန်းမတို့သည်ဘုရားသခင်၏မေတ္တာနှင့် တို့ထိဖို့လိုအပ်သည်။

- **ကျွန်မသည် ယောက်ျား၏မှားယွင်းသောဆုံးဖြတ်ချက်အပေါ် အလွန်ခံစားသောအခါ မည်ကဲ့သို့တုံ့ပြန်သင့်သနည်း။**

ကျွန်ုပ်တို့သတိပြုရမည့်အချက်ကား မိန်းမတစ်ဦး၏တာဝန်ရှိခြင်းသည် သူ့လင်ယောက်ျားအား ဝန်ခံခြင်းရှိရမည်ဟူအချက်ဖြစ်ပါသည်။ လင်ယောက်ျားသည် မိမိအကောင်းဆုံးဟုယုံကြည်သည့်အရာကို ဘုရားသခင်ရှေ့၌ဆုံးဖြတ်ချက်ချရန် တာဝန်ရှိသည်။ "*အချင်းမိန်းမတို့၊ သခင်ဘုရား၌ လျောက်ပတ်သည့်အတိုင်း ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကိုဝန်ခံကြလော့*"(ကော၊ ၃:၁၈)။

ယောက်ျားသည် အမှားတစ်ခုခုပြုသောအခါ မိမိ၌အပြစ်ရှိကြောင်းသိရှိသော်လည်း အကြောင်းပြချက်ကို ရှာဖွေတတ်သည်။ အကယ်၍ ဇနီးမယားသည် သူ့ယောက်ျား၏အမှားကို အခိုင်အမာပြောဆိုထောက်ပြလာပါက ယောက်ျားသည် ပုံမှန်အားဖြင့် ခုခံကာကွယ်လာမည်သာဖြစ်သည်။ ထိုသို့မဟုတ်ဘဲ မိန်းမက ဘုရားသခင်၏လမ်းစဉ်ပုံစံအတိုင်း လိုက်နာကျင့်သုံးပါက

အကောင်းဆုံး အနေအထားသို့ရောက်ရှိသွားမည်ဖြစ်သည်။ ကျွန်ုပ်တော်ကိုယ်တိုင်လည်း ထိုကဲ့သို့သောအဖြစ်မျိုးကိုကြိမ်ဖန်များစွာတွေ့ကြုံခဲ့ဖူးသည်။မိန်းမ၏စိတ်နှလုံးငြိမ်းချမ်းမှုသည် မိမိယောကျ်ား၏စိတ်နှလုံးထဲ၌ ဘုရားသခင်၏ဝိညာဉ်တော်အမှုပြုရန် အခွင့်အလမ်းကိုဖြစ်စေပါသည်။ ကိုယ်တော်သည် ထိုသို့သောအကြောင်းအရာများကို မိန်းမအား မကြာခဏမေးတတ်သည်။

တစ်ခါတစ်ရံ ယောကျ်ားမှန်၍ မိန်းမမှားနိုင်သည်။ မိန်းမသည် မိမိယောကျ်ား၏ဆုံးဖြတ်ချက်အပေါ် ဘုရားသခင်ကိုယုံကြည်ကိုးစားဖို့ လိုအပ်သည်။ ယောကျ်ားစီရင်သည့်အတိုင်း လိုက်နာဆောင်ရွက်ဖို့ လိုအပ်သည်။ မိမိစိတ်ထဲ၌ အကောင်းဆုံးဟုမခံစားသောအချိန်၌ပင် ဘုရားသခင်၏မိန့်တော်မူချက်သည် သူ့အတွက် အကောင်းဆုံးလုပ်ဆောင်ရန် အထောက်အမဖြစ်စေတတ်သည်။ မိန်းမတို့သည် မိမိတို့၏စိတ်ခံစားချက်များဖြင့် မကြာခဏရှုပ်ထွေးတတ်ကြသည်။ မိမိ၌ အကူအညီပေးစရာများစွာရှိသော်လည်း မိမိမိသားစု၌ ထိုအကူအညီပေးခြင်း မည်ကဲ့သို့ယူဆောင်လာရမည်ကို ဦးစွာသင်ယူဖို့ အမှန်လိုအပ်သည်။

- **တချို့မိန်းမများသည် မတော်မတရားမှုခံနိုင်ကြသည်။ ထိုသူတို့သည် အဘယ်ကဲ့သို့ပြု၍ စာရာကဲ့သို့ပြုနိုင်ကြသနည်း။**

ကျွန်ုပ်တို့က ဤသို့ပြောဆိုနိုင်သည်။ "အာဗြဟံဆိုတာ ကျွန်မယောကျ်ားလောက် မဆိုးပါဘူး။" ဝမ်းနည်းစရာကောင်းသည်မှာ အာဗြဟံပြုခဲ့သည့်အရာကိုမသိရှိလို့သာ ထိုသို့ပြောဆိုနေခြင်းဖြစ်သည်။ အာဗြဟံသည် သူတစ်ပါးတိုင်းပြည်သို့ရောက်သွားသောအခါ သူ့အသက်မသေအောင်/တစ်နည်းအားဖြင့် မိမိအသက်လုံခြုံမှုကို ကြောက်ရွံ့ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ သူဘာကိုပြုခဲ့သနည်း။ သူ့မိန်းမကို အခြားသူများအား နှမရင်းဖြစ်သည်ဟု ပြောဆိုရန် သူ့မိန်းမကိုအမိန့်ပေးခဲ့သည်။ အာဗြဟံသည် တိုင်းတပါးသားများက သူ့မိန်းမအား မောင်းမဆောင်သို့ ခေါ်ဆောင်သွားရန် တစ်ကြိမ်ထက်မနည်းခွင့်ပြုခဲ့သည်။ စာရာသည် သူ့ယောကျ်ားအာဗြဟံ၏ကျင့်ဝတ်ပိုင်းဆိုင်ရာ အပေးအယူလုပ်ဆောင်မှုကြောင့် အလွန်ရှုပ်ထွေးသွားသည်။

- **ဤမှားယွင်းသောဆက်ဆံခြင်းကို မိန်းမက မည်ကဲ့သို့သည်းခံသနည်း။**

မေးခွန်းမေးခြင်းဖြင့် ဘုရားသခင်၏အလိုတော်ကို အရင်ဆုံးရှင်းလင်းသင့်သည်။ "မိန်းမက ယောကျ်ားနှင့်သက်ဆိုင်သော အိမ်ထောင်အာဏာကိုသိမ်းပိုက်ရယူ၍ ကောင်းမွန်သောအိမ်ထောင်တစ်ရပ် ပိုင်ဆိုင်သည်ဟူသောအဖြစ်ကို သင်ကြားဖူးပါသလား။ အချိန်တိုင်းလိုလို တောင်းဆိုမှုပြု၍ယောကျ်ားကို ငြင်းဆန်တတ်သောမိန်းမသည် စိတ်နှလုံးမာကျောသောသူဖြစ်သည်။ မိန်းမအနေဖြင့် ထိုအမှုအရာအတွက် ဘုရားသခင်ရှေ့၌ ဝန်ခံဖို့ လို

အပ်သည်။ သို့မဟုတ်လျှင် ထိုအိမ်ထောင်စု၏ကဏ္ဍတိုင်း၌ ရှုပ်ထွေးမှုရှိလာရုံသာမကဘဲ သူတို့၏လိင်ပိုင်းဆိုင်ရာအထိပင် အစွန်းအထင်းရှိလာနိုင်သည်။

ခဲယဉ်းသောအနေအထားများတွင် ဆင်းရဲဒုက္ခခံနေရသောသူများသည်လည်း စိတ်ရှည်သည်းခံခြင်း ကျေးဇူးတရားလိုအပ်သည်။ တချို့နေရာတွင် ယောက်ျား၏မိုက်မဲသောဆုံးဖြတ်ချက်များကြောင့် အိမ်ထောင်ရေးတစ်ခုလုံးငွေကြေးအခက်ခဲရင်ဆိုင်နိုင်ကြသည်။ ထိုအမှုအရာများ ဖြစ်ပျက်နေမှုကိုလည်းဘုရားသခင်သည် အခွင့်ပေးတော်မူ၏။ စိတ်နှလုံးကြေကွဲခြင်းသည်တစ်နည်းမဟုတ် တစ်နည်းအားဖြင့် ရောက်ရှိလာမှာကို ကိုယ်တော်သိတော်မူ၏။ အစကပင် ဘုရားသခင်သည် သာ၍ကြီးမြတ်သောရည်ရွယ်ချက်ရှိ၏။ ကိုယ်တော်သည် အိမ်ထောင်ရေးကို စောင့်ရှောက်၍ ပြန်လည်ထူထောင်လို၏။ ထိုအမှုကိစ္စများကို ကျွန်ုပ်တို့လက်ခံဖို့လိုအပ်သည်။ အိမ်တစ်လုံးပိုင်ဆိုင်ခြင်းသည်ကောင်းသောအမှုဖြစ်သော်လည်း အသက်တာထဲတွင်အရေးပါဆုံးသောအရာမဟုတ်ပေ။ယောက်ျားသည်မိမိ၏မိသားစုကိုကျောက်ဆောင်များရှိရာသို့ ဦးဆောင်နေသည်ကိုမိန်းမသည် တွေ့မြင်သောအခါ ဘုရားသခင်ထံသို့အော်ဟစ်ရမည်။

- **မိန်းမသည် အကူအညီအတွက် ဘုရားသခင်ထံသို့မည်ကဲ့သို့ အော်ဟစ်သနည်း။**

အကူအညီအတွက် ဘုရားသခင်ထံသို့ ငိုကြွေးအော်ဟစ်ခြင်းသည် မြင့်မြတ်သောကျမ်းစာတလျှောက်လုံး၌ တော်တော်များများဖော်ပြထားသည်ကိုတွေ့ရပါသည်။ ကူညီမစမှုအတွက် ဘုရားသခင်ထံသို့ငိုကြွေး သောသူများအပေါ်သို့ အကူအညီရောက်ရှိလာခြင်းကို ကျမ်းစာက ဘယ်နှစ်ကြိမ်ပြောဆိုခဲ့သနည်း။ ဘုရားသခင်သည် အကျပ်အတည်းတလျှောက်လုံး၌ လူတို့ကိုကျေးဇူးပြုလျက် ကူညီတတ်သည်။ ဘုရားသခင်သည် အီဂျစ်ပြည်၌ ဖိနှိပ်ခြင်းကိုဖန်တီး၍ အစ္စရေးလူမျိုးတို့ကို သာ၍ကောင်းမြတ်သောအရပ်သို့ပို့ဆောင်ကာလွတ်မြောက်စေခဲ့သည်။ ထိုသူတို့သည် ဘုရားသခင်၏ကယ်တင်ခြင်းလက်ရုံးတော်ကို တွေ့မြင်ရမည့်အကြောင်း ဘုရားသခင်သည် သူတို့ကိုခက်ခဲမှုများအောက်သို့ခေါ်ဆောင်ခဲ့၏။ ယနေ့အိမ်ထောင်များ၌ မပျော်ရွှင်ခြင်းအကြောင်းရင်းများစွာရှိ၏။ သို့သော် ဘုရားသခင်သည် ၎င်းတို့ကို ပြန်လည်ထူထောင်ခြင်း၌ ကျေးဇူးပြုတော်မူ၏။ ကိုယ်တော်သည်ခက်ခဲသောစမ်းသပ်ခြင်းများတစ်လျှောက်လုံးမှ ကျွန်ုပ်တို့ကို ပြန်လည်ပို့ဆောင်ခြင်းအားဖြင့် မိမိတို့၏အိမ်ထောင်များကို ပြန်လည်ထူထောင်စေခဲ့သည်။

အားနည်းသောလူတို့အား ဘုရားသခင်၏မေတ္တာကို မျှဝေခြင်းသည် ဖိနှိပ်တတ်သောယောက်ျားရှေ့တွင် အားနည်းသောမိန်းမဘက်၌ ရပ်တည်ခြင်းနှင့်တူ၏။ ဖိနှိပ်ခြင်း၏ဒဏ်ကို ခံစားနေရသောဘုရားသခင်၏လူတို့သည်

ယောက်ျား၏ဖိနှိပ်ခြင်း ဒဏ်ကိုခံလျက်နေသောမိန်းမနှင့်တူ၏။ ကြမ်းတမ်းခက်ခဲသောအနေအထားများ၌ ဘုရားသခင်က မိမိလူများအပေါ် မည်ကဲ့သို့ပြုမူတတ်သည်ကို စူးစမ်းတတ်သောမိန်းမများသည် အခက်ခဲဆုံးသောအနေအထားများ၌ ကိုယ်တော်ကို ကိုးစားခြင်းအားဖြင့် သူတို့အား မည်ကဲ့သို့မစမည်ကိုနားလည်ကြလိမ့်မည်။

အသိဉာဏ်မဲ့သောယောက်ျားကြောင့် မိန်းမ၏စိတ်ပိုင်းဆိုင်ရာထိခိုက်ရသော်လည်း ဘုရားသခင်၏မေတ္တာ/တန်ခိုးသည် လျှော့မသွားပေ။ ယခုပင်လျှင် ထိုသို့ထိခိုက်ခြင်းခံရသောမိန်းမများစွာရှိသည်။ ဘုရားသခင်သည် ဖိနှိပ်ခြင်းအားဖြင့် မိမိလူတို့အား ဆင်းရဲဒုက္ခခံရန် ခွင့်ပြုသောအခါ၌လည်း သူ့မေတ္တာနှင့် တန်ခိုးတော်ရှိသမျှသည် လျော့သွားခြင်းမရှိပေ။ ယခုပင်လျှင် ကျွန်ုပ်တော်သိရှိသည့်ခရစ်ယာန်နှစ်ဦး၏တိုင်းပြည်တစ်ပြည်၌ အများစုဖြစ်သောမွတ်ဆလင်များက သူတို့ကိုကျူးကျော်လုယက်ကြ၏။ သူတို့သည် မိမိတို့ပိုင်ဆိုင်သောအရာများမှစ၍ ဇနီးမယားနှင့်တကွ အသက်များပါဆုံးရှုံးကြ၏။ သူတို့သည် အလွန်ဆိုးရွားသောအခြေအနေ၌ ရှိနေကြသည်။

ကျွန်ုပ်တို့၌ ထိုသို့သောအရာများဖြစ်ပျက်ရန် ဘုရားသခင်ခွင့်ပြုလိမ့်မည်မဟုတ်ဟု ယူဆကြသော်လည်း ကိုယ်တော်သည် အချိန်တိုအတွင်း ခွင့်ပြုတတ်သည်။ သို့သော် တရားမျှတခြင်းရောက်လာလိမ့်မည်။ ထိုသို့သောဖိနှိပ်ခြင်းသည် ဘုရားသခင်ထံမှ ထူးခြားသောလုပ်ရှားမှုတစ်ရပ်ဖြစ်ပေါ်လာရန်အခွင့်ထူးပင်ဖြစ်သည်။ဘုရားသခင်သည် ဆိုးသောအမှုကိုပြုသည်ဟု ပြောဆိုနေခြင်းမဟုတ်ပေ။ ဘုရားသခင်သည် လင်ယောက်ျားကဲ့သို့ရက်စက်သောသူမဟုတ်ပေ။ ဘုရားသခင်သည် မိမိလူတို့၏ဆင်းရဲဒုက္ခကို ကြည့်ရှုသိမှတ်လျက် သင့်လျော်သောစီရင်ခြင်းနှင့် လက်တုံ့ပြန်ခြင်းတို့ကိုပြုတတ်သည်။ ဘုရားသခင်သည် မကောင်းမှုထက်ကြီးမြတ်၍ ၎င်းကို မိမိ၏ဘုန်းတော်ထင်ရှားစေရန် အကြံအစည်အတွက် ပေါင်းစည်းတတ်၏။ ဘုရားသခင်သည် မိမိ၏လူမျိုးတို့အပေါ်၌ ဆင်းရဲဒုက္ခကိုလည်း ခွင့်ပြုတတ်သည်။

*"ပဥ္စမတံဆိပ်ကို ဖွင့်သောအခါဘုရားသခင်၏နှုတ်ကပတ်ကြောင့်လည်းကောင်း၊ မိမိတို့သက်သေခံကြောင့်လည်းကောင်း အသေသတ်ခြင်းကိုခံရသောသူတို့၏ဝိညာဉ်များကိုယဇ်ပလ္လင်အောက်၌ ငါမြင်၏။ သူတို့ကလည်း သန့်ရှင်းဟုတ်မှန်၍ အစိုးပိုင်တော်မူသောအရှင်၊ မြေပေါ်၌နေသောသူတို့သည် ငါတို့အသွေးကို သွန်းကြသောအပြစ်နှင့်အလျောက်ဒဏ်မပေးဘဲ အဘယ်မျှလောက် ကာလပတ်လုံးနေတော်မူမည်နည်းဟု ကြီးသောအသံနှင့်ကြွေးကြော်ကြ၏။ ထိုသူတို့၌ ဖြူသောဝတ်လုံကိုပေးတော်မူ၏။ သူတို့နည်းတူအသေသတ်ခြင်းကို ခံရလတ့်သောမိမိလုပ်ဖက်ဆောင်ဘက် ညီအစ်ကိုတို့*

*သည် ပြည့်စုံခြင်းသို့မရောက်မီ ခဏငြိမ်သက်စွာနေရကြဦးမည်ဟု သူတို့အား မိန့်တော်မူ၏" (ဗျာ၊ ၆:၉-၁၁)။*

သမ္မာကျမ်းစာထဲက ဆင်းရဲဒုက္ခနှင့်စပ်လျဉ်း၍ တကယ့်သာဓကများကို ယေရှုနှင့်ကနဦးအသင်းတော်များ၌တွေ့ရ၏။ဆင်းရဲဒုက္ခအပေါ် ကျွန်ုပ်တို့၏ မရင့်ကျက်သေးသည့် အယူအဆသည် မိမိတို့နှစ်သက်သောပျော်ရွှင်မှုဖြင့် ပေါင်းစပ်ထားသည်။အမျိုးသမီးတို့သည် ဘုရားသခင်၌ မိမိတို့၏ဆင်းရဲဒုက္ခနှင့် အရှက်ကွဲခြင်းကိုသည်းခံရန် လိုလိုလားလားရှိဖို့ လိုအပ်သည်။ မျက်မှောက်ခေတ်မိန်းမများသည် ဝန်ခံခြင်းနှင့်စပ်လျဉ်း၍အဘယ့်ကြောင့် ပြဿနာတက်ကြသနည်း။

အသင်းတော်နှင့်မိန်းမတို့သည် တူညီသောဒုက္ခကိုခံကြ၏။ မိန်းမသည် အဆင်ပြေလာသောအခါ မိမိ၏မှိုခိုအားထားခြင်းကို မေ့ပစ်၍ မိမိနေသည့်နေရာကို စတင်မကျေမနပ်ဖြစ်ကာ မည်သို့မည်ပုံဖြစ်ပျက်နေသည်ကို သာ၍ပြောချင်လာတတ်သည်။ ဤသို့သောစိတ်ထားသည် လွတ်လပ်စွာနေလိုသောစိတ်နှင့်သီးသန့်နေလိုသောစိတ်ဘက်သို့ပို့ဆောင်တတ်သည်။ သခင်ဘုရား၏လမ်းညွှန်မှုများကိုခံယူဖို့ရန် ဆုမတောင်းခြင်းသည်လည်း မိမိယောက်ျားနှင့်ဆွေးနွေးတိုင်ပင်ခြင်းမရှိခြင်း၏လက္ခဏာပင်ဖြစ်သည်။

မိန်းမသည် မိမိလမ်းစဉ်အတိုင်း အသက်ရှင်သောအခါ ပြဿနာများစတင်တိုးပွားလာတတ်သည်။ မည်သည့်အရာများက သူ့အဖို့ စုံစမ်းနှောင့်ယှက်ခြင်းများဖြစ်သနည်း။ ထိုခက်ခဲမှုများကို အဘယ့်ကြောင့် မကိုင်တွယ်နိုင်ရသနည်း။

ဇနီးမောင်နှံတို့သည် အလုပ်အတူတူမလုပ်သောကြောင့် ပြဿနာရှိခြင်းမဟုတ်ဘဲ၊ သူတို့နှစ်ဦးချင်း စကားစမြည်ပြောဆိုရန် အချိန်မပေးနိုင်ကြသောကြောင့်ဖြစ်သည်။ မိန်းမသည် မိမိအား ဘုရားသခင်ခေါ်ခြင်းကိုမေ့ပစ်၍ မိမိ၏လွတ်လပ်မှုအတိုင်း အသက်ရှင်ခြင်းနောက်ကိုလိုက်လေ၏။ ထိုသို့ပြုသော်လည်း စိတ်ကျေနပ်မှုကို တွေ့လိမ့်မည်မဟုတ်ပေ။ မိမိ၏စိတ်ကျေနပ်မှုကိုဖြည့်ဆည်းဖို့ရန် အိမ်ထောင်အပြင်ဘက်၌ မတရားသောမေထုန်မှီဝဲခြင်းကိုလိုက်လံရှာဖွေလေတော့သည်။ ဇနီးမောင်နှံတို့ဆက်နွယ်ခြင်း၌ ကြီးမားသောစိတ်ဖိစီးမှုကိုဖြစ်စေတတ်သည့် ကွယ်ဝချမ်းသာခြင်းသည် တစ်စုံတစ်ဦးကို ထင်ယောင်ထင်မှားဖြစ်စေသောအယူအဆသို့ပို့ဆောင်တတ်သည်။ ထိုသို့ဖြစ်လျှင် မတူကွဲပြားသောအရာများကို သင်းအုပ်ဆရာတစ်ပါးနှင့် ဆွေးနွေးရန်သင့်တော်ပါသလော။

ယောက်ျားသည် မိန်းမ၏သြဇာခံဖြစ်သည်။ သို့သော် ယောက်ျားသည် သင့်တော်သောလုပ်ဆောင်ချက်ဖြင့် လေ့လာသင်ယူ၍ ပြုပြင်ရမည့်အခြားသြဇာများရှိသည်။ ထိုအရာကို ဘုရားသခင်ကိုယ်တိုင်ပြု၏။ ဤအရာတို့

သည် အလွန်ခက်ခဲသောအခြေအနေများဖြစ်၍ စုံလင်စွာဆွေးနွေးရန် မဖြစ်နိုင်ပေ။ အနည်းငယ်သောအကြံပြုချက်ကို ဖော်ပြပါမည်။ သင့်ယောကျာ်း၏အပြစ်ကို အစိုးရသြဇာရှင်တစ်ဦး၏ဆောင်ရွက်စရာအဖြစ် ယူမလာပါနှင့်။ ၎င်းကို ဘုရားသခင်ကသာ သူ့လမ်းစဉ်အတိုင်းပြုရန် အခွင့်ပေးပါ။

အကယ်၍ လိုအပ်လျှင် မိန်းမသည် မိမိလိုအပ်ချက်များကို အသင်းလူကြီး သို့မဟုတ် သင်းအုပ်များရှေ့၌ ရိုးသားစွာဝန်ခံပြောဆို၍ သူတို့က ၎င်းတို့အတွက် ဆုတောင်းပေးရမည်ဖြစ်သည်။ သို့သော်အသေးစိတ်ဖော်ပြခြင်းကိုမူရှောင်ကြဉ်ရမည်။အကယ်၍ ဘုရားသခင်ညွှန်ကြားမည်ဆိုလျှင် အသင်းလူကြီးမှတဆင့် သူ့ယောကျ်ား၏အမှုကိစ္စများကိုသတိရှိရှိစူးစမ်းရပါမည်။ လင်ယောကျ်ား၏အပြစ်သည် မိမိမယား၊ ကလေးများနှင့်အခြားသက်ဆိုင်သူများအပေါ် ထိခိုက်နိုင်သည်။ မယားသည် မိမိယောကျ်ားကိုပြစ်တင်စွပ်စွဲသောသူမဖြစ်ရ။ သူ့ယောကျ်ားကိုဖေးမ၍ အထောက်အမဖြစ်ရမည်။

ထိုအမှုအရာများကို ဘုရားသခင်ထံအပ်နှံ၍ ကိုင်တွယ်စေခြင်းငှာ အော်ဟစ်တောင်းခံရမည်။ ဘုရားသခင်သည် ကြားဝင်ရောက်ရွက်ရမည့်အကြောင်း သင့်ယောကျ်ားအဖို့ ဆုတောင်းပေးရမည်။ *"အကျွန်ုပ်တို့ဒုစရိုက်များကိုရှေ့တော်၌လည်းကောင်း၊ ဝှက်ထားသောအကျင့်များကို မျက်နှာတော်အလင်းထဲ၌လည်းကောင်း လုန်ထားတော်မူ၏" (ဆာ၊ ၉၀:၈)။*

စာရေးသူအနေဖြင့် ယောကျ်ားသည် အပြစ်ကင်းသည်ဖြစ်၍ ပြစ်တင်စွပ်စွဲခြင်းနှင့် ကင်းလွတ်သင့်သည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ မယားအပေါ် ဘုရားသခင်၏ခေါ်ခြင်းနှင့်သြဇာအပ်နှင်းခြင်းကို မှန်ကန်စွာအသုံးပြုတတ်ရန် ထောက်ပြခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ မယားအပေါ် ဘုရားသခင်၏ခေါ်ယူခြင်းသည် မိမိယောကျ်ားကို ပြစ်တင်စွပ်စွဲရန်မဟုတ်ဘဲ အထောက်အမဖြစ်ရန် ခေါ်ယူထားခြင်းဖြစ်သည်။ သူတို့၏အိမ်ထောင်ရေးသည် ဘုရားသခင်၏ကျေးဇူးပြုခြင်းခံလျက် ပြန်လည်ထူထောင်နိုင်ရမည့်အကြောင်း မိန်းမအနေဖြင့် ဆန့်ကျင်သောအပြုအမူကို လုံးဝရှောင်ကြဉ်ရမည်။

## အကျဉ်းချုပ်

သင့်ယောကျ်ား၏အမှုဆောင်ရွက်ရာတွင် စိတ်အားထက်သန်မှုအပြည့်ရှိပါသလား။ သင့်ကိုယ်သင် အစေခံရန်မဟုတ်ဘဲ ဘုရားသခင်အားအစေခံရန် သင့်စိတ်နှလုံးကိုစုတ်ဖြဲလျက် ဆုံးဖြတ်ချက်ချဖူးပါသလား။ မိန်းမသည် ထိုသို့ဆုံးဖြတ်ချက်ချသောအခါ အလွန်ထူးခြားသောသူဖြစ်လာမည်။ သူ့အမျိုးသားက နားမလည်နိုင်သော်လည်း သတိပြုလာလိမ့်မည်။ နောက်ဆုံးတွင် ယောကျ်ားသည် မိန်းမအားဖြင့် စင်စစ်မင်္ဂလာရှိသောသူဖြစ်လာမည်။

*"သီလနှင့်ပြည့်စုံသောမိန်းမကို အဘယ်သူတွေ့ရသနည်း။ ထိုသို့သောမိန်းမသည် ပတ္တမြားထက် အဖိုး သာ၍ထိုက်ပေ၏"(သု၊ ၃၁:၁၀)။*

မိန်းမသည် မိမိကိုယ်တိုင် သခင်ဘုရားနှင့် ကောင်းမွန်သောဆက်နွယ်မှုရရှိပြီးမှသာ သူ့ယောကျ်ား၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အသင့်ဖြစ်လာမည်ဖြစ်သည်။ သူသည်သခင်ခရစ်တော်အပေါ် တုံ့ပြန်ဆက်ဆံသကဲ့သို့ သူ့ယောကျ်ားကို တုံ့ပြန်ဆက်ဆံရပါမည်။

ခုခံနိုင်မှုအားနည်း၍ မတော်မတရားပြုခြင်းခံရချိန်တွင်လည်း ဘုရားသခင်၏မေတ္တာအပေါ် အရှုံးမပေးရ။ အဖဘုရားသခင်၏မေတ္တာနှင့်တန်ခိုးတော်သည် ဖိစီးနှိပ်စက်မှုထဲမှာပင် ရပ်စဲခြင်းမရှိပေ။ ဘုရားသခင်သည် အကျပ်အတည်းတလျှောက်လုံး၌ မိမိ၏ကြီးမြတ်သောတန်ခိုးတော်ကိုပြသ၏။ ကိုယ်တော်သည် မိမိလူတို့အား အလွန်နာကျင်မှုကြားထဲမှ သည်းခံနိုင်စွမ်းကိုလည်းကောင်း၊ မုန်းတီးမှုကြားထဲမှ မေတ္တာကိုလည်းကောင်း ပေးတော်မူ၏။ ဤသည်ကား ခက်ခဲသောအနေအထားများ၌ ဘုရားသခင်၏မေတ္တာကို တုံ့ပြန်သောသူများ၏ဂုဏ်အသရေဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုကိုးစားသောအခါ ပြည့်စုံမှုရှိကြ၏။

ဘုရားသခင်၏မေတ္တာသည် အလွန်အံ့သြဖွယ်ကောင်းသည်ဖြစ်၍ အခြေအနေတိုင်း၌ လုံလောက်မှုရှိ၏။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ရှုပ်ထွေး၍ နာကျင်နေသော်လည်း သခင်ဘုရားသည် ကျွန်ုပ်တို့အပေါ်၌ ကြည့်ရှုစောင်မတော်မူ၏။ ကျွန်ုပ်တို့သည် ဤအနေအထားများ၌ သူ့မေတ္တာအပေါ် ဝန်ခံနိုင်သောအခါ ကြီးမြတ်သောသက်သေရရှိလာသည်။ ယောကျ်ား၏မေတ္တာသည် မယားကောင်း/မယားဆိုးအပေါ်၌ သည်းခံတတ်သကဲ့သို့ မယားသည်လည်း သူ့ယောကျ်ား၏မိုက်မဲမှုကို သည်းခံခွင့်လွှတ်တတ်ရမည်။ မိန်းမက သူ့အပေါ် ယောကျ်ားပြုမူဆက်ဆံသည့်အတိုင်းတုံ့ပြန်မည်ဟုမဆိုလိုပေ။ ဘုရားသခင်၏ ရောင်ခြည်အလင်းသည် အမှောင်ထုဖုံးလွှမ်းသောလောကကို ထွန်းလင်းစေသကဲ့သို့မိန်းမသည်လည်း အရာရာ၌ ယောကျ်ားကိုဝန်ခံရန် ဘုရားသခင်မိန့်ဆိုခဲ့သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏မေတ္တာတရား၌ တာဝန်ရှိလာသောအခါ မိမိတို့၏ဘဝရှေ့ရှုခြင်းတစ်ခုလုံးသည် ပြောင်းလဲသွားသည်။ ဘုရားသခင်၏မေတ္တာသည် ကျွန်ုပ်တို့စိတ်နှလုံး၌ နေရာယူလာသောအခါ အခြားသူများအကြောင်းကိုစဉ်းစားတတ်လာသည်။အကယ်၍ မိန်းမတစ်ဦးသည် ဘုရားသခင်၏မေတ္တာ၌ ရှင်သန်မည်ဆိုလျှင် သူ့ယောကျ်ားအား သူ့အယူအဆနောက်သို့လိုက်ရန် တိုက်တွန်းတော့မည်မဟုတ်ပေ။

ထိုသို့ပြုမည့်အစား မိမိကိုယ်တိုင် ဘုရားသခင်၌ကိုးစား၍ မိမိအမျိုးသားကိုဝန်ခံလာမည်ဖြစ်သည်။ ဘုရားသခင်အပေါ် ယုံကြည်ကိုးစားသည့်အတိုင်း မိမိ၏စိတ်နှလုံးသည် ဘုရားသခင်၏မေတ္တာနှင့် ပြည့်ဝလာ၍ ပတ်ဝန်းကျင်သို့ စီးထွက်လာရမည်။ ဘုရားသခင်၏မေတ္တာသည် ဟန်လာဟင်းလင်း ဖြစ်နေသည့် ကျွန်ုပ်တို့အသက်တာကိုသူ့မေတ္တာဖြင့် ပြည့်ဝစေရန် မိမိတို့ကိုရှာဖွေလျက်နေသည်။ဘုရားသခင်၏မေတ္တာသည် မိမိကိုယ်ကျိုးရှာတတ်သောစိတ်ထားကို ရိုက်ခတ်ထုတ်ပယ်၍ အခြားသူများအား နှစ်သက်ပျော်ရွှင်စေမည့်ဘုန်းအသရေလှိုင်းလုံးဖြင့် မိမိတို့၏အသက်တာကို ပြည့်ဝစေတတ်သည်။




## မိန်းမတစ်ဦး၏လုပ်ဆောင်မှု အစီအစဉ်

ယခုပင် ဘုရားသခင်သည် မိန်းမတိုင်း မိမိတို့၏အတ္တကိုပယ်ရှားရမည်ဟု တောင်းဆိုလျက်နေ၏။ ထိုမိန်းမသည် အရင်ဆုံးဘုရားသခင်နှင့်သဘောထားချင်းတူပြီးမှသာ ကိုယ်တော်၏မေတ္တာကို တုံ့ပြန်ရမည်ဖြစ်သည်။ ထိုသူသည် ယခင်က ဘုရားသခင်၏ချစ်ခြင်းမေတ္တာထဲမှ မည်ကဲ့သို့လှည့်သွား၍ ယခုမည်ကဲ့သို့ပြန်လှည့်လာသည်ကို ရိုးသားစွာဝန်ခံဖို့ လိုအပ်ပါသည်။

သင်၏မောက်မာသောအမူအကျင့်များ၊ ယုတ်ညံ့သောစိတ်ထားများမှခွင့်လွှတ်ခြင်းရရှိရန် သင်အလိုရှိသည်ကို ကိုယ်တော်အား ပြောပြပါ။ ခက်ခဲသောအခြေအနေများ၌ ကိုယ်တော်ကို သင်မကိုးစားခဲ့ကြောင်းဝန်ခံပါ။ ယေရှုခရစ်တော်အားဖြင့် သင့်အပြစ်ခွင့်လွှတ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ ဆန်းကျယ်သောအသက်သစ်စတင်ခြင်းတို့ကို တွေ့ရှိနိုင်သည်။ ကိုယ်တော်သည် သင့်အသက်တာအတွက် အကောင်းဆုံးအစီအစဉ်ကို သိရှိထားသည်ဟုဝန်ခံရပါမည်။

## မိန်းမ၏ဆုတောင်းချက်

ကိုယ်တော်၊ ယခုအချိန်သည် ကျွန်မအတွက် ပြောင်းလဲရမည့်အချိန်ဖြစ်ပါသည်။ ကျွန်မ၏တာဝန်များကို ကျွန်မရှောင်ရှားခဲ့ပါသည်။ ကျွန်မ၏လိုအင်ဆန္ဒများနောက်ကိုလိုက်၍ ကျွန်မလမ်းစဉ်အတိုင်းသွားလာခဲ့၏။ ကျွန်မလက်ခံရရှိသောအရာသည် အချည်းနှီးသက်သက်ဖြစ်ပါ၏။ ကိုယ်တော်နှင့်

ကိုယ်တော်၏ရည်ရွယ်ချက်ကို ဂရုစိုက်ခြင်းမရှိခဲ့ပေ။ ကျွန်မလိုအပ်သည်ဟု ထင်သောအရာကိုရရှိခြင်းငှာ တဇွတ်ထိုးလုပ်ဆောင်တတ်၏။ ကိုယ်တော်သည်ကျွန်မအတွက် ကြီးမြတ်သောအကြံအစည်ရှိသော်လည်း ထိုအကြံအစည်အပေါ်၌ ကျွန်မစိတ်နှလုံးမောက်မာခဲ့သည်။

ကျွန်မသည် ပြဿနာ၏အပိုင်းအစကို အလိုမရှိဘဲ ကျွန်မအသက်တာအားဖြင့် ကိုယ်တော်၏မေတ္တာစီးဆင်းလျက် အဖြေရှာခြင်းအပိုင်းဖြစ်လိုပါ သည်။ ကျွန်မ၏အတ္တများကို ယေရှုခရစ်တော်အားဖြင့် ခွင့်လွှတ်တော်မူ၍ ကိုယ်တော့်ထံပြန်တည်စေတော်မူပါ။ ကျွန်မယောကျ်ားအပေါ်ဆန့်ကျင်အာခံခဲ့သည့်အပြုအမူတို့ဖြင့် ပြသခဲ့သည့်ကျွန်မ၏မောက်မာသောစိတ်သဘောထားကို ခွင့်လွှတ်တော်မူပါ။

ကျွန်မအား ကိုယ်တော်နှင့်ကိုယ်တော်၏အစီအစဉ်သို့ အပြည့်အဝ တုံ့ပြန်နိုင်ရန် ပြင်းပြသောဆန္ဒကို ပေးသနားတော်မူပါ။ ကျွမ၏ယုံကြည်ခြင်းသည်အလွန်သေးငယ်သည်ဖြစ်၍မစတော်မူပါ။ ကိုယ်တော်၏လမ်းစဉ်ကိုကျွန်မမသိသောအချိန်ရှိပါလိမ့်မည်။ သို့သော်ငင်းကိုကျွန်မသိချင်ပါ၏။ ယခုကိုယ်တော်၏မေတ္တာလှိုင်းလုံးကို ကျွန်မနှလုံးသားထဲသို့စီးဆင်းစေ၍ ကျွန်မကိုလန်းဆန်းစေလျက် ကျွန်မကိုဝန်းရံသောသူတို့၌ ထိုမေတ္တာကိုပြန်လည်စီးထွက်စေတော်မူပါ။

ကိုယ်တော်၊ ကျွန်မယောကျ်ားကို ကိုယ်တော်အပေါ်သစ္စာရှိသောသူဖြစ်စေတော်မူပါ။ ကျွန်မကိုယ်တိုင်လည်း ယောကျ်ားအပေါ်၌ နှစ်သက်ဖွယ်ကောင်းသောမယားကောင်း မဖြစ်ခဲ့ပါ။ ကျွန်မ၏စဉ်းစားတွေးတောခြင်းသည် တစ်ကိုယ်ကောင်းဆန်ပါ၏။ အိုအဖဘုရား၊ ယခုကျွန်မသည် မိမိအတွက်သာအသက်ရှင်ပါ၏။ သူ့ကိုသစ္စာရှိစွာ အစေခံခြင်းအားဖြင့် ကိုယ်တော့်ကိုအစေခံပါမည်။ ကျွန်မသည် ဆင်းရဲဒုက္ခထဲ၌ပင် စာရာကဲ့သို့သစ္စာရှိစောင့်ထိန်းနိုင်ရန် ကျွန်မကိုမစတော်မူပါ။ တစ်နေ့သောအခါ ကျွန်မသည် ကိုယ်တော်ရှေ့တော်၌ မွန်မြတ်၍မဖောက်ပြန်မပျက်စီးဘဲလျက် နူးညံ့သိမ်မွေ့သောသူ၊ စိတ်သဘောထားကောင်းသောသူဟုပြောဆိုခြင်းခံရပါ စေသော။ ယခုပင် မိမိ၏ယောကျ်ားကိုဝန်ခံသောသူဖြစ်စေတော်မူပါ။ ကိုယ်တော်၊ ကျွန်မယောကျ်ားအပေါ် ကျွန်မ၏သစ္စာကို ကိုယ်တော်တွေ့မြင်သကဲ့သို့ ကိုယ်တော်အား ကျွန်မချစ်သည်ကို တွေ့မြင်တော်မူပါ။ ခရစ်တော်၏မြတ်သောနာမ၌ ဆုတောင်းပါ၏။ အာမင်!

## လေ့လာရန် မေးခွန်းများ

၁။ ဒုတိယအဆင့် အသက်ရှင်ခြင်း၏ဥပဒေသကား အဘယ်နည်း။
၂။ ဖေက်သြဝါဒစာ ၅:၂၂ ကိုရေးပါ။
၃။ ဘုရားသခင်၏အကြံအစည်အတိုင်း အိမ်ထောင်ပြုခြင်းစံနမူနာကား အဘယ်နည်း။
၄။ ယောက်ျားအပေါ်မိန်းမ၏တုံ့ပြန်မှုကို အသင်းတော်က မည်ကဲ့သို့စံနမူနာပြသနည်း။
၅။ အသင်းတော်အဖို့ ဘုရားသခင်၏အစီအစဉ်ကား အဘယ်နည်း။
၆။ မိန်းမသည် သူ့ယောက်ျားအား မှန်ကန်စွာဝန်ခံရမည့်အကြောင်း ယုံကြည်ဖို့ရန် လိုအပ်သောအချက်လေးချက်ထဲမှနှစ်ချက်ကိုဖော်ပြပါ။
၇။ မိန်းမသည် ယောက်ျားအား ဝန်မခံသင့်ဟုမည်သူက သူ့ကိုယုံကြည်လက်ခံစေရန် အားထုတ်နေသနည်း။
၈။ သဘောတူစာချုပ်ဖြင့် အိမ်ထောင်ပြုခြင်းနှင့်ပဋိညာဉ်ဖြင့် အိမ်ထောင်ပြုခြင်းတို့စပ်ကြား၌ ခြားနားချက်ကား အဘယ်သို့နည်း။
၉။ တခြားသူအပေါ်၌ ဝန်ခံခြင်းဟုဆိုရာ ထိုသူတို့သည် အရေးမပါသောသူများ/တန်ဖိုးမရှိသူများဟု ဆိုလိုပါသလား။ အဘယ့်ကြောင့်နည်း။
၁၀။ ဘုရားသခင်သည် လူသား၏ဆင်းရဲဒုက္ခကို မည်ကဲ့သို့မြင်သနည်း။ မိန်းမသည် အတ္တဆန်သောယောက်ျားထံမှဆင်းရဲဒုက္ခဖြစ်နိုင်ခြေကိုမည်ကဲ့သို့မြင်သင့်သနည်း။
၁၁။ ကြောက်ရွံ့ခြင်းသည် ဆက်နွယ်ခြင်းကို မည်ကဲ့သို့အားနည်းစေသနည်း။
၁၂။ မေတ္တာသည် နာခံခြင်းနှင့်ကိုးစားခြင်းကို မည်ကဲ့သို့ကြီးထွားစေသည်ကို ဖော်ပြပါ။
၁၃။ ၁ပေ၊ ၃:၃-၄ သည် မိန်းမ၏ဝန်ခံခြင်းပုံရိပ်ကို မည်ကဲ့သို့ပေါ်လွင်စေသည်ကိုရှင်းပြပါ။
၁၄။ မိန်းမသည် ဆိုးသွမ်းသောယောက်ျားကို နာခံသင့်ပါသလား။
၁၅။ မိန်းမသည် ယောက်ျားက သူ့အပေါ်မချစ်ဟုမြင်သောအခါ မည်ကဲ့သို့တုံ့ပြန်သင့်သနည်း။
၁၆။ ကြွယ်ဝချမ်းသာခြင်းသည် ယောက်ျားအားဝန်ခံရန် မိန်းမ၏အမြင်ကိုမည်ကဲ့သို့ထင်ယောင်ထင်မှားဖြစ်စေသနည်း။
၁၇။ ဘုရားသခင်၏မေတ္တာကို သင်လေ့လာဖူးပါသလား။
၁၈။ ကိုယ်တော်၏မေတ္တာကို သင်တုံ့ပြန်နိုင်မည်လော။
၁၉။ သင့်ယောက်ျားကိုဝန်ခံရန် ကတိပြုဖူးပါသလား။ သင့်အား နောက်ကိုပြန်ဆွဲချနိုင်မည့်အရာကား အဘယ်နည်း။




## #၄ အစဉ်တလုံးတဝတည်းဖြစ်ခြင်း - အသက်ရှင်ခြင်း နိယာမ ၃



ဇနီးမောင်နှံတို့သည် ပြည့်စုံသောအိမ်ထောင်ကို ရှာဖွေလျက်ရှိကြ၏။ကျွန်ုပ်တို့သည် ဤမြေကြီးပေါ်၌ ပြည့်စုံခြင်းကိုမတွေ့နိုင်သော်လည်း အစဉ်တလုံးတဝတည်းဖြစ်ခြင်းဖြင့် မင်္ဂလာရှိစွာအသက်ရှင်နိုင်ကြပါသည်။

ဘုရားသခင်၏လမ်းစဉ်သည် မယုံကြည်နိုင်စရာပင် ရိုးရှင်းသော်လည်း ရှုပ်ထွေးတတ်သည်။ ဥပမာ-အရာတစ်ခုသည် မတူညီသောအက်တမ်ပေါင်းစပ်ခြင်းအားဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ ရေမော်လီကျူးသည် ဟိုင်ဒရိုဂျင်-အက်တမ်နှစ်ခုနှင့်အောက်ဆီဂျင်-အက်တမ်တစ်ခုမှတဆင့် ပြုလုပ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုအက်တမ်တို့ကို အနီးကပ်မကြည့်မချင်း အလွန်ရိုးရှင်းဟန်ရှိသည်။ အထူးတန်ခိုးရှင်က ရွေ့လျားလျက်ရှိသည့်အမျိုးမျိုးသောအမှုန်များ အတူတကွလုပ်ဆောင်းခြင်းကိုစောင့်ထိန်းသည်။

အိမ်ထောင်ရေး၌လည်း ထိုသို့သောစွမ်းအားရှိသည်။ ဘုရားသခင်ကလည်း "*လူနှစ်ဦးတို့သည် တသားတကိုယ်တည်း"* ဖြစ်မည်ဟု ကြေငြာပြီးဖြစ်သည်။ ၎င်းသည် လွယ်ကူဟန်ရှိ၍ ဆင်ခြင်စရာများစွာဖြစ်စေသည်။ ထိုအကြောင်းအရာကိုစဉ်းစားလေအိမ်ထောင်ရေးနောက်ကွယ်၌ မျက်မြင်မရသောသူ၏နက်နဲသောလုပ်ဆောင်ချက်ကို မြင်တွေ့လေဖြစ်သည်။

အက်တမ်ကဲ့သို့ပင် အိမ်ထောင်ရေးအတွက် ဘုရားသခင်၏အကြံအစည်သည် ပြည့်စုံခြင်းရှိ၏။ အလွန်ထူးခြားသည်မှာ မတူညီသောကိုယ်ခန္ဓာနှင့်လိုအင်ဆန္ဒတို့ကို ပိုင်ဆိုင်ကြသောလင်ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးတို့သည် သူတို့၏ဘဝတလျှောက်လုံး အတူ




တကွနေထိုင်အသက်ရှင်လုပ်ကိုင်ရန် အလိုရှိကြခြင်းပင်ဖြစ်သည်၏။ သာ၍

မှတ်သားစရာကောင်းသည်မှာ သူတို့၏ဘဝသက်ရှင်ခြင်းထဲမှထူးခြားသောမျိုးဆက်သစ်ကို ထွန်းကားခြင်းပင်ဖြစ်သည်။ ကလေးတစ်ဦးချင်းစီတိုင်းသည်တလုံးတဝတည်းဖြစ်ခြင်း၏လုပခြင်းကို ပေါ်လွင်ထင်ရှားစေသည်။

အသက်ရှင်ခြင်း၏ဥပဒေသအဆင့် (၁)နှင့်အဆင့်(၂) တို့သည် ကျွန်ုပ်တို့အိမ်ထောင်ရေး၌ အကျပ်အတည်းနှင့်ပတ်သက်သောအကြွင်းမဲ့ချစ်ခြင်းမေတ္တာနှင့်နှိမ့်ချသောဝန်ခံခြင်းတို့ကို ဖော်ပြသည်။ ဤဥပဒေသများသည် ယောကျ်ားများနှင့်မိန်းမများကိုသာ အချင်းချင်းသည်းခံကြရန် တောင်းခံခြင်းမဟုတ်ဘဲအချိန်တိုင်း အားလုံးအတွက်ပါအကျိုးဝင်သည်။ ဤတရားများအတိုင်းအသက်ရှင်ခြင်းသည် ကောင်းမွန်သောအိမ်ထောင်ရေး၏အခြေခံလိုအပ်ချက်ပင်ဖြစ်သည်။ ယခုတွင် တတိယအဆင့်သက်ရှင်ခြင်း၏အခြေခံသဘောတရားအကြောင်းကို ကျွန်ုပ်တော်ပြောပြလိုပါသည်။

ဤတတိယအဆင့် အသက်ရှင်ခြင်း၏အခြေခံသဘောတရားသည် ကမ္ဘာဦးကျမ်း၂:၂၄ မှလာ၍ ဖေက်သြဝါဒစာ ၅ ၌အခြားနှစ်ဦးအသက်ရှင်ခြင်း၏အခြေခံသဘောတရားဖြင့် ပိုမိုပြည့်စုံလာသည်။ ဤအရာကား နက်နဲသောအိမ်ထောင်ရေးဖြစ်ပါသည်။"*... ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်။ ဤအရာသည် နက်နဲသောအရာဖြစ်ပေ၏။ ထိုသို့ငါဆိုသော် ခရစ်တော်နှင့်အသင်းတော်ကိုရည်မှတ်၍ ဆိုသတည်း"(ဧ ၅:၃၁-၃၂)။*

ထိမ်းမြားပြီးသောဇနီးမောင်နှံတို့သည် ယခုဘုရားသခင်၏ထုတ်ဖော်ကြေငြာခြင်းအားဖြင့် တကိုယ်တည်းဖြစ်လာကြ၏။ ကျွန်ုပ်တို့သည် ဤတလုံးတဝတည်းဖြစ်ခြင်းကို အသိအမှတ်ပြုရန်နှင့်အတည်ပြုရန် ခေါ်ယူခြင်းခံကြရသည်။ ဤစည်းလုံးခြင်း၌ ပုံစံအမျိုးမျိုးဖြင့် မြဲမြံစွာလုပ်ဆောင်လာသည့်အတိုင်း ကျွန်ုပ်တို့၏အိမ်ထောင်သည်လည်း ပိုမိုခိုင်ခံ့လာမည်ဖြစ်သည်။

ဤတတိယအဆင့် အသက်ရှင်ခြင်း၏ဥပဒေသဖြစ်သော "အစဉ်တလုံးတဝတည်းဖြစ်ခြင်း"ကို အနီးကပ်လေ့လာကြပါစို့။ ကျွန်ုပ်တို့သည် အတူတကွလုပ်ဆောင်ကြသောအခါ တစ်ဦးအပေါ်တစ်ဦးလွတ်လပ်မှု၊ နှစ်ထောင်းအားရမှုနှင့်စိတ်ကူးအိပ်မက်စသည်အရာများသည် မိမိတို့စိတ်နှလုံးထဲ၌ ပေါ်ထွက်လာပါသည်။ ကျွန်ုပ်တို့အိမ်ထောင်အတွက် ကိုယ်တော်ထံမှလာသောသဟဇာတဖြစ်ခြင်း၊ ချစ်ခြင်းမေတ္တာနှင့်ဝမ်းမြောက်ခြင်းတို့ကို ဘုရားသခင်၏အကြံအစည်၌သာ ကျွန်ုပ်တို့တွေ့ရှိနိုင်သည်။

## က။ အသက်ရှင်ခြင်း နိယာမ #၃ အစဉ်တလုံးတဝတည်းဖြစ်ခြင်း

အိမ်ထောင်ရေးဆိုသည်မှာ ကြာရှည်တည်တံ့ဖို့ဖြစ်သည်။ လက်ထပ်ထိမ်းမြားချိန်တွင် "ကျွန်ုပ်တို့အသက်ရှင်နေသရွေ့ကာလုံးပတ်လုံး" ဟူ၍ ကျမ်း ကျိန်ခဲ့သည်ကို ကျွန်ုပ်တို့အားလုံးသိရှိကြ၏။ ယနေ့မှာ အယူအဆအမျိုး

မျိုးဖြင့် ဖော်ပြနေကြ၏။ဤအကြောင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာကမည်သို့ ပြောဆိုသည်ကို ကျွန်ုပ်တို့ကြည့်ဖို့ လိုအပ်သည်။ ဤအယူအဆကို ကမ္ဘာဦးကျမ်း၌ ဖော်ပြပြီးဖြစ်သော်လည်း ဓမ္မသစ်ကျမ်းစာ၌ အကြိမ်ပေါင်းစွာထပ်မံ ဖော်ပြသည်။

*"ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့် ထိုသူတို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်" (က၊ ၂း၂၄)။*

*"ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့် ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်"ဟု ကျမ်းစာဆိုသည်ကို သင်တို့ မဖတ်ဖူးသလော(မ၊၁၉း၅)။*

ယေရှု၏မိန့်ဆိုချက် အနည်းငယ်ခြားနားသည်ကို ကျွန်ုပ်တို့သတိပြုသင့်သည်။ ကျမ်းစာက ဇနီးမောင်နှံတို့၏အတူတကွပေါင်းသင်းခြင်းကို အရင်ဆုံးပြောဆိုထားသည်။ ယောကျ်ားသည် မိဘ၏အုပ်စိုးခြင်းကိုစွန့်၍ ဘုရားသခင်၏ထိန်းချုပ်မှုအောက်၌ မိမိကိုယ်မိမိအုပ်စိုးသောသူဖြစ်လာ၏။ထိုသို့ မိသားစု၏အုပ်စိုးခြင်း အရွေ့အပြောင်းနှင့်ဖွဲ့စည်းမှုတို့သည် ရေရှည်ပြောင်းလဲခြင်းကိုထောက်ပြ၏။ ထိုလမ်းစဉ်အတိုင်း ယောကျ်ားသည် မိမိ၏မယားသစ်၌ မိမိကိုယ်ကိုအပ်နှံလေသည်။

အိမ်ထောင်ရေး၏အနှစ်ချုပ်ကား လူနှစ်ဦးတို့သည် အသစ်သောမိသားစု၌ အစဉ်အမြဲပေါင်းသင်းကြသည်ဟူ၍ ဖြစ်သည်။ ကျမ်းစာက ကာမ




ဆက်ဆံခြင်းသည် လင်မယားနှစ်ဦးကြား၌ ရင်းနှီးမှုကိုဖြစ်စေသောတစ်ခုတည်းသော လမ်းစဉ်ဖြစ်သည်ဟု ပြောဆိုခြင်းမရှိပေ။ မှန်ပါ သည်၊ ကာမဆက်ဆံခြင်းသည် တလုံးတဝတည်းဖြစ်ခြင်းကို ဖော်ပြသောအရာဖြစ်သည်။လင်မယားနှစ်ဦးတို့သည် မိမိတို့စိတ်ထဲ၌ဖြစ်စေ၊ နှလုံးသားထဲ၌ဖြစ်စေ၊ ကိုယ်ခန္ဓာ၌ဖြစ်စေ၊ လျင်မြန်သောပေါင်းစည်းခြင်းကို ဖြစ်ပေါ်စေသောအရာကား ကာမဆက်ဆံခြင်းပင်ဖြစ်သည်။ သို့ရာတွင်တလုံးတဝတည်းဖြစ်ခြင်းဟူသောစကားလုံး၏ဆိုလိုရင်းသည် ကာမဆက်ဆံခြင်းထက်အလွန်နက်ရှိုင်းပါ၏။အထက်က ကျမ်းစာဖော်ပြသည်မှာ တသားတကိုယ်တည်းဖြစ်လာကြသည်ဟုဆို၏။ပြောင်းလဲခြင်းသည် သူတို့၏သဘောသဘာဝ၌ ဖြစ်ပျက်၏။

"တလုံးတဝတည်းဖြစ်ခြင်း"ဟုဆိုရာတွင် တစ်စုံတစ်ဦး၏နှလုံးသား၌ နက်နဲသောကတိပြုခြင်းသည် အခြားတစ်ဦးထံသို့ရောက်ရှိ၍ "အသက်ရှင်

သရွေ့ကာလပတ်လုံး" ဟူသောဘဝတစ်ခုလုံးအပ်နှံခြင်းကို ဆိုလိုပါသည်။ တလုံးတဝတည်းဖြစ်ခြင်းသည် နှစ်ဦးအသက်ရှင်မှု၏ပြည့်စုံသောပေါင်းစပ်ခြင်းအားဖြင့်ဖြစ်သည်။ မတူညီသောလိင်များ၊မတူညီသောတာဝန်ရှိမှုများနှင့် မတူညီသောကိုယ်ခန္ဓာတို့သည် အလွန်ပြောင်မြောက်သည့် တလုံးတဝတည်းဖြစ်ခြင်းဖန်တီးမှုကိုအသီးသီးအကျိုးပြုကြသည်။ "*လူနှစ်ဦးတို့သည် သီးခြားမဟုတ်၊ တသားတကိုယ်တည်း"* ဖြစ်ကြသည်ဟူသောစကားလုံးထက် ပိုမိုဆန်းကျယ်သောဖော်ပြမှုမရှိတော့ပေ။

ယခုမှာ သူတို့သည် နှစ်ဦးမဟုတ်တော့ဘဲ တသားတကိုယ်တည်းဖြစ်ကြ၏။ ၎င်း၌ ခန္ဓာ၊ စိတ်နှင့်ဝိညာဉ် ရင်းရင်းနှီးနှီးမျှဝေမှုရှိ၏။ ဤဂုဏ်ကျက်သရေရှိသောပေါင်းစည်းခြင်းသည် သူတို့၏ကလေးများ ဖွားမြင်ခြင်း၌ ထင်ရှားသည်။ ကလေးတစ်ဦးသည် မိဘထံမှတူညီသောမျှဝေခြင်းကိုရရှိသည်။ မိဘနှစ်ပါး၏တလုံးတဝတည်းဖြစ်ခြင်းကို ဖွားမြင်ကာစကလေး၏ဆဲလ်တိုင်း၌ အတူတကွပေါင်းစပ်ထားကြောင်း ဆဲလ်သုတေသီများအားဖြင့် ကျွန်ုပ်တို့သိရှိနိုင်ကြသည်။ ၎င်းသည် အမှန်ပင် ထူးခြားပြောင်မြောက်သောအရာဖြစ်၏။ သင့်အိမ်ထောင်ကိုဟုတ်မှန်ကြောင်း အတည်ပြုလိုပါက ကလေးများများမွေးပါ။

ဤတသားတကိုယ်တည်းဖြစ်ခြင်းကို လေ့လာသုံးသပ်သောအခါ အလွန်အံ့ဩဖွယ်ဖြစ်သည်ကို ကျွန်ုပ်တို့သတိပြုလာသည်။ အက်တမ်တစ်ခု၌ မတူညီသောအပိုင်းအစများပါဝင်နေသော်လည်း ၎င်းတို့ကိုခွဲခြားရန် အလွန်ခဲယဉ်း၏။ သက်ရှိကလာပ်စည်းနှင့်အီလက်ထရွန်တို့သည် ကြောက်ရွံ့ဖွယ်စွမ်းအားနှင့်နက်နဲသောစွမ်းအားဖြင့် အလွန်ဆန်းကျယ်စွာ အတူတကွပူးတွဲထား၏။ ၎င်းတို့ကိုခွဲရမည်ဆိုလျှင် ကြီးမားသောစွမ်းအား လိုအပ်၍ မူလဒြပ်စင်များအကြီးအကျယ်ထိခိုက်မည်ဖြစ်သည်။ဘုရားသခင်သည် မိမိ၏စီရင်ချက် ထုတ်ပြန်ခဲ့သည့်အတိုင်း ထိမ်းမြားပြီးသောဇနီးမောင်နှံတို့သည် တလုံးတဝတည်းဖြစ်သည်ဟုဆို၏။ ယောက်ျားနှင့်မိန်းမတို့သည် အသက်ရှင်ခြင်းအားဖြင့် တလုံးတဝတည်းဖြစ်လာဖို့ရန် တစ်ဦးနှင့်တစ်ဦးကတိပြုကြ၏။ သေခြင်းသာလျှင် ဤတလုံးတဝတည်းဖြစ်ခြင်းကိုခွဲနိုင်သည်။

## ခွဲခွာခြင်းမပြုရ

"*ထို့ကြောင့် လင်မယားတို့သည် နှစ်ဦးမဟုတ် တဦးတည်းဖြစ်၏။ ဘုရားသခင်ဖက်စပ်၍ ထမ်းဘိုးတင်တော်မူသောအရာကို လူမခွဲမခွာစေနှင့်ဟု မိန့်တော်မူ၏"(မ၁၉:၆)။*


ထိမ်းမြားခြင်းမင်္ဂလာကို အသင်းတော်တစ်ပါး၌ဖြစ်စေ၊ အခြားတစ်နေရာရာ၌ဖြစ်စေကျင်းပရာတွင် ဘုရားသခင်ပါဝင်လျက်ရှိသည်။ဘုရားသခင်သည် ဇနီးမောင်နှံတို့နှင့်အတူရှိသည်။ ထိုသူနှစ်ဦးတို့သည် သီးခြားမဟုတ်

တော့ပေ။ သူတို့သည် တလုံးတဝတည်းဖြစ်လာကြသည်။ ထိမ်းမြားပြီးနောက် မူလလူနှစ်ဦးတို့ကို ကျွန်ုပ်တို့မတွေ့နိုင်တော့ပေ။ မှန်ပါသည်၊ ထိုသူနှစ်ဦးတို့သည် သက်ရှိကလာပ်စည်းနှင့်အီလက်ထရွန်တို့ကဲ့သို့ ထင်ရှားလာသည်။ သူတို့၌ ခိုင်မြဲသောဆက်နွယ်မှုရှိသည်ကိုနားလည်ဖို့ရန် တစ်စုံတစ်ဦးကမည်ကဲ့သို့ပြုရမည်နည်း။ ဤအတွက်ကြောင့် ကွာရှင်းခြင်းသည် အဓိပ္ပာယ်မဲ့ဖြစ်သွား၏။ ပြန်လည်ထိမ်းမြားခြင်းသည်လည်း ပိုမိုဆိုးဝါးပါသည်။ ယေရှုက ကွာရှင်းပြီးမှ ပြန်လည်ထိမ်းမြားခြင်းသည် မိမိမယားကိုပြစ်မှားရာရောက်သည်ဟု အတိအလင်းမိန့်ဆိုခဲ့သည်။

*"ကိုယ်တော်ကလည်း အကြင်သူသည် မယားနှင့်ကွာ၍ အခြားသောမိန်းမနှင့်စုံဘက်ခြင်းကိုပြု၏။ ထိုသူသည် မိမိမယားကိုပြစ်မှား၏" (မာ၊ ၁၀:၁၁)။*

*မိန်းမသည် မိမိခင်ပွန်း မသေမီကာလပတ်လုံး တရားအားဖြင့် ချည်နှောင်လျက်ရှိ၏။ ခင်ပွန်းသေလျှင်မူကား မိမိအလိုအတိုင်း သခင်ဘုရား၌သာ အခြားသောသူ၏မယားဖြစ်ခြင်းငှာ အခွင့်ရှိ၏"(၁ကော၊ ၇:၃၉)။*

ခင်ပွန်းက ကတိသစ္စာကို ရုပ်သိမ်းပြီဟုရိုးရှင်းစွာ မပြောဆိုနိုင်ပေ။ ကတိသိစ္စာသည် ကတိသစ္စာဖြစ်၏။ ကတိသစ္စာသည် ဘဝတစ်သက်တာအတွက်ဖြစ်သောကြောင့် ကတိသစ္စာကို စောင့်ထိန်းဖို့လိုအပ်၏။ ဘုရားသခင်သည် မိမိ၏နက်နဲသောခွန်အားဖြင့် ထိုလင်မယားနှစ်ဦးတို့နှင့်အတူ ဆက်နွယ်မှုရှိသည်။ လောကတရားရုံးက လင်မယားနှစ်ဦးကွာရှင်းဖို့ခွင့်ပြု၍ လက်ထပ်ခြင်းတရားမဝင်တော့ကြောင်းကြေငြာခဲ့သော်လည်း သူတို့နှစ်ဦးအသက်ရှင်နေသရွေ့ ဘုရားသခင်ရှေ့တော်၌ မိမိတို့၏ထိမ်းမြားခြင်းသည် ဆက်လက်တည်ရှိလျက်နေသည်။ ထို့အတူ ပေါလုက အသင်းတော်နှင့်ခရစ်တော်၏ဆက်နွယ်ခြင်းကို *"သင်တို့ကိုယ်ခန္ဓာသည်ခရစ်တော်၏အင်္ဂါဖြစ်ကြောင်းကိုမသိကြသလော။ သို့ဖြစ်လျှင် ခရစ်တော်၏အင်္ဂါကိုယူ၍ ပြည့်တန်ဆာ၏အင်္ဂါ မဖြစ်စေအပ်"*(၁ကော၊ ၆:၁၅)ဟု ပြောဆိုခဲ့သည်။




ကျွန်ုပ်တို့သည် ခရစ်တော်၌ ဆက်ကပ်အပ်နှံခံထားသူများဖြစ်သောကြောင့် ကိုယ်တော်နှင့်တလုံးတဝတည်းဖြစ်ကြသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် အခြားတစ်ဦးထံသို့သွား၍ မိမိတို့၏ကိုးကွယ်ဆည်းကပ်မှုကို ပေးအပ်လျှင်ဝိညာဉ်ရေးရာ၌ ဖောက်ပြန်သောသူ/ရုပ်တုကိုကိုးကွယ်သောသူဖြစ်ကြ

သည်။ လက်ထပ်ပြီးသောသူသည် အခြားတစ်ဦးဦးနှင့် ကာမဆက်ဆံခြင်းပြု သောအခါ ခန္ဓာနှင့်စိတ်ဝိညာဉ်တို့၌ ဖောက်ပြန်သောသူဖြစ်သည်။

## ခ။ အိမ်ထောင်ပြုခြင်းသည် ရွေးချယ်စရာလော

ယနေ့တချို့က အိမ်ထောင်ပြုခြင်းသည် ရွေးချယ်ရမည့်အရာဖြစ် သည်ဟု ဆိုနေကြသည်။ ကမ္ဘာဦးကျမ်း၌ ရှင်းလင်းစွာဖော်ပြလျက်ပင် နောက် ဆုံး၌ အစိုးရ၏တရားရုံးများက ထိုသူနှစ်ဦးတို့သည် ဘုရားသခင်၏အစီစဉ် အား လိုက်နာမည်မလိုက်နာမည်ကို စီရင်ဆုံးဖြတ်လာကြသည်။ ကျွန်တော် ထောက်ပြပြီးသည့်အတိုင်း ဘုရားသခင်သည် မိမိ၏ဆိုလိုရင်းကို ကမ္ဘာဦး ကျမ်း၂:၂၄ ၌ရှင်းလင်းခဲ့ပြီးဖြစ်သည်။ ယောကျ်ားနှင့်မိန်းမဟူသောစကားလုံး ကို အသုံးပြုခဲ့သည်။ ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲ မည်ဟုဆိုသည်။ ၎င်း၌ လူများပြောဆိုနေသည့်လင်တူအိမ် ထောင်ပြုခြင်းဟူ ၍ လုံးဝမပါရှိပေ။

ယနေ့ ဆိုးညစ်သောလူတချို့က သဘာဝအလျောက် အိမ်ထောင် ပြုခြင်းကို အလိုမရှိကြတော့ဘဲ မိမိတို့၏တပ်မက်မှုလိုအင်များကို ပြည့်စုံစေ ခြင်းငှာကြံရွယ်လာကြသည်။တနည်းအားဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော် နှင့်အလှမ်းဝေးနေကြပြီ။ ယောကျ်ားနှစ်ဦးသည် တလုံးတဝတည်းမဖြစ်နိုင်ပေ။ မိန်းမနှစ်ဦးလည်း တလုံးတဝတည်းမဖြစ်နိုင်ပေ။ ထိုသူတို့သည် နှစ်ဦးဖြစ်ကြ သောကြောင့် ဘုရားသခင်က မည်သည့်အခါမျှတလုံးတဝတည်းဖြစ်သည်ဟု ဖော်ပြမည်မဟုတ်ပေ။ယနေ့ကလေးငယ်များကပင် ယောကျ်ားတစ်ယောက်+ ယောကျ်ားတစ်ယောက်=ယောကျ်ားနှစ်ယောက်ဟူ၍ သိရှိကြသည်။

မိန်းမသည် ယောကျ်ားကိုအဖက်ပြုရန် အထူးဖန်ဆင်းခြင်းခံရ၏။ အကယ်၍ ဘုရားသခင်သည် အာဒံအဖို့ အခြားယောကျ်ားတစ်ဦးကို အလိုရှိ လျှင် အခြားယောကျ်ားတစ်ဦးကို ဖန်ဆင်းပါလိမ့်မည်။ သို့သော် ကိုယ်တော် သည် ထိုသို့မပြုဘဲ အိမ်ထောင်၌ ယောကျ်ားကို အပြည့်အဝအဖက်ပြုရန် မယားသစ်ကိုဖန်ဆင်းတော်မူ၏။ ဤပေါင်းစည်းခြင်းအားဖြင့် သူတို့သည် သား သမီးအသီးအပွင့်ကိုရရှိလာကြသည်။

ကျွန်ုပ်တို့သည် အိမ်ထောင်မပြုဘဲ လူလွတ်ဘဝဖြင့် အသက်မရှင် နိုင်ကြဟု ဆိုလိုခြင်းမဟုတ်ပေ။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ လူလွတ်ဘဝ ဖြင့် ဘုရားသခင်ထံ၌ သွားလာအသက်ရှင်၍ မိမိတို့၏ပြည့်စုံခြင်းကိုရရှိကာ ကောင်းသောအသီးများကိုသီးနိုင်ကြောင်း ၁ကော၊ အခန်းကြီး ၇၌ ရှင်းလင်းစွာ ဖော်ပြထားသည်။ *"သင်တို့သည် စိုးရိမ်ခြင်းနှင့်ကင်းလွတ်စေခြင်းငှါငါအလိုရှိ ၏။ ခင်ပွန်းမရှိသောသူသည် သခင်ဘုရား၏စိတ်တော်နှင့်တွေ့စေခြင်းငှာ သ ခင်ဘုရား၏အမှုကိုသာ သတိထားတတ်၏"(၁ကော၊၇:၃၂)။*

အခြားရွေးချယ်စရာ အသက်ရှင်ခြင်းပုံစံမှာ အိမ်ထောင်မပြုဘဲ အိမ်ထောင်ရေးရာအခွင့်ထူးများကို မျှဝေခြင်းဖြစ်၏။ လူငယ်များစွာနှင့်လူကြီးတို့သည် အိမ်ထောင်ပြုခြင်းကို အလိုမရှိကြတော့ပေ။ ထိုသူတို့သည် လွန်ခဲ့သည့်အချိန်များ၌ ကိစ္စတစ်ခုခုကြောင့် ကြောက်လန့်မှုရှိခဲ့ကြသူများ ဖြစ်၏။ ထိုသူတို့၌ တလုံးတဝတည်းဖြစ်ခြင်း စိတ်ကူးအိပ်မက်မရှိကြပေ။ သူတို့သည် ဆက်ကပ်အပ်နှံခြင်းကို ကြောက်ရွံ့ကြသည်။ အကြောင်းမှာ အိမ်ထောင်ပြုခြင်းသည် ကြောက်မက်ဖွယ်ကောင်းသောဘဝဖြင့် အဆုံးသတ်နိုင်ကြောင်းကို သူတို့မြင်တွေ့ခဲ့သောကြောင့်ဖြစ်သည်။ သို့မဟုတ် အိမ်ထောင်ပြုခြင်းသည် မကောင်းနိုင်ဟု ယုံကြည်ကြသောကြောင့်ဖြစ်သည်။




ရှက်ကြောက်ခြင်း ကင်းမဲ့ခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့်အိမ်ထောင်ရေး ဖောက်ပြန်ခြင်းတို့သည် ဆိုးယုတ်သောမျိုးဆက်၏လက္ခဏာပင်ဖြစ်သည်။ ခရစ်ယာန်ဇနီးမောင်နှံတို့အနေဖြင့် အရင်ဆုံး မိမိတို့၏တလုံးတဝတည်းဖြစ်ခြင်းကို ပြသပြီးမှသာ အခြားသူများအား မိမိတို့ကတိသိစ္စာအတိုင်းပြုကြရန် စိန်ခေါ်မှုပြုသင့်သည်။ ဘုရားသခင်၏လူတို့သည် အရင်နောင်တရ၍ ကိုယ်တော်၏မျက်နှာကို ရှာဖွေဖို့လည်း လိုအပ်သည်။

အိမ်ထောင်ပြုခြင်းအပြင်ဘက်၌ အတူတကွအသက်ရှင်ခြင်းသည် အိမ်ထောင်ပြုခြင်းမဟုတ်ဘဲ မတရားသောမေထုန်မှီဝဲခြင်းဖြစ်သည်။ ထိုသူနှစ်ဦးတို့သည် အိမ်ထောင်ပြုခြင်း၏ကတိအောက်၌ အသက်ရှင်ခြင်းမဟုတ်၊ တသားတကိုယ်တည်းလည်းမဟုတ်၊ မိမိတို့၏အတ္တရည်ရွယ်ချက်အတွက် တစ်ဦးကိုတစ်ဦး အန္တရာယ်ပြုနေခြင်းသာဖြစ်သည်။

အိမ်ထောင်ပြုခြင်းသည် ဤမြေကြီးပေါ်၌ ယောက်ျားနှင့်မိန်းမနှစ်ဦးစလုံးအသက်ရှင်နေသရွေ့ကာလပတ်လုံးအတွက်ဖြစ်သည်။ ဤမြေကြီးပေါ်၌ အိမ်ထောင်ပြုခြင်းသည် ကောင်းကင်နိုင်ငံ၏လုပတင့်တယ်သောပုံရိပ်ဖြစ်ပါသည်။ အိမ်ထောင်သည် ခင်ပွန်းသေဆုံးသောအခါ တလုံးတဝတည်းဖြစ်ခြင်း အဆုံးသတ်ပြီဟုထင်ရသော်လည်း ပိုမိုကြီးမြတ်သောမင်္ဂလာနှင့်အတူ ဘုရားသခင်နှင့်မိမိလူတို့၏ထာဝရဆက်နွယ်ခြင်း ရှိနေသေးကြောင်း ကျွန်ုပ်တို့တွေ့မြင်နိုင်သည်(ဗျာ၊ ၂၁:၂)။

ကျွန်ုပ်တို့သည် ဤတလုံးတဝတည်းဖြစ်ခြင်းကို ယုံကြည်ခြင်းဖြင့် လက်ခံလျက် ထိုတရားအားဖြင့် အကြွင်းမဲ့အသက်ရှင်ကြရမည်။ ၎င်းက ကောင်းမွန်သောအိမ်ထောင်ပြုခြင်းဘက်သို့ ပို့ဆောင်ပေးလိမ့်မည်။ ဤတလုံးတဝတည်းဖြစ်ခြင်း၌ ယုံကြည်ခြင်းမရှိလျှင် လောက၏အနေတော်လမ်းစဉ်ကို

လက်ခံ၍ ကျွန်ုပ်တို့၏အိမ်ထောင်ဒုက္ခရောက်သွားမည်ဖြစ်သည်။ အိမ်ထောင်ရေးတွင် အလယ်အလတ်လမ်းစဉ်ဟူ၍ မရှိပေ။ တလုံးတဝတည်းဖြစ်ခြင်း၏ ဥပဒေသအားဖြင့် အသက်ရှင်ခြင်းသည် ၎င်းတို့ကိုရှောင်ရှားခြင်းဖြစ်သည်။ ကောင်းမွန်သောအိမ်ထောင်တစ်ရပ်သည် အစဉ်အမြဲအားဖြည့်နေပါလိမ့်မည်။

## ဂ။ ကြံ့ခိုင်သောအိမ်ထောင်ပြုခြင်း၏အုတ်မြစ်

အုတ်မြစ်ခံခြင်းသည် ကျွန်ုပ်တို့ဖွဲ့စည်းတည်ဆောက်ခြင်းပေါ်မူတည်ပါသည်။ အိမ်ထောင်ရေးတွင် အုတ်မြစ်ခံခြင်းဆိုင်ရာသမ္မာတရားများ အခိုင်အမာရှိဖို့ လိုအပ်သည်။ အကယ်၍ အုတ်မြစ်ခံခြင်းသည် ခိုင်ခံ့မှုမရှိပါက ၎င်းအပေါ်၌ တည်ဆောက်သောတစ်စုံတစ်ရာသည် အဘယ်မျှလောက်ကောင်းစေကာမူ ပျက်စီးသွားလိမ့်မည်။ မြေငလျင်လှုပ်ခြင်းသည် အုတ်မြစ်ကိုလှုပ်ခါ၍ ထိုအုတ်မြစ်၏ခံနိုင်ရည်စွမ်းအားကို စမ်းသပ်ခြင်းလည်းဖြစ်သည်။ မြေကြီးပေါ်၌စပ်ကြောင်းရှိပါက ၎င်းကို ပြတ်ရွေ့ကြောင်းဟုခေါ်ကြသည်။ ငလျင်လှုပ်ခြင်း၌ ထိုပြတ်ရွေ့ကြောင်းအပျက်အစီးသည် အများဆုံးဖြစ်သည်။ ထိုပြတ်ရွေ့ကြောင်းပေါ်၌ တည်ဆောက်ထားသောမည်သည့်အရာမဆို တစ်စစီကြွေမွပျက်စီးမည်ဖြစ်သည်။

ယနေ့ များစွာသောဇနီးမောင်နှံတို့သည် ကွာရှင်း၍ရနိုင်သည်ဟူသောအတွေးနှင့် ထိမ်းမြားကြ၏။ တချို့သောသူတို့သည် ကွာရှင်းခြင်းနှင့်စပ်လျဉ်း၍ အလွန်ပွင့်လင်းလွန်းပါသည်။ "အဆင်မပြေလျှင် ငါတို့ကွာရှင်းမည်။" ကွာရှင်းခြင်းသည် ဖြေရှင်းနည်းတစ်ခုလိုဖြစ်ပါသည်။ ဤအကြောင်းကိုဇနီးမောင်နှံတို့က ထင်ထင်ရှားရှားဝန်ခံခြင်းမပြုသော်လည်း သူတို့စိတ်နှလုံး၌ ကွာရှင်းနိုင်သည်ဟုယူဆပါက နတ်ဆိုးသည် ထိုအမှုကိုအသုံးပြု၍ သူတို့အိမ်ထောင်ကိုဒုက္ခရောက်အောင်ပြုတတ်သည်။အိမ်ထောင်ဟူသည် စိန်ခေါ်မှုပုံစံအမျိုးမျိုးဖြင့်လှုပ်ခါခြင်းကိုခံရတတ်၏။ ကွာရှင်းခြင်းအပေါ်ဘုရားသခင်မုန်းတီးရသည့်အကြောင်းရင်းမှာ အလွန်တရာလှပတင့်တယ်သည့်တလုံးတဝတည်းဖြစ်ခြင်းကိုတန်ပြန်ဆန့်ကျင်လျက် နောက်ဆက်တွဲအပျက်အစီးများစွာကိုဖြစ်ပေါ်စေသောကြောင့်ဖြစ်သည်။ သုတေသီများကပင် ကွာရှင်းခြင်းကြောင့်နာကျင်ထိခိုက်ခြင်း၊အထီးကျန်ခြင်းနှင့်ဆင်းရဲဒုက္ခများခံစားနိုင်သည်ဟုဆိုကြ၏။

ယောက်ျားသည် အိမ်ထောင်ရေး၌ ပြဿနာတစ်ခုပြီးတစ်ခု ပေါ်လာသောအခါ ထိုပြဿနာများကိုမည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းရန်ကြိုးစားအားထုတ်ခြင်းမပြုဘဲ အခြားမိန်းမတစ်ဦးကိုရှာဖွေဖို့ရန် စတင်စိတ်ကူးလာတော့သည်။မိန်းမသည်လည်း သူ့ဟာသူ ငွေကြေးရရှိနိုင်မည့်နည်းလမ်းကို စဉ်းစားလာသည်။ထိုအတွေးများကိုထောက်ရှုခြင်းအားဖြင့် ထိုသူတို့သည် တလုံးတဝတည်းဖြစ်ရန် လုံးလုံးအပ်နှံခြင်းမရှိကြောင်း ထင်ရှားပေသည်။ အိမ်ထောင်

တိုင်းသည် စိန်ခေါ်မှုအမျိုးမျိုးကိုရင်ဆိုင်ကြရသည်။ ထိုစိန်ခေါ်မှုများအပေါ် ကျွန်ုပ်တို့မည်ကဲ့သို့တုံ့ပြန်မည်ဟူသောအရာသည် မိမိတို့အမှန်ယုံကြည်သော အရာပေါ်၌မူတည်သည်။

သတိထားရမည့်အရာကား ပို၍အဆင်ပြေသောဘဝအကြောင်းကို စဉ်းစားရုံဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်း ပေါ်လွင်ထင်ရှားသည်ဟု အဓိပ္ပာယ်မ ပေါက်စေလိုပေ။ စာတန်သည် မကြာခဏဆိုသလို တွေးတောကြံစည်မှု အမျိုး မျိုးကို ကျွန်ုပ်တို့စိတ်နှလုံးထဲသို့ ရတ်တရက်ဝင်ပြောတတ်သည်။ ကျွန်ုပ်တို့၏ စိတ်ပိုင်းဖြတ်မှုဖြင့် မိမိတို့ဘာကို ယုံကြည်ကြောင်း မိမိတို့သိရှိနိုင်သည်။ စုံစမ်း နှောင့်ယှက်ခြင်းသည် မိမိတို့အပေါ်၌ မည်သို့ပင်သွေးဆောင်နေပါစေ မိမိတို့ ၏ရွေးချယ်မှုသည် တလုံးတဝတည်းဖြစ်ခြင်းကို အတည်ပြုရန်ဖြစ်သင့်သည်။

တချို့သောဇနီးမောင်နှံတို့သည် ကွာရှင်းခြင်းအကြောင်း တွေးတော ကြံစည်မှုလမ်းစများပေါ်လာသောအခါ အလွန်တုန်လှုပ်ကြ၏။ သူတို့သည် ထို အဖြစ်ကို မိမိတို့တလုံးတဝတည်းဖြစ်ခြင်းနှင့်ဆိုင်သည့်သမ္မာတရားများအပေါ် အာရုံစူးစိုက်ခြင်းအားဖြင့် ကျော်လွှားနိုင်ပါသည်။ သူတို့သည် မိမိတို့၏စိတ်နှ လုံးများကို ထိမ်းမြားခြင်းဆိုင်ရာကတိသိစ္စာများအပေါ်၌ ချထားလျက်အသက် ရှင်ခြင်းဖြင့် လျှောက်လှမ်းဖို့ လိုအပ်ပါသည်။ ထိုအရာကား ထိမ်းမြားပြီးသော ဇနီးမောင်နှံတိုင်းအတွက် ကျင့်ဝတ်လမ်းစဉ်ဖြစ်သည်။

အကယ်၍ ခင်ပွန်းတစ်ဦးသည် ဘုရားသခင်၏သမ္မာတရားအပြင် ဘက်၌ သွားလာအသက်ရှင်လျက် လမ်းခွဲခြင်းသို့ဦးတည်စေသောစုံစမ်းနှောင့် ယှက်ခြင်းကို လိုလိုလားလားလက်ခံလျှင် ထိုခင်ပွန်းသည် ပြင်းထန်သောစိတ် ကတိကအောက်ဖြစ်ခြင်းကို အမှန်တွေ့ကြုံခံစားမည်ဖြစ်သည်။ ထိုအကြောင်း အရာများကို နောက်သင်ခန်းစာများတွင် ဆက်လက်ဆွေးနွေးသွားမည်။

## စိုက်ပျိုးမွေးမြူရေးခြံ



ယခုတိုင်အောင် အသက်တာ၏အခြေခံသဘောတရားဖြစ်သည့် ဤ တလုံးတဝတည်းဖြစ်ခြင်း ကို မရေရာမသေချာဖြစ် နိုင်၏။ ၎င်းသည် နားလည် ဖို့ရန် ခက်ခဲသောအရာ ဖြစ်သော်လည်း ၎င်း၏ဆို လိုရင်းကို ပိုမိုသိရှိရန် ကြိုးပမ်းအားထုတ်ကြပါစို့။

လူတစ်ဦးသည် ခြံစည်းရိုးခပ်ထားသော မိမိ၏ခြံကေတစ်ထောင်ကို လမ်းလျှောက်ပတ်သောအခါ သူသည် ဖြေးဖြေးသွားလို့မရ၊ ပြေးရလိမ့်မည်။ သို့မဟုတ်လျှင် လမ်းလျှောက်ကောင်းလျှောက်နိုင်၏။သို့သော်ထိုသူသည် ဖြေးဖြေးချင်းလျှောက်သွားမည်ဆိုလျှင် သူပိုင်သည့်မြေကေအစွန်အဖျား အဆုံးထိရောက်ရှိဖို့ရန် အလွန်ခဲယဉ်းပါလိမ့်မည်။ ကောင်းမွန်သောအိမ်ထောင်ပြုခြင်းသည်လည်းထို့အတူဖြစ်၏။ လင်ယောကျ်ားသည် အလုပ်ကိစ္စကြောင့်မြို့ထဲကိုလေယာဉ်ဖြင့် သွားရသော်လည်း အိမ်ထောင်ရေးဘောင်၏တလုံးတဝတည်းဖြစ်ခြင်းကြောင့် မိမိအိမ်ကိုဘတ်စကားဖြင့် ပြန်လာရ၏။ လင်နှင့်မယားတို့သည် အတူတူမနေကြသော်လည်း တလုံးတဝတည်းဖြစ်ကြ၏။

ရုပ်ရည်လှပသောမိန်းမပျိုလေးသည် ထိုယောကျ်ား၏ခြံစည်းရိုး အနားသို့လမ်းလျှောက်ထွက်လာသောအခါထိုခြံစည်းရိုးက ကောင်မလေးကိုရုတ်တရက်ကွယ်လေသည်။ ထိုစဉ် ထိုယောကျ်ား၏စိတ်ထဲတွင် စိတ်အနှောင့်အယှက်ဖြစ်မိသည်။ သို့သော် ထိုယောကျ်ားသည် အသိစိတ်ဝင်လာ၍ မိမိသည် မိမိ၏မယား၌သာ ပျော်မွေ့သင့်ကြောင်းသတိရလာသည်။ ထိုသို့ဖြင့် သူ၏စိတ်နှလုံးနှင့်မျက်လုံးများကို ထိုမိန်းမပျိုလေးထံမှ အာရုံလွှဲပြောင်းလေ၏။သူ၏လုပ်ရပ်ကား အဘယ်သို့နည်း။ သူသည် မိမိအိမ်ထောင်ဖက်နှင့် တလုံးတဝတည်းဖြစ်သည်ဟူသောအရာကို အတည်ပြုပြသနေခြင်းဖြစ်သည်။ တနည်းအားဖြင့်သူသည် ခြံစည်းရိုး၏အကူအညီကိုလက်ခံခဲ့ခြင်းဖြစ်၏။ထိုခြံစည်းရိုးက တလုံးတဝတည်းဖြစ်ခြင်းကိုသတိပြုစေ၏။ ထိုအခါသူသည် မိမိ၏မယားတစ်ဦးကိုသာ တောင့်တလိုချင်ရမည်ဟူသောကတိသိစ္စာကို အခိုင်အမာဆွဲကိုင်လျက်မိမိ၏ခြံစည်းရိုးအထဲ၌ နေလေ၏။

တချို့မိန်းမက အချစ်ဇာတ်လမ်းဝတ္ထုကိုဖတ်ရှု၍ ဝတ္ထုထဲ၌သရုပ်ဆောင်သည့်မိန်းမနေရာ၌ မိမိကိုယ်ကိုအစားထိုးလျက်ထိုဝတ္ထု၏ဇာတ်ကောင်မင်းသားအားစွဲလမ်းကာသူ့ယောကျ်ားကို ငြီးငွေ့ဖွယ်ကောင်းသည်ဟုဆိုတတ်သည်။ထိုသို့ဖြင့် မိမိယောကျ်ားကိုဆက်လက်ချစ်နိုင်ဖို့ရန် မိမိ၏ကတိသစ္စာကိုပြန်လည်အောက်မေ့လေ၏။ မိမိယောကျ်ားထက်သာလွန်သောသူများကိုနှလုံးသားထဲ၌ ပိုက်ထားရန်ငြင်းဆိုလျက်မိမိသည် အကောင်းဆုံးယောကျ်ားရရှိထားသူဖြစ်ကြောင်း သခင်ဘုရားကိုကျေးဇူးတင်ကာ သူ့လင်ယောကျ်ားအပေါ်၌ မိမိ၏ကတိသစ္စာကိုထားရှိလေသည်။

ကျွန်ုပ်တို့သည် တလုံးတဝတည်းဖြစ်ခြင်းနှင့်ဆိုင်သည့်အသက်ရှင်ခြင်း၏အခြေခံသဘောတရားကို အစပြုလေ့လာခြင်းသာဖြစ်သည်။ အခြားအသက်ရှင်ခြင်း၏အခြေခံသဘောတရားများကို မိမိတို့၏ခရစ်ယာန်အသက်တာ အသက်ရှင်ခြင်းနှင့်အတူ လေ့လာသွားမည်ဖြစ်သည်။ သင်ယူလေ့လာခြင်းကို

ဆက်လက်မပြုမီ ဤအသက်ရှင်ခြင်း၏အခြေခံသဘောတရားကို ၎င်းနှင့်ဆိုင် သောဝိညာဉ်ရေးရာအကြောင်းအရာထဲ၌ ရှင်းပြသွားမည်ဖြစ်သည်။

## ဃ။ ဝိညာဉ်ရေးရာ နှိုင်းစာချက်

ဤတလုံးတဝတည်းဖြစ်ခြင်း၏အခြေခံသဘောတရားကို ကျမ်းစာ တစ်လျှောက်လုံး၌ ရေးသားထားသည်။ အကြောင်းမှာ ကယ်တင်ခြင်းသည် ဘုရားသခင်နှင့်လူစပ်ကြားရှိ ပဋိညာဉ်တရားအပေါ်၌ တည်ဆောက်သော ကြောင့်ဖြစ်၏။ ကျွန်ုပ်တို့သည် ဓမ္မသစ်ကျမ်းစာ၏သင်ကြားခြင်းအပေါ်၌ အာရုံ စူးစိုက်ကြရပါမည်။ဓမ္မသစ်ကျမ်းစာရှိသမ္မာတရားကခရစ်ယာန်များသည် ခရစ် တော်အားဖြင့် ဘုရားသခင်နှင့်အတူ ပဋိညာဉ်တရား၌ပါဝင်သောသူများဖြစ် သည်ကိုကျွန်ုပ်တို့အား သင်ကြားပေး၏။ ယုံကြည်သူခရစ်ယာန်များသည် ခရစ် တော်၌တည်ရှိကြ၏။သူတို့သည် ခရစ်တော်နှင့် တလုံးတဝတည်းဖြစ်၏။ ခရစ် တော်၌ ဆက်စပ်သူများဖြစ်ကြ၏။ကျမ်းစာထဲ၌ "ခရစ်တော်၌"ဟူသောစကား စုကိုထပ်ခါတလဲလဲတွေ့မြင်ရ၏။ အကြိမ်ပေါင်း (၈၈) ကြိမ်တွေ့ရှိရသည်။ "ခရစ်တော်၌" သို့မဟုတ် "သူ၌" ဟူသောစကားစုကို ဧဖက်သြဝါဒစာအခန်း ကြီး ၁ ၌ပင် ၁၁ ကြိမ်အသုံးပြုထားသည်။ ဥပမာ သုံးခုကိုကြည့်ကြပါစို့။

*ဤကမ္ဘာမတည်မရှိမှီ ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူ သည်နှင့်အညီကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ခပ်သိမ်းသောဓမ္မမင်္ဂလာ တို့ကိုခရစ်တော်အားဖြင့် ငါ တို့အား ပေးသနားတော်မူသောငါတို့သခင် ယေရှု ခရစ်၏ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသနည်း"(ဧဖက်၊ ၁:၄)။*

*"ထိုသားတော်၏အသွေးတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်း တည်းဟူသောရွေးနုတ်ခြင်း ကျေးဇူးကို ငါတို့သည် ခံရကြ၏" (ဧဖက်၊ ၁:၇)။*

ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိကြသောကြောင့် အထူးပုဂ္ဂိုလ်များဖြစ် ကြ၏။ ကျွန်ုပ်တို့၏နေရာအဆင့်အတန်းသည် ခရစ်တော်၌ရှိ၍ ၎င်းက ဘုရား သခင်၏မေတ္တာနှင့်ကတိတော်၌ ဆက်စပ်စေတော်မူ၏။ ကျွန်ုပ်တို့သည် ခရစ် တော်၌ တလုံးတဝတည်းဖြစ်ကြ၏။ဤကား ဗတ္တိဇံမင်္ဂလာ၏သင်ကြားခြင်းဖြစ် ၍ ရောမသြဝါဒစာ၌ ရှင်းလင်းစွာဖော်ပြထားသည်။

*"ယေရှုခရစ်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် အသေခံတော်မူ ခြင်း၌ဗတ္တိဇံကိုခံကြသည်ဟုသင်တို့မသိကြသလော။ထို့ကြောင့် အသေခံတော် မူခြင်း၌ ဗတ္တိဇံကိုခံသောအားဖြင့် ထိုသခင်နှင့်အတူသင်္ဂြိုဟ်ခြင်းကိုခံကြ၏။ အ ကြောင်းမူကား ခရစ်တော်သည် ခမည်းတော်၏ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှ ထမြောက်တော်မူသည်နည်းတူ ငါတို့သည်လည်း အသစ်သောအသက်တာ၌ ကျင်လည်ရကြသတည်း။ တနည်းကား အသေခံတော်မူခြင်း၏ပုံသဏ္ဍာန်ကို*

*ဆောင်၍ ထိုသခင်နှင့်အတူ ငါတို့သည် စိုက်ပျိုးလျက်ရှိသည်မှန်လျှင်ထ မြောက်တော်မူခြင်း၏ပုံသဏ္ဍာန်ကိုဆောင်၍ စိုက်ပျိုးလျက်ရှိကြလိမ့်မည်။ ထို မှတစ်ပါး ငါတို့၏လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါး ကပ်တိုင်မှာ အသေသတ်ခြင်းကိုခံပြီဟုငါတို့သိကြ၏။အကြောင်းမူကား ငါတို့သည် နောက် မှအပြစ်တရား၏အစေကိုမခံစေခြင်းငှာ အပြစ်တရား၏ကိုယ်ကိုဖျက်ဆီးမည် အကြောင်းတည်း။ သေသောသူသည် အပြစ်တရား၏လက်မှ လွတ်လျက်ရှိ ၏။ခရစ်တော်သည် သေခြင်းမှထမြောက်သောအခါ သေခြင်းနှင့် အစဉ်ကင်း လွတ်တော်မူ၏" (ရော၊ ၆:၃-၈)။*

ဗတ္တိဇံသည် ခရစ်တော်နှင့်တလုံးတဝတည်းဖြစ်ခြင်းကို ခန္ဓာကိုယ်၌ ပြသခြင်းဖြစ်သည်။ ၎င်းသည် လက်ထပ်ရန် မင်းလမ်းအလယ်ဗဟို၌ လျှောက် နေသောသတို့သမီးသကဲ့သို့ဖြစ်သည်။ သူသည် မိသားစုကိုစွန့်၍ အသစ်သော မိသားစုကိုထူထောင်ရန် သတို့သားနှင့် ပေါင်းလေ၏။ သူ၏နောက်ဆုံးနာမည် ကိုစွန့်၍ သတို့သား၏နောက်ဆုံးနာမည်သစ်ကို ရယူလေ၏။ သူတို့သည် အ သစ်သောအသက်တာကို အစပြုကြလေသည်။

ခရစ်တော်ထံ၌ ကျွန်ုပ်တို့၏သစ္စာခံခြင်းကို စမ်းသပ်ရန် ရုန်းကန် လှုပ်ရှားမှုများပေါ်လာလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သည် မိမိတို့၏လူ ဟောင်းဖြစ်ခြင်းနှင့် ဆက်စပ်သောအရာများကို လျစ်လျူရှု၍ မိမိတို့၏သခင်ဘု ရားကိုသာနာခံကြရမည်။ဥပမာ ကလေးကိစ္စနှင့်စပ်လျဉ်း၍ ယောက်ျားက မိန်း မအားတစ်စုံတစ်ခုပြုရန် တောင်းဆိုသောအခါ မယားမိခင်က၎င်းနှင့်ဆန့်ကျင် ဘက်အကြံပြုနိုင်၏။ မိန်းမသည် မိမိ၏တလုံးတဝတည်းဖြစ်ခြင်းကို မိမိ၏ ယောက်ျားနှင့်အတူအသက်ရှင်ပြ၍ ယောက်ျားတောင်းဆိုသည့်အတိုင်းသာပြု ရမည်ဖြစ်သည်။

*"ထိုနည်းတူ သင်တို့သည် အပြစ်တရားနှင့်ဆိုင်သောအရာ၌ကား အသေဖြစ်သည်ဟူ၍လည်းကောင်း၊ဘုရားသခင်နှင့်ဆိုင်သောအရာ၌ကား ငါ တို့သခင်ယေရှုခရစ်တော်အားဖြင့် အသက်ရှင်သည်ဟူ၍လည်းကောင်း ကိုယ် ကိုကိုယ်ထင်မှတ်ကြလော့"(ရော၊၆:၁၁)။*

တလုံးတဝတည်းဖြစ်ခြင်း၏လုပ်ဆောင်ချက်အပေါ် ပေါလု၏အကြံ ပေးချက်ကား၊

*"သင်တို့သည် ရန်သူများကြောင့်အလျှင်းမကြောက်ရွံ့မတုန်လှုပ်ဘဲ တပါးတည်းသောစိတ်ဝိညာဉ်၌တည်၍ ဧဝံဂေလိတရားနှင့်ဆိုင်သောယုံကြည် ခြင်းအဘို့အလို့ငှာ တညီတညွတ်တည်းကြိုးစားအားထုတ်ကြသည်အကြောင်း အရာကိုငါရောက်လျှင် သင်တို့နှင့် မျက်မှောက်တွေ့သည်ဖြစ်စေ၊ ကွာလျက် နေသည်ဖြစ်စေ၊ ငါကြားသိရပါမည်အကြောင်း ခရစ်တော်၏ဧဝံဂေ လိတရား နှင့်အထိုက်အလျောက်ဝတ်ကြီးဝတ်ငယ်များကိုပြု၍သာ နေကြလော့။ ထိုသို့*

*ရန်သူများကြောင့် အလျှင်းမကြောက်ရွံ့မတုန်လှုပ်သောအကြောင်းအရာသည် သူတို့၌ ပျက်စီးခြင်း၏နိမိတ်လက္ခဏာဖြစ်၏။ ဘုရားသခင်စီရင်တော်မူသောအားဖြင့် သင်တို့၌ကား ကယ်တင်ခြင်း၏နိမိတ်လက္ခဏာဖြစ်၏" (ဖိ၁း ၂၇-၂၈)။*

ရန်သူများက ခရစ်တော်၌ရှိသောသူတို့၏ယုံကြည်ခြင်းကို ခြိမ်းခြောက်လာကြသောအခါ သူတို့သည် မည်ကဲ့သို့ခိုင်ခံ့စွာရပ်တည်ကြသနည်း။ ၎င်းမှာ ခရစ်တော်အပေါ်၌ထားရှိသည့် သူတို့၏ဆက်ကပ်အပ်နှံခြင်းကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် "တစိတ်တဝိညာဉ်တည်းဖြင့် ရပ်တည်ကြရမည်။" မိမိတို့၏ဆက်ကပ်အပ်နှံခြင်းနှင့်ဆိုင်သောပဋိညာဉ်အပေါ်၌ ရပ်တည်သောအခါ မိမိတို့ကိုသွေးဆောင်ရန် အားထုတ်လျက်ရှိသောရန်သူသည် ဖောက်ပြန်သူအဖြစ်ဖော်ထုတ်ခြင်းခံရ၏။

## ပြိုင်ဘက်ကင်းသောရှုထောင့်

ရှေ့ဆက်မသွားမီ အခြားကျမ်းချက်များနှင့်တူညီမှုမရှိသည့် ကျမ်းချက်ကို လေ့လာကြပါစို့။ ထိုကျမ်းချက်သည် သင်ကြားခြင်းသုံးမျိုးဖြစ်သည့် အိမ်ထောင်ပြုခြင်းပဋိညာဉ်၊ ခရစ်ယာန်ပဋိညာဉ်နှင့် တလုံးတဝတည်းဖြစ်ခြင်းတို့ကို အလွန်ထူးခြားစွာ တစ်ခုနှင့်တစ်ခုဆက်စပ်ထားပါသည်။

*"ဥပမာကား လင်ရှိသောမိန်းမသည် လင်မသေမီတိုင်အောင် ပညတ်တရားအားဖြင့် လင်၌ ချည်နှောင်လျက်ရှိ၏။ လင်သေလျှင်မူကား လင်ဝတ်နှင့်လွတ်၏။ ထို့ကြောင့် မိမိလင်မသေမီ အခြားသောသူ၏မယားဖြစ်လျှင် မျောက်မထားသောမိန်းမဟုခေါ်ထိုက်၏။ လင်သေလျှင်မူကား ထိုတရားနှင့်လွတ်သည်ဖြစ်၍ အခြားသူ၏မယားဖြစ်သော်လည်း မျောက်မထားသောမိန်းမဟုခေါ်စရာအကြောင်းမရှိ၊ ထိုနည်းတူ ငါ့ညီအစ်ကိုတို့ သင်တို့သည် အခြားသောသူတည်းဟူသောသေခြင်းမှထမြောက်တော်မူသော သူ၏မယားဖြစ်၍ ဘုရားသခင်၏အလိုတော်နှင့်အညီ တိုးပွားမည်အကြောင်း ခရစ်တော်၏ကိုယ်ခန္ဓာအားဖြင့် သေ၍ ပညတ်တရားနှင့်ကွာကြ၏" (ရော၊ ၇း ၂-၄)။*

အိမ်ထောင်ကို အပြီးအပိုင်ဖျက်သိမ်းနိုင်သည့် တစ်ခုတည်းသောလမ်းစဉ်ကား သေခြင်းဖြစ်ပါသည်။ အိမ်ထောင်သည် ဤမြေကြီးပေါ်၌ ဇနီးမောင်နှံနှစ်ဦးစလုံးအသက်ရှင်နေသရွေ့ကာလပတ်လုံး တည်တံ့နေမည်ဖြစ်သည်။ကွာရှင်းခြင်းသည် ဇနီးမောင်နှံတို့၏ဆက်ကပ်အပ်နှံခြင်းမှရုန်းထွက်ရန်လူတို့၏အယူအဆသာဖြစ်သည်။ သို့သော် ဘုရားသခင်ရှေ့၌ပြုသောသူတို့၏ဆက်ကပ်အပ်နှံခြင်းထဲမှမလွတ်နိုင်ကြပေ။ ဘုရားသခင်ကလည်း သူတို့အားပေါင်းစည်းပြီးသားဖြစ်သည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းနှင့်စပ်လျဉ်း၍ ထို့အတူဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏လူဟောင်းနှင့်ဇာတိပကတိကို ခရစ်တော်

အပေါ်ယုံကြည်ခြင်းအားဖြင့် အသေသတ်ခြင်းခံရ၍ ခရစ်တော်၏အသစ်သောရည်ရွယ်ချက်၌ ပေါင်းစည်းခြင်းခံကြရသည်။ အိမ်ထောင်ပြု၍ပေါင်းစည်းခြင်းအားဖြင့် သားသမီးအသီးအပွင့်များထွန်းကားသလို ခရစ်တော်၌ ကျွန်ုပ်တို့သည် ပေါင်းစည်းခြင်းအားဖြင့်လည်း အသီးအပွင့်ရှိလာတတ်သည်(ဖတ်ရှုရန် ယော၊ ၁၅:၅)။

အိမ်ထောင်တစ်ရပ်၏စွမ်းအား / ခရစ်ယာန်တစ်ဦး၏စွမ်းအားသည် မိမိတို့၏တလုံးတဝတည်းဖြစ်ခြင်း ပြသနိုင်သည့်အနေအထားပေါ်၌ မူတည်သည်။ ဝိညာဉ်ရေးရာနယ်ပယ်၌စာတန်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုတုန်လှုပ်စေခြင်းအားဖြင့် မိမိတို့၏အုတ်မြစ်ကိုဖျက်ဆီးလိုသည်။ စာတန်သည် ထိုသို့ပြုလျက်မိမိတို့သည် အမှန်ကယ်တင်ခြင်းရသောသူလော၊ မရသောသူလောဟူသည်ကိုမေးခွန်းထုတ်စေပါသည်။အိမ်ထောင်ရေး၌လည်း ထို့အတူအခြားသောသူများနှင့် မွေ့လျော်ရန် ဖြားယောင်းသွေးဆောင်ခြင်းခံတတ်သည်။ ယနေ့ စာတန်သည် လူ့ဘောင်အဖွဲ့အစည်း၌ အိမ်ထောင်ရေး၏အုတ်မြစ်ကို မည်ကဲ့သို့တစတစ်ဖျက်ဆီးနေသည်ကို ကြည့်ကြပါစို့။

## င။ မျက်မှောက်ခေတ် အိမ်ထောင်ပြုခြင်းနှင့် ၎င်း၏ဖြားယောင်းခြင်းများ

အသင်းတော်သည် အိမ်ထောင်ပြုခြင်းအပေါ်၌ ဘုရားသခင်၏သွန်သင်ခြင်းကို သစ္စာရှိရှိဖော်ထုတ်လျက်ရှိကြောင်း ကျွန်ုပ်တို့ပြောကြားလိုပါသည်။ တချို့အသင်းတော်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ သစ္စာရှိရှိရပ်တည်ကြသည်။ သို့သော် တချို့အသင်းတော်များကမူ ကွာရှင်းခြင်းကို ခွင့်ပြုရုံမကဘဲ ကွာရှင်းခြင်းကို အားပေးအားမြှောက်ပြုတတ်ကြသည်။ ထိုသို့သောအသင်းတော်သည် ထိုသူတို့အား အခြားသောဘဝပေါင်းဖော်ဘက်တွေ့ရှိအောင် ကူညီပပိုးပေးကြသည်။ ဘုရားသခင်သည် ဤကွာရှင်းခြင်းစိတ်သဘောကို အလွန်မုန်းတီးရွံရှာသည်။

*"မယားကိုစွန့်ခြင်းအမှု မိမိခင်ပွန်း၌ ပြစ်မှားသောအပြစ်ကို ဖုံးအုပ်ခြင်းကို ငါမုန်းသည်ဟု အစ္စရေးအမျိုး၏ဘုရားသခင် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။ ထို့ကြောင့် ကိုယ်စိတ်သဘောကိုချုပ်တည်းကြလော့။ သိစ္စာကိုမဖျက်ကြနှင့်" (မာလ၊ ၂:၁၆)။*

သခင်ဘုရားသည် ကွာရှင်းခြင်းကိုအလွန်မုန်းတီးသည်။ အကြောင်းမှာ ၎င်းသည် အဓိကအသက်ရှင်ခြင်း၏အခြေခံသဘောတရားကို ဖောက်ဖျက်သောကြောင့်ဖြစ်သည်။ ယခင်က ယောက်ျားများကသာ ကွာရှင်းခြင်းကို အစပြုတတ်ကြသော်လည်း ယခုမူကား ကြွယ်ဝချမ်းသာမှုကြောင့် မိန်းမများသည်လည်း ကွာရှင်းခြင်းကိုအစပြုရန် ဆန္ဒရှိလာကြသည်။ ဘုရားသခင်သည် ဤအမှု၌ အလွန်စိတ်မကောင်းဖြစ်သည်။ ခန္ဓာကိုယ်ရေးရာနယ်ပယ်၌ ဖြစ်

ပျက်နေသောအရာသည် ဝိညာဉ်ရေးရာနယ်ပယ်၌လည်း ဖြစ်ပျက်လျက်နေသည်။ လူတို့သည် ခရစ်တော်ကိုစွန့်၍ သူ့ကိုနာခံရန် ငြင်းပယ်ကြသည်။

မတရားသောမေထုန်မှီဝဲခြင်းသည် အိမ်ထောင်ရေးရော ဝိညာဉ်ရေးရာအသက်တာကိုပါညစ်ညူးစေသည်။ မတရားသောမေထုန်မှီဝဲခြင်း၏ဝိညာဉ်ဆိုးသည် ကျွန်ုပ်တို့ကိုဝန်းရံလျက်ရှိသည်။ ကျွန်တော်ကိုယ်တိုင် ဘုရားသခင်၏ကျေးဇူးပြုခြင်းမခံရပါက ထိုအပြစ်နွံထဲ၌ နစ်မြုပ်နိုင်၏။ တလုံးတဝတည်းဖြစ်ခြင်းသည် အပြာစာပေအားဖြင့် မည်ကဲ့သို့ခြိမ်းခြောက်မှုခံနေရသည်ကို ကြည့်ကြပါစို့။

## ၁။ အပြာစာပေနှင့်ညစ်ညမ်းသောရုပ်ပုံများကို ကြည့်ရှုဖတ်ရှုခြင်း

လူတချို့က အပြာစာပေသည် ယောက်ျားလေးများအတွက် အပြောင်းအလဲတစ်ခုဖြစ်၍ လိုအပ်သည်ဟုထင်ကြသည်။ ခရစ်ယာန်မိဘများက ပင်မိမိတို့၏သားသမီးများအား အိမ်ထောင်ရေးအကြောင်းကို သင်ကြားပေးသည်ဟုဆိုကာအပြာစာပေများထုတ်ပြနေသည်ဟူသောအကြောင်းကို ကျွန်ုပ်ကြားဖူးသည်။ အပြာစာပေနှင့်အိမ်ထောင်ပြုခြင်းသည် မည်သို့မျှဆက်နွယ်ပတ်သက်မှုမရှိပေ။ ထိုသို့သောမိဘများသည် မိမိတို့၏ကလေးများကို အိမ်ထောင်ပြုရန် မိတ်ဆက်ပေးခြင်းမဟုတ်ဘဲ မတရားသောမေထုန်မှီဝဲရန် တိုက်တွန်းနေခြင်းသာဖြစ်သည်။

မိဘများသည် မိမိတို့၏ကလေးများအား တလုံးတဝတည်းဖြစ်ခြင်းကိုသင်ကြားလိုလျှင် အပြာစာပေအကြောင်း သင်ကြားခြင်းမပြုဘဲကလေးများ၏အနာဂတ်အိမ်ထောင်ရေးအတွက်မယားတစ်ဦး၌ မွေ့လျော်ခြင်းအကြောင်းကိုသာသင်ကြားပေးရမည်။ ယနေ့မိမိတို့၏ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသောအရာများသည် စိတ်မကောင်းဖွယ်ရာများပင်ဖြစ်ပါသည်။ ယေရှုက ကိလေသာစိတ်သည် သူ့မယားကို ပြစ်မှားခြင်းဖြစ်သည်ဟု ရှင်းလင်းစွာဖော်ပြထားသည်။

*"ငါပြဉ်တ်သည်ကား ကိလေသာစိတ်နှင့်သူ့မယားကို ကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့်ပြစ်မှားပြီ"(မ၊ ၅း ၂၈)။*

တနည်းအားဖြင့် ခင်ပွန်းတစ်ဦးသည် တပ်မက်သောစိတ်ဖြင့် တခြားလူတစ်ဦးကိုကြည့်လျှင် တလုံးတဝတည်းဖြစ်ခြင်း၏အကြောင်းအရာကို ငြင်းပယ်ခြင်းဖြစ်သည်။ ထိုသို့ပြုခြင်းသည် မိမိ၏ခင်ပွန်းအပေါ်၌ သစ္စာဖောက်ဖျက်လျက် မိမိ၏စိတ်အလိုလိုက်မှုကို အခွင့်ပေးခြင်းသာဖြစ်သည်။

မိန်းမများသည် ဖြားယောင်းခြင်း၌ စိတ်ခံစားထိခိုက်လွယ်သောသူများဖြစ်ကြသည်။ ယနေ့တွင် ညစ်ညမ်းသောရုပ်ပုံများနှင့်စာပေများကို အသုံးပြုသောမိန်းမဦးရေသည် တိုးပွားလျက်ရှိသည်။ ထိုသူတို့သည် ဆက်နွယ်ခြင်း

အသစ်ဖြင့် အစားထိုးရန် ရှာဖွေနေသူများလည်းဖြစ်ကြသည်။ ဤညစ်ညမ်းသောပုံများနှင့်ရုပ်ရှင်များကို အကျယ်တဝင့်ခွင့်ပြုလာကြသောကြောင့် လူတို့သည် ဖောက်ပြန်လိုသောစိတ်သဘော၌ ကြီးထွားလာကြသည်။ မိမိတို့၏ခင်ပွန်းနှင့်ဆိုင်သောသစ္စာဆိုခြင်းမှလည်း နောက်ဆုတ်လျက်နေကြသည်။ ထိုသို့သောသူတို့အား ကယ်တင်ရန် နည်းလမ်းမှာ ဘုရားသခင်နှင့်ခင်ပွန်းများထံ၌ မိမိတို့၏မသန့်ရှင်းသောအမှုအရာများအတွက် ဝန်ချတောင်းပန်ကြရမည်ဖြစ်သည်။ မိမိတို့၏ခင်ပွန်းများအပေါ်တွင် သစ္စာစောင့်ထိန်းလျက် သခင်ဘုရားကို အစေခံစေခြင်းငှာ မိမိတို့၏ကတိသစ္စာကို အသစ်မွမ်းမံကြရမည်။

ဘုရားသခင်သည် ကျွန်ုပ်အား အလွန်ကောင်းမွန်သောမိန်းမများကို ပေးတော်မူ၏။ "*မယားကိုရသောသူသည် ကောင်းသောအရာကိုရ၍ ထာဝရဘုရား၏ ကျေးဇူးတော်ကိုခံရ၏" (သု၊၁၈:၂၂)*။

ကျွန်ုပ်တို့သည် မိမိတို့၏မယား၌ မွေ့လျော်၍ ရောင့်ရဲခြင်းရှိရမည်။ မိမိတို့၏ခင်ပွန်း၌ မွေ့လျော်ခြင်းသည် ကိုယ့်ခင်ပွန်းနှင့်တလုံးတဝတည်းဖြစ်ခြင်းပင်ဖြစ်သည်။ ကိုယ့်ခင်ပွန်း၌ မွေ့လျော်လေ ဝမ်းမြောက်ခြင်းခံစားလေဖြစ်သည်။ ပေါလုက တိမောသေအား ပညတ်တရားသည် ပညတ်တရားမဲ့သူများအတွက်သာဖြစ်သည်ဟုဆိုသည်။"*ပညတ်တရားသည် ဖြောင့်မတ်သောသူအတွက်ရှိသည်မဟုတ်ဘဲ တရားမဲ့သောသူများနှင့်နာခံမှုမရှိသောသူများ၊ ဘုရားတရားမဲ့သောသူများနှင့်အပြစ်သားများ၊မသန့်ရှင်းသောသူများနှင့်ဘုရားတရားကိုမထိမဲ့မြင်ပြုသောသူများ၊ ဖခင်ကိုသတ်သောသူများနှင့်မိခင်ကိုသတ်သောသူများ၊ လူသတ်သမားများ"* အတွက်ဖြစ်သည်ဟု ဖော်ပြထားသည် (၁တိ၊ ၁:၉)။ကျွန်ုပ်တို့၏စိတ်နှလုံးသစ္စာသည် အခြားအရာများနှင့်အပေးအယူမရှိသောအခါပညတ်တရားတည်းဟူသောခြံစည်းရိုးမလိုအပ်တော့ပေ။ ပတ်ဝန်းကျင်၌ရှိသည့်များစွာသောဖြားယောင်းမှုများသည် အလျှင်းမတတ်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် မိမိတို့သည် စုံလင်လှသောဘုရားသခင်၏ကတိတော်၌ ဝမ်းမြောက်ကြသောကြောင့်ဖြစ်သည်။

ယနေ့တချို့သောလူတို့သည် မိမိတို့၏မျှော်လင့်ချက်များအပေါ် အရှုံးပေးလျက်နေကြသည်ကို ကျွန်ုပ်တို့မြင်တွေ့နေရပါသည်။ ထိုသူတို့သည် မူးယစ်ဆေးဝါးသုံးစွဲသူများဖြစ်ပြီး လိင်ပိုင်းဆိုင်ရာဆွဲဆောင်မှု အားကောင်းစေဖို့ အဆင့်မြင့်ဓာတုဆေးဝါးများကိုသုံးဆွဲကြသည်။ စိတ်ပညာရှင်များက ထိုသို့သောသူတို့သည် လွန်ခဲ့သည့်အချိန်ကပင် စိတ်ပိုင်းဆိုင်ရာအနာတရရှိကြသူများဖြစ်သည်ဟုဆိုကြသည်။လင်ယောကျ်ားဖြစ်စေ၊ မယားဖြစ်စေ အခြားသောသူတစ်ဦးအပေါ်၌ အဆွဲအလန်းရှိရန် မိမိကိုယ်ကိုအခွင့်ပေးလျှင် ထိုသူသည် ကိလေသာစိတ်၌ ကျူးလွန်သောသူဖြစ်သည်။ ထိုသို့သောသူတို့သည် မိမိတို့၏ကတိသစ္စာကို ဖောက်ဖျက်သောသူများဖြစ်ကြ၏။ ညစ်ညမ်းသောရုပ်ပုံများ

နှင့်ရုပ်ရှင်များကြည့်ရှုခြင်းကို ရပ်စဲရုံသက်သက်ဖြင့် နောင်တရသည်ဟု ဆိုလိုခြင်းမဟုတ်ပေ။

ပြဿနာ၏ရင်းမြစ်ကို ဖော်ထုတ်ရမည်။ ထိုသူတို့သည် "တလုံးတဝတည်း"မဟုတ်ဘဲ "နှစ်လုံးနှစ်ဝတည်း"ဖြစ်နေကြသည်။ ဘုရားသခင်၏သမ္မာတရားကိုငြင်းပယ်သောသူသည် မိမိ၏ငြင်းပယ်ခြင်း အကျိုးဆက်ကြောင့် မီးရှို့ခြင်းခံရမည်။ ကျွန်ုပ်တို့သည် တလုံးတဝတည်းဖြစ်ခြင်းနှင့်ဆိုင်သောအသက်ရှင်ခြင်း၏အခြေခံသဘောတရားကို ရှင်းလင်းစွာတွေ့မြင်သောအခါ ညစ်ညမ်းသောအိမ်ထောင်သည် တလုံးတဝတည်းဖြစ်ခြင်းသဘောတရားကို ငြင်းပယ်သည့်အပြုအမူနှင့် ပြည့်နှက်လျက်ရှိကြောင်း တွေ့မြင်ရလိမ့်မည်။ ထိုသူတို့သည် အိမ်ထောင်ရေးနှင့်စပ်လျဉ်း၍ တလုံးတဝတည်းဖြစ်ခြင်းကို ဆန့်ကျင်သည့်ဆုံးဖြတ်ချက်ပြုလုပ်ရန် မိမိတို့ကိုယ်ကိုအပ်နှံကြ၏။

## ၂။ ရန်ဖြစ်ခြင်းနှင့်ငြင်းခုံခြင်း

ယေရှုက မိမိကိုယ်ကို ရန်ဖြစ်သောသူသည် ရှုံးသွပ်မိုက်မဲသောသူဖြစ်သည်ဟု တစ်ကြိမ်ပြောဖူး၏။ "*စာတန်သည်လည်း စာတန်ကိုနှင်ထုတ်သည်မှန်လျှင်၊ သူသည် မိမိနှင့်ကွဲပြား၏။ သူ၏နိုင်ငံသည် အဘယ်သို့တည်နိုင်မည်နည်း (မ၊ ၁၂:၂၆)။*" သို့သော် ဇနီးမောင်နှံတို့သည် အချင်းချင်းငြင်းခုံကြသောအခါ သူတို့အပေါ်၌ ထိုအမှုအရာသည် အမှန်ဖြစ်ပျက်သည်။ သူတို့သည် တလုံးတဝတည်းဖြစ်ခြင်းနှင့်ဆိုင်သော အသက်ရှင်ခြင်း၏အခြေခံသဘောတရားကိုဆန့်ကျင်နေခြင်းဖြစ်သည်။ အချင်းချင်းဆန့်ကျင်မည့်အစား အတူတကွလုပ်ဆောင်ဖို့ လိုအပ်သည်။

အတူတကွလုပ်ဆောင်ခြင်းသည် စံနမူနာဟု ထင်ရသော်လည်း ယေရှုက လက်တွေ့ကျကျအချင်းချင်းချစ်ကြရန် မိန့်မှာခဲ့သည်။ ကျွန်ုပ်တို့သည် အချင်းချင်းအားထုတ်လျက် ချစ်ကြရမည်မဟုတ်လော။ များစွာသောခရစ်ယာန်များက ငြင်းခုံခြင်းသည် သမာရိုးကျဖြစ်၍ ကောင်းပေ၏။ လိုလည်းလိုအပ်သည်ဟု ပြောဆိုတတ်ကြသည်။ အကြံပေးဆွေးနွေးသူများသည်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပကတိကောင်းအောင်မပြုနိုင်ကြပေ။ ငြင်းခုံခြင်းနှင့်ရန်ဖြစ်ခြင်းသည် ဖြစ်လေ့ဖြစ်ထရှိသောအရာဖြစ်သော်လည်း သမာရိုးကျမဟုတ်ပေ။ ၎င်းကို သမာရိုးကျဟုမမှတ်ယူဘဲ ဘုရားသခင်၏စံကိုကိုင်စွဲ၍ မိမိတို့၏ငြင်းခုံခြင်းမှနောင်တရဖို့ လိုအပ်သည်။

ဇနီးမောင်နှံတို့၌ မတူညီသောအယူအဆများ ကိုယ်စီရှိကြ၏။ ကျွန်ုပ်တို့၌ သဘောထားကွဲလွဲခြင်းများ၊ စတင်ဝေဖန်ခြင်းများနှင့်ရည်ရွယ်ချက်ရှိရှိထိခိုက်နစ်နာအောင်ပြောဆိုခြင်းများရှိလာသောအခါ အသက်ရှင်ခြင်း၏အခြေခံသဘောတရားဖြစ်သည့် တလုံးတဝတည်းဖြစ်ခြင်းကို အမှန်မေ့ပစ်ခြင်း

သို့ကျရောက်သွားကြသည်။ ဤတရားသည် ခရစ်ယာန်အားလုံးအတွက်ဖြစ်သည်။ ကျွန်ုပ်တို့အချင်းချင်းပြုသင့်သောအရာကို တမန်တော်ပေါလုက အကျဉ်းချုပ်ဖော်ပြပါသည်။

*"ထို့ကြောင့် သင်တို့သည် ဘုရားသခင်ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူကဲ့သို့သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့။ တယောက်၌ တယောက်အပြစ်တင်စရာရှိလျှင် အချင်းချင်းသည်းခံ၍ အပြစ်ကိုလွှတ်ကြလော့။ ခရစ်တော်သည် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ ထိုနည်းတူပြုကြလော့။ စုံလင်ခြင်း အဖွဲ့အစည်းတည်းဟူသောချစ်ခြင်းမေတ္တာကိုထပ်၍ယူတင်ဝတ်ဆောင်ကြလော့"(ကော၊ ၃:၁၂-၁၄)။*

၎င်းမှာ တစ်စုံတစ်ဦး၏ဆန္ဒနှင့် တွေးတောကြံစည်မှုကိုဖော်ပြခြင်း၊ ထောက်ခံခြင်းနှင့်ဖိအားပေးခြင်းများထက် သာ၍အရေးပါသောအရာများရှိ၏။ ဇနီးမောင်နှံတို့သည် ဘုရားသခင်၏အလိုတော်နှင့်လမ်းစဉ်အတိုင်း မိမိတို့ကိုယ်ကိုမှတ်ယူလာကြသောအခါ တစ်ဦးအပေါ်တစ်ဦးအပြစ်မတင်တော့ဘဲ အချင်းချင်းသည်းခံလျက် အားနည်းချက်အပြစ်များကို ခွင့်လွှတ်လာကြသည်။ တနည်းအားဖြင့် သူတို့အပေါ်သခင်ဘုရား၏ရည်ရွယ်ချက် ပြည့်စုံစေခြင်းမှာ နှိမ့်ချခြင်းနှင့်သည်းခံခြင်းကိုကျင့်သုံးရန်လိုလားကြ၏။ကျွန်ုပ်တို့သည် အပြစ်တရားကြောင့် မိမိတို့၏အိမ်ထောင်ရေး၌ဖြစ်စေ၊ အသင်းတော်စည်းဝေးခြင်း၌ဖြစ်စေထိုစံချိန်စံညွှန်းများမှပြိုလဲသောနေသူများဖြစ်ကြောင်း ဝန်ခံကြရမည်။

ဘုရားသခင်ချထားသော စံချိန်စံညွှန်းသည် အလွန်မြင့်မားသော်လည်း ကျွန်ုပ်တို့သည် နောင်တရနိုင်သည်။ မိမိတို့၏အမှားကွက်/အားနည်းချက်များအတွက် ပြန်လည်ထူထောင်၍ရသည်။ ဘုရားသခင်ရှိစေလိုသည့်နေရာသို့ပြန်လှည့်နိုင်သည်။ ထိုသို့သောမျှော်လင့်ချက်မရှိလျှင် မိမိတို့စိတ်နှလုံး၌ ခါးသီးမှုကျန်ရစ်၍ တလုံးတဝတည်းဖြစ်ခြင်းသည် တဖြည်းဖြည်းပျက်စီးသွားမည်ဖြစ်သည်။

## **၈။ တလုံးတဝတည်းဖြစ်ခြင်းအပေါ် အတည်ပြုခြင်းများ**

၁။ ကွာရှင်းခြင်းအကြောင်းကို မည်သည့်အခါမျှမဖော်ပြရန် မိမိကိုယ်ကိုဆက်ကပ်အပ်နှံရမည်။
၂။ အချိန်နာရီကို အတူတကွအသုံးပြုပါ။ တစ်ပတ်မှာ တစ်ရက်အချိန်ပေးပါ။
၃။ သူတပါးအပြစ်ကို အကြွင်းမဲ့ခွင့်လွှတ်ပါ။ ခါးသီးခြင်းကိုလက်သင့်မခံရ။ "မေတ္တာသည် အပြစ်ကိုဖုံးအုပ်တတ်၏။"
၄။ တစ်ဦးပေါ်တစ်ဦး ချစ်ခြင်း၏လိုအင်ဆန္ဒ တောင့်တမှုများကို အိပ်ရာထဲ၌သာမကဘဲ မိမိတို့၏နေ့စဉ်ဘဝ၌ ဖော်ဆောင်ရမည်။

၅။ အမှုအရာများ၊ စိတ်ကူးများ၊ ကလေးများနှင့်အခြားလိုအပ်ချက်အကြောင်း အရာများကို အတူတကွပြောဆိုကြရမည်။
၆။ သင်တို့နှစ်ဦးအချင်းချင်းမည်ကဲ့သို့ ပေါင်းဖော်ကြသည်ကို စဉ်းစားဆွေးနွေး ကြရမည်။
၇။ သင်တို့၏လိင်ပိုင်းဆိုင်ရာရင်းနှီးမှုကို ကျမ်းစာမိန့်ဆိုချက်အတိုင်း စောင့် ထိန်းရမည်။
၈။ အချင်းချင်းငြင်းခုံခြင်းကို ရှောင်ကြဉ်ပါ။ ခြားနားမှုကိုလက်ခံ၍ အကြောင်း အရာများကို ဆုတောင်းခြင်းဖြင့် ဆွေးနွေးကြရမည်။
၉။ အတူတကွ ပုံမှန်ဆုတောင်းကြရမည်။
၁၀။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အတူတကွလေ့လာကြရမည်။
၁၁။ မိသားစုရှုပ်ရုံကို မြှင့်တင်ပါ။ ဘုရားသခင်သည် သင့်အား ဤလောက၌ မည်ကဲ့သို့အစေခံစေလိုပါသနည်း။

## အစဉ်အမြဲ တလုံးတဝတည်းဖြစ်ခြင်း

## အတည်ပြုခြင်း၏ခြေလှမ်းများ

ကျွန်ုပ်တို့သည် ဤကတိသစ္စာပြုခြင်း၏ခြေလှမ်းများသို့ မည်ကဲ့သို့ တက်သွားနိုင်မည်နည်း။ ကျွန်တော့်ဘဝခရီးစဉ်ထဲက အဖြစ်အပျက်ကို ကျွန် တော်ဝေမျှပါမည်။ ဤခြေလှမ်းအပေါင်းတို့ကို ကျော်လွှန်သည့်အခြေခံသ ဘောတရားသည် ငါ့ဇနီး Linda အပေါ် ငါ၏ချစ်ခြင်းနှင့်မွေ့လျော်ခြင်းတို့အ ပေါ်၌ ဗဟိုပြုပါ သည်။ ထို့အရာကို လုပ်ဆောင်ခြင်းအားဖြင့် သူသည်လည်း မေတ္တာတရားနှင့်ဝမ်းမြောက်ခြင်း၌ တိုးတက်မှုရှိလာသည်။ ဖြားယောင်းသွေး ဆောင်ခြင်းများသည် သာ၍လွယ်ကူစွာလွင့်ထွက်လေသည်။ တလုံးတဝတည်း ဖြစ်ခြင်းနှင့်စပ်လျဉ်း၍ ကျွန်တော်ပြောဆိုသည့်တဘက်နှင့် အထက်၌ ရှိသည့် တချို့သောအခြေခံလမ်းစဉ်များမှာ

- ငါ့မိန်းမကိုသာချစ်ရန် စိတ်ဆုံးဖြတ်ရမည်။
- ဖြားယောင်းသွေးဆောင်ခြင်းကို တိုက်လှန်ခြင်းအားဖြင့် ငါ့မိန်းမ အဖို့ ငါ့မေတ္တာကို အတည်ပြုရမည်။
- ကျွန်ုပ်၏တောင့်တမှုနှင့်လိုအပ်ချက်များကို ပြည့်စုံဖို့ရန် ဘုရားသ ခင်၏အချိန်ဇယားကို ကိုးစားရမည်။

- ခါးသီးခြင်းကို ငြင်းပယ်ရမည်။ မယားသည် မိမိ၏ခံစားချက်ဖြင့် လှည့်စားခံနိုင်၏။ ယခုပင် ငါ၏ကရုဏာကို သူလိုအပ်၏။
- ငါ့အမှားများကို အလျင်အမြန်တောင်းပန်ရမည်။ အတူတကွလုပ်ဆောင်ရန် လိုအင်ဆန္ဒရှိရမည်။
- ဘုရားသခင်၏အကောင်းဆုံးလမ်းစဉ်သည် ငါတို့နှစ်ဦးအားဖြင့် လုပ်ဆောင်မည်ကိုအမှတ်ရပါ။ ငါသူ့ကို လိုအပ်သည်။
- မိန်းမနှင့်ငြိမ်းချမ်းမှုမရှိလျှင် ဆုတောင်းချက်အပေါ် ဘုရားသခင်နားမညောင်းသည်ကို အမှတ်ရပါ။
- အကြီးမားဆုံးသောဝမ်းမြောက်ခြင်းသည် မယားနှင့်သဟဇာတဖြစ်ခြင်းအားဖြင့် ရောက်လာတတ်၏။အချင်းချင်းဆန့်ကျင်တိုက်ခိုက်နေသောအချိန်သည် အဆိုးဆုံးအချိန်ဖြစ်သည်။
- ကျွန်ုပ်တို့၏တလုံးတဝတည်းဖြစ်ခြင်းကို စောင့်ထိန်းနိုင်ရမည်အကြောင်း ဤမေးခွန်းများကို ဖြေဆိုရမည်။
- အငြင်းအခုံဖြစ်ပွားရာနေရာ၌ သင်မည်ကဲ့သို့ကိုင်တွယ်သနည်း။
- တလုံးတဝတည်းဖြစ်ခြင်း၌ ခင်ပွန်းတစ်ဦးတည်းကိုသာ အာရုံစူးစိုက်လျှင် မည်သို့ဖြစ်မည်နည်း။
- ဇနီးသည်၏စူးရှသောစကားလုံးများကို မည်ကဲ့သို့ကိုင်တွယ်နိုင်မည်နည်း။
- ကျွန်ုပ်တို့၏အိမ်ထောင်သည် ခါးသီးခြင်း၌ တည်ဆောက်ပါသလား။ ၎င်းကို မည်ကဲ့သို့ကျော်လွှားမည်နည်း။
- ယောက်ျားသည် မယားကိုအမှန်ချစ်မချစ်စိုးရိမ်လျှင် မည်သည့်အမှုကိုပြုရမည်နည်း။
- ကျွန်ုပ်တို့သည် အရေးကြီးသည့်အကြောင်းအရာ၌ သဘောကွဲလွဲမှုရှိလာသောအခါ မည်သည့်အမှုကိုပြုရမည်နည်း။

## အကျဉ်းချုပ်

တလုံးတဝတည်းဖြစ်ခြင်း၏တတိယအဆင့် အသက်ရှင်ခြင်း အခြေခံသဘောတရားသည် သဟဇာတဖြစ်မှုကိုဖန်တီး၏။ ဇနီးမောင်နှံတို့သည် အလိုလိုနှစ်ဦးဖြစ်လာကြသည်မဟုတ်ဘဲ တလုံးတဝတည်းဖြစ်လာကြသည်။ အမှန်မှာ အိမ်ထောင်ပြုခြင်းသည် တသက်တာအတွက်လုံခြုံမှုရှိသည်။ အိမ်ထောင်ရေးတွင် ချစ်ခြင်းမေတ္တာ၊ ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်းတို့သည် အဓိကျသည်ဖြစ်၍ အမြဲစောင့်ထိန်းဖို့လိုအပ်သည်။

ကျွန်ုပ်တို့သည် မိမိတို့၏ခင်ပွန်းများနှင့် ယှဉ်ပြိုင်ခြင်းကို လုံးဝမပြုသင့်ပေ။ အချင်းချင်း ပို၍ချစ်ခြင်းမှအပ မည်သည့်ယှဉ်ပြိုင်မှုကိုမှ အခွင့်မပေး

ရ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အမှုတော်မြတ် ဖြစ်မြောက်အောင်မြင်နိုင်ဖို့ရန် အတူတကွလုပ်ဆောင်နေသောသူများဖြစ်ကြပြီး မိမိတို့၏ဆက်ကပ်ခြင်းကို တလုံးတဝတည်းဖြစ်ခြင်းသို့ပြသနိုင်ရန် ကိုယ်ကျိုးထက် အနစ်နာခံခြင်းပြုနိုင်မည့်နေရာကိုရှာဖွေရပါ မည်။ ထိုသို့ပြုလျှင် ကျွန်ုပ်တို့၏စိတ်နှလုံးသည် စင်စစ်ဝမ်းမြောက်ရွှင်လန်း၍ ကျေနပ်ရောင့်ရဲမှုရရှိမည်ဖြစ်သည်။ မိမိတို့၏တလုံးတဝတည်းဖြစ်ခြင်းဆိုင်ရာ အုတ်မြစ်သည်လည်း ပို၍ပို၍နက်ရှိုင်းလာကာ နှစ်ဦးစပ်ကြား၌ ဟနေသောအက်ကြောင်းများကို ဖယ်ရှားသွားစေမည်။

ဇနီးမောင်နှံတို့သည် အစဉ်ပျော်ရွှင်လျက်နေကြ၏။ ထိုသို့အသက်ရှင်ခြင်းသည် သူတို့၏တသက်တာအတွက် အိမ်ထောင်ရေးဘဝတလျှောက်လုံး၌ သင်ယူရမည့်အရာဖြစ်ပါသည်။ ခရစ်ယာန်တစ်ဦးသည် ခရစ်တော်ကိုထင်ရှားစေသည့် ဝိညာဉ်ရေးရာသမ္မာတရားကို သင်ယူသကဲ့သို့ အိမ်ထောင်သည်ဇနီးမောင်နှံတို့သည်လည်း ဝမ်းမြောက်ရွှင်လန်းခြင်းနှင့်မေတ္တာတရားကို သင်ယူကြရမည်။ ကျွန်ုပ်တို့သည်လည်း တလုံးတဝတည်းဖြစ်ခြင်းသို့ပို့ဆောင်ပေးသောကတိသစ္စာပြုခြင်းနှင့်ဆိုင်သည့် ဆက်ကပ်အပ်နှံခြင်းကိုသာ အာရုံစူးစိုက်ကြရမည်။

## နောက်ဆက်တွဲ
## ၁။ ကျွန်ုပ်တို့၏ဆက်ကပ်အပ်နှံခြင်း

ကျွန်ုပ်သည် မိန်းမတစ်ဦး၏လင်ယောကျ်ားအဖြစ် ကတိသစ္စာဆိုခဲ့၏။ရွေးချယ်မှုကိုငါပြုခဲ့၏။ အိမ်ထောင်သည်ဖြစ်လာ၏။ကျွန်ုပ်သည် မည်သည့်ပြဿနာရင်ဆိုင်ရသည်ဖြစ်စေမိမိ၏မိန်းမအားဖြင့် မိမိ၏ဘဝပြည့်စုံရန် သခင်ဘုရားကိုကိုးစားရမည်။ကျွန်ုပ်ပတ်လည်၌ရှိသော ဖြားယောင်းခြင်းများကိုငြင်းပယ်ရမည်။ တပ်မက်သောစိတ်နှလုံးကို သတိပြုရပါမည်။ ကျွန်ုပ်သည် မိန်းမအားအကြွင်းမဲ့မေတ္တာဖြင့်ချစ်ရန် ဘုရားသခင်အားဖြင့် ခေါ်ခြင်းခံရ၏။ မိန်းမသည်ကျွန်ုပ်မွေ့လျော်ရန်ဖြစ်၏။ သူသည် ဘုရားသခင်၏အချိန်ဇယားအတိုင်း မိမိလိုအပ်ချက်ကို ပြည့်စုံစေမည့်သူဖြစ်သည်။

ခက်ခဲသောအချိန်များ၊ အထင်လွဲမှာမှုများ/ပွင့်လင်းစွာ ငြင်းပယ်ခြင်းများရှိနိုင်သည်။ ငါသည် သူမကို ချစ်သည့်မေတ္တာ၌ ခိုင်ခိုင်ခံ့ခံ့ရပ်တည်မည်။ ကျွန်ုပ်၏ဆက်ကပ်အပ်နှံခြင်းကို စောင့်ထိန်းနိုင်ရန် ဘုရားသခင်ကိုကိုးစားရပါမည်။မိန်းမသည် ကျွန်ုပ်စိတ်ကူးနှင့်ရုပ်ပါရုံကို ဝေမျှရမည့်သူဖြစ်ရုံသာမကပဲ ကျွန်ုပ်နှင့်အတူ ငိုကြွေးရမည့်သူလည်းဖြစ်သည်။ ခက်ခဲကြမ်းတမ်းမှုများကြားထဲ၌ပင်ကျွန်ုပ်သည် မိန်းမအပေါ် အပြည့်အဝအပ်နှံရန် သစ္စာကတိပြုခဲ့၏။ ထို့ပြင်ကျွန်ုပ်သည် ဘုရားသခင်အတွက်သာအသက်ရှင်ရန် ကိုယ်တော်၌ သစ္စာကတိပြုခဲ့သည်။

## ၂။ ကျွန်ုပ်တို့၏ဆုတောင်းချက်

အို အဖဘုရား၊ ကျွန်ုပ်တို့သည် ယနေ့တိုင်အောင် မိမိတို့၏အိမ်ထောင်ရေးရှုပ်ထွေးခြင်းကို သဘောပေါက်နားလည်ခြင်းမရှိကြပေ။ ယခုကိုယ်တော်ဆိုလိုသည့်တလုံးတဝတည်းကို နားလည်ပါပြီ။ ကိုယ်တော်သည် ကျွန်ုပ်တို့အား တလုံးတဝတည်းအကြောင်းကို ထုတ်ဖော်ခဲ့သော်လည်း နှစ်လုံးနှစ်ဝတည်းအဖြစ် အသက်ရှင်လျက် မိမိ၏ဇနီးကိုပင် ရန်ဖြစ်ခဲ့ပါ၏။ အို အဖသခင်ဘုရား၊ အကျွန်ုပ်ကို ခွင့်လွှတ်တော်မူပါ။

ယခုမှစ၍ ကျွန်ုပ်၏ဇနီးအပေါ် အပြည့်အဝဆက်ကပ်အပ်နှံပါမည်။ ကျွန်ုပ်၏ဆက်ကပ်ခြင်းနှင့်မေတ္တာသည် ခွဲခွာရာလမ်းစဉ်မဟုတ်တော့ဘဲ ပြည့်ဝစုံလင်စေတော်မူပါ။ ယခုမှစ၍ ကိုယ်တော်၏ဉာဏ်တော်၌ မှီညား၍ မိမိ၏အိမ်ထောင်ရေးပြဿနာများကို ကိုယ်တော့်ထံ၌ နှီးနှောအဖြေရှာပါမည်။ မိမိအတ္တအတွက်မဟုတ်ဘဲ တလုံးတဝတည်းကို တည်ဆောက်ပါမည်။ အိပ်ရာ၌ဖြစ်စေ၊ ဈေးဝယ်ရာ၌ဖြစ်စေ၊ ကားပေါ်၌ဖြစ်စေ လုပထည်ဝါ သောတလုံးတဝတည်းဖြစ်ခြင်းသည် ကိုယ်တော်၏ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့်မေတ္တာအားဖြင့် ကျွန်ုပ်တို့စိတ်နှလုံးအား တို့ထိပါစေသော။ ဤအရာတို့သည် ကိုယ်တော်ကတိပေးပြီးဖြစ်၍ ကျွန်ုပ်တို့အား ကျေးဇူးပြုမည့်အကြောင်း ခရစ်တော်၏နာမတော်မြတ်၌ ဆုတောင်းပါ၏။ အာမင်!

*"ကျွန်ုပ်ကို ကိုယ်တော်၏နှလုံးပေါ်မှာ တံဆိပ်ခတ်တော်မူပါ။ လက်ရုံးတော်ပေါ်မှာ တံဆိပ်ခတ်တော်မူပါ။ အကြောင်းမူကား မေတ္တာသည် သေခြင်းနှင့်အမျှတန်ခိုးကြီးပါ ၏။ ခင်ပွန်းကို မယုံသောစိတ်သဘောသည် မရဏာနိုင်ငံနှင့်အမျှ ခက်ထန်ပါ၏။ သူ၏အရှိန်သည် မီးအရှိန်၊ လျှပ်စစ်အရှိန်ဖြစ်ပါ၏။ သို့ရာတွင် ရေများတို့သည် မေတ္တာကိုမသတ်နိုင်။ မြစ်ရေတို့သည် မလွှမ်းမိုးနိုင်။ လူသည် မိမိတို့အိမ်၌ ရှိသမျှသောပစ္စည်းဥစ္စာတို့ကို မေတ္တာဘို့ ပေးချင်သော်လည်း အလွန်တရာမထီမဲ့မြင်ပြုခြင်းကိုခံရလိမ့်မည်"(သီ၊ ၈:၆-၇)။*

## လေ့လာရန် မေးခွန်းများ

၁။ တတိယအဆင့် အသက်ရှင်ခြင်း၏အခြေခံသဘောတရားကား အဘယ်နည်း။
၂။ အကိုတမ်သည် တလုံးတဝတည်းဖြစ်ခြင်းကို မည်ကဲ့သို့ထင်ရှားစေသနည်း။
၃။ ဤအခြေခံသဘောတရားသည် မည်သည့်ကျမ်းချက်အပေါ်၌ အခြေခံပြီး တည်ဆောက်ထားပါသနည်း။
၄။ ကောင်းသောအိမ်ထောင်ပြုခြင်းနှင့်ဆိုးသောအိမ်ထောင်ပြုခြင်း နှစ်ခုစလုံး၏ဆိုလိုရင်းကား အဘယ်နည်း။
၅။ အဘယ့်ကြောင့် ကွာရှင်းခြင်းကို လက်ခံနိုင်ဖွယ်မရှိသနည်း။
၆။ လင်ကွာရှင်းသောသူအား ပြန်လည်လက်ထပ်ခြင်းကို အဘယ့်ကြောင့် မတရားသောမေထုန်၌မှီဝဲခြင်းဟု ယူဆသနည်း။
၇။ စိုက်ပျိုးမွေးမြူရေးခေတ်၏အမြင်သဘောထားကိုရှင်းပြပါ။
၈။ အပြာစာပေနှင့်အခြားလိင်ပိုင်းဆိုင်ရာဆွဲဆောင်မှုများက ဇနီးမောင်နှံတို့၏ တလုံးတဝတည်းဖြစ်ခြင်းကို မည်ကဲ့သို့ဖျက်ဆီးသည်ကိုရှင်းပြပါ။
၉။ ငြင်းခုံခြင်းနှင့်ရန်ဖြစ်ခြင်းတို့သည် ဇနီးမောင်နှံတို့၏တလုံးတဝတည်းဖြစ်ခြင်းကို မည်ကဲ့သို့ဖျက်ဆီးသည်ကိုရှင်းပြပါ။
၁၀။ သင့်ခင်ပွန်းနှင့် တလုံးတဝတည်းဖြစ်ခြင်းကို အတည်ပြုစေသောလမ်းစဉ်သုံးခုကိုဖော်ပြပါ။
၁၁။ သင့်ခင်ပွန်း၌ တလုံးတဝတည်းဖြစ်ရန် သင့်လိုအင်ဆန္ဒကိုအတည်ပြုဖူးပါသလား။
၁၂။ သင့်ဘဝတလျှောက်လုံး၌ သင့်ခင်ပွန်းနှင့်သာ ကျေနပ်ရောင့်ရဲရန် မိမိကိုယ်ကိုထိန်းချုပ်နိုင်ပါသလား။




## #၅ ပဋိပက္ခကို နားလည်ခြင်းနှင့်အောင်မြင်ကျော်လွှားခြင်း အိမ်ထောင်ရေး ပဋိပက္ခဖြေရှင်းခြင်း-အပိုင်း ၁

သင့်အိမ်နှင့် သင့်အိမ်ထောင်ရေး၌ ဘုရားသခင်၏ငြိမ်သက်ခြင်းရှိပါသလား။ ရှိကောင်းရှိနိုင်သည်။ ၎င်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးတစ်ခုဖြစ်သည် (ဂ၊ ၅:၂၂)။ ဤအခန်းတွင် အငြင်းအခုံပြုတတ်သောအိမ်ထောင်မိသားစုမှ သဟဇာတဖြစ်သောအိမ်ထောင်မိသားစုအဖြစ်သို့မည်ကဲ့သို့ပြောင်းသွားနိုင်သည်ကို သင်ကြားပြသသွားမည်ဖြစ်သည်။

ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက်အတိုင်း လုပ်ဆောင်တတ်သောဘုရားဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား တလုံးတဝတည်းဖြစ်ခြင်းကိုပေးအပ်ခဲ့သည်။ အိမ်ထောင်ဆက်နွယ်ခြင်း၌ သဟဇာတဖြစ်ခြင်းသည် ဘုရားသခင်က ဇနီးမောင်နှံတို့အား ပေးအပ်ထားသောတလုံးတဝတည်းဖြစ်ခြင်း၌ အခြေခံထား၏။

ထိုသို့သောသဟဇာတဖြစ်ခြင်းကို မည်ကဲ့သို့လက်တွေ့ကျနိုင်မည်နည်းဟု မိမိတို့၏စိတ်ထဲ၌ မေးခွန်းများစွာပေါ်လာသည်။ ဤအကြောင်းအရာကို နှစ်မျိုးဖြင့် ဖော်ပြမည်။ ငြင်းခုံမှုများသည် မည်ကဲ့သို့ကြီးထွားလာသနည်း။ အဘယ့်ကြောင့် ချစ်ကြသူနှစ်ဦးတို့သည်ရန်ဖြစ်၍ငြင်းခုံကြသနည်း။ထိုပဋိပက္ခ၏ရင်းမြစ်ကို သိရှိမှသာ သင့်အိမ်ထောင်၌ ဘုရားသခင်၏သဟဇာတဖြစ်ခြင်းရောက်ရှိလာမည်ဖြစ်သည်။

### က။ အိမ်ထောင်ရေးပဋိပက္ခကို နားလည်ခြင်း (ယာ၊ ၄:၁-၃)

သင်တို့၏ငြင်းခုံခြင်း အကြောင်းရင်းကိုနှစ်ခု/သုံးခုဟူ၍ သင်ပြောဆိုနိုင်သည်။ ထိုကဲ့သို့ သင့်စိတ်နှလုံးထဲ၌ ရှိနေခြင်းသည် နာကျင်မှုတစ်ခုခုကြောင့်လည်းဖြစ်နိုင်သည်။ ထိုအရာများသည် ယခုထိတိုင် ဖြေရှင်း၍မရသောအရာဖြစ်နိုင်သည်။ ရန်တွေ့ခြင်းသည် ထိုကဲ့သို့ပင်ဖြစ်သည်။ သင်သည် ထိုတိုက်ပွဲ၌ အနိုင်ယူသော်လည်း သင့်ဘေးနား၌ တစ်စုံတစ်ယောက်ရှိနေဆဲဖြစ်၍ အောင်မြင်သောသူဟု ခေါ်၍မရသေးပေ။

တစ်စုံတစ်ဦးသည် တိုက်ပွဲအောင်မြင်သော်လည်း စစ်ပွဲအောင်မြင်ခြင်းမဟုတ်ပေ။ ဤပြဿနာများအပေါ်၌ ဘုရားသခင်သည် ရန်တွေ့ခြင်းနှင့် စပ်လျဉ်း၍ တိကျရှင်းလင်းသောစကားလုံး တချို့ကိုဖော်ပြခဲ့သည်။

ငြင်းခုံခြင်းစကားလုံးကို ကျမ်းစာထဲ၌ မကြာခဏသုံးလေ့မရှိပေ။ တနည်းအားဖြင့် "တိုက်ခိုက်"သည်ဟု ဆိုလိုသည်။ ကျမ်းစာက ကျိုးကြောင်းဆီလျော်သောစဉ်းစားတွေးခေါ်ခြင်းဟု အသုံးပြုသည်။ မိမိတို့၏ငြင်းခုံခြင်းအများစုမှာ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားပါက ငါမှန်သည်ဟု ယုံကြည်ကြသောကြောင့်ဖြစ်သည်။ ထိုအကြောင်းကြောင့် တစ်ဦးက နှုတ်အားဖြင့်ပြောဆိုမှု ချဲ့ထွင်လာသောအခါ ကိုယ်ခန္ဓာတစ်ခုလုံးကို နာကျင်စေသည့်ထိဖြစ်လာသည်။ ရှင်ယာကုပ်ဩဝါဒစာ၌ စစ်တိုက်ခြင်းနှင့်ရန်တွေ့ဟု ဖော်ပြထားသည်။



*"သင်တို့တွင် စစ်တိုက်ခြင်း၊ ရန်တွေ့ခြင်းသည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်း။သင်တို့အင်္ဂါများ၌စစ်ပြိုင်သောကိလေသာကာမစိတ်ကြောင့် ဖြစ်သည်မဟုတ်လော။ သင်တို့သည်တပ်မက်၍မရကြ။ လူအသက်ကိုသတ်၍၎င်း၊ အလွန်လိုချင်သောလောဘစိတ်ရှိ၍၎င်းအလိုမပြည့်စုံနိုင်ကြ။ ရန်တွေ့ခြင်း၊ စစ်တိုက်ခြင်းကိုလည်းပြု၍မရကြ။ အကြောင်းမူကား ဆုမတောင်းဘဲနေကြ၏။ ဆုတောင်းလျှင်လည်း ကာမဂုဏ်ခံစားစရာဖို့ ရှိစေခြင်းငှာ အလွဲတောင်းသောကြောင့် မရကြ"(ယာ၊ ၄:၁-၃)။*

ဤအကြောင်းနှင့်ပတ်သက်၍ ဂရိဘာသာစကားအရ ရန်တွေ့ခြင်းနှင့်ပဋိပက္ခဖြစ်ခြင်းဟူ၍ နှစ်မျိုးအသုံးပြုထားသည်ကိုတွေ့ရှိသည်။ ပထမတစ်ကြိမ်ကို နာမ်အဖြစ်သုံး၍ ဒုတိယတစ်ကြိမ်ကို ကြိယာအဖြစ်အသုံးပြုထားသည်။ ရန်တွေ့ခြင်းသည် ပဋိပက္ခထက်ကျယ်ပြန့်၍ ပဋိပက္ခဖြစ်ခြင်းမူကားတိုက်ပွဲအတွက်သုံးသောစကားလုံးဖြစ်သည်။ စစ်ပွဲနှင့်တိုက်ပွဲသည် သင်တို့အထဲ၌ ရှိသည်မဟုတ်လော။

ရန်တွေ့ခြင်းသည် စစ်ရေးတင်းမာမှုကြောင့် ဖြေရှင်းမရသည့်ရေရှည်ပြဿနာကိုရည်ညွှန်းသည်။ ပဋိပက္ခဖြစ်ခြင်းမူကား တစ်ဦးချင်းစီ၏တိုက်ပွဲသို့မဟုတ် ရန်ပွဲကိုရည်ညွှန်းပါသည်။ မိသားစုအများစုမှာ ပဋိပက္ခဖြစ်ခြင်းကိုသတိထားပြီး ရှည်လျားသောစစ်ပွဲကို လျစ်လျူရှုတတ်ကြသည်။ သူတို့သည် တိုက်ပွဲ၌ ရရှိဒဏ်ရာများကိုသာ အလေးထား၍ အိမ်ထောင်ရေး၌ ရန်တွေ့စေသည့်အကြောင်းရင်းကို မေ့လျော့တတ်ကြသည်။

သင်သည် ပဋိပက္ခဖြစ်ခြင်းကိုဖြေရှင်းသကဲ့သို့ရန်တွေ့ခြင်းကိုပါ ဖြေရှင်းရမည်လော။ ကျွန်ုပ်တို့သည် ရှင်ယာကုပ်ဩဝါဒစာ၌ အသုံးပြုထားသည့် အရာများကို ပိုမိုနက်ရှိုင်းစွာလေ့လာဖို့လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ပဋိပက္ခများ အားမည်ကဲ့သို့ဖြေရှင်းရမည်ကို မှန်ကန်စွာနားလည်စေခြင်းငှာ ဘုရားသခင်၏ လမ်းပြမှုအောက်၌ ယာကုပ်ရေးသားချက်ကို လေ့လာစူးစမ်းကြပါစို့။

**အိမ်ထောင်ရေးရာ ရန်တွေ့ခြင်းအပေါ်၌ လေ့လာစူးစမ်းခြင်း (၆) မျိုး**

**၁) ခိုက်ရန်ဖြစ်ခြင်းသည် ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်၏။ ဇနီးမောင်နှံနှစ်ဦး စလုံး လိုအပ်မှုရှိသည်။**

ယာကုပ်သုံးသည့်ဂရိစကားလုံး စစ်ပွဲနှင့်တိုက်ပွဲသည် နှစ်ဘက်စလုံး အတွက် အဓိပ္ပာယ်သက်ရောက်မှုရှိသည်။ အသင်းဝင်ဟူသောစကားလုံးကို အသုံးပြုသည်ကိုသတိပြုပါ။ ၎င်းသည် ကိုယ်ခန္ဓာ၏အစိတ်အပိုင်းကိုရည်ညွှန်းသည်။ ကိုယ်ခန္ဓာအထဲ၌ တိုက်ခိုက်ခြင်းရှိ၏။ ကျွန်ုပ်တို့သည် ကိုယ့်ခင်ပွန်းကို အပြစ်တင်တတ်ကြသည်။ အိမ်ထောင်ရေးအငြင်းပွားမှုသည် နှစ်ဦးစလုံးနှင့် သက်ဆိုင်သောကြောင့် နှိမ့်ချစွာလက်ခံသင့်သည်။ ကိုယ့်ခင်ပွန်းအား ရန်သူကဲ့သို့မမြင်သောအခါ ကြီးမားသောတိုးတက်မှုရှိလာမည်။

**၂) ခိုက်ရန်ဖြစ်သောသူတို့သည် မိမိတို့ကိုယ်ကို ကျေနပ်စေရန် လှုံ့ဆော်ကြသည်။**

ယာကုပ် ၄:၁ ၌ဖော်ပြသည့် ကိလေသာကာမစိတ်၏မူရင်းစကားလုံးသည် *(hedone)* ဖြစ်ပြီး ဆိုလိုရင်းမှာ *(hedonism)* သူတစ်ပါးရှေ့၌ မိမိကိုယ်ကို ထင်ပေါ်ကျော်ကြားစေခြင်းဖြစ်သည်။ ဇနီးမောင်နှံတို့သည် သူတို့အသက်တာ၌ အဓိကပန်းတိုင်ကိုသိရှိရန် လိုအပ်သည်။ သေချာမစဉ်းစားပါက လောက၏အတွေးအခေါ်သည် သူတို့၏သဘောထားများနှင့်ဆုံးဖြတ်ချက် ဖြစ်စဉ်များကိုလွှမ်းမိုးနိုင်သည်။ ယေရှုက သင်တို့ကိုငါချစ်သကဲ့သို့သူတစ်ပါးတို့ကို ချစ်ကြလော့ဟုဆို၏။

**၃) မိမိဆန္ဒတစ်ခုပြည့်စုံရန် ဦးစားပေးခြင်းသည် ပဋိပက္ခကိုဖြစ်စေသည်။**

ယာကုပ် ၄:၁ အရ သင်တို့သည် တပ်မက်၍မရကြ။ထို့ကြောင့် သင်တို့သည် ရန်တွေ့ခြင်း၊ စစ်တိုက်ခြင်းပြု၍မရကြ။ ထိုသူတို့သည်မိမိတို့လိုချင်သည့်အရာကိုရရှိဖို့ သူတစ်ပါးကို ဒုက္ခပေးရန် ဝန်မလေးကြပေ။ ဤကား မေတ္တာနှင့် ဆန့်ကျင့်ဖက်ဖြစ်သည်။ ဘုရားသခင်ကိုမသိရှိကြ၊ မိမိတို့ဆန္ဒအတိုင်း အသက်ရှင်သောသူများဖြစ်ကြသည်။ တခါတရံ ခင်ပွန်းသည် မိမိကို လက်မခံမှာစိုး၍ စိတ်ထဲ၌ အကြံရှိတတ်သည်။ ၎င်းကို စိတ်ထဲ၌သိမ်းဆည်း၍

ကိစ္စတစ်ခုခုကို အတူတကွလုပ်ဆောင်ရန် သဘောတူတတ်သည်။ ချိုသာပြီး နှစ်လိုဖွယ်ကောင်းသော ဒေလိလ၏ပရိယာယ်စကားကိုသတိပြုပါ။

## ၄) ခိုက်ရန်ဖြစ်တတ်သောသူတို့သည် မိမိတို့ကိုယ်ကို ချုပ်တည်းနိုင်မှု အားနည်းကြသည်။

ထိုသူတို့သည် ကာမဂုဏ်ချုပ်တည်းမှုမရှိသောကြောင့် လူအသက်ကိုသတ်၍ စစ်တိုက်ခြင်း၊ ရန်တွေ့ခြင်းအမှုကိုပြုလျက် သူတပါးအား မထင်မှဲ့မြင်ပြုတတ်ကြသည်။ ကျွန်ုပ်တို့အားလုံးသည် အပြစ်၏သဘောသဘာဝကို ဆောင်ထားကြ၏။ တချို့ခင်ပွန်းတို့သည် နောင်တတရားသို့ပြန်လှည့်၍ တချို့မူကား နောင်တတရားသို့ပြန်မလှည့်ကြပေ။ ကျွန်ုပ်တို့ရှိသမျှသည် မိမိတို့လုပ်ဆောင်သည့်အတိုင်း အကျိုးအပြစ်ကိုခံစားကြရမည်။

## ၅) ခိုက်ရန်ဖြစ်တတ်သောသူတို့သည် ဘုရားသခင်၏လမ်းပြမှုကို မရှာတတ်။

ယာကုပ် ၄:၁ အရ သင်တို့သည် ဆုမတောင်းဘဲနေကြ၏။ သူတို့သည် ဘုရားသခင်လိုလားသောအရာနှင့်မစခြင်းကို မစဉ်းစားကြ။ သူတို့၏ဆုတောင်းခြင်းသည် ကာမဂုဏ်ခံစားဖို့ရန်ဖြစ်၏။ သူတို့၏လိုအင်ဆန္ဒများရရှိခြင်းငှာ ဘုရားထံချဉ်းကပ်လိုသောသူများဖြစ်ကြသည်။ တချို့သောလင်မယားတို့သည် ပျော်ရွှင်ဖွယ်ရာများကိုသာ တောင်းခံတတ်ကြ၏။ သူတို့၏တပ်မက်ခြင်းကိုရရှိခြင်းငှာ လူအသက်ကိုသတ်ခြင်း၊ မမှန်သောစီးပွားကိုရှာခြင်းနှင့်မိမိတို့၏ခင်ပွန်းကိုပင် ခြိမ်းခြောက်ခြင်းများပြုတတ်ကြသည်။ သူတို့လိုချင်သောအရာများမည်ကဲ့သို့ရရှိမည်ကို သိရှိကြသည်။

## ၆) ခိုက်ရန်ဖြစ်တတ်သောသူတို့သည် ငြိမ်သက်ခြင်းနှင့်တလုံးတဝတည်းဖြစ်ခြင်းကို မမြင်ကြပေ။

ထိုသူတို့သည် သူတပါး၏စိတ်ချမ်းသာခြင်းထက်မိမိတို့၏ကျော်စောအောင်မြင်မှုကို ဦးစားပေးကြသည်။ အသင်းတော်၌ဖြစ်စေ၊ အိမ်၌ဖြစ်စေ မိမိတို့၏ခံယူချက်ကိုသာ ဦးထိပ်ပန်တတ်ကြသည်။ သူတို့သည် အိမ်ထောင်မိသားစု၏ ပန်းတိုင်ဦးစားပေးမှုကို အမှန်ပင်မတည်ဆောက်ကြပေ။ ဇနီးမောင်တို့သည် တလုံးတဝတည်းဖြစ်ခြင်း၌ ဆက်ကပ်အပ်နှံခြင်းမရှိပါက အချင်းချင်းယှဉ်ပြိုင်နိုင်ကြသည်။ သူတို့၏အသက်တာမပြောင်းလဲမချင်း ငြိမ်သက်ခြင်းနေရာ၌ သဘောထားကွဲလွဲခြင်းကသာ အစားထိုးလာလိမ့်မည်။

## ကွဲယ်ဝမှုအပေါ် ရှုထောင့်မြင်ကွင်း

ဇနီးမောင်နှံတို့သည် အတူတကွအလုပ်လုပ်ကြသောအခါ တချို့သောရန်တွေ့ခြင်းများပျောက်ကွယ်သွားမည်ဖြစ်သည်။ တချို့ကမူ ငြင်းခုံမှုကို

ရှောင်ရှားနိုင်ဖို့ရန် ကိုယ်စီအလုပ်သီးခြားလုပ်ဆောင်ကြ၏။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် အသီးသီး သီးခြားစီဖြစ်လာကြ၏။ ရှင်ယာကုပ်က ထိုသူတို့အဖို့ ငွေကြေးသည် ပို၍အရေးကြီးသည်ဟု ထောက်ပြထားသည်။

ဇနီးမောင်နှံတို့သည် အတူတကွ ဆွေးနွေးတိုင်ပင်ပြီးမှ ဆုံးဖြတ်ချက်ချရန် လိုအပ်ပါသည်။ သူတို့သည် ကိုယ်စီအလုပ်အကိုင်ရှိလာအခါ မိမိတို့လိုချင်သည့်အရာကို ဝယ်လိုကြသည်။ သူတို့လိုချင်သည့်အရာများလည်းရရှိကြသည်။ ရှင်ယာကုပ်က ထိုသူတို့သည် မိမိတို့လိုချင်သောအရာများမရရှိသောအခါ ပဋိပက္ခစတင်လာသည်ဟု ဆိုထားသည်။

၎င်းကို ကောင်းမွန်သောအိမ်ထောင်တစ်ရပ်ဟုဆိုလိုပါသလား။ လုံးဝမဆိုလိုပေ။ သူတို့သည် အချင်းချင်းကွဲတော့မည့်အနေအထား၌ အသက်ရှင်နေကြသည်ကို နားလည်သဘောပေါက်ခြင်းမရှိကြပေ။ သူတို့အိမ်ထောင်ရေး၌ အသက်ရှင်ပြုမူသည့်အတိုင်း ဖြားယောင်းသွေးဆောင်သူသည် သူတို့ကိုအလွယ်တကူ ခလုတ်တိုက်စေနိုင်သည်။ တချို့က သုတ္တံကျမ်းအခန်းကြီး ၃၁ ကိုဆွဲသုံး၍ အိမ်အပြင်ဘက်၌ အလုပ်လုပ်ခြင်းကို မှန်ကန်ကြောင်း ကာကွယ်ပြောဆိုကြသည်။ ဤကျမ်းချက်၏ဆိုလိုရင်းကား ထိုမိန်းမသည် သူ့ယောက်ျားနှင့်အိမ်တွင်း လိုအပ်ချက်များအပေါ် အာရုံစူးစိုက်လျက်နေသည့်ဖော်ပြချက်သာဖြစ်ကြောင်းတွေ့မြင်နိုင်ပါသည်။သူသည် မိမိ၏တာဝန်ကိုပြီးမြောက်ဖို့ရန် လုံ့လဝီရိယရှိစွာဖြင့် လုပ်ဆောင်တတ်သည်။ သူ၏စိတ်နှလုံးသည် အဘယ်အရပ်၌ ရောက်ရှိနေသည်ကိုအလွယ်တကူသိရှိနိုင်သည်။ထိုမိန်းမ၌ အစေခံလိုသောနှလုံးသားအပြည့်ရှိသည်။ ထိုသို့သောအိမ်ထောင်၌ "နှစ်လုံးနှစ်ဝဖြစ်ခြင်း" စိတ်သဘောထားလုံးဝမရှိပေ။

## အကျဉ်းချုပ်

ပဋိပက္ခ၏ရင်းမြစ် အမှန်ကား ကျွန်ုပ်တို့စိတ်နှလုံးဖြစ်သည်ကို အသိအမှတ်ပြုခြင်းအားဖြင့် ဤဆွေးနွေးချက်ကို အကျဉ်းချုပ်ကြပါစို့။ ကျွန်ုပ်တို့သည် မိမိတို့ကောင်းကျိုးအတွက်ကို ရှာဖွေတတ်ကြသည်။ ၎င်းသည် အသင်းတော်၌သော်လည်းကောင်း၊ အိမ်၌သော်လည်းကောင်း အမှန်ပင်တွေ့မြင်နေရသည်။ ကျွန်ုပ်တို့လိုအပ်ချက်များကိုဖြည့်ဆည်းဖို့ရန် အဓမ္မပြုသည်ထိဖြစ်လာရခြင်းမှာ ကျွန်ုပ်တို့၏ပြင်းပြသောအတ္တစိတ်ကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏အတ္တစိတ်ကြောင့် ရိုင်းပျသောအမူအကျင့်နှင့် သနားကြင်နာခြင်းမဲ့သည်ထိပြုမူလာနိုင်သည်။ တခါတရံမိမိတို့ပင်လျှင် မကျေနပ်သည်ထိဖြစ်လာတတ်သည်။

တချို့က မိမိတို့လိုချင်သည့်အရာများကို ရရှိနိုင်ဖို့ရန် ကြောက်ရွံ့ခြင်း၊အမျက်ဒေါသ၊ မိမိကိုယ်ကိုသနားခြင်းနှင့်စိုးရိမ်ခြင်းတို့ကိုပရိယာယ်အဖြစ်သုံးလေ့ရှိသည်။ သို့သော် အဖဘုရားသခင်သည် ကျွန်ုပ်တို့အား နာခံခြင်းနှင့်

ယုံကြည်ခြင်းအားဖြင့်သာ အသက်ရှင်စေလိုပါသည်။ သင့်အား ဘုရားသခင် တောင်းဆိုသောအရာပြည့်စုံစေဖို့ရန် ကိုယ်တော်ကို ကိုးစားရာတွင် ယုံကြည်ခြင်းသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။

သင်သည် ယေရှုကိုလက်မခံသေးပါက ယခုပင်သိရှိဖို့ရန် အထံတော်သို့ချဉ်းကပ်ပါ။ ယေရှုသည် ငါတို့၏အပြစ်ကိုသာယူဆောင်သွားသည်မဟုတ်ဘဲမေတ္တာတရား၌ တည်ဆောက်ထားသည့်အသစ်သောသဘောသဘာဝကိုလည်းပေးတော်မူ၏။အများသောသူတို့သည် ကလေးများနည်းတူ မိမိတို့၏ လက်များကိုမြှောက်လျက် ခရစ်ယာန်ဖြစ်ကြောင်း ဖော်ထုတ်ပြောဆိုတတ်ကြသည်။အထူးသဖြင့် တနင်္ဂနွေနေ့ အသင်းတော်ဝတ်ပြုစည်းဝေးခြင်း၌ ထိုသို့ပြုတတ်ကြသည်။ သို့သော်ထိုသို့ပြုရုံဖြင့် သူတို့၏စိတ်နှလုံးမပြောင်းလဲပေ။ သင်သည် သင့်အတွက်မှနောင်တရ၍ ယေရှုကိုယုံကြည်လက်ခံခြင်းအားဖြင့် ခရစ်တော်၏အသွေးတော်မြတ်၌ သန့်ရှင်းခြင်းကိုရှာဖွေလျက် သင့်အသက်တာသစ်ကို ဖြစ်ပွားစေသောခရစ်တော်၏ဝိညာဉ်တော်မေတ္တာဖြင့် စတင်အသက်ရှင်ရန် လိုအပ်သည်။သို့မဟုတ်လျှင်သင်၏တပ်မက်မှုက သင့်ကိုစိုးမိုး၍ ထာဝရတရားစီရင်ခြင်းထဲသို့ခေါ်ဆောင်သွားပါလိမ့်မည်။

အကယ်၍ သင်သည် ခရစ်ယာန်ဖြစ်လျက်ပင် ဤအကြောင်းအရာများ၌ ရုန်းကန်နေသေးလျှင် ဘုရားသခင်သည် သင့်ကိုထိုအခက်ခဲများထဲမှကူညီမစနိုင်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏တန်ခိုးအားဖြင့် အသက်ရှင်နိုင်သည်။ သင်သည် ဇာတိပကတိအတိုင်း အသက်ရှင်ရန် ရွေးချယ်ခဲ့လျှင် ကျဆုံးရလိမ့်မည်။

ဂီယာနှစ်ခုရှိသည့်ကားအကြောင်းကို စဉ်းစားကြည့်ပါ။ ဂီယာတစ်ခုနှင့်မောင်းလျှင် အရှေ့ကိုရွှေ့သွားလိမ့်မည်။ သို့သော် နောက်ဂီယာတစ်ခုဖြင့် တစ်ခါပြန်မောင်းလျှင် နောက်ကိုပြန်ဆုတ်သွားမည်။ သင်သည် အဘယ်အရပ်ကိုဦးတည်၍ သွားလိုပါသနည်း။ အဘယ်သို့သောအိမ်ထောင်အမျိုးအစားကိုတည်ဆောက်လိုပါသနည်း။ သင်သည် ဝိညာဉ်သဘောအတိုင်း အသက်ရှင်မည်လော/လူဟောင်းဇာတိပကတိအတိုင်း အသက်ရှင်မည်လော၊ တစ်ခုခုကိုရွေးချယ်မှုပြုရမည်။ ဘုရားသခင်၏ဝိညာဉ်တော်အတိုင်း အသက်ရှင်ခြင်းအားဖြင့် သင်သည် ကိုယ်တော်နှင့်အခြားသူများကို အစေခံရာရောက်သည်။ ဇာတိပကတိအတိုင်း အသက်ရှင်ခြင်းသည် သင်၏လူဟောင်းဖြစ်သောဇာတိပကတိကို အစေခံခြင်းဖြစ်သည်။

## အတိတ်ကပဋိပက္ခမှ သက်သာခြင်းသို့ပို့ဆောင်သောခြေလှမ်းများ

ယနေ့ သင့်အိမ်ထောင်သည် ရန်တွေ့ခြင်းနှင့်တိုက်ခိုက်ခြင်းများဖြင့် ပြည့်နှက်နေလျှင် ထိုအိမ်ထောင်၌ ဘုရားသခင်၏ကြီးမားသောရည်ရွယ်ချက်

နှင့်လွဲနေခြင်းပင်ဖြစ်သည်။ သင်တို့ဇနီးမောင်နှံသည် သဘောထားကွဲလွဲမှုရှိနေသည့်တိုင်အောင် ငြင်းခုံခြင်းများကို စေလျှင်စွာရပ်တန်းရန် စဉ်းစား၍ ထိုပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်ပါလိမ့်မည်။ အထောက်အကူပြုသောခြေလှမ်းတချို့ကို ကြည့်ကြပါစို့။

- မည်သည့်အရာက ပဋိပက္ခဖြစ်ပေါ်ရန် သင့်ကိုမောင်းနှင်ပါသနည်း။
- မိမိ၏ဆန္ဒအတိုင်း အသက်ရှင်ခြင်းဘဝမှ ဘုရားသခင်၏အလိုတော်အတိုင်းအသက်ရှင်ရန် နှောင်တရပါ။ သင့်ခင်ပွန်း၏အားနည်းချက်များထက် သင်ကိုယ်တိုင်၏အားနည်းချက်များကို ပိုမိုအာရုံစူးစိုက်ပါ။
- ဒဏ်ရာဒဏ်ချက်များကို ဖာထေးပါ။ အခြားသူများကို နာကျင်စေသောအခါ တောင်းပန်၍ သင့်အမှားအတွက် ဝန်ခံကာ ခွင့်လွှတ်ခြင်းကိုတောင်းခံရမည်။ သင့်အပြစ်ကို ဘုရားသခင်နှင့်ခင်ပွန်းရှေ့၌ ဝန်ခံပါ။ အတိတ်က သင့်အပြစ်ကိုထိမ်ဝှက်မထားပါနှင့်။ ထိုအပြစ်သည် သင်တို့နှစ်ဦးကြား၌ အတားအဆီးဖြစ်လာနိုင်သည်။
- ဘုရားသခင်၏တလုံးတဝတည်းဖြစ်ခြင်းကို အခြေခံသဘောတရား၌ ဆက်ကပ်အပ်နှံပါ။ သင်သည် ခရစ်ယာန်ဖြစ်သည့်အတိုင်း ဘုရားသခင်ကို အစေခံရမည်။ သင်လိုချင်သောအရာနှင့်လိုအပ်သောအရာများသည် ဒုတိယဦးစားပေးဖြစ်ရမည်။
- အကြောင်းအရာအားလုံးအတွက် ဘုရားသခင်ကို ယုံကြည်ကိုးစားပါ။ကိုယ်တော်၏အလိုတော်အတိုင်း လုပ်ဆောင်ရန်ယုံကြည်ကိုးစားပါ။ကိုယ်တော်၏လမ်းစဉ်သည် သင့်လမ်းစဉ်ထက် အမြဲသာသည်ကို နားလည်ထားပါ။ ကိုယ်တော်အလိုရှိသောအရာကိုသာလုပ်ဆောင်ပါ။အလုပ်မပါသောပြောဆိုခြင်းသည် အချည်းနှီးသက်သက်ဖြစ်သည်။

ကျွန်ုပ်တို့သည် ပဋိပက္ခအကြောင်းကို များစွာသင်ယူခဲ့ပါပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် ပဋိပက္ခများကို အရင်ဆုံးမဖြေရှင်းဘဲ ဘာ့ကြောင့်ဖြစ်သနည်းဟူသော ရင်းမြစ်နှင့်မည်သည့်နေရာ၌ စတင်ဖြစ်ပေါ်သည်ဟူသောရင်းမြစ်ကို အရင်နားလည်ဖို့ လိုအပ်သည်။ တချို့က မိမိတို့၏အောင်မြင်ခြင်း၌သာ ဝမ်းမြောက်ကျေနပ်ကြပြီး အဘယ့်ကြောင့် ခိုက်ရန်ဖြစ်ပွားသနည်းဟူသောအကြောင်းရင်းကို မည်သည့်အခါမျှမစုံစမ်းကြပေ။ ကျွန်ုပ်တို့ပန်းတိုင်သည် ခိုက်ရန်ဖြစ်ပွားခြင်းကိုအဆုံးသတ်စေ၍ သဟဇာတဖြစ်ခြင်းကို ရယူခံစားရန်သာဖြစ်သည်။ ဇနီးမောင်နှံတို့သည် ဤသဟဇာတဖြစ်ခြင်းကို ရှာဖွေ

လာသောအခါ ထိုအကြောင်းအရာများကို ဘုရားသခင်၏အလိုတော်အတိုင်း ကိုင်တွယ်တတ်ရန် ဘုရားသခင်ကို အတူတကွရှာဖွေကြရမည်။

ဇနီးမောင်နှံတို့သည် နှစ်ဦးမဟုတ်တော့ဘဲ တလုံးတဝတည်းဖြစ်ကြ၏။ သူတို့သည် တစ်ဖွဲ့တည်းမဟုတ်လော။ သူတို့၏ပန်းတိုင်သည် တူညီသည်မဟုတ်လော။ ကျွန်ုပ်တို့သည်လည်း အခြားသူများနည်းတူ အောင်မြင်သောသူမဖြစ်နိုင်သလော။ လုံးဝဖြစ်နိုင်ပါသည်။ ကျမ်းစာနှင့်ကိုက်ညီသောသဟဇာတဖြစ်ခြင်း၏အကျိုးရလဒ်များကို ဆက်လက်လေ့လာကြပါစို့။

**၁။ သဟဇာတဖြစ်သောအိမ်ထောင်ရေးကို ဖန်တီးခြင်း (ဖိ၂:၁-၅)**

ဘုရားသခင်သည် ကြီးမြတ်၍ ပြန်လည်သင့်မြတ်စေသောသူဖြစ်၏။ ကိုယ်တော်၏နှုတ်ကပတ်ထဲ၌ ပဋိပက္ခဖြေရှင်းခြင်းကို ကျွန်ုပ်တို့အားသင်ကြားထားသည်။ ခရစ်တော်သည် ကျွန်ုပ်တို့ကို အသက်ရှင်စေလိုသည့်အတိုင်း သူကိုယ်တိုင်စံနမူနာပြသအသက်ရှင်ခဲ့သည်။

*"ထို့ကြောင့် ခရစ်တော်၌သက်သာခြင်း၊ မေတ္တာနှင့်စပ်ဆိုင်သောချမ်းသာခြင်း၊ ဝိညာဉ်တော်နှင့်မိဿဟာယဖွဲ့ခြင်း၊ သနားစုံမက်ခြင်းတည်းဟူသောအရာတစုံတခုရှိလျှင် သင်တို့သည် အချင်းချင်းချစ်ကြ၍ စိတ်မကွဲဘဲတလုံးတဝတည်းကြံစည်ခြင်းနှင့်တကွ သဘောတညီတညွတ်တည်းရှိသောအားဖြင့် ငါ၀မ်းမြောက်စရာအကြောင်းကို စုံလင်စေကြလော့။ ရန်တွေ့လိုသောစိတ်၊ အချည်းနှီးကျော်စောကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကိုမျှမပြုကြနှင့်။ သူတပါးသည် ကိုယ်ထက်သာ၍ ကောင်းမြတ်သည်ဟုနှိမ့်ချသောစိတ်ရှိ၍ တယောက်ကိုတယောက်ထင်မှတ်ကြလော့။ ကိုယ်အမှုအရာကိုသာမရှုမမှတ်ဘဲ သူ့အမှုအရာကိုအချင်းချင်းရှုမှတ်ကြလော့။ ယေရှုခရစ်၌ရှိသောထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့"(ဖိ၂:၁-၅)။*

ဤကျမ်းပိုဒ်သည် ရှင်ယာကုပ်သြဝါဒစာ အခန်းကြီး ၄နှင့် ဆန့်ကျင်လုနီးပါးဖြစ်သည်။ ကျွန်ုပ်တို့၏စည်းလုံးခြင်းကို စောင့်ထိန်းဖို့ လိုအပ်ပါသည်။ တစ်ဖန်ဤကျမ်းချက်က အသင်းတော်၌ရှိသောအသင်းဝင်များသည် အချင်းချင်း ခရစ်တော်၏ကျေးဇူးတော်နှင့် ပုံသက်သေအားဖြင့် တုံ့ပြန်သင့်ကြောင်းဖော်ပြသည်။ အယူအဆသိရုံသက်သက်ဖြင့်မဟုတ်ဘဲ လက်တွေ့ကျင့်သုံးရန်ဖြစ်သည်။၎င်းကိုလေ့လာပြီးဖြစ်သော်လည်း အများသောသူတို့က ကောင်းမွန်သောအိမ်ထောင်ရေးအတွက် အဘယ်မျှလောက်အရေးပါသည်ကို သဘောပေါက်ခြင်းမရှိကြပေ။

## ၁။ တလုံးတဝတည်းဖြစ်ခြင်းကို ပွေ့ဖက်ပါ

*"သင်တို့သည် အချင်းချင်းချစ်ကြ၍ စိတ်မကွဲပြားဘဲ တလုံးတဝတည်းကြံစည်ခြင်းနှင့်တကွ သဘောတညီတညွတ်တည်းရှိသောအားဖြင့် ငါဝမ်းမြောက်စရာအကြောင်းကို စုံလင်စေကြလော့"(ဖိ၂:၂)။*

ကျွန်ုပ်တို့အသက်တာ၌ တလုံးတဝတည်းဖြစ်ဖို့ အလွန်အရေးကြီးကြောင်းဖော်ပြခြင်းဖြစ်သည်။ ဖိက၂:၂ အရ တူညီသောစိတ်၊ တူညီသောချစ်ခြင်းမေတ္တာ၊ တူညီသောဝိညာဉ်တစ်ပါးနှင့် တူညီသောရည်ရွယ်ချက်တို့သည် ကိုယ်ခန္ဓာတစ်ခုဖြစ်ကြောင်း ဖော်ပြလိုခြင်းဖြစ်သည်။ ထိုတလုံးတဝတည်းဖြစ်ခြင်းသည် မိမိ၏နှလုံးသားထဲ၌ အမြစ်တွယ်ကပ်လျက် ရှိနေသောကျွန်ုပ်တို့၏အတွေးအခေါ်နှင့်ဆုံးဖြတ်ချက်အားလုံးကို လွှမ်းမိုးရမည်။




ဘုရားသခင်မိန့်မှာသည်ကား"ထိုသူနှစ်ဦးတို့သည် သသားတည်းကကိုယ်တည်းဖြစ်ရမည်"ဟူသည့်ကျမ်းချက်မှာ ဇနီးမောင်နှံတို့၏ကတိသစ္စာဖြစ်သည့်လက်ထပ်ထိမ်းမြားခြင်းပဋိညာဉ်ပင်ဖြစ်သည်။ သူတို့နှစ်ဦးသည်သီးခြားမဟုတ်တော့ဘဲ ကိုယ်တကိုယ်တည်း၌ ရှိသည့်အစိတ်အပိုင်းများဖြစ်ကြ၏။ ထို့ကြောင့် ဇနီးမောင်နှံတို့သည် အကြောင်းတစ်ခုခုကို ဆုံးဖြတ်ချက်ချသောအခါတိုင်ပင်ဆွေးနွေးရမည်။ ထိုသူနှစ်ဦးတို့၏ရင်းနှီးမှု ကြီးထွားခြင်းသည် စိတ်တလုံးတဝတည်းဖြစ်ခြင်းကို ထင်ရှားစေခြင်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦးပြုစုခြင်းသည် ရည်ရွယ်ချက်တစ်ခုအတွက် အသက်ရှင်ခြင်းဖြစ်သည်။ ကောင်းမွန်သောအိမ်ထောင်တစ်ရပ်ဖြစ်လာရန်အတွက် အဖွဲ့တစ်ခုကဲ့သို့ လုပ်ဆောင်ဖို့လိုအပ်သည်။ ထိုသို့ အဖွဲ့တစ်ခုကဲ့သို့အတူတကွလုပ်ဆောင်လျှင် အောင်မြင်သောအိမ်ထောင်ဖြစ်လာကြမည်။

## ဆင်ခြင်သုံးသပ်ရန်

လွန်ခဲ့သောအပတ်က လုပ်ဆောင်ချက်များနှင့်ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ပါ။

- ထိုအကြောင်းအရာများကို သင့်ခင်ပွန်းနှင့် အတူကွဆွေးနွေးပြီး ဆုတောင်းပါသလား။
- ဘုရားသခင်ဖွင့်ပြသောကျမ်းချက်အားဖြင်း မိမိခင်ပွန်းအား ဝေငှသက်သေခံဖူးပါသလား။

## ၂။ အတ္တစိတ်ကို ငြင်းပယ်ပါ

*"ရန်တွေ့လိုသောစိတ်၊ အချည်းနှီးကျော်စောချင်သောကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကိုမျှမပြုကြနှင့်"(ဖိ၊ ၂:၃)။*

ပေါလုသည် အပြစ်တရားမထိမ်ဝှက်ရန် တိုက်တွန်းထားသည်။ အထူးသဖြင့် တပ်မက်ခြင်းနှင့်ကျော်စောကိတ္တိစိတ်ကိုဆိုလိုသည်။ ထိုအရာနှစ်ခုစလုံးသည် ဖုံးကွယ်နေသောစိတ်ကိုနှိုးဆွပေးသည်။ တပ်မက်စိတ်သည် ဒုစရိုက်ကိုဖြစ်စေ၍ လင်မယားနှစ်ဦးအား ခိုက်ရန်ဖြစ်ပွားစေသည်။ ကျော်စောကိတ္တိစိတ်သည် မိမိကိုယ်ကိုဘဝင်မြင့်ခြင်း၊ ဝါကြွားခြင်း၊ သူတစ်ပါးကို မထင်မဲ့မြင်ပြုခြင်းတို့ကိုဖြစ်စေသည်။ ဖုံးကွယ်လျက်ရှိသောတပ်မက်ခြင်း/ကျော်စောခြင်း ခြင်းတို့သည် အောက်ပါလှည့်ဖြားခြင်းဆိုင်ရာမကောင်းသောတွေးခေါ်မှုများကိုဖြစ်ပွားစေသည်။ ဥပမာ ငါသည် သူ့ထက်စောပြီး ခရစ်ယာန်ဖြစ်လာသည်။ ငါသည် သူ့ထက်ကျမ်းစာကိုအကြိမ်ပေါင်းများစွာဖတ်ခဲ့သည်။ ငါသည် သူတစ်ပါးထက် စိတ်ထားကောင်းသည်။

## အိမ်ထောင်ရေးဆိုင်ရာ အခြေခံသဘောတရား

တပ်မက်ခြင်းနှင့်ဆိုင်သောအရင်းအမြစ်ဟူသမျှကို မုန်းတီးရှုံ့ရန်လိုအပ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့၏မာနကြောင့် သင့်ခင်ပွန်းသည် စိတ်ပျက်ခြင်း၊ ငြင်းခုံခြင်းစသည့်အနှောင့်အယှက်များကို ဖြစ်စေတတ်သည်။ မိတ်ဆွေအမျက်ထွက်သောအခါ ဘာကိုလုပ်သင့်သနည်း။ လုပ်သင့်သောအရာကား ခိုက်ရန်ဖြစ်ပွားလျက်စကားများခြင်းမဟုတ်ဘဲတစ်ယောက်အောက် တစ်ယောက်စိတ်နှိမ့်ချခြင်းဖြင့် တုံ့ပြန်ကြရမည်။ ဥပမာ အမှုတစ်ခုခုတွင် မိတ်ဆွေမှန်ကောင်းမှန်ပါလိမ့်မည်။ သို့သော် ထိုအကြောင်းအရာနှင့်စပ်လျဉ်း၍ မိတ်ဆွေဘက်မှအလျှော့ပေး၍ ဆုတောင်းသင့်ပါသည်။

## ဆင်ခြင်သုံးသပ်ရန်

လွန်ခဲ့သောအပတ်က လုပ်ဆောင်ချက်များနှင့်ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ပါ။

- ဤတပတ်အတွင်း၌ သင်ပြောမိဆိုမိသောအရာများအပေါ် သင့်ခင်ပွန်းက သင့်အား ပြင်းထန်စွာတုံ့ပြန်မှုပြုခဲ့ပါသလား။
- ဆွေးနွေးခဲ့သည့်အရာ၌ သင်မည်ကဲ့သို့တုံ့ပြန်မည်နည်း။

## ၃။ သူတစ်ပါးအစေခံခြင်း၌ မိမိကိုယ်ကိုနှိမ့်ချပါ

*"သူတပါးသည် ကိုယ်ထက်သာ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသောစိတ်ရှိ၍ တယောက်ကိုတယောက်ထင်မှတ်ကြလော့"(ဖိ၊ ၂:၃)။*

နှိမ့်ချခြင်းအကြောင်းဟောပြောချက်ကိုယနေ့ကျွန်ုပ်တို့များစွာမကြားရတော့ပေ။ သို့သော် ယေရှုနှင့်ပေါလုသည် ထိုတရားကို ဟောပြောအသက်ရှင်ခဲ့ကြသည်။ နှိမ့်ချသောအပြုအမူအားဖြင့် လှုပ်ရှားရုံမက နှိမ့်ချသောစိတ်ထားဖြင့် အသက်ရှင်ရန် လိုအပ်သည်။ သူတပါးအပေါ် မိမိတို့၏စိတ်ထားများပြောင်းလဲဖို့ လိုအပ်သည်။ သူတပါးသည် ကိုယ့်ထက်သာသည်ဟု ယုံကြည်နိုင်ရန်လည်း အရေးကြီးသည်။ သူတပါးအား တန်ဖိုးမထားတတ်လျှင် ထိုသူတို့အပေါ်၌ထောင်လွှားသောစိတ်ရှိရန် လွယ်ကူလာသည်။ သို့မှသာ သူတို့သည်လည်း ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခြင်းခံရသောသူများဖြစ်သည်ဟုသဘောထားပြီး သူတို့၏လိုအပ်ချက်များကို လေးစားခြင်းနှင့်အတူ ကြည့်ရှုစောင့်မနိုင်မည်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားကျေးဇူးပြုသကဲ့သို့ ကျွန်ုပ်တို့သည်လည်း သူတပါးတို့အား ကိုယ်တော်၏ကရုဏာတရားအတိုင်း ပြုမူဆက်ဆံဖို့ လိုအပ်ပါသည်။

## အိမ်ထောင်ရေးဆိုင်ရာ အခြေခံသဘောတရား

နှိမ့်ချခြင်းသည် မိမိတို့၏ခုခံကာကွယ်မှုကို လျှော့ကျစေသည်။ သင့်စိတ်ကျေနပ်မှုရရှိခြင်းထက် သင့်ခင်ပွန်း၏လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းသည် သင့်ရည်မှန်းချက်ပန်းတိုင်ဖြစ်သင့်သည်။ သင့်ရည်မှန်းချက်ပန်းတိုင်သည် သင့်ခင်ပွန်းကို အစေခံရန်ဖြစ်သင့်သည်။ သို့မှသာ သူသည် သင်ရှိနေခြင်းအားဖြင့် ကောင်းချီးခံစားသောသူဖြစ်လာမည်။ နှိမ့်ချခြင်းသည် ထောင်လွှားသောစိတ်ထားရှိသမျှကို အရည်ပျော်စေနိုင်သည်။ သင်သည် စိတ်နှိမ့်ချခြင်းရှိသောအခါ သင့်ကို ဘုရားသခင်မြင်သကဲ့သို့ မိမိတို့ကိုယ်ကိုမြင်တတ်လာရန် အသင့်ဖြစ်လာမည်။သင်တို့အား ဇနီးမောင်နှံအဖြစ် ဘုရားသခင်ခေါ်ရသည့်အကြောင်းအရာကို အကောင်အထည်ဖော်ဖို့ရန် နှစ်ယောက်စလုံး၌ ညီတူညီမျှတာဝန်ရှိသည်။

## ဆင်ခြင်သုံးသပ်ရန်

လွန်ခဲ့သောအပတ်က လုပ်ဆောင်ချက်များနှင့်ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ပါ။

- သင်၏နှိမ့်ချခြင်းသည် အကြောင်းရင်းရှိပါသလား။ မည်သည့်အချက်က သင့်ကိုနှိမ့်ချစေသနည်း။
- သင်နှင့်သင့်ခင်ပွန်းစပ်ကြားရှိ ပြဿနာတစ်ခုကို ခွဲထားပါ။ ထိုပြဿနာ၏ရလဒ်ကောင်းအတွက် ဘုရားသခင်ကိုယုံကြည်ကိုးစားရမည်။

- သင့်လျော်သောအချိန်၌ သင့်အသက်တွင် နိမ့်ချခြင်းရှိမရှိကို သင့်ခင်ပွန်းအား ဝေဖန်ခိုင်းပါ။ ဝေဖန်ချက်ကို မှတ်သားပါ ။

## ၄။ သင့်လိုအပ်ချက်များကို အမြဲမရှုမှတ်ရ

*"ကိုယ့်အမှုအရာများကို မရှုမမှတ်ဘဲ"(ဖိ၂:၄)*

"မျှသာ"ဟူသောစကားလုံးသည် NASB မှစတင်အသုံးပြုလာသည်။ NIV မှာလည်း ထို့အတူသုံးနှုန်းထားသည်။ အကြောင်းမူကား ၎င်း၏မူရင်းဝေါဟာရမရှိလို့ဖြစ်သည်။ ဤကျမ်းပိုဒ်၌ ရှင်းလင်းစွာဖော်ပြသောအရာသည် မိမိ၏အမှုအရာအတွက်သာမကြည့်မမှတ်ဖို့ ဆိုထားပါသည်။ ကြည့်ပါဟူသောဝေါဟာရသည် ဂရိစကားလုံးအားဖြင့် *skopeo* ဖြစ်၍ အင်္ဂလိပ်စကားလုံးသည် "scope" အခွင့်အရေးဟုအဓိပ္ပာယ်ရသည်။ မိမိ၏အမှုအရာ၊ အခွင့်အရေးကိုသာမကြည့်ရှုပါနှင့်ဟုဆိုလိုပါသည်။ မိမိတို့အသက်တာ၌ အလွန်အရေးကြီးသောအရာဖြစ်သည်။

ဤမိန့်မှာချက်တစ်ခုကို ချိုးဖောက်ခြင်းအားဖြင့် တပ်မက်ခြင်းများဖြစ်ပွားစေနိုင်သည်။ ကျွန်ုပ်တို့ကိုးကွယ်သောဘုရားသည် ဇနီးမောင်နှံတို့အားကောင်းချီးပေးနေသောဘုရားဖြစ်သည်။ သင့်လိုအပ်ချက်များကြောင့် ဘုရားသခင်အား ဘယ်နှစ်ကြိမ်ပုန်ကန်ခဲ့သနည်း။

## အိမ်ထောင်ရေးဆိုင်ရာ အခြေခံသဘောတရား

လင်မယားတို့စပ်ကြား၌ သွေးခွဲစေရန်အတွက် စာတန်သည် ပုံစံအမျိုးမျိုးလုပ်ဆောင်တတ်သည်။ သင်သည် ဘုရားသခင်၏စကားတို နားမထောင်စေခြင်းငှာ စာတန်သည် ကြောက်ရွံ့ခြင်းနှင့်တပ်မက်ခြင်းအားဖြင့် သင့်ကိုသွေးဆောင်လျက်နေသည်။ ခရစ်တော်၏ပုံဥပမာက နာခံခြင်းသည် တစ်စုံတစ်ယောက်၏ကောင်းကျိုးချမ်းသာထက် သာ၍အရေးကြီးကြောင်းကို ပြသခဲ့သည်။ ယေရှုသည် မိမိအသက်တာကိုပေးဆပ်ခဲ့သလို ခမည်းတော်သည်လည်း ခရစ်တော်အသက်ပေးဆပ်ခြင်းအားဖြင့် မိမိအလုပ်ကိုအကောင်းဆုံးလုပ်ဆောင်ခဲ့သည်။ ဘုရားသခင်က "*သင်၏အမှုအရာကိုသာမမှတ်မရှုနှင့်*"ဟု ဆိုသည်။ ကျွန်ုပ်တို့သည် အကျိုးရလဒ်နှင့်တကွ ကိုယ်တော်ကို ယုံကြည်ကိုးစားရန် လိုအပ်သည်၏။

## ဆင်ခြင်သုံးသပ်ရန်

လွန်ခဲ့သောအပတ်က လုပ်ဆောင်ချက်များနှင့်ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ပါ။

- ဤအပတ်အတွင်း၌ သင့်ခင်ပွန်းအတွက် ကောင်းသောတစ်စုံတစ်ရာပြုခဲ့ပါသလား။ အဘယ့်ကြောင့်နည်း။
- သူလုပ်မှ ငါလုပ်မည်ဟူသောခံစားချက် ရှိပါသလား။

## ၅။ သူတစ်ပါး၏လိုအပ်ချက်များနှင့်အမှုအရာများကို ရှုမှတ်လော့။

*"သူ့အမှုအရာကို အချင်းချင်းရှုမှတ်ကြလော့"(ဖိ၂:၄)*

သူတပါး၏လိုအပ်ချက်နှင့်အမှုအရာများကို ကူညီမစရန် ကျွန်ုပ်တို့အသက်တာကို ပြုပြင်ပြောင်းလဲဖို့ အလွန်အရေးကြီးပါသည်။ တနင်္ဂနွေတွင် ကျွန်တော်နေမကောင်းဖြစ်သည်ကို ညီအစ်ကိုတစ်ဦးက တွေ့လိုက်ပါသည်။ တနလာနေ့ရောက်သော် ဖုန်းဝင်လာ၍ မိတ်ဆွေဘယ်လိုလဲ၊သက်သာရဲ့လားဟုမေးလာ၏။ကျွန်ုတော့်ကိုဖုန်းဖြင့် ပြောဆိုမေးမြန်းသောသူမှာ ဆရာဝန်တစ်ဦးပင်ဖြစ်သည်။ ကျွန်တော်လည်း စိတ်ထဲတွင် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်မိလေသည်။ ဘုရားသခင်၏မေတ္တာသည် ထိုဆရာဝန်၏ဖုန်းခေါ်ဆိုမှုအသံအားဖြင့် ထင်ရှားလာကြောင်း ကျွန်တော်သတိပြုလာသည်။

## အိမ်ထောင်ရေးဆိုင်ရာ အခြေခံသဘောတရား

ခင်ပွန်းတိုင်းသည် အခြားသောသူတစ်ဦးအား ဘုရားသခင်ဆောင်ရွက်စေသည့်အတိုင်းအစေခံရန် အသင့်ဖြစ်ရမည်။ ကျွန်တော့်မိန်းမသည် သူ့တာဝန်ဝတ္တရားဖြစ်သည့် အိမ်မှုကိစ္စဆောင်ရွက်ရမည်ကို ကျွန်တော်သိ၏။ဘုရားသခင်သည် သူ့အားကလေးနှင့်အိမ်တွင်းမှုကိစ္စထိန်းသိမ်းရန် ခန့်အပ်ထားသည်။ သို့သော် သူ့ကိုကူညီမစရန် ကျွန်တော်လည်း အမြဲကြိုးစားလျက်နေ၏။ အိပ်ခန်းကို ကျွန်တော်သန့်ရှင်းရေးလုပ်ကူသည်။ ကျွန်တော့်အဝတ်များကိုတတ်နိုင်သလောက်ကျွန်တော်လျှော်ဖွပ်၏။တစ်ပတ်မှာ တစ်ကြိမ်အခြားတနေရာကိုကားမောင်းထွက်၍ ခေါ်သွားလေ့ရှိသည်။ သူနှင့်အတူ ညတိုင်းစကားပြော၍ဆုတောင်းသည်။ ကျွန်တော်သည် သူ့လိုအပ်ချက်များကို အားထုတ်၍ စဉ်းစားပေးသည်။လုပ်ဆောင်စရာလိုအပ်သောကိစ္စများကျန်ရှိသေးသလားဟူ၍လည်း မေးမြန်းသည်။

## ဆင်ခြင်သုံးသပ်ရန်

လွန်ခဲ့သောအပတ်က လုပ်ဆောင်ချက်များနှင့်ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ပါ။

- သင့်ခင်ပွန်းအတွက် အထူးအစီအစဉ်ပြုပေးရန် ရှိပါသလား။

- သင်သည် သင့်ခင်ပွန်းအား သင့်ထက်အရေးပါသည်ဟု ပြောဆိုနိုင်ပါသလား။ သင်၏စိတ်သဘောထားကို လက်တွေ့ကျကျမည်ကဲ့သို့ပြသနိုင်သနည်း။

## ၆။ ခရစ်တော်၌ရှိသောစိတ်သဘောထားသည် ဘုန်းတော်ထင်ရှားခြင်းဖြစ်သည်။

*"ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့"(ဖိ ၂:၅)။*

စိတ်သဘောထားသည် အပြုအမူများကို ပြောင်းလဲစေတတ်သည်။ ယုံကြည်ခြင်းသည် အကျင့်စာရိတ္တကိုပြောင်းလဲစေသည်။ ကျွန်ုပ်တို့တွင် ခရစ်တော်၌ရှိသည့်စိတ်နေသဘောထားကိုထားရှိရမည်။ ကျွန်ုပ်တို့သည်ခရစ်တော်၌ဘုရားသခင်၏ခေါ်သံကို လက်ခံရရှိရမည်။ ခရစ်တော်ပြုသကဲ့သို့ကောင်းသောအမူများကိုပြုရမည်။အိမ်နီးနားချင်း၌ ကျွန်ုပ်တို့၏အပြုအမူအားဖြင့် ဘုရားသခင်ဘုန်းတော်ထင်ရှားစေသူဖြစ်ရမည်။ နေ့တိုင်း သူတပါးအားကူညီမစရန်အသင့်ရှိလျက်အခွင့်ထူးရှာဖွေနေသူဖြစ်ရမည်။ ကိုယ်တော်၏ရှေ့၌ နေ့စဉ်လျှောက်လှမ်းသည်နည်းတူ ယုံကြည်ခြင်းအားဖြင့် မိမိတို့လုပ်ဆောင်ရန် လိုအပ်သောအရာများကိုလုပ်ဆောင်တတ်ရမည်။

## အိမ်ထောင်ရေး ဆိုင်ရာ အခြေခံသဘောတရား

ခင်ပွန်းအသီးသီးသည် မိမိ၏စိတ်နေသဘောထား တိုးတက်ခြင်း၌ အာရုံစူးစိုက်ဖို့ လိုအပ်သည်။ သူတပါး၏တာဝန်ဝတ္တရားများကို လုယူသောသူမဟုတ်ဘဲ ထိုသူတို့၏တာဝန်ဝတ္တရားများကို လွယ်ကူစွာလုပ်ဆောင်နိုင်ရန် ကူညီတတ်သောသူဖြစ်ရမည်။ ဆုလက်ဆောင်ကို တွေးတောခြင်းမပြုဘဲ လုပ်ဆောင်ရမည်။

ဝမ်းမြောက်စွာ လုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏ဆုလက်ဆောင်ဖြစ်၍ ကျွန်ုပ်တို့၏အိမ်ထောင်ရေး၌ ယေရှုပါဝင်ရန် အခွင့်ပေးရမည်။ တခါတရံ ယောက်ျားသည် မိမိမာန၌ ယစ်မူးလျက် မယားသည်လည်း သူ့စိတ်ဖိစီးမှု၌ ပြင်းစွာခံစားနေတတ်၏။ ထိုသို့သောအချိန်၌ ဇနီးမောင်နှံတို့သည် တစ်ဦးကိုတစ်ဦး ခရစ်တော်နည်းတူ နှိမ့်ချစွာအစေခံကြရန် လိုအပ်ပါသည်။ တစ်ဦးတစ်ယောက်အပေါ် မိမိတို့ဖြစ်စေချင်သည့်အမှုအရာသည် အချိန်ကြာမိနိုင်သော်လည်း အကောင်းဆုံးလုပ်ဆောင်လျက် အကျိုးရလဒ်အတွက် ဘုရားသခင်ကိုယုံကြည်ကိုးစားရန် လိုအပ်သည်။

## ဆင်ခြင်သုံးသပ်ရန်

လွန်ခဲ့သောအပတ်က လုပ်ဆောင်ချက်များနှင့်ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ပါ။

- သင့်ခင်ပွန်းသည် အလွန်ခက်ခဲသည့်အနေအထားသို့ ကျရောက်ခဲ့ဖူးပါ သလား။ ကျရောက်ခဲ့ဖူးပါက ရေးချပါ။
- ထိုကဲ့သို့ခက်ခဲသောအချိန်၌ ခရစ်တော်၏မေတ္တာဖြင့် သင့်ခင်ပွန်းကိုချစ်ရန် ကြံစည်ပါ။ ရေရှည်အတွက်ပြင်ဆင်ပါ။ ဘုရားသခင်၏မေတ္တာသည် ၎င်းတို့ကို အရည်ပျော်စေနိုင်သည်။ သို့ပြုလျှင် မိမိတို့၏မေတ္တာသည် ဘုရားသခင်နှင့်သော်လည်းကောင်း၊ မိမိခင်ပွန်းနှင့်သော်လည်းကောင်း ကြီးထွားလာလိမ့်မည်။

## အကျဉ်းချုပ်

ကျွန်ုပ်တို့အိမ်ထောင်၌ ဤအခြေခံသဘောတရားများအားဖြင့် စတင်အသက်ရှင်နိုင်ကြောင်းကို အံ့အားသင့်ဖွယ် ခရစ်တော်၏ပုံသက်သေမှ တဆင့်တွေ့မြင်နိုင်သည်။ ဤအခြေခံသဘောတရားရှိသမျှတို့သည် ဘုရားသခင်၏ထုတ်ဖော်ကြေငြာခြင်းအပေါ်၌ တည်ဆောက်ခြင်းဖြစ်သည်။ သို့ဖြစ်၍ မိမိတို့သည် ထိုအကြောင်းအရာအတိုင်း လက်တွေ့အသက်ရှင်ကြရမည်။

## တုံ့ပြန်နိုင်ချေ

**ခုခံခြင်း -** သင်ကြားခြင်းအပေါ်၌ ခုခံမှုရှိနိုင်သည်။ သူ/သူမ ဖုံးကွယ်ထားသည့် အားနည်းချက်ရှိနိုင်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ချက်ကို မကြောက်ပါနှင့်။ သူ၏လမ်းပြမှုသည် ကောင်းမြတ်တော်မူ၏။ ခရစ်တော်အားဖြင့် အပြစ်ရှိသမျှခွင့်လွှတ်ခြင်းရရှိသည်ကို သင်တွေ့ရှိနိုင်သည်။ သင်သည် ဆက်ပြီး ခေါင်းမာနေပါက သင့်အိမ်ထောင်ရေး ကြီးထွားမည်မဟုတ်ပေ။
**ရှက်ကြောက်ခြင်း -** သင်သည် ရှက်ကြောက်ခြင်းကို ကြီးကြီးမားမားခံစားနိုင်သည်။ သင့်ကိုယ်ခန္ဓာအပေါ် သို့မဟုတ် သင့်ခင်ပွန်းကိုယ်ခန္ဓာအပေါ်၌ ကင်ဆာရောဂါ လိုမျိုး ဆွဲကပ်လာပါက ခံစားရအလွန်ပင် ခက်ခဲပါလိမ့်မည်။ ခရစ်တော်၏မေတ္တာတရားကို သယ်ဆောင်သွားရန် နှစ်၊ လ၊ ရက်ပေါင်းများစွာ ကျော်ဖြတ်ခဲ့သည်ကို ပြန်စဉ်းစားကြည့်ပါ။ ဘုရားသခင်ထံတော်သို့နှိမ့်ချသောစိတ်ဖြင့် ပြန်လှည့်သောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့၏အပြစ်ရှိသမျှတို့ကို ခွင့်လွှတ်၍ တန်ခိုးနှင့်လွှမ်းခြုံတော်မူတတ်သည်။
**ပြင်းထန်သောစိတ်လှုပ်ရှားမှု -** သင်သည် အသင်းတော်၌ ကာလအတန်ကြာပါဝင်နေသော်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ထိတွေ့မှုမရှိသောကြောင့် တုန်လှုပ်သွားနိုင်သည်။ တခဏအတွင်း၌ သင်တွေ့မြင်သည့်

အရာများကို သင့်အသက်တာ၌ခံယူပါ။သင်အံ့ဩသွားပါလိမ့်မည်။ဘာ့ကြောင့် ဒီလောက်တောင် ငါလွဲချော်သနည်းဟုဆိုပြီး မိမိကိုယ်ကိုအံ့အားသင့်ပါလိမ့် မည်။ ထိုအချိန်၌ပင် နောင်တရပါ။ ကိုယ်တော်၏ခွင့်လွှတ်ခြင်းသည် ပြည့်စုံ သည်ဖြစ်၍ သင်၏နိမ့်ချသောစိတ်နှလုံးနှင့် အတူတကွလုပ်ဆောင်ရန် အလိုရှိ တော်မူသောကြောင့် ကိုယ်တော်ကိုချီးမွမ်းရမည်။

**ငြင်းခုံခြင်း** - အငြင်းအခုံဖြစ်ပွားမှုကြောင့် သင်မခံစားနိုင်လောက်အောင် နာ ကျင်မှုရှိနိုင်သည်။ ထိုအရာသည် တစ်စုံတစ်ဦးကို အပြစ်မြင်စေတတ်သည်။ သို့သော် ဘုရားသခင်၏စကားကိုရှေ့ရှုပြီး မိမိအပြစ်ကို ဝန်ချတောင်းပန်ရကြ ရမည်။

**စိတ်ကူးဆန်လွန်းခြင်း** - မိမိတို့၏အပြစ်များနှင့်မနာခံခြင်းတို့ကြောင့် မြန်ဆန် သောဆင်ခြေပေးမှုများထဲက စိတ်ကူးဆန်ဆန်ထွက်ပေါ်လာတတ်၏။ ဥပမာ- "ငါ လဲ ဟိုလိုဖြစ်ချင်တယ်၊ ဒါပေမယ့် ငါမရနိုင်ဘူးကွ၊ မင်းငါ့ကို ကူညီနိုင်ရင် ငါအရမ်းကျေးဇူးတင်မှာပဲ" ဆိုတဲ့အတွေးတွေ ပေါ်လာနိုင်တယ်။

**ဟုတ်ကဲ့** - ဟုတ်ကဲ့၊ ဘုရားသခင်၏သွန်သင်ချက်များကို ကျွန်ုပ်တို့လင်မယား ခံယူလိုပါသည်။ ဟုတ်ကဲ့၊ ဒီလိုသာယာတဲ့ အိမ်ထောင်မိသားစုဖြစ်လာဖို့ရန် ဒီဟာကို ရှာဖွေနေတာ အတော်ကြာနေပါပြီ၊ ကျွန်နော်တို့အိမ်ထောင်ပြုပြင် ပြောင်းလဲရေးအတွက် ဆုတောင်းပေးပါ။ ၎င်းသည် မိတ်ဆွေ၏တုံ့ပြန်ချက် ဟုတ်ပါသလော။ တကယ်လို့မဟုတ်ခဲ့ရင် အဘယ့်ကြောင့်နည်း။

## အကျဉ်းချုပ်

ကျွန်ုပ်တို့သင်ယူခဲ့ပြီးသောအခြေခံသဘောတရားများကို ပြန်လည် သုံးသပ်ကြပါစို့။ရန်တွေ့ခြင်းနှင့်စစ်တိုက်ခြင်းအပေါင်းတို့၏ရင်းမြစ်ကား ကျွန်ုပ် တို့၏တကိုယ်ကောင်းဆန်သောစိတ်ပေါ် မူတည်ပါသည်။ ဝမ်းနည်းဖွယ်ကောင်း သည်မှာ ကိုယ်နှင့်စပ်ဆိုင်သောသူများကို ချစ်ရမည့်အစား နှစ်ရှည်လများ စိတ်နာကျင်စေခြင်းဖြစ်ပါသည်။ကျွန်ုပ်တို့၏အပြစ်ရှိသမျှထက် သာ၍ကြီးမြတ် သောကယ်တင်ရှင်ယေရှုရှိနေခြင်းသည် ကျွန်ုပ်တို့အတွက်အလွန်ဝမ်းမြောက် ဖွယ်ရာသတင်းကောင်းဖြစ်ပါသည်။ မိမိတို့အပေါ် တစ်ကိုယ်ကောင်းကောင်း ဆန်စိတ်လွှမ်းမိုးနေသရွေ့ ငြိမ်သက်ခြင်းမရှိနိုင်ပေ။ တစ်စုံတစ်ဦး၏တကိုယ် ကောင်းဆန်သောစိတ်သည် ခရစ်တော်ပေးသနားတော်မူသည့်ဝိညာဉ်နှင့်ဆိုင် ပြိုင်တိုက်လှန်တတ်သည်။

ဇနီးမောင်နှံနှစ်ဦးထဲကတစ်ဦးသည် သနားကျင်နာတတ်လာသော အခါ အိမ်ထောင်မိသားစု၌ တိုးတက်မှုရှိလာလိမ့်မည်။ သို့သော် အခက်အခဲ များရင်ဆိုင်နေဆဲဖြစ်ပါသည်။ ဇနီးမောင်နှံတို့အနေဖြင့် ခရစ်တော်ကဲ့သို့သော စိတ်ထားနှင့်ပြုမူလုပ်ဆောင်ချက်အတိုင်း အသက်ရှင်လျှောက်လှမ်းခြင်းသည်

ကောင်းသောအမှုမဟုတ်ပေလော။ကိုယ်တော်သည် ကျွန်ုပ်တို့နှလုံးသားထဲက ပြောဆိုသောအသံကိုနားထောင်လျက်နေတော်မူ၏။ "အို အဖဘုရား၊ ကိုယ်တော်၌ရှိသောနှလုံးသားကို ပေးသနားတော်မူပါ။" ဘုရားသခင်သည် သင့်ဆုတောင်းသံကိုနားညောင်းတော်မူမည်။

## လေ့လာရန် မေးခွန်းများ

၁။ သာယာပျော်ရွှင်သောအိမ်ထောင်မိသားစု ရှိနိုင်မည်လော။ မည်ကဲ့သို့နည်း။
၂။ သင့်ခင်ပွန်းနှင့်နောက်ဆုံးငြင်းခုံသည့်အချက် ၂ ချက်ကိုဖော်ပြပါ။
၃။ ယာကုပ် ၄:၁-၃ ထဲက ဆွေးနွေးသည့်စကားလုံး၂ လုံးသည် အဘယ်နည်း။
၄။ ပဋိပက္ခကိုကိုင်တွယ်သောအခါ အဘယ့်ကြောင့်အရင်းအမြစ်ကိုသိဖို့ လိုအပ်သနည်း။
၅။ ပဋိပက္ခထဲ၌ နာကျင်စေသည့်အကြောင်းရင်းကား အဘယ်နည်း။ အဘယ့်ကြောင့်နည်း။
၆။ သင့်ခင်ပွန်းက " ငါမကူညီနိုင်"ဟုပြောဆိုလျှင် သင်မည်သို့တုံ့ပြန်မည်နည်း။
၇။ အဘယ့်ကြောင့် အတ္တကြီးသောခင်ပွန်းတို့သည် ဘုရားသခင်ကို အကူအညီမတောင်းခံကြသနည်း။
၈။ ကြွယ်ဝချမ်းသာမှုသည် အိမ်ထောင်ရေးအပေါ် ထိခိုက်နစ်နာမှုကို မည်ကဲ့သို့ယူဆောင်လာနိုင်သနည်း။
၉။ တလုံးတဝတည်းဖြစ်ခြင်းသည် သင့်အိမ်ထောင်၌ မည်ကဲ့သို့လက်တွေ့ကျကျအကျိုးပြုနိုင်မည်နည်း။
၁၀။ အတ္တစိတ်မပါဘဲအမှုကိစ္စကို ပြုလုပ်သည်ဟူသောအရာသည်ဖြစ်နိုင်မည်လော။ သာ၍ကောင်းအောင် မည်ကဲ့သို့ပြုနိုင်မည်နည်း။
၁၁။ မိမိကိုယ်ကို နှိမ့်ချခြင်းဆိုသည်မှာ အဘယ်နည်း။ ၎င်းသည် အိမ်ထောင်ရေးကို မည်ကဲ့သို့အကျိုးပြုသနည်း။
၁၂။ ယေရှုသည် ခရစ်ဝင်ကျမ်းများ၌ လူတို့နှင့်မည်ကဲ့သို့ဆက်ဆံသည်ခဲ့ကိုသုံးသပ်ပါ။ ခရစ်တော်၏စိတ်သဘောထားသည် အဘယ်သို့နည်း။
၁၄။ ဤသမ္မာကျမ်းစာ၏အခြေခံသဘောတရားများကို ကျင့်သုံးရန် ဝိညာဉ်တော်သည် သင့်အား လုပ်ဆောင်စေသောအရာနှစ်ခုကို ရေးချပါ။




## #၆ အကျပ်အတည်းများကိုဖြေရှင်းခြင်းနှင့်ပဋိပက္ခများကိုရှောင်ရှားခြင်း အိမ်ထောင်ရေးပဋိပက္ခဖြေရှင်းခြင်း-အပိုင်း ၂

ဇနီးမောင်နှံတို့သည် အဘယ့်ကြောင့် ရန်တွေ့လျက် ခိုက်ရန်ဖြစ်ပွားကြသနည်း။ သူတို့သည် အဘယ့်ကြောင့် ထာဝစဉ်ငြိမ်းချမ်းခြင်းကို မခံစားနိုင်ကြသနည်း။ အိမ်ထောင်ပြုခြင်းသည် တစ်ကိုယ်တော်နေခြင်းထက် ပိုမိုကောင်းမွန်သောဘဝသစ်ထူထောင်ရန် ထိမ်းမြားခြင်းမဟုတ်လော။

### က။ ပြဿနာဖြေရှင်းခြင်းဖြစ်စဉ်

မနေ့ညက ကျွန်တော်နှင့်ကျွန်တော့်ဇနီးသည် တစ်စုံတစ်ရာအကြောင်းကိုပြောဆိုကြတဲ့အခါမှာ သဘောထားကွဲလွဲမှုအနည်းငယ်ရှိခဲ့ပါတယ်။ ကျွန်တော်လည်း ပြဿနာမဟုတ်လောက်ပါဟုထင်လျက် လုပ်စရာအလုပ်ကိုဆက်လုပ်လိုက်တယ်။ ဒါနဲ့ သူ့ပုံစံက တမျိုးဖြစ်လာတယ်။ ငါလည်း သူ့ကိုနင်ဘာဖြစ်နေတာလဲလို့မေးလိုက်တယ်။သူကလည်း ဘာဖြစ်မှားတောင်ကျွန်မမသိပါဘူးလို့ပြန်ဖြေလိုက်ပါတယ်။သူလည်း ပြဿနာရင်းမြစ်ကို တကယ်မသိတဲ့အတွက် ငါလည်း ငါမှန်တယ်လို့ထင်ပြီး လုပ်စရာအလုပ်ကို ဆက်လုပ်လိုက်ပါတယ်။ ဒါပေမယ့် ဒီအမှုကို ကျွန်ုပ်တို့နှစ်နှင့်ချီပြီး သင်ယူရပါတယ်။ မတူညီတဲ့အရာတွေကိုကိုင်တွယ် ဖြေရှင်းရန် နည်းလမ်းသုံးမျိုးရှိတယ်။ အဲဒါတွေကတော့ သဘောကွဲလွဲခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း စတဲ့အရာတွေဖြစ်ပါတယ်။




ကျွန်ုပ်တို့သည် ထိုအမှုအရာကြောင့် သဘောကွဲလွဲမှုရှိသည်ကို သိမြင်လာကြသောအခါ နှစ်ယောက်စလုံးစိတ်လျှော့ကြ၏။ ဆုံးဖြတ်ချက်ကို ချက်ချင်းမပြုဘဲ ဆုတောင်းခြင်းဖြင့် အစပြုလာကြသည်။ ငါ လည်း အဘယ့်

ကြောင့် မိန်းမက ထိုသို့စဉ်းစားသည်ကို အခြားသောအချိန်များ၌ သတိပြု လျက်စူးစမ်းလေ့လာလေသည်။တခါတရံသူသည် အခြားသောအချိန်အခါများ ထက်လိမ္မာပါးနပ်၏။ကျွန်တော်လည်း သူ့ကိုတန်ဖိုးထားတတ်လာသည်။ သူ့အ ကြောင်းကိုထိုးထွင်းသိမြင်ရန် ပို၍ပို၍ကြိုးစားအားထုတ်လာသည်။

ထိုအချိန်၌ဘုရားသခင်သည် သူ့အားဖြင့် ကျွန်တော့်ကိုစကားပြော ဆိုသောအရာရှိမည်ဟုသဘောပေါက်လေ၏။သူသည် တုံ့ဆိုင်းလျက်နေသော ကြောင့်ငါလည်းတွန့်ဆုတ်လာ၏။အကယ်၍ ကျွန်ုပ်တို့နှစ်ဦးသည် ဘုရားသခင် ၏အလိုတော်ကိုလိုလားခဲ့လျှင် ကျွန်ုပ်တို့နှစ်ဦးကိုကိုယ်တော်စကားပြောပါလိမ့် မည်။ကျွန်တော်သည် လင်ယောကျ်ားဖြစ်သော်လည်း ကျွန်တော့်ဖြစ်ခြင်း အ ခွင့်အာဏာကိုသုံးပြီးဆုံးဖြတ်ချက်မချခဲ့ပေ။ဘုရားသခင်သည် သူ့ကိုကျွန်တော့် အထောက်အမအဖြစ် ပေးအပ်တော်မူ၏။ထိုအချိန်၌ သူသည် ဘုရားသခင် ၏အသံကိုကျွန်တော့်ထက်ကြား၍ ကိုယ်တော်၏လမ်းစဉ်ကိုသိရှိ၏။ ထိုအချိန် သည် ကျွန်ုပ်တို့ဇနီးမောင်နှံအဖို့ ဘုရားသခင်နှင့်သူ၏လမ်းစဉ်များကို ပိုမိုသင် ယူရန် အခွင့်ထူးဖြစ်သည်။ ကျွန်ုပ်သည် မိမိ၏မာနကိုစွန့်လွှတ်၍ ဇနီးအားဖြင့် ဘုရားသခင်မည်သည့်အရာပြောမည်နည်းဟုစိတ်လှုပ်ရှားလျက်နေလေ၏။

ကျွန်တော်လည်း ထိုအမှုနှင့်ပတ်သက်၍ သူ့ကို သေချာပြောပြီဟု ထင်မိသည်။ အမှန်မှာ ကျွန်တော်လည်း ကျွန်တော့်လမ်းအတိုင်းသွားလို့ရ၏။ သူလည်း သူ့ဆန္ဒအရခုခံလို့ရ၏။ သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင်၏အ လိုတော်ကိုရှာဖွေလျက် ထိုအကြောင်းအရာအတွက် အတူတကွဆွေးနွေးကာ ဆုတောင်းကြ၏။ အကြောင်းအရာသည် အနည်းငယ်ထင်ရှားလာသော်လည်း အကုန်ဖြေရှင်း၍မရသေးပေ။ မှန်ကန်သောအဖြေရရှိရန်အတွက် ဘုရားသ ခင်၏လမ်းစဉ်နှင့်နည်းလမ်းအတိုင်း ရှာဖွေခြင်းသည် အကောင်းဆုံးဖြစ်သည်။

ကျွန်ုပ်တို့ဇနီးမောင်နှံ ဆက်နွှယ်ခြင်း၌ မတူညီသည့်အချက် ၄ ချက် ကိုလေ့လာတွေ့ရှိ၏။၎င်းတို့မှာ အာမခံကိစ္စ၊ ကျောင်းရေးရာကိစ္စ၊ ကလေးများ စည်းကမ်းနှင့်အိမ်တွင်းကိစ္စဟူ၍ဖြစ်ပါသည်။ဤကိစ္စများနှင့်ပတ်သက်၍ ကျွန်ုပ် တို့ဇနီးမောင်နှံသည် သဘောကွဲလွဲမှုရှိ၏။ တခါတရံတစ်ဦးဦးက အရမ်းကို စိတ်လှုပ်ရှားမိနိုင်၏။ သို့သော် ကျွန်ုပ်တို့မငြင်းခုံခဲ့ပေ။

အကယ်၍ ကျွန်ုပ်တို့သည် တစ်ဦးချင်းစီ၏ပဋိပက္ခများကို အရင်ဆုံး ကိုင်တွယ်ရန် အားထုတ်ပါက ကျွန်ုပ်တို့၏ဖြေရှင်းချက်သည် အပေါ်ယံသက် သက်သာဖြစ်ပေမည်။ ၎င်းသည် အလုပ်မဖြစ်ပေ။ ဇနီးမောင်နှံတို့သည် အသစ် သောချဉ်းကပ်မှုကို ပြုရပါမည်။ သူတို့သည် တစ်ဖွဲ့တည်းထဲကဖြစ်ကြောင်းကို တွေ့မြင်ရန် လိုအပ်ပါသည်။

(၁) အချင်းချင်းတွန်းလှန်ခြင်းကို အလိုလျောက်ငြင်းပယ်ရမည်။
(၂) ကောင်းမွန်သောအိမ်ထောင်ဆီသို့ရည်ရွယ်ချက်ရှိရှိ အတူတကွလုပ်ဆောင်ရမည်။

ထုံးစံအတိုင်း တချို့သောအိမ်ထောင်တို့သည် သူတို့၏အိမ်ထောင်ရေး၌ နတ်ဆိုးကိုနေရာပေးကြသဖြင့်ထိခိုက်နာကျင်မှုများ ရောက်ရှိလာ၏။ အကယ်၍ ကျွန်ုပ်တို့သည် မိမိတို့၏ခင်ပွန်းများနှင့် ရန်တွေ့တတ်သူများဖြစ်ပါက ထိုသို့သောရန်တွေ့တတ်သည့်စိတ်ထားမှ နောင်တရဖို့ လိုအပ်သည်။ ပဋိပက္ခသည် စိတ်နှလုံးမဖြူစင်ခြင်းကိုပြသသည်။ တစ်ဦးနှင့်တစ်ဦးရိုက်ပုတ်ခြင်း၊ နှိပ်ကွက်ခြင်းများဖြင့် ပြုမူဆက်ဆံနေကြပါကနှစ်ဦးစလုံးနစ်နာဆုံးရှုံးကြောင်းကိုနားလည်ဖို့ လိုအပ်ပါသည်။




ဇနီးမောင်နှံဟူသည်မှာ နှစ်ဦးနှစ်ဖွဲ့မဟုတ်ဘဲ တလုံးတဝတည်း၊ တစ်ဖွဲ့တည်းဖြစ်သောကြောင့် ထိုအဖွဲ့တစ်ဖွဲ့တည်း၏အောင်မြင်ခြင်းကိုသာရည်မှန်းလျက်လုပ်ဆောင်ကြရမည်။

ဇနီးမောင်နှံဟူသည်မှာ ဆက်ကပ်အပ်နှံခြင်းပြုလုပ်ပြီးသူများဖြစ်၍ မိမိတို့စပ်ကြား၌ ဖြစ်ပွားနေသောပဋိပက္ခများကို ပိုမိုနက်ရှိုင်းစွာလေ့လာသုံးသပ်နိုင်ပြီဖြစ်သည်။ နှစ်ဦးနှစ်ဖက်သဘောတူလျက် ငြိမ်းချမ်းရေးလုပ်ဆောင်သောအခါ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား တိုက်ခိုက်မှုများ ရပ်တန့်နိုင်သည်။ ရှေးခေတ်က ဆက်သွယ်ရေးညံ့ဖျင်းမှုကြောင့် စစ်ပွဲပြီးဆုံးသော်လည်း တိုက်ပွဲချက်ချင်းရပ်တန့်ခြင်းမပြုနိုင်ခဲ့ပေ။ ကျွန်ုပ်တို့အိမ်ထောင်၌ စစ်ပွဲအဆုံးသတ်ပြီမဟုတ်လော။ ငြိမ်းချမ်းရေးရရှိပြီးပြီဆိုလျှင် ကျွန်ုပ်တို့စပ်ကြား၌ ပဋိပက္ခရှိအုံးမည်လော။ရှိစရာအကြောင်းမရှိတော့ပေ။သို့ဖြစ်လျှင် ပဋိပက္ခများသည် ကျွန်ုပ်တို့အထဲ၌ ရှိသေးသလော။ ဟုတ်ကဲ့၊ ရှိပါသေးသည်။ သို့သော် ၎င်းတို့ကိုကျွန်တော်တို့မလိုအပ်တော့ပေ။ မတူကွဲပြားသောအယူအဆများကိုကိုင်တွယ်ခြင်း၌ ပိုမိုကောင်းမွန်သောလမ်းစဉ်တစ်ခုရှိပါသည်။

ကျွန်ုပ်တို့သည် မတူကွဲပြားသောအယူအဆများကို ဖြေရှင်းဖို့ရန်စဉ်းစားသင့်ပြီ။ သို့မဟုတ်လျှင်ရန်သူသည်ထိုမတူကွဲပြားသောအယူအဆများကိုအသုံးချ၍ ကျွန်ုပ်တို့ရန်တွေ့စရာအကြောင်း ဖြစ်နိုင်သောကြောင့်တည်း။ မတူကွဲပြားသောအယူအဆများရှိနေခြင်းသည်အမှားမဟုတ်သော်လည်း ထိုအရာတို့ကိုသတိမပြုလျှင် စစ်မြေပြင်တဖွယ်ပြန်ဖြစ်လာနိုင်သည်။

တချို့က သူတို့၏အဓိကပြဿနာသည် သဘောထားကွဲလွဲခြင်းကြောင့်မဟုတ်ဘဲ မိမိတို့၏စိတ်ခံစားမှု တန်ပြိုင်ခြင်းကြောင့်ဖြစ်သည်ဟုဆိုကြ

သည်။ ဥပမာ ယောက်ျားသည် မိမိစိတ်ထဲ၌ တစ်ခုခုစဉ်းစားရင်း အိမ်ပြန်လာ၏။ အိမ်ကိုရောက်လာသောအခါ မယားကလည်း ယောက်ျားက ကျွန်မကို ရန်ရှာနေသည်ဟု ယူဆလေသည်။ စိတ်ပိုင်းဆိုင်ရာခံစားမှုပြဿနာသည် များသောအားဖြင့် ဝိညာဉ်ရေးရာပြဿနာပေါ်၌ မူတည်တတ်၏။ ကျွန်ုပ်တို့၏စိတ်ခံစားမှုသည် မိမိတို့၏ဝိညာဉ်ရေးရာသဘောသဘာဝနှင့်အပြန်အလှန်ဆက်နွယ်မှုရှိပါသည်။ ထိုသို့သောအနာအဆာများကို ကောင်းမွန်စွာကိုင်တွယ်ခြင်း မပြုပါက အမျက်ဒေါသထွက်စရာအကြောင်းဖြစ်စေတတ်သည်။ ကျွန်ုပ်တို့သည် ထိုသို့သောအမျက်ဒေါသထွက်စရာအကြောင်းများကို အိမ်ထဲပါလာပြီး လင်မယားနှစ်ဦးကြား ခိုက်ရန်ဖြစ်ပွားစေနိုင်သည်။

ငြင်းခုံခြင်းမှန်သမျှသည် လင်မယားနှစ်ဦးစလုံးနှင့် သက်ဆိုင်သည်။ နှစ်ဦးထဲတွင် တစ်ဦးစိတ်ဆိုးနေလျှင် အခြားတစ်ဦးက အမြန်ဆုံးကြားဝင်ဖြန်ဖြေရန် အလွန်အရေးကြီးသည်။ ဝိညာဉ်ရေးရာပြဿနာများကို ကောင်းမွန်စွာ မဖြေရှင်းလျှင် အိမ်ထောင်မိသားစုတစ်ခုလုံးကို ထိခိုက်နာကျင်စေနိုင်သည်။ လင်မယားနှစ်ဦးစလုံးတို့သည် အတူတကွအသက်ရှင်နေထိုင်ကြသူများဖြစ်သောကြောင့် တစ်ဦးဦး၏အပြစ်အနာအဆာ အားနည်းချက်ကြောင့် ထိခိုက်မှု မရှိစေရန်လိုအပ်ပါ သည်။

ကောင်းမြတ်သောသတင်း၏တန်ခိုးသည် အထက်မှာ ဖော်ပြသော အပြစ်အနာအဆာရှိသမျှတို့ထဲမှ ကျွန်ုပ်တို့ကိုလွတ်မြောက်စေခဲ့သည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုထိန်းချုပ်လျက်ရှိသည့်စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ သံသယ၊ အမျက်ဒေါသမုစ၍ မုန်းတီးခြင်းတို့ကို အခွင့်မပေးသင့်တော့ပေ။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုတန်ခိုးဖြည့်ဆည်းပေးသကဲ့သို့ ခရစ်တော်သည် ကျွန်ုပ်တို့ကိုခွင့်လွှတ်နိုင်သည်။

## အမှုတော်လုပ်ငန်းအပေါ်၌ အာရုံစူးစိုက်ပါ

ကျွန်ုပ်တို့သည် သာသနာကွင်းဆက်ခွင်၌ ရပ်တည်နေဖို့ လိုအပ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့မိသားစုအားဖြင့် အမှုပြုလိုပါသည်။ မိမိ၏ခင်ပွန်းသည် စိတ်မရှည်သော်လည်း ခရစ်တော်၏မေတ္တာသည် သူ့အထဲ၌ တစ်ခုခုလုပ်ဆောင်နိုင်ရန် စိတ်ရှည်သည်းခံဖို့ အထူးလိုအပ်ပါသည်။

လူတို့၌ မတူကွဲပြားသောအယူအဆများနှင့်ချဉ်းကပ်မှုများရှိတတ်သည်။ ဇနီးမောင်နှံတို့သည်လည်း ထို့အတူဖြစ်သည်။ ကျွန်ုပ်တို့၏အမြင် ကွဲပြားခြားနားခြင်းသည် မိမိတို့၏အသက်တာများနှင့်အိမ်ထောင်များကို အကျိုးသက်ရောက်မှုရှိစေသည်။ ကျန်းမာသန်စွမ်းသောအိမ်ထောင်သည်များသည် ဇနီးမောင်နှံကောင်းပီပြင် အစဉ်ကြီးထွားနိုင်ဖို့ရန် ကွဲပြားခြားနားအမြင်များကို လေ့လာသင်ယူတတ်ကြသည်။ သို့သော်ညံ့ဖျင်းသောအိမ်ထောင်သည်များက

ဤကွဲပြားသောအမြင်များကို ကောင်းမွန်စွာမကိုင်တွယ်သောကြောင့် သူတို့၏ဆက်နွယ်ခြင်းသည် ဆက်လက်၍ ပြဿနာရင်ဆိုင်နေရသည်။

*ရန်တွေ့ခြင်းကိုငြိမ်းစေသောသူသည် ဂုဏ်အသရေရှိ၏။ မိုက်သောသူမူကား အမှုနှင့်ရောနှောတတ်၏(သု၊ ၂၀:၃)။*

ပဋိပက္ခများသည် ရှုထောင့်အမြင်ကွဲပြားမှုထက် သာ၍ဆိုးရွားသည်ကိုကျွန်ုပ်တို့နားလည်ဖို့လိုအပ်ပါသည်။ပဋိပက္ခများသည် ဇနီးမောင်နှံတို့က မိမိတို့၏အမြင်အမျိုးမျိုးကို အလွန်ညံ့ဖျင်းစွာကိုင်တွယ်ကြသောကြောင့် တိုးပွားလာရခြင်းဖြစ်သည်။ တစ်ဦးအပေါ် တစ်ဦးအကြင်နာမဲ့သည့်အချိန်အခါရောက်ရှိနိုင်သည်။ တနည်းအားဖြင့် ထိုသို့သောအချိန်အခါမျိုးသည် ဘုရားသခင်နှင့်သာ၍နီးကပ်ရမည့်အချိန်၊ သူတို့နှစ်ဦးကြား၌ သာ၍နီးကပ်ရမည့်အချိန်ဖြစ်သင့်သည်။

ယောရှုမှတ်စာသည် ထိုသို့သောအကျပ်အတည်းများ၌ မိမိတို့ကိုယ်ကိုမည်ကဲ့သို့ကိုင်တွယ်ရမည်ဖြစ်ကြောင်း ပိုမိုနားလည်စေသည်။ ကျွန်ုပ်တို့သည် အစ္စရေးလူမျိုးအပေါ်၌ ဘုရားသခင်၏သွန်သင်ခြင်းများကို ကောင်းစွာသတိပြုပါက ဤငြင်းခုံဖွယ်ရာများကြီးထွားခြင်း၊ အပြန်အလှန်ချစ်ခြင်းနှင့်ယုံကြည်ကိုးစားမှုများသို့ အဘယ်ကဲ့သို့ပြောင်းလဲနိုင်သည်ကို နားလည်လာလိမ့်မည်။ မတူကွဲပြားခြင်းများအပေါ်၌ မှန်ကန်စွာတုံ့ပြန်ခြင်းသည် ကောင်းမွန်သောအိမ်ထောင်မိသားစုသို့ပို့ဆောင်တတ်သည်။

## ခ။ အကျပ်အတည်းများကို ဖြေရှင်းခြင်း (ယောရှု)

အကျပ်အတည်းကာလ၌ ပဋိပက္ခကိုရှောင်ရှားနိုင်ရန် ယောရှုသည် ဘုရားသခင်နှင့်လုပ်ဆောင်ရာတွင် လမ်းစဉ် ၆ ရပ်ကိုတွေ့ရပါသည်။

## ၁။ အကျပ်အတည်းများသည် ကျွန်ုပ်တို့၏တလုံးတဝတည်းဖြစ်ခြင်းကို ခိုင်ခံ့စေ

အစ္စရေးလူမျိုးတို့သည် ကတိတော်ပြည်သို့ ထွက်သွားသောအခါ သူတို့က စစ်ပွဲအဆုံးသတ်ပြီဟု ပြောဆိုနိုင်ကြပါသည်။ ထိုသို့ပြောဆိုကြလျှင် မိုက်မဲရာကျသော်လည်း အမှန်တရားပင်ဖြစ်၏။ ထိုပြည်ကို သင်တို့အား ငါပေးပြီဟုဘုရားသခင်မိန့်ဆိုခဲ့သည်။ ကိုယ်တော်က သူတို့ကိုမည်သူမျှမခံမရပ်နိုင်ကြဟုဆက်ပြော၏။ ဘုရားသခင်သည် သင့်ဘက်ပါသောအခါ တိုက်ပွဲအောင်မြင်ပါလိမ့်မည်။

*"မောရှေအား ငါကတိရှိသည့်အတိုင်း သင်နင်းသမျှသောမြေကို သင်တို့အား ငါပေးမည်။ .... သင့်အသက်တည်သည်ကာလပတ်လုံး သင့်ရှေ့မှာ အဘယ်သူမျှမခံမရပ်နိုင်ရာ။ မောရှေနှင့် ငါအတူရှိသကဲ့သို့ သင်နှင့်အတူငါရှိလိမ့်မည်။ ငါသည် သင့်ကိုမစွန့်၊ သင့်ကိုပစ်၍ မထား"(ယော၁:၃-၅)။*

ယေရိခေါမြို့အကြောင်းကို သင်မှတ်မိပါသလား။ သူတို့လုပ်ရမည့် အရာကား ထိုမြို့ကိုလှည့်ပတ်ရန်သာဖြစ်သည်။ ဘုရားသခင်သည် သူတို့မရှုံး ဘဲအဘယ်ကဲ့သို့ပြု၍ နိုင်ရမည်ကိုပြောပြ၏။ ထို့အတူ ကျွန်ုပ်တို့အိမ်ထောင်၌ လည်းဖြစ်၏။ ဇနီးမောင်နှံတို့အတွက် အကြီးမားဆုံးသောအကျပ်အတည်းကို အောင်မြင်ခြင်းမှာ ရန်မဖြစ်ရန် ဆုံးဖြတ်ချက်ချခြင်းဖြစ်ပါသည်။ ဇနီးမောင်နှံတို့ သည် ရန်ပွဲကိုနိုင်သောသူများဖြစ်ကြောင်း၊ သူတို့သည် တစ်ဖွဲ့တည်းဖြစ် ကြောင်း သိရှိရန် လိုအပ်ပါသည်။

**ဘုရားသခင်သည် သင့်ဘက် ပါသောအခါ တိုက်ပွဲ အောင်၏။**

ကျွန်ုပ်တို့သည် လူသားဖြစ်သော ကြောင့် နားလည်လွဲခြင်း၊ အမျိုးမျိုးသောအ ယူအဆရှိခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ ပျင်းရိခြင်းများရှိနိုင်သည်။ ဤအရာများဖြစ် ပျက်သောအခါ ကျွန်ုပ်တို့သည် မည်ကဲ့သို့ ကိုင်တွယ်ရမည်ကို သင်ယူရအုံးမည်ဖြစ် သည်။ အကျပ်အတည်းရှိလာအုံးမည်။ သို့ သော် ရန်ပွဲကိုမူ အဆုံးသတ်ပြီဖြစ်သည်။

ဇနီးမောင်နှံတို့သည် သူတို့အသီး သီး၏အခွင့်အရေးများအတွက် ခုခံပြောဆို ကြသောအခါ ထိုပဋိပက္ခကို မည်သူကမျှမရပ် တန့်စေနိုင်ကြပေ။ သူတို့ကို တရားစီရင်ရန် ဥပဒေ ရှိသော်လည်း တစ်ဦးနှင့်တစ်ဦး အပြစ်တင်နေဦး မည်ဖြစ်သည်။ ယုံကြည်မှု ကင်းမဲ့ခြင်းကို တစ်ခါတည်ဆောက်မိလျှင် ပြန်လည်ကုသရန် မလွယ်ကူတော့ ပေ။ မည်သို့ရှိစေကာမူ ဇနီးမောင်နှံ တို့သည် အတူတကွလုပ်ဆောင်လျက်နေ သောအခါ ထိုမတူကွဲပြားမှုများသည် ပျော့ရွှင်ဖွယ် ဖြစ်လာသည်။ ကျွန်ုပ်တို့ သည် ထိုပြဿနာများကို ဘုရားသခင်ရှေ့တော်သို့ အမှန်ယူဆောင်လာကြရ မည်။ ဘုရားသခင်က မည်ကဲ့သို့ကြားဝင်ဖြန်ဖြေပေး မည်ကိုစောင့်မျှော်ကြရ မည်။ အရာရာအားလုံးကို အတူတကွဖြေရှင်းကြ သောအခါ ကျွန်ုပ်တို့အိမ် ထောင်သည် ကြီးထွားလာပါလိမ့်မည်။

- ဇနီးမောင်နှံဖြစ်လျက်နှင့် မည်သည့်အကြောင်းအရာကြောင့် ငြင်းခုံ နေကြသနည်း။
- အဘယ်ကြောင့် ငြင်းခုံကြသနည်း။
- တူညီသောအကြောင်းအရာကို မည်မျှကြာငြင်းခုံကြသနည်း။

## ၂။ အကျပ်အတည်းများသည် ကျွန်ုပ်တို့၏ဖြစ်နိုင်ချေပြဿနာများကို ထောက်ပြ

ဇနီးမောင်နှံတို့သည် ရန်ဖြစ်နေကြသောအခါ ပဋိပက္ခအားလုံးကို ကိုင်တွယ်ဖြေရှင်းရန် မလွယ်ကူပေ။ အကြောင်းမှာ လောကအပေါ် စိတ်ပျက်မှု၊ တကိုယ်ကောင်းဆန်မှုတို့သည် အလွန်ပြင်းထန်နေသောကြောင့်တည်း။ ထိုအရာအားလုံးငြိမ်းချမ်းသောအခါ ဘုရားသခင်၏လုပ်ဆောင်ချက်ကို တွေ့မြင်လာမည်ဖြစ်သည်။

အိမ်ထောင်ဟူသည် ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်၏သန့်ရှင်းစင်ကြယ်ခြင်း ရည်ရွယ်ချက်လုပ်ဆောင်ဖို့ရန် အဓိကအကြောင်းအရာဖြစ်သည်ကို ကျွန်ုပ်တို့သတိပြုသင့်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ယေရှုနှင့်ပို၍ပို၍ တူလာအောင်ပြုပြင်လျက်နေသည်။ အကျပ်အတည်းများသည် မိမိတို့အသက်တာအား ဘုရားသခင်တိုးတက်စေလိုသည့် လက္ခဏာများသာဖြစ်သည်။ အောက်ပါအကျပ်အတည်းများသည် ယောရှုနှင့်အစ္စရေးလူမျိုးများ ကြုံတွေ့သည့်ဖြစ်ရပ်မှန်ဖြစ်ပါသည်။

*"ယောရှုသည် ယေရိခေါမြို့နှင့်မင်းကြီးကိုပြုသကဲ့သို့ အာဣမြို့နှင့်မင်းကြီးကို တိုက်ယူ၍ ရှင်းရှင်းဖျက်ဆီးကြောင်းကိုငင်း၊ ဂိဗောင်မြို့သားတို့သည် အစ္စရေးအမျိုးသားတို့နှင့်မိဿဟာယဖွဲ့၍ အတူနေကြောင်းကိုငင်း၊ယေရုဆလင်မင်းကြီး အဒေါနိဇေဒက်သည် ကြားသောအခါ ဂိဗောင်မြို့သည် မြို့တော်ကဲ့သို့ကြီးစွာသောမြို့ အာဣမြို့ထက်ကြီး၍ မြို့သားယောကျာ်းအပေါင်းတို့သည် ခွန်အားနှင့်ပြည့်စုံသောကြောင့် အလွန်ကြောက်ရွံ့ကြ၏။ ထိုအခါ ယေရုဆလင်မင်းကြီး အဒေါနိဇေဒက်သည် ဟေဗြုန်မင်းကြီးဟောဟံ၊ ယာမုတ်မင်းကြီးပိရံ၊လာခိရှမင်းကြီးယာဖျာ၊ဧဂလုန်မင်းကြီးဒေဗိရတို့ထံသို့စေလွှတ်၍ဂိဗောင်မြို့သည်ယောရှုမှစ၍အစ္စရေးအမျိုးသားတို့နှင့်မိဿဟာယဖွဲ့သောကြောင့်ထိုမြို့ကိုလုပ်ကြံခြင်းငှါငါ့ထံသို့လာ၍ငါနှင့်အတူကူညီကြပါဟုမှာလိုက်ဆောင်သည်အတိုင်း"(ယောရှု၊ ၁၀:၁-၄)။*

"သူတို့ကို မကြောက်နှင့်"
(ယော၊၁၀:၈)
"သူတို့ကို မကြောက်နှင့်"
(ယော၊၁၁:၆)

*"ထိုသတင်းကိုဟာဇော်မင်းကြီးယာဘိန်သည်...ထိုမင်းကြီးတို့သည် အရေအတွက်အားဖြင့် သမုဒ္ဒရာသဲလုံးနှင့်အမျှအလွန်များစွာသော ဗိုလ်ပါအပေါင်း၊ မြင်းများ၊ ရထားများအပေါင်းတို့နှင့်တကွ ထွက်လာကြ၏။ ထိုမင်းကြီးအပေါင်းတို့သည် စည်းဝေးလျက် အစ္စရေးအမျိုးကိုတိုက်ခြင်းငှာ ချီလာ၍ မေရုံအိုင်နားမှာ တစုတည်း တပ်ချလျက်နေကြ၏"(ယောရှု၊ ၁၁:၁-၅)။*

ရန်သူသည် မကြာခဏပေါ်လာသော်လည်းသခင်ဘုရားသည် အစ္စရေးအမျိုးသားတို့အား"သူတို့ကိုမကြောက်နှင့်"ဟု နှစ်သိမ့်အားပေးခဲ့၏။ ဘုရား

သခင်သည် ထိုသူတို့ကို တိုက်ပွဲရှိရာသို့ခေါ်ဆောင်လာသည့်အတိုင်း အောင်မြင်ခြင်းအတွက် ကိုယ်တော့်ကိုကိုးစားနိုင်စေခြင်းငှာ ထိုသို့အား ပေးခြင်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဤအကျပ်အတည်းထဲသို့ယုံကြည်စိတ်ချခြင်းနှင့် ဝင်ရောက်စေလိုပါသည်။ ဘုရားသခင်သည် အရာခပ်သိမ်းကိုထိန်းချုပ်သောအရှင်ဖြစ်၍ သူ့ကိုယုံကြည်ကိုးစားပါ။ အဘယ့်ကြောင့် ဤအကျပ်အတည်းများရင်ဆိုင်ရန်လိုအပ်သည်ကို ဘုရားသခင်သည် ယောရှုအား ဆက်လက်ရှင်းပြထားသည်။

*"အကြောင်းမူကား ထာဝရဘုရားသည် မောရှေကို မှာထားတော်မူသည့်အတိုင်း ထိုလူမျိုးတို့ကိုကျေးဇူးမပြု အကုန်အစင်သုတ်သင်ပယ်ရှင်းစေမည်အကြောင်း သူတို့သည် အစ္စရေးအမျိုးသားတို့ကိုဆီး၍ တိုက်ဝံ့သည်တိုင်အောင် သူတို့စိတ်နှလုံးခိုင်မာခြင်းငှာ ထာဝရဘုရားအလိုရှိတော်မူသတည်း" (ယောရှု ၁၁:၂၀)။*

တခါတရံ ဘုရားသခင်သည် ရန်သူတို့၏စိတ်နှလုံးကို ခိုင်မာစေခြင်းအားဖြင့် အကျပ်အတည်းကိုချဲ့ကားစေတတ်သည်။ ဘုရားသခင်၏ရည်ရွယ်ချက်သည် ရိုးရှင်း၏။ ဘုရားသခင်သည် ရန်သူကိုအမြန်သုတ်သင်ရှင်းလင်းလိုသည်။ကျွန်ုပ်တို့အသက်တာ၌လည်း ထို့အတူဖြစ်သည်။ပို၍ကြီးမားသောရင်းနှီးကျွမ်းဝင်ခြင်းအတွက် ပို၍ကြီးမားသောယုံကြည်ကိုးစားမှုရှိဖို့ လိုအပ်သည်။ သခင်ဘုရားသည် ကောင်းမွန်သောအိမ်ထောင်ကိုတည်ဆောက်လျက်နေ၏။

ဘုရားသခင်သည် သူ့အပေါ်၌ ကျွန်ုပ်တို့အပြည့်အဝမကိုးစားခဲ့သည်ကို သိရှိတော်မူ၏။ ကျွန်ုပ်တို့ကို သူ့မေတ္တာအားဖြင့် လွှမ်းခြုံလို၏။ ဘုရားသခင်သည်မိဘများထံမှသင်ယူရရှိသောမကောင်းသောစိတ်ထားများနှင့်ရိုင်းပျသောအပြုအမူများကို မနှစ်သက်ပေ။ပြဿနာတစ်ခုကို မှားယွင်းစွာကိုင်တွယ်မိပါကအလွန်အန္တရာယ်ကြီးသည်။၎င်းကို ဘုရားသခင်အလိုတော်အတိုင်းကိုင်တွယ်တတ်ပါက အောင်မြင်ခြင်းသက်သေကိုရရှိမည်ဖြစ်သည်။ မိမိတို့အသက်တာ၌လည်း သန့်ရှင်းစင်ကြယ်ခြင်း၏အထူးလုပ်ဆောင်ချက်များရောက်ရှိလာလိမ့်မည်။

ကျွန်ုပ်တို့သည် အကျပ်အတည်းများကို ကြောက်စရာမလိုပေ။ ၎င်းအားဖြင့် ခြိမ်းခြောက်မခံသင့်ပေ။ ကျွန်ုပ်တို့၏စိတ်ခံစားမှုသည် ထလာ၍ ၎င်းကို မိမိတို့လမ်းစဉ်အတိုင်း ဖြေရှင်းရန် တွန်းအားပေးတတ်၏။ သို့သော် ကျွန်ုပ်တို့သည် ထိုစိတ်ခံစားမှုကို ငြင်းပယ်ပစ်ရမည်။ ဆန္ဒစောနေစရာလည်း မလိုအပ်ပေ။ ထိုအကြောင်းအရာကို ကျွန်ုပ်တို့မနိုင်သော်လည်း သခင်ဘုရားသည် ၎င်းကို ကိုင်တွယ်ဖြေရှင်းပေးလိမ့်မည်။ အဓိကသော့ချက်မှာ ဘုရားသခင်၏ဖြေရှင်းချက်၌ ပူပေါင်းပါဝင်ခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည် အကျပ်အတည်းဖြစ်ပေါ်လာဖို့ရန် ယောရှုတွေ့ကြုံခဲ့သောမိုးသီး၊ နေ့တာရှည်ခြင်း၊ ရှုပ်

ထွေးခြင်းစသည်တို့ကိုအသုံးပြုနိုင်ခဲ့သည်။ ကျွန်ုပ်တို့အိမ်ထောင်၌လည်း ထို့အတူဖြစ်လာလိမ့်မည်။

ကျွန်ုပ်တို့၏အကျပ်အတည်းများကို ဖြေရှင်းရန်အတွက် ကျွန်ုပ်တို့နှင့်အတူ ဘုရားသခင်မည်ကဲ့သို့စတင်လုပ်ဆောင်သည်ကို တွေ့မြင်သောအခါဇနီးမောင်နှံတို့သည် ဘုရားသခင်နှင့်အတူပူးပေါင်းရာ၌ ပို၍လွယ်လာသည်ဟုထင်ရသည်။ ထို့ပြင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ကြီးထွားစေလျက်နေသည်ကိုတွေ့မြင်ရ၏။ ကျွန်ုပ်တို့သည် မိမိတို့အထဲ၌ ဘုရားသခင်မည်သို့လုပ်ဆောင်နေသည်ကို စတင်စိတ်ဝင်စားလာသည်။ ထိုမျှမက ကျွန်ုပ်တို့သည် အောင်မြင်လျက်ရှိသောတစ်သင်းတစ်ဖွဲ့တည်းဖြစ်ကြ၏။

ဘုရားသခင်၏အဆုံးစွန် ရည်ရွယ်ချက်မှာ ငြိမ်သက်ခြင်း၊ သန့်ရှင်းခြင်းနှင့်နားနေခြင်းတို့ဖြစ်သည်။ ဘုရားသခင်သည် ထိုပန်းတိုင်သို့ရောက်ရှိစေခြင်းငှာ ထိပ်တိုက်ရင်ဆိုင်ခြင်းကို ယူဆောင်လို၏။ အိမ်ထောင်ရေး၌လည်း ထို့အတူဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစုံစမ်းခြင်းမပြုပေ။ သို့သော် ကျွန်ုပ်တို့ကို စမ်းသပ်၏။ စမ်းသပ်ခြင်းသည် ဘုရားသခင်ကို ယုံကြည်ကိုးစားစေခြင်းငှာ ကျွန်ုပ်တို့အတွက် အခွင့်ထူးဖြစ်ပါသည်။ ကျွန်ုပ်တို့၌ ဘုရားသခင်ရှိစေလိုသောအရာအားလုံးကို ကျွန်ုပ်တို့မရရှိကြသေးပေ။ ထိုကတိတော်များကို ကျွန်ုပ်တို့ပိုင်ဆိုင်ကြ၏။ ၎င်းတို့ကို ကျွန်ုပ်တို့အလိုရှိကြ၏။ သို့သော် ၎င်းတို့ကို ကျွန်ုပ်တို့လက်ဝယ်ရရှိခြင်းငှာ ပိုမိုလုပ်ဆောင်စရာရှိပါသေးသည်။

- သင်၏နောက်ဆုံးအကျပ်အတည်းကား အဘယ်နည်း။
- ကွဲပြားသောအမြင်များသည် ငြင်းခုံခြင်းသို့အမြဲပို့ဆောင်ကြောင်း သင်တွေ့ရှိပါသလား။
- ကွဲပြားသောအယူအဆများ ရှိနေသော်လည်း ပဋိပက္ခသို့မပို့ဆောင်သောအချိန်ရှိပါသလား။ ရှင်းပြပါ။

## ၃။ အကျပ်အတည်းများသည် အတိတ်က မဖြေရှင်းသည့်ပဋိပက္ခပေါ်မူတည်

ငါ့ကိုမုန်းသောသူတို့၏အမျိုးအစဉ်အဆက် တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင် အဘတို့၏အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်သောဘုရား(ထွ၊၂၀:၅)




ခင်ပွန်းတိုင်း ဘိုးဘေးတို့အပြစ်၏အကျိုးဆက်ကိုခံရနိုင်၏။ ဇနီးမောင်နှံတို့ထိမ်းမြားကြသောအခါ ဘိုးဘေးတို့၏အပြစ်ထဲတွင် ရောစပ်တတ်ကြသည်။

တချို့သောဇနီးမောင်နှံတို့သည် အမြဲငြင်းခုံတတ်ကြ၏။ အကျပ်အတည်းအများစုသည် ပဋိပက္ခသို့ပို့ဆောင်တတ်သည်။ ထိုသို့သောအမှုများတွင် ဇနီးမောင်နှံတိုင်းသည် ပဋိပက္ခ၏အစကို စစ်တမ်းလုပ်ဖို့ လိုအပ်သည်။ တခါတရံပဋိပက္ခသည် ရှည်လျားတတ်သည်။ ဇနီးမောင်နှံတို့သည် ပဋိပက္ခကိုအခွင့်ပေးသောအခါ အပြစ်တရား၏လမ်းစဉ်ကိုလက်ခံခြင်းဖြစ်လာသည်။ ဘုရားသခင်၌ သာ၍ကောင်းသောလမ်းစဉ်ရှိ၏။ ပဋိပက္ခဖြစ်စေတတ်သည့်အကျင့်များအကြောင်းကို ဆွေးနွေးရာတွင် နောက်မျိုးဆက်များသို့ကူးစက်ကြောင်းတွေ့ရှိလေသည်။ဥပမာ သင့်မိဘနှစ်ပါး၌သော်လည်းကောင်း၊ သင့်အဘိုးဘွားများ၌သော်လည်းကောင်း မေထုန်ပြုခြင်းအကြောင်းကို ခြေရာခံလိုက်နိုင်ပါက သင်ကိုယ်တိုင်လည်း သူတို့ကဲ့သို့ပင်ဖြစ်မည်။ သင့်မိဘ၏အမှားကို ကြည့်နေမည့်အစားသင့်အိမ်ထောင်ရေး၏အခြေအနေမှန်ကိုလေ့လာသုံးသပ်ဖို့ အလွန်အရေးကြီးသည်။

## ကိုယ်ရေး ထင်ဟပ်မှု

ကိုင်တွယ်ရန် ခက်ခဲသည့်သင့်ပြဿနာကား အဘယ်နည်း။ ထိုပြဿနာများမှာ ငွေရေးကြေးရေး၊ စိတ်ပျက်ခြင်းနှင့်အမျက်ထွက်ခြင်းတို့ဖြစ်နိုင်သည်။ သင့်မိဘတို့၌ ထိုပြဿနာများရှိသည်မရှိသည်ကို သေချာလေ့လာပါ။ သူတို့၏အပြစ်များကိုသာ စစ်ဆေးခြင်းမဟုတ်ဘဲ သူတို့လင်မယားအချင်းချင်းနှင့်သူတို့၏သားသမီးများအပေါ်၌ မည်ကဲ့သို့ဆက်ဆံကြသည်ကို သေသေချာချာလေ့လာရမည်။

ဘုရားသခင်သည် အစ္စရေးအမျိုးသားတို့အား ကာလတာရှည်ရပ်တည်လာသောသူတို့၏ရန်သူများကို အဆုံးသတ်စေလိုသည်။ လူများကို သူ၏တရားတော်အတိုင်း သန့်ရှင်းခြင်းနှင့်မေတ္တာတရား၌ ပြုမူအသက်ရှင်စေလို၏။ ရန်သူတို့သည် ကတိတော်ပြည်၌ လုံခြုံစွာနေကြ၏။ ခိုင်ခံ့သောရဲတိုက်များလည်းရှိ၏။ အစ္စရေးအမျိုးသားတို့သည် အာမောရိလူမျိုးများ ထိန်းချုပ်ထားသည့်ပြည်ထဲသို့ဝင်လာ၍ သိမ်းပိုက်ဖို့ ဖြစ်ပါသည်။ ဂျေရုဆလင်မြို့ကဲ့သို့သောတချို့မြို့များသည် သိမ်းပိုက်ရန် ခက်ခဲသောတောင်ကုန်းများ၌ တည်ရှိသည်။ ယောရှုသည် ခွန်အားကြီးသောထိုရန်သူများကို ဘုရားသခင်မြင်သည့်အတိုင်း မြင်ဖိုး လိုလား၏။ ခါနန်ပြည်ကို သိမ်းပိုက်ရမည့်အရေးသည် သူ့အရေးကိစ္စမဟုတ်ကြောင်း ယောရှုကောင်းကောင်းသိထား၏။ဘုရားသခင်ကိုယ်တိုင်ရည်ရွယ်ချက်ရှိတော်မူ၏။ထိုအကြောင်းကြောင့် သူတို့သည် ထိုပြည်ကိုသိမ်းပိုက်ရန်ဖြစ်လာသည်။ ဘုရားသခင်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၄၀၀ ကတည်းက ထိုပြည်ကိုတိုက်ခိုက်သိမ်းပိုက်ရန် အကြံရှိနှင့်ပြီးဖြစ်သည်။

*လူမျိုးလေးဆက်လွန်သောအခါ သူတို့သည် ဤပြည်သို့ပြန်လာကြလိမ့်မည်။အာမောရိအမျိုးသားတို့၏ဒုစရိုက်အပြစ်သည်မစုံသေးဟုအာဗြံအားမိန့်တော်မူ၏" (က၊ ၁၅:၁၆)။*


ထိုစစ်ပွဲ၌ ယောရှုပြုမည့်အရာသည် သူ့နှလုံးသားထဲက အကောင်းဆုံးသောဆုံးဖြတ်ချက်ချခြင်းကြောင့်မဟုတ်ပေ။ စိတ်တန်ခိုးသည် ကောင်းမွန်သောအိမ်ထောင်ရေးကို မတည်ဆောက်ပေးနိုင်။ ထိုသို့မဟုတ်ဘဲ ရန်သူကို တိုက်ထုတ်နိုင်ဖို့ရန် ဘုရားသခင်စီရင်ဆုံးဖြတ်ပေးထားသည့်အရာကို ကြည့်မြင်တတ်ရန် လိုအပ်သည်။ ယောရှုသည် အစ္စရေးလူမျိုးများကို ဘုရားသခင်ခွဲခန့်ထားသည့်အတိုင်း အောင်မြင်ခြင်းသို့ပို့ဆောင်နိုင်မည်ဟု သိရှိထားသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကြီးထွားဖို့ရန်နှင့်အောင်မြင်ဖို့ရန်အတွက် အခွင့်ထူးများကို ချထားပေးသည်။

ဘုရားသခင်သည် ရန်သူရှိသမျှတို့ကို ယောရှုထံသို့တစ်ခါတည်းမပို့ပေးခဲ့ပေ။ ကိုယ်တော်သည် ယေရိခေါမြို့မှစတင်၍ သူတို့ကို သင်ကြားလေ့ကျင့်ပေးလေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ယုံကြည်ကိုးစားလျှင် ဘုရားသခင်သည် မည်သည့်အခါမျှကိုင်တွယ်ဖြေရှင်းစရာများကို ကျွန်ုပ်တို့အား အလွန်အကျွံပေးမည်မဟုတ်ပေ။

ရန်သူများစွာထဲကတချို့မှာ မနာလိုခြင်း၊ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ဝါကြွားခြင်းနှင့်တပ်မက်ခြင်းများရှိကြသည်။ ဤအရာများသည်အိမ်ထောင်ရေးကိုဖျက်ဆီးတတ်၏။ ၎င်းတို့သည် အခွင့်အခါကြုံတိုင်း အချို့သောအခြေအနေများ၌ မှားယွင်းစွာ ကိုင်တွယ်ခြင်းပြုရန် ကျွန်ုပ်တို့ကို မြှောက်ပင့်ပြောဆိုဆွဲဆောင်တတ်သည်။ ၎င်းတို့သည် မိမိတို့ကို ခြိမ်းခြောက်နေသောအရာများဖြစ်သည်။ ထို့အတူ တခါတရံအစ္စရေးလူမျိုးများ၏ရန်သူတို့သည် ခြိမ်းခြောက်မှုပိုမိုပြုနိုင်ဖို့ရန် အစ္စရေးလူမျိုးတို့ထံသို့ရောက်လာလျက် မဟာမိတ်ဖွဲ့တတ်ကြသည်။ ထိုသူတို့၏ခွန်အားသည် အလွန်ကြီးသည်ဟု ကျွန်ုပ်တိုရိပ်မိနိုင်သည်။ သို့သော် ဘုရားသခင်၏အကြံအစည်နှင့်ဘုန်းတန်ခိုးသည် ၎င်းတို့ထက်ကြီးမြတ်တော်မူ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် နေ့စဉ်ဘုရားသခင်နှင့်အချိန်ယူစကားပြောမှသာ ကိုယ်တော်၏အသံကိုကြားလျက် ရည်ရွယ်ချက်ကို သိရှိနိုင်မည်ဖြစ်သည်။

အမြင်ကွဲလွဲမှုကြောင့် ပဋိပက္ခဖြစ်စရာမလိုအပ်ပေ။ ခင်ပွန်းသည် မိမိ၏ဆန္ဒနောက်သို့လိုက်သောအခါ ကြီးမားသောငြင်းခုံမှုဖြင့်အဆုံးသတ်လိမ့်မည်။ ၎င်းသည် ပဋိပက္ခဖြစ်သည်။ သခင်ဘုရားသည် အိမ်ထောင်တစ်ရပ်အား အငြင်းပွားရန် စိတ်နှလုံးနှစ်မျိုးသုံးမျိုး မပေးအပ်ပေ။ သို့သော် ဉာဏ်ပညာနှင့် ထိုးထွင်းဉာဏ်ကို ပေးတော်မူ၏။ ကျွန်ုပ်တို့၏ အိမ်ထောင်ရေးတွင် လင်မယားနှစ်ဦးစလုံးတို့သည် အတူတကွ လုပ်ဆောင်နေမှသာ ခိုင်ခံ့မည်ဖြစ်သည်။ လင်မယားနှစ်ဦးစလုံး ဝိညာဉ်ရေးရာ၌ ကြီးထွားလျှင် အိမ်ထောင်ရေး၌လည်း ကြီးထွားလာလိမ့်မည်။ အိမ်ထောင်သည် ဘုရားသခင်က ကျွန်ုပ်တို့အား ရှိစေလိုသည့်နေရာဖြစ်ပါသည်။

ပြဿနာဖြေရှင်းခြင်း၌ နှောင့်ယှက်မှု




ကျွန်ုပ်တို့၏ပြဿနာများ၊ စိတ်ပူပန်မှုများ၊ အပြစ
များနှင့်မယုံကြည်မှုများကို ဖြေရှင်းရာတွင်
ငြိမ်သာစွာဆွေးနွေးမည့်အစား ကြမ်းတမ်းစွာ
တုံ့ပြန်ခြင်းဖြင့် ပြဿနာဖြေရှင်းရာ၌
အနှောင့်အယှက်ဖြစ်စေသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ အလုပ်လုပ်လျက်ရှိ၏။ သူသည် ရန်သူကိုသုတ်သင်ပေးသူဖြစ်သည်။ ကျွန်ုပ်တိုအနိုင်ယူသောအခါ မိမိတို့၏ငြိမ်သက်ခြင်းသည်လည်း လုံခြုံမှုရှိ၏။ ဘုရားသခင်သည် တစ်ဦးချင်းစီအပေါ်၌ဖြစ်စေ၊ ဇနီးမောင်နှံတို့၌ဖြစ်စေ ထိုအကျပ်အတည်းများထဲမှကူညီမစသောကြောင့် နာမတော်ကိုချီးမွမ်းကြရပါ မည်။ ကျွန်ုတော်တို့သည် ယခင်က အားနည်းသော်လည်း ယခုမူကား ခိုင်ခံ့လျက်ရှိကြ၏။

သင်သည် မည်သည့်တိုက်ပွဲနှင့် ရုန်းကန်နေပါသနည်း။ ထိုရုန်းကန်မှုများသည် သင့်မိဘများနှင့်ဆက်နွယ်မှုရှိသည်ဟု သင်မြင်ပါသလား။ အဘယ့်ကြောင့် ထိုသို့ရှုမြင်သည်ကို ရှင်းပြပါ။ အိမ်ထောင်သည် ကျွန်ုပ်တို့ကိုယ်ရေးကိစ္စများနှင့်ပြုမိသောအမှားများအပေါ် ဘုရားသခင်ကိုင်တွယ်သည့်နေရာဖြစ်သည်။ သင်၏မှားယွင်းသောတုံ့ပြန်မှုများအပေါ် ဆက်လက်သန့်ရှင်းစေရန် ဘုရားသခင်အား အသနားတောင်းခံပါ။

## ၄။ အကျပ်အတည်းများကို ဘုရားသခင်နည်းလမ်းအတိုင်း အဖြေရှာရမည်။

ပဋိပက္ခများသည် အဆုံးသတ်ရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ရန်သူများနှင့်တွေ့ဆုံခြင်းအားဖြင့် အကျပ်အတည်းများကို အောင်မြင်နိုင်ဖို့ရန်

ဘုရားသခင်သည် နည်းလမ်းပုံစံကိုပေးတော်မူ၏။ ယောရှုမှတ်စာ၌ တိုက်ပွဲများကိုအောင်မြင်နိုင်ဖို့ရန် လျှို့ဝှက်ချက်တွေ့ရှိထားပါသည်။ အကျပ်အတည်းသည် ဘုရားသခင်၏နာမတော်ကို ခေါ်ဆိုဖို့ရန်အကြောင်း၊ ဘုရားသခင်စကားပြောဆို၍ ငြိမ်သက်ခြင်းကိုတွေ့ရှိရန်အကြောင်း၊ ဘုရားသခင်၏အကြံအစည်ကို ကြား၍လုပ်ဆောင်ကာ အောင်မြင်ခြင်းကို မြင်တွေ့ရန်အကြောင်းဖြစ်သည်။ အစ္စရေးအမျိုးသားတို့သည် သခင်ဘုရားကို ရှာဖွေသောအခါ ဘုရားသခင်သည် သူတို့ကိုတစ်ချိန်ပြီးတစ်ချိန် အောင်မြင်ခြင်းထဲသို့ သစ္စာရှိရှိပို့ဆောင်ပေးတော်မူ၏။

အကျပ်အတည်းပေါ်လာ ➡ ဘုရားသခင်ကိုခေါ်ဆို ➡ ငြိမ်းချမ်းလာ ➡ သတိပြုရာစီမံကိန်း ➡ ပြည့်စုံသောအောင်မြင်ခြင်း

တချို့က အစ္စရေးအမျိုးသားများသည် ရန်သူလက်ချက်ဖြင့် အာဣမြို့၌ သေကြရသည်မှာ ဘာဖြစ်သနည်းဟုမေးကြ၏။ ကောင်းသောမေးခွန်းဖြစ်ပါသည်။ တိုက်ပွဲမစမီ ယောရှုသည် ဘုရားသခင်၏ညွှန်ကြားချက်ကို မေးမြန်းရန် ပျက်ကွက်သောကြောင့်ဖြစ်သည်။ မှန်ပါ၏၊ တစ်စုံတစ်ယောက်သောသူသည် ဘုရားသခင်တားမြစ်ထားသည့်အရာကိုချိုးဖောက်ခဲ့သည်။ အကယ်၍သာ ယောရှုသည် ဤအမှုကိစ္စအတွက် ဘုရားသခင်ထံအရင်တိုင်ပင်ခဲ့ပါက ကိုယ်တော်သည် ကာကွယ်ကောင်းကာကွယ်ပါလိမ့်မည်။တခါတရံယေရိခေါမြို့၌ရရှိသောအောင်မြင်ခြင်းလိုမျိုးသည် မာနထောင်လွှားရန်အကြောင်းဖြစ်၍ မိမိကိုယ်ကိုအယုံအကြည်ရှိစေလျက် ပြဿနာဖြစ်နိုင်သည်။

ဘုရားသခင်၏အကြံဉာဏ်တော်နှင့်ညွှန်ကြားချက်သည် အစဉ်အမြဲအောင်မြင်ခြင်းထဲသို့ပို့ဆောင်တတ်သည်။ သင်သည် ကောင်းမွန်သောအိမ်ထောင်တစ်ရပ်ကို အမှန်တကယ် ပိုင်ဆိုင်ပါသလား သို့မဟုတ် မပိုင်ဆိုင်ဘဲ နေနေသလား။ ခိုင်ခံ့သောအိမ်ထောင်တည်ထောင်နိုင်ဖို့ရန် တစ်ခုတည်း သောလမ်းစဉ်မှာ ဘုရားသခင်ကို အဆက်မပြတ် ရှာဖွေခြင်းပင်ဖြစ်သည်။ *"ထာဝရဘုရားက ကြည့်ရှုလော့၊ ယေရိခေါမြို့၊ ယေရိခေါမင်းကြီးနှင့်တကွ ခွန်အားကြီးသောစစ်သူရဲတို့ကို သင့်လက်၌ ငါအပ်လေပြီ"(ယော၊ ၆:၂)*။ ကျွန်ုပ်တို့ရင်ဆိုင်နေသောပြဿနာ၏အဖြေသည် ဘုရားသခင်တစ်ပါးတည်း၌သာရှိသည်။



ယေရိခေါမြို့သည် အုတ်တံတိုင်းနှစ်ထပ်ဖြင့် ကာရံထား၍ ခိုင်ခံ့သောမြို့ဖြစ်သည်။ ကျွန်ုပ်တို့၏အကြီးမားဆုံးသောပြဿနာကား အရာတစ်ခုအပေါ်၌ သခင်ဘုရားထံသို့ချက်ချင်းလှည့်၍ တိုင်ပင်ခြင်းမပြုဘဲမိမိတို့၏အယူအဆဖြင့် နားလည်သုံးသပ်ခြင်းဖြစ်ပါသည်။ သခင်ဘုရားနောက်လိုက်သည်ဟုဆိုပြီး ထိုသို့ပြုခြင်းကား အဘယ်သို့နည်း။ ရေးဆွဲထားသည့်ပုံအားဖြင့် ပိုမိုရှင်းလင်းမည်ဟု ယုံကြည်ပါသည်။

ကျွန်ုပ်တို့အားလုံးသည် တစ်နေရာထဲက အစပြုသောသူများဖြစ်ကြသည်။ အကျပ်အတည်းကို စတင်ရင်ဆိုင်ကြသောအခါ ၎င်းအပေါ်၌ အမြင်ကွဲလွဲမှုနှင့်အယူအဆအမျိုးမျိုးရှိခြင်းတို့သည်သာ ပြဿနာဖြစ်သည်။ ထိုအခါ ဖြားယောင်းခြင်းနှင့်စမ်းသပ်ခြင်းဟူ၍ နှစ်မျိုးရှိ၏။ ရှင်ယာကုပ်က ၎င်းတို့နှစ်ခုခြားနားချက်ကို ယာကုပ်အခန်းကြီး ၁ ၌ သွန်သင်ထားသည်။

| **ဖြားယောင်းခြင်း** | **စမ်းသပ်ခြင်း** |
| --- | --- |
| အပြစ်သွေးဆောင်ခြင်းကို ခံသူမည်သည်ကားဘုရားသခင်သည် ငါ့ကို သွေးဆောင်တော်မူသည်ဟု မပြောစေနှင့်။ မကောင်းသောအရာသည် ဘုရားသခင်မသွေးဆောင်နိုင်ရာ၊ ကိုယ်တော်သည်လည်း အဘယ်သူကိုမျှ အပြစ်သို့သွေးဆောင်တော်မမူ။တပ်မက်သောစိတ်သည် ပဋိသန္ဓေယူ၍ ဒုစရိုက်ကိုဖွားတတ်၏။ ဒုစရိုက် သည်လည်း ပြည့်စုံလျှင် သေခြင်းကို ဖွားတတ်၏(ယာ၊၁:၁၃-၁၅)။ | ငါ့ညီအစ်ကိုတို့ သင်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သည်းခံခြင်းကို ပွားစေတတ် သည်ဟု သိမှတ်လျက် အထူးထူးအပြားပြား စုံစမ်းနှောင့်ယှက်ခြင်းနှင့်တွေ့ကြုံသောအခါဝမ်းမြောက်စရာအကြောင်းသက်သက်ဖြစ်သည်ဟု မှတ်ကြလော့။ စုံစမ်းနှောင့်ယှက်ခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား စစ်ကြောစုံစမ်းခြင်းကို ခံပြီးမှ သခင်ဘုရားကို ချစ်သောသူတို့အား ကတိထားတော်မူသောအသက်သရဖူကိုရလိမ့်မည်(ယာ၊၁:၂-၃၊၁၂) |

ဖြားယောင်းသွေးဆောင်ခြင်းသည် နတ်ဆိုးထံမှလာ၍ကွဲပြားစေရန်ရည်ရွယ်၏။ ၎င်းသည် တလုံးတဝတည်းဖြစ်ခြင်းနှင့်ဆန့်ကျင်ဖက်ဖြစ်၏။ နတ်ဆိုး၏မျှော်လင့်ချက်သည် အချင်းချင်းထိခိုက်နာကျင်စေရန်ဖြစ်၏။ သူသည် မိမိတို့အား မိမိတို့၏ခင်ပွန်းမကောင်းကြောင်းကို ပြောစေရန် ကြိုးစားလျက်နေတတ်သည်။

## ကိုယ်ရေးထင်ဟပ်မှု

သင်ပြောဆိုခဲ့သည့် မကောင်းသောစကားများသည် အဘယ်သို့နည်း။ "မင်းကို ငါစကားမပြောတော့ဘူး။" "မင်းကို ငါမုန်းတယ်။" ပဋိပက္ခသည် မည်သည့်အခါမျှမကောင်းပါ။ အကြောင်းမှာ ၎င်းသည် မကောင်းသည့်လမ်းစဉ်နောက်ကိုလိုက်သောကြောင့်ဖြစ်သည်။တချို့အကြံပေးဆွေးနွေးသူများက ၎င်းသည် သာမန်ပါဟု ဆိုတတ်ကြ၏။ လုံးဝမဟုတ်ပေ။ ဘုရားသခင်သည် မည်သည့်အခါမျှ ကရုဏာမဲ့သောစကားလုံးနှင့်အပြုအမူများကိုသာမန်ဟုမမြင်ပေ။


စမ်းသပ်ခြင်းသည် ဘုရားသခင်ထံမှလာ၏။ အမှန်မှာ အကျပ်အတည်းများသည် ကျွန်ုပ်တို့၏တလုံးတဝတည်းဖြစ်ခြင်းကို အထူးပြုလေးနက်စေရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် မတူကွဲပြားမှုများနှင့် တွေ့ကြုံရသောအခါ အတူတကွဆွေးနွေးတိုင်ပင်လျက် သခင်ဘုရားထံသို့ဆုတောင်းကြ၏။ စိတ်ညစ်စရာများခံစားသောအခါ ၎င်းကို ဘေးချိတ်၍ ၎င်းနောက်သို့မလိုက်မိရန် ဆုံးဖြတ်ချက်ချကြသည်။

ထို့နောက် ကျွန်ုပ်တို့မိသားစုအတွက် ဘုရားသခင်အလိုရှိသောအရာကို သိမြင်နိုင်ဖို့ရန် အတူတကွလုပ်ဆောင်ရန် ရွေးချယ်မှုပြုကြ၏။ ထိုသို့ ဘုရားသခင်အလိုရှိသောအရာကို သိမြင်ကြသောအခါ ခင်ပွန်းအသီးသီးတို့သည် ဘုရားသခင်၏နူတ်ကပတ်တော်၌ ဝင်ဆံ့နိုင်ဖို့ရန် မိမိတို့အသက်တာကို ညှိနှိုင်းဖို့ လိုအပ်ကြောင်း သိမြင်ကြသည်။

## ယိုယွင်းလျက်ရှိသောစက်ဝိုင်း

ဇနီးမောင်နှံတို့သည် ဖြားယောင်းသွေးဆောင်ခြင်းကို လက်ခံတုံ့ပြန်သောအခါ အဘယ်သို့ဖြစ်မည်နည်း။ ဖြားယောင်းသွေးဆောင်ခြင်းနောက်သို့လိုက်ခြင်းသည် ကြောက်မက်ဖွယ်ကောင်းသောအကျိုးဆက်များကို ကျွန်ုပ်တို့အပေါ် ယူဆောင်လာတတ်သည်။ ၎င်းနောက်လိုက်ခြင်းသည် အစဉ်အမြဲဇနီးမောင်နှံနှစ်ဦးကြား ဆက်နွယ်မှုကိုထိခိုက်၍ နာကျင်ခြင်းဝေဒနာကိုဖြစ်ပေါ်စေတတ်၏။ နှစ်ဦးစပ်ကြား၌ တိုးတက်သောပြောင်းလဲမှုရှိမလာပါက ယိုယွင်းပျက်စီးလျက်ရှိသောစက်ဝိုင်းသံသရာသည် အိမ်ထောင်ဘက်သို့ ဝင်ရောက်လာပြီဖြစ်သည်။ ထိုသို့ရန်သူကို အနိုင်ယူမည့်အစား ရန်သူ၏ဆန္ဒအတိုင်း မိမိတို့အသက်တာကိုညှိနှိုင်းပေးအပ်လျက် နေ့စဉ်ဒုက္ခခံကြလေတော့သည်။


များစွာသောအိမ်ထောင်တို့သည် ဤယိုယွင်းပျက်စီးလျက်ရှိသော စက်ဝိုင်း၏ နှောင့်ယှက်ခြင်းကိုခံကြ၏။ ၎င်း၏ဆိုလိုရင်းမှာ ဇနီးမောင်နှံတို့သည် ဤစက်ဝိုင်း၏ ဒဏ်မှမလွတ်မချင်း တစ်ချိန်ပြီးတစ်ချိန် ပိုမိုဆိုးရွားလာမည်။၎င်းသည် ပြန်မကောင်းနိုင်တော့ဘူး ဟုဆိုလိုခြင်း မဟုတ်ပေ။ စိတ်နှလုံးအကြွင်းမဲ့ မှန်ကန်စွာ နှိမ့်ချခြင်းဖြင့် ဝန်ချတောင်းပန်လျှင် ပြန်လည် ကောင်းမွန်လာနိုင်သည်။ မှန်ကန်သောဝန်ချတောင်းပန်မှုမပြုသော အခါဇနီးမောင်နှံတို့စပ်ကြား၌ရှိနိုင်သောခါးသီးမှုသည် ပြန်လည်နေရာယူလာ၏။သူတို့သည် အငြင်းအခုံမလုပ်သည့်တိုင်အောင် သူတို့နှစ်ဦးစပ်ကြား၌ပြည့်စုံသောသဟဇာတဖြစ်ခြင်းမရှိပေ။သူတို့သည် ယခင်က ငြင်းခုံခဲ့သည့်နေရာဟောင်းမှရှေ့ဆက်ငြင်းခုံကြ၏။ထိုငြင်းခုံခြင်းသည်လည်း ယိုယွင်းပျက်စီးလျက်ရှိသောစက်ဝိုင်းထဲ၌သာရှိ၏။




## ပြောင်းလဲလျက်ရှိသောစက်ဝိုင်း

ပြောင်းလဲနေသောစက်ဝိုင်းသည် သေခြင်းနှင့်မဆိုင်ဘဲအသက်ရှင်ခြင်းကိုယူဆောင်သဖြင့် အစဉ်တိုင်းကြီးထွား၍ တိုးပွားလျက်နေ၏။ ဤစက်ဝိုင်းသည် ထိပ်ဆုံး၌ရှိသောသဟဇာတဖြစ်ခြင်းမှစတင်၍ အဆုံး၌ ပိုမိုခိုင်ခံ့သောအိမ်ထောင်ကို တည်ဆောက်လျက်နေတတ်သည်။ ခင်ပွန်းသည်၏ဆန့်ကျင်မှုမျိုးစုံတို့ကိုအရှိတိုင်းလက်ခံပေးရမည်။ အကြောင်းမှာမတူကွဲပြားခြားနားသောသူများဖြစ်သောကြောင့်တည်း။

ထိုသို့ဆိုရာတွင် ထိုသူတို့နှစ်ဦးသည် မိမိတို့အသီးသီး၏လမ်းစဉ်အတိုင်း လုပ်ဆောင်ရမည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ လင်မယားနှစ်ဦးတို့သည် ဘုရားသခင်၏ အမြင်ကို သင်ယူလေ့လာလို၍ သူတို့၏ အယူအဆကို ညှိနှိုင်းကြရမည်။ အဓိက သော့ချက်ကား ဘုရားသခင်၏လမ်းစဉ်ကို သူတို့မည်ကဲ့သို့ ရှာဖွေ၍ ကိုယ်တော် မိန့်ဆိုသည့်အပေါ်၌ သူတို့၏ ဆုံးဖြတ်ချက်များမည်ကဲ့သို့ညှိနှိုင်းဆောင်ရွက်ကြသည်ဟူသောအရာပင်ဖြစ်ပါသည်။




လင်မယားနှစ်ဦးတို့သည် ဆွေးနွေးတိုင်ပင်ပြီးသောအရာပေါ်၌ အမြဲသဘောတူညီမှု ရှိလိမ့်မည်မဟုတ်ပေ။ နောက်သင်ခန်းစာတွင် ဇနီးမောင်နှံတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း သေချာစွာသုံးသပ်ပြီးဖြစ်သော်လည်း သဘောထားကွဲလွဲနေသည့်အကြောင်းအရာများပေါ်၌ မည်ကဲ့သို့တုံ့ပြန်ရမည်ဟူသောအချက်ကို အသေးစိတ်ဆွေးနွေးသွားမည်ဖြစ်ပါသည်။ ရင့်ကျက်သောဇနီးမောင်နှံတို့သည်ဖြေရှင်းရခက်သည့်မတူကွဲပြားမှုများကို ဘုရားသခင်၏လမ်းစဉ်အတိုင်း ဖြေရှင်းလိုကြ၏။ တချို့ကိစ္စများ၌ သဘောထားကွဲလွဲနေခြင်းသည် သခင်ဘုရားကို မရှာဖွေခြင်းကြောင့်ဖြစ်နိုင်သည်ဟူသောအချက်ထုတ်ဖော်ကြေငြာဖို့ လိုအပ်သည်။

ဇနီးမောင်နှံတို့သည် အမှုကိစ္စများကို ဘုရားသခင်၏လမ်းစဉ်အတိုင်းဖြေရှင်းမည်ဆိုလျှင် သူတို့နှစ်ဦးစလုံး ဘုရားသခင်ထံချဉ်းကပ်ဖို့လိုအပ်ပြီး အချင်းချင်းဆွေးနွေးတိုင်ပင်ကာ ဘုရားသခင်၏ရည်ရွယ်ချက်များကို လိုချင်တောင့်တကြရမည်။ ဇနီးမောင်နှံတို့သည် တန်ဖိုးရှိသောအချိန်များကို အတူတကွအသုံးလာပါက ရန်တွေ့ချိန်နည်းလာ၍ အောင်မြင်ချိန်များလာမည်ဖြစ်သည်။ ယိုယွင်းလျက်ရှိသောစက်ဝိုင်းနှင့်ပြောင်းလဲလျက်ရှိသောစက်ဝိုင်းတို့၏ခြားနားချက်သည် နေ့နှင့်ညကဲ့သို့ပင်ဖြစ်သည်။

## ၅။ အကျပ်အတည်းများသည် ကျွန်ုပ်တို့အား ကောင်းမွန်သောအိမ်ထောင်များ ဆီသို့ပို့ဆောင်နိုင်၏။

ယောရှုသည် ယေရိခေါမြို့ကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် အစ္စရေးလူမျိုးတို့အား သူတို့၏မျိုးနွယ်စုအလိုက် နယ်မြေခွဲဝေပေးရန်ဖြစ်လာသည်။ ပြည်တစ်ခုလုံးသည် သူတို့၏အမွေဖြစ်လာသည်။ ထိုပြည်ကိုသိမ်းပိုက်၍စောင့်ထိန်းဖို့လည်းလိုအပ်သည်။ ယောရှုမှတ်စာ၏နောက်ဆုံးပိုင်းသည် အစ္စရေးမျိုးနွယ်စုအလိုက် ယောရှု၏နယ်မြေခွဲဝေခြင်းအကြောင်းကိုအထူးပြုဖော်ပြထားသည်။ သူတို့သည် ဘုရားသခင်ပေးအပ်သည့်အလုပ်ကို ပြီးမြောက်ဖို့ရန်ပြင်းပြသောဆန္ဒရှိဖို့ လိုအပ်သည်။

*"ထိုအခါအစ္စရေးအမျိုးခုနစ်မျိုးတို့သည် အမွေမြေကိုမခံရသေးသည်ဖြစ်၍ ယောရှုက သင်တို့ဘိုးဘေးများ၏ဘုရားသခင်ထာဝရဘုရားပေးတော်မူသောမြေကိုသင်တို့သည် မသိမ်းမယူဘဲအဘယ်မျှကာလပတ်လုံးနေကြလိမ့်မည်နည်း"(ယောရှု၊ ၁၈;၂-၃)။*

ကျွန်ုပ်တို့သည် အိမ်ထောင်ကို အလွယ်တကူပြု၍ မိမိတို့ကိုယ်ကိုကောင်းသည်ဟုလက်ခံပြောဆိုတတ်ကြ၏။ သို့သော်လည်း ကောင်းမွန်သောအိမ်ထောင်တစ်ရပ်ဖြစ်ဖို့ရန် ပြင်းပြသောဆန္ဒမရှိကြပေ။ ဘုရားသခင်သည်ထိုသို့သောအိမ်ထောင်ကို မည်ကဲ့သို့ပြုရန် မျှော်လင့်ပါသနည်း။

*ရန်တွေ့တတ်သော မယားသည်လည်း အစက်စက်ကျသောမိုးပေါက်နှင့်တူ၏ (သု၊ ၁၉:၁၃)။*

ဘုရားသခင်သည် ကျွန်ုပ်တို့အား သဟဇာတဖြစ်သောအိမ်ထောင်၊ နှင့်နှစ်သက်ဖွယ်သောအိမ်ထောင်များကိုသာဖြစ်စေလိုသည်မဟုတ်ဘဲ မိမိ၏ဘုန်းတော်အတွက်ပါဖြစ်စေလိုသည်။ ဘုရားသခင်၏ဘုန်းအသရေသည် ဇနီးမောင်နှံတို့၏သဟဇာတဖြစ်ခြင်းအားဖြင့် ထွန်းတောက်ရန်ဖြစ်သည်။ ဝေကိုအာဒံအဖို့ဖန်ဆင်းသောအခါ ဘုရားသခင်၏ရည်ရွယ်ချက်သည် အဘယ်သို့ဖြစ်သနည်း။ လူယောက်ျားသည် လူမိန်းမကိုရရှိသောအခါ မင်္ဂလာရှိသောသူဖြစ်လာ၏။ အထူးသဖြင့် ထူးချွန်ထက်မြက်သောမိန်းမရသောအခါ ထိုလင်ယောက်ျားသည် ကောင်းချီးခံစားသောသူဖြစ်လာသည်။

*မယားကိုရသောသူသည် ကောင်းသောအရာကိုရ၍ထာဝရဘုရား၏ကျေးဇူးတော်ကိုခံရ၏(သု၊ ၁၈:၂၂)။*

အကယ်၍ ယောက်ျားဖြစ်စေ၊ မယားဖြစ်စေ သစ္စာမစောင့်ထိန်းပါက ထိုအိမ်ထောင်သည် အလျင်အမြန်အနံ့ဆိုးလာမည်ဖြစ်သည်။ များစွာသောဆိုရိုးစကားများက ပျင်းရိသောလင်ယောက်ျား သို့မဟုတ် တာဝန်မဲ့သောလင်ယောက်ျား၏အကြောင်းအရာကိုဖွဲ့နွဲ့စပ်ဆိုကြ၏။

*"ရန်တွေ့ခြင်းကိုငြိမ်းစေသောသူသည် ဂုဏ်အသရေရှိ၏။ မိုက်သောသူမူကား အမှုနှင့်ရောတတ်၏"(သု၊၂၀:၃)။ "ရန်တွေ့တတ်သောမယားသည်လည်း မိုးပေါက်နှင့်တူ၏"(သု၊ ၁၉:၁၃)။* ဤသို့သောသူတို့သည် ဘုရားသခင်အပေါ်၌ဖြစ်စေ၊ မိမိခင်ပွန်းအပေါ်၌ဖြစ်စေ မိမိတို့၏တာဝန်ကို ပျက်ကွက်တတ်ကြ၏။ ကျွန်ုပ်တို့သည် ကာလက်ကဲ့သို့သောစိတ်ထားရှိဖို့ လိုအပ်ပါသည်။ သူသည် ဘုရားသခင်၏ကတိတော်ကို အောက်မေ့၍ ထိုကတိတော်၌ခွန်အားရယူတတ်သူဖြစ်၏။

*"သို့ဖြစ်၍ ထိုနေ့၌ ထာဝရဘုရားမိန့်တော်မူသော ဤတောင်ကို အကျွန်ုပ်အား ပေးပါ။ ဤတောင်ပေါ်မှာ အာနာကလူရှိကြောင်းကိုငှင်း၊ ကြီးမားခိုင်ခံ့သောမြို့တို့နှင့် ပြည့်စုံကြောင်းကိုငှင်း ထိုနေ့၌ ကိုယ်တော်သည် ကြားရပြီ။သို့ရာတွင် ထာဝရဘုရားသည် အကျွန်ုပ်နှင့်အတူရှိတော်မူလျှင် အမိန့်တော်ရှိသည့်အတိုင်း ထိုသူတို့ကိုနှင်ထုတ်ခြင်းငှာ အကျွန်ုပ်တတ်စွမ်းနိုင်ပါသည်ဟု လျှောက်ဆို၏"(ယောရှု၊ ၁၄:၁၂)။*

သခင်ဘုရားသည် ကျွန်ုပ်တို့အား မင်္ဂလာရှိသောအိမ်ထောင်ကို အမှန်ပေးအပ်လိုကြောင်း နားလည်သောအခါ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း တိုးပွားလာ၍ မဖြစ်နိုင်ဟုထင်သောအရာများကိုပင် ဘုရားသခင်ပေးနိုင်ကြောင်း ယုံကြည်လက်ခံလာ၏။ "ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူ၏။"

## ၆။ အကျပ်အတည်းများကို ကောင်းကောင်းမဖြေရှင်းလျှင် မြဲမြံသောပဋိပက္ခဖြစ်စေတတ်သည်။

များစွာသောဇနီးမောင်နှံတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလေးလေးနက်နက် မခံယူတတ်သည့်အတွက် အလွန်တရာစိတ်မကောင်းဖြစ်မိပါသည်။ သူတို့သည် အစွမ်းတန်ခိုးအတွက် အလေးအနက်ပြောဆိုကြသည်။ ကျွန်ုပ်တို့သည် ထိုအရာအတွက် မနာလိုမဖြစ်ပါ။ ဘုရားသခင်သည် ထိုအရာများအတွက်ကျွန်ုပ်တို့အားပေးပြီးဖြစ်သည်။ ကျွန်ုပ်တို့သည်ထိုအကျပ်အတည်းများကို တစ်ခုပြီးတစ်ခုဖြေရှင်းသောအခါ ကျွန်ုပ်တို့အိမ်ထောင်သည် ပို၍ပို၍ချိုမြိန်လေ၏။ ရန်သူသည် သုတ်သင်ခံရပြီးဖြစ်သည်။ ဘုရားသခင်၏ ရည်ရွယ်ချက်သည် ကောင်းကျိုးတစ်ခုအတွက်တည်းသာဖြစ်၏။

*"ဂေဇာမြို့၌နေသောခါနနိလူတို့ကို မနှင်ထုတ်ဘဲ သူတို့သည် ယနေ့တိုင်အောင် ဖေရိမ်အမျိုးသားတို့နှင့်အတူနေ၍ အခွန်ပေးရကြ၏"(ယောရှု၊ ၁၆:၁၀)။ (၁၇:၁၂ ကိုလည်း ဖတ်ပါ)*

သုတ်သင်ပယ်ရှင်းခြင်းမပြုသောအရာမှန်သမျှသည် ကျွန်ုပ်တို့အိမ်ထောင်၌ အမျက်ထွက်စရာအစွန်းအထင်းများဖြစ်လာသည်။ အစွဲရေးအမျိုး

သားတို့သည်လည်း သူတို့တိုင်းပြည်၌ ရန်သူများကို နေခွင့်ပေးနေသရွေ့အဆက်မပြတ်ဒုက္ခခံစားကြ၏။ သူတို့သည် ရန်သူများကို လျှော့ချခြင်းမဟုတ်ဘဲ သုတ်သင်ပယ်ရှင်းကြလျှင် အမှုပြီးသွားမည့်ကိစ္စသာဖြစ်သည်။ ရန်သူသည် သုတ်သင်ပြီးဖြစ်၍ အလိုအလျောက်လာနိုင်မည်မဟုတ်ပေ။

အပေးအယူလုပ်ခြင်းသည် ကောင်းမွန်သောအိမ်ထောင်၌ရှိသည့်ဝမ်းမြောက်ခြင်းကို ဖယ်ရှားပေးသည်သာမကဘဲ ကျွန်ုပ်တို့ကလေးများအပေါ်၌ရှုပ်ထွေးခြင်းကိုပါဖြစ်ပေါ်စေတတ်သည်။ မိဘများ၏အပြုအမူများနှင့်သူတို့၏ ညံ့ဖျင်းသောပဋိပက္ခ ကိုင်တွယ်ခြင်းတို့သည် သူတို့သားသမီးများအပေါ်သို့ကျရောက်လာသည်။ ဂလာတိ ၆:၇ ၌ ပေါလုက *"ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကိုခံတော်မမူ"* ဟုပြောဆိုထားသည်။

*"ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကိုခံတော်မမူ။ လူသည်မျိုးစေ့ကိုကြဲသည်အတိုင်း အသီးအနှံကိုရိတ်ရလိမ့်မည်"(ဂ၊ ၆:၇)။*

ဘုရားသခင်သည် မိုက်မဲသောသူမဟုတ်။ ကျွန်ုပ်တို့၏မနာခံမှုအတွက်ဆင်ခြေဆင်ပေးလို့မရပေ။ကျွန်ုပ်တို့သည် ခြေလှမ်းမှားသည့်တိုင်အောင် ဘုရားသခင်ထံသို့အမှန်ပြန်လှည့်လာပါက ဘုရားသခင်၏ကိုယ်စား လှယ်အဖြစ်ပြန်လည်အသက်ရှင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ရန်သူကိုမသိမ်းပိုက်နိုင်သရွေ့ စိတ်သဘောထားမတိုက်ဆိုင်ခြင်းနှင့်ဒုက္ခပြဿနာများရှိနေဦးမည်ဖြစ်သည်။မိမိတို့သည် သခင်ဘုရားနောက်တော်လိုက်ရန် ရွေးချယ်လျှင် ထိုအကျပ်အတည်းများကို ပိုမိုကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့သည် သခင်ဘုရားနောက်လိုက်ရန် ရွေးချယ်မည်ဆိုလျှင် အကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်သည်။ ရင်းနှီးကျွမ်းဝင်သောဇနီးမောင်နှံတို့သည် ကောင်းသောအမူအရာအမျိုးမျိုးတို့ကို မိမိတို့၏သားသမီးများအပေါ်သို့လက်ဆင့်ကမ်းနိုင်သည်။

ခါနန်ပြည်၌ ယောရှုနှင့်အစ္စရေးအမျိုးသားတို့၏အကျပ်အတည်းများအပေါ် ကိုင်တွယ်ဖြေရှင်းပုံသည် အိမ်ထောင်သည်များအတွက် ခက်ခဲသောအချိန်အခါများ၌ မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းရမည်ဟူသောပုံစံကို များစွာအထောက်အကူပြုသည်ကို မြင်တွေ့စေသည်။ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်၏လမ်းစဉ်နှင့်အောင်မြင်ခြင်းကို တုံ့ပြန်နိုင်သလို ကြောက်ရွံ့ခြင်း သို့မဟုတ် အပေးအယူလုပ်ခြင်းဖြင့်လည်း တုံ့ပြန်နိုင်သည်။ လမ်းမှန်နှင့်လမ်းမှားဟူ၍ နှစ်မျိုးရှိသည်။ ယိုယွင်းလျက်ရှိသောစက်ဝိုင်းနှင့်ပြောင်းလဲလျက်ရှိသော စက်ဝိုင်းဟူ၍နှစ်မျိုးရှိသည်။ ကျွန်ုပ်တို့၏ရွေးချယ်မှုသည် မိမိတို့၏အိမ်ထောင်များနှင့်ကလေးများအပေါ်၌ ကြီးမားသောခြားနားမှုကိုဖြစ်ပေါ်စေသည်။

## နိဂုံး

ပဋိပက္ခကို ရှောင်ရှားနိုင်ပါသည်။ ဘုရားသခင်သည်ကျွန်ုပ်တို့၏ တလုံးတဝတည်းဖြစ်ခြင်းအားဖြင့် သဟဇာတဖြစ်ခြင်းကို ပေးတော်မူ၏။ ဇနီးမောင်နှံတို့သည် အမှုအရာတစ်ခုကြောင့်ငြင်းခုံနေမည့်အစား အတူတကွဆွေးနွေးတိုင်ပင်၍ ဆုတောင်းသင့်သည်။ မိမိတို့စပ်ကြား၌ ချဲ့ကားလာသည့်အရာတစ်ခုအား မည်ကဲ့သို့ရှောင်ရှားခဲ့သည်ကို ဥပမာပေးလိုပါသည်။

စာရေးသူတို့ဇနီးမောင်နှံသည် လာမည့်နှစ်၌ ကလေးများကိုအိမ်၌ စာသင်ကြရင်ကောင်းမည်ဟူသောအကြောင်းအရာကို ဆွေးနွေးကြသောအခါ သဘောထားကွဲလွဲမှုရှိခဲ့သည်။ မိန်းမ၏သဘောထားသည် ကျွန်တော့်သဘောထားနှင့်ကွဲလွဲနေသည့်အတွက် အနည်းငယ်အံ့အားသင့်မိသွားသည်။ တဘက်မှာလည်း သူ့သဘောထားနှင့်အတွေးကိုလေးစားမိပါသည်။ သို့သော်ဤကိစ္စကို သူ့အားပြောပြီးသားလည်းဖြစ်၏။ အမှန်မှာ သူက ကျွန်တော့်၏ရည်ရွယ်ချက်ကိုဉာဏ်မမှီသည့်ပုံပေါက်သည်။

ကျွန်ုပ်တို့သည် အကောင်းအဆိုး၊ ဟိုအကြောင်းသည်အကြောင်း တစ်ခုမကျန်ဆွေးနွေးတတ်သည်။ကျွန်တော်လည်း သူ၏အစီအစဉ်အဘယ်ကဲ့သို့ရှိကြောင်းကိုပြောဆိုရန် အချိန်ပေးရသည်။ နောက်ဆုံး၌ သူ့သဘောထားနှင့်တွေးတောကြံဆမှုကို ရှင်းလင်းစွာမဖော်ထုတ်နိုင်ဘဲနေလေ၏။ ထိုအခါသူပြောလိုသည့် အကြောင်းပြချက်ဖော်ထုတ်သည်အထိ အချိန်ပိုပေးရမည်ဟူသောအသိစိတ်ကိုကျွန်တော်သတိပြုလာသည်။ ကျွန်တော်လည်း သူ့ကိုကျွန်တော့်အစီအစဉ်ထဲသို့အတင်းဆွဲမထည့်တော့ဘဲ ခေတ္တရပ်ထားသည်။ ထိုသို့ဖြင့်ဖြစ်နိုင်ချေငြင်းခုံမှုကိုကျော်လွှားနိုင်ကြသည်။ကျွန်ုပ်တို့သည် ရက်အတော်ကြာဆွေးနွေးခြင်းအားဖြင့်ဆုတောင်းခြင်းကိုပြန်လည်အစပြုလျက် အတူတကွလက်တွဲလုပ်ဆောင်လာကြသည်။

ဇနီးသည်လည်း ကျွန်တော်၏ဦးဆောင်မှုကို ယုံကြည်စိတ်ချမှုမရှိခဲ့ပေ။ကျွန်တော်လည်းချက်ချင်းဘာမျှမပြောဆိုခဲ့ပေ။ထိုအမှုကိစ္စနှင့်ပတ်သက်၍ ကျွန်တော်မည်ကဲ့သို့စဉ်းစားထားသည်ဟူသောအကြောင်းအရာကို အေးအေးဆေးဆေးရှင်းပြရန် အားထုတ်လေ၏။ ထိုသို့ဖြင့် သူလည်း စိတ်လျှော့လေ၏။ ထို့ကြောင့် မိန်းမများသည် ယောကျ်ား၏ပြုစုမှု၊ ဂရုစိုက်မှုတို့ကို အားမလိုအားမရဖြစ်တတ်၍ ကိုင်တွယ်ဆက်ဆံတတ်ရန် အလွန်အရေးကြီးပါသည်။

ဇနီးမောင်နှံတို့သည် အတူတကွဆုတောင်း၍ ဆွေးနွေးတိုင်ပင်ကြသောအခါ အကြောင်းအရာအများစုမှာ ပြေလည်ပြီးဖြစ်သည်။ အကယ်၍ ဇနီးမောင်နှံတို့သည် ပျော်ရွှင်ရယ်မောနိုင်ကြဖို့ အချင်းချင်းစကားပြောဆိုရန် အချိန်မရကြဟု ယူဆကြလျှင် ငြင်းခုံရာဘက်ကိုဦးတည်ပါလိမ့်မည်။ ကောင်းမွန်သောအိမ်ထောင်စုအနေဖြင့် အချင်းချင်းတစ်ဦးအပေါ်တစ်ဦး အချိန်ပေးဖို့

လိုအပ်သည်။ အချိန်နာရီစက္ကန့်တိုင်းသည် အလွန်အဖိုးထိုက်သည်ကို သတိပြုရမည်။ သင့်အနေဖြင့် သင်တို့ဇနီးမောင်နှံကြား၌ ဆွေးနွေးမည်လော သို့မဟုတ်ငြင်းခုံမည်လော။ ဆုတောင်းမည်လော/ရန်ဖြစ်ကြမည်လော။ အချင်းချင်းအပြစ်တင်စွပ်စွဲခြင်းထက် နူးညံ့သောစကားကိုပြောဆိုလျှင် သာ၍ကောင်းမွန်သည်မဟုတ်လော။

## လေ့လာရန် မေးခွန်းများ

၁။ ကောင်းမွန်သောအိမ်ထောင်ပိုင်ဆိုင်ဖို့ရန် လင်မယားနှစ်ဦးလုပ်ဆောင်ရမည့်အချက် ၂ ချက်ကား အဘယ်နည်း။
၂။ ပဋိပက္ခများသည် လိုအပ်ပါသလား။ အဘယ်ကြောင့် လိုအပ်၍ အဘယ့်ကြောင့်မလိုအပ်သနည်း။
၃။ မတူကွဲပြားသောအယူအဆများအကြောင်းသည် အဘယ်သို့နည်း။ ၎င်းတို့သည် လိုအပ်ပါသလား သို့မဟုတ် မှားယွင်းနေပါသလား။
၄။ စိတ်ပိုင်းဆိုင်ရာမချမ်းမသာဖြစ်ခြင်းကို ကျွန်ုပ်တို့မည်ကဲ့သို့ကိုင်တွယ်သင့်သနည်း။
၅။ ဇနီးမောင်နှံတို့ကို သန့်ရှင်းစင်ကြယ်စေဖို့ရန် ဘုရားသခင်သည် အကျပ်အတည်းကို မည်ကဲ့သို့အသုံးပြုသနည်း။
၆။ ကျွန်ုပ်တို့၏ပဋိပက္ခများသည် မိဘများနှင့်ဘိုးဘွားများ၏ပဋိပက္ခများနှင့် မည်ကဲ့သို့ဆက်စပ်မှုရှိသနည်း။
၇။ ပဋိပက္ခဖြေရှင်းခြင်းအပေါ် ဘုရားသခင်၏နည်းလမ်းသည် မည်သို့နည်း။
၈။ ယောရှုသည် ဘုရားသခင်နှင့် နီးကပ်စွာ လုပ်ဆောင်ခြင်းအားဖြင့် ပဋိပက္ခရှောင်ရှားသည့်အချက် ၆ ချက်ထဲက ၃ ချက်ကိုရှင်းပြပါ။
၉။ စမ်းသပ်ခြင်းနှင့်ဖြားယောင်းသွေးဆောင်ခြင်းစပ်ကြားရှိ ခြားနားချက်သည် အဘယ်သို့နည်း။
၁၂။ ပဋိပက္ခများ ဖြေရှင်းရန် ပျက်ကွက်ခြင်း၏အကျိုးဆက်များသည် အဘယ်သို့နည်း။

# ကောင်းမွန်သော အိမ်ထောင်တစ်ရပ် တည်ဆောက်ခြင်း

## #၇ အိမ်ထောင်ရေး၌ ခါးသီးခြင်းကိုခွင့်လွှတ်ခြင်းဖြင့် အစားထိုးခြင်း

ခါးသီးခြင်းသည် ကျွန်ုပ်တို့အိမ်ထောင်ကို ထိပ်ဆုံးကဖျက်ဆီးသူဖြစ်သည်ဟု ကျွန်တော်ယူဆသည်။ တချို့က ထိုသို့မဟုတ်၊ ငွေရေးကြေးရေးနှင့် သဘောထားကွဲလွဲမှုကြောင့်ဟုဆိုကြသော်လည်း ခါးသီးခြင်း၏ရင်းမြစ်ကို နားမလည်ကြသောကြောင့်ဖြစ်သည်။ ဤခါးသီးခြင်းကြောင့်သာ ဇနီးမောင်နှံတို့သည်တဆင့်ပြီးတဆင့်ခွဲခွာကြ၍ သူတို့စပ်ကြား၌ ရှိသောဆက်ကပ်အပ်နှံခြင်းလည်း လျော့ပါးလာခြင်းဖြစ်သည်။

ဘုရားသခင်သည် သင့်အိမ်ထောင်ကို ကျန်းမာပျော်ရွှင်စေလိုပါသည်။ နာကြည်းစရာအားလုံးကို သုတ်သင်စေလိုသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အိမ်ထောင်၌ လွှမ်းမိုးနေသောခါးသီးခြင်းအား ကောင်းမြတ်သတင်း၏တန်ခိုးအားဖြင့် ရှင်းထုတ်နိုင်ရန် လက်နက်ပေးပြီးပြီဖြစ်ကြောင်းကိုမသိရှိဘဲ နေခြင်းသည် မိမိတို့၏ပြဿနာသာဖြစ်သည်။ ဒါဝိဒ်လက်ထက်၌ရှိသောခဲလုံးသည်ရန်သူကို ချေမှုန်းဖျက်ဆီးနိုင်သကဲ့သို့ ခါးသီးခြင်းတည်းဟူသောဘီလူးကြီးကိုသုတ်သင်နိုင်ဖို့ရန်ဘုရားသခင်သည် သူ့သားသမီးတို့အားတန်ခိုးပေးပြီးဖြစ်သည်။၎င်းသည် ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏ရိုးရှင်းသောယုံကြည်ခြင်းနှင့်နာခံခြင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် သတိမထားမိပါက နာကြည်းစိတ်သည် မိမိတို့စိတ်နှလုံးထဲမှပြန်ပေါ်လာ၍ အိမ်ထောင်တစ်ခုလုံးကို ပျက်စီးပစ်နိုင်သည်။ အောင်မြင်သောသူထက်ရှုံးနိမ့်သောသူ သို့မဟုတ် ဒုက္ခသည်ဖြစ်လာမည်။ မိမိတို့အိမ်ထောင်၌ ခါးသီးမှုကိုနေရာပေးသောသူများသည် ဝမ်းနည်းဖွယ်ဖြစ်ရပ်များ ကြုံတွေ့ကြရမှာဖြစ်သည်။ မကြာသေးမီက သတင်းတစ်ခုကို ကျွန်ုပ်ကြားလိုက်၏။ ထိုသတင်းကား မိန်းမတစ်ဦးသည် အလွန်ခါးသီးမှုကြောင့် ညမအိပ်နိုင်ဘဲနေသည်ဟူသောသတင်းဖြစ်သည်။ ခါးသီးမှုတစ်မှုကြောင့် ညမအိပ်နိုင်ခြင်းသည် အိမ်ထောင်ကို ထိခိုက်စေသောရောဂါလက္ခဏာများထဲကတစ်ခုအပါအ

ဝင်ဖြစ်ပါသည်။ ယနေ့များစွာသောအိမ်ထောင်သည်တို့သည် ခါးသီးမှု၏မွေ နှောက်ဖျက်ဆီးခြင်းကို အပြင်းအထန်ခံစားနေကြပါသည်။

ခါးသီးမှုကို ခံစားနေသောသူတို့သည် မိမိတို့ဘဝတစ်ခုလုံးနှင့်အိမ် ထောင်ရေးတစ်ခုလုံးကိုပါ ထိခိုက်စေနိုင်သည်။ မိမိတို့၏ခန္ဓာကိုယ်၌ အမာရွတ် ကျန်ရစ်သကဲ့သို့ ခါးသီးခြင်းသည် မိမိတို့၏နှလုံးသား၌ အမြစ်တွယ်၍ နာကျင် ခြင်းရောဂါလက္ခဏာကို ဖြစ်စေတတ်ပါသည်။ ခါးသီးခြင်း၏ရောဂါလက္ခဏာ များမှာ ရိုးရှင်းသောတောင်းဆိုမှုကို လျစ်လျူရှုခြင်း၊ စိတ်ဆိုးလွယ်ခြင်း၊ နာမည် ကိုတမျိုးတဖုန်ဖြင့်ခေါ်ခြင်း၊ သင့်ခင်ပွန်း၏ကြိုးစားမှုကိုဝေဖန်ခြင်း၊ အားနည်း ချက်ကိုပြက်လုံးပြုခြင်းစသည်တို့ဖြစ်ပါသည်။

*"ခပ်သိမ်းသောစိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ အော် ဟစ်ငေါက်ငေါခြင်း၊ သူ့အသရေပျက်အောင် ပြောဆိုခြင်းတို့ကိုငင်း၊ ခပ်သိမ်း သောမနာလိုခြင်းကိုငင်း သင်တို့မှပယ်ရှားကြလော့"(ဧ ၄:၃၁)။*

ကျွန်ုပ်တို့အသက်တာ၌ ခါးသီးခြင်းကို လက်ခံကြိုဆိုခြင်းမပြုသင့် ပေ။ ၎င်းကို ငြင်းပယ်ကြမည်ဆိုလျှင် မိမိတို့၏အိမ်ထောင်ရေးကို ထိခိုက်နစ်နာ စေမည်မဟုတ်ပေ။ ခါးသီးခြင်းသည် အိမ်ထောင်မိသားစုများအတွက် ဘုရား သခင်ပေးသောပျော်ရွှင်ခြင်းကိုခိုးယူဖျက်ဆီးတတ်သည်။ အဘယ့်ကြောင့် များ စွာသောအိမ်ထောင်များသည် ခါးသီးခြင်းကို လက်ခံနေကြသနည်း။ ၎င်းသည် သူတို့၏အိမ်ထောင်ပြဿနာနှင့် တိုက်ရိုက်ဆက်စပ်နေသည်ကို မသိရှိကြ သောကြောင့်ဖြစ်သည်။ ယခုဆက်လက်ပြီး ခါးသီးခြင်းနှင့်အမျက်ဒေါသသည် မိမိတို့၏အိမ်ထောင်ရေးကို မည်ကဲ့သို့နက်နက်ရှိုင်းရှိုင်းထိခိုက်သည်ကို ရှင်းပြ သွားပါမည်။

## က။ ခါးသီးခြင်း၏ရင်းမြစ်ကို နားလည်ခြင်း




ခါးသီးခြင်းသည် တစ်စုံတစ်ယောက်၏စော်ကားပြောဆိုမှုကြောင့်ဖြစ်၍ ယောကျ်ားက "သည်ဟင်း စားလို့မကောင်းဘူး၊ အရသာလည်းမရှိဘူး" ဟု မိန်းမအား ပြောဆို၏။ ထိုသို့ပြောဆိုခြင်းသည် မိန်းမအဖို့ ခါးသီးခြင်း၏ရင်းမြစ်ဖြစ်စေသည်။ မိန်းမသည် နှုတ်အားဖြင့် ဘာမျှပြန်မပြောသော်လည်း သူမ၏စိတ်ထဲ၌


မှတ်၍ အမြစ်တွယ်သိုထားလေသည်။ ခါးသီးခြင်း၏မျိုးစေ့ကို နည်းမျိုးစုံဖြင့် စိုက်ပျိုးပျိုးထောင်နိုင်သည်။ မိန်းမသည်လည်း သူအဘယ်မျှလောက် စိတ်ထိခိုက်ခဲ့သည်ကို ယောကျ်ားအား ပွင့်ပွင့်လင်းလင်းထုတ်မပြောဘဲ စိတ်ထဲ၌သိမ်းဆည်းထားလေသည်။ ၎င်းကို မဖြေရှင်းမချင်း သူတို့နှစ်ဦးစပ်ကြားတွင်ရှိသည့်ဆက်ဆံရေးသည် တဖြည်းဖြည်းအေးစက်လာပြီး ချစ်ချင်းမေတ္တာပါလျော့လာတတ်သည်။ ဖေက် ၄:၃၁ အရ ခါးသီးခြင်းနှင့်ဆက်စပ်သောညီအစ်ကိုမောင်နှမများစွာရှိကြောင်း ကျွန်ုပ်တို့တွေ့ရှိနိုင်သည်။၎င်းတို့မှာ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငေါခြင်း၊ သူ့အသရေပျက်အောင်ပြောဆိုခြင်း၊ မနာလိုခြင်းတို့ဖြစ်သည်။

ခါးသီးခြင်းသည် ပြဿနာပေါင်းစုံ၏ရင်းမြစ်ဖြစ်သည်။ ခါးသီးခြင်းသည် မကောင်းသောတုံ့ပြန်မှုမျိုးစုံကို ပေါက်ဖွားစေတတ်ပြီး စိတ်နှလုံးထဲ၌ သူဟာသူရှိမနေနိုင်ပေ။ မှန်ပါသည်၊ ခါးသီးခြင်းသည် ၎င်းနှင့်ဆိုင်သောမုန်တိုင်းမရောက်မချင်းကာလအကြာကြီး ကိန်းဝပ်နိုင်သည်။ ခါးသီးခြင်းသည် အသက်ချင်းဆက်နွယ်မှုကို တဖြည်းဖြည်းချင်း အဆိပ်အတောက်ဖြစ်စေသည်။

ကျွန်ုပ်တို့သည် မုန်းတီးခြင်းနှင့်ဆိုင်သောအရာများကို ချွတ်ပယ်၍ ၎င်းတို့ကို ရှင်းရှင်းဖယ်ရှားသင့်သည်။ လူတစ်ဦးက အပင်ကိုဖယ်ရှားလိုလျှင် အကိုင်းအခက်များကိုခုတ်ပစ်ရာလိုပေ။ အောက်ခြေက ပင်စည်ကိုသာခုတ်လှဲရမည်ဖြစ်သည်။ ထို့အတူ ကျွန်ုပ်တို့အထဲ၌ရှိသောရင်းမြစ်ကို မသုတ်သင်မရှင်းလင်းပါက အကိုင်းအခက်များသည် တစ်နေ့တစ်ခြားကြီးထွားလာမည်။

ခါးသီးခြင်း၏သဘောတရားသည် သူတပါးအား အဆိုးမြင်တတ်ခြင်းဖြစ်သည်။ သူတပါးအပေါ် ထိုသို့ရှုမြင်ခြင်းသည် မကောင်းသောအရာဖြစ်ကြောင်းကို ကျွန်ုပ်တို့ဩတ္တပ္ပစိတ်အားဖြင့် သိရှိရသော်လည်း ဘာမျှမတတ်နိုင်ပေ။သို့ဖြစ်၍ သူတပါးအပေါ် ရန်လိုမုန်းတီးခြင်းနှင့်ခါးသီးခြင်းများကို သုတ်သင်ဖယ်ရှားပစ်ဖို့ လိုအပ်ပါသည်။ သို့မဟုတ်လျှင် ကျွန်ုပ်တို့ကိုအပြစ်ကျူးလွန်ရာသို့ပို့ဆောင်နိုင်သည်။

ခါးသီးခြင်းသည် မည်ကဲ့သို့လုပ်ဆောင်တတ်သနည်း။ ခါးသီးခြင်းသည် လူ့စိတ်ကိုလှည့်စား၍ မိုက်မဲစေတတ်၏။ ထို့ပြင် ခါးသီးခြင်းသည် သူတပါးကိုအပြစ်တင်၍ မိမိကိုယ်ကိုအကောင်းမြင်စေတတ်၏။ ဥပမာ ခါးသီးခြင်းသည် မူးယစ်ဆေးဝါးစွဲနေသောသူနှင့်တူ၏။ မူးယစ်ဆေးဝါးသည် လူကိုဖူးသွပ်စေသောကြောင့် သူမလုပ်ဖူးသောအလုပ်ကို ရဲဝံ့စွာလုပ်ရဲလာသည်။ သို့ဖြစ်၍ ခါးသီးခြင်းသည် တစ်နည်းအားဖြင့် စိတ်ဝိညာဉ်-မူးယစ်ဆေးဖြစ်သည်။




လူတချို့က အဆိပ်ရှိသောအစာကို ခွဲထုတ်လို့ရသကဲ့သို့ခါးသီးခြင်းကို ချွတ်ပယ်ရမည်ဟုဆိုကြ၏။ သို့သော် ယနေ့လူများစွာက ခါးသီးခြင်းကို ဆုပ်ကိုင်ထားဆဲပင်ဖြစ်သည်။ အဘယ့်ကြောင့်နည်း။အကြောင်းမှာမိမိတို့ကိုယ်ကို သနားကျင်နာကြသောကြောင့် ခါးသီးခြင်း၏အကျိုးသက်ရောက်မှုဖြစ်သောထုံထိုင်းခြင်းကသူတို့ကို ထိန်းချုပ်ထားခြင်းဖြစ်သည်။ ထိုသူတို့သည် စက်ဆုပ်ရွံရှာဖွယ်ကောင်းသောအရာများကို လုပ်ဆောင်နေချိန်၌ပင် ကောင်းသောအရာလုပ်နေသည်ဟု ယုံကြည်ထားကြသည်။

အိမ်ထောင်တစ်ရပ်၌ ဤအရာဖြစ်ပျက်လာသောအခါ ခင်ပွန်းက မိမိ၏အိမ်ထောင်ဖက်ကို ဆန့်ကျင်မှုပြုလေတော့သည်။ ဤသို့ဖြင့်"နှစ်လုံးနှစ်ဝတည်းဖြစ်ခြင်း" ကိုအားပေးအားမြှောက်ပြုလာကြကာ "တလုံးတဝတည်းဖြစ်ခြင်း"သည် သုတ်သင်ခြင်းသို့ရောက်ရှိသွားလေ၏။ သူတို့သည် ဇနီးမောင်နှံများဖြစ်ကြသော်လည်း"နှစ်လုံးနှစ်ဝတည်း"အဖြစ်ပြုမူကြ၏။ ထိုသို့ဖြင့် ခါးသီးခြင်းသည် အိမ်ထောင်ရေး၌ ကွဲပြားမှုကိုဖြစ်ပေါ်စေတတ်သည်။

## ခါးသီးခြင်းအထဲကို ချောင်းကြည့်ခြင်း

*"သင်တို့သည် တစ်စုံတစ်ယောက်မျှဘုရားသခင်၏ကျေးဇူးတော်ကို မရဘဲနေစေခြင်းငှာငှင်း၊ ခါးစွာပင်မြစ်ပေါက်၍ သင်တို့နှောင့်ယှက်သဖြင့် လူအများတို့သည် အပြစ်နှင့်မညစ်ညူးစေခြင်းငှာငှင်း"(ဟေ၊ ၁၂:၁၅)။*

ဤကျမ်းချက်က ခါးသီးခြင်းအကြောင်းကို သုံးမျိုးဖြင့် ဖော်ပြထားပါသည်။ ၎င်းတို့မှာ

- ဘုရားသခင်၏ကျေးဇူးတော်ကို မမှီခြင်း (ခါးသီးခြင်း၏လက္ခဏာ)
- ခါးသီးခြင်း၏ရင်းမြစ် (ခါးသီးခြင်း၏သဘောသဘာဝ)
- ညစ်ညူးစေခြင်း (ခါးသီးခြင်း၏အကျိုးရလဒ်)

## ၁။ ဘုရားသခင်၏ကျေးဇူးတော်ကို မမှီခြင်း (ခါးသီးခြင်း၏လက္ခဏာ)

လူတို့သည် ဘုရားသခင်ကိုပိုင်ဆိုင်ကြသည်ဟုကြွေးကြော်ကြသော်လည်း သူတို့၏အသက်တာ၌ ဘုရားသခင်၏ကောင်းချီးမင်္ဂလာကိုမရရှိကြပေ။

၎င်းသည် ခါးသီးတတ်သောလူများက ခရစ်တော်ကို သိသည်ဟူ၍ ကြွေးကြော်သကဲ့သို့ဖြစ်၏။ ဟေဗြဲ ၁၂:၁၅ ၌ဖော်ပြသကဲ့သို့ တချို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို မမှီဘဲနေကြ၏။ ခါးသီးတတ်သောလူတို့သည် ကျေးဇူးတော်နှင့်ကရုဏာတော်ကိုဟန့်တားသောသူများဖြစ်ကြသည်။ယေရှုက တောင်ပေါ်၌ ဒေသနာဟောပြောသောအခါ ဤကဲ့သို့ရှင်းလင်းစွာဖော်ပြလေ၏။

*"သင်တို့သည် သူတပါး၏အပြစ်ကိုလွှတ်လျှင် ကောင်းကင်ဘုံ၌ရှိသောသင်တို့အဘသည် သင်တို့၏အပြစ်ကိုလွှတ်တော်မူမည်။ သင်တို့သည် သူတပါးတို့၏အပြစ်ကိုမလွှတ်လျှင် သင်တို့အဘသည် သင်တို့၏အပြစ်ကို လွှတ်တော်မမူ"(မ၊ ၆:၁၄-၁၅)။*

ယေရှုသည် ခွင့်လွှတ်ခြင်းအကြောင်းကို အကြိမ်ကြိမ်ဟောပြောခဲ့သည်။ ယေရှုက လူတစ်ဦးသည် ရှင်ဘုရင်ထံ၌ အကြွေးများစွာရှိသော်လည်း ဘုရင်က သူ့ကိုခွင့်လွှတ်ခဲ့သည်အကြောင်းကို ပုံဥပမာပေးခဲ့၏။ သို့သော်ထိုသူသည် မိမိထံ၌ အနည်းငယ်ကြွေးတင်သည့်အခြားသူတစ်ဦးကို ခွင့်မလွှတ်ဘဲနေသည့်အကြောင်း သွန်သင်ခဲ့သည်။ ကျွန်ုပ်တို့သည်လည်း ကျေးဇူးတရားကို ချုပ်တည်းသောသူများဖြစ်ကြလျှင် ခွင့်လွှတ်ခြင်းသည် ကျွန်ုပ်တို့ထံမှဟန့်တားခြင်းခံရလိမ့်မည်။

ယေရှုက သူတပါး၏အပြစ်ကို ခွင့်လွှတ်ဖို့ရန် ငြင်းဆိုသောသူတို့သည် အလွန်အန္တရာယ်ကြီးသည်ဟု တိကျရှင်းလင်းစွာဖော်ပြခဲ့သည်။ *"ဘုရားသခင်၏ကျေးဇူးတော်ကိုမရဘဲ နေစေခြင်းငှာ၎င်း"* ဟူသောကျမ်းချက်စကားနှင့်ပတ်သက်၍ မေးခွန်းများစွာပေါ်ထွက်လာနိုင်သည်။ *"ဘုရားသခင်၏ကျေးဇူးတော်ကို မရဘဲနေစေခြင်းငှာ၎င်း"* ဟူသောကျမ်းစကားသည် ခရစ်ယာန်တစ်ဦး ကယ်တင်ခြင်းဆုံးရှုံးနိုင်သည်ဟု ဆိုလိုခြင်းဟုတ်ပါသလား။ လုံးဝမဟုတ်ပေ။ ခွင့်မလွှတ်နိုင်ခြင်း၏ကြီးမားသောအန္တရာယ်ရှိပုံကို ဆိုလိုခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အချင်းချင်းနှင့်အိမ်ထောင်ဖက်တို့၌ အမြဲခွင့်လွှတ်ကြရမည်။

ခွင့်မလွှတ်နိုင်ခြင်း၏စိတ်ထားသည် အသက်ရှင်ခြင်းကို အရှုံးပေးလျက် မိမိတို့ခန္ဓာကိုယ်ကို သေခြင်းသို့ပို့ဆောင်နေသကဲ့သို့ဖြစ်၏။ ခါးသီးတတ်သောလူတို့သည် မြေကြီးပေါ်၌ ဝမ်းနည်းဖွယ်အကောင်းဆုံးပုဂ္ဂိုလ်များဖြစ်ကြသည်ဟူသောအရာသည် အံ့သြစရာမလိုတော့ပေ။ သင်သည် မည်မျှပင်နာကျင်ခံစားပါစေ သူတပါးကို အလျင်အမြန်ခွင့်လွှတ်ဖို့ရန် စိတ်နှလုံးပြင်ဆင်နိုင်သူဖြစ်ရမည်။ ဤသည်ကား ယေရှု၏လမ်းစဉ်ပင်ဖြစ်သည်။

## အချင်းချင်းခွင့်လွှတ်ခြင်း အရေးကြီးပုံ

*"ကောင်းကင်နိုင်ငံတော်သည် မိမိကျွန်များကို စာရင်းယူခြင်းငှာ အလိုရှိသောမင်းကြီးတစ်ဦးနှင့်တူ၏။ စာရင်းယူစဉ်တွင် ငွေအခွက်တသိန်းကြွေး*

*တင်သောသူတစ်ယောက်ကို ရှေ့တော်သို့ဆောင်ခဲ့ကြ၏။ ထိုသူသည် ကြွေး ဆပ်ရန် မရှိသောကြောင့် ကိုယ်မှစ၍ သားမယားဥစ္စာရှိသမျှတို့ကို ရောင်း၍ ကြွေးကိုဆပ်စေဟုသူ၏သခင်စီရင်၏။ထိုကျွန်သည်ညွှတ်ပြပ်ဝပ်တွားလျက် သ ခင်ကျွန်တော်ကိုသည်းခံတော်မူပါ။ ကြွေးရှိသမျှကိုဆပ်ပါမည်ဟုလျှောက်လျှင် သူ၏သခင်သည် သနားခြင်းရှိသဖြင့် ကြွေးရှိသမျှကိုလွှတ်၍ချမ်းသားပေးလေ ၏။ထိုကျွန်သည် ထွက်သွားရာတွင် မိမိငွေဒေနာရိတရာ ကြွေးတင်သော ကျွန်ချင်းတယောက်ကိုတွေ့လျှင် လည်ပင်းကိုညှစ်၍ ငါ့ငွေကို ပေးဆပ်လော့ ဟုဆို၏။ထိုကျွန်ချင်းသည် ကြွေးရှင်၏ခြေရင်း၌ပြပ်ဝပ်လျက် ကျွန်တော်ကို သည်းခံတော်မူပါ။ကြွေးရှိသမျှကို ဆပ်ပေးမည်တောင်းပန်သော်လည်း ငွေရှင် သည်နားမထောင်ဘဲသွား၍ ကြွေးကိုမဆပ်မှီတိုင်အောင် သူ့ကိုထောင်ထဲမှာ လှောင်ထား၏။ထိုအမှုအရာကိုအခြားသောကျွန်ချင်းတို့သည်မြင်လျှင် အလွန် နာကြည်းသောစိတ်နှင့်သွား၍ ပြုလေသမျှတို့ကိုမိမိတို့သခင်၌ ကြားလျှောက် ကြ၏။ထိုအခါသခင်သည် ထိုကျွန်ကိုခေါ်၍ဟယ်ဆိုးညစ်သောကျွန်၊ သင်သည် ငါ့ကိုတောင်းပန်သောကြောင့် သင်၌ကြွေးကိုငါရှင်းလင်းစေ၏။ ငါသည် သင့် ကိုသနားသကဲ့သို့ သင်သည်လည်း ကျွန်ချင်းကိုမသနားအပ်သ လောဟုဆို လျက်၊အမျက်ထွက်၍ကြွေးရှိသမျှကိုမဆပ်မှီတိုင်အောင်အာဏာသားတို့လက် ကိုအပ်လေ၏။ သင်တို့သည်လည်း ညီအစ်ကိုအချင်းချင်းတို့ကို စိတ်နှလုံးပါ လျက် အပြစ်မလွှတ်လျှင် ကောင်းကင်ဘုံ၌ရှိတော်မူသောငါ၏အဘသည် ထိုနည်းတူ သင်တို့ကိုစီရင်တော်မူလတ့ံဟုမိန့်တော်မူ၏"(မ၊ ၁၈:၂၃-၃၅)။*


## ၂။ ခါးသီးခြင်း၏ရင်းမြစ် (ခါးသီးခြင်း၏သဘောသဘာဝ)

ဟေဗြဲ ၁၂:၁၅ ၌ ခါးသီးခြင်း၏ရင်းမြစ်ကို သွင်ပြင်လက္ခဏာနှစ်မျိုး ဖြင့် ဖော်ပြထားသည်။ ပထမအချက်၌ ကျမ်းစာက ခါးသီးခြင်းသည် ကျွန်ုပ်တို့ စိတ်ထဲ၌ အမြစ်တွယ်နိုင်သည်ဟုဆို၏။ အပင်၏ရှင်သန်ရပ်တည်ခြင်းသည် အမြစ်မှလာ၏။ အမြစ်မရှိပါက အပင်သည် အလွယ်တကူနုတ်ယူလို့ရ၏။ အ မြစ်ရှိနေသောကြောင့် အကိုင်းအခက်များရှိ၍ အရွက်များဖြာကာ အချိန်တန် သောအခါ အသီးအပွင့်များသီးခြင်းဖြစ်သည်။ လူတစ်ဦးသည် ခါးခါးသီးသီးဖြစ် နေလျှင် အတိတ်က ထိုသူ၏စိတ်ထဲ၌ ခါးသီးခြင်းမျိုးစေ့ရှိခဲ့သောကြောင့်ဖြစ် သည်။ ခါးသီးခြင်းကို သုတ်သင်ပယ်ရှင်းနိုင်ဖို့ရန် ထိုသူ၏အတိတ်ကာလ၌ ဖြစ်ပျက်ခဲ့သောအရာကို ကောင်းကောင်းဖော်ထုတ်ရပါမည်။

ဒုတိယအချက်၌ ထိုအမြစ်သည် ဒုက္ခပြဿနာအမျိုးမျိုးအားဖြင့် ထင်ရှားလာနိုင်သည်။ ခါးသီးခြင်း၏ပေါ်လွင်ထင်ရှားမှုသည် ပို၍ကြီးမားလေ ခါးသီးခြင်း၏ရင်းမြစ် ပို၍ကြီးထွားလေဖြစ်သည်။ ခါးသီးခြင်းသည် မည်သည့်

အခါမျှကောင်းကျိုးမပေးနိုင်ပေ။ ခါးသီးခြင်းထဲ၌ တရားမျှတခြင်းနှင့်ကျေးဇူးတရားမရှိသောကြောင့် အိမ်ထောင်ရေးသည် ဖျက်ဆီးခြင်းခံရတတ်သည်။

တတိယအချက်၌ ထိုရင်းမြစ်သည် အခြားသောအရာများထက် ပို၍ကြီးမား၍နက်ရှိုင်း၏။ ခါးသီးခြင်း၏ရင်းမြစ်သည် ကြီးထွားတတ်၏။ အကယ်၍ ကျွန်ုပ်တို့သည် ပို၍ကောင်းသောအိမ်ထောင်ဖြစ်လိုပါက မိမိတို့လျှောက်လှမ်းရာလမ်းကြောင်းသည် ခါးသီးခြင်းမဖြစ်ရ။ ကျေးဇူးပြုသောစိတ်သဘောသည် ခါးသီးခြင်းစိတ်သဘောနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ ခါးသီးခြင်းကို သတိမမူကြသော်လည်း ၎င်းသည် မိမိတို့အထဲ၌ ကြီးထွားလျက်နေသည်။ ကျွန်ုပ်တို့၏ခါးသီးသောနှလုံးသားသည် မှားယွင်းသောကြောင့် စတင်ဝန်ချတောင်းပန်ရန် လိုအပ်သည်။ ယေရှုက ခါးသီးခြင်းသည် မှားသည်ဟုဆို၏။ ခွင့်လွှတ်ခြင်းကိုကျင့်သုံးရမည်။ ဤခါးသီးခြင်းသည် အဆုံး၌ သေခြင်းသို့ပို့ဆောင်တတ်သည်။




**၃။ ညစ်ညူးစေခြင်း (ခါးသီးခြင်း၏အကျိုးရလဒ်)**

ကျမ်းစာဖော်ပြသည့်အတိုင်း ခါးသီးသောလူတို့သည် မိမိတို့ကိုယ်ကိုညစ်ညူးစေ၍ အခြားသူများ၏အသက်တာကိုလည်း ညစ်ညူးစေတတ်၏။ ခါးသီးတတ်သောခင်ပွန်းတစ်ဦးသည် အခြားတစ်ဦးကို မလွှမ်းမိုးဘဲနေနိုင်မည်လော။ မနာလိုခြင်းသည် ဆိုးညစ်သောအမှုကိုဖြစ်ပေါ်စေသည်။ အမျက်ထွက်ခြင်းသည် မိမိတို့မနှစ်သက်ခြင်းကို ဖော်ပြခြင်းဖြစ်သည်။ စိတ်ဆိုးခြင်းသည် မီးတောင်ပေါက်ကွဲသကဲ့သို့ပေါက်ကွဲလာခြင်းဖြစ်သည်။ ခါးသီးခြင်းသည် ပြဿနာအလုံးစုံတို့၏အရင်းအမြစ်ဖြစ်သည်။ ထိုခါးသီးခြင်းကို အမြစ်တွယ်ခဲ့သည့် အိမ်ထောင်မိသားစုတို့သည် ရန်တွေ့ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းနှင့်ဘဝဆိုးကျိုးထဲသို့ ကျရောက်သွားမည်ဖြစ်သည်။

ယခင်က ဘုရားသခင်၏ကျေးဇူးတရားနှင့်ကရုဏာကို ဟောပြောခြင်း၌ အသုံးခံသောသူများသည် ယနေ့စာတန်၏အသုံးခံပုဂ္ဂိုလ်များဖြစ်လာကြပြီ။ ရွံ့နှင့်ကစားသောသူတို့သည် ရွံ့ပေခြင်းကိုခံကြရသည်။ အမုန်းတရားနှင့်ပြက်ရယ်ပြုခြင်းသည် လူကိုညစ်ညူးစေတတ်သည်။ ခါးသီးခြင်းနှင့်ညစ်ညူးခြင်းသည် အိမ်ထောင်မိသားစုကို ပျက်စီးပြိုကွဲစေသည်။ ကလေးများကိုပါ ထိခိုက်နာကျင်စေသည်။ မိမိတို့၏အသက်တာ၌ ခါးသီးခြင်းကိုခံစားနေသူတို့သည် ဤသင်ခန်းစာကို ပို၍လေ့လာသင့်သည်။

## အကျဉ်းချုပ်

လူတို့၏အိမ်ထောင်ပြုရခြင်း အကြောင်းရင်းမှာ ကောင်းမွန်သော ဆက်နွယ်မှုရရှိရန်နှင့်ထိုဆက်နွယ်မှုထဲမှ ကောင်းသောအသီးအပွင့်များ ထွက်ပေါ်လာစေရန်ဖြစ်သည်။ ဇနီးမောင်နှံတို့စပ်ကြား၌ ခါးသီးခြင်းသည် နေရာယူလာသောအခါ ကြောက်မက်ဖွယ်ကောင်းသောပြဿနာများဖြင့် အဆုံးသတ်ကြ၏။ပြဿနာ၏မူလအစမှာ စိတ်ပျက်ခြင်း၊ နွေးထွေးသောဆက်နွယ်မှုမရှိခြင်းတို့ကြောင့်ဖြစ်သည်။

အစပထမ၌ အပြစ်တင်ခြင်းတည်းဟူသောမျိုးစေ့ကြဲခြင်းရှိ၏။ ထို့နောက်အမြစ်တွယ်၍အပင်ပေါက်လာလျက်ကြီးထွားလာကာ အိမ်ထောင်ရေးကိုဖျက်ဆီးလာတော့သည်။ ထိုခါးသီးခြင်း၏အမြစ်ကို နှုတ်ယူဖယ်ရှားပစ်လျှင် သာယာသောအိမ်ထောင်မိသားစုဖြစ်လာမည်။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့သည် ညစ်ညူးသောအမြစ်ကိုတူးဖော်၍ ဖယ်ရှားပစ်ရမည်။ ထိုသို့တစ်ခါ နှုတ်ပစ်ပြီးဖြစ်သော်လည်း အလွယ်တကူပြန်ပေါက်လာနိုင်သေးသည်။ထို့ကြောင့် ခါးသီးသောမျိုးစေ့ကိုမူလနေရာ၌ ပြန်မကြဲမိစေဖို့ရန် အထူးသတိပြုရမည်။

## ၁။ ခါးသီးခြင်းကို အောင်မြင်ကျော်လွှားရန် အခြေခံသဘောတရားများ

ခါးသီးခြင်းသည် သုတ်သင်ဖယ်ရှားရမည့်အရာဖြစ်ကြောင်းကိုဆွေးနွေးသည့်အလျောက် အမြစ်များသည်လည်း မြေကြီးထဲသို့မည်ကဲ့သို့စိမ့် ဝင်ခဲ့သည်ကိုကြည့်ရှုလေ့လာဖို့လိုအပ်ပါသည်။ များစွာသောသူတို့သည် အမြစ်ကိုစွဲထုတ်ပစ်ရန် အားထုတ်ကြသော်လည်း အရာမရောက်ကြပေ။ ကျွန်တော်လည်း ခြံပိုင်ရှင်ဖြစ်သောကြောင့် ၎င်းအထဲ၌ရှိသောပေါင်းပင်များကို အကုန်နှုတ်ပစ်ဖို့ ခက်ခဲကြောင်းသိရှိပါသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ အဓိကကျသောအခြေခံသဘောတရားများကို လေ့လာကြပါစို့။

ခါးသီးသောအမြစ်သည် မျိုးစေ့မှတဆင့်ကြီးလာ၏။ ထိုမျိုးစေ့သည် ရာဇဝတ်မှု၏အစမူလဖြစ်သည်။ ရာဇဝတ်မှုသည် အဖြစ်အပျက်တစ်ခု၊ စကားတစ်ခွန်း၊ မှတ်ချက်တစ်ခု၊ မျက်နှာထားအခြေအနေကြောင့်ဖြစ်ပေါ်နိုင်သည်။ ဤအရာတို့သည် မှာယွင်းမှုများဖြစ်၍ ခွင့်လွှတ်ရန် သိထားသော်လည်း လက်တွေ့မကျင့်သုံးနိုင်ပေ။ ကျွန်ုပ်တို့သည် အမြစ်ကို အကုန်အစင်သုတ်သင်ရှင်းလင်းခြင်းမပြုနိုင်ပါက ဆက်လက်ကြီးထွားနေဦးမည်ဖြစ်သည်။

အမြစ်၏ခွန်အားသည် ခါးသီးခြင်းအား မည်မျှအားပေးပြုစုခဲ့သည်ဟူသောအရာ၌ မူတည်ပါသည်။ ခါးသီးခြင်း၏အမြစ်ကို အပြစ်ပါသောယတ္တိဗေဒအားဖြင့် အကာအကွယ်ပေးလျက်နေသည်။ ဤအရာများရှိနေသရွေ့ အမြစ်ကိုဆွဲထုတ်နိုင်မည်မဟုတ်ပေ။ တနည်းအားဖြင့် သူတပါးကိုအဆိုးမြင်၍

မိမိကိုယ်ကိုအကောင်းမြင်ခြင်းပင်ဖြစ်သည်။ ထိုသို့သောမားယွင်းမှုများကို ဆွဲထုတ်နိုင်မှသာ ခါးသီးခြင်း၏အမြစ်သည် ကျွန်ုပ်တို့သုတ်သင်ရှင်းလင်းနိုင်မည်ဖြစ်သည်။ သင့်နှလုံးသား၌ ခါးသီးခြင်းရှိနေသရွေ့ မာနထောင်လွှားခြင်းသည် နေရာယူသောကြောင့် ဘုရားသခင်သည် သင့်ကိုစကားမပြောနိုင်ပေ။

ခါးသီးတတ်သောလူတို့အား ဆွေးနွေးတိုင်ပင်ရန် အခက်ကြုံရသည့် အကြောင်းရင်းမှာ မိမိတို့ကိုယ်ကို မှန်ကန်ကြောင်း ကာကွယ်ပြောဆို၍ သူတပါးအား စွပ်စွဲတတ်သောကြောင့်ဖြစ်သည်။ သံသယစက်ဝိုင်းမကွဲမချင်း အခက်အခဲများကို ထိုးဖောက်ကျော်လွှားရန်မဖြစ်နိုင်ပေ။ စာတန်၏လှည့်ကွက်တည်းဟူသောရှုပ်ထွေးမှုကိုနားလည်မှသာ ခါးသီးခြင်း၏အမြစ်ကိုဆွဲနှုတ်နိုင်မည်ဖြစ်သည်။ ဤအရာသည် လှည်းဘီးနှင့်တူ၏။

ကျွန်ုပ်တို့လုပ်နေသောအရာကို ယေရှုအမှန်စီရင်လျက်ရှိကြောင်း တွေ့မြင်နိုင်ဖို့ရန် ကျွန်ုပ်တို့စိတ်နှလုံးထဲသို့ဘုရားသခင်၏နှုတ်ကပတ်တော်ထိုးဖောက်ဝင်ရောက်လာရမည်ဖြစ်သည်။ ခါးသီးခြင်းသည် မည်သည့်အခါမျှမှန်ကန်သည်ဟူ၍မရှိပေ။အစဉ်အမြဲမှားယွင်းတတ်သည်။ ဘုရားသခင်၏လက်တုံ့ပြန်ခြင်းကို ကျွန်ုပ်တို့လက်ဦးယူခြင်းသည်လည်း မှားယွင်း၏။ အသက်တာပြောင်းလဲခြင်းမရှိလျှင် မိမိတို့၏အိမ်ထောင်မိသားစုထဲသို့ ကြောက်မက်ဖွယ်ကောင်းသည့်အကျိုးဆက်များ ရောက်ရှိလာနိုင်ကြောင်း ဝန်ခံသိမှတ်ကြရမည်။ ဒုက္ခပြဿနာသည် လူတစ်ဦးဦးသမ္မာတရားဘက်သို့ကူးပြောင်းလာဖို့ရန် ဘုရားသခင်၏ကိရိယတန်ဆာပလာတစ်ခုဖြစ်သည်။

## ၁။ ကျွန်ုပ်တို့သည် သဘောထားကြီးစွာဖြင့် ခွင့်လွှတ်ရမည်ဟု ယေရှုမိန့်ဆို၏။

*"ထိုအခါပေတရုသည် ချဉ်းကပ်၍ သခင်ညီအစ်ကိုသည် အကျွန်ုပ်ကိုပြစ်မှား၍ အကျွန်ုပ်သည် သူ၏အပြစ်ကို ဘယ်နှစ်ကြိမ်လွှတ်ရပါအံ့နည်း။ ခုနစ်ကြိမ်မြောက်အောင်လွှတ်ရပါအံ့လောဟုမေးလျှောက်သော် ယေရှုက ခုနစ်ကြိမ်မြောက်အောင်လွှတ်ရမည်ငါဆို၏"(မဿဲ ၁၈: ၂၁-၂၂)။*

ကျွန်ုပ်တို့သည် လူအပေါင်းတို့အား အမြဲခွင့်လွှတ်ရမည်။ လူတို့သည် အခြေအနေပေါ်မူတည်ပြီး ခွင့်လွှတ်တတ်ကြ၏။ ဘုရားသခင်၏အမိန့်တော်ကား ခွင့်မလွှတ်နိုင်သောသူမရှိစေရ၊ လူအပေါင်းတို့ကိုခွင့်လွှတ်ရမည်ဟု မိန့်ဆိုခြင်းဖြစ်သည်။ ကျွန်တော်သည် လူတို့ကိုသဘောထားကြီးကြီးဖြင့်ချစ်ရမည်။ ထိုသို့သောချစ်ခြင်းဖြင့် လုံလောက်မှုမရှိလျှင် ခြေလှမ်းတစ်လှမ်းတက်လှမ်းဖို့ လိုအပ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်သံတမန်များဖြစ်သောကြောင့် ကိုယ်တော်၏ကရုဏာနှင့်မေတ္တာတရားကို လောကလူသားတို့ထံသို့ဝေမျှရန် ရွေးကောက်ခံသောသူများဖြစ်ကြသည်။

*"ဘုရားသခင်သည် ခရစ်တော်အထဲ၌ ရှိနေလျက် လောကီသားတို့၏အပြစ်များကိုမှတ်တော်မမူ။ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့်မိသာဟာယဖွဲ့စေတော်မူ၏။ ထိုမိသာဟာယတရားကိုလည်း ငါတို့၌ အပ်ပေးတော်မူ၏" (၂ ကော၊ ၅:၁၉-၂၀)။*

ခွင့်လွှတ်ခြင်းဆိုသည်မှာ တစ်စုံတစ်ဦးသည် တစ်စုံတစ်ရာအမှားမပြုသည့်အတွက် ခွင့်လွှတ်ခြင်းမျိုးမဖြစ်သင့်ပေ။ လူတိုင်းအမှားနှင့် မကင်းကြပေ။ သို့သော် ခြားနားချက်ရှိ၏။ ယေရှုက အမှားအတွက် လက်တုံ့ပြန်မှုမပြုရဟုမိန့်ဆို၏။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုခွင့်လွှတ်သောကြောင့် ကျွန်ုပ်တို့လည်း ခွင့်လွှတ်ခြင်းရှိရမည်။ သူတပါးကို ခွင့်လွှတ်ခြင်းအားဖြင့် ယေရှုပြုသည့်အတိုင်း သင့်အသက်တာမှတဆင့် ဘုရားသခင်၏ကျေးဇူးတရား ကြီးကြီးမားမားလုပ်ဆောင်ရန်အခွင့်ပေးခြင်းဖြစ်သည်။ ခွင့်လွှတ်ခြင်းတစ်ခုတည်းသာလျှင် အိမ်ထောင်ရေး၌ ပြင်းထန်သောခါးသီးခြင်းနှင့်နာကြည်းဖွယ်ပြဿနာများအတွက် အမုန်တကယ်မျှော်လင့်ချက်ပေးစွမ်းနိုင်သည်။

ဇနီးမောင်နှံတို့သည် ပြုမိသည့်အမှားများအတွက် အမြဲခွင့်လွှတ်ကြရမည်။ ခွင့်မလွှတ်နိုင်သည့်အနေအထားဟူ၍မရှိရ။သင့်ခင်ပွန်းသည် ကြမ်းတမ်းသည်ဖြစ်စေ၊ တစ်ကိုယ်ကောင်းဆန်သည်ဖြစ်စေ သူ့ကိုအမြဲခွင့်လွှတ်ရမည်။ အကြောင်းမူကား ခရစ်တော်သည် အဆိုးရွားဆုံးသောသင့်အပြစ်မှန်သမျှကိုခွင့်လွှတ်သောကြောင့်ဖြစ်သည်။ယခုပင်လျှင် ခွင့်လွှတ်ရန်လိုအပ်သမျှကိုခွင့်လွှတ်ရမည်။

## ၂။ ဘုရားသခင်သာလျှင် လက်တုံ့ပြန်ခွင့်ရှိသည်ဟု ကျမ်းစာဖော်ပြ၏။

*"ချစ်သူတို့၊ သူတပါးသည် သင်တို့ကိုပြစ်မှားလျှင် ကိုယ်တိုင်အပြစ်ပြန်၍ မတုံ့ပြန်ကြနှင့်။ အမျက်တော်ကို အခွင့်ပေးကြလော့။ ကျမ်းစာလာသည်ကား ငါသည် အပြစ်တရားကိုစီရင်ပိုင်၏။ အပြစ်အလျောက် ငါဆပ်ပေးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏"(ရော၊ ၁၂:၁၉)။*

လူသည် တရားမျှတမှုကို ဖြန့်ဖြူးရန် ကြိုးစားသောအခါ အပြစ်တင်စရာများကသာ ပို၍များလာတတ်သည်။ ကိုယ်တိုင်လက်တုံ့ပြန်ခြင်းသည် ဘုရားသခင်၏တရားစီရင်ခြင်းနှင့်မသက်ဆိုင်ပေ။ဘုရားသခင်သည ကျွန်ုပ်တို့အပေါ် ပြစ်မှားသောသူများကိုခွင့်လွှတ်ရန် သွန်သင်ထားသည်။ ဘုရားသခင်ကိုယ်တိုင် မှန်ကန်သောတရားစီရင်ခြင်းကို ပြုပါလိမ့်မည်။ ကိုယ်တော်သည် တရားမျှတမှုရှိသောတရားသူကြီးဖြစ်၍ တရားစီရင်ခြင်းကို အပြည့်အဝကျင့်သုံးလိမ့်မည်။ ပေါလုက *"အဘယ်သူကိုမျှ ရန်တုံ့မမူကြနှင့်"* ဟု ဖော်ပြသည် (ရော၊ ၁၂:၁၇)။ ထို့ကြောင့် ကျွန်ုပ်တို့သည် သူတပါးကိုချစ်ရန်နှင့်ဘုရားသခင်

၏ကျေးဇူးတရားကိုပြသရန် တာဝန်ဝတ္တရားရှိသူများဖြစ်ကြသည်။ အချိန်ကုန် လုနီးပြီဖြစ်သောကြောင့် ကျွန်ုပ်တို့သည် အလုပ်ကိုအာရုံစူးစိုက်ကြရမည်။

ကျွန်ုပ်တို့သည် ထိမ်းမြားခြင်း၌ တသားတကိုယ်တည်းဖြစ်ကြ၏။ အကယ်၍ ကျွန်ုပ်တို့သည် မိမိတို့၏ခင်ပွန်းကို တရားစီရင်ပါက မိမိတို့၏ခင်ပွန်းကိုရန်သူဟု မှတ်ယူသောသူများဖြစ်ကြ၏။ ကျွန်ုပ်တို့ခင်ပွန်းသည် ဘုရားသခင်၏တရားစီရင်ခြင်းနှင့်ထိုက်တန်၏။ သို့သော် တရားစီရင်ခြင်းဆိုသည်မှာ ကျေးဇူးတော်ကာလကုန်ဆုံးသောအချိန်ကိုခေါ်၏။ ဘုရားသခင်သည် မိမိတို့အိမ်ထောင်ဖက်အပေါ်၌ ကျေးဇူးတရားပေးရမည့်အကြောင်း ဘုရားသခင်ထံအသနားခံတောင်းလျှောက်ရမည်။ လက်တုံ့ပြန်ခြင်းသည် ယေရှု၏လမ်းစဉ်မဟုတ်။ ၎င်းကို လက်တုံ့ပြန်ရန် ငြင်းဆိုခဲ့သည် (ယော၊ ၃:၁၇ ဖတ်ရန်)။

**၃။ ဘုရားသခင်က သနားစုံမက်ခြင်း၊ ခွင့်လွှတ်ခြင်းနှင့်ချစ်ခြင်းမေတ္တာကို ယူတင်ဝတ်ဆင်၍ မုန်းတီးခြင်းနှင့်အသရေပျက်အောင်ပြောဆိုခြင်းတို့ကို ချွတ်ပယ်ရန် ကျွန်ုပ်တို့အား ဆင့်ဆို၏။**

*"ထို့ကြောင့် သင်တို့သည် ဘုရားသခင်ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူကဲ့သို့သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်တို့ကို ယူတင်ဝတ်ဆောင်ကြလော့။ တယောက်၌တယောက် အပြစ်တင်ခွင့်ရှိလျှင် အချင်းချင်းသည်းခံ၍ အပြစ်ကိုလွှတ်ကြလော့။ ခရစ်တော်သည် သင်တို့အပြစ်ကို လွှတ်တော်မူသကဲ့သို့ ထိုနည်းတူပြုကြလော့"(ကော၊ ၃:၁၂-၁၃)။*

*ယခုမူကား ထိုအမှုအလုံးစုံတို့ကိုငင်း၊ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ မနာလိုခြင်း၊ သူ့အသရေပျက်အောင်ပြောဆိုခြင်း၊ ညစ်ညူးစကားကိုသုံးခြင်းတို့ငင်း သင်တို့နှုတ်မှပယ်ရှင်းကြ လော့(ကော၊ ၃:၈)။*

ကျွန်ုပ်တို့သည် မုန်းတီးခြင်းကို တဏှာတာမျှပွေ့ဖက်စရာမလိုပေ။ ကျွန်ုပ်တို့သည် ကျေးဇူးတရားအားဖြင့် ဖွားမြင်ခြင်းခံရသည့်ဘုရားသခင်၏လူများဖြစ်ကြသည်။ ခရစ်တော်သည် ကျွန်ုပ်တို့အားဖြင့် အမှုပြုလျက်ရှိ၏။ ထို့ကြောင့် ကျေးဇူးတရားတိုးချဲ့ခြင်းအပေါ်၌ ကျွန်ုပ်တို့အာရုံစူးစိုက်ရပါမည်။ ခွင့်လွှတ်ခြင်းကို ကျွန်ုပ်တို့ရရခံစားသကဲ့သို့ သူတပါးကိုလည်း ကျွန်ုပ်တို့ခွင့်လွှတ်ကြရမည်။

အိမ်ထောင်ပြုခြင်းသည် ဘုရားသခင်၏မေတ္တာကရုဏာကို ပြသဖို့ရန် ကျွန်ုပ်တို့အား အခွင့်ထူးများစွာပေးခြင်းဖြစ်သည်။ အိမ်ထောင်ပြုခြင်းသည် ကောင်းကင်ဘုံရှိတော်မူသောခမည်းတော်ဘုရားသခင်နှင့်တူအောင် ကျွန်ုပ်တို့ကိုလေ့ကျင်သင်ကြားသည့်နေရာလည်းဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့လိုအပ်ချက်ဖြစ်သည့် မေတ္တာတရားနှင့်ကရုဏာတရားတို့ကို နံနက်တိုင်း သခင်

ဘုရားထံ၌ တောင်းခံကြရမည်။ ထိုမေတ္တာတရားနှင့်ကရုဏာတရားကို တနေ့လုံးဖြန့်ဝေကြရမည်ဖြစ်သည်။

## ၄။ ကျွန်ုပ်တို့သည် ဖိနှိပ်ညှင်းဆဲခြင်းကို ခံရစဉ်ပင်လျှင် ဘုရားသခင်ကို ယုံကြည်ကိုးစားရမည်။

*"ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ယှက်ညှင်းဆဲခြင်းကိုခံရသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏။ထို့ကြောင့် သင်တို့ကိုကဲ့ရဲ့ညှဉ်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာတင်ကြသောအခါ သင်တို့သည်မင်္ဂလာရှိကြ၏။ ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့။ အကြောင်းမူကား ကောင်းကင်ဘုံ၌ သင်တို့၏အကျိုးကြီးလှပေ၏။ သင်တို့ရှေ့က ပေါ်ထွန်းသောပရောဖက်တို့ကို ထိုနည်းတူညှဉ်းဆဲကြ၏" (မ၊ ၅:၁၀-၁၂)။*

တခါတရံ ကျွန်ုပ်သည် သူတပါး၏ဆိုးရွားစွာ ပြုမူဆက်ဆံမှုကြောင့် ကိုယ်တိုင်အပြစ်လက်တုံ့ပြန်ရန် ဖြားယောင်းသွေးဆောင်ခြင်းကို ခံတတ်ကြ၏။ သို့သော် ကျွန်ုပ်တို့သည် သူတပါးအား အမြဲချစ်ရန် မိန့်မှာခြင်းကိုခံရသောသူများဖြစ်ကြသည်။ အချင်းချင်းချစ်ကြရန် ကြွေးတင်သောသူများလည်းဖြစ်ကြသည်။ သူတပါးသည် ငါတို့အား ပြစ်မှားသောအခါ ဘုရားသခင်သည် သူ၏အချိန်ခါတိုင်း တရားစီရင်ပါလိမ့်မည်။ ခရစ်တော်သည် ဖိနှိပ်ညှင်းဆဲခြင်းအကြောင်းနှင့်စပ်လျဉ်း၍ လောကီလူသားများ မြင်သကဲ့သို့မမြင်ဘဲ လုံးဝခြားနားသောလမ်းစဉ်ကို ကျွန်ုပ်တို့အား ပေးအပ်၏။ ကျွန်ုပ်တို့ကို မုန်းတီးသောသူများအားချစ်ခြင်းမေတ္တာအားဖြင့် တုံ့ပြန်လျှင် ထိုမကောင်းသောအကြံသည် အထမြောက်မည်မဟုတ်ပေ။

ကျွန်ုပ်တို့သည် ခါးသီးခြင်းကို ကောင်းကြီးမင်္ဂလာအဖြစ်သို့ပြောင်းလဲနိုင်သည့်အခွင့်ထူးကို ရရှိခံစားကြသူများဖြစ်ကြသည်။ ခါးသီးခြင်းကြောင့် ဘုရားသခင်၏ကျေးဇူးတရားကို တားဆီးသောသူမဖြစ်ဘဲ ခွင့်လွှတ်ခြင်းတရားကိုပြသသောသူဖြစ်ရမည်။ ခင်ပွန်း၏မာကျောသောနှလုံးသားကို အရည်ပျော်စေရန် အကောင်းဆုံးလက်နက်ကား ခွင့်လွှတ်ခြင်းပင်ဖြစ်သည်။ အောက်ပါကျမ်းချက်သည် ရန်သူအပေါ်၌ ခါးသီးခြင်းဖြင့် လက်တုံ့ပြန်ခြင်း မဟုတ်ဘဲ မေတ္တာအားဖြင့် လက်တုံ့ပြန်ရန် သွန်သင်ထားသည့်ကျမ်းချက်ဖြစ်သည်။

*"ထို့ကြောင့် သင်၏ရန်သူသည် မွတ်သိပ်လျှင် လုပ်ကျွေးလော့။ ရေငတ်လျှင် သောက်စရာကိုပေးလော့။ ထိုသို့ပြုလျှင် သူ၏ခေါင်းပေါ်၌ မီးခဲကိုပုံထားလိမ့်မည်။ အဆိုးအားဖြင့် အရှုံးမခံနှင့်။ အကောင်းအားဖြင့် အဆိုးကိုနိုင်လော့"(ရော၊ ၁၂: ၂၀-၂၁)။*

ဇနီးမောင်နှံကြား၌ ရန်ငြိုးထားခြင်းရှိသော်လည်း ဘုရားသခင်သည် အကောင်းဆုံးကုသပေးနိုင်သည်။ ကျွန်ုပ်တို့သည် ပထမဦးဆုံး ခွင့်လွှတ်ရန်ဖြစ်သည်။ ခွင့်လွှတ်ခြင်းရှိမှသာ နောက်ခြေလှမ်းကို ဆက်လှမ်းနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ချစ်ဖို့ရန် မတန်သောခင်ပွန်းကို မေတ္တာဖြင့် ထိတွေ့ဆက်ဆံရမည်။ ယောက်ျားသည် မိမိမယားကို ရိုက်တတ်သောကြောင့် သနားစုံမက်ရန် မတန်သော်လည်း ထိုက်တန်သောသူကဲ့သို့ ခွင့်လွှတ်ဆက်ဆံရမည်။ ခက်ခဲသောအနေအထားများ၌ မေတ္တာပြသရသောအခွင့်ထူးရရှိသည့်အတွက် ဝမ်းမြောက်ရမည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့သောအချိန်များ၌ ခွင့်လွှတ်၍ မေတ္တာပြနိုင်ခြင်းသည် ဘုရားသခင်အားဖြင့်ဖြစ်သောကြောင့်တည်း။

## ဂ။ ခါးသီးသောနှလုံးသားကို သုတ်သင်ရန် အဆင့်များ

ခါးသီးခြင်း၏အမြစ်ကို ချေမှုန်းဖျက်ဆီးခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော် သမ္မာတရားအားဖြင့်သာလျှင် ရနိုင်သည်။ ကျွန်ုပ်တို့၏အသိတရားစိတ်ထဲသို့ ဘုရားသခင်၏သမ္မာတရားကို ရိုက်သွင်းလိုက်သောအခါ ဘုရားသခင်၏ဝိညာဉ်သည် ဆက်လက်နားလည်စေမည်ဖြစ်သည်။ အစပိုင်း၌ မာနထောင်လွှားနိုင်သေးသော်လည်း ဆက်လက်ဆုတောင်းလျှင် ပြန်လည်သင့်မြတ်ခြင်းရရှိရန် လမ်းစပေါ်လာမည်ဖြစ်သည်။ ဤအကြောင်းအရာကို အခြေအနေနှစ်ရပ်ဖြင့် စဉ်းစားကြပါစို့။ ၎င်းတို့မှာ နူးညံ့ပျော့ပျောင်းသောခါးသီးခြင်းနှင့်အစွန်းရောက်သောခါးသီးခြင်းဟူ၍ဖြစ်ပါသည်။

## ၁။ နူးညံ့ပျော့ပျောင်းသောခါးသီးခြင်း

ခါးသီးခြင်း၏မျိုးစေ့သည် ကြဲပြီးဖြစ်၍ အမြစ်လည်း စပေါက်နေပြီဖြစ်သည်။ ထို့ကြောင့် ၎င်းကို မနှုတ်ယူပစ်ပါက ကြီးထွား၍ အားကောင်းသောအပင်ဖြစ်လာမည်။ ဟေဗြဲ ၁၂:၁၅ ၌လေ့လာပြီးသည့်အတိုင်း အထဲ၌ရှိနှင့်နေပြီဖြစ်သောခါးသီးခြင်း ပမာဏအတိုင်း မေတ္တာဖော်ထုတ်ရန် လိုအပ်ပါသည်။ ထိုသို့မပြုပါက အိမ်ထောင်ရေးသည် မေတ္တာတရား၌ဖြစ်စေ၊ ခွေးထွေးမှု၌ဖြစ်စေ အလျင်အမြန်ယုတ်လျော့ကျဆင်းသွားမည်ဖြစ်သည်။

ဤအချိန်၌ ဇနီးမောင်နှံတို့အတွက် ဆွေးနွေးတိုင်ပင်ရန် အခွင့်အရေးရှိသေး၏။ ခါးသီးခြင်းသည် သူတို့၏စိတ်နှလုံးထဲသို့ အပြည့်အဝရောက်ရှိခြင်းမဟုတ်သေးဘဲ အနည်းငယ်သာနေရာယူသေး၏။ ထို့ကြောင့် ခါးသီးခြင်း၏မျိုးစေ့ကိုရှာဖွေသုတ်သန့်ဖို့ လိုအပ်သည်။ အပြစ်တင်ခြင်းနှင့် စိတ်ထားမှားယွင်းမှုတို့သည်လည်း ခါးသီးခြင်းကိုဖြစ်ပေါ်စေတတ်သည်။

ခင်ပွန်းသည် စကားမပြောဘဲငြိမ်နေသောအခါ အဘယ်အမှုဖြစ်နေသည်ကိုသိရှိဖို့ လိုအပ်ပါသည်။ ထိုသို့ဖြစ်စေသော ခါးသီးခြင်း၏မျိုးစေ့ကို

သတိကြီးစွာဖြင့် နူတ်ယူဖို့ လိုအပ်သည်။ ၎င်းကို အမြန်မကုသပါက ခင်ပွန်း အတွက် ထိုသို့တိတ်တဆိတ်ခံစားလျက် စိတ်ရောဂါသည်ဖြစ်လာနိုင်သည်။ အကယ်၍ မိတ်ဆွေ၏ခင်ပွန်းသည် အေးတီအေးစက်သမားဖြစ်၍ သီးခြားနေ လိုသည်ကို မိတ်ဆွေသိရှိလျှင် ဘာကိုလုပ်ဆောင်ရမည်နည်း။

## သင့်အမှားကို ရှာဖွေစစ်ဆေးပါ

ပထမအနေနှင့် သင့်အမှားကို သိရှိနိုင်ဖို့ရန် သခင်ဘုရားကို ဆု တောင်းမေးမြန်းပါ။ သင့်နှလုံးသားထဲ၌ ကိုယ်တော်ဖွင့်ပြထားသောအရာကို ကောင်းကောင်းနားစွင့်ပါ။ ထိုအခါ သင့်ခင်ပွန်းအား သင့်အမှားကို ငြိမ်ငြိမ်သာ သာမေးမြန်းနိုင်လိမ့်မည်။

## ဖြေရှင်းစရာကို အိပ်ရာမဝင်မီ ဖြေရှင်းပါ

*"အမျက်ထွက်ရာတွင် အပြစ်မရှိစေနှင့်။ အမျက်မပြေဘဲနေမဝင် စေနှင့်" (ဧ ၄:၂၆-၂၇)။*

ကျမ်းစာသည် အလွန်ရှင်းလင်းပါ၏။ သာမန်အမျက်ထွက်ခြင်းပင် လျှင် အလျင်အမြန်မကိုင်တွယ်ပါက ခါးသီးခြင်းဖြစ်သွားနိုင်သည်။ ကျွန်တော် လည်း နေ့စဉ်မိမိ၏ဒေါသကို ထိန်းချုပ်နေရပါသည်။ အမျက်ဒေါသ၏ရည်ရွယ် ချက်ကား တစ်စုံတစ်ရာကို အလျင်အမြန်ပြုရန် ကျွန်ုပ်တို့စိတ်ကိုနှိုးဆွ ပေး၏။ အကယ်၍ ကျွန်တော်သည် လူတစ်ဦးနှင့် ဖြစ်ပျက်သည့်ပြဿနာကို ဖြေရှင်း ရန် နောက်ကျခဲ့လျှင် ခါးသီးခြင်းသည် အမြစ်တွယ်လာမည်ဖြစ်သည်။

ကျွန်ုပ်တို့ဇနီးမောင်နှံသည် အိပ်ရာဝင်၍အိပ်မောမကျမီ စကားစ မြည်များကို ဆွေးနွေးတိုင်ပင်တတ်ကြ၏။ နားလည်လွဲမှုရှိခဲ့သည့်အရာများကို ခွင့်လွှတ်ခြင်းနှင့်မေတ္တာတရား မျှဝေခြင်းအားဖြင့် အစားထိုးကြသည်။ နှစ်ဦးစ လုံးပြုမိသည့်အမှားများအတွက်လည်း နောက်ထပ်တစ်ခါ မမှားရလေအောင် ဆုံးဖြတ်ချက်ချကြ၏။ အိပ်ရာမဝင်မီ ဆွေးနွေးတိုင်ပင်ခြင်းသည် ကျွန်ုပ်တို့ဇနီး မောင်နှံအတွက် ဘုရားသခင်ပြုပေးသောပြန်လည်သင့်မြတ်ခြင်းကို ရရှိသည့် နေရာဖြစ်ပါသည်။

ခါးသီးခြင်းသည် တစ်ညတည်း၌ပင် အမြစ်တွယ်၍ စတင်ကြီးထွား နိုင်သည်။ ဒုစရိုက်အပြစ်ကျူးလွန်ခြင်းသည် မိမိတို့စိတ်နှလုံးထဲ၌ စာတန်လုည့် ကွက်ကစားရန် အခွင့်အရေးပေးခြင်းပင်ဖြစ်သည်။ အပြစ်တရားသည် ဘုရား သခင်နှင့်သမ္မာတရားအပေါ်၌ အာရုံစူးစိုက်ခြင်းမပြုနိုင်ရန် အတားအဆီးဖြစ် သည်။ထိုအပြစ်တရားကို ဖြေရှင်းကိုင်တွယ်ခြင်းမပြုမချင်း ကျွန်ုပ်တို့သည် စာ တန်အတွက်တံခါးဖွင့်နေဆဲဖြစ်သည်။ ထိုသို့ဖြင့် စာတန်သည် ရိုးသားမှုမရှိ

သောဖြားယောင်းသွေးဆောင်ခြင်းများနှင့်တကွဝင်လာ၍ ကျွန်ုပ်တို့အိမ်ထောင်ကိုဖျက်ဆီးတတ်၏။

## တောင်းပန်မည့်အချိန်ကို မစောင့်ဘဲခွင့်လွှတ်ပါ

သင့်ခင်ပွန်း၏တောင်းပန်ခြင်းကို မစောင့်ဘဲခွင့်လွှတ်ရမည်။ အပြစ်ရှိသောသူက ဝန်ချတောင်းပန်ခြင်းသည် အလွန်ကောင်းမွန်သောအရာဖြစ်သည်။ သို့သော် မတောင်းပန်နိုင်သောသူများကိုလည်း အပြစ်မမြင်ဘဲ ခွင့်လွှတ်ရန်လိုအပ်သည်။ ခရစ်ယာန်များစွာတို့သည် မိမိတို့၏စိတ်နှလုံး၌ရှိသည့် ရာဇဝတ်မှုကို အချိန်ကြာမြင့်စွာသိမ်းထားကြ၏။ ထိုသို့သိမ်းထားသောကြောင့် သူတပါးနှင့် ဆက်ဆံရာတွင် အဆင်ပြေခြင်းမရှိနိုင်ပေ။ အကယ်၍ ကျွန်ုပ်တို့ ခင်ပွန်းသည် မေတ္တာတရားအတိုင်း အသက်မရှင်နိုင်ပါကလည်း အသာလေး နေရမည်။ ထိုသို့မနေနိုင်ပါက တောင်းပန်ခြင်း/ခွင့်လွှတ်ခြင်းကို တရားလမ်းစဉ်အတိုင်း လုပ်ဆောင်သင့်သည်။

ခင်ပွန်းသည် ခွင့်လွှတ်ရန် မတောင်းပန်သည့်တိုင်အောင် စိတ်နှလုံးထဲ၌ ခွင့်လွှတ်ရမည်။ သင့်ကို ကျွန်တော်ခွင့်လွှတ်သည်ဟု မပြောသည့်တိုင်အောင် သူ့ကိုခွင့်လွှတ်ပြီးဖြစ်ကြောင်း သခင်ဘုရားအားပြောပြရမည်။ ထိုသို့ ခွင့်လွှတ်ပြီးဖြစ်သောကြောင့် မိမိတို့၏မေတ္တာကိုပြသရန် လမ်းကြောင်းရှာဖွေရမည်။ ထိုသူအပေါ်၌ ကောင်းချီးမင်္ဂလာကျရောက်နိုင်ဖို့ရန် မိမိတို့၏ခွင့်လွှတ်ခြင်းကို ဆုတောင်းခြင်းဖြင့် အမြဲတံဆိပ်ခတ်နိုင်ပါသည်။

## သိမ်မွေ့စွာ ရင်ဆိုင်ပါ

ပြဿနာ၏ပြင်းထန်မှုကို ခင်ပွန်းသည် သိရှိနားလည်ခြင်းမရှိမချင်း သိမ်မွေ့စွာကိုင်တွယ်ရမည်ဟူသောအရာသည်မလွယ်ကူပေ။ အမှားပြုသောသူသည် ပြစ်မှုကျူးလွန်သောသူဖြစ်၍ ကာကွယ်ပြောဆိုတတ်၏။ ကျူးလွန်ခြင်းကိုခံသောသူသည်လည်း မိမိသည် မှန်ကန်သည်ဟုစဉ်းစားလျက်တတ်၏။ ဤပြဿနာကို မည်သူက ဖြေရှင်းရမည်နည်း။ ပြဿနာကို နားလည်သောသူကအစပြုရမည်။ ၎င်းသည် ကင်ဆာကဲ့သို့အချိန်မီကုသလျှင် စောစီးစွာသက်သာမည်ဖြစ်သည်။

အပြစ်ကျူးလွန်သောသူသည် ထိုပြဿနာကို ဖြေရှင်းလိမ့်မည်မဟုတ်။ ထိုသို့သောပြဿနာများကို ရင်ဆိုင်ဖြေရှင်းသောအခါ သတိထားဖို့ လိုအပ်သည်။ ၎င်း၏ဖြစ်စဉ်၌ ဆုတောင်းခြင်းနှင့်နှိမ့်ချခြင်းရှိနေရမည်။ မည်သည့်အခါမျှ "သင်လုပ်တာ....."ဟု စတင်မပြောဆိုပါရ။

ထိုပြဿနာကို ရင်ဆိုင်ဖြေရှင်းသောအခါ သင်၏အပြုအမူကြောင့် တဘက်လူ၏စိတ်နှလုံး၌ ထိခိုက်နာကျင်စေမည့်စကားလုံးများကိုမသုံးဘဲ "ဒီမ

နက် ကျွန်တော့်အပြောအဆိုကြမ်းမိသည့်အတွက် တစိတ်လောက်ဆွေးနွေး လို့ရမလား”ဟူ၍ အစပြုသင့်သည်။

ကျွန်ုပ်တို့၏ဆက်ဆံရေး ပြေလည်စေရန်အတွက် အချိန်စောင့်ဆိုင်း စရာမလိုဘဲ ဖြစ်ပျက်သည့်အခြေအနေမှ အစပြုရန်လိုအပ်သည်။ ဤအချိန်၌ ချစ်ခြင်းမေတ္တာအားဖြင့် ပြုမူဆက်ဆံရန် အလွန်အရေးကြီးသည်။ ကျွန်ုပ်တို့ သည် သူတပါးကို စွပ်စွဲနေသူမဟုတ်ဘဲခွန်အားပေးနေသူဖြစ်ရမည်။ပြုခဲ့သည့် အမှားအတွက် တောင်းပန်ရန် အသင့်ဖြစ်ရမည်။

## ကြင်နာစွာဆွေးနွေးပါ

ကျွန်ုပ်တို့သည် အပြုသဘောဆောင်၍ စကားစမြည်ပြောဆိုရမည်။ မိမိတို့အမှန်တကယ် စဉ်းစားသောအရာနှင့်လုပ်ဆောင်သောအရာများကိုသာ ပြောဆိုရမည်။ တစ်ဦးကိုတစ်ဦး အပြစ်မတင်မိရန် သတိပြုရမည်။ သူတို့နှစ် ဦးထဲမှတစ်ဦးက “ဤအကြောင်းအရာကိုမေ့ပစ်လိုက်ရင် ပိုမကောင်းဘူးလား” ဟု ပြောဆိုလေ၏။ အကယ်၍ သင့်ခင်ပွန်းသည် အပြစ်တင်နေသေးလျှင် ကိုင် တွယ်ဖို့ လိုအပ်လာသည်။

အကယ်၍ ဇနီးမောင်နှံတို့သည် ငြင်းခုံနေသေးလျှင် မိမိတို့စိတ်နှလုံး ထဲ၌ မဖြေရှင်းသေးသည့်အကြောင်းအရာများရှိနေသေးသောကြောင့်ဖြစ်မည်။ ထိုသို့သောအနေအထား၌ ပဋိပက္ခအလွယ်တကူဖြစ်လာနိုင်သည်။ မစွပ်စွဲပါ နှင့်။ မိတ်ဆွေကဲ့သို့ဆက်ဆံပါ။ သင်သည် သင့်ကိုသင်မှန်အောင် အားထုတ် နေခြင်းမဟုတ်ဘဲ သူတပါးနှင့်ငြိမ်းချမ်းအောင် ပြုနေခြင်းဖြစ်သည်။

## အချိန်ပေးပါ

ကျွန်ုပ်တို့၏ခင်ပွန်းကို ချောင်ပိတ်မပြောပါရ။ ဘုရားသခင်၏ဝိညာဉ် သည် ကျွန်ုပ်တို့၏အပြစ်ကိုဖော်ပြပေး၏။ ဘုရားသခင်၏အလုပ်ကို လွှဲယူခြင်း (လုယူခြင်း)မပြုပါနှင့်။ ဖြစ်နိုင်သမျှဆွေးနွေးပြီး ဆုတောင်းရမည်။ အကယ်၍ ထိုသူသည် ခုခံကာကွယ်လာပါက သင်၏ဆွေးနွေးခြင်းအစီအစဉ်ကို ပြောင်းပါ သို့မဟုတ် နောက်ရက်ကျမှပြန်လာလိုက်ပါ။

## ဝန်ချတောင်းပန်ပြီး ခွင့်လွှတ်ပါ

ပြောဆိုမိသည့်/ပြုမိသည့်အမှားအတွက် တောင်းပန်၍ ခွင့်လွှတ် ခြင်းကိုတောင်းခံရမည်။ ဥပမာ “နေ့လည်တုန်းက ငါမင်းကို ရိုင်းရိုင်းပျပျပြော ဆိုမိတယ်။” ဒါမဖြစ်သင့်ဘူး။ ငါ့ကို ခွင့်လွှတ်ပါ”လို့ပြောဆိုရမည်။ မပြီးသေးပါ ဘူး၊ သခင်ဘုရားကိုလည်း တောင်းပန်ဖို့ လိုအပ်သည်။ အကယ်၍ လင်မယား နှစ်ဦးစလုံးမှားယွင်းကြပါက ယောကျ်ားက အရင်တောင်းပန်ရမည်။ အကယ်၍

ခင်ပွန်းတစ်ဦးသည်လည်း စိတ်နှလုံးခိုင်မာနေလျှင် နှိမ့်ချသောသူက အရင်အစပြုရမည်။

ကျွန်ုပ်တို့သည် မိုက်မဲစွာ ခေါင်းမာနေစရာမလိုဘဲ အမြန်ဆုံးလုပ်ဆောင်ရမည်။ အရင်ဆုံးတောင်းပန်သောသူသည် ဘုရားသခင်က ရှင်းပေးသည့်အတွက် ဝမ်းမြောက်ခြင်းကိုခံစားမည်။ ထိုသူ၏စိတ်နှလုံးသည် စင်ကြယ်ခြင်းကိုရရှိ၏။ထိုအချိန်မှစ၍ သူ့ခင်ပွန်းအတွက် ဆုတောင်းနိုင်ပြီ။ခွင့်လွှတ်ခြင်းကိုရရှိသောသူသည် ဆက်လက်ပြီး သတိထားရမည့်အရာရှိသည်။ ၎င်းမှာ တစ်ဘက်က သူ့ခင်ပွန်းသည်က တောင်းပန်ရန်လိုလားမှုမရှိသောကြောင့်ဖြစ်သည်။ တဘက်ကလူ ခွင့်မလွှတ်သည့်တိုင်အောင် ကျွန်ုပ်တို့သည်ခွင့်လွှတ်မည်ဆိုလျှင် စာတန်သည် သင်၏ကြိုးထွားခြင်းဖြစ်စဉ်ကို ဟန့်တားနိုင်မည်မဟုတ်။ တစ်ဘက်လူက ခွင့်လွှတ်ဖို့ရန် တောင်းပန်ခြင်းမရှိသော်လည်းကျွန်ုပ်တို့အနေဖြင့် ထိုသူတို့ကိုခွင့်လွှတ်ရမည်။

## ၂။ အစွန်းရောက်သော ခါးသီးခြင်း

ကျွန်ုပ်တို့ပြောဆိုဆွေးနွေးခဲ့သည့် နူးညံ့ပျော့ပျောင်းသောခါးသီးခြင်းကဲ့သို့ပင်အစွန်းရောက်သောခါးသီးခြင်းလည်းဖြစ်၏။ အခြားသတိပြုဖို့ရန် လိုအပ်သောအကြောင်းအရာများလည်းပါဝင်သည်။ နှစ်ပေါင်းများစွာအမြစ်တွယ်လာသောခါးသီးခြင်းကို အလွယ်တကူဆွဲနှုတ်ရန် မဖြစ်နိုင်ပေ။ အကောင်းဆုံးကိုင်တွယ်ခြင်းသည် အောက်ပါအတိုင်းဖြစ်သည်။

## ဘုရားသခင်သည် ငါတို့နှင့်အတူရှိသည်ဟူသော မျှော်လင့်ချက်၌ အမြဲသတိပြုပါ

ဘုရားသခင်တတ်နိုင်သည်ဟု အမြဲမျှော်လင့်ပါ။ မဖြစ်နိုင်သောအခြေအနေရှိသည်ဟု မပြောသင့်ပါ။ ကျွန်တော်လည်း ခါးသီးခြင်းအားဖြင့် ချုပ်နှောင်ထားခြင်းခံရသောလူတို့အပေါ်၌ ဘုရားသခင်ပြုသည့်အံ့သြဖွယ်နှစ်ခုကိုတွေ့မြင်ခဲ့သည်။ တစ်ဦးသည် အချိန်ကြာကြာ စိတ်ရောဂါခံစားနေသူဖြစ်သည်။ အခြားတစ်ဦးမှာ နာမည်ကြီးအတွေးအခေါ်ပညာရှင်ဖြစ်သည်။ ထိုသူ၏မာနသည် မိုးကောင်းကင်ကဲ့သို့မြင့်၏။ သို့သော်လည်း အများသောသူတို့၏ဆုတောင်းခြင်းဖြင့် ဘုရားသခင်သည် ကြားဝင်ဖြန်ဖြေ၍ ကိုယ်တော်၏ကျေးဇူးတရားသည် ထိုသူ၏မာနကို အရည်ပျော်စေပါသည်။ အမြဲမျှော်လင့်ချက်ရှိ၍ ကိုယ်တော်၏ကယ်တင်ခြင်းကို ဆုပ်ကိုင်ထားရပါမည်။ယနေ့သည် ကယ်တင်ရာနေ့ရက်ဖြစ်သည်။

နတ်ဆိုးသည် လူများအတွက် ထိုသို့ကြားဝင်ဖြန်ဖြေခြင်းကို မနှစ်သက်ပေ။ ထို့ကြောင့်ကျေးဇူးတရားနှင့်ကရုဏာတရားသည်ထိုသို့သောအတား

အဆီးများကို ဖြိုခွင်းဖျက်ဆီးပစ်နိုင်သည်။ သင်သည် မှောင်မိုက်အတိကျနေသည့်ဤလောကကြီးထဲ၌ ထွန်းတောက်သောအလင်းကဲ့သို့ဖြစ်၏။ သင်သည် ဇနီးမောင်နှံတို့စပ်ကြား၌ အချင်းချင်း ခါးခါးသီးသီးဖြစ်နေချိန်၌ တစ်ခုတည်းသောအလင်းဖြစ်နိုင်၏။

## ဒုက္ခကို မျှော်လင့်ပါ- နက်ရှိုင်းခိုင်မာသောအမြစ်များ

အပြစ်အနာအဆာရှိသော အမြင်နှစ်မျိုးကို ရှင်းပြပြီးဖြစ်သည်။ ၎င်းတို့မှာ (၁) ပြစ်မှုကျူးလွန်ခြင်းနှင့်ပြစ်မှုကျူးလွန်သူအပေါ်၌ အာရုံစူးစိုက်ခြင်း (၂) မှားယွင်းသောတုံ့ပြန်မှုအပေါ် ဖြောင့်မှန်သည်ဟု စဉ်းစားခြင်းတို့ဖြစ်ပါသည်။ ဤနှစ်ခုမှာ ယှဉ်တွဲကြီးထွားသည်။ ထိုအကြောင်းအရာများထဲမှထူးခြားချက်များကိုကောက်နုတ်၍ မိမိခင်ပွန်းအား ဝေမျှရမည်။ခင်ပွန်းသည် ကလေးငယ်လေးက မစားဖူးသောအစားအစာကို ထွေးချသကဲ့သို့ လက်မခံဘဲနေနိုင်သည်။ မည်သို့ပင်ဖြစ်စေ ဘုရားသခင်၏အချိန်အခါကို စောင့်ဆိုင်းရှာဖွေတတ်ဖို့ရန် အလွန်အရေးကြီးသည်။

အကယ်၍ ကျွန်ုပ်တို့သည် တကယ့်ရာဇဝတ်မှုကိုဖော်ထုတ်မည်ဆိုပါ က အထောက်အကူဖြစ်လာနိုင်သည်။ ထုံးစံအတိုင်း လူတို့က သင့်ကိုစိတ်မနှံ့သောသူဟုထင်နိုင်သည်။ သို့သော် အဘယ့်ကြောင့် ဤသို့ဖြစ်သည်ကို သူတို့မသိကြပေ။ အခြားအချိန်များ၌ သူတို့၏မနာခံမှုကြောင့် ဘုရားသခင်သည် ထိုသူတို့အပေါ်သို့ ကြောက်မက်ဖွယ်ကောင်းသောအကျိုးဆက်များကျရောက်စေသည်ကို ပြသဖို့ရန် အထောက်အကူပြုလိမ့်မည်။ သူတို့၏စိတ်နှလုံးထဲ၌ အမုန်းတရားရှိနေသောကြောင့် ပျောက်ကွယ်လျက်ရှိသည့်ကရုဏာတရား၏ပြုမှုခြင်းကို သတိပေးရပါ မည်။

သူတို့ကိုယ်သူတို့မှန်ကန်သည်ဟု ထင်တတ်သည့်အမြင်ကို သမ္မာတရားအားဖြင့် ဖော်ပြပေးရမည်။ ထိုသို့ပြုခြင်းသည် သူတို့ကို စွပ်စွဲနေခြင်းမဟုတ်ဘဲ နူးညံ့သိမ်မွေ့စွာဖြင့် ရှင်းပြနေခြင်းသာဖြစ်သည်။ သို့သော် ဤအရာကိုဖော်ထုတ်ခြင်းအားဖြင့် ဘုရားသခင်၏ဝိညာဉ်တော်အား လွတ်လပ်စွာလုပ်ရှားနိုင်ဖို့ရန် အခွင့်ပေးခြင်းဖြစ်ပါ သည်။

## အံ့သြဖွယ်ရာများအတွက် မျှော်လင့်ပါ

ဟေရှာယ ၅၀ ၌ ဖော်ပြသည့်အတိုင်း ယေရှုကဲ့သို့အသက်ရှင်ရန်လိုအပ်သည်။

*"ငါ သည် ပင်ပန်းသောသူအား စကားပြောတတ်မည့်အကြောင်း အရှင်ထာဝရဘုရားသည် လူတတ်၏နှုတ်သတ္တိကို ငါ့အားပေးတော်မူပြီ။ နံနက်အစဉ်အတိုင်း ငါ့ကိုနှိုးဆော်တော်မူ၏။ စာသင်သောသူကဲ့သို့ နားထောင်*

*စေမည်အကြောင်း ငါ့နားကိုနိူးဆော်တော်မူ၏။ အရှင်ထာဝရဘုရားသည် ငါ့နားကိုဖွင့်တော်မူ၍ ငါလည်း မငြင်းမဆန် နောက်သို့မဆုတ်"(ဟေ၊ ၅၀:၄-၅)။*

ငြိမ်းချောက်တတ်သောရန်သူတို့သည် သခင်ဘုရားကို စောင့်မျှော်ခြင်းအားဖြင့်သာလျှင် စိတ်နှလုံးကျေကွဲနိုင်ကြသည်။ အကြံပေးတိုင်ပင်ဆွေးနွေးသူတို့သည် သခင်ဘုရား၏ကျေးဇူးတရားနှင့်သစ္စာတရား၌သာ မျှော်လင့်ရပါ မည်။ ထိုသူသည် ခါးသီးသောသူအား ကျေးဇူးပြုလို့သောငှာ ဘုရားသခင်၏ကျေးဇူးတရားကို လိုအပ်လျက်နေပါသည်။ ထိုသူသည် ဘုရားသခင်ပေးအပ်သည့်သမ္မာတရားကို လိုအပ်နေသူဖြစ်သည်။ ကျမ်းချက်၌ ဖော်ပြသော ပုဂ္ဂိုလ်သည် နားစင်သောသူတစ်ဦးဖြစ်သည်။ သူသည် ခမည်းတော်ထံမှ သင်ယူလျက်ရှိသည့်တပည့်တော်တစ်ဦးဖြစ်သည်။ ယေရှုသည် ထိုသူ၏သာသနာခရီး၌ ထိုသို့ပြုတတ်သည်။ လင်မယားနှစ်ဦးကြား၌ ဤသို့သောကြားဝင်ဖြန်ဖြေခြင်းကို လုပ်ဆောင်သောသူထက်ကြီးမြတ်သောသူမရှိတော့ပေ။

## သူတို့သည် ဇဝံဂေလိကြား၍ သိသောသူများဖြစ်သည်ကို သတိပြုပါ

ကျေးဇူးတရား၌ အသက်မရှင်သောသူသည် ကယ်တင်ခြင်းသို့မရောက်ရှိသေးသူဖြစ်နိုင်သည်။ သူတို့ကိုသူတို့ခရစ်ယာန်ဟု ကြေငြာကြသော်လည်း သခင်ဘုရားကိုမည်ကဲ့သို့သိလာရမည်ဟူသောအကြောင်း သူတို့အားပြောပြရမည်။ ဘုရားသခင်၏ကျေးဇူးတရားကို တွေ့ကြုံခံစားသောသူတို့က သူတစ်ပါးအား ကလေးစားချေစရာမလိုအပ်ကြောင်း တဆက်တည်းပြောပြရမည်။ ထိုသူတို့သည် ယေရှုခရစ်၏သတင်းကောင်းတရားကို ကြားရပြီးဖြစ်ကြောင်းစိတ်ချရမည်။ ကျွန်ုပ်တို့ကယ်တင်ခြင်းမရရှိမီ အခြေအနေ ၃ မျိုးကို ရောမ၊ ၅၁-၁၀ ထဲမှဖော်ပြလိုသည်။ မျှော်လင့်ချက်မဲ့သူ (ပိုဒ်ငယ် ၆)၊ ဘုရားတရားမဲ့သူ (ပိုဒ် ငယ် ၈)၊ အပြစ်သား (ပိုဒ်ငယ် ၈) ဟူ၍ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အဆိုးဆုံးကို ထိုက်တန်သောသူများဖြစ်သော်လည်း အကောင်းဆုံးကိုလက်ခံရရှိသောသူများဖြစ်ကြသည်။

## စိတ်ရှည်ပါ

ထိုသူတို့သည် သင့်အပေါ်၌ ခါးသီးနိုင်၏။ သူတို့သည် ဘဝကုန်ဆုံးသည်အထိ သူတို့၏ခါးသီးခြင်းကို ဝန်ခံခြင်းမရှိဘဲနေနိုင်သည်။ များစွာသောလူတို့သည် မိမိတို့၏သေဆုံးသည့်နေရာ၌သာ သခင်ဘုရားထံသို့ ရောက်လာကြသည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ဖူးသည်။ သင့်ခင်ပွန်းသည်လည်း ထိုကဲ့သို့ အချိန်ကြာနေပါက သူ့ကိုချစ်ရန် ပြင်ဆင်နိုင်မည်လော။ ချစ်နိုင်မှာပါ။ ထိုအရာသည် သခင်ဘုရားရှေ့၌ ကျွန်ုပ်တို့ပြုခဲ့သောပဋိညာဉ်တရားပင်ဖြစ်သည်။ ၎င်းသည်

ပဋိပက္ခသစ်၏ဥပဒေသများဖြစ်သော မေတ္တာတရားနှင့်ခွင့်လွှတ်ခြင်းတရားတို့ဖြစ်ပါသည်။

## သမ္မာတရားဖြင့် အာရုံပြောင်းပါ

ခါးသီးခြင်းသည် သူတပါး၏အပြစ်အနာအဆာအပေါ်၌ အာရုံစူးစိုက်ခြင်းအားဖြင့် ကြီးထွားရှင်သန်လျက်ရှိသည်ကို ကျွန်ုပ်တို့သိပြီးဖြစ်သည်။ ထိုသို့သော အကြောင်းအရာများကို သူတို့၏စိတ်နှလုံးသားထဲမှ ထုတ်ပစ်နိုင်ဖို့ရန် ညဏ်ပညာအတွက် ဆုတောင်းရမည်။ တခါတရံ သူတို့၏ပတ်ဝန်းကျင်မှ အခြားတနေရာကိုခေါ်သွားရမည်။ သူတို့သည် များသောအားဖြင့် လူသစ်များနှင့်တွေ့ဆုံရန် ပြင်းပြသောဆန္ဒ မရှိတတ်ပေ။ ဤသို့သောအခြေအနေဖြစ်သော်လည်း ခွင့်လွှတ်ခြင်းတန်ခိုး၏ဥပမာတချို့ကို ဝေငှရမည်။ ဘုရားသခင်ကသင့်အား မည်ကဲ့သို့ကယ်တင်ခဲ့သည်ကိုလည်း သက်သေခံဝေငှလိုက်ရပါမည်။ ထိုသူတို့ကို ခေါ်ဆောင်နိုင်သောအခါ သင်သည် သမ္မာတရား၏မျိုးစေ့ကိုကြဲ၍ ခါးသီးခြင်း၏မျိုးစေ့ကို တိုက်ဖျက်ချေမှုန်းနိုင်မည်ဖြစ်သည်။

## မေးခွန်းများကို မေးမြန်းပါ

ကျွန်ုပ်တို့သည် ထိုသူတို့ကို အဓိကမေးခွန်းများ မေးမြန်းနိုင်ပါသည်။ အဘယ့်ကြောင့် သင်မပျော်ရွှင်သနည်း။ သင်သည် အဘယ့်ကြောင့် ဘယ်ကိုမျှမသွားလိုသနည်း။သင်သည် အမြဲဒီလိုဘဲလား။ မည်သည့်အရာက သင့်အားခါးသီးခြင်းကို စတင်စေခဲ့သနည်း။ ကျွန်ုပ်တို့သည် သမ္မာတရားကိုစူးစမ်းရှာဖွေဖို့လိုအပ်သည်။ သူတို့သည် သာယာသောအိမ်ထောင်ရေးရရှိဖို့ ခြေလှမ်းသစ်များလှမ်းလိုခြင်းရှိမရှိကိုမေးမြန်းရမည်။

## ဃ။ ဇနီးမောင်နှံအတွက် လက်တွေ့လုပ်ဆောင်ရမည့် ခြေလှမ်းများ

ကျွန်ုပ်တို့သည် ဇနီးမောင်နှံအသီးသီးအား အရေးကြီးသောခြေလှမ်းများကိုလှမ်းစေလိုသည်။ ခါးသီးခြင်းသည် အမြဲမှားယွင်း၍ မည်သည့်အကျိုးအမြတ်မျှမရှိသည်ကို ဇနီးမောင်နှံတိုင်း နားလည်သင့်သည်။ ပြဿနာသည် ခါးသီးခြင်း၏အမြစ်မှထွက်ပေါ်လာရသည်။ ထိုသို့သောအိမ်ထောင်ကို မည်သူမျှအလိုမရှိပေ။ ဆုံးဖြတ်ချက်တချို့ကို ယနေ့မိတ်ဆွေလုပ်နိုင်မည်လော။

သင့်ခင်ပွန်းကို အမြဲခွင့်လွှတ်ပါ။ သင်သည် သူတပါးကိုလည်း အမြဲခွင့်လွှတ်ရလိမ့်မည်။ စာတန်၏ဖြားယောင်းသွေးဆောင်ခြင်းကို နားမယောင်ဘဲကိုယ်နှင့်စပ်ဆိုင်သောသူအားလုံးတို့ကို ခွင့်လွှတ်ရမည်။ သခင်ဘုရားသည် သင့်အား အစဉ်အမြဲသနားကြင်နာသောကြောင့် သူတပါးအပေါ် သနားကျင်နာရန် ခေါ်ဖိတ်လျက်နေသည်။

စာဖတ်သူ၏နာမည်ကို အစားထိုးရေးလိုက်ပါ။ "ငါ့ခင်ပွန်းက ငါ့အပေါ် မှားယွင်းနေပေမယ့် သူ့ကိုငါ အမြဲခွင့်လွှတ်ရမယ်။" သင်က ခင်ပွန်းကို ထိုသို့ခွင့်လွှတ်သောကြောင့် "သူသည် ခွင့်လွှတ်ရန် ထိုက်တန်သည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ သို့မဟုတ် သူ၏မှားယွင်းမှုသည် အလေးထားစရာမလို့"ဟု ဆိုလိုခြင်းလည်း မဟုတ်ပေ။ ဘုရားသခင်၏မေတ္တာကြောင့် ရိုးရှင်းစွာ ခွင့်လွှတ်ခြင်းသာဖြစ်သည်။ အတိတ်ကာလကိုပြန်စဉ်းစားပါ။ သင်သည် သင့်စိတ်ထဲက ခါးသီးသောအမြစ်ရှိသမျှကို ဆွဲနှုတ်လိုလိမ့်မည်။ သင့်ခင်ပွန်းအတွက်မူကား သင်မတတ်နိုင်ပေ။ သို့သော် သင့်စိတ်ထဲက ခါးသီးခြင်းများကို ရှင်းထုတ်ဖို့ရန် သင်တတ်နိုင်၏။ သင်တို့ဇနီးမောင်နှံသဘောတူပါက စာရွက်ကိုယူ၍ သင့်အပေါ်၌ သင့်ခင်ပွန်းပြုခဲ့သည့် စိတ်အနှောင့်အယှက်ပေးခဲ့သမျှကိုရေးချပါ။ သင့်ကို အနည်းငယ်နာကြည်းစေသည့်အရာများ၌သာ အာရုံစူးစိုက်ရန်ဖြစ်သည်။

ဇနီးမောင်နှံကြား၌ ဖုံးကွယ်လာခဲ့သောနာကြည်းမှုများကို ဘုရားသခင်ထံမှခွင့်လွှတ်ခြင်းရရှိရန် ယောက်ျားက ဆုတောင်းဦးစီးဦးဆောင်ပြုရပါမည်။ ထို့နောက် မယားသည်လည်း ယောက်ျား၏ဆုတောင်းချက်အပေါ်၌ သဘောတူအတည်ပြုရမည်။ ယခုအချိန်သည် ခွင့်လွှတ်ရမည့်အချိန်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦးစပ်ကြား၌ရှိသည့် နာကြည်းစရာအားလုံးတို့ကို ခွင့်လွှတ်ပြီဟု အချင်းချင်းပြောဆိုကြရမည်။

ယောက်ျားသည် မိမိမယားအား ဤသို့ပြောဆိုရမည်။ "မင်းအပေါ် နာကြည်းခဲ့တာတွေ၊ မေတ္တာလျော့ခဲ့တာတွေ၊ စိတ်နာအောင်လုပ်ခဲ့မိတာတွေ အားလုံးအတွက် ငါတကယ်တောင်းပန်တယ်။ ငါ့အမှားတွေကို ခွင့်လွှတ်ပါနော်"လို့ တောင်းပန်ရမည်။ ကျွန်တော်စာရေးသူအကြံပြုလိုသည်မှာ သင်တို့သည် သခင်ဘုရားထံသို့ပြန်သွားလျက် သင်တို့အား ကိုယ်တော်၏မေတ္တာနှင့် ကျေးဇူးတရား၌ ပြည့်ဝသောဇနီးမောင်နှံဖြစ်လိုသောဟု အသနားခံကြလော့။ ကိုယ်တော်သည် ခွင့်လွှတ်ရန် အမြဲအသင့်ရှိတော်မူ၏။

သင့်ဇနီးသည် ခရစ်ယာန်တစ်ဦးဖြစ်လျှင် သင်လေ့လာသင်ယူသောအရာနှင့်သင်ပြုလိုသောအရာများကိုပါ ဝေငှပါ။ အကယ်၍ သူသည် ထိုအမှုကိစ္စအတွက် သဘောမပေါက်ပါက သို့မဟုတ် သဘောမတူပါက လုပ်စရာကို မရပ်ဘဲဆက်လုပ်ရမည်။

- သင့်အပြစ်အတွက် သခင်ဘုရား၌ ဝန်ချတောင်းပန်ပါ။
- အချက်အလက်များကိုရေးချ၍ ဝန်ချတောင်းပန်ပါ။ အကြောင်းမှာ သင့်ခင်ပွန်းအပေါ် သင်၏နာကြည်းမှုများကြောင့်ဖြစ်သည်။
- သင်၏ပျက်ကွက်မှုများအတွက် ခွင့်လွှတ်ခြင်းကိုတောင်းခံပါ။

သင်၏နာကြည်းမှုအသေးစိတ်ကို သင့်ဇနီးအား ပြောပြစရာမလိုပေ။ သို့ရာတွင် သခင်ဘုရားကိုမူ အသေးစိတ်ပြောပြရမည်။ သင့်ဇနီးသည် ခရစ်ယာန်မဖြစ်ပါက ဖြစ်စဉ်အားလုံးကို ပြောပြစရာမလိုပေ။ စာရွက်ပေါ်၌ သင်ရေးသားခဲ့သည့်အချက်အလက်များကို မီးရှို့ဖျက်ဆီးပစ်လိုက်ပါ။ သင့်မေတ္တာကိုပြသလိုက်ပါ။ သင်၌ ပြောင်းလဲမှုဖြစ်ပေါ်သည်ကို သူသတိပြု၍ ၎င်းနှင့်ပတ်သက်သောအရာကိုမေးမြန်လာလိမ့်မည်။၎င်းသည် သင့်အသက်၌ ဘုရားသခင်ပြုခဲ့သည့်အရာများကို ဝေငှရန် အချိန်အခါဖြစ်သည်။နည်းလမ်းကို ဆွေးနွေးကြည့်ပါ ။ မတူကွဲပြားမှုများ ဖြေရှင်းခြင်း၌ အထောက်အကူဖြစ်စေဖို့ရန် တချို့စည်းကမ်းများကို ချမှတ်နိုင်ပါသည်။

- အရေးတကြီး ခွင့်လွှတ်ခြင်း
- သင်ပြောလိုသောအရာအတွက် အမှတ်အသားတစ်ခုခုကို စီစဉ်ပါ။
- ဆွေးနွေးရန်အတွက် နေရာတစ်ခုကို စီစဉ်ပါ။
- သင့်နာကြည်းချက်များကို ငြိမ်သက်စွာ ဖော်ပြပါ။
- ဆွေးနွေးခြင်းမစမီ အတူတကွ ဆုတောင်းပါ။

## နိဂုံး

သေးငယ်သောခဲလုံးတစ်လုံးသည် ဂေါလျန်ကို ပြိုလဲစေခဲ့သည်။ အိမ်ထောင်ရေး၌ သေးငယ်သောခဲလုံးသည် ခွင့်လွှတ်ခြင်းစိတ်ထားကိုဆိုလိုပါသည်။ ယေရှုမိန့်ဆိုသကဲ့သို့ တစ်ဦးဦး၏ကျင့်ဝတ်ပိုင်းဆိုင်ရာအမှားများအားသည်းခံခွင့်လွှတ်ခြင်းသည် သူ့အပေါ်၌ ဘုရားသခင်၏ကျေးဇူးတရားတည်းဟူသောမေတ္တာစမ်းချောင်းရေစီးဆင်းလာဖို့ရန် လမ်းကြောင်းပင်ဖြစ်သည်။ ခွင့်လွှတ်ခြင်းသည် တစ်စုံတစ်ဦး၏စိတ်ထဲ၌ သိမ်းဆည်းထားသောရန်လိုမုန်းတီးခြင်းတို့ကို ခွင့်လွှတ်ခြင်းဖြစ်သည်။

ခွင့်လွှတ်ခြင်း၌ နာကျင်မှုရှိ၏။ တခါတရံ ထိုနာကျင်မှုသည် ပြင်းထန်တတ်သည်။ သို့သော် ယေရှု၏စကားတော်များနှင့်ဥပမာအတိုင်း လူအပေါင်းတို့အား အမြဲခွင့်လွှတ်ရမည်သာဖြစ်သည်။ ခွင့်လွှတ်တတ်သည့်စိတ်နှလုံးသည် မိမိတို့၏အိမ်များနှင့်နှလုံးသားများကိုစိုးမိုးပါစေသော။

ထိုသို့သောအိမ်ထောင်များ၌ ယေရှုအုပ်စိုးလာလိမ့်မည်။ ယေရှုမိန့်မှာခဲ့သည့်ခွင့်လွှတ်ခြင်းသည် သူတပါးအပေါ်၌ အကန့်အသတ်ရှိရန်မဟုတ်ဘဲ ကိုယ်တော်၏ဝိညာဉ်တော်တန်ခိုး၌ အသက်ရှင်ဖို့ရန် လွတ်လပ်မှုကိုသာပေး၏။ အိမ်ထောင်ရေး၌ ခါးသီးခြင်းနှင့်နာကြည်းစရာများမရှိတော့သောအခါ စဉ်ဆက်မပြတ်သာယာပျော်ရွှင်ခြင်းရှိလာမည်ဖြစ်သည်။ ထိုအဖြစ်သည် မိမိတို့အိမ်ထောင်ပြုခြင်း၏အဓိက အကြောင်းရင်းမဟုတ်ပေလော။

## လေ့လာရန် မေးခွန်းများ

၁။ အိမ်ထောင်၌ ခါးသီးခြင်းရှိလာသောအခါ အဘယ်ကဲ့သို့ ဖြစ်ပျက်သနည်း။
၂။ ညီအစ်ကိုမောင်နှမတို့၏ခါးသီးခြင်းသည် အဘယ်နည်း။ (ဧ ၄:၃၁ ကြည့်ရန်)
၃။ အဘယ့်ကြောင့် သင့်ခင်ပွန်း၌ မကောင်းသောအရာများပြုခြင်းနှင့် ပြောဆိုခြင်း ရပ်တန့်ရန်သက်သက်မလုံလောက်သနည်း။
၄။ ခါးသီးခြင်း ကြီးထွားပုံလမ်းစဉ်ကို ရှင်းပြပါ။
၅။ လူတစ်ဦးသည် သူ့စိတ်ထဲ၌ ခါးသီးခြင်းရှိသောအခါ ဘုရားသခင်၏ကျေးဇူးတရား လက်ခံနိုင်မည်လော။ ရှင်းပြပါ။
၆။ ကျမ်းစာထဲက "ခါးသီးခြင်း၏ရင်းမြစ်" ဟူသောစကားစုကို ရှင်းပြပါ။
၇။ ခါးသီးခြင်း၏မျိုးစေ့သည် သင့်စိတ်ထဲ၌ရှိသောနာကြည်းခြင်းဖြစ်သည်။ ၎င်းသည် အမြစ်အဖြစ်သို့ မည်ကဲ့သို့ကြီးထွားသနည်း။
၈။ ခါးသီးခြင်းပြဿနာ ဖြေရှင်းရန်အတွက် ယေရှုခရစ်တော်သည် ခွင့်လွှတ်ခြင်းအကြောင်းကို မည်ကဲ့သို့သွန်သင်ခဲ့သနည်း။
၉။ သူတပါးအပြစ်ကို ကလေးစားမချေမည့်အကြောင်း မည်ကဲ့သို့သွန်သင်ခဲ့သနည်း။
၁၀။ ပြစ်မှုမကျူးလွန်မိရန် ရောမ ၁၂:၂၀-၂၁ ၌ အဓိကသော့ချက်ကို ကျွန်ုပ်တို့အား မည်ကဲ့သို့ဖော်ပြထားသနည်း။
၁၁။ "သင်၏အမျက်ဒေါသကို နေမဝင်စေနှင့်"ဟူသောသွန်သင်ချက်သည် အဘယ့်ကြောင့် ခါးသီးခြင်းကိုရှောင်ရှားရန် ကျွန်ုပ်တို့အား အထောက်အကူပြုပါသလော။
၁၂။ ကျွန်ုပ်တို့အား ခွင့်လွှတ်ရန် မတောင်းပန်သောသူကို မည်ကဲ့သို့ခွင့်လွှတ်နိုင်မည်နည်း။
၁၃။ သင့်ကို မကျေမနပ်ဖြစ်အောင်ပြုသောလူများကို လက်တုံ့ပြန်ရန် မည်ကဲ့သို့ရည်ရွယ်သနည်း။

ကောင်းမွန်သော
အိမ်ထောင်တစ်ရပ်
တည်ဆောက်ခြင်း

## #၈ အိမ်ထောင်ရေး၌ ရင်းနှီးကျွမ်းဝင်မှုကို ပျိုးထောင်ခြင်း

ထိမ်းမြားခြင်းတိုင်းက များစွာသောမျှော်လင့်ချက်များ၊ စိတ်ကူးများနှင့် ပြည့်စုံတတ်သည်။ သင်လက်ထပ်ရန် အသင့်ပြင်နေသည့်အဖြစ်အပျက်ကိုပြန်သတိရကောင်းရနိုင်သည်။ အချစ်ကဗျာရေးဖွဲ့ခြင်းကို သတိရမိ၏။ တစ်ဘက်မှာ ကျွန်တော့်ဇနီး Linda ကလည်း သူမနှင့် လိုက်မည့်မင်္ဂလာဝတ်စုံကို ပြင်ဆင်ခဲ့သည်။ ကျွန်ုပ်တို့သည် ဇနီးမောင်နှံများစွာကဲ့သို့ပင် အထွတ်အထိပ်ဖြစ်အောင် ကြိုးစားသောသူများဖြစ်ကြ၏။ ဇနီးမောင်နှံတိုင်းကသူတို့၏ထိမ်းမြားခြင်းသည် အခြားသူများနှင့်ခြားနားကြောင်း လက်ခံယုံကြည်ကြ၏။ ဘုရားသခင်သည် ဇနီးမောင်နှံအသီးသီးတို့အား အရာရာ၌ အကောင်းဆုံးသော လိုအင်ဆန္ဒနှင့်စိတ်ကူးအကြံအစည်များကို ထားစေခြင်းငှာ တွဲဖက်ထားခြင်းဖြစ်သည်။ အဘယ့်ကြောင့်နည်း။ ဤအတွက်ကြောင့် တိကျသောအကြောင်းရင်းကိုကျွန်ုပ်တို့မသိရသော်လည်း သခင်ဘုရားသည် ဇနီးမောင်နှံတို့၌ သူတို့စေ့စပ်ထားစဉ် အရေးပါသောအချက်နှစ်ချက်ကို ဖော်ပြထားသည်။



ဖြစ်နေကျဘဝ၊ မျှဝေတတ်သောနှလုံးသား

နှလုံးသား၏အမှန် လိုလားတောင့်တမှု - မှန်ကန်သောရိုးသားမှု၊ ချစ်စဖွယ်ကောင်းမှုနှင့် သစ္စာရှိသောဆက်နွယ်မှုတို့သည် ကြီးမားသောဝမ်းမြောက်ခြင်း၊ မေတ္တာနှင့်စိတ်ခံစားမှုပြည့်စုံခြင်းတို့ကိုယူဆောင်ပေး၏။ ဆက်ကပ်အပ်နှံခြင်း၏အနက်အဓိပ္ပာယ် - အချင်းချင်းကိုယ်ကျိုးမဖက်ဘဲ အထူးအပ်နှံချစ်မြတ်နိုးကြရန်ဖြစ်သည်။

ဘုရားသခင်သည် သူ့မေတ္တာအထဲ၌ ဇနီးမောင်နှံတို့၏အိမ်ထောင်အသီးသီးသည် အမှန်ကြီးမြတ်နိုင်ကြောင်းကိုနမူနာပေးထားသည်။ကိုယ်တော်

သည် ဇနီးမောင်နှံတို့အား ကြိုးစားအားထုတ်ရန် တစ်စုံတစ်ရာကိုပေးတော်မူ၏။သူတို့သည် ထုံးစံအတိုင်း ထိမ်းမြားပြီးသည်နှင့်အမျှဖမ်းဆီးထိန်းချုပ်မှုကိုခံကြ၏။ အမှန်တကယ်ရှိသည့်တစ်ကိုယ်ကောင်းဆန်ခြင်းလည်းဝင်လာ၏။ အကယ်၍ ဇနီးမောင်နှံတို့က ခါးသီးခြင်းကိုအခွင့်ပေးလျှင် သူတို့၏ဆက်နွယ်ခြင်း၌ဂုဏ်သည် သေသည့်တိုင်အောင်နေရာယူလိမ့်မည်။

ဘုရားသခင်သည် ဇနီးမောင်နှံအသီးသီးတို့အား သူတို့၏ထိမ်းမြားခြင်းနေ့၌ တလုံးတဝတည်းဖြစ်ကြောင်း ကြေငြာပြီးဖြစ်သည်။ သူတို့သည် အမှန်တကယ် တလုံးတဝတည်းဖြစ်ကြပါသလား။ အမှန်ဖြစ်ကြပါ၏။ သို့သော် သူတို့အထဲ၌ နေ့ရက်စဉ်တိုင်း မိမိတို့၏အိမ်ထောင်ဘဝတစ်လျှောက်လုံးတွင် အစဉ်ကြီးထွားဖို့ရန် လိုအပ်သည်။ သူတို့သည် အတူတကွ အသက်ရှင်လျှောက်လှမ်းသည်နှင့်အညီ အချို့သောအနာအဆာများကို ချန်လှပ်ထား၍ တလုံးတဝတည်းဖြစ်ရေးအတွက် အခွင့်ထူးများရရှိပါလိမ့်မည်။ အိမ်ထောင်သည်ဘဝ၏အနှစ်ချုပ်ကား ရင်းနှီးကျွမ်းဝင်မှု၌ ကြီးထွားခြင်းပင်ဖြစ်သည်။ သင့်အိမ်ထောင်၌ ပိုမိုနက်ရှိုင်းသောရင်းနှီးမှုကို သင်မည်ကဲ့သို့ပျိုးထောင်ရမည်ဟူသောအကြောင်းအရာကို ဤအခန်း၌ သင်ယူရလိမ့်မည်။

## က။ ရင်းနှီးကျွမ်းဝင်မှုကို နားလည်ခြင်း

အထက်က သင်ခန်းစာဖတ်ရှုပြီးသည့်အတိုင်း သင်သည် ကောင်းမွန်သောအိမ်ထောင်ရရှိပိုင်ဆိုင်ဖို့ အဓိကလမ်းစဉ်နှစ်ရပ်ကို တွေ့မြင်ပြီးဖြစ်သည်။ ပထမအနေဖြင့် သမ္မာကျမ်းစာအရ အိမ်ထောင်ပြုခြင်းသည် မည်သို့ဖြစ်သည်ကို နားလည်ပြီးဖြစ်သည်။ ဘုရားသခင်၏အမြင်အတိုင်း အိမ်ထောင်ပြုခြင်းကိုလည်း ရယူဆည်းပူးခဲ့သည်။ သင်သည် အိမ်ထောင်ပြုခြင်းကို လူတို့၏ရှုထောင့်အမြင်မှကြည့်ရှုနေသရွေ့ ထင်ယောင်ထင်မှားဖြစ်စေသောအမြင်များကကောင်းမွန်သောအိမ်ထောင်ရရှိဖို့ ကြိုးစားအားထုတ်မှုမှန်သမျှကို ဖျက်ဆီးပါလိမ့်မည်။ အိမ်ထောင်ပြုခြင်းသည် လူသားအစီအစဉ်ဖြင့် ပြုလုပ်ခြင်းမဟုတ်ဘဲ ဘုရားသခင်စီရင်သည့်အတိုင်းဖြစ်၏။ ကျွန်ုပ်တို့သည် ကိုယ်တော်၏စီရင်ချက်ကို ပြတ်ပြတ်သားသားအာရုံစူးစိုက်လျက် စောင့်ထိန်းဖို့ရန် လိုအပ်ပါသည်။

ဒုတိယအနေဖြင့် သင့်အိမ်ထောင်၌ရှိသည့် အဓိကနှောင့်ယှက်မှုများထဲမှ မည်ကဲ့သို့ပြန်ကောင်းလာသည်ကို သင်တွေ့မြင်ပြီးဖြစ်သည်။ သင်သည် အပြစ်သားဖြစ်သည့်အတိုင်း သင့်အိမ်ထောင်၏ဆက်နွယ်မှုကို အမျိုးမျိုးသောပြစ်မှုများဖြင့် ညစ်ပတ်စေခဲ့သည်။ ကံအားလျော်စွာ ခရစ်တော်အားဖြင့် ထိုအခက်ခဲများကို ရှင်းထုတ်နိုင်ခဲ့သည်။ ယခင်က မည်သို့ပင်ဆိုးစေကာမူ အခက်ခဲများကို မှန်ကန်စွာချဉ်းကပ်ခြင်းအားဖြင့် သင်သည် ပိုမိုကောင်းမွန်စေ

ခြင်း၌ ထင်ရှားသည့်ပြောင်းလဲမှုများပြုလုပ်နိုင်ခဲ့သည်။ အကျဉ်းအတည်းများသည် သင့်ခင်ပွန်းမှစ၍ ကိုယ်တော်နှင့်အတူ ပိုမိုနက်ရှိုင်းသောရင်းနှီးမှုရရှိဖို့ရန် ဘုရားသခင်စီရင်သည့်အခွင့်ထူးဖြစ်ပါသည်။ သင်တို့သည် အချင်းချင်းပိုမိုနီးကပ်လာသည့်အလျောက် ကျရောက်လာမည့်ရန်ပွဲများအား မည်ကဲ့သို့ဖြေရှင်းရမည်ကိုသင်ယူရမည်။

တတိယအပိုင်းသည် ကောင်းမွန်သောအိမ်ထောင်တစ်ရပ်မည်ကဲ့သို့ရရှိမည်ကို နှစ်သက်ဖွယ်အကောင်းဆုံးဖြင့် ဆွေးနွေးထားပါသည်။ အိမ်ထောင်ပြုခြင်း၏ရည်ရွယ်ချက်ကိုစကားလုံးတစ်လုံးဖြင့် အချုပ်ဖော်ပြလျှင်"ရင်းနှီးကျွမ်းဝင်မှု"ဖြစ်ပါသည်။ များစွာသောလူတို့သည် မိမိတို့အိမ်ထောင်ရေး၌ပိုမိုကောင်းမွန်သောရင်းနှီးကျွမ်းဝင်မှုကို ရှာဖွေလျက်နေကြ၏။ အိမ်ထောင်ပြုခြင်းသည် ခင်မင်မှုအတွက်သာမဟုတ်၊ ထိုထက်မကနက်ရှိုင်း၍ ပုံစံဖော်ခြင်းဖြစ်သည်။

## ရင်းနှီးကျွမ်းမှုဟူသည်မှာ အဘယ်နည်း။

ထိမ်းမြားခြင်းဆိုင်ရာ ရင်းနှီးကျွမ်းဝင်မှု၏အယူအဆသည် တလုံးတဝတည်းဖြစ်ခြင်းနှင့်ပတ်သက်သော သမ္မာကျမ်းစာ၏အခြေခံသဘောတရားမှဆင်းသက်လာသည်။ သမ္မာကျမ်းစာ၌ ရင်းနှီးကျွမ်းဝင်မှုဟူသော စကားလုံးမတွေ့ရသော်လည်း ၎င်းထဲ၌ အယူအဆသဘောတရားပါရှိပါသည်။




ပထမဦးဆုံး "လူနှစ်ဦးတို့သည် တစ်ဦးဖြစ်လာမည်" ဟူသောစကားစုသည် အိမ်ထောင်ပြုခြင်းကို ရှင်းပြရန် အသုံးပြုခြင်းဖြစ်သည်။ ရင်းနှီးကျွမ်းဝင်မှုဆိုသည်မှာ အခြားသူများ၏မြင်ကွင်း၌ အသက်ရှင်ခြင်းဖြစ်၏။ ထိုသို့ဖြင့် လူနှစ်ဦးတို့၏လုပ်ဆောင်ချက်သည်တစ်ဦးကဲ့သို့ဖြစ်၏။ဘုရားသခင်သည်ယောကျ်ားကိုဦးခေါင်းအရာ၌လည်းကောင်း၊ မိန်းမကိုယောကျ်ားအားဝန်ခံရာ၌လည်းကောင်း ပုံဖော်၍ခွဲခန့်တော်မူ၏။အကယ်၍သူတို့သည် နှစ်ဦးအစားတစ်ဦးကဲ့သို့လုပ်ဆောင်ကြလျှင်အချင်းချင်းသဘောထားကွဲလွဲစေသော လမ်းစဉ်မဟုတ်ဘဲ သဟဇာတဖြစ်ခြင်းကိုအားပေးသောလမ်းစဉ်အတိုင်း ဆက်နွယ်မှုရှိဖို့လိုအပ်သည်။


"တလုံးတဝတည်းဖြစ်ခြင်း"၏အနက်အဓိပ္ပာယ်သည် လိင်ပိုင်းဆိုင်ရာပေါင်းစည်းမှုအားဖြင့် ရရှိသောရင်းနှီးမှုထက် သာ၍နက်ရှိုင်းကြောင်း ကျွန်ုပ်တို့နားလည်နိုင်သည်။ ယနေ့ကျွန်ုပ်တို့၏ယဉ်ကျေးမှု လူဘောင်အသိုင်းအဝန်းသည် တိရစ္ဆာန်နှင့်လူတို့၏ကာမဆက်ဆံခြင်းကိုပင်လျှင် အတူတူဖြစ်ကြောင်းဖျောင်းဖျရန်အားထုတ်လာကြ၏။ ၎င်းသည်လုံးဝမှားယွင်းပါ ၏။ဇနီးမောင်နှံတို့

သည်လည်း တလုံးတဝတည်းဖြစ်ခြင်း၌ရှိသည့်ရင်းနှီးကျွမ်းဝင်မှုသည် ကာမဆက်ဆံခြင်း၌ရှိသည့်ပိုမိုရင်းနှီးကျွမ်းဝင်မှုထက် သာ၍နက်ရှိုင်းမှုရှိသည်ကို သိထားကြသော်လည်း ၎င်းထဲသို့ မည်ကဲ့သို့ရောက်ရှိနိုင်မည်ကို မသိရှိကြပေ။ ထိုသို့ဆိုလျှင် ဇနီးမောင်နှံတို့သည် အခြားမည်သည့်အကြောင်းကြောင့် လက်ထပ်ကြသနည်း။

လိင်ပိုင်းဆိုင်ရာဆက်နွယ်မှုကို ဖော်ပြသောဟေဗြဲစကား၏အသုံးပြုပုံသည် ချန်လှပ်ထားသည့်သဲလွန်စကို ကျွန်ုပ်တို့အား ဖော်ပြပေးသည်။ ဟေဗြဲစကားလုံး "yadah" ၌ပါဝင်သည့်များစွာသောအသုံးအနှုန်းများမှာ သိရှိရန်၊ သိရှိရန်သင်ယူသည်၊ သဘောပေါက်သည်၊ တွေ့ရှိသည်၊ သိမြင်သည်၊ ခွဲခြားသည်၊ ခွဲခြားသိမြင်သည်၊ အတွေ့အကြုံအားဖြင့် သိရှိသည်၊ အသိအမှတ်ပြုသည်၊ လက်ခံသည်၊ ဝန်ခံသည်၊ ဖျောင့်ချက်ပေးသည်၊ စဉ်းစားသည်၊ လိင်ပိုင်းဆိုင်ရာပေါင်းစည်းမှုဟူ၍ဖြစ်ပါသည်။

*"ထို့နောက် လူအာဒံသည် မယားဧဝနှင့်ဆက်ဆံ (မူရင်းအရဆိုလျှင် "သိရှိ") သဖြင့် ဧဝသည် ပဋိသန္ဓေစွဲယူ၍ ကာဣနကိုဖွားမြင်လျှင် ထာဝရဘုရား၏လူကို ငါမြင်ရပြီဟုဆိုလေ၏"(က၊ ၄:၁)။*

ကျမ်းစာက အာဒံသည် ဧဝကိုသိရှိသဖြင့်ဟု ဆိုရာတွင် သူတို့သည် အတူတကွကာမဆက်ဆံကြသည်ဟုဆိုလိုခြင်းဖြစ်၏။ ထိုသို့ ဖြစ်ပျက်ခြင်းသည် သာမန်ထက်ကျော်လွန်သည်။ ၎င်း၌




ဝိညာဉ်နှင့်ပုဂ္ဂိုလ်တို့၏ရင်းနှီးသောမျှဝေမှုရှိ၏။ တိရစ္ဆာန်များသည် ဝိညာဉ်နှင့်ကိုယ့်ကိုယ်ကို နားလည်သဘောပေါက်မှုမရှိကြပေ။ ထိမ်းမြားပြီးသောဇနီးမောင်နှံတို့သည် သူတို့၏ကိုယ်ခန္ဓာများကိုသာ အချင်းချင်းထုတ်ဖော်နေခြင်းမဟုတ်ဘဲ သူတို့၏စိတ်လုံးကိုပါဖော်ထုတ်နေကြရသည်။အကယ်၍ ဇနီးမောင်နှံတို့သည် စစ်မှန်သောရင်းနှီးမှုကို အလိုရှိပါက သူတို့၏ဆက်နွယ်မှုသည် ပို၍နက်ရှိုင်းဖို့ လိုအပ်ပါသည်။ သူတို့သည် အချင်းချင်း မိမိတို့၏ခြားနားသောဘဝရှင်သန်မှုကိုသိရှိဖို့ လိုအပ်သည်။

တတိယအနေဖြင့် ကျမ်းစာတလျှောက်လုံး၌ ရင်းနှီးမှုကိုမည်ကဲ့သို့ဖော်ပြခဲ့ကြောင်း ကျွန်ုပ်တို့တွေ့နိုင်သည်။ များစွာသောကျမ်းတတ်ပုဂ္ဂိုလ်များက ရှောလမုန်သီချင်း၏အဓိပ္ပာယ်ဖြစ်ရပ်မှန်အပေါ်၌ ငြင်းခုံကြ၏။ သင်သည် ထိုစာအုပ်ကိုမဖတ်သေးလျှင် အမြန်ဖတ်သင့်ပါသည်။ ထိုစာအုပ်သည် ခင်ပွန်းတစ်ဦး၏စိတ်ကူးယဉ်ဆန်ဆန် မိမိ၏ချစ်သူနှင့် အပြန်အလှန် မည်ကဲ့သို့အသက်ရှင်ခဲ့သည်ကိုဖော်ပြ၏။

*"သင်သည် အဆန်းလှပေ၏။ ငါချစ်သောနှမ၊ အလွန်လှပေ၏။ ဖျာပါဆံကြားမှာ ချိုးမျက်စိနှင့်ပြည့်စုံ၏။ ဆံပင်သည်လည်း ဂိလဒ်တောင်ပေါ်မှဆင်းလာသောဆိတ်စုကဲ့သို့ဖြစ်၏။*




*သင်၏သွားတို့သည်လည်း အမွေးညှပ်၍ ရေချိုးရာမှတက်လာသောသိုးစုကဲ့သို့ဖြစ်ကြ၏။ တကောင်မျှမလျော့အမွှာသာ ဖွားတတ်ကြ၏။နှုတ်ခမ်းသည်လည်း နီတွေးသောကြိုးနှင့်တူ၏။ စကားသံလည်း သာယာပေ၏။ နားပါးဆံကြားမှာ ပါးတို့သည် သလဲသီးရွက်တို့နှင့်တူကြ၏။လည်ပင်းသည်လည်း သူရဲတို့သာ သုံးဆောင်တတ်သောဒိုင်းလွှားတစ်ထောင် ဆွဲထားသောလက်နက်စုံ ဘဏ္ဍာတိုက်တည်းဟူသောဒါဝိဒ်မင်း၏ရဲတိုက်နှင့် တူ၏"(ရှော၊ ၄:၁-၄)။*

ရှောလမုန်သီချင်းသည် ဆက်လက်၍ထိုသူနှစ်ဦးတို့၏ထိမ်းမြားခြင်း၊ သူတို့၏အပျော်ခရီးထွက်ခြင်းနှင့်အိမ်ထောင်ပြုပြီး အသက်ရှင်မှုတို့ကို မှတ်တမ်းတင်၏။ တချို့သော ကျမ်းတတ်ပုဂ္ဂိုလ်များသည် ထိုသို့လိင်ပိုင်းဆိုင်ရာ ထင်ထင်ရှားရှားသုံးနှုန်းခြင်းကြောင့် လက်တင့်မခံနိုင်ကြပေ။ ထိမ်းမြားခြင်းဆိုင်ရာဆက်နွယ်မှုအပေါ်၌ သူတို့၏အမြင်ကိုသန့်ရှင်းသောနှုတ်ကပတ်တော်အားဖြင့် ပုံဖော်စေမည့်အစား လိင်ပိုင်းဆိုင်ရာရင်းရင်းနှီးနှီးဖော်ပြသောအသုံးအနှုန်းများကို ဝိညာဉ်ရေးရာတစ်ခုတည်းအဖြစ်သာ အနက်ဖွင့်တတ်ကြ၏။ ထိမ်းမြားခြင်းဆိုင်ရာရင်းနှီးမှုအပေါ် ဤထင်ရှားသောသရုပ်ဖော်ခြင်းကို ရှောင်ရှားရန်မလိုအပ်ပေ။

ဤစာအုပ်သည် ဘုရားသခင်နှင့်သူ့လူများ ရင်းနှီးမှုကိုနားလည်ရန် အထောက်အကူပြု၍ အိမ်ထောင်ရေး၌ ရင်းနှီးမှုကောင်းမွန်သောပုံသဏ္ဍာန်ကိုခိုင်ခံ့စေသည်။ ဘုရားသခင်နှင့်သူ့လူများစပ်ကြား၌ ရှိသောမေတ္တာသည် ယောကျ်ားနှင့်မိန်းမစပ်ကြား၌ ရှိသောမေတ္တာနှင့်ဆင်တူမှုများစွာရှိ၏။ ရင်းနှီးမှုသည် လိင်ပိုင်းဆိုင်ရာဖော်ပြခြင်း၌သာဟူသောကျွန်ုပ်တို့၏တိမ်တိမ်လေးတွေးခေါ်မှုတဘက်ကို ကူးသွားကြရမည်။ ရင်းနှီးမှုဟုဆိုရာတွင် ပဋိညာဉ်ဘောင်အတွင်း၌ ဆက်နွယ်မှုနက်ရှိုင်းစွာကြီးထွားနေခြင်းကိုခေါ်သည်။

ယေရှုသည် ဤဝိညာဉ်ရေးရာ ဆက်နွယ်မှုအကြောင်းအရာကို ပို၍ဝေမျှခဲ့သည်။ သူသည် လိင်အကြောင်းအရာကို ပြောဆိုခြင်းမဟုတ်ဘဲ ရင်းနှီးမှုရှိသောဆက်နွယ်မှုအကြောင်းကို ပြောဆိုနေခြင်းဖြစ်သည်။

*"ငါ၌တည်နေကြလော့။ငါသည်လည်း သင်တို့၌ တည်နေမည်။ စပျစ်ခက်သည် အပင်၌မတည်လျှင် ကိုယ်အလိုအလျောက်အသီးမသီးနိုင်သကဲ့သို့*

*သင်တို့သည် ငါ၌မတည်လျှင် အသီးမသီးနိုင်ကြ။ ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏။ ထိုသူသည် များစွာသောအသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ"(ယော၊၁၅:၄-၅)။*

ကျွန်ုပ်တို့သည် ကယ်တင်ရှင်၏လူဖြစ်ခြင်းနှင့်ရည်ရွယ်ချက် လမ်းစပျောက်သောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူပါရှိသည်ဖြစ်၍ များစွာသောအသီးကို သီးစေပါလိမ့်မည်။ ထွက်ပေါ်လာသောအသီးအပွင့်များသည် ခရစ်ယာန်တစ်ဦး အသက်ရှင်ခြင်း၌ ခရစ်တော်၏ပုံသက်သေကောင်းဖြစ်ပါသည်။ မည်ကဲ့သို့နှစ်ခုယှဉ်တွဲသည်ကို ကျွန်ုပ်တို့မြင်တွေ့နိုင်မည်လော။ နှစ်ခုစလုံးအရေးပါ၍ မှန်ကန်၏။ ဤကား တမန်တော်ပေါလုပြောဆိုသည့် နက်နဲသောအကြောင်းအရာပေတည်း။

*"ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့်ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်။ဤအရာသည် အလွန်နက်နဲသောအရာဖြစ်ပေ၏။ထိုသို့ငါဆိုသော် ခရစ်တော်နှင့်အသင်းတော်ကိုရည်မှတ်၍ ဆိုသတည်း" (ဧ ၅:၃၁-၃၂)။*

စတုတ္ထအနေဖြင့် ယောကျ်ားနှင့်မိန်းမစပ်ကြား၌ ရင်းနှီးမှုရှိရန် သမ္မာကျမ်းစာ၌ရှိသည့် မိန့်တော်မူချက်တချို့ကိုကြည့်ကြပါစို့။အောက်ပါရှုထောင့်အမြင်လေးမျိုးသည် ခင်ပွန်းတစ်ဦးကအခြားတစ်ဦးအပေါ်၌ ရှိသင့်သည့်အရာကို နားလည်စေဖို့ရန် အထောက်အကူပြု၏။ ကြည့်ရှုသုံးသပ်ပါ။ သင်အံ့သြသွားပါလိမ့်မည်။

## အိမ်ထောင်၌ လက်တွေ့ကျသော အမြင်လေးမျိုး
## ၁) ပိုင်ဆိုင်ခြင်း

*ကောင်းသော်လည်း မတရားမေထုန်နှင့်ကင်းလွတ်မည်အကြောင်း ယောကျ်ားတိုင်း မိမိမယားရှိစေလော့။ မိန်းမတိုင်းမိမိလင်ရှိစေလော့ (၁ကော၊ ၇:၂)။*

ယောကျ်ားသည် မိမိမယားရှိ၍ မိန်းမလည်း ယောကျ်ားရှိ၏။ သူတို့သည် အချင်းချင်းပါဝင်ပတ်သက်ကြသည်။ သူတို့သည် အချင်းချင်း ပိုင်ဆိုင်ကြသည်။ တစ်ဦးကို အခြားတစဦးက ပိုင်ဆိုင်၏။ ရိုးရှင်းသောဂရိစကား၏အဓိပ္ပာယ်မှာ 'ရှိဖို့ရန်' သို့မဟုတ် 'ပိုင်ဆိုင်သည်' ဟူ၍ဖြစ်သည်။

## ၂) တာဝန်သိစိတ်

*ယောက်ျားသည် ဆက်ဆံခြင်းဝတ်ကို မိမိမယားအားပြုစေလော့။ ထိုနည်းတူမိန်းမသည်လည်း ဆက်ဆံခြင်းဝတ်ကို မိမိလင်အား ပြုစေလော့ (၁ကော၊ ၇:၃)။*

ယောက်ျားနှင့်မိန်းမတို့သည် အချင်းချင်းပြည့်စုံစေဖို့ရန် တချို့သော ဝတ္တရားများရှိ၏။ လင်ဆက်ဆံခြင်း ဝတ္တရားကိုဆိုလိုသည်။ မည်သူမျှမိမိခင်ပွန်းကိုငြင်းပိုင်ခွင့်မရှိ။ သူတို့၏ဆန္ဒများသည် သူတို့၏ထိမ်းမြားခြင်းပဋိညာဉ်ဆက်နွယ်ခြင်းအားဖြင့် စေခိုင်းခြင်းဖြစ်သည်။

## ၃) ထိန်းချုပ်ခြင်း

*မိန်းမသည် မိမိကိုယ်ကိုမပိုင်၊လင်ပိုင်၏။ထိုနည်းတူယောက်ျားသည်လည်း မိမိကိုယ်ကိုမပိုင်၊ မယားသည်ပိုင်၏ (၁ကော၊၇:၄)။*

ယောက်ျားနှင့်မိန်းမတို့သည် မိမိတို့၏အိမ်ထောင်ဖက်ဆန္ဒများ၌ အညံ့ခံကြရမည်။ သူတို့ဆန္ဒနှင့်အတ္တများကို အချင်းချင်းဦးစားပေးဖို့အတွက် အလျော့ပေးကြရန်ဖြစ်သည်။ တစ်ဦး၏ဆန္ဒသည် အခြားတစ်ဦး အစေခံခြင်းအတွက်ဖြစ်ရမည်။

## ၄) အပ်နှံခြင်း

*ခင်ပွန်းရှိသောသူမူကား မိမိမယား၏စိတ်နှင့် တွေ့စေခြင်းငှာ လောကီအမှုကိုတိထားတတ်၏။ ထိုနည်းတူ ခင်ပွန်းမရှိသောမိန်းမနှင့်ခင်ပွန်းရှိသောမိန်းမသည် ခြားနားခြင်းရှိ၏။ ခင်ပွန်းမရှိသောမိန်းမသည် ကိုယ်ခန္ဓာစိတ်ဝိညာဉ်နှစ်ပါးကို သန့်ရှင်းစေခြင်းငှာ သခင်ဘုရား၏အမှုကိုသာ သတိပြုတတ်၏။ခင်ပွန်းရှိသောမိန်းမမူကား မိမိခင်ပွန်း၏စိတ်တွေးစေခြင်းငှာ လောကီအမှုကိုသတိထားတတ်၏ (၁ကော၊ ၇:၃၃-၃၄)*

ယောက်ျားနှင့်မိန်းမနှစ်စလုံး အချင်းချင်းကောင်းကွက်ကို ရှာဖွေရမည်။ ဘဝရှင်သန်ခြင်း၏ဆုံးဖြတ်ချက်များသည် စိတ်နှလုံးထဲ၌ရှိမည့်အချင်းချင်းကို နှစ်သက်အားရစေသည့်အရာများဖြစ်ရမည်။ အိမ်ထောင်ပြုခြင်းသည် ယောက်ျားနှင့်မိန်းမအတူတကွပေါင်းစည်းခြင်းဖြစ်သောကြောင့်သူတို့သည် မိမိတို့ဦးစားပေးသည့်အတိုင်း အသက်မရှင်တော့ဘဲအချင်းချင်းအတွက် အသက်ရှင်လာကြ၏။

## ဆိုးရွားသောအိမ်ထောင်များ

ဆိုးရွားသောအိမ်ထောင်၌ ထိန်းချုပ်မှုအကြောင်းအရာများနှင့် ရှန်းကန်လျက်နေသည်။ တစ်ဦးချင်းစီကလည်း မိမိတို့၏အခွင့်အရေးကိုသာအာရုံ

စူးစိုက်၍ မိမိတို့၏လိုအင်ဆန္ဒပြည့်စုံဖို့ရန် တောင်းဆိုတတ်ကြ၏။ ကောင်းမွန်သောအိမ်ထောင်၌ကား အချင်းချင်း၏ကောင်းကျိုးအတွက် မိမိတို့၏ဦးစားပေးမှုကိုစွန့်လွှတ်တတ်ကြသည်။ ဤသို့သောဆက်ကပ်အပ်နှံခြင်းသည် ထိုအချိန်၌ပင်အိမ်ထောင်ကို တည်ဆောက်လေ၏။ အသက်တာရင့်ကျက်ပြီး ကြီးထွားနေသောခရစ်ယာန်တစ်ဦးသည် ကောင်းမွန်သောအိမ်ထောင်တစ်ရပ်၏လိုအပ်ချက်များကို အပြည့်အဝပြည့်စုံစေတတ်သည်။

ကောင်းသောဥပမာတစ်ခုမှာ သံလိုက်နှစ်ချောင်း၏လုပ်ဆောင်ချက်ဖြစ်ပါသည်။ ဆန့်ကျင်ဖက်ဝင်ရိုးများသည် ဆွဲဆောင်၏။ ဆင်တူသောဝင်ရိုးများကား တွန်းလှန်၏။ ဝင်ရိုးများကို တူညီသောဦးတည်ချက်၌ တန်းစီပါ။ ၎င်းတို့သည်တစ်ခုနှင့်တစ်ခုတွဲကပ်လိမ့်မည်။ သို့သော်၎င်းတို့ကိုတောင်နှင့်မြောက်ထားကြည့်ပါ။ သံလိုက်သည် တစ်ခုနှင့်တစ်ခုတွန်းလှန်လိမ့်မည်။ သင်သည် ၎င်းတို့ကို အတင်းအကျပ်ကပ်စေနိုင်သော်လည်း ၎င်းတို့သည် တစ်ခုနှင့်တစ်ခုဆန့်ကျင်ပါလိမ့်မည်။ ထို့အတူ ရင်းနှီးကျွမ်းဝင်ခြင်းသည် ဆွဲဆောင်မှုအား၏အရေးသာမှု၌မူတည်၏။၎င်းသည် အညံ့ခံခြင်း၏စွမ်းအားအားဖြင့် ဖြစ်မြောက်တတ်သည်။ ရင်းနှီးကျွမ်းဝင်ခြင်းသည် အချင်းချင်းတွဲကပ်စေဖို့ရန် သင့်ကိုအကျိုးပြုလိမ့်မည်။ သင်၏ရင်းနှီးကျွမ်းဝင်ခြင်းကိုစစ်ဆေးဖို့ရန် "ကျွန်ုပ်ဆုံးဖြတ်ချက်များနှင့်အပြုအမူများသည် ကျွန်ုပ်ခင်ပွန်းအား ကောင်းကြီးမင်္ဂလာဖြစ်စေပါ သလား"ဟု မိမိကိုယ်ကိုမေးမြန်းရမည်။

မနေ့ညက အိမ်ပြန်နောက်ကျခဲ့သည်။ ကလေးများလည်း အိပ်ရာဝင်သွားကြပြီဖြစ်သည်။ အိမ်ရောက်သောအခါ မိန်းမကိုကြည့်ပြီး နည်းနည်းမောပန်းနေသလိုထင်ရသည်။ သူတကယ်မောပန်းသောကြောင့် မီးဖိုချောင်သန့်ရှင်းရေးလုပ်ဖို့ မေ့ချင်ယောင်ဆောင်နေသကဲ့သို့ ကျွန်တော်မြင်မိသည်။ ဒယ်အိုးများကို ကျွန်တော်ဆေးလိုက်မည်ဟုလှမ်းပြောလိုက်၏။ ကျွန်တော်တို့သည် ညဉ်နေစာစားပြီးနောက် အပြေးအလွှားလှုပ်ရှားလေ၏။ ထိုဒယ်အိုးများသည် ဆေးရအခက်ဆုံးအိုးများဖြစ်၏။ တချို့ဒယ်အိုများသည် ဆီပေနေ၍ တချို့မှာကျိုးကပ်နေသည်။အမှန်မှာ ကျွန်တော့်အလုပ်မဟုတ်ပေ။သို့သော် စေတနာအလျောက်ဤအလုပ်ကို လုပ်ဆောင်ခြင်းအားဖြင့် သူ့အား ကျွန်တော်ကူညီနိုင်သည့်လမ်းဖြစ်ကြောင်းကို ကျွန်တော်သိရှိထား၏။ မိန်းမလည်း အိပ်ရာဝင်သွားလေ၏။ ကျွန်တော်လည်း ဝမ်းမြောက်သောစိတ်နှင့် သူ့ကိုယ်စားဒယ်အိုးများကိုဆေးကြော၍ မီးဖိုချောင်ကိုပါရှင်းလိုက်လေ၏။ မနက်မိုးလင်းသောအခါ မီးဖိုချောင်ရှင်းဖို့ သူဆင်းလာသည်ကို ကျွန်တော်အရမ်းလေးစားမိ၏။ ကျွန်တော်သည် မျှော်မှန်းချက်ပြည့်စုံစေဖို့ရန် သူ့ကိုနောက်ထပ်တခါ ခြေကုန်လက်ပန်းမကျစေဘဲကူညီခဲ့ရခြင်းဖြစ်သည်။

ကျွန်ုပ်တို့စိတ်နှလုံး၌ရှိသောအရာများကို မိမိတို့၏ခင်ပွန်းနှင့် ဝေငှခြင်းအားဖြင့် စစ်မှန်သောရင်းနှီးကျွမ်းဝင်ခြင်းများစွာပြုနိုင်၏။ ထိုသို့ဝေငှခြင်းသည် အခြားတစ်ဦးအား ခင်ပွန်းတစ်ဦး၏ဆက်ကပ်အပ်နှံခြင်း၌ ဖြစ်ပေါ်နေသောအတိမ်အနက်များဖြစ်သည်။ စကားစမြည်ပြောဆိုခြင်းနှင့်အတွေ့အကြုံဖလှယ်ခြင်းအမှုသည် ဇနီးမောင်နှံတို့ကို အတူတကွ ထိုသို့သောတွေးခေါ်မှုနှင့် အသက်ရှင်ခြင်း လမ်းစဉ်သို့ပို့ဆောင်ပေး၏။ ဤအပိုင်းကို ရင်းနှီးကျွမ်းဝင်ခြင်းဆိုင်ရာဉာဏ်စမ်းမေးခွန်းများဖြင့် အဆုံးသတ်ကြပါစို့။သင်နှင့်သင့်ခင်ပွန်း၏ရင်းနှီးကျွမ်းဝင်မှုသည် မည်ကဲ့သို့ရှိကြောင်း ကြည့်ရှုသုံးသပ်ပါ။

## ရင်းနှီးကျွမ်းဝင်ခြင်းဆိုင်ရာ ဉာဏ်စမ်းမေးခွန်းများ

၁။ သင်သည် လွန်ခဲ့သည့်သုံးရက်၌ သင့်ခင်ပွန်းနှင့် ပျော်ရွှင်ဖွယ်စကားစမြည်ပြောဆိုခြင်းကို ၁၅ မိနစ်ထက်ပို၍ အချိန်သုံးခဲ့၏။

၂။ သင့်ယောက်ျား သို့မဟုတ် မိန်းမ၏စိတ်နှလုံးထဲ၌ အရေးပါဆုံးအရာနှစ်ခုကိုဖော်ပြပါ။

၃။ သင်တို့လင်မယားသည် ကာမဆက်ဆံပြီးနောက် ကျေနပ်မှုနှင့်ငြိမ်ချမ်းမှုကို ဆယ်မိနစ်ခံစားရပါသလား။

၄။ လွန်ခဲ့သည့်သုံးလ၌ သင့်ယောက်ျားက သူ၏အနာဂတ်အိပ်မက်ကိုဝေမျှဆွေးနွေးခဲ့ပါသလား။

၅။ သင်သည် သင့်ခင်ပွန်းတစ်ဦးတည်းနှင့်သာ လမ်းလျှောက်ခြင်း၊ စကားပြောဆိုခြင်းကို ကြိုက်နှစ်သက်ပါသလား။

၆။ သင်တို့နှစ်ဦးကြား၌ မည်သည့်အဟန့်အတားမျှမရှိဟုခံစားပါသလား။

၇။ လွန်ခဲ့သည့်အပတ်၌ သင့်ခင်ပွန်းအား စကားကောင်းကောင်းပြောဆိုနိုင်ဖို့ရန် သင့်စကားလုံးများကို သတိရှိစွာထိန်းချုပ်ခဲ့ပါသလား။

သင်မည်ကဲ့သို့ပြုပါသနည်း။ သင့်အိမ်ထောင်သည် ရင်းနှီးကျွမ်းဝင်မှုရှိလျှင် သင့်ဖြေဆိုချက်များသည်လည်း မှန်ကန်သင့်သည်။ သင့်စိတ်နှလုံးသည် တလုံးတဝတည်းဖြစ်လျှင် သင်တို့လိုအင်ဆန္ဒသည်လည်း တလုံးတဝတည်းဖြစ်ရမည်။သင်သည် ဝိညာဉ်မိတ်ဖက်ဖြစ်၏။ သင်တို့စပ်ကြား၌ဝေမျှခြင်းများစွာဖြစ်ပျက်၏။ အပျော်ခရီးထွက်ပြီးနောက် အတူတကွဝေမျှလိုသောလိုအင်ဆန္ဒများကိုမရပ်ဆိုင်းသင့်ပေ။ နှစ်ဦးစပ်ကြား၌ ဆက်နွယ်မှုကြီးထွားခြင်းသည် ဦးစားပေးမည့်အရာဖြစ်သည်။

## ၁။ ရင်းနှီးကျွမ်းဝင်ခြင်း၌ ကြီးထွားခြင်း

များစွာသောဇနီးမောင်နှံတို့သည် အိမ်ထောင်မပြုမီ ပျော်ရွှင်ဖွယ်ရာအချိန်များကို တောင့်တလျက်အမှတ်ရတတ်ကြ၏။ သူတို့သည် ထိုအခြေအနေကိုမည်ကဲ့သို့ပြန်ရောက်နိုင်မည်နည်း။ တနည်းအားဖြင့် သင်မရောက်နိုင်တော့ပေ။ အကြောင်းမှာ သင်၏စိတ်လှုံ့ဆော်မှုသည် ယခင်နှင့်မတူသောကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေတဘက်မှာ သင်လုပ်နိုင်သေးသည်။




ရင်းနှီးကျွမ်းဝင်ခြင်းဆိုင်ရာ ဉာဏ်စမ်းမေးခွန်း၌ ဖော်ပြသည့်အတိုင်း အတူတကွကြီးထွားဖို့အတွက် အချိန်ကိုတန်ဖိုးထားရန်လိုအပ်၏။ သင့်မိန်းမနှင့်အတူရှိနေနိုင်ဖို့ရန်လည်း သင့်အစီအစဉ်ထဲကအချိန်ကောင်းပေးတတ်ဖို့အမှန်လိုအပ်သည်။၎င်းသည် ကိုယ့်မိန်းမပျော်ရွှင်စေဖို့ရန်ယောက်ျား၏နာခံသောပြုမူခြင်းပင်ဖြစ်သည်။ယောက်ျားသည် မိမိမယားနှင့်သာ၍သိကျွမ်းဖို့ရန် အချိန်ပေးရလိမ့်မည်။ ထိုထက်မက အခြားအမှုအရာများအတွက်လည်း အချိန်ပေးရပါလိမ့်မည်။မိဘများလည်း မိမိတို့၏အချိန်များကိုလျှော့ချ၍ သားသမီးများကိုမိမိတို့၏လုပ်ရှားမှုများသို့ခေါ်သွားသင့်သည်။သင်တို့ဆက်နွယ်ခြင်း၌ ဦးစားပေးမှုရှိလာပါလိမ့်မည်။

တချို့က မိမိတို့၏ဆုံးဖြတ်ချက်ကို မိမိခင်ပွန်းနှင့်ပြောဆိုခြင်းအပေါ်အမှီပြုတတ်ကြသည်။ ထိုသို့ပြုမည့်အစား သင်၏ဆုံးဖြတ်ချက်ကို သင့်ခင်ပွန်းနှင့်ဆက်နွယ်ရန် သင်တို့၏ထိမ်းမြားခြင်းဆိုင်ရာဆက်ကပ်အပ်နှံခြင်းအပေါ်၌အမှီပြုသင့်သည်။

ကိုယ်တွေ့ဝေငှခြင်း၊ အပြန်အလှန်နားလည်ခြင်းနှင့် နက်ရှိုင်းသောဆက်ကပ်အပ်နှံခြင်းတို့သည် အိမ်ထောင်ရေး၌ကြီးထွားခြင်းကိုဖြစ်စေသောအစိတ်အပိုင်းသုံးခုဖြစ်သည်။ဖော်ပြပါပုံသည် စက်ဝိုင်းပုံဖြစ်၍တစ်ဦးနှင့်တစ်ဦးအပေါ်ပို၍ပို၍နက်ရှိုင်းသောကြီးထွားခြင်းကိုပြသပါသည်။ ၎င်းတို့ကိုတစ်ခုပြီးတစ်ခုကြည့်ကြပါစို့။

## ကိုယ်တွေ့ ဝေငှခြင်း

ဇနီးမောင်နှံတို့သည် အချင်းချင်းပို၍စကားပြောဆိုသောအခါ ရင်းနှီးကျွမ်းဝင်ခြင်း၌ ကြီးထွားလာလိမ့်မည်။ ယနေ့ဇနီးမောင်နှံတို့စပ်ကြား၌ ရင်းနှီးကျွမ်းဝင်ခြင်း၏အဓိကစိန်ခေါ်မှုတစ်ခုမှာအလုပ်များခြင်းဖြစ်ကြောင်းကျိန်းသေ

ပါသည်။အကယ်၍ ဇနီးမောင်နှံတို့သည် သူတို့အတူတကွအသုံးပြုမည့်အချိန်များကိုအနည်းငယ်သာချန်ထားပါက သူတို့အဖို့ ရင်းနှီးကျွမ်းဝင်မှုကြီးထွားရန်အခွင့်အလမ်းမရှိသလောက်ဖြစ်သည်။

Linda နှင့်ကျွန်တော်သည် လက်မထပ်မီ ညတိုင်းတစ်နာရီအချိန်ယူပြီးအတူတကွစကားပြောဆိုလျက် ဆုတောင်းကြ၏။ယင်းသည် အလေ့အထများထဲမှအကောင်းဆုံးဖြစ်သည်။ ယနေ့ညအတွက် ချိန်းတွေ့ခြင်းသည် ကျွန်ုပ်တို့အဖို့ အကောင်းဆုံးဖြစ်လာ၏။

အစပိုင်းတွင် ထိုမိန်းမကို ချိန်းတွေ့ချိန်၌သာတွေ့ရှိ၏။ နောက်ပိုင်းတွင်သူ့မိဘနေအိမ်သို့သွားရောက်လည်ပတ်ခဲ့သည်။ ကျွန်ုပ်တို့၏အချိန်များကိုကျမ်းစာလေ့လာခြင်း၊ ဆုတောင်းခြင်းနှင့်ဝေငှခြင်းတို့ဖြင့် အသုံးပြုကြသည်။ ကျွန်ုပ်တို့လက်ထပ်ပြီးသည်နောက် ၎င်းကို ဆက်လက်လုပ်ဆောင်ကြသည်။ ကျွန်ုပ်တို့အိမ်ထောင်သည် နှစ်တိုင်းပို၍ကောင်းလာ၏။ ကျွန်ုပ်တို့အိမ်ထောင်သည် မယုံနိုင်လောက်အောင်ပင် ပို၍ကောင်းလာသည်။

ရိုးသားသောစကားစမြည်ပြောဆိုခြင်းသည် ဟန်ဆောင်မှုကို အဆုံးသတ်စေသည်။ ကျွန်ုပ်တို့သည် အရာရာမကောင်းဘဲလျက် ကောင်းသည်ဟုဟန်ဆောင်စရာမလိုပေ။ မိမိခင်ပွန်းအား အဖြစ်မှန်အတိုင်း မပြောဆိုခြင်းသည် မိမိတို့၏မရိုးသားမှုပင်ဖြစ်သည်။ ကျွန်ုပ်တို့လုပ်ဆောင်ရမည်မှာ မိမိတို့သည် မည်သူမည်ဝါဖြစ်ကြောင်း သူတစ်ပါးအား သိစေရန်ဖြစ်သည်။ မိမိတို့၏ကိုယ်တွေ့ရုန်းကန် လှုပ်ရှားမှုများကို မနာလိုစိတ်ဖြင့်ဖြစ်စေ၊ ဒေါသစိတ်ဖြင့်ဖြစ်စေဝေငှနိုင်သည်။မိမိတို့သည် ရိုးသားသောခြေလှမ်းဖြင့် ရှေ့သို့လှမ်းတက်သောအခါလျှို့ဝှက်ခြင်း၏ကန့်လန့်ကာသည်  ဖယ်ရှားခံလျက်ရင်းနှီးကျွမ်းဝင်ခြင်း၌ကြီးထွားနိုင်သည်။ ဟန်ဆောင်သောသူကိုမချဉ်းကပ်ရ။ ဟန်ဆောင်ခြင်းသည် ထိုသူ၏အဖြစ်မှန်မဟုတ်ပေ။ ထိုသို့သောသူများသည် မရိုးသားသောကြောင့် စကားစမြည်ပြောဆိုခြင်း အများစုမှာပေါ့ပေါ့တန်တန်ဖြစ်တတ်သည်။ ဆောက်လုပ်ရေးအကြောင်း၊ ပြိုင်ပွဲအကြောင်းနှင့် ကျောင်းအကြောင်းပြောဆိုမှုသည် ကောင်းသောအရာဖြစ်သော်လည်း အဆုံး၌ မိမိတို့၏ဝေဒနာများ၊ မျှော်လင့်ချက်များ၊ လိုအင်ဆန္ဒများနှင့်စိတ်ပျက်ခြင်းများကိုဝေငှဖို့ လိုအပ်ပါသည်။ ၎င်းသည် စစ်မှန်သောကြီးထွားမှုစတင်ဖြစ်ပေါ်သည့်နေရာနှင့်အချိန်ဖြစ်ပါသည်။

စကားစမြည်ပြောဆိုခြင်းသည် အပေါ်ယံမျှသာဖြစ်၍ တစ်ကိုယ်ကောင်းဆန်နိုင်၏။ သင့်ခင်ပွန်း၏အသက်တာ၌ ဖြစ်ပျက်သောအရာကို စုံစမ်းစစ်ဆေးမည့်အစား သင့်အကြောင်းအရာကိုသာအစဉ်အမြဲပြောဆိုတတ်လျှင်သင့်ခင်ပွန်းနှင့်ရင်းနှီးကျွမ်းဝင်မှုမကြီးထွားသည်မှာ  အံ့အားသင့်စရာမလိုပေ။ မိမိအကြောင်းအရာကိုသာ ပြောဆိုတတ်သောသူအား မည်သူကမျှမကြိုက်

ကြပေ။ ၎င်းသည် အိမ်ထောင်ရေး၌လည်း မှန်ကန်မှုရှိ၏။ မိမိကိုယ်ကိုသာ အာရုံစူးစိုက်သောသူသည် မိမိကိုယ်ကိုသိမြင်ခြင်း၌သာ ရောင့်ရဲ‌တတ်၏။ ကျွန်ုပ်တို့သည် လူတစ်ဦးစကား မည်မျှပြောဆိုသည်ကိုမဆိုလိုဘဲ ထိုသူပြောဆိုသောစကားသည် အခြားသူတစ်ပါးအတွက်လုပ်ဆောင်မှုရှိမရှိကိုဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ခင်ပွန်းအသက်တာကို စူးစမ်းလို၏။ အကြောင်းမှာ သူ၏ဖြစ်ခြင်းကို စိတ်ဝင်စားသောကြောင့်ဖြစ်သည်။ ဟိုတစ်ညဉ့်၌ ပင်ကျွန်တော့်မိန်းမအကြောင်းနှင့်စပ်လျဉ်း၍ ကျွန်တော်မသိသည့်တစ်စုံတစ်ရာကိုကျွန်တော့်အားပြောပြရန် တောင်းဆိုခဲ့သည်။သူအကြာကြီး စဉ်းစားပြီးမှ တစ်စုံတစ်ရာကိုပြောပြလေ၏။

ကျွန်ုပ်တို့ပြောဆိုသောစကားစမြည်သည် မှန်ကန်မှုရှိရမည်။ရိုးသားမှုနှင့်အမှန်တရားသည် အပြန်အလှန်ဆက်စပ်မှုရှိ၏။ကျွန်ုပ်တို့သည် များစွာသောအိမ်ထောင်၌ ပြဿနာတစ်ခုဖော်ထုတ်ရေးအတွက် မိမိတို့အား အထောက်အကူဖြစ်စေရန် နှစ်ခုကိုမသိမသာခွဲခြားလို၏။ လူတစ်ဦးသည် ရိုးသားဖြောင့်မတ်ခြင်းကို စဉ်းစားသောအခါ မိမိ၏စကားသည် ရိုးသားမှုရှိမရှိကိုသာ စဉ်းစားရမည်။အမှန်တရားသည် စကားလုံးများထက် ပို၍နက်ရှိုင်း၏။ သို့ဖြစ်၍ တစ်စုံတစ်ဦးသည် အခြားသူမည်သို့ခံစား၍ မည်သို့စဉ်းစားသည်ကိုသိရှိနိုင်၏။

ခင်ပွန်းတစ်ဦးသည် ဖော်ပြခြင်းမပြုဘဲလျက် နှစ်သက်သောအရာ၊ မနှစ်သက်သောအရာများဟူ၍ များစွာရှိနိုင်သည်။ အတူတကွလုပ်ဆောင်နိုင်သောအရာများကိုစဉ်းစားရမည်။ ယဉ်ကျေးသိမ်မွေ့သောအားဖြင့် သင်မနှစ်သက်သောအရာကိုမဖော်ဘဲနေနိုင်သည်။ ဆက်နွယ်မှုနီးကပ်ခြင်းကြောင့် သင့်စကားကို ဆင်ခြင်ပြောဆိုခြင်းသည် ပို၍ချစ်ခြင်းဖြစ်သည်ဟု သင်စဉ်းစားနိုင်သည်။ အမှန်မှာ သင်သည် ပို၍ကောင်းသောချဉ်းကပ်မှုနှင့်ပို၍မှန်ကန်သော ချဉ်းကပ်မှုကိုလိုအပ်သည်။

ဥပမာပြောရလျှင် လူယောက်ျားနှင့်လူမိန်းမတို့သည် အလွန်ခြားနားသောသူများဖြစ်ကြသည်။ ကျွန်ုပ်တို့အတွေ့အကြုံနှင့်သိရှိမှုသည်လည်း ခြားနားသည်။ ကျွန်တော့်မိန်းမသည် သူ့နောက်ကျောဘက်ကို ကုတ်ပေးလျှင် အလွန်နှစ်သက်ပြီးပျော်ရွှင်တတ်သည်။ အကယ်၍ ကျွန်တော်က တစ်ကြိမ်တစ်ခါမျှ မကုတ်ဖူးသည့်နေရာ လေး၌ ကုတ်ပေးမိလျှင် ယားသလိုလို ဘာလိုလိုလည်း ဖြစ်သွားတတ်သည်။




သူ့ကို ကျွန်တော်အရမ်းကြီးမယဉ်ကျေးစေလိုပါဘူး။ စာရေးသူအနေဖြင့် ဤအတိုင်းအတာထိပြောလျှင်လုံလောက်ပြီဟု ယူဆမိပါသည်။"ညာဘက်ခြမ်း အောက်ပိုင်းကို နည်းနည်းလောက်ဆင်းလိုက်

ပါအုံး။” “အို ကောင်းလိုက်တာ” ငါလည်း အဲဒီလိုပြောသံကိုကြားချင်တယ်။ ထိုသို့ယားသည့်နေရာ၌ကုတ်ပေးလိုက်လျှင် သူကြိုက်နှစ်သက်ကြောင်းလည်း ကျွန်တော်သိရှိသွားလေသည်။

အလွန်အကဲယဉ်ကျေးခြင်းသည်လည်း မှန်ကန်သောလုံလောက်မှု မဟုတ်ပေ။ ကျွန်ုပ်တို့သည် အချင်းချင်းအပြစ်မတင်လိုဘဲ ကျေနပ်စေလိုကြသည်ကို ကျွန်တော်သိရှိထားသည်။ အခြားသောသူအတွက် စဉ်းစားပေးသည်မှာ ကောင်းသောအရာဖြစ်သည်။ သို့သော် အချိန်အခါသည် အရေးကြီးလှ၏။ သင့်ကိုကျေနပ်စေရန် သူပြုသောတစ်စုံတစ်ရာသည် သင့်ကိုအမှန်တကယ်မကျေနပ်စေသောအရာဖြစ်နိုင်သည်။ အကယ်၍ ၎င်းသည် တခဏအတွက်သာဖြစ်လျှင် ကျွန်ုပ်တို့ပြန်မေ့သွားနိုင်သည်။ သို့သော် အိမ်ထောင်ပြုခြင်းသည် ဘဝတသက်တာအတွက်ဖြစ်သည်။ ဆက်နွယ်ခြင်းသည် အမှန်တရား၌ ကြီးထွားဖို့ရန်အခွင့်ပေးပါ။ “မေတ္တာစိတ်ဖြင့် သမ္မာတရားကိုဟောပြောသဖြင့်....” (ဧ ၄:၁၅)။

## အကျဉ်းချုပ်

ခင်ပွန်းနှင့်စကားပြောဆိုခြင်းသည် မတူညီသောအကြောင်းအရာများနှင့်စပ်လျဉ်း၍ သူမည်သို့စဉ်းစားသည် သို့မဟုတ် သိမြင်သည်ကိုသိရှိဖို့ရန် အခြေခံအကျဆုံးသောခြေလှမ်းဖြစ်၏။ကျွန်ုပ်တို့သည် မိမိတို့၏ခင်ပွန်းများမည်ကဲ့သို့လှုံ့ဆော်ခြင်းခံရသည်ကိုစတင်သိရှိခြင်းပင်ဖြစ်၏။ သူတို့၏ရန်းကန်လှုပ်ရှားမှုများနှင့်ဖြားယောင်းခြင်းများကိုထိုးထွင်းသိမြင်လာ၏။ကျွန်ုပ်တို့သည်သူတို့အကြောင်းကို ပို၍သိရှိနားလည်မှုရရှိသည့်နှင့်အမျှသူတို့ကိုပိုမိုကြည့်ရှုစောင်မ၍ကူညီနိုင်၏။ ကိုယ်တွေ့ဝေငှခြင်းသည် ကျွန်ုပ်တို့ကိုအပြန်အလှန်နားလည်ခြင်းသို့ပို့ဆောင်ပေးသည်။

## အပြန်အလှန် နားလည်ခြင်း

ကိုယ်တွေ့စကားစမြည်ပြောဆိုခြင်း၏အတိမ်အနက်သည် မိမိတို့၏ခင်ပွန်းအသက်တာနှင့်တွေ့ကြုံခံစားခြင်းထဲသို့ ပိုမိုနက်ရှိုင်းသောဝင်ရောက်မှု ကိုဖြစ်စေသည်။ တခါတရံ ကျွန်ုပ်မိန်းမသည် အကြောင်းအရာအားလုံးကို ငါ့အား မပြောနိုင်ဟုခံစားသောအခါ စာတစ်မျက်နှာ၊ နှစ်မျက်နှာလောက်ရေးပြီးငါ့ကိုလှမ်းပေးတတ်၏။ ဤသို့ပြုခြင်းသည်လည်း ပြဿနာဖြေရှင်း နည်းတစ်မျိုးဖြစ်သည်။




ထိုသို့သူသည် အကြောင်းအရာပေါ်၌ တိတ်တိတ်လေးအာရုံစူးစိုက်နိုင်၍ သူ

စဉ်းစားသည့်အရာကို ဆက်မရှင်းပြတော့ဘဲနေ၏။ သူသည်လည်း သခင်ဘုရားရှေ့မှောက်၌ သူ၏တွေးတောမှုများကို ရှင်းလင်းရန် အခွင့်အလမ်းရရှိလေသည်။

ဇနီးမောင်နှံတို့သည် မိမိတို့၏အကြောင်းအရာများကို ပို၍ဝေငှကြသောအခါ မိမိခင်ပွန်း၏ဖြစ်ရပ်မှန်ကို ပိုမိုကောင်းမွန်စွာသိရှိလာကြ၏။ လင်ယောကျ်ားသည် တချို့ကိစ္စများအပေါ် မိမိမယား၏စဉ်းစားကြံဆမှုကို အမှန်မသိလျှင် ကောင်းကောင်းမချစ်နိုင်ပေ။ မယားသည်လည်း သူ၏ယောကျ်ားအပေါ်၌ ဘုရားသခင်ပြုနေသောအမှုကို ကောင်းကောင်းမသိရှိလျှင် အထောက်အမကောင်းမဖြစ်နိုင်ပေ။ ပေါလုပြောဆိုသည့်အတိုင်း မယား၏အညစ်အကြေးတင်ခြင်းနှင့်အရေတွန့်ခြင်းတို့သည် ဖယ်ထုတ်ခြင်းခံပြီဟု ကျွန်တော်ယုံကြည်သည်။ ယောကျ်ား၏အကြွင်းမဲ့မေတ္တာကြောင့် သူ့မယားသည် လှပသောနှင်းဆီပန်းကဲ့သို့ပိုမိုပွင့်လန်းနိုင်ခွင့်ရရှိလေသည်။

*"အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်းတော်ကိုချစ်တော်မူသကဲ့သို့သင်တို့လည်းကိုယ်ခင်ပွန်းကိုချစ်ကြလော့။ ထိုအသင်းတော်သည် သန့်ရှင်းလျက် အပြစ်ကင်းလျက်ရှိသည်ဖြစ်၍ အညစ်အကြေးတင်ခြင်း၊အရေတွန့်ခြင်းမှစသည်တို့နှင့်လွတ်လပ်သဖြင့် အသရေတင့်တယ်လျက်ရှိသောအသင်းတော်ကိုခရစ်တော်သည် မိမိအားဆက်သအံ့သောငှာနှုတ်ကပတ်တော်ရေ၌ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည်အကြောင်းထိုအသင်းတော်အဖို့အလို့ငှာ ကိုယ်ကိုကိုယ်စွန့်တော်မူ၏"(ဧ ၅:၂၅-၂၇)။*

အပြန်အလှန် နားလည်ခြင်းသည် အကျိုးအမြတ်ကြီးမြတ်ပါ၏။ အပြန်အလှန်နားလည်ခြင်းသည် အချင်းချင်းကြား၌ သံသယရှိစေရန်နတ်ဆိုး၏နည်းဗျူဟာအဖြစ် အသုံးပြုသောနားလည်မှုလွဲခြင်းနှင့်ထင်ယောင်ထင်မှားဖြစ်ခြင်းတို့ကိုအားနည်းစေသည်။ ယောကျ်ားနှင့်မိန်းမတို့သည် စစ်မှန်သောသိခြင်းအားဖြင့် ပိုမိုသိရှိလေအချင်းချင်းကြား၌ နားလည်မှုလွဲခြင်းလျော့နည်းလေဖြစ်သည်။ တစ်ဦး၏နောက်ကြောင်းကို အခြားတစ်ဦး၌ အကုန်ဖွင့်ဟသောအခါ သခင်ဘုရားကဲ့သို့ပင် အချင်းချင်းအရှိကိုအရှိတိုင်း လက်ခံကြလေ၏။ ခြိမ်းခြောက်မှုမှန်သမျှကို အဝေးဖယ်ရှားရလေ၏။ (ဥပမာ သူတွေ့ရှိခဲ့လျှင် ငါ့ကိုချစ်အုံးမည်လော) လို့ဝှက်သောအရာဟူ၍ ဘာမျှမရှိတော့ပေ။

ကြွက်သားများလှုပ်ရှားနေချိန်၌ သက်တောင့်သက်သာရှိခြင်းသည် မဖြစ်နိုင်ပေ။ သက်တောင့်သက်သာရှိနေနိုင်ရန် တစ်စုံတစ်ဦးသည်ကြွက်သားများလျှော့ထားရန် စိတ်ထဲ၌ အမိန့်ပေးရမည်။ ကြိုးစားကြည့်ပါ။ သင့်ပခုံးကိုလျှော့ထားရန် သင့်ကိုယ်သင်ပြောဆိုပါ။ သင့်ပခုံးများမသိမသာငြိမ်လာသည်ဟုခံစားလိမ့်မည်။ထို့အတူဇနီးမောင်နှံတို့သည် တလုံးတဝတည်းဖြစ်ခြင်း၏ပုံစံသစ်ကို တစ်ခါတည်းအပြည့်အဝမခံယူနိုင်ကြပေ။

ဇနီးမောင်နှံတို့၏စိတ်ထဲ၌ တချို့သောသံသယများသည် နှစ်ပေါင်းများစွာပင်တဝဲလည်လည်ရှိနိုင်၏။ ဥပမာမိန်းမသည် ယောက်ျားအပေါ်နယ်ပယ်တစ်ခုကလွဲရင် ဝန်ခံအပ်နှံနိုင်သည်။ သူသည် ထိုအရာတစ်ခုအတွက်သူ့ယောက်ျားကိုစိတ်မချနိုင်ပေ။ထို့အတူ ယောက်ျားသည်လည်း သူ့မိန်းမကိုချစ်သော်လည်း နည်းနည်းလေးထိန်းချုပ်သည်။ အကြောင်းမှာ သူ့မေတ္တာကိုအလွဲသုံးစားပြုမည်ဟု ခံစားမိသောကြောင့်ဖြစ်သည်။ ထိုသို့ဖြင့် သူတို့၏နောက်ကြောင်းအဟန့်အတားကိုခရီးမပေါက်မချင်းသူတို့၏လိုအပ်ချက်များကိုမှန်ကန်စွာမသိမြင်နိုင်ကြပေ။

နောက်ကြောင်းပြန်ဆွဲခြင်းသည်တစ်စုံတစ်ဦး၏အသက်တာ၌ တင်းမာသောအပိုင်းများ ရှိနေသေးကြောင်းကိုပြသ၏။ ၎င်းတို့မှာကြောက်ရွံ့ခြင်းနှင့်စိုးရိမ်ခြင်းတို့ဖြစ်သည်။ ကြောက်ရွံ့ခြင်းသည် နားလည်လွဲခြင်းနှင့်မသိနားမလည်ခြင်းတို့အားဖြင့် အပြန်အလှန် နားလည်ခြင်းကို အားနည်းစေတတ်သည်။ တဘက်၌ ယုံကြည်ခြင်းသည် ဇနီးမောင်နှံတို့အားမိမိတို့၏အသက်တာကိုအချင်းချင်းဖွင့်ဟစေခြင်းငှာ လွတ်လပ်စွာအားပေးတတ်၏။

ရင်းနှီးကျွမ်းဝင်သောအိမ်ထောင်သည် တစ်ဦးအပေါ်တစ်ဦး ယုံကြည်စိတ်ချမှုနက်ရှိုင်းစွာဖြင့် ဖွဲ့စည်းထားသည်။ရင်းနှီးကျွမ်းဝင်ခြင်းသည် သာမန်ဖြစ်၍ ကောင်းမြတ်၏။ ယုံကြည်စိတ်ချမှုနက်ရှိုင်းသည့်အလျောက် သခင်ဘုရားသည် ထိမ်းမြားသောနေ့၌ ကြေငြာပြီးသောတလုံးတဝတည်းဖြစ်ခြင်းထဲသို့သင့်ကိုကြီးထွားနိုင်စေသည်။"သိရှိသည်"ဟူသောစကားလုံးသည် အရေးပါ ၏။ ဆက်သွယ်ခြင်းသည် ဖွင့်ဟဖော်ထုတ်ခြင်းအကြောင်းကိုပြောဆိုခြင်းဖြစ်သည်။ နားလည်ခြင်းသည် မိမိကိုယ်တိုင်အထဲ၌ ယုံကြည်စိတ်ချသောအကြောင်းအရာကိုဖော်ပြခြင်းဖြစ်သည်။

တစ်စုံတစ်ဦးသည် အခြားတစ်ဦးအား ပို၍နားလည်လာသောအခါ သူတို့သည် အတူတကွပို၍ နီးနီးကပ်ကပ် စတင်အလုပ်လုပ်နိုင်ကြ၏၊ ဝေမျှနိုင်ကြ၏၊ ချစ်နိုင်ကြ၏။ သူတို့သည် တလုံးတဝတည်းကို ကြိုက်နှစ်သက်၍ မိမိတို့၏စိတ်နှလုံးများနှင့်အသက်ရှင်ခြင်းများကိုဖလှယ်ကြ၏။

## အကျဉ်းချုပ်

အသိတရားဖလှယ်ခြင်းသည် ဇနီးမောင်နှံတို့အား သူတို့အချင်းချင်း၏ယုံကြည်ကိုးစားမှုကို တိုးပွားစေ၍ အပြန်အလှန်နားလည်ခြင်းကိုလည်းကြီးထွားစေ၏။ အပြန်အလှန်နားလည်ခြင်းသည်လည်း သင့်ကို နတ်ဆိုး၏များစွာသောစီမံချက်များမှကာကွယ်ပေးသည်။ စာတန်သည်နားလည်လွဲခြင်းကိုနှစ်ဦးစပ်ကြား၌ အငြင်းပွားရန် ဖြစ်စေတတ်သည်။ ဇနီးမောင်နှံတို့သည် အပြန်အလှန်နားလည်ခြင်းဖြင့် ပို၍နက်ရှိုင်းသောဆက်ကပ်အပ်နှံခြင်းကိုပြုနိုင်ကြသည်။

## နက်ရှိုင်းသော ဆက်ကပ်အပ်နှံခြင်း

ကလေးငယ်တစ်ဦးသည် နေ့ချင်းညချင်း၌ အရွယ်မရောက်နိုင်သလို ဇနီးမောင်နှံတို့သည်လည်း ထိမ်းမြားပြီးနောက် အထူးတွေ့ကြုံခံစားမှုတစ်ခု နှစ်ခုတို့ကြောင့် ရင်းနှီးကျွမ်းဝင်ခြင်း၌ မကြီးထွားနိုင်ကြပေ။ ၎င်းသည် ဘဝတ သက်တာအတွက်ဖြစ်၏။ သူတို့သည် အပြန်အလှန်ယုံကြည်မှုကြီးထွားဖို့ရန် ထောင်သောင်းချီသောအထူးစကားစမြည်ပြောဆိုခြင်းများရှိ၍ အတွေ့အကြုံ များဖလှယ်ခြင်းရှိရမည်။ ကြောက်ရွံ့ခြင်းသည် အချင်းချင်းအပေါ်၌ လန်းဆန်း ခြင်းရှိသောယုံကြည်စိတ်ချမှုဖြင့် အနိုင်ယူလျက် အစားထိုးရမည်။ ဤနက်ရှိုင်း သောအပြန်အလှန်နားလည်ခြင်း အကျိုးဆက်ဖြင့် သာ၍မြဲသောဆက်ကပ်အပ်နှံခြင်းကို ထွက်ပေါ်စေပါ သည်။ ဤဆက်ကပ်အပ်နှံခြင်းသည်အခြားဆက်ကပ်အပ်နှံခြင်းများထက် အနည်းငယ်ထူးခြားသည်။၎င်းသည် ပို၍သိမ်မွေ့ပြီးသတိလစ်သော်လည်း ကေန်အမှန်တည်ရှိသောအရာဖြစ်သည်။




ဤဆက်ကပ်အပ်နှံခြင်းသည် တစ်စိတ်တည်းဖြစ်ခြင်း၊ စွန့်လွှတ်ရန် လိုလားခြင်းနှင့်တစ်ဦးအပေါ်တစ်ဦး ချစ်ခင်မြတ်နိုးခြင်းတို့ကိုပြသသည်။

တစ်စိတ်တည်း - ဇနီးမောင်နှံတို့သည် မေတ္တာတစ်ခုတည်း၌သာ တိုးပွားလျက်ရှိကြရမည်။သူတို့သည် သူတစ်ပါး၌မဟုတ်ဘဲ အချင်းချင်း၌ အပ်နှံသောသူများဖြစ်ကြ၏။ ဤအရာကစွဲလန်းစေသောအရာများနှင့်စိတ်ကူးယဉ် အိပ်မက်များကိုဖယ်ရှားပေးသည်။အကယ်၍ ခင်ပွန်းတစ်ဦးသည်ဖုံးကွယ်သော အလေ့အထရှိလျှင် မိမိခင်ပွန်းကိုချစ်ခြင်း၌ အပ်နှံစေခြင်းဟာ အခြားသူတစ် ဦးကရှင်းလင်းဆုံးဖြတ်ရ၏။ယေရှုက အခြားခင်ပွန်းအား ကာမဆက်ဆံလိုစိတ် ရှိသောသူသည် မတရားသောမေထုန်ပြုခြင်းဖြစ်သည်ဟုဆိုသည်။ တစိတ် တည်းရှိခြင်းသည် အပ်နှံခြင်းမပြုသည့်အပိုင်းများကို ဖယ်ရှားသောကြောင့် မိမိ၏အိမ်ထောင်ဖက်၌သာ အပြည့်အဝချစ်ခင်မြတ်နိုးခြင်းရှိနိုင် သည်။

စွန့်လွှတ်ရန် လိုလားခြင်း - တစ်ခါအပ်နှံပြီးသောခင်ပွန်းသည် သူ တစ်ပါးအတွက် ဆက်လက်စွန့်လွှတ်ရန် လိုလားခြင်းရှိသည်။ ဤသည်ကား ခင်ပွန်း၏အသက်ရှင်ခြင်းဖြစ်၏။ မိမိခင်ပွန်း ပိုမိုကောင်းမွန်ရေးအတွက် မိမိ၏ သစ္စာရှိခြင်းသည် မိမိ၏အသက်ထက်ပို၍အရေးပါ၏။ ဤနည်းအတိုင်း ဇနီး မောင်နှံတို့သည် ကောင်းမွန်သောအိမ်ထောင်ကို တဆင့်ပြီးတဆင့် တည် ဆောက်ကြ၏။ ယောက်ျား၏မေတ္တာသည် ပိုမိုကျယ်ပြန့်၍ ပို၍နက်ရှိုင်းသော အရာကိုထွင်းဖောက်၏။ မိန်းမ၏ဝန်ခံအပ်နှံခြင်းသည် ပို၍စစ်မှန်သဖြင့် စေတ နာစိတ်ဖြင့် ရှေ့ဆက်ရွေ့လျားပါလိမ့်မည်။

ပို၍ချစ်ခင်သော - ဆက်ကပ်အပ်နှံခြင်းဖြင့် ကျွန်ုပ်တို့သည် ပိုမိုနက်ရှိုင်းသောခံစားမှုကိုလက်ခံရရှိမည်။ ကျွန်ုပ်တို့သည် ကိုယ့်ခင်ပွန်းကို ပို၍ချစ်လေဆက်နွယ်ခြင်းထဲမှ ပို၍စိတ်လှုပ်ရှားခြင်းနှင့် ဝမ်းမြောက်ခြင်းများရရှိလေဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ့်ခင်ပွန်းကြီးထွားလာသည်ကို မြင်တွေ့ဖို့ရန်စိတ်လှုပ်ရှားကြသည်။ မိမိတို့၏ခင်ပွန်းကောင်းကျိုးချမ်းသာသည် မိမိတို့အဖို့အရေးပါဆုံးဖြစ်လာသည်။

အကျဉ်းချုပ် - ဤနက်ရှိုင်းသော ဆက်ကပ်အပ်နှံခြင်း၏အနှစ်သာရသည် ချစ်ခြင်းမေတ္တာဖြစ်သည်။ မေတ္တာသည် အခြေအနေပေါ်မမူတည်သောအရာကိုဖော်ပြခြင်းဖြစ်၍ သူတစ်ပါးအတွက် အလေးထားတတ်သည်။ မေတ္တာသည် သီအိုရီသက်သက်မဟုတ်၊ လက်တွေ့ကျ၍ ကြင်နာကာ ပေးကမ်းတတ်သည်။ မေတ္တာသည် အချင်းချင်းကြား၌ အလေးထားမှုရှိ၍ ကြင်နာသောစကားလုံးများ၊ ရက်ရောသောအပြုအမူများနှင့်အထူးပြင်းပြသည့်ဆန္ဒများကိုပေါက်ဖွားစေတတ်၏။

## နိဂုံး

ကျွန်ုပ်ခင်ပွန်းသည် ကျွန်ုပ်အတွက် အလွန်အရေးကြီးသည်ဟုနားလည်ခြင်းသည် ရင်းနှီးကျွမ်းဝင်သော အိမ်ထောင်ရေး၏ထူးခြားချက်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အချင်းချင်း၏လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းသက်သက်မဟုတ်ပေ။ ကျွန်ုပ်တို့ပေါင်းစည်းခြင်းသည် ခွဲခွာခြင်းထက် ပို၍မင်္ဂလာဖြစ်သည်ဟု ဖော်ပြသောဘုရားသခင်၏နှုတ်ကပတ်တော်တန်ခိုးကို ယုံကြည်ရမည်။ကိုယ့်ခင်ပွန်း၏တန်ဖိုးကို မိမိတို့အသက်တာ၌ သိရှိလာသည့်အခါ ကိုယ့်ခင်ပွန်းကို အမှန်တကယ်သိရှိနိုင်မည့်အကြောင်း လိင်ဆက်ဆံခြင်း ပေါင်းကူးတံတားကိုလိုလိုလားလားပြုလာသည်။

ကျွန်ုပ်မိန်းမသည် မည်သူမည်ဝါဖြစ်ကြောင်း၊ ကျွန်ုပ်အသက်တာ၌ ကျွန်ုပ်ကိုမည်ကဲ့သို့ကူညီနိုင်ကြောင်းကို နားလည်ဖို့ရန် ကြိုးစားအားထုတ်ရလိမ့်မည်။ မိန်းမသည်လည်း ထိုအတူမိမိကိုယ်ကို ယုံကြည်သောအပြုအမူဖြင့် သူ့ယောက်ျား၌ အပ်နှံရလိမ့်မည်။ ဘုရားသခင်၏အကြံအစည်၌ ယုံကြည်စိတ်ချခြင်းသည် မိမိတို့၏စိတ်သဘောနှင့်အပြုအမူများကို ပုံဖော်စေသည်။

အိမ်ထောင်ရေးဆိုင်ရာ ရင်းနှီးကျွမ်းဝင်ခြင်းသည် စိတ်နှလုံးထဲ၌ရှိသောအရာများဖလှယ်ခြင်းဖြစ်သည်။ ၎င်းသည် အချိန်ကြာမြင့်၍ စစ်မှန်သောဆက်သွယ်ခြင်းကိုရည်ရွယ်၏။ ခင်ပွန်းအသီးသီးက ဘုရားသခင်သည် မိမိတို့၏အိမ်ထောင်ဖက်များကို သူတို့နှင့်အတူလုပ်ဆောင်နိုင်ဖို့ရန် အထူးဆုကျေးဇူးများ အပ်နှင်းထားကြောင်း နားလည်ကြ၏။ နက်ရှိုင်းသောရင်းနှီးကျွမ်းဝင်ခြင်း

သို့ခြေလှမ်းလှမ်းစေခြင်းဟာ သူတို့၏အလေ့အထများကို ပြောင်းလဲပစ်ဖို့ရန်ယုံကြည်စိတ်ချမှုသာလျှင် အနိုင်အထက်သွေးဆောင်သည်၏။

## ရင်းနှီးကျွမ်းဝင်မှု တိုးပွားစေရန်အတွက် မေးခွန်းများ

- သင့်ခင်ပွန်းနှင့် ရင်းနှီးသောဆက်နွယ်ခြင်း တိုးပွားစေခြင်းဟာ သင့်အစီအစဉ်ထဲက အချိန်ကိုပေးဖူးပါသလား။ ရှင်းပြပါ။
- စကားစမြည်များကို သင့်ခင်ပွန်းနှင့် အပေါ်ယံမျှသာပြောဆိုနေသလား သို့မဟုတ် တကယ့်နှလုံးသားနဲ့လား။
- သင်သည် လက်ထပ်သင့်သောသူကို လက်ထပ်ခြင်း/လက်မထပ်ခြင်းနှင့်သံသယဝင်နေသလား။ သင့်ခင်ပွန်း၌ ကောင်းကြီးမင်္ဂလာဖြစ်ဖို့ရန် စိတ်နှလုံးအကြွင်းမဲ့ဆက်ကပ်ဖူးပါသလား။ ဆက်ကပ်ဖူးပါ က သင်မည်ကဲ့သို့ ဤအရာကိုပြသခဲ့သနည်း။

## ရင်းနှီးကျွမ်းဝင်ခြင်းနှင့်စပ်လျဉ်း၍ စိတ်ညစ်နေသလား။

ကျွန်ုပ်တို့ပြောဆိုသောစကားသည် မိမိတို့၏ခင်ပွန်း၌ အားနွဲ့စေသောအရာဖြစ်သည်ကိုစိတ်နှလုံးထဲ၌ မေးခွန်းများစွာပေါ်လာသည်။ မိန်းမတစ်ဦးသည် တစ်စုံတစ်ရာအတွက် သူ့ယောကျ်ားကိုယုံကြည်စိတ်ချမှုမရှိနိုင်။ တချို့မိန်းမတို့သည် အိမ်ထောင်ရေးဖောက်ပြန်သော ယောကျ်ားများနှင့်ပေါင်းသင်းတတ်ကြသည်။ ထိုသူတို့သည် မိမိတို့ကိုယ်ကိုသစ္စာစောင့်သိသောသူများဟုဟန်ဆောင်ကြသည်။ တချို့ဇနီးမောင်နှံတို့သည် ခါးသီးခြင်းနှင့်ပြည့်နှက်ကြသည်။ထိုသူရှိသမျှတို့က ရင်းနှီးကျွမ်းဝင်ခြင်းသာရှိလျှင်ဟုတောင်းဆိုတတ်ကြ၏။ထိုသို့ဖြစ်လင့်ကစား ကြီးမားသောမျှော်လင့်ချက်ကို ပေးနိုင်သည့်ရွေးချယ်စရာအခွင့်အရေးရှိသေးသည်။

သင်သည် ဖိတ်ခေါ်သောသူလော/ငြင်းပယ်သောသူလော ရွေးချယ်မှုပြုနိုင်သည်။ စကားလုံးများ၊သဘောထားများနှင့်လုပ်ဆောင်ချက်များသည်နွေးထွေးသောအိမ်ထောင်ရေးနှင့်လှပသောအိမ်ထောင်ရေးအတွက် လိုအင်ဆန္ဒကိုပြသသည်။ခင်ပွန်းကိုတုံ့ပြန်စေရန် ဖိအားပေး၍မရပေ။ သို့ရာတွင် သင့်အိမ်ထောင်ဖက်အား သင့်ဘက်သို့ချဉ်းကပ်စေဖို့ရန် ဖန်တီးရယူနိုင်သည်။

သန်းချီသောအိမ်ရှင်မများသည် မိမိတို့၏ယောကျ်ားများမစုံလင်ခြင်းအပေါ်တွင် ညည်းတွားတတ်ကြသည်။ သင်သည်လည်း သူတို့နှင့် ပေါင်းသင်းဆက်ဆံနိုင်သည်။ သင့်ယောကျ်ားကို သူငယ်ချင်းကဲ့သို့မဟုတ်၊ ရန်သူတစ်ဦးကဲ့သို့ခြိမ်းခြောက်လို့ရသည်။ အကယ်၍ သူသည် ရန်သူတစ်ဦးကဲ့သို့ ခြိမ်းခြောက်ခြင်းခံရပါက သူသည် အမှန်ပင်ရန်သူကဲ့သို့ပြုလာလိမ့်မည်။ များစွာ

သောအချိန်များ၌ ကျွန်ုပ်တို့၏ဆိုးညစ်သောသဘောထားများသည် မိမိတို့၏ဆက်နွယ်ခြင်းကိုမည်မျှအဆိပ်အတောက်ဖြစ်စေကြောင်းသတိမထားမိကြပေ။

များစွာသောယောက်ျားတို့သည် တစ်စုံတစ်ဦးကို နောက်တစ်ကြိမ်လက်ထပ်လိုကြ၏။ သင်သည် ဤအရာကို အလိုရှိနေသရွေ့ မကောင်းသောအရာကိုအလိုရှိသည်။ သင်သည် မည်သည့်အခါမျှ ပြည့်စုံခြင်းမရှိသည့်အချည်းနှီးဖြစ်ခြင်း၌ ကျန်ရစ်လိမ့်မည်။ သင့်ဘဝတသက်တာ၌ စာရင်းရှင်းနေမည့်အစား မိန်းမတစ်ဦးကိုသာချစ်ရန် ကြိုးစားအားထုတ်ပါ။ သင်သည် သင့်ယုံကြည်မှုအဆင့်ကို စတင်တိုးပွားစေနိုင်သည်။ ထိုအခါ မိန်းမသည် သူ၏အယုံအကြည်မဲ့ခြင်းမှဖြည်းဖြည်းချင်း ပြောင်းလဲလာနိုင်သည်။ အမှန်မှာ သူသည် မိမိကိုယ်ကိုနှစ်လိုဖွယ်မဟုတ်ဟု မှတ်ယူသောကြောင့် နှစ်လိုဖွယ်ဖြစ်အောင်မပြုလုပ်ခြင်းလည်းဖြစ်သည်။ များစွာသောအိမ်ထောင်များသည် အထက်ကဖော်ပြသည့်အတိုင်း ချို့တဲ့အားနည်း၍ အပေါ်ယံအဆင့်၌သာရှိနေကြသည်။ သူတို့သည် မိမိတို့အိမ်၌ ငြိမ်သက်မှုရှိနေသောကြောင့် ပျော်ရွှင်နေကြသည်။ ဘုရားသခင်သည် ထိုထက်မက ပိုမိုနက်ရှိုင်းသောရင်းနှီးကျွမ်းဝင်ခြင်းသို့ရွှေ့လျားစေလိုသည်။

## ဂ။ လိင်ပိုင်းဆိုင်ရာ ရင်းနှီးကျွမ်းဝင်ခြင်း

ဇနီးမောင်နှံတို့သည် ကာမဆက်ဆံခြင်းကို မိမိတို့၏ချက်ချင်းသွေးသားတောင်းဆိုမှုများကျေနပ်စေရန် အသုံးပြုတတ်ကြသည်။ ယောက်ျားသည်ကိုယ်ခန္ဓာအားရှိ၍ မိန်းမကမူ နက်းရှိုင်းသောခံစားမှုကိုလိုလား တောင့်တတတ်သည်။ ကိုယ်ခန္ဓာဆက်နွယ်ခြင်းသည် သူတို့လိုလားသည့်အရာကို အနည်းငယ်မျှသာပေးစွမ်းသည်။ ကာမဆက်ဆံခြင်းသည်လည်း သူတို့အမှန်မရှိသည့်အရာကိုသတိပေးခြင်းသာဖြစ်သည်။




အကယ်၍ ကိုယ်ခန္ဓာဆက်နွယ်ခြင်းသည် ကောင်းသောလူမှုဆက်နွယ်ခြင်းနှင့်ထိမ်းမြားခြင်းဆိုင်ရာဆက်ကပ်အပ်နှံခြင်း၌ မတည်ဆောက်ပါကကာမဆက်ဆံခြင်းပြီးဆုံးသည်နှင့် ယခင်က ခါးသီးမှုနှင့်အပြစ်အနာအဆာများသာပြန်ပေါ်လာမည်ဖြစ်သည်။ ကာမဆက်ဆံခြင်းကို မိမိတစ်ဦး၏အလိုပြည့်

စုံစေဖို့ရန်အတွက်လမ်းစဉ်ဖြင့်အသုံးပြုပါက ၎င်း၌ပင်လိင်နှင့်ဆိုင်သောမှားယွင်းမှုရှိလာနိုင်သည်။

လိင်ပိုင်းဆိုင်ရာဆက်နွယ်ခြင်းသည် အဘယ်ကဲ့သို့ဖြစ်သင့်သနည်း။ ကိုယ်ခန္ဓာရင်းနှီးကျွမ်းဝင်ခြင်းသည် ကောင်းမွန်သောအိမ်ထောင်ဆက်နွယ်မှု၏အုတ်မြစ်၌ တည်ဆောက်ရမည်။ ကာမဆက်ဆံခြင်းသည် အဓိကရောက်ရှိမည့်ပန်းတိုင်မဟုတ်ပေ။၎င်းသည် ပေါင်းစည်းပြီးသောအရာကိုပိုမိုနက်ရှိုင်းမှုဖြင့်ဖော်ပြခြင်းဖြစ်သည်။

များစွာသောဇနီးမောင်နှံတို့သည် သူတို့ကိုယ်တိုင်၏လိုအပ်ချက်များထက်ကျော်လွန်၍လုပ်ဆောင်ပေးခြင်းမရရှိကြပေ။ သူတို့အတွက် ကာမဆက်ဆံခြင်းသည် သူတစ်ပါးကိုပေးခြင်းထက် သူတို့လိုအပ်ချက်အတွက် ရယူခြင်းသာဖြစ်သည်။ အသုံးပြုခံသည်ဟူသောအရာနှင့်ချစ်ခြင်းခံသည်ဟူသောအရာနှစ်ခုစပ်ကြား၌ ခြားနားချက်ရှိသည်။ ယောက်ျားသည် ဆွဲဆောင်မှုကြောင့်မိန်းမယူသည် ဟူသောအရာနှင့်တစ်ခြားသောမိန်းမများကို စိတ်ကူးယဉ်နေသောယောက်ျားဟူသည့်အရာနှစ်မျိုးစပ်ကြား၌ ကြီးမားသောခြားနားမှုရှိသည်။ လင်ယောက်ျားသည် သူ့မိန်းမကို အမှန်ချစ်ပါသလား။ သူသည် သူ့မိန်းမအပေါ်၌ အမှန်အာရုံစူးစိုက်ပါသလား။

သူနှင့်အတူ အိပ်ရာ၌ရှိနေချိန် တချို့သောစမ်းသပ်မှုများရှိလာလိမ့်မည်။ဥပမာတချို့ကိုကြည့်ကြပါစို့။ယောက်ျားသည် ညနေအတွက် အစီအစဉ်ရှိ၏။ သို့သော် မိန်းမသည် နေမကောင်းဖြစ်၏။ မောပန်း၏ သို့မဟုတ် ဓမ္မတာလာချိန်ဖြစ်၏။ ထိုသို့သောအချိန်၌ ယောက်ျားသည် သည်းခံမည်လော သို့မဟုတ် ဒေါသထွက်မည်လော။ ယောက်ျားသည် စကားအားဖြင့်ဖြစ်စေ၊ အမူအရာအားဖြင့်ဖြစ်စေသူ၏စိတ်ဆန္ဒကျေနပ်ခြင်းထက်သူ့မိန်းမ၏ကောင်း ကျိုးချမ်းသာကိုပို၍အရေးကြီးကြောင်း ဖော်ပြပါသလော။မိန်းမသည် မနက်ပိုင်း၌ ယောက်ျားပြောဆိုသောစကားကြောင့် နာကျည်းဒေါသဖြစ်၍ လင်ယောက်ျားဘက်ကိုမလှည့်ဘဲ ကျောချင်းကပ်နေလျှင်မည်သို့ဖြစ်မည်နည်း။ ယောက်ျားကမည်ကဲ့သို့တုံ့ပြန်မည်နည်း။ ယောက်ျားသည် မိမိ၏ကာမဆက်ဆံခြင်းတောင့်တမှုပြည့်စုံခြင်းကိုအာရုံစူးစိုက်မည်လော/မိန်းမနှင့်ဆက်နွယ်မှုနက်ရှိုင်းခြင်းကိုအာရုံစူးစိုက်နိုင်မည်လော။ ယောက်ျားသည်မိန်းမအဖို့ မိမိကိုယ်ကိုငြင်းပယ်တတ်လျှင် မိန်းမသည်လည်း သူ့အပေါ်၌ နက်ရှိုင်းယုံကြည်မှုရှိလာလိမ့်မည်။ ယောက်ျားက သူ့ကိုချစ်ရသည်မှာ သူ၏ပေးစွမ်းနိုင်မှုကြောင့်မ ဟုတ်ဘဲ သူ၏ဖြစ်ခြင်း၌သာဖြစ်ကြောင်းကို သူဝန်ခံလာလိမ့်မည်။ အကယ်၍ သူ့အသက်ကြီးရင့်လာခဲ့သော်၊ သူ့ကိုမပေးစွမ်းနိုင်သောအခါ မည်သို့ဖြစ်မည် နည်း။

မိန်းမအတွက် စမ်းသပ်မှုများလည်းရှိ၏။ သင့်ယောက်ျားသည် စာနာထောက်ထားမှုမရှိသောအခါ ဝန်ခံရမည်ဟူသောမိန့်ဆိုချက်သည် ခက်ခဲ

သောအရာဖြစ်လာသည်။ အကယ်၍ မိန်းမသည် နာကျည်းနေသေးလျှင် ယောက်ျားနှင့်ရင်းနှီးကျွမ်းဝင်မှုပြုရန် မလိုလားမှုကိုဖြစ်ပေါ်စေနိုင်သည်။ သူ့ကိုယ်ကိုလိုလားအောင်ပြုသော်လည်း ဖော်ရွေခြင်းများစွာမရှိနိုင်တော့ပေ။

အိပ်ရာသည် မကြာခဏစစ်မြေပြင်သဖွယ်ဖြစ်လာတတ်သည်။ မိန်းမသည် မိမိ၏ခါးသီးမှုအတွက် ခွင့်လွှတ်ခြင်းရရှိဖို့လိုအပ်၍ ယောက်ျား၏ကိုယ်ကျိုးငဲ့ချိန်၌ပင်ရှောင်ရှားမှုကိုမပြုဘဲ ကြိုဆိုဖို့ရန် လိုအပ်ပါသည်။ မယုံကြည်တတ်သောယောက်ျားများသည် အိပ်ခန်းထဲဝင်ရောက်သောအခါ ခရစ်တော်ကိုမအောက်မေ့ကြပေ။မိန်းမသည်အိပ်ရာကုတင်၌နူးညံ့သိမ်မွေ့၍အမူအကျင့်ငြိမ်ချမ်းဖို့လိုအပ်ပါသည်။ အကယ်၍ ယောက်ျားသည် မိန်းမ၏ချစ်ခင်နှစ်သက်ဖွယ်နှင့်သနားခြင်းကို တွေ့ရှိလျှင် သူ၏စိတ်နှလုံးသည် ပြောင်းလဲသွားနိုင်သည် (ဖတ်ရန် ၁ပေ၊ ၃:၂)။

ကျွန်ုပ်တို့ကိုခေါ်ယူခြင်း၌ သစ္စာစောင့်သိခြင်းအားဖြင့်သာလျှင် မိမိတို့အိမ်ထောင်ရေးကို ရှေ့သို့လှမ်းနိုင်မည်ဖြစ်သည်။ ဆိုးသွမ်းသောအလေ့အထများမပါရှိပေ။ ကျွန်ုပ်တို့ခင်ပွန်းများသည် ခေါင်းမာသောသူ၊ မိုက်မဲသောသူ၊ ပျင်းရိသောသူများဖြစ်သည့်တိုင်အောင် သစ္စာကတိပြုသည့်အတိုင်း ချစ်ဖို့လိုအပ်သည်။ တချို့က ဤအရာမဖြစ်နိုင်ဟုဆိုကောင်းဆိုကြပါလိမ့်မည်။ မှန်ပါသည်၊ ခရစ်တော်မပါလျှင်မဖြစ်နိုင်ပေ။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်နည်းတူချစ်နိုင်သည်။ ကျွန်ုပ်တို့သည် သူတစ်ပါးကိုခွင့်လွှတ်နိုင်၍ သူတို့နှင့်မထိုက်တန်သည့်ကောင်းသောအရာကိုပေးနိုင်သည်။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ ယနေ့ခင်ပွန်းတိုင်းသည် အချင်းချင်းနက်ရှိုင်းသောဆက်ကပ်အပ်နှံခြင်း၌ အခြေခံသည့်စစ်မှန်သောရင်းနှီးကျွမ်းဝင်မှုအဆက်အနွယ်မဲ့နေခြင်းပင်ဖြစ်သည်။ ဆင်ခြေပေးစရာမလိုအပ်ပေ။ လိုအပ်လျှင်အစာရှောင်ဆုတောင်းရမည်။ သင့်ခင်ပွန်းသည် မှန်မှန်ကန်ကန်မတုံ့ပြန်တတ်သည့်တိုင်အောင်သင်သည်သင့်အိမ်ထောင်ဖက်၌သစ္စာစောင့်ထိန်းသောသူဖြစ်ရမည်ဟုဆုံးဖြတ်ချက်ချရမည်။ ထိုသို့သောအနေအထားများ၌ ခင်ပွန်းသည်တုံ့ပြန်လိမ့်မည်ဟု ကျွန်တော်ယူဆသည်။ တစ်စုံတစ်ဦး၏သစ္စာစောင့်ထိန်းမှုသည် အိမ်ထောင်ရေး၌ မျှော်လင့်ချက်ကိုပြန်လည်ရရှိစေ၍ ၎င်းသည် ဘုရားသခင်၏အံ့သြဖွယ်မေတ္တာ စီးဆင်းရာလမ်းကြောင်းအဖြစ် ပြုမူလုပ်ရှားလာတတ်သည်။

တချို့က ကာမဆက်ဆံခြင်းသည် ကိုယ်တိုင်ဆန္ဒပြည့်စုံစေခြင်းဟုယုံကြည်ကြသည်။ ၎င်းသည် လုံးဝမှားယွင်း၏။ ကာမဆက်ဆံခြင်းသည် သင့်အိမ်ထောင်ဖက်ပြည့်စုံစေဖို့ရန်ဖြစ်သည်။ကျွန်ုပ်တို့၏လိုအပ်ချက်ထက်သူတစ်ပါး၏လိုအပ်ချက်ကို အာရုံစူးစိုက်ရမည်။ သင်မည်သို့နည်း။ ကျွန်ုပ်တို့သည်အခြားသူများကို စောင့်ရှောက်သကဲ့သို့ဘုရားသခင်သည် ကျွန်ုပ်တို့လိုအပ်ချက်

များကိုကြည့်ရှုစောင့်ရှောက်တော်မူ၏။ ဤသည်ကား သခင်ဘုရား၌ ကျွန်ုပ်တို့ ယုံကြည်ကိုးစားရမည့်လမ်းစဉ်ဖြစ်သည်။

စစ်မှန်သောမေတ္တာသည် အိပ်ရာကုတင်ပေါ်၌ အလွန်တရာလို အပ်ပါသည်။ စိတ်ရှည်ခြင်း၊ ကြင်နာခြင်းနှင့်ခွင့်လွှတ်ခြင်းတို့သည် အတူတကွ ရှိနေနိုင်ရန်တန်ဖိုးရှိသောအချိန်ကောင်းကိုဖန်တီးပေး၏။အကယ်၍မလွဲရှောင် သာသောအနေအထားဖြစ်လာပါက ဘုရားသခင်၏မေတ္တာအားဖြင့်သာလျှင် ယောက်ျားသည် ကာမဆက်ဆံခြင်းမပြုဘဲနေနိုင်၏။မိန်းမသည် မကြာသေးမီ ကသူ့ယောက်ျား၏မတရားပြုခြင်းကိုခံရသည်မှန်သော်လည်း ဘုရားသခင်၏ ကျေးဇူးပြုခြင်းကြောင့်သာ သူမ၏ကိုယ်ခန္ဓာကို ယောက်ျားထံအပ်နှံနိုင်ခြင်း ဖြစ်သည်။

ယောက်ျားသည် မိမိ၏သာယာမှုအတွက် အပူတပြင်းမပြုရုံသာ မကဘဲမိန်းမ၏လိုအပ်ချက်များကိုလျစ်လျူရှု၍မရပေ။ မိန်းမသည် တုံ့ပြန်မှုနှေး ကွေးသောကြောင့်ယောက်ျားသည် မိန်းမ၏လိုအပ်ချက်များ၌ အာရုံစူးစိုက် နိုင်ဖို့ရန် အရာရာစောင့်ဆိုင်းလျက်ပြုတတ်ရမည်။ သူတို့သည် ပျော်ရွှင်နှစ် သက်ဖွယ်သောခံစားချက် ရရှိစေခြင်းငှာ ရိုးသားမှုနှင့်မှန်ကန်သောစကားစ မြည်ပြောဆိုခြင်းရှိဖို့ လိုအပ်သည်။

ဤအရာများကို တင်ပြခြင်းသည်/ပြောဆိုခြင်းသည် လွယ်ကူနိုင် သော်လည်း ဘုရားသခင်၏မစခြင်းအတွက် ကျွန်ုပ်တို့ဆုတောင်းရန် လိုအပ် လိမ့်မည်ဟု ကျွန်တော်ယုံကြည်သည်။ ကိုယ်တော်သာလျှင် ကူညီနိုင်သည်။ သခင်ဘုရားသည် ကျွန်ုပ်တို့ဆုတောင်းသံကိုကြားလိုသည်။ သူ့အပေါ် ကျွန်ုပ် တို့ခိုလှုံကြသည်ကိုမြင်လိုသည်။ ကျွန်ုပ်တို့ခင်ပွန်း၏စိတ်နှလုံးနှင့်ရွေးချယ်မှုများ ပြောင်းလဲနိုင်ဖို့ရန် ကိုယ်တော်၏ဖေးမမှုလိုအပ်သည်။ ကိုယ်တော်၏အဖြေကို လည်း စောင့်ဆိုင်းတတ်ရန် အထူးလိုအပ်ပါသည်။

## လိင်ပိုင်းဆိုင်ရာရင်းနှီးမှု တိုးပွားခြင်းအပေါ် မေးခွန်းများ

၁။ ကာမဆက်ဆံချိန်၌ သင့်ခင်ပွန်း၏လိုအပ်ချက်ကို ပြည့်စုံစေရန် အာရုံစူး စိုက်သည်ဟု သင်ပြောနိုင်မည်လော။

၂။ သင့်မိန်းမသည် မကျန်းမာသဖြင့် ကတိကအောက်ဖြစ်ကာ မောပန်းခြင်းနှင့် ဝမ်းနည်းခြင်းတို့ကြောင့် သင့်ကိုလက်မခံသောအခါ မည်ကဲ့သို့တုံ့ပြန်မည် နည်း။

၃။ အကယ်၍ သင်သည် ကာမဆက်ဆံခြင်း၌ စိတ်ဝင်စားမှုမရှိသောအခါ သင့် ယောက်ျားကို မည်ကဲ့သို့တုံ့ပြန်သင့်သနည်း။

၄။ အဘယ့်ကြောင့် ခရစ်ယာန်တစ်ဦး၏ခင်ပွန်းသည် သူ၏အိမ်ထောင်ဖက်၌ အပ်နှံရအုံးမည်နည်း။

## ဃ။ ရင်းနှီးကျွမ်းဝင်ခြင်း၏ရည်ရွယ်ချက်

အိမ်ထောင်တစ်ရပ်သည် ရင်းနှီးကျွမ်းဝင်ခြင်းနှင့်တလုံးတဝတည်း ဖြစ်ခြင်း၌ မကြီးထွားလျှင် ငြီးငွေ့ဖွယ်ကောင်းလာသည်။ ရင်းနှီးကျွမ်းဝင်ခြင်း သည် နောက်ဆုံးပန်းတိုင်မဟုတ်ပေ။ ၎င်းသည် သင့်အသက်ရှင်ခြင်းအတွက် ဘုရားသခင်၏ရည်ရွယ်ချက်ပြည့်စုံခြင်းဖြစ်သည်။

အိမ်ထောင်ပြုခြင်းတွင် ဘုရားသခင်၏အံ့ဩသင့်ဖွယ်ရည်ရွယ်ချက် တစ်ခုရှိသည်။ တစ်ယောက်ချင်းစီ၏ဝင်ထွက်သွားလာခြင်း၊ အလုပ်လုပ်ခြင်း၊ စားသောက်ခြင်းနှင့်အသက်ရှင်ခြင်းတို့တွင်လည်း ကြီးမားသောရည်ရွယ်ချက် များပါရှိသည်။ ကိုယ်တော်သည် မိတ်ဆွေ၏အသက်ရှင်ခြင်း၌ ရည်ရွယ်ချက် ရှိသည်။ စက်မှုရုံ၏ရည်ရွယ်ချက်သည် လူများစွာလာရောက်လုပ်ဆောင်မည့် နေရာထက်ပိုသည်။ စက်မှုရုံသည် ကုန်ပစ္စည်းများကို ထုတ်လုပ်နေခြင်းဖြစ် သည်။ ဘုရားသခင်သည်လည်း အိမ်ထောင်ကို ထို့အတူစီမံတော်မူ၏။ အိမ် ထောင်ပြုခြင်း၏ရည်ရွယ်ချက်ကား အိမ်ထောင်အမှုလုပ်ဆောင်ခြင်းထက်သာ လွန်သည်။အခြားသူများကိုဝန်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ရင်းနှီးကျွမ်းဝင် ခြင်းလမ်းစဉ်သုံးခုကို ဆွေးနွေးကြပါစို့။

## ၁။ သင့်ခင်ပွန်းကို အစေခံပါ

အိမ်ထောင်ပြုခြင်းသည် လင်မယားနှစ်ဦးအတွက် သူတို့အချင်းချင်း အစေခံသကဲ့သို့ ဘုရားသခင်ကိုအစေခံကြရန် အဆုံးမရှိသောအခွင့်ထူးဖြစ် သည်။ သူတို့၏ဆက်နွယ်ခြင်းသည် အလွန်နီးကပ်သည်ဖြစ်၍ အိမ်ထောင်မရှိ သည့်နေရာ၌ ဖြစ်လေ့ဖြစ်ထမရှိသောအရာများဖြင့် စမ်းသပ်စစ်ဆေးခြင်းခံရ မည်ဖြစ်သည်။

ယောကျ်ားသည် မိမိမယားအား အစေခံရခြင်းမှာ အခွင့်ထူးဖြစ် သည်ကို နားလည်ရမည်။ မိန်းမအဖို့ အကြွင်းမဲ့အသက်ရှင်ခြင်းအားဖြင့် သူ့ကို အထူးကျေနပ်စေရမည်။ သူလက်မခံမှာကိုမစိုးရိမ်ပါနှင့်။ မယားအတွက်လုပ် ဆောင်ခြင်းသက်သက်မဟုတ်ဘဲ သူ့ကိုသင့်စိတ်နှလုံးထဲ၌ တန်ဖိုးထားရမည်။ လင်ယောကျ်ားသည် မိမိမယားအပေါ်၌ သူ၏မမိုက်မသုန်သောစိတ်နှလုံးအ ကြွင်းမဲ့ဖြင့် အာရုံစူးစိုက်ရန် အလွန်ဆန္ဒပြင်းပြလျက်နေသည်။

*"ထိုနည်းတူ ယောကျ်ားတို့သည် မိမိကိုယ်ကိုချစ်သကဲ့သို့ မိမိခင် ပွန်းကိုချစ်ရကြမည်။ ခင်ပွန်းကိုချစ်သောသူသည် ကိုယ်ကိုချစ်သောသူဖြစ်၏။ ကိုယ်အသားကို မုန်းသောသူတစ်ယောက်မျှမရှိ။ ခရစ်တော်သည် အသင်း တော်ကိုကျွေးမွေးပြုစုသကဲ့သို့ခပ်သိမ်းသောသူတို့သည် မိမိတို့အသားကိုကျွေး မွေးပြုစုတတ်ကြ၏။ အကယ်စင်စစ် ငါတို့သည် သခင်ဘုရား၏အသင်းတော်၊ အရိုးတော်အဝင်ဖြစ်၍ ကိုယ်တော်မြတ်၏အင်္ဂါဖြစ်ကြ၏"(ဧ ၅: ၂၈-၃၀)။*

မိန်းမသည် ဘုရားသခင်၌ မိမိ၏မေတ္တာပြသခြင်းသည် အခွင့်ထူးဖြစ်သည်ကိုနားလည်ရမည်ဖြစ်သလို မိမိသည်လည်း အဓိကနေရာအတွက် ဖန်ဆင်းခြင်းခံရကြောင်း သတိပြုနေရမည်။ သူ၏သစ္စာစောင့်ထိန်းခြင်းကြောင့် ဘုရားသခင်ထံမှလာသည့်လှပသောအရောင်အဆင်းသည် သူ့အသက်တာမှ ထွက်ပေါ်လာလိမ့်မည်။

*"ယောကျ်ားကို မိန်းမတို့ ဖန်ဆင်းသည်မဟုတ်၊ မိန်းမကို ယောကျ်ားဘို့ ဖန်ဆင်း၏" (၁ကော၊ ၁၁:၉)။*

*"သီလရှိသောမိန်းမသည် မိမိလင်၌ ဦးရစ်သရဖူဖြစ်၏။ အရှက်ခွဲတတ်သောမိန်းမမူကား လင်၏အရိုးတို့၌ဆွေးမြေ့ခြင်းကဲ့သို့ဖြစ်၏"(သု၊၁၂:၄)။*

## ၂။ သင့်ကလေးများကို အစေခံပါ

အိမ်ထောင်ရေးဆက်နွယ်ခြင်းတွင် အထင်ရှားဆုံးအသီးအပွင့်မှာ ကလေးများဖြစ်သည်။ ကလေးအသီးသီးသည် မိဘတို့၏တလုံးတဝတည်းဖြစ်ခြင်းကိုဖော်ပြထားသည့် ပြည့်စုံသောအသီးအပွင့်များဖြစ်ကြသည်။ ဘုရားသခင်သည် မိမိလူတို့ကိုသားသမီးများစွာထွန်းကားစေလိုသည်။ထိမ်းမြားပြီးသော ကျွန်ုပ်တို့ကိုသားသမီးများပြားစွာဖွားမြင်ရန် မိန့်ဆိုခဲ့သည်။ မင်္ဂလာရှိသောအိမ်သည် သားသမီးများစွာထွန်းကားသည်။ ယောသပ်နှင့်မာရိတို့သည်လည်း ယေရှုပြီးနောက် အနည်းဆုံးသားသမီးငါးယောက်ရှိသေး၏။

ဘုရားသခင်၏လက်တော်အားဖြင့် သားသမီးများစွာဖန်ဆင်းခြင်းကို ကျွန်ုပ်တို့ နွေးထွေးစွာ ကြိုဆိုသင့်သည်။ ကိုယ်တော်သာလျှင် မိန်းမဝမ်းကိုဖွင့်ရသောအခွင့်၊ ပိတ်ရသောအခွင့်ရှိတော်မူသည်။ ဤအသက်ပေးရင်းနှီးကျွမ်းဝင်ခြင်းသည် ယောကျ်ားနှင့်မိန်းမသာမက ဘုရားသခင်လည်းပါဝင်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အလိုရှိသည့်အရာပြုသဖို့ တံခါးဖွင့်ထားကြသည်။ ကျွန်ုပ်တို့သည် မိမိတို့အတွက် အသက်မရှင်ဘဲ မိမိတို့အသက်တာအားဖြင့် ကိုယ်တော်ပြုစေလိုသည့်အရာကိုပြုခြင်းငှာ အသက်ရှင်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို အပြည့်အဝမချစ်ရုံသာမက မကိုးစားပါက ကြောက်ရွံ့ခြင်းနှင့်စိုးရိမ်ခြင်းဘက်သို့ ယိုင်နေပြီဖြစ်ကြောင်းသိရှိရပါမည်။

### ကလေးထိန်းချုပ်ခြင်း၌ အနည်းဆုံး သိသာထင်ရှားသောပြဿနာငါးခုရှိ၏။

(၁) လူတို့သည် ကလေးနှင့်၎င်း၏ဝတ္တရားမပါရှိဘဲ အိမ်ထောင်ပြုခြင်း၏အခွင့်ထူးကို (ကာမဆက်ဆံခြင်း) အလိုရှိကြသည်။

(၂) လူတို့က ကလေးမရှိသောအိမ်ထောင်သည် ကလေးတစ်ယောက်တည်းရှိသောအိမ်ထောင်ထက် ပိုကောင်းသည်ဟုထင်ကြ၏။ ကလေးနည်းခြင်းသည် ပိုကောင်းသည်ဟု ယူဆကြ၏။

(၃) ကလေးများများမမွေးခြင်းသည် ဘုရားသခင်ကို မနာခံရာရောက်သည်။
(၄) လူတို့သည် ကလေးများများယူခြင်းကို ရှောင်ရှားဖို့ရန် ကိုယ်ဝန်ဖျက်ချတတ်ကြ၏။
(၅) လူတို့က မိမိမိသားစု၏အစီအစဉ်သည် ဘုရားသခင်၏အစီအစဉ်ထက် ပိုကောင်းသည်ဟုထင်ကြ၏။

များစွာဇနီးမောင်နှံတို့သည် မိမိတို့အဖို့ ငွေနှင့်အချိန်ကို ပိုမိုရရှိလိုသောသူများဖြစ်ပြီး ကလေးမယူရန် ဆုံးဖြတ်ချက်ချကြ၏။ သူတို့အဖို့ အိမ်ထောင်ပြုခြင်းသည် ကိုယ်ကျိုးအတွက်သာဖြစ်သည်။ လက်မထပ်ဘဲ နေကြလျှင် ပိုကောင်းသည်ဟုယူဆကြသည်။

မိဘတို့သည် ကလေးများအတွက် မိမိတို့၏ဘဝကိုများစွာမြှုပ်နှံပြီး မိမိတို့၏ကလေးများကို ဘုရားသခင်အဖို့ မွေးထုတ်နိုင်ရန် မိမိတို့၏အချိန်များ၊ ခွန်အား၊ ကိုယ်ခန္ဓာ၊ ငွေကြေးနှင့်စည်းစိမ်ဥစ္စာတို့ကို စဉ်ဆက်မပြတ်စွန့်လွှတ်အနစ်နာခံလျက် ပေးဆပ်တတ်ကြသည်။

*"ပညာစကားကို ပြောတတ်၍ မေတ္တာတရားအားဖြင့် နှုတ်မြွက်တတ်၏။ အိမ်သူအိမ်သားပြုမူသမျှတို့ကို ကြည့်ရှုတတ်၏။ ပျင်းရိခြင်းအစာကို မစားတတ်။ သူ၏သားသမီးတို့သည် ထ၍အမိကိုကောင်းကြီးပေးတတ်ကြ၏။ သူ၏ခင်ပွန်းကလည်း လူမျိုးသမီးအများတို့သည် ကောင်းမွန်စွာပြုကြပြီ၊ သို့ရာတွင် သင်သည် ထိုသူအပေါင်းတို့ကို လွန်ကဲပြီဟု သူ့ကိုချီးမွမ်းတတ်၏။ ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့် ယှဉ်တတ်၏။ လှသောအဆင်းသည်လည်းအချည်းနှီးဖြစ်၏။ ထာဝရဘုရားကိုကြောက်ရွံ့သောမိန်းမမူကား ချီးမွမ်းခြင်းကိုခံရပါလိမ့်မည်"(သု၊ ၃၁: ၂၆-၃၀)။*

ကလေးထိန်းချုပ်ခြင်းသည် မိမိတို့၏ကိုယ်ကျိုးလမ်းစဉ် အပေါ်၌ ဆွဲကိုင်ခြင်းဖြစ်၍ ဘုရားသခင်၏လက်တော်၌ မိမိတို့၏အသက်တာများကို အပြည့်အဝမကိုးစားခြင်းဖြစ်၏။ ကိုယ်ဝန်ရှိခြင်းကို ကာကွယ်ခြင်းဆိုသည်မှာ ဘုရားသခင်ကို မိမိတို့အသက်တာထဲမှပိတ်ပင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအပိုင်း၌ ဘုရားသခင်အား"မရဘူး"ဟုပြောဆိုသောအခါ ကျွန်ုပ်တို့၏ခင်ပွန်းနှင့်ရင်းနှီးကျွမ်းဝင်ဖို့ရန် ကျွန်ုပ်တို့၏စွမ်းရည်ကို ကန့်သတ်ခြင်းပင်ဖြစ်သည်။ ငါနှင့်ငါ့မိန်းမလည်း ဤအကြောင်းပြောဆိုရာ၌ နှစ်ဘက်စီရပ်တည်ကြ၏။ ငါတို့သည် ဒုတိယကလေးနှင့်တတိယကလေးစပ်ကြား၌ ခုနှစ်နှစ်တိုင်တိုင် အမြင်ချင်းကွာဟပ်မှုရှိခဲ့ကြသည်။ နောက်ဆုံး၌ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကလေးထိန်းချုပ်ခြင်းဆိုင်ရာပစ္စည်းပစ္စယများကို စွန့်လွှတ်နိုင်ကြ၏။ထို့အခါ ဘုရားသခင်သည် ငါတို့အိမ်ထောင်ရေးကိုနက်ရှိုင်းစေ၍ ရင်းနှီးကျွမ်းဝင်မှုအဆင့်သို့ရောက်စေခဲ့၏။ ကျွန်ုပ်တို့ဇနီးမောင်နှံသည် ဘုရားသခင်ကို အတူတကွယုံကြည်ကိုးစားဖို့ရန် သင်ယူမှုရရှိခဲ့ကြ၏။

## ၃။ သင့်ကမ္ဘာကို အစေခံပါ

အိမ်ထောင်ပြုခြင်းသည် ဤလောကသို့ ဘုရားသခင်၏မေတ္တာစီးဆင်းရာလမ်းကြောင်းဖြစ်သည်။ဘုရားသခင်သည် အိမ်ထောင်ပြုခြင်းကို လောကလူသားများက စစ်မှန်သောမေတ္တာတရား ထင်ရှားသောနေရာအဖြစ် မြင်တွေ့ကြရန် ပုံဖော်ထားခြင်းဖြစ်သည်။အိမ်ထောင်ပြုခြင်းသည် စေစားရန်မဟုတ်ဘဲ အားလုံးကိုအစေခံရန်ဖြစ်သည်။ဇနီးမောင်နှံတို့သည် မိမိတို့ပတ်ဝန်းကျင်ရှိလူများ၌ အပ်နှံအစေခံခြင်းရှိမှသာ အိမ်ထောင်ပြုခြင်းဆိုင်ရာ ဝမ်းမြောက်ခြင်းကိုရရှိနိုင်မည်ဖြစ်သည်။ ထိုအိမ်ထောင်သည် အခြားသူများကိုအစေခံခြင်းအားဖြင့် ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့်မေတ္တာသည်လောကလူသားများထံသို့ချဲ့ထွင်လာလိမ့်မည်။

၎င်းသည် ပုံစံအမျိုးမျိုးဖြစ်နိုင်သော်လည်း မိမိတို့ပတ်ဝန်းကျင်၌ရှိသောသူများကို ချစ်ခြင်းအားဖြင့် အစပြုသည်။ တခါတရံဇနီးမောင်နှံတို့သည် သူတို့၏စီးပွားရေးလုပ်ငန်းကြောင့် အလုပ်များတတ်၏။ သူတပါးအား အစေခံခြင်း၌ မိမိတို့၏မိသားစုနှင့်ကလေးများသည် အတားအဆီးမဖြစ်သင့်ပါ။ ဘုရားသခင်သည် သင့်အိမ်ကိုအခြားသူများအား အစေခံရန်နေရာအဖြစ် အသုံးပြုရန် လိုလားနိုင်သည်ကိုမမေ့သင့်ပေ။

ဘုရားသခင်သည် သင့်အား ဤလောက၌ မည်ကဲ့သို့အသုံးပြုလိုသည်ကိုသိရှိနိုင်ရန် အတူတကွဆုတောင်းဖို့ အကြံပြုလိုသည်။ ကျွန်ုပ်တို့သည် တောင်းလျှောက်မေးမြန်းခြင်းမပြုသောကြောင့် မကြာခဏ ဘုရားသခင်၏အကောင်းဆုံးသောဆုလဒ်များကို လက်လွှတ်ဆုံးရှုံးကြ၏။ သင့်ဆုကျေးဇူးများနှင့်ပတ်သက်၍ တစ်ခုချင်းစီကို စဉ်းစားကြည့်ပါ။ ဘုရားသခင်သည် ထိုအရာများအားဖြင့် သာ၍ကြီးမြတ်သောကောင်းချီးမင်္ဂလာကို ဤလောကထဲသို့ သယ်ဆောင်လာဖို့ မည်ကဲ့သို့အသုံးပြုလိုသနည်း။ သင်သည် ထိုဆုကျေးဇူးများကို မသုံးဘဲနေနိုင်သည်။ ဆက်လက်ဆုတောင်း၍ သူ့မျက်နှာတော်ကိုရှာဖွေပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့မသိဖူးသောအရာများကိုတွေ့မြင်စေရန် အခါအားလျော်စွာ တံခါးဖွင့်တတ်သည်။

## ကိုယ်တော်၌ အာရုံစူးစိုက်ခြင်း

ကျွန်ုပ်တို့သည် မိမိတို့၏အသက်တာကို သခင်ဘုရား၌ ဖွင့်ဟလာသောအခါ ကိုယ်တော်ကိုချီးမွမ်းရန်အစပြုလာ၏။နာခံခြင်းသည် ယုံကြည်ကိုးစားခြင်း၏အကြောင်းအရာတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုယုံကြည်ကိုးစားသောအခါ မိမိတို့၏အသက်ရှင်ခြင်းသည် ပိုမိုနက်ရှိုင်းလာ၏။ ဘုရားသခင်သည် အိမ်ထောင်ပြုခြင်းကိုမိမိ၏ဘုန်းတော်ထင်ရှားစေသောနေရာအဖြစ်အသုံးပြုလိုသည်။အခြားသူများသည် အံ့သြဖွယ်ကောင်းသည့်တလုံး

တဝတည်းဖြစ်ခြင်းကို တွေ့မြင်နိုင်မည့်အကြောင်း ကိုယ်တော်သည် ကျွန်ုပ်တို့အားလုပသောအိမ်ထောင်ကိုပိုင်ဆိုင်စေလိုသည်။ အိမ်ထောင်ပြုခြင်းသည် အံ့သြဖွယ်ကောင်းသည့်အထူးရည်ရွယ်ချက်အဖြစ် ဖွဲ့စည်းထားခြင်းဖြစ်သည်။

## အခြားသူများအား အစေခံခြင်းအကြောင်း မေးခွန်းများ

၁။ သင့်ကိုသင် အခြားသူများကိုအစေခံသောဇနီးမောင်နှံအဖြစ် တွေးတောဖူးပါသလား။
၂။ ဘုရားသခင်၏ကြီးမားသောရည်ရွယ်ချက်များ ပြီးပြည့်စုံစေခြင်းငှာ ကလေးများကိုရှာဖွေခဲ့ဖူးသလော။
၃။ သင်သည် ကလေးမွေးဖွားခြင်းကို ထိန်းချုပ်ဖူးပါသလား။ အဘယ့်ကြောင့်နည်း။ ၎င်းကို သင်မည်ကဲ့သို့ပြောင်းလဲသနည်း။
၄။ သင့်အိမ်ထောင်၌ ဖြစ်ပျက်သောအရာများကို ကိုင်တွယ်ခြင်းအားဖြင့် ကိုယ်တော်၏ဘုန်းထင်ရှားသည့်အတွက် ဘုရားသခင်ကိုချီးမွမ်းပါ။

## ရင်းနှီးကျွမ်းဝင်ခြင်းနှင့်ပတ်သက်သောမေးခွန်း

သာမန်မေးခွန်းသည် လုပ်ငန်းအကြောင်းပြောဆိုဆွေးနွေးသောအခါ ထွက်ပေါ်လာတတ်သည်။ ကျွန်ုပ်တို့ဇနီးမောင်နှံအတွက် အချိန်သီးသန့်ထားရှိသင့်ပါသလား။ သင့်ကလေးများကိစ္စ၊ အသင်းတော်ကိစ္စနှင့်လုပ်ငန်းကိစ္စများကြောင့်ဇနီးမောင်နှံများအဖို့ အတူတကွရှိနေရန်ခဲယဉ်းနိုင်ပါသည်။ အရေးပေါ်ကိစ္စများကြောင့်သီးခြားနေရန် လမ်းစပေါ်လာတတ်ပြန်၏။ ဝေးလံသောအခြားမြို့သို့မိန်းမအလုပ်လုပ်ခြင်းသည် မိသားစုအတွက် မကောင်းပေ။ မိန်းမသည် ယောကျ်ားအဖို့ ဖန်ဆင်းခြင်းဖြစ်သည်မဟုတ်လော။ မိန်းမသည် ယောကျ်ားဘေးနား၌သာရှိနေသင့်သည်။

တခါတရံ အတူတကွ သွားလာခြင်းသည်လည်း အရေးကြီးသောအရာဖြစ်သည်။ ကျွန်ုပ်တို့ဇနီးမောင်နှံသည် တစ်ပတ်မှာတစ်ကြိမ် ကလေးမပါဘဲ လှည့်လည်သွားလာခြင်းပြုလေ့ရှိသည်။ငါ့မိန်းမကလည်း ဤသို့သောအချိန်မျိုးစီမံသည်ကိုသဘောကျ၏။ ကျွန်ုပ်တို့သည် ငွေကြေးများစွာအသုံးပြုဖို့လိုအပ်ပါသလား။ငွေကြေးသည် ဆက်နွယ်ခြင်း၏လမ်းစဉ်တစ်ခုဖြစ်သော်လည်း များစွာသုံးဖြုန်းဖို့မလိုအပ်ပေ။ကျွန်ုပ်တို့လင်မယားသည် တခါတရံအတူတကွလမ်းလျှောက်ထွက်ကြ၏။ ထိုသို့သောအချိန်များသည် ဇနီးမောင်နှံတို့အတွက်အဖိုးထိုက်သောအချိန်နာရီဖြစ်ပေသည်။

## လေ့လာရန် မေးခွန်းများ

၁။ "ခင်မင်မှု" ဟူသောစကားလုံးသည် သမ္မာကျမ်းစာနှင့်ကိုက်ညီပါသလား။ မည်ကဲ့သို့ဆင်းသက်လာပါသနည်း။

၂။ လိင်ဆက်ဆံခြင်းကို ဖော်ပြရာတွင် ဓမ္မဟောင်းကျမ်းက မည်သည့်စကားလုံးကိုအသုံးပြုပါသနည်း။ ၎င်းသည် ဘာကိုဆိုလိုသနည်း။

၃။ ခရစ်ယာန်တစ်ဦးနှင့်ခရစ်တော်ဆက်နွယ်ခြင်း၌ ခင်မင်မှုဟူသောစကားလုံးသည် မည်ကဲ့သို့ထင်ရှားသနည်း။

၄။ ခင်မင်မှုစကားလုံး မေးမြန်းစုံစမ်းခြင်းနှင့်ပတ်သက်၍ မိတ်ဆွေမည်ကဲ့သို့ လုပ်ဆောင်သနည်း။ မိတ်ဆွေအနေဖြင့် အများဆုံးလုပ်ဆောင်ရန် လိုအပ်သောကဏ္ဍတစ်ခုကား အဘယ်နည်း။

၅ ဇနီးမောင်နှံနှင့်ပတ်သက်၍ ၁ကော၊ ၇:၃၃-၃၄ ထဲက နိယာမလေးခုအကြောင်းအရာထဲတွင် မည်သည့်အချက်က မိတ်ဆွေကိုအံ့အားအသင့်စေဆုံးနည်း။

၆။ ဇနီးမောင်နှံတို့အတွက်ကြီးထွားလျက်ရှိသောခင်မင်မှုနှင့်ပတ်သက်၍အပိုင်းသုံးပိုင်းကား အဘယ်နည်း။

၇။ လိင်ဆက်ဆံခြင်း ပြည့်ပြည့်ဝဝရရှိခံစားစေရန် အဓိကသော့ချက်ကား အဘယ်နည်း။

၈။ ခင်မင်မှု၏ရည်ရွယ်ချက်ကား အဘယ်နည်း။

၉။ ခင်မင်မှု၏ရည်ရွယ်ချက်ကို ဖော်ပြနိုင်သည့်ကဏ္ဍသုံးခုကို ဖော်ပြပါ။

၁၀။ ဇနီးမောင်နှံတို့သည် မိမိတို့၏ဆက်နွယ်မှုကို ပိုမိုကောင်းမွန်အောင် မည်ကဲ့သို့မြှင့်တင်ကြမည်နည်း။

၁၁။ ကလေးထိန်းချုပ်မှုသည် အိမ်ထောင်ရေး၌ ခင်မင်မှုကို ရပ်တန့်စေပါသည်။ ဘုရားသခင်၏ရည်ရွယ်ချက်နှင့်ဆန့်ကျင်သောမိသားစု၏အစီအစဉ်သုံးရပ်ကား အဘယ်နည်း။




## #၉ ယုံကြည်ကိုးစားမှုနှင့်ရင်းနှီးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေခြင်း

ရှောလမုန်သီချင်းထက် ကျွန်ုပ်ဘဝကို ဆွဲဆောင်မှုပေးသည့်စာအုပ်မရှိပေ။ အကြောင်းမှာ လူတစ်ယောက်၏ဘဝကို အလွန်ထိတွေ့စေသောစာအုပ်တစ်အုပ်ဖြစ်၍ ထူးခြားသောပြောင်းလဲမှုများကိုရရှိစေသည်။ ကျွန်ုပ်၏အခြေအနေအတွက်လည်း မှန်ကန်မှုရှိ၏။ သို့သော် ကျွန်ုပ်အထဲ၌ နက်ရှိုင်းသောအခြေခံပြောင်းလဲခြင်းများရှိနေသည်ကို မည်သူမျှသတိပြုမည်မဟုတ်ပေ။

ကျွန်ုပ်တို့စိတ်ဝိညာဉ်၏မည်သည့်လိုအပ်ချက်များကိုမဆို တူးဖော်ရန် ကျွန်ုပ်တို့အား ကြွယ်ဝစေသောထောက်ကူမှု၏အဆုံးမရှိသောသတ္တုတွင်းတစ်ခုကိုမည်ကဲ့သို့ပြင်ဆင်ပေးကြောင်း နုတ်ကပတ်တော်က တစ်ဖန်သက်သေထူသည်။ရှောလမုန်သီချင်းတွင် ချစ်ခြင်းမေတ္တာ၊ နီးကပ်ရင်းနှီးခြင်း၊ ယုံကြည်ကိုးစားခြင်း စသည်တို့နှင့်ဆိုင်သည့်နက်နဲသောအရာများကို ဖွင့်ပြသည့်ရွှေသတ္တုရိုင်းများပါရှိသည်။ ဤရွှေသတ္တုရိုင်းများသည် ကြီးထွားနေသောအိမ်ထောင်အဖို့ အဓိကအချက်များဖြစ်ပေသည်။

အခြားကျမ်းစာစောင်များ၌ ကောင်းမွန်သောအိမ်ထောင်ကိုမည်ကဲ့သို့ရှိရမည့်အကြောင်း ကျွန်ုပ်တို့အား သွန်သင်သောအမိန့်များနှင့်ဥပမာများကျွန်ုပ်တို့၌ ရှိပေသည်။ ၎င်းတို့ကို ကျွန်ုပ်တို့နားထောင်လျှင် ကျွန်ုပ်တို့ကောင်းစွာပြုပေမည်။ သို့သော် ကိုယ်တော်၏အမိန့်တော်များ၌ စိတ်ချမှုရှိခြင်းကိုတားဆီးထားသောအရာများလည်းရှိသည်။ ၎င်းတို့အလုပ်လုပ်ကြောင်း ကျွန်ုပ်တို့အမှန်မယုံကြည်ကြပေ။ အများမြင်သလို ဤအမြင်ကို ကျွန်ုပ်တို့မရှိသင့်ပေ။ ကျွန်ုပ်တို့၏စိတ်ချမှုကင်းမဲ့ခြင်းသည် အဓိကအကြောင်းအရာတစ်ချက်ဖြစ်ပြီး ၎င်းတို့ကို ကျွန်ုပ်တို့မလုပ်ဆောင်ပေ။ မနာခံမှုကြောင့် ကျွန်ုပ်တို့၏အိမ်ထောင်ရေးဒုက္ခရောက်ပေသည်။

ကျွန်ုပ်တို့ကို ဝန်းရံနေသောအိမ်ထောင်ရေးပြဿနာများသည် တိုးပွားလျက်ရှိ၏။လူများတွေ့ကြုံနေရသည့်ထင်ရှားသောအိမ်ထောင်ရေး အခက်အခဲများနှင့်စပ်လျဉ်း၍ အခြားသောအလွှာကို အပတ်စဉ်တိုင်း ကျွန်ုပ်သတိပြုမိသည်။ သင်၏အတွေ့အကြုံသည်လည်း ထိုအတူဖြစ်နိုင်သည်။

ရှောလမုန်သီချင်းကို ဆင်ခြင်အောက်မေ့စဉ် ဘုရားသခင်၏နုတ်ကပတ်တော်တန်ခိုးသည် မဖော်ပြခဲ့လျှင် ကျွန်ုပ်၏အိမ်ထောင်သည်လည်း ထို့အတူဖျက်ဆီးခြင်းကိုခံစားခဲ့ရပေလိမ့်မည်။ ကျွန်ုပ်သည် ရှောလမုန်သီချင်းကိုလေ့လာဖို့ အစီအစဉ်မရှိခဲ့သော်လည်း ၁၉၇၅ ဇန်နဝါရီလနောက်ဆုံးနေ့၌ လေ့လာဖြစ်ခဲ့ပါသည်။ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်နှိုးဆော်မှုကို ကျေးဇူးတင်ပါသည်။ ကျွန်ုပ်၏ဘဝသည် ကြီးမားစွာပြောင်းလဲခဲ့သည်။ ပြောင်းလဲမှုနှင့်အရာထင်မှုအားလုံး ချက်ချင်းဖြစ်မလာကြောင်းကို ကျွန်ုပ်ဝန်ခံရမည်ဖြစ်သော်လည်း အောက်တွင် ကျွန်ုပ်ဝေမျှမည့်အရာများမှာ ပြောင်းလဲမှုအားလုံးပြုလုပ်နိုင်မည့်အခြေခံအုတ်မြစ်တစ်ခုကိုထားသည့်သမ္မာတရားများဖြစ်ပါသည်။ ကျွန်ုပ်၏ဘဝ၌ ထိုသို့သောခြားနားမှုဖြစ်ခဲ့သည့်အရာသည် မည်သည့်အရာဖြစ်ကြောင်းကို မိတ်ဆွေအံ့ဩကောင်းအံ့ဩပေလိမ့်မည်။

ကျွန်ုပ်ထင်မြင်ယူဆသည်မှာ အခြေခံအားဖြင့် မိမိကိုယ်မိမိမည်ကဲ့သို့ကြည့်ခြင်းနှင့်ပတ်သက်၍ ပြောင်းလဲမှုတစ်ခုနှင့် ပြုရပေမည်။ လူတိုင်းက ကောင်းစွာလက်ခံခြင်းကို လိုချင်ပေသည်။ ကျွန်ုပ်လည်း ထို့အတူဖြစ်ပါသည်။




ဆက်သွယ်ဆက်ဆံရေးများသည်ခြားနားသောအမြင်မှ မိမိကိုယ်ကိုမြင်ရန် လူတစ်ဦးကို စွမ်းဆောင်နိုင်စေပါသည်။ ချစ်ခြင်းမေတ္တာနှင့်ဆိုင်သော ဆက်ဆံရေးများသည် အခြားသောသူ၏မျက်စိဖြင့် မိမိဘဝကိုမြင်၍ သင့်လျော်သောရုပ်ပုံရရှိရန် လူတစ်ဦးကိုစွမ်းဆောင်နိုင်စေပါသည်။

နွေးထွေးမှုနှင့်ကောင်းမွန်သောလက်ခံမှုကြီးထွားခြင်းအကြောင်းကို ကျွန်ုပ်မသင်ယူခဲ့ဖူးပေ။ လင်မယားကွာရှင်းခြင်း၊ ခါးသီးမှုနှင့်ဝေဖန်မှုတို့သည် ကျွန်ုပ်မိသားစုနှင့်ကျွန်ုပ်ကိုစိတ်ထိခိုက်စေလျက် ပျက်စီးစေပါသည်။ အခြားသူများနှင့် မဆက်သွယ်မဆက်ဆံနိုင်ခဲ့ပေ။ ကျွန်ုပ်သည် စကားအထစ်ထစ်ဖြစ်ခြင်းနှင့်အခြားမိမိကိုယ်ကို ယုံကြည်မှုနည်းခြင်းများဖြစ်သည့် ပြဿနာများစွာကိုကိုယ်တိုင်ရင်ဆိုင်ခဲ့ရသည်။ သဘာဝအလျောက်မဟုတ်သောမိသားစုများ၌ကြီးထွားလာသည့် သားသမီးတို့ရင်ဆိုင်ရသောပြဿနာများသည် စိတ်ဒဏ်ရာကဲ့သို့အိမ်ထောင်ရေးပြဿနာခံစားရကြောင်း ပို၍ထင်ရှားစွာ ပြသောသူများဖြစ်လာကြပါသည်။ထပ်တလဲလဲလေ့လာခြင်းဖြင့် ဤဖွံ့ဖြိုးလာသောပြဿနာများကိုဖော်ထုတ်နိုင်ပေသည်။

ရှောလမုန်သီချင်းသည် ကျွန်ုပ်ဘဝထဲသို့ လတ်ဆတ်သောရှုသက်လေတစ်ခုအဖြစ် ဝင်ရောက်လာခဲ့သည်။ ထိုစာအုပ်ထဲ၌ရှိသောအယူအဆများကိုဖွင့်ဖို့ပေးသောသူမှာ ကျွန်ုပ်စွဲမြဲထားသည့် ယခုကျွန်ုပ်ဇနီးဖြစ်သည့်ရည်းစားဖြစ်ပင်ဖြစ်သည်။ ကျွန်ုပ်တို့၏အနီးကပ်ဆုံးသော မိတ်ဆွေဖြစ်ခြင်းအများစုသည် မိုင်ပေါင်းများစွာဖြင့် ခွဲခြားထားသော်လည်း ကျွန်ုပ်သည် ဇနီးသည်၏အပြုံးကို အရူးအမူးဖြစ်ခဲ့သည်။ သူ၏နွေးထွေးသောအပြုံး၏အလင်းအောက်၌ အဘယ်ကြောင့် ရှင်သန်ခဲ့ကြောင်းကိုကျွန်ုပ်မြင်နိုင်သည်။ကျွန်ုပ်အား အပေါင်းအသင်းအဖြစ် သူ၏လက်သင့်ခံမှုနှင့်ဆန္ဒသည် ကျွန်ုပ်အတွက် အလွန်တရာအဓိပ္ပာယ်ရှိသည်။ ထိုအရာသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုကျမ်းစာထဲ၌ကျွန်ုပ်အားသွန်သင်ရန် ဘုရားသခင်စတင်သည့်သမ္မာတရားနှင့်တူညီ၏။

## ရှောလမုန်သီချင်း

မေးခွန်းမှာ ဘုရားသခင်သည် ဤချစ်ခြင်းမေတ္တာ၏အသိပညာကိုကျွန်ုပ်အထဲသို့မည်သို့ရရှိစေမည်နည်းဟူ၍ ဖြစ်သည်။ ဘုရားသခင်၏မေတ္တာတော်သည် အမြဲရှိသော်လည်း အတွင်းအသံများမှ ကျွန်ုပ်မလိုချင်၍ မပြည့်စုံသည့်ကျွန်ုပ်ကိုသွေးဆောင်ခဲ့သည်။စာတန်သည် ဘုရားသခင်နှင့်အခြားသူများမှကျွန်ုပ်၏မှန်ကန်သောမေတ္တာကို ဝင်စွက်ပါသည်။အမှန်ပင် တစ်စုံတစ်ဦးသည် ချစ်ခြင်းမခံရဟုခံစားရသောအခါ သူသည် ငြင်းပယ်ခံရခြင်းအတွက်ကြောက်ရွံ့သဖြင့် အခြားသူများအားမိမိ၏စစ်မှန်သောဘဝကိုဖော်ပြရန် စိုးရိမ်တတ်သည်။


ကျွန်ုပ်အတွက်ဖြစ်ပျက်၍ ဖြစ်လေ့ဖြစ်ထရှိခဲ့သောအရာမှာ ကျွန်ုပ်၏တုန့်ပြန်မှုများသည် မိမိကိုယ်ကိုမြင်သောအမြင်အားဖြင့် ကိုယ်တိုင်စွဲယူခဲ့ခြင်းများဖြစ်ပေမည်။ ၎င်းမှာ ကျွန်ုပ်ပါဝင်ခဲ့သောဆက်သွယ်ဆက်ဆံရေး တစ်စုံတစ်ခုကို ဖျက်ဆီးခဲ့ပေလိမ့်မည်။ ဤအရာသည် ဆိုးဝါးသောအိမ်ထောင်ရေးအောက်၌ ကြီးပြင်းခဲ့ရသည့်များစွာသောကလေးများတွင် ဖြစ်ပျက်သောအရာဖြစ်ပေသည်။ သူတို့သည် ၎င်းတို့၏မိဘများထက် ၎င်းတို့၏အိမ်ထောင်ဘက်များနှင့်ပတ်သက်၍ ဆိုးဝါးသောဆက်ဆံရေးများဖြင့် အဆုံးသတ်ကြသည်။

ဘုရားသခင်၏ကျေးဇူးတော်နှင့်ဉာဏ်ပညာတော်သည်သာ ကျွန်ုပ်ကိုအခြားသောစာရင်းဇယားဖြစ်ခြင်းမှ ထိန်းသိမ်းပေးပါသည်။ ကျေးဇူးတော်နှင့်ကြွယ်ဝသောသခင်ဘုရားသည် အဘယ်မျှလောက် ဤအမှုကိုပြုခဲ့ကြောင်းကျွန်ုပ်ဆက်လက်၍ ဝေမျှပါရစေ။ ကျွန်ုပ်သည် လုပ်ငန်းစဉ်ကို ပေါ့ပျက်ပျက်ပြုသော်လည်း ကျွန်ုပ်၏ဘဝ၌ နာလည်ခြင်းနှင့်ပတ်သက်၍ သတ်မှတ်ထားသောတံခါးများကို ဖွင့်သည့်သော့များသည် ကျွန်ုပ်မရောက်ရှိနိုင်သည့်နေရာများသို့

ကျွန်ုပ်ကိုကြိုဆိုနေရာချထားပေးသည်။သင်သည်လည်း ဤသော့များကိုအသုံး ပြုနိုင်ပါသည်။ ဦးစွာဆုတောင်းကြပါစို့။

*"သခင်ဘုရား၊ ကျွန်ုပ်တို့၏ခေါင်းမာမှုနှင့် မျက်ကွယ်နေသောနှလုံး သားများကို ချိုးဖဲ့တော်မူပါ။ ကိုယ်တော်၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ရရှိရန် မထိုက်တန်ပါ။၎င်းကိုနားပင်မလည်ပါပေ။နေရောင်ခြည်ကဲ့သို့ပင်အလင်း ရန်မှ ကာကွယ်ရန် ကျွန်ုပ်တို့နေကာမျက်မှန်ကိုဝတ်ဆင်ရလောက်အောင်အလွန်စူး ရှပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်ချစ်ခြင်းမေတ္တာ၏ဘုန်းတော်ထက် အ မှောင်ထု၏အရိပ်အောက်၌ အသက်ရှင်ရန် သင်ယူခဲ့ပေသည်။သခင်ဘုရား၊ ကျွန်ုပ်တို့ကိုအနီးသို့ယူဆောင်တော်မူပါ။ ကြီးကျယ်သောအိမ်ထောင်ရေးများရ ရှိနိုင်စေရန်ကျွန်ုပ်တို့ကိုအနီးသို့ယူဆောင်တော်မူပါ။ ဘုန်းကျက်သရေနှင့်ပြည့် စုံသောသခင်ယေရှု၏နာမတော်၌ဆုတောင်းပါ၏။အာမင်။*

**ယုံကြည်ကိုးစားမှု၏ဖွံ့ဖြိုးမှု**




ရှောလမုန်သီချင်းသည် ကျွန်ုပ်၏ဘဝကို ပြောင်းလဲပေး ရာတွင် အဓိကအခန်းကဏ္ဍ၌ လုပ်ဆောင်နေပါသည်။ ကျွန်ုပ် သည် ချစ်ခြင်းခံရ၍လက်သင့်ခံ ခြင်းခံရကြောင်း ဘုရားသခင် ပြလေ့ရှိသောအခန်းငယ် အချို့ ပါရှိသည်။ ကလေးငယ်တစ်ဦး သည် ဝေဖန်မှုနှင့်ခါးသီးမှုတို့အ ကြားကြီးပြင်းလာသောအခါ ချစ်ခြင်းမေတ္တာသည် အဘယ်အရာဖြစ်ကြောင်း ကိုသူမသိရှိပေ။ ထိုကလေး၏အတွင်းပိုင်းတွင် ခါးသီးသောလျှို့ဝှက်ချက်များမှ စ၍ အမျက်စေတတ်သည့်အထီးကျန်ဆန်ခြင်းပါရှိတတ်သည်။ အရာဝတ္ထုတို့ သည် အပြင်ပိုင်း၌ ကောင်းမွန်နေသော်လည်း အတွင်း၌ ပြဿနာများရှိတတ် သည်။ထိုပြဿနာများသည် အခြားသူများနှင့် ထိတွေ့ဆက်ဆံရေးတွင် အထူး သဖြင့် အိမ်ထောင်ရေးတွင် ပို၍ထင်ရှားလာပါသည်။

ရှောလမုန်သီချင်းတွင် ချစ်ခြင်းမေတ္တာနှင့် ကြီးထွားသောယုံကြည် ကိုးစားမှုတို့ကိုဖော်ပြသည့်ကျမ်းပိုဒ်သုံးပိုဒ်ပါဝင်သောအစုံနှစ်စုံရှိပါသည်။ပထမ သုံးပါးပေါင်းမှာ ကျမ်း၏ပထမပိုင်း (၁:၁-၃:၅) မှ ဖြစ်ပါသည်။ စုံတွဲတစ်တွဲ၏ ပိုးပန်းခြင်း သို့မဟုတ် အသျှောက်ထွက်ခြင်းကို ဆွေးနွေးထားပါ သည်။ ဒုတိယ သုံးပါးပေါင်းမှာ ရှောလမုန်၏ကျမ်းတစ်ကျမ်းလုံးအပေါ် ပျံ့နှံ့လျက်ရှိပါ သည်။ ဤကျမ်းပိုဒ်များထဲမှတစ်ပိုဒ်သည် သုံးပါးပေါင်းနှစ်ခုစလုံးတွင် ပါဝင်ပါ သည်။

ကျွန်ုပ်အား ဤသမ္မာတရားများနှင့်ဘုရားသခင်ဆေးထိုးပေးသည့် တန်ခိုးပါသောနည်းလမ်းတစ်ခု၏အစိတ်အပိုင်းတစ်ခုမှာ ကိုယ်တော်နှင့်ကျွန်ုပ်တို့၏ဆက်သွယ်ဆက်ဆံရေးသည်တွေ့ဆုံ၍ အိမ်ထောင်ပြုပြီး တသားတည်းအဖြစ် အတူတကွအသက်ရှင်သော ယောကျ်ားမိန်းမတို့၏ဆက်ဆံရေးနှင့် မျဉ်းပြိုင်ဖြစ်သည်။ ဤအချက်၌ ကျွန်ုပ်ဘ၀တွင် အဆင့်အတန်းနိမ့်သောချစ်ခြင်းမေတ္တာဖြင့် ဘုရားသခင်ကိုကျွန်ုပ်ချစ်ခဲ့သည်။ ကောလိပ်ကျောင်းမှတစ်ကြိမ်လက်ထပ်ရန် မျှော်လင့်ချက်များကို ဆုပ်ကိုင်ခဲ့ပါ သည်။ သုံးပါးပေါင်းထဲမှ တစ်ပိုဒ်စီတိုင်းသည် ကြီးထွား၍ အတွင်းကျသောဆက်ဆံရေးတွင် လိုအပ်သည့်သောချက် အမြင်များကိုဖွင့်ပြပါသည်။ ဤအရာသည် သခင်ဘုရားနှင့် သော်လည်းကောင်း၊ ကျွန်ုပ်တို့၏အဖော်နှင့်သော်လည်းကောင်း မှန်ကန်ပေသည်။ ၎င်းတို့ကို ကြည့်ကြပါစို့။

## သုံးပါးပေါင်း #၁ ယုံကြည်ကိုးစားမှု၏လမ်းငယ်

ဤသုံးပါးပေါင်းကျမ်းပိုဒ်ကို ၁:၅၊ ၂:၁ နှင့် ၂:၁၆ တို့တွင် တွေ့ရှိရသည်။ ဖော်ပြချက်တစ်ခုစီတိုင်းသည် သတို့သမီးဖြစ်ခြင်းနှင့်ပတ်သက်၍ ဆင်ခြင်သုံးသပ်ခြင်း တစ်ခုဖြစ်ပေသည်။ အမျိုးသမီးသည် သူ့အပေါ် မိမိအမျိုးသား၏ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ မိမိကိုယ်ကို ဆင်ခြင်သုံးသပ်ခြင်းဖြစ်ပေသည်။ (သို့သော် ၁:၅ နှင့်၂:၁၆ တို့တွင်အမျိုးသားသည်အမျိုးသမီး၏ရှေ့တွင် တကယ် မရှိပုံရပေသည်။) အမျိုးသားများသည် သတို့သမီးထံမှသင်ယူခြင်းကို ကသိကအောက်ဖြစ်မှု အနည်းငယ်ခံစားနိုင်ပေသည်။ "ငါသည် သတို့သမီး မဟုတ်"ဟု ဆို၍ ပိတ်ပစ်လိုက်ပေမည်။ သို့သော် ဆုပ်ကိုင်ထားပါ။

ဤစာအုပ်သည် ဝိညာဉ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာအမြင်နှစ်ခုဖြင့် ရေးသားထားပါသည်။ ဤကိစ္စတွင် သတို့သမီးမှ စကားပြောနေသောအခါ ခရစ်တော် ၏သတို့သမီးကဲ့သို့ မိမိကိုယ်ကိုတွေးထင်ပါ။ အမျိုးသမီးကိုချစ်သောအမျိုးသားသည် ခရစ်တော်ကိုကိုယ်စားပြုလျက် အသင်းတော်အတွက် ကိုယ်တော်၏ချစ်ခြင်းမေတ္တာတော်ကို ပြသပါသည်။ သတို့သမီးဖြစ်ခြင်းသည် ခရစ်ယာန်အားလုံးကိုကိုယ်စားပြုပါသည်။ ဖေက် ၅ မှပြောသကဲ့သို့အသင်းတော်သည် ခရစ်တော်၏သတို့သမီးဖြစ်သည်။ ဤအရာသည် လိင်ပိုင်းခြားထားမှုကို ဖြတ်ကျော်နိုင်ရန် ကျွန်ုပ်တို့အဖို့ ကူညီစေနိုင်သည်။ သို့မဟုတ်လျှင် ဤသမ္မာတရားများကို ရှောင်ဖယ်ရန် ကျွန်ုပ်တို့၏နှလုံးသားကို ဆုပ်ကိုင်ထားပေမည်။

## ၁) လက်သင့်ခံခြင်း (ရှောလမုန်သီချင်း ၁:၅)

*အိုယေရုရှလင်မြို့သမီးတို့၊ ငါသည် ကေဒတဲကဲ့သို့မည်းသောအဆင်းရှိသော်လည်း၊ ရှောလမုန်မင်း၏ကုလားကာကဲ့သို့တင့်တယ်သေး၏။ ငါ*

*သည် နေ့ပူကိုခံ၍ မည်းသောအဆင်းရှိသောကြောင့်၊ ငါ့ကိုမကြည့်ရှုကြပါနှင့်။ ငါ့မိခင်၏ သားသမီးတို့သည် ငါ့ကိုမနာလိုသောစိတ်ရှိ၍၊ စပျစ်ဥယျာဉ်တို့ကို စောင့်စေကြ ၏။ ကိုယ်ဥယျာဉ်ကို မစောင့်ရပါ။*

အဓိကစကားစုမှာ"ငါသည်မည်းသောအဆင်းရှိသော်လည်း တင့်တယ်သေး၏။"ဟုဖြစ်သည်။

**ကျွန်ုပ်တို့အပေါ် ဘုရားသခင်၏အမြင်**

ကိုယ့်အကြောင်းကို သိမြင်ရာတွင် အမြဲမှန်ကန်မှုမရှိပေ။ ဘုရားသခင်၏သမ္မာတရားသာလျှင် ကျွန်ုပ်တို့ကိုလွတ်မြောက်စေပါသည်။ ကျွန်ုပ်တို့အပေါ် ကိုယ်တော်၏အမြင်သည် ဟုတ်မှန်ပါသည်။ ထိုသမ္မာတရားများကို ကျွန်ုပ်တို့လေ့လာဖို့ လိုအပ်ပါသည်။

| ကိုယ့်အမြင် | ကျွန်ုပ်တို့အပေါ် ဘုရားသခင်၏အမြင် |
|---|---|
| **အမှား-** ကျွန်ုပ်တို့မဆိုးကြပေဟုယုံကြည်ကြသည်။ | **အမှန်**-ကျွန်ုပ်တို့အပြစ်ကြောင့် ဘုရားသခင်၌ လက်ခံနိုင်ဖွယ်မရှိသောသူများဖြစ်ကြ။ |
| **အမှား**-ကျွန်ုပ်တို့အထီးကျန်ပြီး ငြင်းပယ်ခံရသည်ဟုခံစားသည်။ | **အမှန်**-ကျွန်ုပ်တို့သည် အဖိုးကြီးသောလူဖြစ်သည်နှင့်အညီ ရည်ရွယ်ချက်ရှိရှိဖန်ဆင်းခြင်းခံများဖြစ်သည်။ |

ဤစကားများနှင့် ဇယားပါရှင်းလင်းချက်အားဖြင့် အမျိုးသမီး၏မိမိကိုယ်အပေါ် အစပြုသောအမြင်ကိုလေ့လာရပါသည်။ ဖော်ပါကျမ်းပိုဒ်များတွင် အမျိုးသမီး၏မိမိကိုယ်ကိုမြင်သောအမြင် ဖွံ့ဖြိုးတိုးတက်လာခြင်းကိုခြေရာခံမိပါ သည်။

"သိမြင်နားလည်ခြင်း"ဟူသောစကားလုံးကို ကျွန်ုပ်ဂရုတစိုက်အသုံးပြုပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့ကိုယ်ကိုယုံကြည်သောအရာသည် အမြဲမှန်ကန်တတ်ပေ။ဥပမာကျွန်ုပ်တို့သည် အပြစ်သားဖြစ်ကြ၏။သို့သော် အများသောသူတို့သည် ၎င်းကိုငြင်းဆိုပါသည်။

အခြားတစ်ဖက်တွင် ကျွန်ုပ်တို့သည် ပုံပန်းမကျ၍ တစ်ကိုယ်တည်းဖြစ်သည်ဟု ခံစားသော်လည်း ရည်ရွယ်ချက်ရှိရှိဖြင့် ဖန်ဆင်းခံရပြီး အဖိုးကြီးသောလူသားများဖြစ်ကြပါသည်။ မိမိကိုယ်ကိုမိမိ သိမြင်ခြင်းတွင် အမြဲမှန်ကန်မှုမရှိတတ်ပေ။ ကျွန်ုပ်တို့ကိုလွတ်မြောက်စေသောအရာကား ဘုရားသခင်၏သမ္မာတရားပေတည်း။ ကိုယ်တော်၏အစေခံကျွန်ုပ်တို့နှင့်စပ်လျဉ်း၍သိမြင်နားလည်ခြင်းသည် ဟုတ်မှန်သောအရာဖြစ်ပါသည်။ ထိုသမ္မာတရားတို့သည် ကိုယ်တော်အကြောင်းအရာ၌ဖြစ်စေ၊ မိမိတို့အကြောင်းအရာ၌ဖြစ်စေမှန်ကန်သောအမြင်ကိုရရှိနိုင်ရန် ကျွန်ုပ်တို့လိုအပ်သောအရာဖြစ်ပါသည်။ မေးစရာ

ခွန်းကား "အဘယ်သို့နည်း။" အများသောခရစ်ယာန်တို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကိုကြားရသော်လည်း တို့ထိခြင်းခံရပုံမရှိကြပေ။သူတို့သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုခံစားရန် ထိုက်တန်သည်ဟု ထင်မှတ်တတ်ကြသည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ထိုသူတို့အဖို့ ယုံမှားသံသယနှင့် ဒုန်တွဲလျက်သူတို့အသက်တာ၌ ဖြစ်ပျက်လာသောအရာများပေါ်တွင် စိတ်ဆိုးတတ်ကြသည်။ထိုသူတို့သည် ယခုဖော်ပြမည့်မိန်းမပျိုထက်ပင် ခြားနားကြ၏။ "ငါသည်မည်းသောအဆင်းရှိသော်လည်း တင့်တယ်သေး၏" ဟုသူတို့မပြောကြပေ။ ဤနေရာမှစလျှင် ကျွန်ုပ်အတွက်ပြဿနာမရှိပေ။

ဘုရားသခင်သည် မိမိကိုကယ်တင်ခဲ့သောအခါ ကျွန်ုပ်၏ကြောက်မက်ဖွယ်ကောင်းသော တစ်ကိုယ်ကောင်းဆန်မှုနှင့်အပြစ်တို့ကို ဖော်ပြပြီးဖြစ်သည်။ နောက်တွင် ကျွန်ုပ်၏အပြစ်နှင့်ပြည့်သောဘဝနှင့်ပတ်သက်၍ ကိုယ်တော်၏အမြင်သည် အဘယ်မျှလောက်တိကျမှန်ကန်ကြောင်း ကိုယ်တော်၏နှုတ်ကပတ်တော်ထဲ၌ ကိုယ်တော်ဖော်ပြခဲ့သည်။ ကျွန်ုပ်သည် မာန၊ တစ်ကိုယ်ကောင်းဆန်မှုနှင့်ဘုရားသခင်၏ဘုန်းတော်ကို မထင်ရှားသောစိတ်နေသဘောထားများနှင့်အမူအကျင့်များတို့ဖြင့် အမှန်ပင်ပြည့်နေခဲ့သည်။

မိမိကိုယ်ကိုနားလည်ခြင်းနှင့်ပတ်သက်၍ ချဉ်းကပ်နည်းနှစ်ခုရှိသည်။ ၎င်းတို့သည် လူတစ်ယောက်၏ဘဝ၌ အဓိကကျသောခြားနားမှုကိုဖြစ်စေပါသည်။သခင်ယေရှုသည် ကိုယ်တော်၏ကျော်ကြားသော'တောင်ပေါ်ဒေသနာ' ၌ထိုချဉ်းကပ်မှုဖြင့် စတင်ခဲ့သည်။ *"စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ ၏။" (ရှင်မဿဲ ၅:၃)*

ကျွန်ုပ်တို့သည် မိမိတို့၏အပြစ်နှင့်ပြည့်ဝသောဘဝနှင့်ပတ်သက်၍ အချက်အလက်များကိုလက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေမိမိတို့ ကိုယ်တိုင်ပုံသွင်းဖန်တီးကြသည်။ သတို့သမီးသည် မိမိ၏ပုံပန်းသဏ္ဍာန် အဘယ်မျှလောက် 'အရောင်မေးမှိန်စေ'သည်ကို ပွင့်ပွင့်လင်းလင်းဝန်ခံခဲ့၏။ စပျစ်ခြံ၌ ပင်ပန်းစွာအလုပ်လုပ်ရသောကြောင့် သူ၏အရေပြားလောင်လျက်ရှိ၏။ သူတွင်နန်းတော်ထဲသို့ယူဆောင်ခံရချိန်တွင်အရေပြားကိုကာကွယ်ရန်နည်းလမ်းများမရှိခဲ့ပေ။ သို့သော်လည်း အောက်ခြေလူတန်းစားဖြစ်ခြင်းကြောင့် အပြင်ဘက်တွင် အလုပ်ကြိုးစားလုပ်ခဲ့ရသည်။ တိကျစွာဆိုရလျှင် သူသည် မိသားစုတွင် အနိမ့်ဆုံးဖြစ်သည်။ အကြောင်းမှာ သူသည် မိမိကိုယ်တိုင်အလုပ်ကြိုးစားလုပ်ခဲ့သောကြောင့်ဖြစ်၏။ဝိညာဉ်ရေးရာအာရုံခံစားမှုတွင် 'အမှောင်' သည် သူ့အပြစ်ကြောင့် ခရစ်တော်၏ချစ်ခြင်းခံရရန်သူ၏မထိုက် တန်မှုကိုကိုယ်စားပြုပါသည်။

*ငါသည်နေပူကိုခံ၍ မည်းသောအဆင်းရှိသောကြောင့်၊ ငါ့ကိုမကြည့်ရှုကြပါနှင့်။ ငါ့မိခင်၏သားသမီးတို့သည် ငါ့ကိုမနာလိုသောစိတ်ရှိ၍၊ စပျစ်ဥယျာဉ် တို့ကို စောင့်စေကြ၏။*

လက်သင့်ခံခြင်းနှင့်စပ်လျဉ်း၍ ဤအမြင်နှစ်ခု၏စစ်မှန်သောအဓိပ္ပါယ်ကိုထုတ်ဖော်ရန် ဘေးအဘက်ဘက်ခြားနားမှုကိုကြည့်ကြပါစို့။

## ဘုရား၏အမြင်

### *"ငါသည် မည်းသောအဆင်းရှိသော်လည်း တင့်တယ်သေး၏။"*

***နှိမ့်ချခြင်း*** - တစ်စုံတစ်ဦး၏အမှားကို အသိအမှတ်ပြုပါ။

***မထိုက်တန်ခြင်း*** - ထိုက်တန်သည်ဟုမထင်သောကြောင့် အာရုံစိုက်တန်ဖိုးထားခြင်း၊ အာရုံစိုက်ခြင်း၏အရင်းအမြစ်မှာ အပြင်ဘက် မိမိကိုယ်ကိုဖြစ်၏။
***ဆက်လက်ထားရှိခြင်း*** - တစ်စုံတစ်ဦး၏လုပမှု၊ အသက်အရွယ် သို့မဟုတ် ဆုကျေးဇူးတို့၏လွတ်လပ်စွာတည်ရှိမှုတို့မှာ သူသည် ရွေးချယ်ခံရသောကြောင့်ဖြစ်၏။
***လုံခြုံမှု*** - အခိုင်အမာပြောဆိုချက်ကိုမရှာသော်လည်း လက်ခံရရှိသောမည်သည့်ချစ်ခင်မှုကိုမဆို နှစ်သက်၍ ကျေးဇူးတင်ခြင်း။

## လောကအမြင်

### "ငါသည်လှပ၍ ချစ်စရာကောင်း၏"

***အပေါ်ယံ*** - မိမိအပေါ် ဗဟိုပြုသည်။ ပို၍လွတ်လပ်စွာ တည်ရှိသောကြောင့် ရင်းနှီးမှုနည်း၏။

***ထိုက်တန်ခြင်း*** - အာရုံစိုက်မှုနှင့်ချစ်ခင်စုံမက်ခြင်းတို့ကို မျှော်လင့်၏။ အကြောင်းမှာ အရင်းအမြစ်သည် တစ်စုံတစ်ဦး၏အထဲ၌ရှိသောကြောင့်တည်း။
***ပျော့ကွက်*** - ယာယီဖြစ်သော၊ ပျောက်ကွယ်တတ်သောအရာများတွင် မှီခိုသည်။
***မိမိကိုယ်ကိုယုံကြည်မှု အားနည်းခြင်း*** - အတည်ပြုချက်ကို ရှာဖွေခြင်း၊ လက်မခံလျှင် စိုးရိမ်ပူပန်သည်။ အကြောင်းမှာ ဆက်ဆံရေးသည် ယာယီအပေါ်တွင် အခြေခံသည်။

ဆက်သွယ်ဆက်ဆံရေးအားလုံးသည် အပေါ်ယံဖြင့် အစပြုသည်။ ယောက်ျားကလေးနှင့်မိန်းကလေးတို့သည် အစတွင် အချင်းချင်းသိရှိရန်ပြုကြသည်။ စုံတွဲတို့သည် ရင်းနှီးသိကျွမ်းလာသလို ဆက်သွယ်ဆက်ဆံရေးသည် ပို၍နက်ရှိုင်းလာကာ ကိုယ်တိုင်ကိုယ်ကျဖြစ်သင့်သည်။ သူတို့သည် မိမိတို့၏

စိတ်နှလုံးရင်းနှီးသောအရာတို့ကို ဖော်ပြသင့်သည်။ လူတစ်ယောက်က လူတစ်ဦး၏မိန်းကလေးအပေါ် အာရုံစိုက်မှုသည် သူ၌ရှိသည့်ဖြစ်ခြင်း သို့မဟုတ်ရှိခြင်းအပေါ် မှီခိုသည်ဟူသောယုံကြည်ချက်ဖြင့် အစပြုသောအခါ ထိုဆက်ဆံရေးသည် အပေါ် ယံဖြစ်တတ်သည်။

ငင်း၏ရလဒ်အဖြစ် ထိုသူသည် အခြားသူများကိုအစေခံရန် အာရုံထား၍မရသော်လည်း အာရုံစိုက်မှုနှင့်အတည်ပြုချက်ကိုရရှိရန်နည်းလမ်းများကိုအဆက်မပြတ်တွက်ချက်ရပေမည်။အကြောင်းမှာ ဆက်သွယ်ဆက်ဆံရေးသည် ခြွင်းချက်မရှိသောလက်သင့်ခံမှုအပေါ် တွင် အခြေခံရန် သတိမမူမိပေ။ ငင်းသည် ချည့်နဲ့သောပုံရှိသည်။ ဆက်သွယ်ဆက်ဆံရေးသည် မတည်ငြိမ်ဟုသတိမူမိသည့်ကာလပတ်လုံး ငင်းကိုကာကွယ်ရန် စွမ်းအင်ရှိသမျှကိုသုံးရ၏။ သေးနုပ်သောဝန်တိုမှု၊ သံသယဖြစ်သောစိတ်နေသဘောထားများ၊ အချိန်နှင့်အစွမ်းအစတို့ကိုတောင်းဆိုမှုတို့သည် ဤအရာနှင့်ပတ်သက်၍ အနည်းငယ်သောသက်သေများဖြစ်ကြသည်။

ထို့ကြောင့် မခိုင်မြဲသောဆက်သွယ်ဆက်ဆံရေးသည် အမြဲမပြတ်ဖြစ်သည့်ကပ်ဆိုက်သောကာလတို့ကိုဖြစ်စေပါသည်။ ဆိုပါစို့၊ ကြောက်ရွံ့ခြင်းများ၊ စိုးရိမ်မှုများနှင့်အပေါ် ယံဆက်သွယ်ဆက်ဆံရေးများဖြင့် သွင်ပြင်လက္ခဏာကိုဖော်ပြပါသည်။ ဤအတွင်းပိုင်းကြိုးစားအားထုတ်မှုတို့သည် ကိုယ်ခန္ဓာနှင့်ဆက်သွယ်ဆက်ဆံရေးတို့ကို အားပျော့သွားစေပါသည်။ ထိုအရာသည် အပြန်အလှန် ယုံကြည်မှု၏ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သောပျော့ကွက်ကိုအားမပေးပါပေ။ခင်မင်ရင်းနှီးမှုသည် ကသိကအောက်ဖြစ်၍အပေါ် ယံကိုမထိုးဖောက်နိုင်ပေ။ ဤကာကွယ်ထားသောချဉ်းကပ်မှုအတွက် ဖုံးနေသောအခြေခံအကြောင်းရင်းမှာ ဆက်သွယ်ဆက်ဆံရေးကိုဖြစ်နိုင်သမျှကာကွယ်ထားဖို့ဖြစ်ပါသည်။

လူသည် ငြင်းပယ်ခံရခြင်းကို ကြောက်ရွံ့သည့်အတွက် မိမိ၏ကိုယ်ပိုင်ဘဝကိုအပြည့်အဝမဖော်ထုတ်ကြပေ။ထိုသို့သောအမျိုးသမီးသည်လုပမှုအတွက် သူတို့၏လက်သင့်ခံခြင်း၊ အသက်အရွယ်နှင့်အရေတွန့်ခြင်းတို့ကြောင့်စိုးရိမ်ကြောက်ရွံ့ခြင်းရှိတတ်ကြသည်။ထို့ကြောင့်ယုံကြည်ကိုးစားမှုသည် မကြီးထွားတော့ပေ။ နက်ရှိုင်းသောအိမ်ထောင်ရေးကို ပုံဖော်နိုင်သည့်ရင်းနှီးသောမျှဝေခြင်းလည်း မရှိတော့ပေ။

**သင့်အဖို့ စစ်မှန်၍ ကောင်းသောအိမ်ထောင်ရေးအတွက် အဓိကအချက်အလက်များ၏ဘေးတွင် စစ်ဆေးရာအမှတ်ကို ထည့်ပါ။**

***နှိမ့်ချခြင်း*** **-** တစ်ယောက်၏အားနည်းချက်ကိုလက်ခံ၍ တောင်းပန်ပါ။
***အသိအမှတ်ပြုခြင်း*** **-** မထိုက်တန်သည့်အတိုင်း မေတ္တာကိုလက်ခံပါ။

***လက်ခံခြင်း*** - ငြိမ်သက်ခြင်း၊ ခြိမ်းခြောက်မခံရခြင်း၊တည်ငြိမ်ခြင်းနှင့်ဝမ်းမြောက်ခြင်း၌ ရှိနေပါ။
***တုန့်ပြန်ခြင်း*** - ချစ်သောကိုယ်အမူအရာများအားဖြင့် ချစ်ရန်တုန့်ပြန်ပါ။
***ယုံကြည်ကိုးစားခြင်း*** - သူ/သူမ၏အိမ်ထောင်ဘက်ကို အမှန်ပင်ဂရုတစိုက်ယုံကြည်ပါ။
***လုံခြုံခြင်း*** - လက်တွဲဖော်၏မေတ္တာနှင့်ချစ်ခင်မှု၌ မွေ့လျော်ပါ။

လူတစ်ယောက်သည် မှန်မှန်ကန်ကန်စတင်သောအခါ ခြားနားသောနည်းစနစ်တစ်ခုလုံးသည် လုပ်ဆောင်ရန်ထားရှိပါသည်။ ဆက်သွယ်ဆက်ဆံရေး၌ ခိုင်မြဲခြင်းသည် သာမန်ယုံကြည်ကိုးစားသောဆက်သွယ်ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပါသည်။ဆက်သွယ်ဆက်ဆံရေးကြီးထွားလာသလို လူတစ်ယောက်သည်လည်း ကြီးထွားနိုင်သည်။

ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာသည်လည်း ခိုင်မာသောအခြေခံအုတ်မြစ်ကိုလိုအပ်သည်။ မိမိတို့၏အပြစ်နှင့်ပတ်သက်၍ လုံးဝမရှင်းလင်းကြသောသူတို့သည် ၎င်းတို့၏ကယ်တင်ခြင်းအတွက် မည်သည့်အခါမျှကျိန်းသေသည်ဟူ၍မရှိကြပေ။ ကနေဦးတပည့်တော်ဖြစ်သင်တန်းတွင် မိမိ၏အပြစ်၊ မိမိကိုယ်စား ခရစ်တော်၏လုပ်ဆောင်မှုဖြစ်သည့် ကျေးဇူးတော်ကြွယ်ဝခြင်းနှင့်ဆိုင်သည့်သွန်သင်ခြင်းလည်း အမြဲပါဝင်သင့်သည်။

"ငါသည် မည်း၏"ဟု သူမပြောသည်သာမက "ငါသည် မည်းသောအဆင်းရှိသော်လည်း တင့်တယ်သေး၏။"ဟုလည်းပြောသည်။ ကျွန်ုပ်တို့သည် မိမိတို့၏အားနည်းချက်များနှင့်အတူ ဖိစီးခြင်းခံရဖို့ မဟုတ်ပေ။ သို့သော် ကျွန်ုပ်တို့သည် မိမိတို့၏ပြဿနာများကြောင့် ဖိစီးနိုပ်စက်ခြင်းဒဏ်ကိုခံနေကြရသည်။ ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်သော်လည်း မိမိတို့၏တစ်စုံတစ်ရာကြီးမားသောအရာသည် မိမိတို့၏နိမ့်ကျသောအစရှိလင့်ကစား မိမိတို့၏ဘဝများထဲသို့ဝင်ရောက်လာပါသည်။ အောက်ပါကျမ်းပိုဒ်တို့၌ မိန်းမပျိုသည် ရွေးချယ်ခံရသောကြောင့် မိန်းမပျိုတို့သည် ဝမ်းမြောက်လျက်ကကြ၏။ ရှင်ဘုရင်သည် သူ့ကိုနှလုံးထဲ၌ ထားလေ၏။

ထို့ကြောင့် အိမ်ထောင်ရေး၌ တရားဝင်ဖြစ်စေသည့်ဆက်ကပ်အပ်နှံမှုသည် အလွန်အရေးကြီးသည်။ သတို့သားသည် အထူးသဖြင့် သူ့ကို ဘဝတစ်လျှောက်လုံးအတွက် ရွေးချယ်ပြီးဖြစ်သည်။ သူသည် မိမိ၏ချစ်ခင်မှု နှလုံးသားအပြည့်အဝကို မိန်းမပျိုအပေါ်တွင် ပေးအပ်၏။ မိန်းမပျိုသည် သူ၏နိမ့်ကျသောနောက်ခံရှိလင့်ကစား သီးသန့်ထားခြင်းခံရသည်။ သူ၏ကျေနပ်နှစ်သက်မှုသည် ယခင်အပြစ်အနာအဆာရှိလင့်ကစား သူ၏လက်သင့်ခံရမှုမှလာလေ့ရှိ၏။

၎င်းသည် ဝိညာဉ်ရေးရာသာမက လောကီရေးရာလည်းပဲထို့အတူ ဖြစ်သည်။ မျှဉ်းပြိုင်ဖြစ်သောဆက်သွယ်ဆက်ဆံရေးသည် များစွာသောကြည် လင်ပြတ်သားခြင်းတို့ကိုယူဆောင်လာသည်။

တစ်ယောက်ကိုနားလည်ခြင်း၌ ကျွန်ုပ်တို့အားနည်းသောနေရာတွင် အခြားသောဆက်သွယ်ဆက်ဆံရေးမှ သင်ယူနိုင်သည်။ ဥပမာကျွန်ုပ်၏မိသား စုသည် ကွဲခဲ့သော်လည်း ကိုယ်တော်၏နုတ်ကပတ်တော်မှ ကျွန်ုပ်အတွက် ဘုရားသခင်၏ကြီးမားသောမေတ္တာတော်ကို သင်ယူနိုင်ခဲ့သည်။

ကျွန်ုပ်တို့ကောင်းသောကြောင့် မိမိတို့ရွေးချယ်ခံရကြသည်မဟုတ် ပေ။ ရှောလမုန်သည် ရွေးချယ်စရာအများကြီးရှိသော်လည်း သူ၏မျက်နှာသာ ပေးမှုကို သူ့အပေါ်တွင်ထားရန် ရွေးချယ်ခဲ့သည် (၁:၄)။ မိန်းမပျိုကို နှစ်ခြိုက် ရန်ရွေးချယ်ခဲ့သည်။ထိုနည်းတူပင်ခရစ်တော်၌ရှိသောဘုရားသခင်သည် ကိုယ် တော့်အဖို့ကျွန်ုပ်တို့ကိုရွေးချယ်ခဲ့သည်။ကိုယ်တော်သည် လူတိုင်းကိုမရွေးချယ် ခဲ့ပေ။ ကျွန်ုပ်တို့သည် အပြစ်နှင့်ပြည့်ဝသော်လည်း ကိုယ်တော်သည် ကျွန်ုပ်တို့ ကိုရွေးချယ်ခဲ့သည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် မိမိတို့ပြုသောအရာပေါ် တွင်မတည်ပါ။အကြောင်းမှာ ကျွန်ုပ်တို့အပြစ်သည် အရာအားလုံးကိုဖျက်ဆီး သောကြောင့်ဖြစ်သည်။ ကိုယ်တော်သည် မိမိ၏အထူး ပိုင်ဆိုင်ရာဖြစ်လာရန် ဘုရားတရားမရှိသောသူနှင့်ဆိုးသွမ်းသောသူတို့ကို ရွေးချယ်ပါသည်။ များစွာ သောခရစ်ယာန်တို့သည် ရွေးချယ်ခြင်းနှင့်ပတ်သက်၍ သွန်သင်ချက်ကိုတိုက် ကြပါသည်။ အကြောင်းမှာ သူတို့သည် မိမိတို့၏မည်းမှုကိုနားမလည်သော ကြောင့်ဖြစ်ပါသည်။

ကျွန်ုပ်တို့အား ခရစ်တော်ရွေးချယ်သည့်အခမ်းအနားကို မိမိတို့ ကျင်းပသောနေ့သည် မိမိတို့ခရစ်ယာန်အသက်တာ၌ ဝမ်းမြောက်ခြင်း စတင် သောနေ့ဖြစ်ပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့အားကိုယ်တော်နှင့်အတူ ထာဝ ရရှိနေဖို့ရန် ကိုယ်တော်အလိုရှိသောကြောင့်ဖြစ်သည်။

*ငါ တို့သည်ဘုရားသခင့်ရှေ့တော်၌ မေတ္တာအားဖြင့်သန့်ရှင်းလျက်၊ အပြစ်ကင်းလွတ်လျက် ဖြစ်မည်အကြောင်း၊ ဤကမ္ဘာမတည်မရှိမီ ငါ တို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ၊ ကောင်းကင်ဘုံနှင့်ဆိုင်သော အရာတို့၌ ခပ်သိမ်းသောဓမ္မမင်္ဂလာတို့ကို ခရစ်တော်အားဖြင့်ငါတို့အား ပေး သနားတော်မူသောငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ထိုဘုရားသခင်သည် ချစ်တော်မူသောသားတော် ကြောင့်၊ ငါ တို့အား ပေးတော်မူသောကျေးဇူးတော်၏ ဘုန်းအသရေကိုချီးမွမ်း စေခြင်းငှာ၊ ငါ တို့သည် ယေရှုခရစ်အားဖြင့်သားအရာကိုရမည်အကြောင်း၊ အလိုတော်ရှိသောစေတနာအတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။(ဧ ဖက်၊ ၁:၃-၆)*

ကိုယ်တော်သည် ကျွန်ုပ်တို့ကိုရွေးချယ်ခဲ့ကြောင်း မိမိတို့နားမလည်သော်လည်း ကျွန်ုပ်တို့သည် ဆက်လက်ပြီးအတွေးထဲ၌ ပျော်ရွှင်ခြင်းကိုစတင်ကြပါစို့။ ဤအရာသည် ကျွန်ုပ်တို့ကိုခရစ်တော်၌ လက်ခံခြင်းပင်ဖြစ်သည်။ မိမိတို့၏ဇနီးသည်များကို ညီညီညွတ်ညွတ် အစဉ်ချစ်ခင်၍ သစ္စာရှိရန် ခင်ပွန်းသည်အမျိုးသားတို့အား အဘယ်ကြောင့်အမိန့်ပေးသည်ကိုလည်း ဖော်ပြထားသည်။ ခင်ပွန်းသည် ကြင်နာသောစကားများနှင့်လုပ်ဆောင်မှုများအားဖြင့် သူ၏ဆက်ကပ်အပ်နှံမှုကိုခိုင်မြဲစေသောအခါ မယားသည် အလွန်သာယာပျော်ရွှင်လာရသည်။ သူ့မေတ္တာနှင့်ပတ်သက်၍ ထိုဖော်ပြချက်များသည် ဇနီးသည်အားမိမိ၏ပိုမိုနက်ရှိုင်းသောမေတ္တာနှင့် မိမိတစ်ဘဝလုံးအတွက် အထူးရွေးချယ်မှုဖြစ်ကြောင်း သတိပေးခြင်းဖြစ်သည်။

လူတိုင်းသည် လက်သင့်ခံခြင်းကိုရှာဖွေကြသော်လည်း လက်သင့်ခံခြင်းကို မခံစားရသောသူတို့သည် ဤလက်သင့်ခံခြင်းကို အရူးအမူးတောင့်တရှာဖွေ (မှန်ကန်စွာမြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ) ကြ၏။ ဆက်သွယ်ဆက်ဆံရေးနှင့်အိမ်ထောင်ရေးထဲသို့ ဝင်ရောက်၍ လက်သင့်ခံခြင်းအတွက် ပြင်ဆင်မှုမရှိသည့်တစ်ဦးချင်းစီတိုင်း၌ လိုချင်သောဆန္ဒရှိကြသည်။ ကံအားလျော်စွာ ကျွန်ုပ်တို့အမှန်ရှာဖွေသောလက်သင့်ခံခြင်းမှာ စုံလင်မှုကိုမပေးနိုင်သောလူသားတို့၏ဆက်သွယ်ဆက်ဆံရေး၌မဟုတ်ဘဲ ခရစ်တော်၌ရှိသည့်အဖြစ်ကြောင်း ဘုရားသခင်က ကျွန်ုပ်တို့ကိုသွန်သင်ခဲ့သည်။

## ၂) တန်ဖိုးထားခြင်း (ရှောလမုန် ၂:၁)

*သတို့သမီးဖြစ်ခြင်း - ကျွန်မသည် ရှာရုန်အရပ်နှင်းဆီပွင့်၊ ကွင်းပြင်၌ပေါက်သောနှင်းပွင့်မျှသာဖြစ်ပါ၏။ (၂:၁)*

*သတို့သားဖြစ်ခြင်း - ဆူးတောထဲမှာ နှင်းပွင့်ထင်သကဲ့သို့၊ ငါချစ်သော သတို့သမီးသည် လူမျိုးသမီးစုထဲမှာထင်ပေ၏။ (၂:၂)*

မိမိကိုယ်ကိုသိခြင်းနှင့်ပတ်သက်၍ ဤဖွင့်ပြချက်သုံးခုကြား၌ ဖြစ်နေသည့်ထူးခြားသောစကားလုံးများနှင့်လုပ်ဆောင်မှုများစွာ ရှိကြပါသည်။ ဤပိုးပန်းခြင်းအဆင့်တွင် ဇနီးမောင်နှံတို့သည် 'ချစ်ခြင်း'ရှိကြ၏။ သူတို့သည် စကားလုံးများကို လဲလှယ်ကြသောအခါ သူတို့၏ရင်းနှီးမှုသည် ကြီးထွားလာသည်။ အိမ်ထောင်သည်တို့သည် ဤသို့သောကြင်နာမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်လျှင် ပြဿနာများစွာကို ဖြေရှင်းနိုင်ပေလိမ့်မည်။ အခန်း၂:၁ ၌ သတို့သမီး၏တုန့်ပြန်မှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့မည်ကဲ့သို့ ရှာဖွေတွေ့ရှိရပါသနည်း။

သူ၏အရေပြားသည် မည်းမှောင်နေသော်လည်း သူ၏မည်းခြင်းကို ထပ်တလဲလဲခံစားနေခြင်းကို ကျွန်ုပ်တို့မတွေ့ရှိရပေ။ ကြောက်ရွံ့ခြင်းနှင့်ထိတ်လန့်မှုသည် လွန်သွားပြီဖြစ်သည်။ ထိုအရာများကို သူမတွေးတော့ပေ။ သူ၏

စကားများမှ သူ၏တွေးနေခြင်းကို ကျွန်ုပ်တို့မြင်နိုင်ပါသည်။ ကျွန်မသည် ရှာရန်အရပ်နှင်းဆီပွင့်၊ ကွင်းပြင်၌ ပေါက်သောနှင်းပွင့်မျှသာဖြစ်ပါ၏။’ဟု ယခုမိမိကိုယ်ကိုပြောဆိုသည်။

မိမိကိုယ်ကိုနားလည်ခြင်းသည် ဖွံ့ဖြိုး၍ ယခုသူသည် မိမိကိုမြင်သလိုမိမိကိုယ်ကို စတင်မြင်ပါသည်။ ရောစပ်ထားသောအရောင်နှင့်ရနံ့တို့ဖြင့် ပြည့်ဝသောလမ်း၌တွေ့ရသည့်လှပသောပန်းများထဲမှ တစ်ပွင့်ဖြစ်ကြောင်း ကြေငြာပါသည်။ ပျော့ပြောင်းသောထိတွေ့မှုဖြင့် ရင်းနှီးခင်မင်၏။ လူတစ်ဦးသည် လက်သင့်ခံမှုကိုရှာတွေ့သောအခါ သူတို့သည် ဆက်၍နောက်ထပ်ကြီးထွားဖို့ရန် ၎င်းတို့၏ဘဝကို စတင်ဖွင့်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုထူးခြား၍ တန်ဖိုးရှိသောသူများအဖြစ် စတင်မြင်ရပါမည်။

ဤအရာသည် မိန်းမပျို၏အဖိုးရှိသောတန်ဖိုးကို သူမြင်သောအရာဖြစ်၏။ ဤသည်ကို နောက်ကျမ်းပိုဒ်တွင် တွေ့မြင်နိုင်သည်။ မိန်းမပျိုသည် မိမိကိုယ်ကိုလှပ၍ နှစ်သက်ဖွယ်သောပန်းဟု ဖော်ပြခြင်း၌ ရပ်တည်ပါသည်။ သူသည် ဤနေရာ၌မရပ်ပေ။ မိန်းမပျိုသည် “ဆူးတောထဲမှနှင်းပွင့်” ဖြစ်ကြောင်း ၎င်း၏စိတ်ထဲသို့ယူဆောင်ပေးပါသည်။ ၎င်း၌ သူကျေနပ်ကြောင်းကို အခိုင်အမာဆိုပါသည်။ ၎င်းသည် ချစ်စရာကောင်းသောနှင်းပွင့်ဟု ဖော်ပြပါသည်။သို့သော် သူသည် ဤအရာထက်လွန်၍ ၎င်းသည် ဆူးတောထဲမှနှင်းပွင့်အဖြစ်ဖော်ပြပါသည်။ သူသည် မိန်းမပျိုကိုရွေးချယ်ရာ၌ ကျေနပ်နှစ်သက်ပါ သည်။

သူသည် မိန်းမပျိုအပေါ်ထားသည့် သူ၏အပ်နှံမှုကို ဖော်ပြသည်သာမက ချစ်ခင်နှစ်သက်မှုကိုလည်းဖော်ပြသည်။ ဤမရပ်သောချစ်ခင်နှစ်သက်မှုသည် စာအုပ်အဆုံးထိဆက်သွားပါသည်။ ထိုအရာသည် ဤအမျိုးသားမျက်ကွယ်နေသကဲ့သို့မဟုတ်ပါပေဘူးလား။ မဟုတ်ပေ။ဝန်းကျင်တွင် များစွာသောမိန်းမပျိုများရှိပါသည်။ယခုတွင် အမျိုးသား၏ရွေးချယ်မှု၌ မိန်းမပျိုများအဘယ်မျှလောက် နှစ်ခြိုက်ကြကြောင်း ကြားရသောအချက်တစ်ချက်ရှိသည်သာမက (၁:၄) အမျိုးသားသည် မိန်းမပျို၌ သူ၏တစ်ခုတည်းသောနှစ်ခြိုက်မှုကိုအခိုင်အမာပြောဆိုကြောင်းကြားရသည်မှာ ပို၍အံ့သြဖွယ်ဖြစ်သည်။

သင်သည် တန်ဖိုးကို မည်ကဲ့သို့သတ်မှတ်မည်နည်း။ မည်သည့်ကားသည် အကောင်းဆုံးဟု သင်သတ်မှတ်မည်နည်း။ ဝန်းကျင်ကို သင်မကြည့်ပေဖူးလား။မော်ဒယ်တစ်ယောက်သည် နောက်တစ်ယောက်မည်ကဲ့သို့ရှိကြောင်းကိုနှိုင်းယှဉ်၍ မမြင်ဘဲနေမည်လော။ အဆုံးတွင် သူသည် ဈေးဝယ်ပြီးသောကြောင့် ကျေနပ်ပေသည်။ ဤအမျိုးသားသည် ဝန်းကျင်ကိုကြည့်ခဲ့ကြောင်းအခိုင်အမာဆိုပါသည်။ အခြားသောအမျိုးသမီးတို့သည် မိန်းမပျို၏ နှင်းပွင့်’နှင့်ယှဉ်လျှင် ဆွဲဆောင်မှုမရှိသောအမျိုးသမီးများ ‘ဆူးပင်များ’ကဲ့သို့ဖြစ်ကြသည်။

သူသည် မိမိ၏ခိုင်မြဲသောရွေးချယ်မှုနှင့် မိန်းမပျိုကိုနှစ်ခြိုက်ကြောင်း ဖော်ပြသလို မိန်းမပျိုသည်လည်း ပြင်ဆင်ပေးထားသည့်နွေးထွေးသောမေတ္တာအားဖြင့် ပြသ၍ထိတွေ့ခံရကြောင်း နောက်ထပ်၍ မိမိ၏နှလုံးသားကို ဖွင့်ပြပါသည်။ အမျိုးသားသည် မိန်းမပျိုကိုယုယမြတ်နိုးသည်။ မိန်းမပျိုမှ တုန့်ပြန်သည်။ မိန်းမပျို၏မိမိကိုယ်ကို သိမြင်နားလည်ခြင်းသည် အမျိုးသား၏သူ့အပေါ် ချစ်ခင်မှုမှဖြည်းဖြည်းပုံသွင်းခံရလျက်ရှိသည်။ အမျိုးသား၏မိန်းမပျိုအပေါ် ရွေးချယ်ခြင်းသည် သူ့တန်ဖိုးကိုတက်စေပါသည်။ချစ်သောသူသို့မဟုတ် အချစ်ခံရသောသူတို့သည် ဤအရာကိုနားလည်သည်။ ၎င်းသည် မမှားသော်လည်း မှန်ကန်ပေသည်။ တစ်စုံတစ်ရာထူးခြားမှုသည် ဖြစ်လျက်ရှိပါသည်။ ဤအရာသည် ကျွန်ုပ်တို့အဖို့ ဘုရားသခင်၏ကြီးမား၍ အံ့ဩဖွယ်ကောင်းသောမေတ္တာတော်ရုပ်ပုံကို သတိရစေပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏မေတ္တာတော်ကိုဆုပ်ကိုင်ခြင်း၌ ခက်ခဲသောအချိန်ရှိ၍ ကျွန်ုပ်တို့အတွက် ကိုယ်တော်၏ကြီးမားသောဆန္ဒနှင့်ပတ်သက်၍ ကျွန်ုပ်တို့အားနှိုးရန် ထိုသို့သောရုပ်ပုံနှင့်အတွေ့အကြုံများကို လိုအပ်ပေသည်။ မိန်းမပျိုအပေါ် သူ၏အပ်နှံမှုနှင့်ချစ်ခင်မှုတို့သည် မိန်းမပျိုအဖို့ မိမိကိုယ်ကိုထင်မြင်သည့်ပုံစံသို့ပုံသွင်းစေပါသည်။

## လက်တွေ့စကားပြောဆိုခြင်း

ခင်ပွန်းသည်တို့သည် မိမိတို့ဇနီးမယားတို့၏ထူးခြားသော အရည်အချင်းများကို အတည်ပြုဖို့ လိုအပ်သည်။ သူတို့သည် ခြားနားသောနေရာများ၌ အဘယ်မျှလောက်ထူးခြားကြောင်းကို ကြားသိချင်ကြသည်။ သုတ္တံ ၃၁ က ထိုအမျိုးသမီးကိုအထင်ကရဖြစ်စေသည့်ထူးခြားသာလုပ်ဆောင်မှုများကို စာရင်းပြုစုထားပါသည်။ အစားအစာဖြစ်စေ၊ ကြင်နာသောစကား သို့မဟုတ် အပြုံးဖြစ်စေ သင့်အတွက် အဘယ်မျှလောက် ကောင်းချီးမင်္ဂလာဖြစ်ကြောင်းသိစေပါ ။ ခင်ပွန်းသည်တို့သည် မိမိတို့၏ဇနီးများ၌နှစ်ခြိုက်မှုကို ဖော်ပြသောအခါ ဇနီးမယားတို့သည် ပို၍ယုံကြည်ကိုးစားမှုကိုတုန့်ပြန်ပေသည်။ ခင်ပွန်းသည်၏ကြင်နာ၍ ချီးကျူးသောစကားများသည် ဇနီးသည်၏နှလုံးသားကို ပန်းပွင့်ကဲ့သို့ ပို၍ပို၍ ပွင့်စေသည့်နေသဖွယ်ဖြစ်ကြပါသည်။

ကျွန်ုပ်သည် မိန်းမအပေါ် မိမိ၏အပ်နှံမှုတွင် အာရုံစိုက်သလို ကျွန်ုပ်ဇနီးအပေါ် ထားသောချစ်ခင်မှုသည် ကြီးထွားကြောင်းကိုတွေ့ရှိရပါသည်။ ဇနီးအပေါ် ထားသောတန်ဖိုးသည် သူလုပ်ဆောင်သောအရာပေါ်တွင် မမှီဘဲ မိမိ၏လက်သင့်ခံခြင်းတွင် တည်မှီပါသည်။ ကျွန်ုပ်၏သူ့အပေါ် လက်သင့်ခံခြင်းတန်ဖိုးကိုလျှော့လျှင် သူသည် မလုံခြုံမှုဖြစ်၍ အိမ်ထောင်ရေးသည် အေးခဲသွားပေမည်။ မေတ္တာအတွက် ကျွန်ုပ်တို့မေတ္တာရှိသင့်ကြောင်း မိမိတို့ပြောဆိုနိုင်

သည်။ နေရောင်တောက်ပသောအခါမှသာလျှင် ပန်းပွင့်သည်ဖူးပွင့်၍ အတွင်းရှိတန်ဖိုးကို ကျွန်ုပ်တို့မြင်တွေ့ရသည်။

## ဝိညာဉ်ရေးရာစကားပြောဆိုခြင်း

သခင်ဘုရားသည် ကျွန်ုပ်တို့ကိုအမှန်ပင် တန်ဖိုးထားပေသည်။ ကိုယ်တော်သည် မည်သည့်အခါမျှအမှားကိုမပြုပေ။ ကျွန်ုပ်တို့ကို ထာဝရကာလအတွက် ရွေးချယ်ခဲ့၏။ မိမိတို့ထဲ၌ ကောင်းသောအရာရှိသောကြောင့် မဟုတ်ပေ။ကိုယ်တော်သည် ကျွန်ုပ်တို့ကိုတန်ဖိုးမထားဟုမပြောသင့်ပေ။ကိုယ်တော်၏မေတ္တာတော်သည် ကျွန်ုပ်တို့အား သူ့အပေါ် တုံ့ပြန်ရန် မိမိတို့၏စိတ်နှလုံးကိုလှုံ့ဆော်ပေး၍ ကျွန်ုပ်တို့အပေါ် ကိုယ်တော်၏အပ်နှံမှုကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော့်အတွက် တန်ဖိုးရှိလာပေသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုကိုယ်တော်၏ဥစ္စာအဖြစ် အတိအကျပြုခြင်း၌ နှစ်ခြိုက်ပါသည်။ အကြောင်းမှာကိုယ်တော်သည် ကျွန်ုပ်တို့၏မိတ်ဆက်ပေါင်းဖက်ခြင်းကိုတန်ဖိုးထားသောကြောင့်ဖြစ်ပါသည်။အဓိကအချက်မှာ မိမိတို့သည် ကိုယ်တော်၏ဥစ္စာအဖြစ်ရှိနေသည်ဟူသောအရာပင်ဖြစ်သည်။ ကိုယ်တော်ထံသစ္စာစောင့်ထိန်းမည့်သူများဖြစ်ကြသည်။ ကမ္ဘာ၏စွဲဆောင်မှု၌ကျရောက်ခံရရန် ငြင်းဆိုပါသည်။ ဤပထမသုံးပါးပေါင်းတွင် ဆက်သွားရန် နောက်ထပ်တစ်ဆင့်ရှိပါ သည်။

## ၃) ပိုင်ဆိုင်ခြင်း (ရှောလမုန် ၂:၁၆)

*ငါချစ်ရာသခင်ကို ငါဆိုင်ပေ၏။ ငါ့ကိုလည်းသခင်ဆိုင်ပေ၏။ (ရှောလမုန် ၂:၁၆က)*

အမျိုးသမီးသည် ရွေးချယ်ခံရ၏။ သူ့ကိုသာရွေးချယ်ကြောင်း အမျိုးသားသည် အခိုင်အမာဆိုလေ၏။ အမျိုးသမီး၏ထပ်တူဖြစ်ခြင်းသည် အမျိုးသား၌ အဘယ်ကဲ့သို့ထုပ်ထားကြောင်း မြင်နိုင်ရန် ဤအရာတို့သည် လမ်းဖွင့်ပေး၏။ အဆင့်#၂ နှင့် အဆင့်#၃ အကြား၌ရှိသောကျမ်းပိုဒ်များကိုဖတ်လျှင် အဘယ်ကြောင့် မိန်းမပျိုဤသို့ထင်ကြောင်းကို ကျွန်ုပ်တို့မြင်နိုင်ပါသည်။

*ငါချစ်ရာသခင်သည် ခေါ်၍ပြောသည်ကား ငါချစ်သောနမ၊ ငါ ၏မိန်းမလှ၊ ထ၍လာခဲ့ပါ။ ဆောင်းကာလလွန်ပြီ။ မိုးလည်းကြည်လင်ပြီ။ မြေကြီးပေါ်မှာပန်းများပွင့်ကြပြီ။ ငှက်တို့မြည်တွန်ချိန်လည်း ရောက်လေပြီ။ ငါတို့မြေ၌ ချိုးငှက်တွန်သံကိုလည်း ကြားရ၏ (ရှောလမုန် ၂:၁၀-၁၂)။*

ရင်းနှီးမှုသည် တစ်ဖက်တည်းဖြစ်သောကိစ္စမဟုတ်ပေ။ အမှန်ပင် ဤကျမ်းပိုဒ်ကိုလည်း ဒုတိယစက်ပိုင်း၏ပထမအဆင့်အဖြစ် ပြုကြောင်းကို တွေ့ရပေမည်။ အမျိုးသားနှင့်အမျိုးသမီးစပ်ကြား စစ်မှန်သောရင်းနှီးကျွမ်းဝင်မှု၏အဆင့်များသည် အိမ်ထောင်ကျပြီးနောက်ပိုင်း၌သာလျှင် လာနိုင်ပေသည်။

သို့သော်လည်း ဤပိုးပန်းခြင်းစက်ဝိုင်း၌ အမျိုးသမီးငယ်သည် အိမ်ထောင်ပြုရန်အတွက် အဆင်သင့်စတင်ဖြစ်လာလျက် နောက်အခန်းတွင် လိုက်လာပေသည်။ အလှအပကို မည်သည့်အခါမျှမပြောတော့ပေ။ သူ၏ရည်ညွှန်းချက်သည် ပိုင်ဆိုင်မှုနှင့်ပိုင်ဆိုင်ခြင်းတို့၌ အမျိုးသားနှင့် ထပ်တူဖြစ်ခြင်းဖြစ်လာပေသည်။

တန်ဖိုးသည် တစ်ခုဖြစ်သော်လည်း ပိုင်ဆိုင်ခြင်းသည် ဆက်ကပ်အပ်နှံမှု၏ဘာသာစကားဖြစ်ပါသည်။ လက်ထပ်ပြီးနောက် အပ်နှံမှုကိုတံဆိပ်ခတ်လျက် နောက်ပြန်လှည့်ခြင်းမရှိပေ။ အစက ဖွံ့ဖြိုးလာသောအမျိုးသမီး၏ယုံကြည်ကိုးစားမှုသည် သူ့ဘဝကိုဖုံးအုပ်လိုက်ပါသည်။ အမျိုးသား၏လက်သင့်ခံခြင်းသည် အမျိုးသမီးကိုတစ်ဦးတည်းဖြစ်ခြင်းသို့ယူဆောင်ပေပြီ။ ဤအရာများတို့ကို အမျိုးသားအား တိုက်ရိုက်ပြောကြောင်း အမျိုးသမီးပြောဆိုချက်တွင်ကျွန်ုပ်တို့မတွေ့ရှိရပေ။ သူ၏မင်္ဂလာပွဲအကြို အတွေးများကိုအာရုံဖမ်းစား၍ ပုလင်းထဲ၌သိမ်းဆည်းထားရန် ၎င်းတို့ကိုသိမ်းထားပါသည်။

## လက်တွေ့စကားပြောဆိုခြင်း

အိမ်ထောင်ပြုခြင်းသည် အချစ်ဇာတ်လမ်းကို အဘယ်ကြောင့်ပယ်ရှားကြောင်းလူတစ်ချို့အံ့ဩပေလိမ့်မည်။ ထိုသို့မဖြစ်သင့်ပေ။ အချစ်ဇာတ်လမ်း၏ရည်ရွယ်ချက်မှာ ဘဝတစ်သက်တာဆက်ကပ်အပ်နှံမှုကို အရှိန်မြှင့်ရန် ယူဆောင်ဖို့ဖြစ်သည်။ လက်သင့်ခံခြင်းသည် မေးခွန်းထုတ်စရာမလိုအောင်ဖြစ်သည့်ဘဝတစ်သက်တာ အထူးပတ်စည်းထားသောရင်းနှီးမှုထဲသို့ ခြေလှမ်းရန်ကျွန်ုပ်တို့ကိုအိမ်ထောင်ရေးက စွမ်းဆောင်စေပါသည်။ (ခြောက်လှန့်ခံရခြင်း/လင်မယားကွဲခြင်းမခံရနိုင်ပေ)။

ပိုးပန်းခြင်းသည် ကျွန်ုပ်တို့ရှိချင်သောဆက်သွယ်ဆက်ဆံရေး၏အမြင်ကို နှစ်သက်လက်ခံရန် ကျွန်ုပ်တို့အား စွမ်းဆောင်စေပါသည်။ ကျွန်ုပ်တို့၏ချစ်ခင်မှုကိုနှေ့စဉ်ပေး၍ လက်တွဲဖော်ကို ဂရုစိုက်လျက် လက်တွဲဖော်ကို လက်ခံနိုင်ရမည့်အိမ်ထောင်ရေးသို့လက်ထပ်မင်္ဂလာသည် ကြိုဆိုနေပါသည်။ကျွန်ုပ်တို့သည် မိမိတို့၏လက်တွဲဖော်ကို တန်ဖိုးထား၍ အမွန်အမြတ်မထားကြောင်းကျွန်ုပ်တို့တွေ့ရှိရလျှင် ကျွန်ုပ်တို့နောက်သို့ပြန်၍ “ထိုအရာသည် မည်သည့်အချိန်ရပ်စဲခဲ့သနည်း” “အဘယ်ကြောင့်နည်း”ဟု မေးရန်လိုအပ်ပါသည်။ သတိမေ့သောအရာ(စိတ်ပျက်ခြင်းကြောင့်) သို့မဟုတ် မိမိတို့၏အိမ်ထောင်ဖက်ကိုချစ်သည့်ကတိအပေါ် အပေးအယူလုပ်ခြင်းအရာအတွက် ငြင်းခုံခြင်းကိုခွင့်ပြုနိုင်ရပေမည်။

## ဝိညာဉ်ရေးရာစကားပြောဆိုခြင်း

သခင်ဘုရားသည် သူ့အပေါ် ကျွန်ုပ်တို့၏ဆက်ကပ်အပ်နှံမှုကို ရှာဖွေပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို 'အဖိုးနှင့်ဝယ်ခဲ့'ယူပါသည်။ ကျွန်ုပ်တို့အပေါ် ကိုယ်တော်၏အပ်နှံမှုသည် သံသယရှိစရာမလိုပေ။ သခင်ယေရှုသည် 'ကိုယ်တော်၌' ရှိခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့အကြောင်းကို တစ်ကြိမ်မကထပ်တလဲလဲပြောဆိုခဲ့၏။ ဖေက်သြဝါဒစာကျမ်းတစ်ခုတည်း၌"ကိုယ်တော်၌"သို့မဟုတ် "ခရစ်တော်၌" ဟူသောစကားစုများကို တစ်ဆယ့်ကိုးကြိမ်အသုံးပြုထားပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းခွန်အားသည် ကိုယ်တော်နှင့် ထပ်တူဖြစ်ခြင်းကို မိမိတို့ကိုယ်ကို အဘယ်မျှလောက် အမှန်မြင်သည့်အပေါ်တွင် မှီခိုပါသည်။

*သင်တို့သည်လည်း ကယ်တင်တော်မူခြင်းအကြောင်းနှင့်ယှဉ်သော ဧဝံဂေလိတရားတည်းဟူသော သမ္မာတရားကိုကြားနာရ၍ ထိုခရစ်တော်ကို ယုံကြည်ပြီးမှ ဂတိတော်နှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကိုခံရကြပြီ။ (ဖေက် ၁:၁၃)*

ယခု ဤပထမသုံးပါးပေါင်းကျမ်းပိုဒ်တို့ကို ချစ်ခြင်းမေတ္တာနှင့်ယုံကြည်ကိုးစားမှုတို့၏ဖွံ့ဖြိုးမှုကို အာရုံထားလျက် ပြန်၍စစ်ကြည့်ကြပါစို့။ သူတို့၏ဆက်သွယ်ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ခြင်း၌ ရှေ့တွင် ကြီးမားသောနှောင့်ယှက်မှုကို ကျွန်ုပ်တို့မြင်ပါသည်။မှန်ပေ၏။ ထိုအရာသည် ချစ်ဇတ်လမ်းမျှသာဖြစ်၍ အိမ်ထောင်ရေးစစ်ဆေးမှုများအားဖြင့် စမ်းသပ်မခံရသေးပါ။ (သူသို့မဟုတ် သူမသည် ချစ်သင့်သလောက်ကျွန်ုပ်ကိုမချစ်သောအခါ ကျွန်ုပ်မည်သို့တုန့်ပြန်မည်နည်း။) အခြားတစ်ဖက်တွင် ဤအကြိုမင်္ဂလာပွဲဖွံ့ဖြိုးမှုသည် ၎င်းတို့တစ်ယောက်နှင့်တစ်ယောက်ဆန္ဒရှိ၍ ဘဝတစ်လျှောက်လုံးအတွက် အတူတူရှိလိုသောဆန္ဒရှိကြသည့် အချက်သို့ရောက်ရှိရန် စုံတွဲတို့ကိုစွမ်းဆောင်စေပါ သည်။

အိမ်ထောင်မပြုမီ အချစ်ဇတ်လမ်းသည် ကောင်းမွန်သောအိမ်ထောင်၌ယုံကြည်ကိုးစားသောဆက်သွယ်ဆက်ဆံရေးတို့ကို တည်ဆောက်ထားသည်များကိုပို၍တိုးမြှင့်စေရန် ပံ့ဖော်ပါသည်။ စုံတွဲတို့သည် မိမိတို့ကိုယ်ကိုတစ်ဦးနှင့်တစ်ဦး ဆက်ကပ်အပ်နှံနိုင်ရန် အချင်းချင်းယုံကြည်ကိုးစားလျက် ရှေ့သို့ဆက်သွားကြပါသည်။ ယုံကြည်ကိုးစားမှုတွင် ပါဝင်သောအရာများမှာ၊

- မိမိတို့ဖြစ်သည့်အတိုင်း အချင်းချင်းကိုလက်ခံခြင်း
- ကြင်နာသောစကားလုံးများ၏အဆက်မပြတ်ဖြစ်သောချောင်း
- ချစ်ခင်ကြင်နာသောစကားလုံး အပြန်အလှန်ဖလှယ်ခြင်း
- အမျိုးသားတစ်ယောက်၏အမျိုးသမီးအပေါ် ရွေးချယ်မှု
- အခြားသူများအထက်တွင် သူ့ကိုတန်ဖိုးထားခြင်း

- အခြားသူနှင့်'တလုံးတဝတည်း'ဖြစ်ရန် မိမိကိုယ်ကိုအရှုံးပေးခြင်း

အိမ်ထောင်ရေး၌ ကျွန်ုပ်တို့၏သောကများကို အသေခံသဖြင့် အခြားသူအပေါ် ကျွန်ုပ်တို့သစ္စာရှိနိုင်ပေမည်။ သောကအားလုံးတို့ကိုဤတစ်ယောက်နှင့်ယှဉ်လျှင် ဘေးတွင်ထားရပေမည်။ ဤဆက်ကပ်အပ်နှံမှုသည် မင်္ဂလာပွဲမတိုင်မီပြုပြီးလျှင် ဤယုံကြည်ကိုးစားမှုသည် အဘယ်သို့ကြီးထွား၍ ဖွံ့ဖြိုးခြင်းအတွက် သံသယရှိစရာမလိုပေ။ အစဦးစိုက်ခဲ့သောယုံကြည်ကိုးစားမှု၏မျိုးစေ့သည် နွေးဦးရာသီမိုး၊ နွေရာသီမုန်တိုင်းနှင့်အေးစက်သောဆောင်းတို့အားဖြင့်ဆက်သွားရမည်။ သင်လက်မထပ်မီ သင်၏အိမ်ထောင်ဘက်ကို ပြုစု၍အစေခံနိုင်လျှင် ဆက်၍လည်းလုပ်နိုင်မည်။

**သုံးပါးပေါင်း #၂ ရင်းနှီးမှုဆီသို့သွားသောလမ်း**

ရင်းနှီးမှုကြီးထွားခြင်းကို ကျွန်ုပ်တို့အား မြင်တွေ့စေဖို့ရန် ဒုတိယသုံးပါးပေါင်း အကျဉ်းချုပ်ကိုကြည့်ကြပါစို့။ ယုံကြည်ကိုးစားမှုသည် ကြီးထွားနေသရွေ့ရင်းနှီးမှုသည် ကြီးထွားလျက်ရှိကြောင်းကိုသတိရပါ။ အမျိုးသား၏မေတ္တာအောက်၌ သတို့သမီးသည် သူ့မေတ္တာကိုပြန်တွေးခြင်းအားဖြင့် ကြီးထွားကြောင်းကိုတွေ့ရှိရပါသည်။

**ရှောလမုန်၏သုံးပါးပေါင်းနှစ်ခု**

| | |
|---|---|
| သုံးပါးပေါင်း # ၁ ယုံကြည်ကိုးစားမှု၏လမ်း (ရှောလမုန် ၁:၅၊ ၂:၁၊ ၂:၁၆) | သုံးပါးပေါင်း # ၁ ယုံကြည်ကိုးစားမှုကို ဖွံ့ဖြိုးစေသဖြင့် တစ်ယောက်သည် တစ်ယောက်ထံသို့မိမိတို့နှလုံးကို ဖွင့်၏။ |
| သုံးပါးပေါင်း # ၂ ရင်းနှီးမှုဆီသို့သွားသောလမ်း (ရှောလမုန် ၂:၁၆၊ ၆:၃၊ ၇:၁၀) | သုံးပါးပေါင်း # ၂ နက်နက်ရှိုင်းရှိုင်းရင်းနှီးခြင်းသို့ ရောက်ရန် စုံတွဲကို စွမ်းဆောင်စေသည့် ပြောင်းလဲခြင်းနှစ်ခုကို ရှင်းလင်း၏။ |

ရှေ့တို့သွားခြင်းသည် ပို၍သန့်စင်လာပါသည်။မျှဝေသောနှစ်များနှင့်တွေ့ကြုံခံစားသောအိမ်ထောင်ရေးသည်သာလျှင် ဆက်သွယ်ဆက်ဆံရေးကိုနောက်ထပ်သွားရန် ပြင်ဆင်ပေးပါသည်။ ဆင်တူသောကျမ်းပိုဒ်သုံးပိုဒ်ကို မှတ်ကြပါစို့။

*ငါချစ်ရာသခင်ကိုငါဆိုင်ပေ၏။ ငါ့ကိုလည်းသခင်ဆိုင်ပေ၏။ (ရှောလမုန်၊ ၂:၁၆)။ ငါချစ်ရာသခင်သည် ငါ့ကိုဆိုင်ပေ၏။ နှင်းတောထဲ၌ကျက်စားတော်မူ၏ (ရှောလမုန် ၆:၃)။ ငါ ချစ်ရာသခင်သည် ငါ့ကိုဆိုင်တော်မူ၏။ ငါ့အလိုသို့လည်းလိုက်တော်မူတတ်၏။ (ရှောလမုန် ၇:၁၀)*

ဖြစ်သင့်သောရင်းနှီးမှု ကြီးထွားခြင်းကို မြင်နိုင်ရန် အချင်းချင်းရှိးသားသောဆက်ကပ်အပ်နှံမှုနှင့် စတင်ရပါမည်။သတို့သားသည် သတို့သမီးကိုအခြေအနေပေါ်မမူတည်ဘဲလျက် ချစ်ရန်ဆက်ကပ်၏။ သတို့သမီးသည် သူ့အမျိုးသားအပေါ်ယုံကြည်မှုကိုတုန့်ပြန်၏။သူ၏အမည်ကိုယူ၏။ သူနှင့်အတူသွား၍နေထိုင်၏။ ပထမအဆင့်ပြီးနောက် ကျွန်ုပ်တို့အကျဉ်းချုပ် ဆွေးနွေးပါမည်။ အိမ်ထောင်ဘက်၏စိတ်ထဲနှင့်နှလုံးသားထဲတွင် နေရာယူသောအခြားပြောင်းလဲခြင်းနှစ်ခုကို မှတ်သားပါမည်။

## ဆက်ကပ်အပ်နှံခြင်း (သီ၊၂:၁၆)

*"ငါချစ်ရာသခင်ကို ငါဆိုင်ပေ၏။ ငါ့ကိုလည်း သခင်ဆိုင်ပေ၏။"*

သတို့သမီးသည် သတို့သားကိုပိုင်ဆိုင်ခြင်း၌ မွေ့လျော်ကြောင်းတွေ့မြင်ရ၏။ သတို့သမီးသည် သူမြင်သည့်အရာ၌သာ အာရုံစူးစိုက်၏။ သူသည် သူ့ကိုပိုင်ဆိုင်ကြောင်းဝန်ခံသော်လည်း သူ့လင်ယောကျာ်းကိုပြုစုရန်နှင့်အစေခံရန် တာဝန်သိစိတ်၌ အားနည်းမှုရှိကြောင်းပြသ၏။

ထိမ်းမြားခြင်းကတိကဝတ်အားဖြင့် ဇနီးမောင်နှံအချင်းချင်း အပ်နှံခြင်း၌ကြီးထွားရန် လိုအပ်ကြောင်းဆွေးနွေးပြီးဖြစ်သည်။တချို့သောဇနီးမောင်နှံတို့သည် ၎င်း၌ ရှင်သန်လျက်ရှိသော်လည်း တချို့ကမူ အယူအဆမှားယွင်းနေကြ၏။ ထိုသူတို့အဖို့ ရင်းနှင်းမှုဟူသည်မှာ တစ်ဦးအပေါ်တစ်ဦးအပ်နှံခြင်းကြောင့်မဟုတ်ဘဲ ဆွဲဆောင်မှုကြောင့်ဖြစ်လာသည်ဟု မှတ်ယူကြ၏။ သူတို့အမြင်၌ ကောင်းသောဆက်နွယ်မှုရှိသည်ဟု ထင်ရသော်လည်း မလိုမုန်းတီးခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့်မာန်မာနအားဖြင့်သာ ပြည့်လျက်နေကြ၏။

လူတို့သည် လိုက်ဖက်မှုကောင်းမွန်သောအိမ်ထောင်ဖက်များ၏ဆိုးဝါးစွာ အဆုံးသတ်မှုအပေါ်အံ့အားသင့်ကြ၏။ ထိုအဖြစ်ပျက်၌ အကြောင်းပြချက်များစွာရှိနိုင်သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အား မိမိတို့၏ရင်းနှီးနိုင်စွမ်းကို ပထမဆုံးစစ်ဆေးစေလို၏။ စစ်မှန်သောရင်းနှီးမှုသည် တစ်စုံတစ်ဦး၏အသက်တာပွင့်လင်းမှုကိုတောင်းဆို၏။ တစ်စုံတစ်ဦးသည် ကိုယ်တိုင်ကိုယ်ကျရင့်ကျက်ခြင်းမရှိဘဲလျက် ရင့်ကျက်သောအိမ်ထောင်တစ်ရပ်ကို မည်သို့ပိုင်ဆိုင်နိုင်မည်နည်း။ မပိုင်ဆိုင်နိုင်ပေ။

## ဆည်းကပ်မှုသို့ ပြောင်းလဲခြင်း (သီ၊ ၆:၃)

"ငါချစ်ရာသခင်သည် ငါ့ကိုဆိုင်တော်မူ၏။ ငါသည်လည်း သခင်ကိုဆိုင်ပေ၏"

ပထမဖော်ပြချက်နှင့်ယခုဖော်ပြချက်မည်ကဲ့သို့ခြားနားမှုရှိသည်ကို သတိပြုစေလိုပါသည်။ ထိမ်းမြားပြီးသောဇနီးမောင်နှံတို့သည် ပိုမိုကြီးမြတ်သောရင်းနှီးမှုပိုင်ဆိုင်နိုင်ဖို့ရန် ပထမပြောင်းလဲခြင်းကိုလိုအပ်ပါသည်။

ပထမတစ်ချက်သည် သူ့အပေါ် သူမ၏အာရုံစူးစိုက်မှု အရေးပါးပုံကို ဖော်ပြသည်။ ၎င်းသည် အတိုင်းအတာတစ်ခုထိ မှန်ကန်သော်လည်း နောက်ပိုင်း၌ သူနှင့်ဆက်နွယ်ခြင်းအားဖြင့် သူမ၏အာရုံစူးစိုက်မှု ပြောင်းလဲလာ၏။ ယခု တွင် မည်သည့်အရာသည် အရေးကြီးဆုံးဖြစ်ပါသနည်း။

ငါချစ်ရာသခင်သည် ငါ့ကိုဆိုင်တော်မူ၏ဟူသောအချက်သည် ပထမနေရာဖြစ်လာ၏။ ပြောင်းလဲတိုးပွားမှုသည် သဘာဝကျ၍ ကောင်းပေ၏။ ကြာကြာပေါင်းလေ သူမ၏မေတ္တာကို ပိုမိုနက်ရှိုင်းစွာသိမြင်လေဖြစ်၏။ သူမအဖို့ ဘုရားသခင်ခေါ်ထားခြင်း၌ နက်နက်ရှိုင်းရှိုင်းအပ်နှံနိုင်လေ၏။ သုတ္တံကျမ်း ၃၁ တွင် ကျွန်ုပ်တို့ကိုသတိပေးသည့်အတိုင်း မိန်းမသည် ဇနီးအဖြစ်ခေါ်ထားခြင်း၌ သစ္စာရှိသောသူဖြစ်၏။ ထိုသို့သောမိန်းမသည် သူမရရှိနိုင်သည့်အပေါ်၌အာရုံစိုက်ခြင်းမဟုတ်ဘဲသူမပေးနိုင်သည့်အရာ၌ အာရုံစိုက်ခြင်းဖြစ်လေ၏။ စွန့်လွှတ်နစ်နာလိုသောစိတ်ထားသည် ကောင်းမွန်သောအိမ်ထောင်တစ်ရပ်၌ အရေးကြီးသောအပိုင်းဖြစ်၏။ ကျွန်ုပ်တို့ကိုယ်တိုင်ခေါ်ထားခြင်းကို နားလည်နိုင်၍ ထိုခေါ်ထားခြင်း၌ အစေခံရန် မိမိတို့ကိုယ်ကို လှူပ်ဆော်သောအခါ၌သာ စွန့်လွှတ်နစ်နာလိုသောစိတ်ထားရှိလာနိုင်၏။


## **အည့်ခံခြင်းသို့ ပြောင်းလဲခြင်း (သီ၊ ၇:၁၀)**

*"ငါချစ်ရာသခင်သည် ငါ့ကိုဆိုင်တော်မူ၏"*

ဆက်ကပ်အပ်နှံခြင်းနှင့်ဆည်းကပ်မှုနှစ်ခုတို့စပ်ကြား၌ ခြားနားချက်သည်အဘယ်နည်း။ အည့်ခံခြင်းသည် တတိယအဆင့်ပြောင်းလဲခြင်းကိုဖော်ပြသည်။

ငါချစ်ရာသခင်ကို ငါဆိုင်ပေ၏ဟူသော ပထမဖော်ပြချက်သည် မရှိတော့ပေ။ မိန်းမသည် သူ၏ရရှိခြင်းအပေါ်၌ အာရုံစူးစိုက်ခြင်း မဟုတ်တော့ပေ။မိန်းမသည် လင်ယောကျ်ားကိုတန်ဖိုးမထားဟုဆိုလိုခြင်းမဟုတ်ပေ။ ဤနှစ်ခုကိုပိုင်းခြားရာ၌ အထူးသတိထားဖို့ လိုအပ်ပါသည်။ သူတို့သည် အည့်ခံခြင်း၏အမှတ်အသားသို့ရောက်ရှိနိုင်ရန် သူတို့နှစ်ဦးစပ်ကြားရှိ ယုံကြည်မှုသည် ကြီးထွားလေ၏။

"ငါချစ်ရာသခင်သည်"ဟူသောစကား အနေအထားပြောင်းခြင်းမရှိ။ မိန်းမ၏ဘဝကိုထူးခြားဖော်ပြစေသည့်အရာကား ယောကျ်ားအပေါ်၌ထိုမိန်းမ၏ဆည်းကပ်မှုပင်ဖြစ်သည်။ ထိုမိန်းမသည် ယောကျ်ားနှင့်ဆိုင်၏။ ဤကား တလုံးတဝတည်းဖြစ်ခြင်း လမ်းစဉ်ဖြစ်ပါသည်။ မိန်းမတိုင်းက မိမိတို့သည် ယောကျ်ား၏အထောက်အမအဖြစ်မြင်ရမည်။ ပေါလုပြောသည့်အတိုင်း မိန်းမသည် ယောကျ်ားအဖို့ ပြုလုပ်ဖန်ဆင်းခြင်းဖြစ်သည်။




မိန်းမသည် ယောက်ျား၏အကြွင်းမဲ့ မေတ္တာအပေါ်၌ မှီခိုနား နေ၏။ မိန်းမက "သူ၏ လိုအင်ဆန္ဒသည် ကျမ အဖို့ ဖြစ်သည်"ဟု ဆို ၏။ ဤဖော်ပြချက်သည် နှစ်ပေါင်းများစွာအတွင်း စဉ်ဆက်မပြတ်ချစ်ခြင်း မေတ္တာအားဖြင့်ထွက်ပေါ် လာခြင်းဖြစ်သည်။ယောက်ျားသည် လိင်ကိစ္စ/လုပမှုကြောင့်မဟုတ်ဘဲ မေတ္တာ ကြောင့် မိမိ၏ဘေးနား၌ အမြဲရှိနေ၏။ ကောင်းမွန်သောအိမ်ထောင်တစ်ရပ်၌ ယောက်ျားသည် မိန်းမဒေါသပွနေချိန်၌ပင် သူ၏သစ္စာတရားကိုအခိုင်အမာပြ သနိုင်၏။

ထိုသို့သောအမှုအရာအားဖြင့် မိန်းမအပေါ်၌ ပိုမိုကြီးမားသောပြောင်း လဲမှုရှိလာ၏။ မိန်းမအပေါ်၌ လိင်ယောက်ျား၏မေတ္တာကိုလည်း အပြည့်အဝ သိရှိလေ၏။ ဖေက် ၅:၂၇ ၌ဖော်ပြသောအရာသည် ထိုသို့သောမေတ္တာကို ဆိုလိုပါ ၏။ "*ထိုအသင်းတော်သည် သန့်ရှင်းလျက် အပြစ်တင်လျက်ရှိသည် ဖြစ်၍ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှစသည်တို့နှင့် လွတ်လပ်သ ဖြင့်....။*" မေတ္တာသည် မိမိတို့၏အပြစ်ကို ဖုံးအုပ်တတ်၏။

ရင်းနှီးမှုသို့ဦးတည်သောခြေလှမ်းသည် နှေးကွေးသော်လည်း အမှန်တ ကယ်ဖြစ်ပျက်၏။ မိန်းမသည် မိမိဘဝတလျှောက်လုံး၌ သူ့မေတ္တာကိုသိရှိ ပြီဟု ပြောဆိုလိမ့်မည်။ ယောက်ျားသည် ထိုမိန်းမကို မည်သည့်အကြောင်း ကြောင့်မျှမဟုတ်ဘဲ အရှိကိုအရှိတိုင်းချစ်၍ တဘဝလုံးအပ်နှံလေ၏။ ဤအမှု သည် မိန်းမအတွက် အသစ်သောရောင့်ရဲမှုနှင့်ဘဝတစ်ခုလုံးပုံအပ်ခြင်းကို ဖြစ်ပေါ်စေပါသည်။

## ဝိညာဉ်ရေးရာ

ဤသို့သော ရင်းနှီးကျွမ်းဝင်ခြင်းကို ခရစ်ယာန်တစ်ဦး၏အသက်တာ၌ မြင်တွေ့နိုင်ပါသည်။ အံ့အားသင့်ပါသလား။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို

ထာဝရကာလအတွက် ခရစ်တော်၌ ရွေးချယ်တော်မူ၏။ ကိုယ်တော်၏မေတ္တာသည် အဆုံးမရှိသောအပ်နှံခြင်းနှင့်ဝမ်းမြောက်ခြင်းကိုဖော်ပြသည်။

ကျွန်ုပ်တို့၏ခရစ်ယာန် အသက်တာသည် ဆက်ကပ်အပ်နှံခြင်းဖြင့် လိုက်လျှောက်အသက်ရှင်ခြင်းဖြစ်သည်။ ဗတ္တိဇံခံ၍ ကျမ်းသစ္စာအပြန်အလှန် ရွတ်ဆိုရုံဖြင့် မလုံလောက်ပေ။ထိုသို့ပြုလျှင်၎င်းသည် ဘာသာရေးသက်သက်ဖြစ်၏။ ဘုရားသခင်သည် အသင်းအဖွဲ့ထက် ကြီးမြတ်သောရည်ရွယ်ချက်ရှိ၏။ ဘုရားသခင်သည် အလုပ်များကိုသာ နှစ်သက်သည်မဟုတ်ဘဲ ဘဝတစ်ခုလုံးအပ်နှံမှုကို နှစ်သက်၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မေတ္တာကို ဉာဏ်မမီနိုင်ပေ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မေတ္တာ၌ နစ်သော်လည်း အသက်ရှင်သေး၏။ ထိုမေတ္တာသည် ကျွန်ုပ်တို့ကိုလွှမ်းမိုးသော်လည်း ကျွန်ုပ်တို့သည် အစဉ်ပြည့်ဝ၍ ဝမ်းမြောက်ပျော်ရွှင်၏။ ၎င်းကို တမန်တော်ပေါလုက ဤသို့ဖော်ပြထားသည်။

*"ဆုတောင်းသောအချက် ဟူမူကား ဝိညာဉ်တော်အားဖြင့် သင်တို့၏အတွင်းလူကို ခွန်အားနှင့် မြဲမြံခိုင်ခံ့စေ၍ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏စိတ်နှလုံးထဲ၌ ကျိန်းဝပ်တော်မည်အကြောင်း ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းနှင့် ညီလျော်စွာ သင်တို့အား ပေးသနားတော်မူ၍ မေတ္တာ၌စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်းကျတည်ခြင်းရှိသဖြင့် သင်တို့သည် သန့်ရှင်းသူအပေါင်းတို့၏နည်းတူ အနံအလျားအနက်အမြင့်တို့ကိုပိုင်းခြား၍ သိခြင်းငှါ၎င်း၊ ကိုယ်ဉာဏ်နှင့်မသိနိုင်သော ခရစ်တော်၏မေတ္တာကိုသိနားလည်ခြင်းငှါ၎င်း၊ သင်တို့သည် တတ်စွမ်းနိုင်သဖြင့်ဘုရားသခင်၏ပြည့်စုံတော်မူခြင်းရှိသမျှအညီ ပြည့်စုံကြပါမည်အကြောင်း ငါသည် ဆုတောင်းလေ့ရှိ၏"(ဧ‌ေ:၁၆-၁၉)။*

အိမ်ထောင်ပြုခြင်းသည် ရန်တွေ့ခြင်းနှင့် ကင်းဝေးအောင် အားထုတ်ခြင်းမဟုတ်ပေ။ အိမ်ထောင်ပြုခြင်းသည် အချင်းချင်းရပ်တည်မှုကို ခွင့်ပြုခြင်းလည်းမဟုတ်ပေ။ သင့်အိမ်ထောင်သည် ထိုသို့သောအနေအထား၌ရှိနေပါက ဘုရားသခင်သည် သင့်ကိုခေါ်ဆောင်၍ ပို့ဆောင်ပါလိမ့်မည်။ ကိုယ်တော်သည် သင်နှင့်အတူပါရှိ၏။ သင့်အား မည်သို့ပို့ဆောင်မည်ကို ကိုယ်တော်သိမြင်တော်မူ၏။

## လေ့လာရန် မေခွန်းများ

၁။ ဘုရားသခင်သည် ရှောလမုန်သီချင်းအားဖြင့် သူ့လူတို့၏အသက်တာ၌ မည်ကဲ့သို့ပုံမှန်လုပ်ဆောင်တတ်သနည်း။
၂။ အဘယ့်ကြောင့် မေတ္တာတရားမရရှိသောသူတို့သည် သူတို့၏မိသားစုအပြင်ဘက်၌ရှိသည့်ဆက်နွယ်မှုကို လက်ခံရယူရန် ရှာဖွေကြသနည်း။
၃။ အဘယ့်ကြောင့် ထိမ်းမြားပြီးသောဇနီးမောင်နှံတို့၌ ကလေးများနည်းတူခါးသီးခြင်း၊ ဝေဖန်မှုနှင့်ကတိသစ္စာမဲ့ခြင်းများ မကြာခဏဖြစ်ပေါ်သနည်း။
၄။ ငါသည် အသားမဲသော်လည်း ချစ်စရာကောင်းသည်”ဟူသောအချက်သည် မည်သည်ကိုရည်ညွှန်းလိုသနည်း။
၅။ ယောက်ျားနှင့်မိန်းကလေး ရုပ်ပိုင်းဆိုင်ရာဆက်နွယ်မှုကို မည်ကဲ့သို့အဓိပ္ပာယ်ကောက်ယူနိုင်မည်နည်း။ ခရစ်တော်နှင့်သူ့လူတို့၏ဆက်နွယ်မှုပါမည်ကဲ့သို့နည်း။
၆။ ငါကောင်းသည်ဟူသောလောကအမြင်နှင့် ငါမကောင်းဟူသောခရစ်ယာန်အမြင်နှစ်ခုစပ်ကြားရှိခြားနားချက်သည် အဘယ်သို့နည်း။
၇။ ရှောလမုန်သီချင်း ၂၁ နှင့်ပတ်သက်၍ အရေးပါသောအချက်သည် အဘယ်သို့နည်း။
၈။ ၂:၁၆နှင့်၆:၃ နှစ်ခုစပ်ကြားရှိ ခြားနားချက်သည် အဘယ်သို့နည်း။ ထိုအရာ၏အရေးပါမှုသည် အဘယ်သို့နည်း။
၉။ ၆:၃ နှင့် ၇:၁၀ နှစ်ခုစပ်ကြားရှိ ခြားနားချက်သည် အဘယ်သို့နည်း။ ထိုအရာ၏အရေးပါမှုသည် အဘယ်သို့နည်း။
၁၀။ အသက်တာ၌ ကျင့်သုံးခြင်းတစ်ခုကောက်နုတ်၍ အကျဉ်းချုပ်ပါ။ ဘုရားသခင်သည် သင့်အသက်တာ၊ သင့်အိမ်ထောင်အကြောင်းနှင့်ပတ်သက်၍ သင့်အား မည်ကဲ့သို့စကားပြောနေသည်ကို ရေးသားပါ။




## #၁၀ မည်သည့်အခါမျှမဖောက်ပြန်သောချစ်ခြင်းမေတ္တာ

ဘုရားသခင်သည် သူ၏သားသမီးအယောက်စီတိုင်းကို မေတ္တာစီးဆင်းခံစားနိုင်ဖို့အလို့ငှာ ဖန်ဆင်းပြီး"တစ်ဦးနှင့်တစ်ဦး"ချစ်ကြဖို့ မိန့်တော်ခဲ့သည်။ ဘုရား၏မေတ္တာစီးဆင်းသည့်ဘယ်နေရာမဆို လူ၏နှလုံးသားကို တို့ထိပြီးကောင်းကျိုးအဖို့အလို့ငှာ ပြောင်းလဲစေခဲ့ပါသည်။ ထိမ်းမြားခြင်းအမှုပြုသောနေရာ၌ မြင်တွေ့ရသောချစ်ခြင်းမေတ္တာထက် မည်သည့်နေရာမှ ခမ်းနားထည်ဝါသောနေရာမရှိပေ။ ထိုသို့သောအဖြစ်အပျက်ကို ယေရှုသည် မြို့ရွာများစွာကိုဖြတ်သန်းပြီး လူထုနှင့်ရောနှောသွားလာလျက် စကားပြောသောအခါ မြင်တွေ့နိုင်ပါသည်။ ယေရှုသည် လူထုကိုချစ်ကြောင်းနှင့် လူထုကလည်း ယေရှုကိုချစ်ကြောင်း ပြောင်းလဲသောဖြစ်စဉ်ဖြစ်ပါသည်။ ယောက်ျား/မိန်းမသည် သူ၏ခင်ပွန်းကိုမေတ္တာမျှဝေဖို့ စိတ်ဆုံးဖြတ်ပြီး ရွေးချယ်လိုက်သောအခါ အခြားစိတ်ဝင်စရာများရှိသော်ငြားသော်လည်း မည်သည့်အမှုကိုမှပဓာနမထားနိုင်သောဖြစ်စဉ်ကိုလည်း ကျွန်ုပ်တို့ကြား၌ပင်လျှင် မြင်တွေ့နိုင်ပါသည်။

### က။ ချစ်ခြင်းမေတ္တာ စီးဆင်းရာလမ်းကြောင်း

မေတ္တာထားရှိဖို့ ရွေးချယ်ခြင်းသည် ဘုရားသခင်ကို တုံ့ပြန်ခြင်းဖြစ်သည်။ ဘုရား၏ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၏အသက်တာ၌ အစပြုနေရာယူလာသောအခါ ထူးခြားဖြစ်စဉ်များဖြစ်ပေါ်လေ့ရှိသည်။ လင်မယားအနေဖြင့် ဘုရား၏မေတ္တာကို အိမ်ထောင်ဖက်များထံသို့ယူဆောင်ပြီး ဝေမျှနိုင်ရန် အသက်တာဆက်ကပ်ဖို့ လိုအပ်ပါသည်။ကျွန်ုပ်တို့သည် မဟာဗျူဟာနည်းကျလုပ်ဆောင်တတ်ရန်လည်း လိုအပ်ပါသည်။ ခင်ပွန်းသည်များသည် ဇနီးသည်များကိုမေတ္တာထားရှိဖို့ ဘုရားက အထူးမိန့်မှာခဲ့သော်လည်း အကြင်ဇနီးမောင်နှံနှစ်ဦးစလုံးသည် တစ်ဦးအပေါ်တစ်ဦးမေတ္တာထားရှိဖို့ စိတ်ဆုံးဖြတ်ကာ ရွေးချယ်လိုက်ခြင်းဖြင့် သူတို့၏ထိမ်းမြားလုပခြင်းကိုကြီးစွာအကောင်အထည်

ဖော်စေခဲ့ပါသည်။ ဤသို့လုပ်ဆောင်ခြင်းဖြင့် သင်သည်လည်း အံ့သြသွားပါလိမ့်မည်။

ခရစ်ယာန်များအနေဖြင့် ထိုသို့သောမေတ္တာကိုရယူ၍ လက်ဝယ်ပိုင်ဆိုင်နိုင်ဖို့ ဘုရားသခင်နှင့်နီးကပ်စွာ အသက်ရှင်လျှောက်လှမ်းရန် လိုအပ်ပါသည်။ ထိုသို့သောမေတ္တာသာလျှင် ခက်ခဲသောအသက်တာပြဿနာများကို အကျိုးရှိရှိ ကူညီနိုင်မည်ဖြစ်သည်။ ဘုရား၏မေတ္တာသည် သင့်တော်မှန်ကန်သောနှိုးဆော်မှု၊ လက်တွေ့လုပ်ဆောင်နိုင်ဖို့ လိုအပ်သောခွန်အားများနှင့်လုပ်ဆောင်ရမည့်နည်းလမ်းများကိုပင်လျှင် ကူညီပေးပါသည်။ သခင်ယေရှုသည် အဖခမည်းတော်၏အသုံးတော်ခံတန်ဆာပလာဖြစ်ဖို့ရန်နှင့် လူအပေါင်းတို့အတွက် ချစ်ခြင်းမေတ္တာနှင့်အနာငြိမ်းခြင်းများ စွမ်းဆောင်ယူဆောင်လာနိုင်ရန် အဖခမည်းတော်နှင့်သူတစ်ဦးတည်းအချိန်များစွာယူခဲ့ပါသည်။ ထို့အတူ ကျွန်ုပ်တို့သည်လည်း မိမိတို့၏အိမ်ထောင်ဖက် အကောင်းဆုံးသော ဘုရား၏မေတ္တာပြသနိုင်ဖို့အလို့ငှာ ဘုရားနှင့်အချိန်မှန်မိတ်သဟာယဖွဲ့တွေ့ဆုံဖို့ လိုအပ်ပါသည်။ကျွန်ုပ်တို့သည် ဘုရား၏မေတ္တာမည်ကဲ့သို့လက်တွေ့ပြသရမည်ကိုပုံပြင်တစ်ပုဒ်အားဖြင့် ဝေမျှပါရစေ။

## ချစ်မေတ္တာ ပုံပြင်တစ်ပုဒ်

လွန်ခဲ့သောတစ်ပတ်က ကျွန်တော်သည် ရဲဝံ့စွန့်စားရသောအချစ်ပုံပြင်တစ်ပုဒ်ကိုဖန်တီးခဲ့ပါသည်။ လွန်ခဲ့သောနှစ်သည် ကျွန်ုပ်တို့၏၂၅ နှစ်မြောက်လက်ထပ်ထိမ်းမြားခြင်း နှစ်ပတ်လည်နှစ်ဖြစ်ပါသည်။ သို့သော်လည်း အကြောင်းမလှစွာနှင့် ကျွန်ုပ်တို့သည် တညတာခရီးဖြတ်သန်းဖို့ တခဏတာခွင့်မယူနိုင်ခဲ့ကြပေ။ ၎င်းကို ကျွန်ုပ်တို့ဘယ်အခါမှ မေ့မရနိုင်ကြပေ။ လများကြာလာသောအခါ ကျွန်ုပ်တို့သည် သားသမီးမပါဘဲ တညတာခရီးကိုမည်ကဲ့သို့အချိန်ယူဖြတ်သန်းကြမည်နည်းဟု တစ်ယောက်နှင့်တစ်ယောက် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ကျွန်တော်သည် ယောကျ်ားဖြစ်သည့်နှင့်အညီ လုပ်ဆောင်ရန်ဖြစ်သောအချက် ၃ ချက်ကို ခက်ခဲစွာဖြင့် အကောင်အထည်ဖော်ဖြစ်မြောက်စေခဲ့ပါသည်။

(၁) ကျွန်တော်သည် ဘုရား၏မစခြင်းကြောင့် အရာအားလုံးကို လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ဖို့ လိုအပ်သည်။ (ယုံကြည်ခြင်း)

(၂) ထိမ်းမြားခြင်း နှစ်ပတ်လည်ခရီး တညတာအတွက် ရူပါရုံ သို့မဟုတ် အစီအစဉ်ရှိဖို့လိုအပ်ပါသည်။အကျွန်ုပ်၌ တစ်ခုခုထပ်၍လုပ်ဆောင်ဖို့ လိုအပ်ပါ သေးသည်။ (မျှော်လင့်ချက်)

(၃) ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အစီအစဉ်ကောင်းတွင် အမှန်တကယ် လက်တွေ့လုပ်ဆောင်နိုင်ရန် ချစ်ခြင်းမေတ္တာလိုအပ်ပါသည်။ (ချစ်ခြင်းမေတ္တာ)

ဤအခြေအနေ ဖြစ်လာသောအခါ ကျွန်ုပ်တို့၌ စိန်ခေါ်မှုများစွာရှိပါသည်။ လူအများက ကျွန်ုပ်တို့၏အဓိကပြဿနာအဖြစ် ထင်ကြေးပေးကြသည်မှာ ကလေး ၈ ယောက် ကြည့်ရှုစောင့်ရှောက်ပေးမည့်သူ တစ်စုံတစ်ယောက်ရှာဖွေတွေ့ရှိဖို့ဟုထင်ကြပါသည်။ သမီးအကြီးမနစ်ယောက်သည် မိခင်ဖြစ်သူအတွက် ပြဿနာမဖြစ်သော်လည်း အငယ်ဆုံးသမီးထားခဲ့ဖို့အတွက် ရုန်းကန်ရပါသည်။ သို့သော် ကျွန်ုပ်တို့အတွက် အကြီးမားဆုံးသောစိန်ခေါ်မှုခံရသည့်အချိန်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ထိမ်းမြားခြင်း နှစ်ပတ်လည် ဘယ်အချိန်ဆိုသည်ကို မှန်းကြည့်ပါ ။ အလုပ်သိပ်များနေတဲ့အချိန်ပါ။ ကျွန်ုပ်အဖို့ နောက်ကျမှ ကျင်းပတော့မည်ဟု ဆင်ခြေပေးဖို့ လွယ်ကူသည့်အချိန်ပါ။ မည်သို့ပင်ဖြစ်စေ ဤအချိန်သည် သင့်တော်သည့်အချိန်ပါ။ ကျွန်ုပ်တို့သည် ငါးဆယ်နာရီဟူသောအချိန်ကို လုပထည်ဝါသောနေရာ၌ အတူတကွအသုံးပြုနိုင်ဖို့ ဘုရားက ကူညီလိမ့်မည်ဟု ယုံကြည်ကြပါသည်။ ဘုရားသည် ကျွန်ုပ်တို့အား သူ့အလုပ်ကိုပြီးမြောက်၍ အခက်အခဲအတားအဆီးမျိုးစုံကိုအောင်မြင်ကျော်လွှားနိုင်ဖို့ရန် ကူညီမစမည့်အကြောင်း လွန်ခဲ့သောနှစ်လကျော်ကတည်းက သင်တန်းပေးပြီးသားဖြစ်သည်။ အကယ်၍ ဘုရားကသာ ကူညီခဲ့ရင် ဤအခြေအနေအားလုံးပြေလည်လာမည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ချစ်တတ်ကြဖို့ မိန့်မှာသောသူသည် ကိုယ်တော်မဟုတ်သလော။

ကံကောင်းထောက်မ၍ ကျွန်ုပ်တို့အတွက် ရောင်ခြည်အလင်းတံခါးပွင့်လာပါတော့သည်။ သင့်တော်မှန်ကန်သောဈေးနှုန်းနှင့် ခရီးသွားလက်မှတ်ရောင်းတာမြင်ရပြီး ထိုခရီးစဉ်အတွက် တစ်နှစ်ကျော်လောက် စောင့်မျှော်ခဲ့ရသည်။ ကျွန်ုပ်တို့တကယ်လုပ်ဆောင်နိုင်ဖို့ ဘုရားကပေးပါသည်။ ယခုဆိုရင် ခရီးပြုဖို့ လိုအပ်သောကြိုတင်မှာယူမှုများနှင့်လိုအပ်ချက်များပြင်ဆင်ဖို့လိုအပ်လာပါသည်။ တကယ်ပါပဲ ကျွန်ုပ်တို့နှစ်ဦးသည် သွားနိုင်ခဲ့ပါသည်။

ခရီးစဉ်ကလည်း အဆင်ပြေချောမောပြီး သာယာပျော်ရွှင်ဖွယ်အချိန်များနှင့် အသုံးပြုကာ ပြန်လှည့်လာနိုင်ခဲ့ကြသည်။ ဤအရာအားလုံးဖြစ်နိုင်အောင်ဘုရားကစီစဉ်ပေးပြီး ပျော်ရွှင်မှုများနှင့်စွမ်းဆောင်စေနိုင်ခြင်းဖြစ်သည်။ Linda သည် ကလေးများအဖို့ ဘာမျှစိုးရိမ်စရာမလိုတော့ပေမဲ့ ကျွန်ုပ်တို့အဖို့ လုပ်ရမည့်အလုပ်တွင် စောင့်နေတုန်းပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သည် လွန်ခဲ့သော ၃၅ နှစ်ကို စဉ်းစားနေမည့်အစား အတူတကွ ငါတို့၏အနာဂတ်နှစ်များကို မျှော်လင့်ရပါသည်။ ကျွန်ုပ်တို့၏တလုံးတဝတည်းဖြစ်ခြင်းကိုမတူကွဲပြားသောနည်းများနှင့်ကျင်းပလေ၊ နှစ်ဦးဖြစ်ခြင်းနှင့်စပ်ဆိုင်သောပြဿနာများကို ဖျက်သိမ်းဖြေရှင်းရန် ပိုမိုလွယ်တလိုဖြစ်လေတော့သည်။

## ဘုရားသခင်၏ပို၍ကြီးမားသောလမ်း

ချစ်ခြင်းမေတ္တာသည် ဤကမ္ဘာလောကထဲသို့ မည်ကဲ့သို့ထိုးဖောက်ဝင်ရောက်လာသည်ကို ၁ယောအခန်းကြီး ၄ တွင်ဖော်ပြထားသည်။ ချစ်ခြင်းမေတ္တာ၏အရင်းအမြစ်သည် ဘုရားသူကိုယ်တိုင်ဖြစ်ကြောင်းကို မိမိတို့အမြဲဆင်ခြင်ဖို့ လိုအပ်ပါသည်။

*ဘုရားသခင်သည် ငါ တို့ကို ရှေးဦးစွာချစ်တော်မူသောကြောင့် ငါတို့သည် ဘုရားသခင်ကိုချစ်ကြ၏ (၁ယော၊ ၄:၁၉)။*

ဘုရားသားသမီးများအနေဖြင့် ကျွန်ုပ်သည် မချစ်နိုင်ပါ သို့မဟုတ် ခက်ခဲလွန်းသည်ဟု ပြောဆိုဖို့ရန် ဘုရားအလိုမရှိပေ။ ဤကျမ်းပိုဒ်သည် ခရစ်တော်အားဖြင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာ ထင်ရှားစေရုံသာမကဘဲ ကျွန်ုပ်တို့ကလည်း သူ့ကို ချစ်ကြရရန်ဖြစ်သည်ဟူသော အဓိပ္ပာယ်ကိုဆောင်ထားကြောင်း သင်သတိထားမိပါသလား။ တရားစီရင်ရာနေ့ရက်၌ အလုပ်များခြင်း၊ ဆင်းရဲခြင်း၊မစွမ်းဆောင်နိုင်ခြင်းနှင့်မေတ္တာကင်းမဲ့ခြင်းတို့ဖြင့် ဆင်ခြေပေးသောသူတို့ကို ဘုရားသခင်က သည်းခံခွင့်လွှတ်မည်မဟုတ်ပေ။

ဘုရားသခင်က သားတော်ယေရှုကို ဤလောကသို့စေလွှတ်သောအခါ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တစ်ခုလုံးပြဿနာများကိုပြောင်းလဲစေခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသားသမီးများဖြစ်လာ၍ ချစ်ခြင်းမေတ္တာကို လက်တွေ့ကျင့်သုံးနိုင်ရန် ကိုယ်တော်၏တန်ခိုးတော်ကိုယခုအသုံးပြုနိုင်ပြီဖြစ်သည်။




သင်သည် အိမ်ထောင်ဖက်အပေါ်၌ ထားရှိသောမေတ္တာ ပျောက်ဆုံးစပြုလာပြီဟု ခံစားဖူးလျှင် ထိုသို့အားဖြင့်သက်ရောက်လာသောမျှော်လင့်ချက်ကိုလည်း စွန့်လွှတ်ရပါ မည်။ သင်၏မေတ္တာသည် လုံလောက်သည် ဟုမိမိကိုယ်ကို မထင်မိပါစေနှင့်။ ဘုရားသခင်ရှေ့တော်မှောက်၌ မိမိကိုယ်ကိုဆန်းစစ်ပြီး ပြန်လည်လန်းဆန်းစေပါ။ ကိုယ်တော်ရှေ့တော်မှောက်၌ သင်တို့သည် ရှုပါရုံနှင့်ကျေးဇူးတရားတော်ကို ပြန်လည်ရယူပြီး ထိုချစ်ခြင်းမေတ္တာကိုလုပ်ဆောင်ပါ။ "သူက အရင်ချစ်သောကြောင့် ငါတို့သည် သူ့ကိုချစ်ကြ၏။" ကျွန်ုပ်တို့သည် ဘုရားမေတ္တာသွန်းလောင်းခြင်းခံနေသောတန်ဆာပလာ အချစ်ခံဖြစ်ကြလျှင် ထိုမေတ္တာကိုပိုင်ဆိုင်နေကြသည်မှာ အမှန်ပင်ဖြစ်သည်။

အထက်ပါကျမ်းပိုဒ်၌ ဘုရားသခင်၏မေတ္တာသည် မိမိတို့အသက်တာထဲသို့ရောနှောပေါင်းစပ်ပြီဟုဖော်ပြသည်။အဘယ်သို့နည်း။ ကျွန်ုပ်တို့သည် နေ့တိုင်းသူ့ကိုစကားပြောပြီး သူ၏နှုတ်ကပတ်တော်ကိုဖတ်ရှုသောအခါ သူ၏

စိတ်တော်နှင့်မေတ္တာတရားသည် ကျွန်ုပ်တို့အသက်တာထဲ၌ ပို၍ရှင်သန်လာကာ သူ့အကြောင်းကိုပို၍သိမြင်လေ၏။အသက်တာထဲ၌ ဘုရားသခင် ကျေးဇူးတရားများပြည့်ဝစေဖို့ရန် သူ၏မျက်နှာတော်ကိုရှာပြီး အသက်တာဆက်ကပ်ခြင်းကို အဓိကအာရုံစိုက်ရမည်။ ကျွန်ုပ်တို့အပေါ်၌ထားရှိသောကျေးဇူးတရားသည် အလွန်ကြီးမားသောကြောင့် ကျေးဇူးအလွန်တင်ရှိရာရှိ၏ (ဆာ၊ ၁၁၆:၁)။ဘုရားသခင်၏ကျေးဇူးတရားသည် ကျွန်ုပ်တို့အသက်တာထဲသို့စီးဆင်းလာသောကြောင့် ၎င်းအားဖြင့် ကျွန်ုပ်တို့အိမ်ထောင်ရေး၌လည်း စီးဆင်းစေဖို့ဖြစ်သည်။ ဘုရားသခင်နှင့် ပုံမှန်အကျွမ်းဝင်ဆက်သွယ်ခြင်းဖြင့်သာလျှင် ခြောက်ကပ်သောအသက်တာမှချစ်ခြင်းမေတ္တာစမ်းချောင်း ပုံမှန်စီးဆင်းခြင်းကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

သင်သည် ဘုရားသခင်ကို နေ့တိုင်းတွေ့ဆုံပါသလား။ အကယ်၍ သင်သည် ပုံမှန်မတွေ့ဆုံပါက သူ၏မေတ္တာသည် အသက်တာထဲ၌ မည်ကဲ့သို့ ထင်ဟပ်ပေါ်လွင်နိုင်မည်နည်း။ ကိုယ်တော့်ကို ယခုပင်လျှင် ချဉ်းကပ်ကြပါစို့။

အဖဘုရားအား အတုအယောင်ချစ်ခြင်းဖြင့် မချစ်သင့်ပေ။ ထိုသို့သောချစ်ခြင်းသည် အိမ်ထောင်ရေးအဖို့ အကျိုးကျေးဇူးမရှိသလိုလုံလောက်မှုလည်းမရှိပေ။ လူလူချင်းပေးသောသည်းခံခွင့်လွှတ်ခြင်းသည် တာရှည်မခံသလိုဆက်လက်မရပ်တည်နိုင်ပေ။ ကျွန်ုပ်တို့လူသားများသည် စိတ်မရှည်တတ်သူများ၊ မကြင်နာတတ်သူများသာဖြစ်ကြပါသည်။ကျွန်ုပ်တို့သတ်မှတ်သောမေတ္တာသည် မေတ္တာစစ်မဟုတ်။ ကျွန်ုပ်တို့၌ နက်ရှိုင်းသောချစ်ခြင်းမေတ္တာလိုအပ်သည်။

နှလုံးသားနှင့်အိမ်ထောင်ရေး၌ ဘုန်းကြီးတော်မူသောကိုယ်တော်၏မေတ္တာစီးဆင်းနိုင်ဖို့ ကိုယ်တော်၏မျက်နှာကို ရှာဖွေဖို့လိုအပ်ပါသည်။ ထိုသို့ပြုခြင်းသည် ကောင်းကင်ဘုံမှလာသောမေတ္တာတရားနှင့်ကြီးမားသောဘုန်းတော်ကိုထင်ရှားပေါ်လွင်စေတတ်သည်။ ကိုယ်တော်သည် ချစ်ခြင်းမေတ္တာရှင်ဖြစ်သောကြောင့် အိမ်ထောင်မိသားစုတိုင်း၌ ကိုယ်တော်၏မေတ္တာနှင့် တို့ထိခြင်းခံစားရန် အထူးလိုအပ်ပါသည်။

ယခုအချိန်၌ သင့်အိမ်ထောင်မိသားစုတွင် ဘုရား၏မေတ္တာသည် ဘယ်အရာနှင့်တူသနည်းဟူ၍ မိတ်ဆွေအဲ့အားသင့်နိုင်သည်။ ကံကောင်းအကြောင်းလှ၍ ဘုရားသခင်က ဤကြီးမားသောမေတ္တာအကြောင်းကို အသေးစိတ်လက်တွေ့ကျသော ရှင်းလင်းချက်ပေးခဲ့ပါသည်။ ၁ကော၊ ၁၃ သည် ကျမ်းစာထဲကကြီးမားသောမေတ္တာအကြောင်းဖော်ပြခြင်းဖြစ်ပါသည်။ ၎င်းသည် မည်သည့်အကြောင်းအရာဖြစ်မည်နည်း။ ၎င်းသည် စစ်မှန်သောမေတ္တာတရားနှင့်တန်ခိုးကြီးသောမေတ္တာအကြောင်းဖြစ်ပါသည်။ ၎င်းသည် နေမင်းကြီးကိုကြည့်နေသကဲ့သို့ဖြစ်သည်။ စစ်မှန်သောမေတ္တာသည် ထိုကဲ့သို့ဖြစ်ကြောင်း သတိရ

ပါ ။ စစ်မှန်သောမေတ္တာသည် ကြီးမားသောဖိအားပေးခြင်းခံရသောအခါ ခံနိုင်ရည်ရှိ၏။ လောက၏မေတ္တာမူကား မခံရပ်နိုင်ပေ။ ကျွန်ုပ်တို့အသက်တာ၌ ကြိုးစားလုပ်ဆောင်ခြင်းအားဖြင့် တိုးပွားခြင်းသည် အတိုင်းအတာတစ်ခုထိ ကောင်းသော်လည်း မည်သည့်အခါမျှတာရှည်မခံပါ။

## ၁။ ချစ်ခြင်းမေတ္တာ၏ရှင်းလင်းဖော်ပြချက် (၁ကော၊ ၁၃:၄-၈)

များစွာသောလူတို့သည် မေတ္တာအကြောင်းကို အခိုင်အမာပြောဆိုနေကြသော်လည်း တချို့သာလျှင် ၎င်း၏ကြီးမားသောတန်ခိုး၊ ထိုးထွင်းသိမြင်နိုင်သောဉာဏ်နှင့်လုပ်ဆောင်မှုတို့ကို သိရှိနားလည်ခံစားကြသည်။ လက်ထပ်ထိမ်းမြားခြင်း၌ ကတိသစ္စာပြုကြသောအခါ "တစ်ဦးနှင့်တစ်ဦးသည် မေတ္တာထားရှိနေသရွေ့"အိမ်ထောင်ရေးကိုထိန်းသိမ်းကြမည်ဟုလွယ်လင့်တကူကတိသစ္စာပြုသည်ကိုမြင်တွေ့ရမည်ဖြစ်သည်။ ထိုသို့အမှန်တကယ် ကတိသစ္စာပြုသောသူတို့၌ စစ်မှန်သောချစ်ခြင်းမေတ္တာမရှိပေ။ စစ်မှန်သောထိမ်းမြားခြင်းသည်"နှစ်ဦးစလုံးအသက်ရှင်နေသရွေ့"ဟူ၍သာဖြစ်သည်။စစ်မှန်သောမေတ္တာ၏အနက်အဓိပ္ပာယ်ဟူမူကား၊

*"မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ ဂုဏ်ပြိုင်ခြင်းမရှိ၊ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ၊ မလျော်ကပ်စွာ မကျင့်တတ်၊ကိုယ်အကျိုးကိုမရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟုမထင်တတ်၊ မတရားအမှု၌ဝမ်းမြောက်ခြင်းမရှိတတ်၊သမ္မာတရား၌ ဝမ်းမြောက်တတ်၏။ခပ်သိမ်းသောအရာကိုဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကိုယုံတတ်၏။ ခပ်သိမ်းသောအရာကိုမျှော်လင့်တတ်၏။ခပ်သိမ်းသောအရာကိုသည်းခံတတ်၏။"*

အိမ်ထောင်မိသားစုဆက်နွယ်မှုနှင့်မိမိတို့ခန္ဓာကိုယ်အစိတ်အပိုင်းတို့သည် မည်သည့်အရာနှင့်တူသည်ကို ကြည့်ကြပါစို့။ ဤအရာအားလုံးတို့သည် အိမ်ထောင်ဆက်ဆံရေး၌ ဘုရား၏မေတ္တာ မည်ကဲ့သို့တည်ရှိကြောင်းကို ပိုမိုသိမြင်နိုင်ဖို့ အထောက်အကူပြုမည်ဖြစ်သည်။

## #၁ မေတ္တာသည် စိတ်ရှည်တတ်၏

ကျွန်ုပ်သည် ခင်ပွန်း၏စကားနားထောင်ရန်လျက် စောင့်ရှောက်ရန် စိတ်ရှည်သည်းခံသောနှလုံးသားကို ဖော်ပြပါသလား။

### မေတ္တာ၏ရှင်းလင်းဖော်ပြချက်

ချစ်တတ်သောခင်ပွန်းသည် မိမိရေးဆွဲထားသည့်အစီအစဉ်အပေါ်၌မရမကတိုက်တွန်းခြင်းမပြုတတ်ပါ။ အထူးသဖြင့် နာကျင်စေတတ်သောလူများသာလျှင် အချိန်ကိုလုယူတတ်ကြ၏။ သူတို့သည် စိတ်ကတိကအောက်ဖြစ်သည့်အချိန်များ၌ပင် အချိန်များစွာကို မကြာခဏတောင်းဆိုတတ်ကြ၏။

စိတ်ရှည်သောခင်ပွန်းသည် မိမိ၏အကန့်အသတ်ရှိသောအချိန်၊ ငွေကြေးနှင့် ခွန်အားတို့ဖြင့် ဘုရားသခင်ကိုကိုးစားတတ်၏။စိတ်ရှည်သောခင်ပွန်းသည် မိမိ ကိုယ်ကိုနှင့်ဇနီးသည်ကိုကောင်းစွာစောင့်ရှောက်နိုင်ဖို့ရန် ဉာဏ်ပညာအတွက် ဘုရားသခင်ထံကိုးစားတတ်သည်။

**အခြေအနေ**

- ညနေစာနောက်ကျ၏။
- ရိုင်းပျစွာပြောဆို၏။
- ငါ ကာမစိတ်မပါဘူး (ကာမဆက်ဆံခြင်း)

**မေတ္တာ၏လမ်းကြောင်း**

- "ငါတို့အစီအစဉ်နဲ့ပတ်သက်ပြီးတော့ တိုင်ပင်ဖို့ အချိန်သတ်မှတ်ရင် မကောင်းဘူးလား။"
- "နင်ဒါကို အဲဒီလိုပြောဆိုတဲ့အခါ နာကျင်စေတယ်။ အဲဒါကို ဒီလမ်းစဉ်အတိုင်း နင်လုပ်နိုင်မှာလားဟင်...။
- အော်၊ ဘာဖြစ်တာလဲ။ နင်လိုချင်ရင် ငါတို့စောင့်နိုင်ရမှာပေါ့။
- နင်ငါ့ကို ဘာလို့နောက်ကျအောင် ထပ်လုပ်လိုက်တာလဲ။

**မေတ္တာကိုငြင်းပယ်ခြင်း**

- "ဟုတ်ပြီ ဒီလိုပဲလား။ နင်ကိုယ်တိုင်လည်း သိပ်မပြည့်စုံပါဘူး။"
- "ကောင်းပြီ နင်တစ်ကိုယ်ကောင်းဆန်တယ်ကွ။"

## #၂ မေတ္တာသည် မနာလိုသဝန်မတိုပါ

ငါ့ခင်ပွန်း၏အာရုံစူးစိုက်မှု၌ ငါသဝန်တိုပါသလား။

**မေတ္တာ၏ရှင်းလင်းဖော်ပြချက်**

မနာလိုခြင်းနှင့်သဝန်တိုခြင်းသည် ဂရိစကား၌ အဓိပ္ပာယ်တူ၏။ အ ခြားတစ်ဦးနောက်လိုက်ခြင်းသည် မိမိမိတ်ဆွေ၊ အခြေအနေအပေါ်၌ မရောင့် ရဲ့ခြင်းကိုပြသ၏။ အခြားအရာကိုအာရုံစူးစိုက်ခြင်းဖြင့် သူ့ခင်ပွန်းနှင့်ဆန့်ကျင် သောအရာကိုစဉ်းစားလာသည်။မေတ္တာသည် သူတပါးအတွက် အကျိုးကျေးဇူး များကိုယူဆောင်လာတတ်သည်။

**အခြေအနေ**

- အာရုံစိုက်မှုရရှိသည်။
- မိတ်ဆွေများ

- ဘေးစွန်းအကျိုးအမြတ်များ
- ကျန်းမာရေးအရေးသာမှုများ

**မေတ္တာ၏လမ်းကြောင်း**

- "ဒါကောင်းတယ်၊ သူ့ကို နင်ပြောပြနိုင်မှာပါ"
- "ငါသူ့အတွက် အရမ်းဝမ်းသာတယ်"
- "ငါအပေါ် ဘုရားပေးအပ်တဲ့တာဝန်တွေကို ငါကောင်းကောင်း အာရုံစူးစိုက်တယ်။"

**မေတ္တာကိုငြင်းပယ်ခြင်း**

- "ဘာ့ကြောင့် သူမကို အဲဒီလို့ပြောလိုက်တာလဲ။"(သံသယ)
- "ဘာ့ကြောင့် သူ့အာရုံစိုက်မှုကို အကုန်ရရှိတာလဲ။"
- "ဒါသူ့အတွက် လွယ်ကူတယ်။ တနေ့ကုန် ဒီကလေးတွေကိုပဲ ငါစောင့်ရှောက်တာ။"(ကိုယ်ကိုသနားတယ်)

## #၃ မေတ္တာသည် ဝါကြွားခြင်းမရှိ

ငါ့ခင်ပွန်း၏ခံစားချက်ကို သိမ်ငယ်စေအောင် ငါ၏အောင်မြင်မှုကို ငါပြောနေပါသလား။

**မေတ္တာ၏ရှင်းလင်းဖော်ပြချက်**

ဤပုဂ္ဂိုလ်သည် သူ့ခင်ပွန်းကို နောက်ဆွဲချတတ်သည်။ ကြွားဝါဖို့ရန် အတွက် သူသည် သူ့ခင်ပွန်းထက်ပို၍ကောင်းကြောင်း၊ သူ့ခင်ပွန်း၏နိမ့်ကျမှု စသည်တို့ကို ပြောတတ်၏။မေတ္တာသည် မိမိခင်ပွန်း၌ရှိသည့်ကောင်းသောအ ရာများကိုမြင်တွေ့စေတတ်သည်။ ၎င်းတို့ကိုလည်း ပြောစေတတ်သည်။

**အခြေအနေ**

- ဒီဂရီများ
- ဆုလက်ဆောင်များ
- ရာထူးများ
- ငွေကြေး
- ကျော်ကြားမှု

**မေတ္တာ၏လမ်းကြောင်း**

- "နင် အဲဒါတွေနဲ့ ပြဿနာရှိနေသလား။ နင် ငါ့အကူအညီလိုပါသလား။"

- ဘုရားသခင်က နင့်ကို စွမ်းဆောင်စေသောဆုကျေးဇူးတွေ ပေးအပ်တဲ့အတွက် ငြိမ်ငြိမ်နေပါ။

**မေတ္တာကိုငြင်းပယ်ခြင်း**

- "ငါဘာယ်လိုလဲဆိုတာကို နင်ကြားပါသလား..."
- နင် ဘာ့ကြောင့် ......ကို မလုပ်နိုင်တာလဲ။
- "အို အဲဒီလိုမျိုးပြဿနာကို ငါမကြုံဖူးဘူး။ နင် ဘာ့ကြောင့်......ကို မလုပ်နိုင်တာလဲ။"

## #၄ မေတ္တာသည် မာန်မာနမရှိ

ငါ့လိုအပ်ချက်သည် ငါ့ခင်ပွန်းထက် ပို၍အရေးကြီးသည်ဟုထင်ပါသလား။

### မေတ္တာ၏ရှင်းလင်းဖော်ပြချက်

ချစ်တတ်သောသူသည် သူ့ခင်ပွန်းကိုလေးစားတတ်၏။ သူသည် မိမိနှင့်သူ့ဇနီး၏ကောင်းကျိုးချမ်းသာအတွက် အရေးကြီး၏။ အကြောင်းမှာ မာနထောင်လွှားသောသူသည် မိမိခင်ပွန်းထက် သူကအရေးကြီးသည်ဟု ထင်တတ်၏။ ခင်ပွန်းကိုအထင်သေး၏။ ကျွန်ကဲ့သို့မှတ်၏။ မေတ္တာသည် မိမိခင်ပွန်း၏ဆန္ဒကို ဦးထိပ်ထားတတ်၏။

### အခြေအနေ

- ညစ်ပတ်သောအရာကို သန့်ရှင်းအောင်လုပ်ပါ။
- အစေခံစိတ်ထားရှိရမည်။
- ကောင်းမွန်သောချီးမွမ်းခြင်းကို ပြုလုပ်ပါ။

**မေတ္တာ၏လမ်းကြောင်း**

- "ဒါကို ရှင်းဖို့ ငါညီရမလား။"
- "ဒီမှာ နင့်ကို ငါကူညီနိုင်တဲ့အရာရှိပါသလား။"
- "နင့်ရဲ့လုပ်ဆောင်ချက်ကို ငါချီးကျူးပါတယ်။ ဒါငါ့ကို တကယ်အထောက်အကူဖြစ်စေတယ်။"

**မေတ္တာကိုငြင်းပယ်ခြင်း**

- "ဒါကို ငါတကယ်လုပ်ရင်ကော"
- "နင်မပါဘဲ ငါလုပ်နိုင်ပါတယ်"
- "အဲဒါကို နင်ဘာအတွက် လုပ်တာလဲ။ ဒါမိုက်မဲ့မှုပဲ"

## #၅ မေတ္တာသည် ကိုယ်ကျိုးစီးပွားကို မရှာတတ်

ငါ့ခင်ပွန်းပို၍နှစ်သက်သည့်အရာများထက် ငါလိုချင်သည့်အရာများ ကိုသာ ရှာဖွေနေသလား။

### မေတ္တာ၏ရှင်းလင်းဖော်ပြချက်

ချစ်တတ်သောသည် သူ့ခင်ပွန်း၏ကောင်းကျိုးချမ်းသာကို ဦးထိပ် ထားသည်။အကယ်၍ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို အရမ်းနှစ်သက်လျှင် မိမိ တို့ကိုသာ ဦးစားပေးမည်ဖြစ်သည်။ ကျွန်ုပ်တို့၏လိုအပ်ချက် ဖြည့်ဆည်းဖို့ရန် မိမိတို့၏ခင်ပွန်းများအပေါ်မှာ လှည့်ဖျားခြင်း၊ ကွယ်ရာ၌ မကောင်းပြောဆို ခြင်း၊ ဂုဏ်အသရေကျအောင်ပြောဆိုခြင်းများကို ပြုလာမည်ဖြစ်သည်။

### အခြေအနေ

- တာဝန်ကို လျစ်လျူရှုခြင်းဖြင့် တစ်စုံတစ်ယောက်သည် မိမိကိုယ်ကို ကျေနပ်စေနိုင်သည်။
- မိမိ၏လိုအင်ဆန္ဒများကိုရရှိရန် ကျင့်ဝတ်များကိုဖောက်ဖျက်သည်။

### မေတ္တာ၏လမ်းကြောင်း

သင်က "နင်သိပ်နေမကောင်းဘဲနဲ့ ဘာလို့ခဏမအိပ်တာလဲ။ နင် သိပ်နေမကောင်းဘူးနော်။ မီးဖိုချောင်သန့်ရှင်းရေးကို ငါကူညီပါ့မယ်" (ကောင်း သောစိတ်ထား)

### မေတ္တာကို ငြင်းပယ်ခြင်း

သင်က "နင် ဘာလို့အနားမယူတာလဲ"ဟု အကြံပြုလိုက်တယ်။ သူ ကြည့်ချင်တဲ့အားကစားဇာတ်လမ်းတွေအနှောင့်အယှက် မရှိဘဲကြည့်ရတဲ့အ တွက် သူ့ဇနီးကိုဂရုစိုက်ဟန်ဆောင်တာဖြစ်နိုင်တယ်။(တစ်ကိုယ်ကောင်းဆန် သောစိတ်ထား)

## #၆ မေတ္တာသည် ဒေါသအမျက်မထွက်တတ်

သင့်ခင်ပွန်းသည် သူစိတ်ကတိကအောက်ဖြစ်စဉ် သင့်ကိုလွယ် လွယ်စိတ်ပျက်ပါသလား။ သင်သည် နိမ့်ကျသည်၊ အရှက်ရသည်ဟု ခံစားပါ သလား။

### မေတ္တာ၏ရှင်းလင်းဖော်ပြချက်

ချစ်တတ်သူသည် ခင်ပွန်းအပေါ်လွယ်လွယ်စိတ်မပျက်ပါ။ခင်ပွန်းကို ချစ်သည်။ သူ၏မာန်မာနသည်လည်း သူ့အချစ်ကိုမနိုင်ပါ။ စစ်မှန်သောမေတ္တာ

သည်မတုန်လှုပ်တတ်ပါ။ဟန်ဆောင်သောမေတ္တာသည် အလွယ်တကူပြောင်းလဲတတ်၏။ စစ်မှန်သောမေတ္တာမှုကား စိတ်ကတိကအောက်မဖြစ်စေတတ်ပါ။

### အခြေအနေ

- ခင်ပွန်းသည် စိတ်ဆိုးပြီး၊ အော်ဟစ်တတ်၏။
- ခင်ပွန်းသည် အပြစ်ရှာတတ်သောကြောင့် စိတ်ဆိုးလွယ်၏။
- သင့်မိန်းမသည် ဝေဖန်တတ်၍ လစဉ်ဒေါပွတတ်၏

### မေတ္တာ၏လမ်းကြောင်း

- "နောက်ကျမှ ဒီကိစ္စပြောရအောင်လား။ ကျွန်ုပ်တို့အသံကျယ်လာလို့ပါ။"
- ဘာမှမပြောနဲ့တော့။ ပျော်ပျော်ရွှင်ရွှင်နေလိုက်ပါ။
- စိတ်ပျက်ရမည့်အစား သူမအဖို့ ကောင်းသောတစ်စုံတစ်ရာပြုပေးလိုက်ပါ။

### မေတ္တာကို ငြင်းပယ်ခြင်း

- "ငါ့အမှားပါဟု ပြောပါ။ ကောင်းပြီ သင်အကုန်မှားတယ်။"
- "ဘာ့လို့သင့်ရဲ့မှတ်ချက်နဲ့ပဲ ကောင်းသောနေ့ကိုဖျက်ဆီးတာလဲ။"
- "ကောင်းတဲ့အရာ ဘာတစ်ခုမှငါမလုပ်နိုင်ဘူးဆိုရင် ဘာလို့ငါတို့တွေ လက်ထပ်ကြတာလဲ။"

## #၇ မေတ္တာသည် အပြစ်ရှိသည်ဟုမထင်တတ်

ငါ့ဇနီးကို ငါအလျင်အမြန်ခွင့်လွှတ်ပြီး ခါးသီးမှုကို ငြင်းဆိုနေဦးမှာလား။

### မေတ္တာ၏ရှင်းလင်းဖော်ပြချက်

ချစ်တတ်တဲ့ဇနီးဟာ ခါးသီးတတ်တဲ့သူမဟုတ်ပါ။ သူမဟာ အနာတရဖြစ်၍ ထိခိုက်မှုရရှိကာ နိုပ်စက်ခံရပေမယ့် အမြဲချစ်လျက်ခွင့်လွှတ်တတ်တယ်။ သူ့အနေနဲ့ ကာလဲစားချေရန် မှားယွင်းတဲ့အစီအစဉ် မရှိပါဘူး။ မေတ္တာဟာ မှားယွင်းမှုကိုနေ့စဉ်ဖယ်ရှားတဲ့အတွက် သူ့ခင်ပွန်းကိုစောင့်ရှောက်နိုင်တာပါ။

### အခြေအနေ

- လုပ်ဆောင်ဖို့ရန် အရေးကြီးတဲ့တစ်စုံတစ်ရာကို မေ့လျော့၏။
- သင့်အား တစ်စုံတစ်ခုပြောဆို၏။

- လိင်ဆက်ဆံခြင်းကိုငြင်းဆိုသည်။

### မေတ္တာ၏လမ်းကြောင်း

- "ငါများစွာ နာကျင်ခဲ့တယ်။ အရာရာကို တည့်မတ်စေတဲ့အတွက် ကျေးဇူးအများကြီးတင်ရှိတယ်နော်။ ဒါအများကြီး ပိုကောင်းလာတယ်။"
- "ငါ့ကိုခွင့်လွှတ်ပါ။"
- "နင့်ကိုလည်း ငါခွင့်လွှတ်တယ်။"

### မေတ္တာကို ငြင်းပယ်ခြင်း

- "မဟုတ်ဘူး၊ နင့်ရဲ့နောက်ဆုံးထိုးနက်ချက်ကို ငါအမှတ်ရတယ်။"
- "ငါ့ကိုစိတ်အနှောင့်အယှက်မပေးပါနဲ့။"
- "နင့်ကိုငါမုန်းတယ်"
- "နင့်ကိုခွင့်မလွှတ်နိုင်ဘူး။ ခွင့်လွှတ်နိုင်ရင်တောင်မလွှတ်ချင်ဘူး။"

## #၈ မေတ္တာသည် မတရားအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်

မကောင်းမှုကိုပြုလုပ်ဖို့ငါ့ခင်ပွန်း သဘောတူသောအခါ ငါ ပျော်ရွှင်ပါသလား။

### မေတ္တာ၏ရှင်းလင်းဖော်ပြချက်

ချစ်တတ်သောခင်ပွန်းသည် သူ့ဇနီး၏မကောင်းမှုတစ်ခုခုကို တွေ့ရှိ၍ဝမ်းနည်း၏။ သူသည် ထိုဆိုးညစ်သောအပြုအမူကို မည်သည့်အခါမျှ အားမပေးဖူးပေ။ တခဏသာအကျိုးအမြတ်များကို ငြင်းဆိုသည်။

### အခြေအနေ

- အပြာကား၊ အကြမ်းဖက်ကားများကို အတူတကွကြည့်ရှုသည်။
- လောင်းကစားရုံသို့ အတူတကွသွားကြသည်။
- တစ်စုံတစ်ရာကိစ္စကြောင့် အတူတကွ လိမ်လည်ကြ၏။
- အတွဲများကိုပြောင်းသည်။

### မေတ္တာ၏လမ်းကြောင်း

- "နင်နှင့်အတူ ငါရှိနေချင်ပေမဲ့ သခင်ဘုရားမနှစ်သက်တဲ့အရာတွေကို ငါမကြည့်ရှုနိုင်ဘူး။"
- "ငါတို့သည် လူတိုင်းလိုမဟုတ်ဘူး။ အဲဒီပုံစံကို ငါလက်မှတ်မထိုးနိုင်ဘူး။"
- "ဘုရားသခင်သည် အဲဒီပိုက်ဆံကို ငါတို့အား မသုံးစေလိုပါ။"

### မေတ္တာကို ငြင်းပယ်ခြင်း

- "ဘာ့ကြောင့် နင်ငါနှင့်အတူ ဒီဟာကို မကြည့်တာလဲ။"
- "လူတိုင်း သူတို့၏အကောက်အခွန်များပေါ် မှာ လိမ်လည်ကြ၏။"
- "အဲဒီ လောင်းကြေးငွေပေးချေရမည်ကို ငါသိရှိ၏။"

## #၉ မေတ္တာသည် သမ္မာတရား၌ ဝမ်းမြောက်တတ်၏

ကျွန်ုပ်တို့အိမ်ထောင်၌ ဘုရားသခင်မည်ကဲ့သို့ကူညီမစသည်ကိုမြင်တွေ့ခြင်း၌ ဝမ်းမြောက်တတ်ပါသလား။

### မေတ္တာ၏ရှင်းလင်းဖော်ပြချက်

ချစ်တတ်သောခင်ပွန်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ် မိမိ၏နာခံခြင်းအားဖြင့် သူ့ဇနီးအသက်တာ၌ ဘုရားသခင်၏လုပ်ဆောင်ချက်ကိုတွေ့မြင်သောအခါ အလွန်ဝမ်းမြောက်ခြင်း ရှိလေ၏။ မေတ္တာ၏အပေါင်းပါသည် သမ္မာတရားဖြစ်၍ ၎င်းသည် ထွန်းတောက်ကာ လိမ်လည်ခြင်းနှင့်သစ္စာမဲ့ခြင်းကိုဖြိုခွင်း၏။

### အခြေအနေ

- စိုးရိမ်ခြင်း
- ကြောက်ရွံ့ခြင်း
- ငွေရေးကြေးရေးယုံကြည်-အားထားခြင်း
- တန်ခိုးကြီးမြတ်ခြင်း

### မေတ္တာ၏လမ်းကြောင်း

- "ကျွန်ုပ်တို့သည် ဆုံးဖြတ်ချက်မပါဘဲသွားနိုင်သော်လည်း မှန်သောအရာကိုပြုနိုင်သောကြောင့် ငါဝမ်းမြောက်ဝမ်းသာဖြစ်၏။"
- "ငါတို့၏ကြောက်ရွံ့ခြင်းကို ဘုရားသခင်အောင်မြင်ပြီးဖြစ်ကြောင်း သတိပြုပါသလား။"

### မေတ္တာကိုငြင်းပယ်ခြင်း

- "ငါမလုပ်နိုင်ဘူး။ ငါအရမ်းကြောက်တယ်။"
- "ငါလုပ်သင့်သည့်အရာမလုပ်နိုင်မှာကို အရမ်းစိုးရိမ်တယ်။"
- "မရဘူး။ တောင်းပန်ရန်ငြင်းဆို၏။'

## #၁၀ မေတ္တာသည် ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏

ငါတို့သည် ပိုကောင်းသောအိမ်ထောင်ရေးရရှိခြင်းငှာ ငါ့အိမ်ထောင်နှင့်ဆိုင်သောဝန်ထုပ်နှင့်နာကျင်မှုကို ငါထမ်းဆောင်နိုင်မည်လော။

### မေတ္တာ၏ရှင်းလင်းဖော်ပြချက်

ချစ်တတ်သောခင်ပွန်းသည် ဖြစ်ပျက်အရာကို မေတ္တာဖြင့်ဖုံးအုပ်၍ ခရစ်တော်သကဲ့သို့ အမျိုးမျိုးသောနာကျင်မှု၊ ဆဲရေးခြင်းနှင့် ထိခိုက်ခြင်းတို့ကို ဝတ်ဆင်ရန် လိုလားမှုရှိ၏။ အရာခပ်သိမ်းကို သည်းခံခြင်းအားဖြင့်

### အခြေအနေ

- ခန္ဓာကိုယ်နာကျင်မှု
- စိတ်ပိုင်းဆိုင်ရာနာကျင်မှု
- ဆဲရေးခြင်း
- သီးခြားနေခြင်း

### မေတ္တာ၏လမ်းကြောင်း

- "နင့်ကိုငါခွင့်လွှတ်တယ်။ ယေရှုလိုပဲ နင့်ကြောင့် ငါခံစားတဲ့ နာကျင်မှုကို လက်ခံဖို့ လိုအပ်ကြောင်းငါဆုံးဖြတ်တယ်။"
- "နောက်ဘက်လှည့်ရန်လမ်းကြောင်းမရှိပေ။"မေတ္တာကို ငြင်းပယ်ခြင်း
- "နာကျင်မှုက တကယ်ကြီးမားတဲ့အတွက် ငါမခံနိုင်တော့ဘူး"
- "ဘာလို့ သင့်ကိုငါခွင့်လွှတ်ရမယ်မလဲ။"
- "နင်ငါ့ကိုထိခိုက်စေတယ်။ နင့်ကိုငါဘယ်တော့မျှခွင့်မလွှတ်နိုင်ဘူး။"

## #၁၁ မေတ္တာသည် ခပ်သိမ်းသောအရာကိုယုံတတ်၏

ငါရင်ဆိုင်နေရတဲ့အိမ်ထောင်ရေးအခက်ခဲ အသီးသီးအတွက် အကူအညီ၊ ခွန်အားနှင့်အသက်တာမွမ်းမံခြင်းရရှိဖို့ရန် ဘုရားသခင်ကို ငါယုံကြည်ကိုးစားနိုင်သလော။

### မေတ္တာ၏ရှင်းလင်းဖော်ပြချက်

ချစ်တတ်သောခင်ပွန်းသည် အိမ်ထောင်ရေးအတွက် ဘုရားသခင်နှင့်ဘုရားသခင်၏ပြည့်စုံသောရည်ရွယ်ချက်ကို ယုံကြည်ကိုးစားတတ်၏။ သူသည် မိမိကိုယ်တိုင်မှစ၍ မိမိ၏ခင်ပွန်းကို ကောင်းကောင်းစောင့်ရှောက်နိုင်

ဖို့ရန် ခွန်အားအတွက်ဖြစ်စေ၊ ဉာဏ်ပညာအတွက်ဖြစ်စေ ဘုရားသခင်ကို သာကိုးစား၏။

**အခြေအနေ**

- သစ္စာမဲ့သောခင်ပွန်း
- ဖျားနာခြင်း၌
- အလွန်အလုပ်များခြင်း၌
- ခင်ပွန်းတစ်ဦးသည် အိမ်ထောင်ရေးနှင့်စပ်လျဉ်း၍ နယ်ပယ်တစ်ခု၌ အရှုံးပေး၏။

**မေတ္တာ၏လမ်းကြောင်း**

- "ငါ့ကို မချစ်သောသူကိုချစ်ရန် ဘုရားသခင်သည် အထူးကျေးဇူးပြု တော်မူ၏။"
- "၎င်းကို ငါ့ခွန်အားဖြင့်မတတ်နိုင်သော်လည်း ဘုရားသခင်သည် ငါ၏မစခြင်းအကြောင်းဖြစ်၏။"
- "၎င်းကို ပို၍ကောင်းမြတ်အောင် ဘုရားသခင်လုပ်ဆောင်ပါလိမ့် မည်။

**မေတ္တာကိုငြင်းပယ်ခြင်း**

- "နင့်ကို ငါနောက်ထပ်မယုံကြည်နိုင်တော့ဘူး။"
- "ဒီအိမ်ထောင်ပြုခြင်းကနေ ကောင်းတဲ့အရာတစ်စုံတစ်ခု ပေါ်ထွက်လာမယ်ဟု ငါမထင်ပါ။"
- "ငါလိုချင်တယ်။"
- "ဒါတွေဟာ ကွာရှင်းစာရွက်တွေပါပဲ"

## #၁၂ မေတ္တာသည် ခပ်သိမ်းသောအရာကို မျှော်လင့်တတ်၏

အဆိုးရွားဆုံးအခြေအနေ၌ပင် ဘုရားသခင်သည် တစ်စုံတစ်ခုကို အထူးလုပ်ဆောင်စေနိုင်ကြောင်း ငါ့အိမ်ထောင်၌ စိန်ခေါ်မှုအသီးသီးကို ငါစွမ်း ဆောင်နိုင်မည်လော။

**မေတ္တာ၏ရှင်းလင်းဖော်ပြချက်**

ချစ်တတ်သောခင်ပွန်းသည် သူ၏အိမ်ထောင်ရေးအတွက် ပြင်းပြ သောဆန္ဒရှိ၏။ သူသည်ပြဿနာများ၌ မျက်စိမကန်းပါ။ထူးခြားချက်မှာ ဘုရား သခင်သည် အမှုကိစ္စအသီးသီး၌ သူ၏မေတ္တာပြသဖို့ရန် အထူးအခွင့်အရေး

ဖြစ်နိုင်၏။ ဘုရားသခင်၏ကျေးဇူးတရားသည် အမှောင်ဆုံးနေရာကို ထွန်းတောက်စေနိုင်သည်။

**အခြေအနေ**

- ဝေဖန်တတ်သောခင်ပွန်း
- အကြောင်းကိစ္စ
- အရက်သမား
- အပြာရုပ်ရှင်

**မေတ္တာ၏လမ်းကြောင်း**

- "ဘုရားသခင်လုပ်ဆောင်ပါလိမ့်မည်။"
- "ဘုရားသခင်၏လမ်းစဉ်သည် အမြဲပိုကောင်းသည်။"
- "ကိုယ်တော့်ကို ယုံကြည်ကိုးစားဖို့ လိုအပ်သည်။"

**မေတ္တာကိုငြင်းပယ်ခြင်း**

- "အဲဒါပြီးမှတော့ ငါဘယ်လိုလို့ သူနဲ့အတူ အမြဲအသက်ရှင်နေနိုင်မှာလဲ။"
- "ငါမသွားနိုင်ဘူး။"
- သူ့ကို ငါဘယ်တော့မှ ခွင့်လွှတ်လိမ့်မည်မဟုတ်။"
- "ငါ က ပိုမိုကောင်းမွန်တဲ့တစ်စုံတစ်ရာနှင့် ထိုက်တန်တယ်။"

## #၁၃ မေတ္တာသည် ခပ်သိမ်းသောအရာကို သည်းခံတတ်၏။

ငါသည် ခင်ပွန်းတစ်ဦးဦးကိုချစ်ရန် ဆက်ကပ်အပ်နှံပါသလား။ ငါသည် မကြာသေးမီက ထိုသို့သောဆက်ကပ်အပ်နှံခြင်းကို အသစ်မွမ်းမံပါသလား။

**မေတ္တာ၏ရှင်းလင်းဖော်ပြချက်**

ချစ်တတ်သောခင်ပွန်းသည် ဘဝအတွက် ချစ်ရန်ရွေးချယ်၏။ ဆက်ကပ်အပ်နှံခြင်းသည် တစ်ကြိမ်လုပ်ဆောင်သောအရာဖြစ်သော်လည်း အခွင့်အရေးသည် သူတို့အိမ်ထောင်ရေးတလျှောက်အတွက်ဖြစ်သည်။ ငါတို့၏မေတ္တာသည် အကန့်အသတ်ရှိသော်လည်း ဘုရားသခင်၏မေတ္တာသည် ငါတို့၌ပြည့်ဝသောအခါ မည်သည့်အရာကမျှ ၎င်းကိုမရပ်တန့်စေနိုင်ပေ။ ဘုရားသခင်၏မေတ္တာသည် ရက်ကြောက်ခြင်း၊ ပြစ်တင်ခြင်း၊ မကောင်းမှုစသည်တို့ကို သည်းခံနိုင်သည်။

**အခြေအနေ**

- အချိန်
- ပိုင်ဆိုင်မှု
- နာမကျန်းမှု
- စမ်းသပ်ခြင်း

**မေတ္တာ၏လမ်းကြောင်း**

- နင့်ရဲ့ပြောဆိုချက်နှင့်အပြုအမူတွေဟာ ငါ့ကိုများစွာနာကျင်စေခဲ့ပေမယ့်လည်း နင့်ကိုအစေခံရန် ငါဆက်ကပ်အပ်နှံတယ်။ ဘယ်အရာကမျှ အဲဒါကို မပြောင်းပစ်နိုင်ပါ။ ဒါဟာ ငါ့ရဲ့အသက်ရှင်ခြင်းပါ။ ပို၍ကောင်းလာနိုင်သလိုပို၍ခက်ခဲလာနိုင်ပါတယ်။ ဒါပေမယ့် ဘုရားသခင်ရဲ့မေတ္တာအားဖြင့် နင့်ကိုငါချစ်နေမယ်။

**မေတ္တာကိုငြင်းပယ်ခြင်း**

- "ငါအရှုံးပေး၏။"
- "ငါဒီဟာအတွက် အချိန်ပေးပြီး သည်းမခံနိုင်တော့ဘူး"
- "ငါမဟုတ်တဲ့လူနဲ့ လက်ထပ်ထိမ်းမြားမိပြီ။"

## #၁၄ မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်။

မိတ်ဆွေ၏အိမ်ထောင်ရေး ကဏ္ဍများထဲသို့ ဘုရားသခင်၏မေတ္တာတန်ခိုး ဖောက်ထွင်းနိုင်သည်ဟူသောအချက်ကို ယုံကြည်စိတ်ချပါသလား။ ဘုရားသခင်၏မေတ္တာသည် အချိန်အကန့်အသတ်မရှိပေ။ ဘုရားသခင်၏မေတ္တာသည်ရပ်နားခြင်းမရှိ။ ဘုရားသခင်၏မေတ္တာသည် အစဉ်အမြဲ အချိန်ကာလတလျှောက်လုံး၊ ထာဝရကာလတိုင်အောင် ဆက်လက်ရှိနေမည်ဖြစ်သည်။ အမှောင်ဆုံးသောညများ၌လည်း ဘုရားသခင်၏မေတ္တာအလင်းသည် ထာဝရအလင်းအဖြစ် ရှိနေမှာဖြစ်ပါသည်။ ကိုယ်တော်သည် ခရစ်တော်၌ ကျွန်ုပ်တို့ကိုချစ်သကဲ့သို့ ကျွန်ုပ်တို့သည်လည်း မိမိတို့၏ခင်ပွန်းများကိုချစ်နိုင်ရမည်။

## လေ့လာရန် မေးခွန်းများ

၁။ ဘုရားသခင်၏မေတ္တာကို ကျွန်ုပ်တို့အိမ်ထောင်ထဲသို့မည်ကဲ့သို့ယူဆောင်ရမည်နည်း။

၂။ ဘုရားသခင်၏မေတ္တာအပေါ် ကျွန်ုပ်တို့၏သိနားလည်ခြင်းကို ကျွန်ုပ်တို့သည် မည်ကဲ့သို့တိုးပွားစေမည်နည်း။

၃။ ယောက်ျားသည် ကိုယ်တော်၏အလုပ်နှင့်ပတ်သက်၍ ဘုရားသခင်ကိုယုံကြည်ကိုးစားရမည့်အကြောင်းဘုရားသခင်သည်သူ့ကိုမည်ကဲ့သို့လေ့ကျင့်ပေးခဲ့သနည်း။

၄။ ကျွန်ုပ်တို့သည် မေတ္တာဖြင့် မချစ်သည့်အတွက် ဆင်ခြေပေးနိုင်မလား။ အဘယ့်ကြောင့် ဆင်ခြေမပေးနိုင်သနည်း။(၁ယော၊ ၄:၁၉)

၅။ ၁ကော ၁၃:၄-၈ ကို သင့်ခင်ပွန်းနှင့်တကွ ရေးမှတ်၍ ကျက်လော့။

၆။ ၁ကော၁၃ တွင်ဖော်ပြသောအချက်သုံးချက်ထဲမှ သင့်အိမ်ထောင်၌ စိန်ခေါ်မှုအရှိဆုံးက အဘယ်နည်း။

၇။ အိမ်ထောင်သည်တစ်ဦး၏ကောင်းကျိုးချမ်းသာသည် ခရစ်ယာန်တစ်ဦး၏ကြီးထွားခြင်းကို မည်ကဲ့သို့သက်ရောက်မှုရှိစေသနည်း။




## သင့်အတွက် ကျွန်ုပ်တို့၏ဆုတောင်းချက်

ကောင်းမွန်အိမ်ထောင်တစ်ရပ်သည် ဂရုဏာပါသောဆောင်ရွက်ချက်များ၊ ခြေဟန်လက်ဟန်များနှင့်စကားလုံးများတွင် အခြေခံ၏။ မည်သည့်အရာမျှချက်ချင်းဖြစ်မလာတတ်ပေ။ သင့်အိမ်ထောင် တည်ဆောက်ဖို့အတွက် အခွင့်ထူးသည် တခါတရံသေးငယ်၍ မထင်မှတ်သည့်လုပ်ဆောင်ချက်၌ ဖြစ်တတ်သည်ကိုတွေ့ရ၏။သင့်ခင်ပွန်းလည်း မသိဘဲနေနိုင်၏။ သင်ကိုယ်တိုင်၏ နက်ရှိုင်းသောဆက်ကပ်အပ်နှံခြင်းသည် မရှိမဖြစ်လိုအပ်သည်။

သင့်အတွက် ကျွန်ုပ်တို့၏ဆုတောင်းချက်သည် ကောင်းမွန်သော အိမ်ထောင်တစ်ရပ်ပိုင်ဆိုင်ဖို့ဖြစ်သည်။ ကောင်းသောအိမ်ထောင်တစ်ရပ်ဖြစ်ရုံနှင့် မည်သည့်အခါမျှကျေနပ်မနေပါနှင့်။ ကောင်းသောအိမ်ထောင်သည် အတော်အသင့်ကောင်းသော်လည်း မိမိတို့၏အပြစ်အနာအဆာကြောင့် ပို၍ကြီးမားသောပြဿနာများဖြစ်လာနိုင်သည်။ကောင်းမွန်သောအိမ်ထောင်၌သာ ဘုရားသခင်၏ဘုန်းတော်အပြည့်အဝထင်ရှားလျက်ရှိသည်။တလုံးတဝတည်းဖြစ်သောဆက်နွယ်ခြင်း၌သာ ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ရှင်သန်လုပ်ဆောင်တတ်သည်။

ကျွန်ုပ်တို့သည် ပြည့်စုံသောအိမ်ထောင်တစ်ရပ်ပိုင်ဆိုင်သည်ဟုဆိုလိုခြင်းမဟုတ်ပေ။ သို့ရာတွင် ကောင်းမွန်သောအိမ်ထောင်ကိုပိုင်ဆိုင်နိုင် ကြသည်။ အကြောင်းမှာ ကောင်းမွန်သောအိမ်ထောင်သည် "ပြည့်စုံသောဘဝ၌" ("ပြည့်စုံသောအိမ်ထောင်ဖက်၌")မတည်သောကြောင့်ဖြစ်သည်။သို့သော် ၎င်းသည် သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ ယုံကြည်စိတ်ချခြင်းနှင့်ချစ်ခြင်းမေတ္တာတို့၌တည်၏။

သင့်ခင်ပွန်းကို တန်ဖိုးထားပါ။ သင်သည် မည်သည့်အခြေအနေနှင့်တွေ့ဆုံသည်ဖြစ်ပါစေ သင့်ခင်ပွန်းကိုကြင်နာသောစိတ်နှလုံးစောင့်ထိန်းပါ။ အချင်းချင်းကြင်နာသနားခြင်း၊ပြုံးပြခြင်း၊ကျေးဇူးပြုခြင်းတို့ကိုပြုကြပါ။ ဘုရားသခင်သည်လည်း သင်တို့ကိုကျေးဇူးပြု၍ ကောင်းမွန်သောအိမ်ထောင်တစ်ရပ်ကိုတည်ထောင်ကြလိမ့်မည်။